www.burmeseclassic.com

အမှတ်၊ ၃၄၅၊ ဩဂုတ်၊ ၂၀၁၈

# ရွှေအမြုတေ

ရုပ်စုံမဂ္ဂဇင်း



ထပ်ဆင့်အကယ်ဒမီ သက်မွန်မြင့်


Photo by Aung Zaw (Love Space)

Retouch by Nyi Nyi Hla Baw (Love Space)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင်
စတင်ထုတ်ဝေသည့်

**ဝင်းငြိမ်း**

စီစဉ်တည်းဖြတ်သည့်

# ချယ်ရီ

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၄၅ ဩဂုတ် ၂၀၁၈

တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း

စာတည်း
လင်းနိုင်ဦး


အမှုဆောင် စာတည်း
မသီတာ (စမ်းချောင်း)

ရှေ့ပန်းချီ
ဖေညွှန့်ဝေ၊ မုတ်သုံ
တင်ထွဏ်း
မြင့်မောင်ကျော်
မျိုးမြင့်၊ လှမြင့်ဆွေ
လင်းဝဏ္ဏ၊ ဝင်းတင့်
မောင်နိုး၊ အောင်ကျော်
ဖေသစ်တည်၊ ထွန်းအုံ
စိုးသော်တာ
Win Iszudia
မျက်နှာဖုံးဓာတ်ပုံ
အောင်ဇော်
(Love Sapce)
ရှေ့ဓာတ်ပုံ
အောင်ဇော်
(Love Sapce)
လင်းနိုင်ဦး
ရှေ့ဒီဇိုင်း
ခိုင်ဇင်ထွန်း
ဖြိုးဦးပိုင်
ရှေ့စာစီစာပြု
စိမ်းလဲ့စံ၊ မိုးမိုးမြင့်
စာပြင် - ကျော်စိန်ဝင်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com






ရွှေမင်းသား၊ ရွှေမင်းသမီး

ခင်လေးမြင့် ၄။
အနုပညာဆိုတာ
အများကြီး
ကျယ်ပြန့်ပါတယ်

**One Minute Interview**

မနိုးသူ ၁၂။
နေတိုး၊ ဒေါင်း
ရွှေထူး၊ ဝေမင်းမောင်
ညွန့်မြန်မာညီညီအောင်

**အင်တာဗျူး**

၃၆။ **လင်းနိုင်ဦး**
ဟာသမဟုတ်တဲ့
ဇာတ်မျိုးတွေကို ပိုပြီး
အာရုံစိုက်လာတဲ့ ဩရသ

**ရွှေရုပ်ရှင်**

၂၂။ **ဝင်းငြိမ်း**
ကြည်အေးရဲ့ မီ
ဏကြီးရဲ့ မီ
ပိုင်ဖြိုးသုရဲ့ မီ

၄၀။ **မိုးကျော်ထွန်း**
ဒါရိုက်တာ စတီးလ်
ဖန်တီးတဲ့ ဗိုလ်နေတိုး

၄၆။ **လင်းနိုင်ဦး**
ကိုပေါက်ရဲ့
လူလည်ကြီးများရွာ

**လူမှုဝန်းကျင်**

၂၈။ **လင်းနိုင်ဦး**
ငဒူရဲ့ မွန်မြတ်တဲ့အလှူ

**ဖူးငုံပွင့်သစ်**

၃၂။ **ဝင်းကိုကို**
အဘွားခြေရာနင်းမယ့်
ဝင်းခန့်မိုး

**နိုင်ငံတကာစာမျက်နှာ**

၅၂။ **ဇာနည်ညီမိး**
တစ်ကမ္ဘာလုံးက
စိတ်ဝင်စားခဲ့ကြတဲ့
ထိုင်းကလေး
၁၂ ယောက်

၅၈။ **ရာပြည့်**
Camila Cabello ရဲ့
အမေရိကန်အိပ်မက်

**ရွှေနှလုံးသား**

၆၆။ **မောင်ညြလေး**
အသံတိတ်ရုပ်ရှင်

**ရွှေဝတ္ထု**

**ညီပုလေး** ၈၈။
အသံတိတ်မိုန်း

**နန်းဇေကာရီရှင်** ၉၄။
အထင်

**မြစ်ကျိုးအင်း** ၁၀၀။
အကြွေပန်းက
မှောင်ရိပ်ထဲ

**အဲလိုထူး** ၁၀၈။
တစ်သက်စာ

**မြင့်သန်း** ၁၁၂။
လှည့်ဖြားခြင်းသည်
ပြောင်မြောက်သော
အနုပညာ

**ညီ့ပြင်းရှ** ၁၄၈။
တိုင်တည်တေး

**မိုးဦးနေ** ၁၅၄။
သူ့သတ္တိ

**ရဲရွှေမိုးနေ** ၁၆၈။
ဆံပင်ဖြူများ

**ကိုကိုလတ်** ၁၇၆။
၊ဆည်မြောင်း၊
ခေါ်သံ

**သင်းအောင်သန်း** ၁၈၂။
နတ်ထွင်းတဲ့ခံတွင်း

**သကိုး** ၁၈၈။
အငြင်းဝါကျများ

**မိုးသူရ** ၁၉၄။
တိတ်တခိုးလမ်း

**အောင်ဖြိုးကျော်** ၁၉၈။
၊ပဥ္စမ၊
မန္တလေးက ဝေးသေးလား

**ရွှေဝတ္ထုရှည်စ/ဆုံး**

**နုနုရည်အင်းဝ** ၁၃၄။
ကြာလေ…
'ဝေးလေတွေးလေ…လွမ်း'

**မိုးကျော်ဇင်** ၁၆၀။
ပန်းခိုင်ရော


www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၁၄၅၊ ဩဂုတ်၊ ၂၀၁၈

ဝင်းငြိမ်း စီစဉ်တည်းဖြတ်သည်

အယ်ဒီတာအဖွဲ့- တိုက်(၁၇)၊ အခန်း (၄-၀၁)၊ ၅၂ လမ်း(အောက်ဘလောက်)၊
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၅၀၁
**Email: nyeinfamily@gmail.com**
မျက်နှာဖုံး၊ မေဂ္ဂဇာလက်ဆောင်နှင့် အတွင်းပုံနှိပ်သူ -ဒေါ်ချိုချို(ခ)အေးအေးသိန်း(၀၀၉၇၀)၊
ဇမ္ဗူတလူပုံနှိပ်တိုက်၊ အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊ ၆၃ ရပ်ကွက်၊ စက်မှုဇုန်
တောင်ဒဂုံ၊ ရန်ကုန်မြို့။ ရွှေထုတ်ဝေသူ - ဒေါ်ချိုချို(ခ)အေးအေးသိန်း (၁၁၀၉၁)၊ အမှတ် ၁၃၃၊ လမ်း
၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရွှေဖြန့်ချိရေး ဇမ္ဗူတလူစာပေ၊ အမှတ် ၁၃၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၇၃၉၈၂၂၀၊ စာတိုက်သေတ္တာအမှတ် ၁၂၀၅
**E-mail : zabutalu@gmail.com**
**Available at : Wun Zinn**



## ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

၇၆။ **မိုးမိုး၊** အင်းလျား၊
သခင်ပန်းသုံးခက်

## ရွှေအခန်းဆက် ဝတ္ထုရှည်

၂၂၆။ **ရဲရင့်လှဲ့၊** ဆေး-မန်း၊
တောင်တွေပေါ်က တိမ်
တိမ်တွေပေါ်က လမ်း

## ရွှေအသစ်

၂၀၆။ ........................
၂၁၂။ ........................
၂၁၈။ ........................

## အက်ဆေးအကြောင်း အက်ဆေး

၁၂၂။ **မောင်ရင့်မာ၊** ကျောင်းကုန်း၊
အမေ ဘယ်လိုသိပ်သိပ်
မောင်အိပ်မှ ပျော်ပါမယ်

## ရသစာတမ်း

၁၂၈။ **P.ဆာမီ**
ကြိုးစားပါဦးမည်

## ရွှေသုတ

၇၂။ **ရွှေနောင်ရိုး၊** မန္တလေး၊
အလွမ်း ၁၀၃

၈၄။ **မောင်သန်းရွှေ၊** ထားဝယ်၊
ရွှေသေတ္တာစီမံကိန်းအရ
မိုင်းခိုင်းအတွင်းဝန် ဦးယံ၏
ရာဇဝတ်သင့်သူများစာရင်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အပြောင်းအလဲဆိုတာ နေရာတိုင်းမှာ ရှိတယ်။ မပြောင်းမလဲဘဲ တည်ရှိနေတဲ့ အရာတွေတောင် တစ်ခါတလေ အနည်းငယ် ပြောင်းလဲတတ်ကြတာ မဆန်းပါဘူးလေ။ မပြောင်းလဲတဲ့ အနုပညာစိတ်ဓာတ်နဲ့ အနည်းငယ်ပြောင်းလဲသွားတဲ့ ခန္ဓာကိုယ်ပိုင်ရှင် သက်မွန်မြင့်နဲ့ ရွှေအမြုတေအတွက် ဆုံစည်းဖြစ်ကြပါတော့တယ်။ သက်မွန်မြင့်က ဒီလပိုင်းမှာ နေမကောင်းဖြစ်တာတွေကြောင့် တမင်တကာ ချစရာမလိုဘဲ သူ့ရဲခန္ဓာကိုယ်က သွယ်လျသွားခဲ့တာပါ။ အခုမှာတော့ ကျန်းမာရေးတော်တော် လေး ကောင်းနေပြီး အလှအပ အတွက်ရော ကျန်းမာရေးအတွက်ပါ ရည်ရွယ်ပြီး လေ့ကျင့်ခန်းလေးတွေ လုပ်ဖြစ်တယ်လို့ သိရပါတယ်။ ၂၀၁၈ ဇူလိုင်လထဲမှာ ဒါရိုက်တာ ညွန့်မြန်မာညီညီအောင် ရိုက်ကူးမယ့် ရုပ်ရှင်ဇာတ် ကားမှာ နေတိုး၊ ရွှေသမီး စတဲ့ သရုပ်ဆောင်များနဲ့ ပါဝင်သရုပ်ဆောင်မှာ ဖြစ်ပါတယ်။ ကယန်း လူမျိုးတွေရဲ့ ရိုးရာဓလေ့တွေ ပါဝင်မယ့် အချစ်ဇာတ်ကား တစ်ကား ဖြစ်ပါတယ်။ ရုပ်ရှင်ဇာတ်ကားတွေကို အခုနောက်ပိုင်း ရိုက်ကူးတဲ့အခါ ဇာတ်လမ်းဇာတ်ညွှန်းထက် ရိုက်ကူးပုံဖော်မယ့် ဒါရိုက်တာရဲ့ ရိုက်ကူးမှု



# အနုပညာဆိုတာ အများကြီး ကျယ်ပြန့်ပါတယ်

ခင်လေးမြင့်

Photo by Aung Zaw (Love Space)
Retouch by Nyi Nyi Hla Baw (Love Space)
Make Up Ma Khaing (Hello)
Hair & Make Up Hello Ma Cho & Ma Khaing



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



**ပုံစံတွေကို ကြည့်ပြီး ရိုက်ဖြစ်လား။**

ဇာတ်လမ်းဇာတ်ညွှန်းကို သေချာကြည့်ရတယ်၊ တချို့ဆို ဇာတ်လမ်း ပြောပြီးတော့ ဇာတ်ညွှန်းမှာ မနိုင်တဲ့အခါကျရင်၊ ကိုယ်သိထားတာထက် လျော့သွားရင် ကိုယ်လည်း သရုပ်ဆောင်ရတာ အားလျော့တာပေါ့နော်၊ ထွက်လာတဲ့အခါ ကြည့်ရင်လည်း အားမရဘူးပေါ့။ ဒါရိုက်တာကလည်း အရမ်းအရေးကြီးတယ်။ ဇာတ်လမ်းကောင်းပြီး ဒါရိုက်တာက မနိုင်လို့ရှိရင် အဲဒီဇာတ်လမ်း အရသာ ပျက်သွားရော။ ကြုံလည်း ကြုံခဲ့ဖူးတယ် ဆိုတော့ အကုန်လုံးတော့ ချိန်ရတာပေါ့။ ဇာတ်လမ်းရော၊ ဒါရိုက်တာရော အကုန်ချိန်ရတယ်၊ ကိုယ့်နဲ့တွဲဖက်မယ့် သူတွေရော အကုန်လုံးချိန်ရတယ်။ ကိုယ်လုပ်ရမယ့်နေရာ ကိုယ်လုပ်နိုင်လား၊ မလုပ်နိုင်လား။ ကိုယ်လုပ်ချင်တဲ့ ဇာတ်ကောင်လား အကုန်လုံး ကြည့်ရပါတယ်။

**ဇာတ်လမ်းကောင်းပေမဲ့ တစ်ခါတလေမှာ ပုံဖော် ရိုက်ကူးသူတွေကြောင့် ထင်ထားသလိုဖြစ်မလာတဲ့ ဇာတ်ကားတွေရှိလာဖူးလား။**

ရှိတာပေါ့။ လောလောလတ်လတ်မှာကို ကြုံခဲ့ပြီး သွားပါပြီ။ သက်မွန် နောက်ပိုင်းမှာ တင်တဲ့ကားထဲမှာ ဇာတ်လမ်းလေးက မဆိုးဘူး။ သူ့ဇာတ်လေးနဲ့သူ ရှိတယ်၊ ဒါပေမဲ့ ဒါရိုက်တာပဲ ပြောရမလား၊ ဇာတ်ညွှန်းပဲ ပြောရမလား၊ ထွက်လာတဲ့အခါကျတော့ ပြောချင်တဲ့အဓိပ္ပာယ်တွေက ပရိသတ်တွေဆီကို ရှင်းရှင်းလင်းလင်းမရောက်ဘူး၊ အရသာလည်း အကုန်ပျက်သွားတယ်၊ ပြီးတော့ ဇာတ်လမ်းရဲ့ သဘောသဘာဝတွေ အကုန်လုံးပျက်သွားပြီးတော့ ဘာကြီးဖြစ်သွားတာလဲ၊ ဘာမှန်းမသိဘူးဆိုတဲ့ ခံစားချက်တွေဖြစ်သွားတာတော့ရှိတယ်။ အဲဒီလိုဆိုတော့ ဒါရိုက်တာက သိပ်ကို အရေးကြီးတယ်။ ဒါရိုက်တာက ဒီဇာတ်ကိုနိုင်ဖို့ သိပ်ကို အရေးကြီးတယ်။ ဒီဇာတ် ပရိသတ်လက်ထဲထိကို ရောက်ဖို့ ကိုင်တွယ်ဖို့ အရမ်းအရေးကြီးတယ်။ ဒီဇာတ်အပေါ်မှာ နစ်ဝင်ဖို့ အများကြီးလိုအပ်ပါတယ်။

**အဲဒီလိုဆိုတော့ နောက်ထပ် ရိုက်ကူးမယ့်ဇာတ်ကားတွေကို ဘယ်လိုရွေးချယ်မှု ပုံစံတွေ ပြောင်းလဲသွားတာမျိုးရှိမလဲ။**

အရင်ကထက်တော့ပို သတိထားရတာပေါ့နော်၊ ဇာတ်လမ်း အရမ်းကြိုက်



www.burmeseclassic.com

www.burmeseclassic.com

တယ်ဆိုရင် ဒါရိုက်တာကို လည်း ကြည့်ရတယ်၊ အကုန် တော့ ချိန်ရတာပေါ့။ ရွေး တယ်ဆိုတာကလည်း ရိုက်ရ တာကလည်း အများကြီးမရှိ ဘူးလေ။ မရှိဘူးဆိုတာက တစ်လ တစ်ကားလောက်ပဲ ရိုက်နေတယ်။ အခုနောက် ပိုင်းတော့ ဘာပဲဖြစ်ဖြစ် ဇာတ်လမ်းကောင်းတဲ့ဟာ တွေရိုက်ကြတယ်၊ သေချာ အလုပ်လုပ်ကြတယ်ဆိုတော့ တမင်တကာကြီး ရွေးစရာ တော့ မလိုတော့ပါဘူး၊ အေး ဆေးပါ။

**ရုပ်ရှင်ဇာတ်ကားတွေကို တစ်လကို တစ်ကားနှုန်းလောက်ပဲ လက်ခံရိုက်ကူးဖြစ်တဲ့အခါ ပရိသတ်နဲ့ အဆက်ပြတ်မှာ မစိုးရိမ်ဘူးလား၊ ရိုက်ထားတဲ့ ရုပ်ရှင်ဇာတ်ကားတွေရှိပေမဲ့ ရုံတင်တာ စောင့်ရတဲ့အခါ အဆက်ပြတ်သလို ဖြစ်နေတတ်လို့လေ။**

ပရိသတ်နဲ့ အဆက်ပြတ်မှာတော့ မစိုးရိမ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ရိုက်ထားတဲ့ ကားတွေလည်း အများကြီး ရှိသေးတယ်။ သားသားမွေးပြီးချိန်မှာ ရိုက်ထားတဲ့ ကားတွေတောင် မထွက်သေးဘူး။ အဲဒီလိုဆိုတော့ ဇာတ်ကားတွေ ရိုက်ထားတာတော့ အများကြီးရှိတယ်။ အဓိကက ဇာတ်လမ်းပေါ့နော်။ ဇာတ်လမ်း အရမ်းကြိုက်တယ်ဆိုလို့ရှိရင်တော့ တစ်လ တစ်ကား သတ်မှတ်ထားပေမဲ့ ရက်တွေ ညှိလို့ရတယ်၊ ဇာတ်လမ်းလည်း အရမ်းကြိုက်တယ်၊ အကုန်အဆင်ပြေတယ်ဆိုရင်တော့ ရိုက်ဖြစ်ပါတယ်။ ဟိုလို အတင်းအကျပ်ကြီးတော့ မဟုတ်ပါဘူး။ အဓိကက Fair ဖြစ်အောင်ပေါ့နော်။ ကိုယ့်မိသားစုအချိန်နဲ့ ကိုယ့်ရဲ့ အနုပညာအလုပ်နဲ့ မျှအောင်ဆိုပြီး တစ်လ တစ်ကား သတ်မှတ်ထားတာပါ။ ဇာတ်လမ်းအရ၊ ရက်အရ အဆင်ပြေတယ်ဆိုရင်တော့ ဒီလိုပဲ ညှိပြီး ရိုက်ဖြစ်သွားတာပါပဲ။ အဆက်တော့မပြတ်ပါဘူး။ ပရိသတ်တွေကလည်း နားလည်ပါတယ်။ နားလည်ပေးတဲ့အခါကျတော့ အရမ်းကြီးစိုးရိမ်တာမျိုးတော့ မရှိပါဘူး။

**အခုနောက်ပိုင်းမှာ ဇာတ်ကားတွေရိုက်တဲ့အခါ ကိုယ်လုပ်ရမယ့် ဇာတ်ကောင်စရိုက်အချို့က လုပ်ရမှာ ပျင်းသွားတယ်ဆိုတဲ့ ဇာတ်ကောင်စရိုက်မျိုးတွေရော ရှိဦးမလား။**

ပျင်းသွားတဲ့ ဇာတ်ကောင်ရယ်လို့တော့ မရှိပါဘူး။ ဒါပေမဲ့ နည်းနည်း ဇာတ်က သိပ်ပြီး အပြောင်းအလဲမရှိဘူး။ နည်းနည်းဆင်နေတာ သိပ်မကွဲပြားဘူးဆိုရင်တော့ အရမ်းမတက်ကြွဘူးပေါ့၊ အဲဒီလိုမျိုးတော့ ရှိတယ်။ ဒါပေမဲ့ ပျင်းသွားတဲ့ ဇာတ်ကောင်ရယ်လို့တော့ မရှိပါဘူး။ တစ်ခုပဲ ကိုယ့်ရဲ့ အသက်အရွယ်၊ ကိုယ့်ရဲ့အနေအထား၊ ကိုယ့်ရဲ့ပုံစံနဲ့ အရမ်းဆန့်ကျင်နေတာမျိုးမှာ ကိုယ်မလုပ်နိုင်လောက်ဘူးဆိုတာမျိုးတော့၊ တွေးမိတာမျိုးတော့ရှိတယ်။ အဲဒီလိုမျိုး မဟုတ်ဘူးဆိုရင်တော့ ကိုယ်မလုပ်ဖူးသေးတဲ့ Character တွေလည်း ရိုက်ချင်တယ်၊ ကိုယ့်ပုံစံမဟုတ်တဲ့ ကိုယ့်ကို မမြင်ဖူးသေးတဲ့ပုံစံ အဲဒီလိုမျိုးတွေလည်း ရိုက်ချင်တယ်၊ ပျင်းသွားတဲ့ ဇာတ်ကောင်ဆိုတာမျိုးတော့ မရှိပါဘူး။ ဇာတ်ကောင်တွေမှာမှ ဇာတ်လမ်းတွေက မျိုးစုံရှိသေးတာကိုတောင်မှ ဇာတ်လမ်းက ကွဲသေးတယ်လေ။ အဲဒါကြောင့် ပျင်းသွားတယ်ဆိုတာ မရှိပါဘူး။

**ဟိုတလောက ဘုဏ်းသိုက် ဒါရိုက်တာလုပ်တဲ့ ဇာတ်ကားရိုက်ကူးရေးမှာ သက်မွန်အနေနဲ့ လုပ်ရတဲ့ ဇာတ်ကောင်စရိုက်နဲ့ ပတ်သက်ပြီး ထူးခြားမှုရှိတယ်လို့ သိရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ပြောပြပေးပါလား။**

ကိုဘုဏ်းသိုက် ရိုက်တဲ့ ဇာတ်ကားမှာကျတော့ အရမ်းလုပ်ကွက်ရနေတာမျိုး မဟုတ်ဘူး။ ဒါပေမဲ့ သူ့ရဲ့ Character လေးတစ်ခု ရှိနေတယ်။ သူ့ရဲ့ပုံစံလေးတစ်ခု ရှိနေတယ်။ သက်မွန် အဲဒီ Character ထဲမှာ စိတ်နှစ်ပြီး အဲဒီကောင်မလေး ပုံစံအတိုင်း၊ အဲဒီမိန်းမပုံစံအတိုင်း နေလိုက်ရုံပဲ။ အိုက်တင်တော့ လုပ်ရတယ်၊ ဒါပေမဲ့ ပြူးပြူးပြဲပြဲလည်း မဟုတ်ဘူး၊ သူ့ပုံစံလေးအတိုင်းနေရာ အဲဒါကို သက်မွန် သဘောကျတာ၊ မြင်နေကျပုံစံလို့လည်း ပြောလို့ရတယ်။ ကွဲတယ်လို့လည်း ပြောလို့ရတယ်။ တစ်သီးတစ်သန့်လေး ကိုယ့်အတွက်တော့ ဖြစ်နေတယ်။ အဲဒါတော့ သဘောကျတယ်။

**ဘုဏ်းသိုက်က ဒါရိုက်တာအနေနဲ့ ဇာတ်ကားရိုက်ကူးမှု နည်းနေသေးတဲ့သူဆိုတော့ သူ့ရဲ့ ဖန်တီးမှုအပေါ် ဘယ်လိုယုံကြည်မှုရှိပြီး လက်ခံရိုက်ကူးဖြစ်ခဲ့လဲ။**

ကိုဘုဏ်းသိုက်က လူငယ်၊ ပြီးတော့ အိုင်ဒီယာလေးတွေ ရှိတယ်၊ အိုင်ဒီယာလေးတွေကောင်းတယ်။ သူရိုက်တာတချို့လည်း မြင်ဖူးတာဆိုတော့ သဘောကျတယ်။ ရိုက်နိုင်မယ်လို့ မျှော်လင့်တယ်။ ပြီးတော့ သူ့ဇာတ်ကိုပါကြိုက်တယ်၊ အဲဒီတော့ ရိုက်ဖြစ်တယ်၊ သက်မွန်လုပ်ရတာတော့ နည်းပါတယ်။ ဒါပေမဲ့ ဇာတ်ကိုကြိုက်လို့ ရိုက်ဖြစ်တာ။ တော်ပါတယ်၊ သူလုပ်နိုင်ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



သူက ဖြစ်ချင်တာလည်းများတယ်။ လုပ်လည်းလုပ်နိုင်ပါတယ်။ အဲဒီကားလေး ထွက်လာရင်တော့ ပရိသတ်တွေ ကြိုက်မယ် ထင်ပါတယ်။

**အခုနောက်ပိုင်းမှာ သားသားနဲ့ မီးမီးတို့က အမေဆိုတာကို ပိုသိလာတော့ နယ်ထွက်ပြီး ရိုက်ကူးရေးတွေ လုပ်ရတော့မယ်ဆို စဉ်းစားဖြစ် ရွေးချယ်ရခက်နေလား။**

အမှန်ကတော့ ကိုယ့်ဟာနဲ့ကိုယ်ဆိုရင် နယ်ရိုက်ရတာ ပိုပျော်တယ်။ မရောက်ဖူးတဲ့နေရာတွေ ရောက်ရတယ်။ ပြီးရင် စိတ်က Pressure မရှိဘူးပေါ့နော်၊ တခြားလုပ်စရာတွေ ဘာတွေမရှိဘူး။ ဒီကားရိုက်တစ်ခုပဲ အာရုံစိုက်နိုင်တဲ့အခါကျတော့ ကိုယ့်ဟာနဲ့ကိုယ်ကျ ပိုပျော်တယ်။ သားနဲ့သမီးက အမေ အရမ်းသိ၊ အမေ အရမ်းကပ်ဆိုတော့ နောက်ဆံတင်းတာပေါ့။ သက်မွန် မေလတုန်းက ကားရိုက်သွားတုန်းကဆိုရင် ကားရိုက်ပြန်လာတော့ နေမကောင်းဖြစ်တယ်။ နေမကောင်းဖြစ်တော့ သူတို့နဲ့ လိုက်ပြီးနေလို့မရတော့ အမေ့အိမ်မှာနေပြီး၊ ကလေးတွေထားပြီး အမေ့ဆီမှာ သွားနေရတယ်။ အဲဒါအပြင် တရားစခန်း ထပ်ဝင်ဆိုတော့ တစ်လကျော်လောက် သူတို့နဲ့ ခွဲလိုက်ရတယ်။ အဲဒီမှာ သူတို့နဲ့ တစ်ခေါက်လောက်ကြားထဲမှာ တွေ့ရတယ်။

**သမီးနဲ့ သားမှာ သက်မွန်နဲ့ မတူတဲ့အချက်တွေ၊ ဆန့်ကျင်ဘက်အရာတွေက ဘာတွေဖြစ်မလဲ။**

သားသားက သက်မွန်နဲ့တူတာများပါတယ်။ အကုန်လုံး ၁၀၀ ရာခိုင်နှုန်းနီးပါးလောက်ကို အားချစ်က တူတယ်။ သက်မွန်ရဲ့ကိုယ်ပွားလို့ ပြောလို့ရတယ်၊ တော်တော်များများကို တူတယ်။ လဝန်းက သက်မွန်နဲ့ မတူဘူး။ သူက ပိုပြီးတော့ စိတ်မာတယ်။ ပြတ်သားတယ်။ သူလိုချင်တာ သူသိတယ်၊ မလိုချင်ဘူးဆိုလည်း လုံးဝကို ချော့လို့ မရဘူး၊ ဒါမလိုချင်ဘူးဆို မလိုချင်ဘူးပဲ။ သူက အဲဒီလိုမျိုး လုံးဝပြတ်သားတယ်။ သူက နည်းနည်းထက်မြက်တဲ့သဘောမှာရှိတယ်။ လူတွေကိုဆိုလည်း သူမကြောက်ဘူး။ မျက်လုံးချင်းဒဲ့ကြည့်တယ်။ သေချာကြည့် အကုန်အကဲခတ်တယ်၊ အပြင်တွေ ဘာတွေသွားရင်လည်း တစ်ခုခုဆို စူးစမ်းတယ်၊ လိုက်ကြည့်တယ်။ သူက နည်းနည်း ထက်ထက်မြက်မြက် ရှိတယ်။ သဘောကျတယ်။

**အနုပညာရှင်တစ်ယောက်ရဲ့ဘဝမှာ အနုပညာအလုပ်တွေ မလုပ်ဖြစ်တော့ဘူးဆိုရင် အနုပညာရှင်တစ်ယောက်အတွက် အနုပညာဆန်တဲ့အတွေးတွေ သေသွားနိုင်မလား။**

အနုပညာအလုပ် မလုပ်တော့ရင်တောင်မှ အနုပညာချစ်တဲ့စိတ် ရှိတယ်။ နူးညံ့မှုတစ်ခုလည်း ရှိနေတယ်။ အနုပညာဆိုတာက အများကြီး ကျယ်ပြန့်ပါတယ်။ သီချင်းနားထောင်တာပဲဖြစ်ဖြစ်၊ ပန်းချီဆွဲတာပဲဖြစ်ဖြစ်၊ တွေးခေါ်တာပဲဖြစ်ဖြစ် အများကြီး နူးညံ့သိမ်မွေ့မှုဆိုတာ အနုပညာမှာ ရှိတာဆိုတော့ ဒီအနုပညာအလုပ် မလုပ်ဘူးဆိုရင်တောင်မှ အဲဒီစိတ်တွေက မပြောင်းလဲလောက်ဘူး ထင်တာပဲ။ အဲဒီအတွေးတွေတော့ ရှိနေမှာပါ။ အဲဒါကြောင့်လည်း သက်မွန် အဆက်ပြတ်သွားပေမဲ့ ပြန်ပြန်ပြီး ရောက်နိုင်တယ်ဆိုတာ အဆက်ပြတ်သွားတဲ့အချိန်မှာတောင် ဒီအနုပညာချစ်တဲ့စိတ်တွေ၊ အနုပညာဆန်တဲ့အတွေးတွေ မပျောက်လို့ ပြန်လုပ်နိုင်တယ် ထင်တာပဲ။ နောက်လည်း ပျောက်မယ်လို့တော့ မထင်ပါဘူး။ အနုပညာဆိုတာကလည်း အရမ်းကိုကျယ်ပြန့်ပါတယ်-လို့ သက်မွန်မြင့်က ဆိုပါတယ်။

ဝိန်ပါးပြီး လှပနေတဲ့ သက်မွန်မြင့်ရဲ့ ဓာတ်ပုံတွေကို ဓာတ်ပုံ အောင်ဇော်(Love Space) က ရိုက်ကူးပေးထားတာဖြစ်ပြီး အသွင်တစ်မျိုး ပြောင်းလဲစွာ မြင်နိုင်ဖို့ မိတ်ကပ်နဲ့ ဆံပင်ကို Hello က မခိုင်နဲ့ မချိုတို့က ပြင်ဆင်ပေးထားတာ ဖြစ်ပါတယ်။ သားနဲ့သမီးတို့အတွက် ရတဲ့အချိန်လေးပေးရင်း အနုပညာအလုပ်တွေကိုတော့ ဖြည်းဖြည်းနဲ့ မှန်မှန်လုပ်ဆောင်နေတဲ့ သက်မွန်မြင့်ကို ရွှေအမြုတေ မဂ္ဂဇင်းအတွက် ဓာတ်ပုံတွေ ရိုက်ကူးပေးတာ ကျေးဇူး အများကြီးတင်ကြောင်း ဆိုပါရစေ။ ■

**ခင်လေးမြင့်**

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ကြောင့် ပြောင်းလဲမှုတွေရှိပေမဲ့ ချစ်ဖြူချင်သေးတဲ့ နေတိုး

**မန်းသူ**



နေတိုးက Story Book လို့ နာမည်ပေးထားတဲ့ Movie Studio ကို ဇွန်လ ၂၇ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ ၃ နှစ်၊ ၄ နှစ်ခန့် အချိန်ယူစီစဉ်ခဲ့တဲ့ Studio ဖြစ်ပြီး မဖွင့်ခင် လအနည်းငယ်ကတည်းက MTV, ကြော်ငြာ ၄၊ ၅ ခု ရိုက်ကူးထားပြီးပါပြီ။ ရုပ်ရှင်လောက အတွက် လိုအပ်ချက်တစ်ခုကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးချင်လို့ ဒီ Studio ကြီး တည်ဆောက်ဖြစ်တာပါဆိုတဲ့ ထပ်ဆင့်အကယ်ဒမီ နေတိုးနဲ့ တွေ့ဆုံဖြစ်ခဲ့ပါတယ်။

**နေတိုးရဲ့ အနုပညာနဲ့ ပတ်သက်တဲ့ အိပ်မက်တစ်ခု အကောင်အထည် ဖော်တယ်လို့ ပြောလို့ရလား။**

အဲဒီလိုပြောမယ်ဆိုရင် ပြောလို့ ရပါတယ်။ အဓိကကတော့ ကျွန်တော်က Post Production, Pre Production တွေ ဝါသနာပါတယ်။ နောက်တစ်ခုက ရုပ်ရှင်နဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးချင်တယ်။ ဖြည့်ဆည်းပေးချင်တယ်ဆိုတာက တကယ်လည်း လိုအပ်နေတဲ့ အချိန်ကာလလည်း ဖြစ်တယ်။ ကိုယ်ဝါသနာပါတဲ့၊ အသက်မွေးဝမ်းကျောင်းပြုခဲ့တဲ့၊ တန်ဖိုးထားတဲ့ အလုပ်တစ်ခုကို ဘယ်လိုထောင့်၊ ဘယ်လိုနေရာကနေ ပြန်လည် ဖြည့်ဆည်းပေးရမလဲ ဆိုတဲ့ စိတ်ကူးကို အမြဲတမ်း စဉ်းစားဖြစ်တယ်။ တကယ်တမ်းဆိုရင် အရင်ကလည်း ဒီလို Studio က ရှိခဲ့တယ်။ ဒါပေမဲ့ လက်တွေ့အနေအထားအရ Studio ပုံစံရိုက်ကူးမှုတွေက အရမ်းနည်းတယ်။ အဲဒီအခါကျတော့ Studio ပုံစံလေးကို အစပျိုးလိုက်တဲ့သဘောပေါ့။ လောလောဆယ်မှာတော့ ရုပ်ရှင်တစ်ကားမှာ



www.burmeseclassic.com

www.burmeseclassic.com

ပါဝင်မယ့် ဇာတ်ဝင်ခန်း ၆၀ ရာခိုင်နှုန်းလောက်ကို ရိုက်ကူးလို့ရအောင်ဦးစားပေးပြီးတည်ဆောက်ထားတာဖြစ်ပါတယ်။

**Studio ကို ဘယ်လိုဖွဲ့စည်းထားလဲ။ ဘာတွေပါဝင်မလဲ။**

ပါဝင်တဲ့အရာတွေက Studio ဆိုတဲ့ပုံစံထဲမှာ ရိုက်ရခက်ခဲတဲ့ အခန်းတွေ၊ နေရာတွေက အဓိကပေါ့နော်။ ရှေးဟောင်းအဆောက်အဦ ရဲ့ အတွင်းခန်းတွေကို ကျွန်တော်တို့ ရိုက်လို့ရမယ်။ နောက်တစ်ခုက တကယ်ဆေးရုံမှာသွားရိုက်ရင် အခက်အခဲတော်တော်များ ပါတယ်။ တကယ့်လူနာတွေရှိရင်လည်း ရိုက်ကူးမှုက ခက်တယ်ဆိုတော့ ဆေးရုံပုံစံလည်း ရိုက်လို့ရပါတယ်။ အိပ်ခန်းတွေ၊ ဧည့်ခန်းတွေလည်းရှိပါတယ်။ ဘားတွေ၊ ကော်ဖီဆိုင်တွေမှာ ရိုက်ရင်လည်းဧည့်သည်တွေများရင် အနှောင့်အယှက်တွေ အတော်ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီလိုမျိုး အခက်အခဲတွေအတွက် ဒီ Studio မှာ ရိုက်ကူးနိုင်အောင်လုပ်ပေးထားပါတယ်။

**ပြင်ဆင်မှု အပိုင်းကရော...။**

ပြင်ဆင်မှုပိုင်းနဲ့ ပတ်သက်လို့တော့ အခန်းတစ်ခန်းကို ပုံစံ ၄၊ ၅ မျိုးလောက်ပြောင်းလဲလို့ ရပါတယ်။ စုစုပေါင်းအခန်းက ၁၀ ခန်းပဲရှိတယ်ဆိုပေမဲ့ အခန်း ၄၀၊ ၅၀ စာလောက် ပြောင်းလဲရိုက်ကူးလို့ရပါတယ်။ Production အပိုင်းက သူလုပ်ချင်တဲ့ ဒီဇိုင်းကို စိတ်ကြိုက်ဆွဲပြီး ရိုက်လို့ရတယ်။ လက်ရှိ ကျွန်တော်တို့ဆင်ထားတဲ့ အခန်းတွေမှာလည်း ဝင်ရိုက်လို့ရပါတယ်။

**ဒီဇိုင်းဖွဲ့စည်းပုံကရော နေတိုး စိတ်ကြိုက်ဆွဲခဲ့လား။ ဘယ်လိုပညာရှင်တွေနဲ့ ဖန်တီးခဲ့တာလဲ။**

အဓိက အာခီတက်ကတော့ ကိုစစ်နိုင်ပါ။ ကိုစစ်နိုင်နဲ့ ကျွန်တော်တို့ တစ်နှစ်ခွဲလောက်တိုင်ပင်ပြီးတော့ လုပ်ခဲ့တယ်။ သူငယ်ချင်း သက်မွန်မြင့်ရဲ့ယောက်ျားလည်းဖြစ်၊ ညီအစ်ကိုလိုလည်းဖြစ်နေတယ်။ သူက ရုပ်ရှင်ပိုင်းကိုလည်း ဝါသနာပါလို့လုပ်ဖြစ်တယ်။ ကျွန်တော်တို့ နိုင်ငံခြား Studio တွေကို Reference ယူပြီးတော့ မြန်မာနိုင်ငံမှာလုပ်လို့ရတဲ့ အနေအထားမျိုးလောက်နဲ့ စတင်ပြီး တည်ဆောက်ခဲ့တာပါ။

**ကုန်ကျစရိတ် ခန့်မှန်းခြေ ပြောပြပါလား။**

Studio က ပုံမှန်အားဖြင့် ပြောမယ်ဆိုရင်တော့ သောင်းကျော်ဝန်းကျင်လောက် ကုန်ပြီဗျ။ အထပ်တွေကိုလည်း ပိုပြီးမြှင့်ပြီးတော့ ကိုယ်နောက်ထပ် ထပ်တက်ချင်လည်း တက်လို့ရအောင်ဆိုပြီး ဖောင်ဒေးရှင်းပိုင်းကို ဦးစားပေးပြီး အကောင်းဆုံးတည်ဆောက်ထားတယ်။ အခန်းတွေက သာမန်လူနေအိမ်တွေထက်ပိုကျယ်အောင် တည်ဆောက်ထားတာဆိုတော့ ကုန်ကျစရိတ်ပြောမယ်ဆိုရင် Quality ကို ဦးစားပေးထားတဲ့အတွက် ပုံမှန်ကုန်ကျတာထက် ပိုကုန်ကျပါတယ်။

**အချစ်ရေးကိုလည်း ပွင့်ပွင့်လင်းလင်း ပြောပြထားတော့ Life တစ်ခုကိုရော မကြာခင် စ,တော့မှာလား။**

မကြာခင်ဆိုတဲ့ စကားလုံးကတော့ အခုလောလောဆယ်သုံးဖို့ စောနေသေးတယ်လို့ မြင်ပါတယ်။

**နေတိုးရဲ့ အချစ် Definition.**

အချစ် Definition ကတော့ အဓိက,က ကိုယ်ချစ်တဲ့ချစ်သူ၊ ကိုယ့်ကိုချစ်တဲ့ ချစ်သူဖြစ်ဖို့တော့ အရေးကြီးပါတယ်။

**ကိုယ့်ချစ်သူက ကိုယ့်ကို ဘယ်လိုနားလည်မှုတွေ ပေးထားလဲ။**

နားလည်မှုဆိုတာက တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းယူရတာမျိုးပေါ့နော်။ နားလည်မှုပေးတယ်ဆိုတာတော့ မဟုတ်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှုက ပိုပြီး လေးနက်တယ်လို့ မြင်ပါတယ်။

**အချစ်ကြောင့် နေတိုး ပြောင်းလဲသွားတာတွေ။**

ပြောင်းလဲမှုတွေအရတော့ ရှိပါတယ်။ ဘယ်လိုအရာတွေပြောင်းလဲတယ်ဆိုတာကတော့ ပရိသတ်ကို မချပြချင်သေးပါဘူး။

နေတိုးရဲ့ Story Book Movie Studio မှာ ဇူလိုင်လအတွင်း ရုပ်ရှင်ကားတွေ စ, ရိုက်ဖို့ ရှိတယ်လို့လည်း ပြောပြပါတယ်။

■ မန်းသူ

## One Minute Interview

## ကြုံရာဆုံရာ တစ်မိနစ်တာ



နေတိုးက Story Book Movie Studio ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါတယ်




www.burmeseclassic.com

www.burmeseclassic.com

# ဒေါင်းအတွက် ကြိုးစားမှုသမိုင်း ဖြစ်စေမယ့် ဒဏ္ဍာရီမိုး

**မနှင်းသူ**



နားမှာ နှင်းဆီပန်းပွင့်လေးနဲ့ လူမှုကွန်ရက်ပေါ် နာမည်ကျော်ခဲ့သူ၊ နှင်းဆီနဲ့အတူ ဆွဲဆောင်မှုက သူ့နာမည် ဒေါင်း တဲ့။ အရပ်မြင့်မြင့်၊ အကြည့်မာမာ၊ အပြုံးချိုချိုတွေကလည်း ဒေါင်းရဲ့ နောက်ထပ်ဆွဲဆောင်မှု ထင်ရဲ့။ ပရိသတ်ရှေ့မှောက် သူ့ရဲ့အနုပညာတွေ အများကြီး မရောက်သေးပေမဲ့ သူလုပ်ထားတဲ့ အနုပညာတွေက ရှိနေပါပြီ။ **လေဆန်ကကြိုး** နဲ့ **လိပ်ပြာစံအိမ်** ရုပ်ရှင်ကားကြီး နှစ်ကား ရိုက်ကူးထားသလို **ပုဂံမြို့သူ** ဇာတ်လမ်းတွဲကိုလည်း မကြာခင်ကမှ ရိုက်ကူးပြီးစီးထားပါတယ်။ ဒီနှစ်ထဲမှာပဲ ကြည့်ရမယ့် ဒေါင်းရဲ့ အနုပညာတွေပါ။ အခုလည်း ဒေါင်းက ရုပ်ရှင်အတွက် တတိယမြောက်လှုပ်ရှားမှုအဖြစ် **ဒဏ္ဍာရီမိုး** ရုပ်ရှင်ကားကြီးကို Media 7 Production အတွက် လက်ခံလိုက်ပါတယ်။ သရုပ်ဆောင်အင်အားကောင်းကောင်းနဲ့ **ဒဏ္ဍာရီမိုး**။ ဒီဇာတ်လမ်းကို လက်ခံဖြစ်လိုက်တဲ့ ဒေါင်းနဲ့ တွေ့ဆုံဖြစ်ခဲ့ပါတယ်။

**'ဒဏ္ဍာရီမိုး' ဇာတ်ကားမှာ နာမည်ကြီး သရုပ်ဆောင်၊ အဆိုတော်၊ ကိုယ့်ရဲ့ စီနီယာတွေပါတယ်။လက်ခံဖြစ်တဲ့ စိတ်ကူးလေးက...။**

အဓိက အဲဒီကာရိုက်တာရဲ့စိတ်ပေါ့။ ပြီးတော့ ကျွန်တော့်အပေါ်ထားတဲ့ စိန်ခေါ်မှု။ အဲဒါတွေကို ကျွန်တော်ကြိုက်လို့ ဒီဇာတ်ကားကို လက်ခံလိုက်တာပါ။

**နောက်တစ်ခုကလေ ဒေါင်းက ဇာတ်ကား**



www.burmeseclassic.com

www.burmeseclassic.com

## ကြုံရာဆုံရာ တစ်မိနစ်တာ
## One Minute Interview

တစ်ကားကို လက်ခံပြီဆိုရင် **ဇာတ်လမ်းကိုပဲ ကြည့်သူလား။ ကိုယ်နဲ့ တွဲဖက်သရုပ်ဆောင်မယ့်သူတွေကို ရော ကြည့်တတ်သူလား။**

ဇာတ်လမ်းကိုပဲ ကြည့်တယ်။ ဇာတ်လမ်းမှာ ကိုယ့်ကာရိုက်တာ ဘယ်လိုစိန်ခေါ်မှုရှိလဲ ကြည့်တယ်။ တွဲဖက်မယ့်သူဆိုတာကတော့ အားလုံး ယုံကြည်ပြီးသားပါ။

**အရင်တစ်ခါ အင်တာဗျူးမှာ ဆုံခဲ့ဖူးတုန်းက ကိုရဲတိုက်နဲ့ တွဲရိုက်ကြည့်ချင်တယ်လို့ ဖြေခဲ့ဖူးတယ်။ အခု ရဲတိုက်နဲ့ ဒေါင်း ညီအစ်ကိုတွေ ဆုံရပြီဆိုတော့ ဒီကားအတွက် ရင်ခုန်မှု။**

ပုဂ္ဂိုလ်ရေးပိုင်းမှာ တော့ ဘာရင်ခုန်မှုမှ မရှိဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ကျွန်တော်တို့ အားလုံးပေါင်းပြီးတော့ ဘယ်လို ကျောက်ကောင်းတစ်ပွင့်ကို ဖန်တီးနိုင်မလဲ၊ ပုံဖော်နိုင်မလဲ။ ဒဏ္ဍာရီမိုး ဆိုတဲ့ ကျောက်လေးတစ်ပွင့်။ အဲဒီတစ်ပွင့်ဟာ ကျွန်တော်တို့အားနဲ့ ဘယ်လောက်ထိ ပုံဖော်နိုင်မလဲ။ ဘယ်လောက်ထိ အနုစ်သာရရှိတဲ့ ကျောက်တစ်ပွင့်အဖြစ် ဖန်တီးနိုင်မှာလဲဆိုတာကို စိတ်ဝင်စားဖို့ ကောင်းတယ်။ အဲဒါကိုက ကျွန်တော့်အတွက် အရမ်းစိတ်လှုပ်ရှားစရာကောင်းတဲ့ အထိအတွေ့တစ်ခုပဲ။ သမိုင်းလည်းဖြစ်မယ်။ ကျွန်တော်တို့အားလုံး ကြိုးစားပူးပေါင်းတဲ့ ဇာတ်ကားတစ်ကား ဖြစ်ချင်တယ်။ ဒီဇာတ်ကားဟာ ကျွန်တော်တို့အတွက် အမှတ်တရ ဖြစ်စေမှာပါ။

**ဒီဝတ္ထုလေးကို ရော ဘယ်တုန်းကဖတ်ဖြစ်ထားလဲ။**

ပြီးခဲ့တဲ့တစ်ပတ်လောက်က ဖတ်ထားပြီးပါပြီ။

**အရှေ့က ရိုက်ထားတဲ့ စီးရီးတွဲ ကာရိုက်တာ ဖျောက်နိုင်ပြီလား။ ဒီကားအတွက် လက်ရှိပြင်ဆင်မှုက…။**

ရှေ့က ကာရိုက်တာက ဖျောက်နိုင်သွားပါပြီ။ ဒီကားအတွက်က နောက်ထပ် ကာရိုက်တာအသစ်တစ်ခု ဖြစ်ရမှာပေါ့။ အဲဒီအသစ်ဖြစ်ဖို့အတွက် ကျွန်တော် ကိုယ့်ကိုယ်ကို ခဏမေ့ထားတယ်။ ဇာတ်ရဲ့ခံစားချက်ကိုပဲ စိတ်ထဲမှာ ထည့်ထားတယ်။

**ဇာတ်ကားတွေ အများကြီး မရိုက်ရသေးခင်မှာ စီးရီးတွဲနဲ့ တွေ့ဆုံလိုက်ရတော့ အရမ်းပင်ပန်းသွားလား။**

ပင်ပန်းတယ်ဆိုတာက စိတ်ပဲပေါ့။ ကျွန်တော်က ရုပ်ရှင်ရိုက်သလိုပဲ ရိုက်တာဖြစ်တဲ့အတွက် စီးရီးတွဲရိုက်ရတော့ ပိုပင်ပန်းတယ်။

**အရှေ့မှာ ရုပ်ရှင်ကားကြီး နှစ်ကားလည်း ရိုက်ထားပြီးသား၊ စီးရီးတွဲလည်း အတွေ့အကြုံရှိပြီဆိုတော့ 'ဒဏ္ဍာရီမိုး' အတွက် အခက်အခဲ သိပ်မရှိလောက်ဘူး ထင်တယ်နော်။**

ကျွန်တော့်အတွက် သရုပ်ဆောင် အခက်အခဲဆို တာထက် အဲဒီစိတ်ခံစားချက်ကို ဘယ်လောက်ထိ တင်ဆက်နိုင်မလဲဆိုတဲ့ ရာခိုင်နှုန်းကို ပိုစိတ်ဝင်စားတယ်။ ကျွန်တော် ဘယ်လောက်ထိ စိတ်ခံစားချက်မှာ စီးမျောနေလဲ။ အဲဒါကို ၁၀၀ ရာခိုင်နှုန်း စီးမျောချင်တယ်။

**ဒဏ္ဍာရီမိုး** ဇာတ်ကားကို ဒါရိုက်တာ ဝင်းလွင်ထက်က ရိုက်ကူးမှာဖြစ်ပြီး ဒေါင်းက ရဲတိုက်၊ ရွှေထူး၊ ဝတ်မှုံရွှေရည်တို့နဲ့အတူ တွဲဖက်သရုပ်ဆောင်ရမှာပါ။ ဒေါင်းက ဒီနှစ်ထဲမှာ ရုံတင်မယ့် ရုပ်ရှင်အနုပညာနဲ့ ပတ်သက်ပြီးလည်း လိပ်ပြာ **စံအိမ်** ဇာတ်ကား အရင်ဆုံး ရုံတင်ဖြစ်လိမ့်မယ်လို့လည်း ပြောပြခဲ့ပါတယ်။

■ မန်းသူ



ရဲတိုက်၊ ဝတ်မှုံရွှေရည်၊ ဒေါင်းနဲ့ ရွှေထူး



www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်ကားအတွက်ဆို ကိုယ်ပိုင် Stylist ထားတဲ့ ရွှေထူး

မန်းသူ



အဆိုတော်ရွှေထူးက သီချင်းများနဲ့ အောင်မြင်မှုကို အရယူတဲ့အပြင် အနုပညာပိုင်းကို ဖြန့်ကြက်လုပ်ဆောင်တယ်။ သရုပ်ဆောင်တွေက သီချင်းဆိုပြီး အဆိုတော်တွေက သရုပ်ဆောင်လုပ်တဲ့ အနုပညာပေါင်းကူးခေတ်မှာ အောင်မြင်သူတွေရှိသလို ပရိသတ် လက်မခံသူတွေလည်း ရှိပါတယ်။ ရွှေထူးကတော့ ပထမအခွေနဲ့ အဆိုတော်ဖြစ်သလို ပထမဆုံး ဇာတ်ကား **ပက်ပက်စက်စက်ညှို့**နဲ့လည်း သူ့ပရိသတ်က ပက်ပက်စက်စက် လက်ခံအားပေးခြင်းခံရသူပါ။ Social Net Work ကနေလည်း သူ့လှုပ်ရှားမှု၊ ဖက်ရှင်၊ သီချင်းတွေနဲ့ မကြာခဏလည်း Live လွှင့်ရင်း ပရိသတ်နဲ့ အမြဲထိတွေ့နေသူပါ။ ရွှေထူးကို ပရိသတ်စိတ်ဝင်စားခြင်း ခံရတဲ့ တက်တူးဖက်ရှင်အကြောင်း၊ သရုပ်ဆောင်၊ သီချင်းတွေအကြောင်း အရင်တစ်ခေါက်များက တွေ့ဆုံမေးမြန်းခဲ့ဖူးတာကြောင့် ဒီတစ်ခေါက်မှာတော့ သူ့ရဲ့ Stylist အကြောင်း မေးဖြစ်ခဲ့ပါတယ်။

**ရွှေထူးက ဇာတ်ကားတွေအတွက် Stylist သီးသန့်ထားလား။**

ပထမကားမှာတုန်းကလည်း Stylist သီးသန့်ထားတယ်။ အခုကားမှာလည်း Stylist သီးသန့်ရှိတယ်။ ကိုယ့်စိတ်ကြိုက် Stylist တွေ ပါပဲ။

**နှစ်ကားစလုံးမှာ Stylist တူလား။ ကိုယ့်စိတ်ကြိုက် ရွေးချယ်ခဲ့တာပဲလား။**

**ပက်ပက်စက်စက်ညှို့** မှာ ကျွန်တော့်ဒီဇိုင်းကို လုပ်ပေးခဲ့တာက စွမ်း။ ဒုတိယကား **ညှို့သည်** မှာ စွမ်းဟိန်း။ သူကကျတော့ အခုကားအပြင် ကျွန်တော့်ရဲ့ ပွဲတက်အဝတ်အစားတွေကို ချုပ်ပေးတာများတယ်။ အခုကားမှာလည်း သူပဲ တာဝန်ယူ ပေးနေတယ်။

**အဆိုတော်ဆိုရင် အဆိုကောင်းနေဖို့၊ သရုပ်ဆောင်ဆိုရင် သရုပ်ဆောင်ကောင်း**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

NATROL®

# 5-HTP

## Happy Time for People

HTP

- ✓ စိတ်တည်ငြိမ်မှုကို မြှင့်တင်ပေးခြင်း
- ✓ စိတ်ဖိစီးမှုကိုလျော့ချပေးခြင်း
- ✓ စိတ်ပူပန်ခြင်းနှင့် စိတ်ထိုင်းမှိုင်းမှုကို လျော့ချစေခြင်း
- ✓ စိတ်အမြင်ကြည်လင်မှုနှင့် စိတ်ရွှင်လ… ပေါ့ပါးစေခြင်း
- ✓ စိတ်သက်တောင့်သက်သာရှိခြင်း



MADE IN U.S.A

အမေရိကန် စံနှုန်းပြည့်အရည်အသွေးမြင့်ဆေးဝါးဖြစ်ကြောင်း အာမခံသည်။




NATROL®
35 Years of Quality Uncompromised

21411 Prairie Street
Chatsworth CA 91311 (USA)
www.natrol.com

Myanmar Distributor :
**Saung Thazin Trading Co.,Ltd.**

**Yangon**: No 262/264, Pyay road,
Dagon Center 1, Room 704-B,
Sanchaung township, Yangon, Myanmar
Ph: 539115, 516678, - Fax: 539115
Email: flexanew@gmail.com

**Mandalay**: No.263, D 3, 81 Street,
Between 23rd & 24 Street, Mandalay, Myanmar.
Tel:02 60177 HP:09 2057621, 09 5022631

www.burmeseclassic.com

www.burmeseclassic.com

**ဖို့အပြင် Style ကရော ဘယ်လောက်ထိ အရေးကြီးတယ်ဆိုတာကို ရွှေထူး ဘယ်လိုနားလည်လက်ခံထားလဲ။**

Lit'Zနဲ့ ကျွန်တော် ပြောဖြစ်တာရှိတယ်။ သူက ပြောတာက အရည်အချင်းရှိရုံနဲ့ မရဘူး။ Fashion ပိုင်း လိုတယ်ပေါ့နော်။ ကျွန်တော်က မဟုတ်ဘူး သားကြီး၊ အဓိက, က ငါတို့သီချင်းဆိုဖို့ပဲလို့ ဆိုတော့ No. မဟုတ်ဘူး။ စသဖြင့် အချေအတင်ဖြစ်ပြီး ပြောကြတဲ့အချိန်မှာ ကျွန်တော်လည်း လက်ခံလာတယ်။ လူမှာအဝတ်၊ တောင်းမှာအကွပ်တဲ့။ ဟုတ်တယ်။ အဲဒီစကား မှန်တယ်။သူ့နေရာနဲ့သူ ဝတ်ဆင်ရတယ်။ သူ့ကာရိုက်တာနဲ့သူ ဝတ်ဆင်ရတယ်။ အရေးကြီးတယ်။

**ရွှေထူးက ဒီဘက်ခေတ်မှာ နာမည်ကျော်လာသူဆိုတော့ ဒီခေတ်ထုံးစံအတိုင်း Social Net Work သုံးတယ်။ Page ရှိတယ်။တစ်ခါတလေ ပရိသတ်နဲ့ အမြဲဆက်သွယ်နေတဲ့ အဲဒီ Social Net Work မှာ တချို့အဝတ်အစားတွေက မလိုက်ဖက်တာ တွေ့ရတယ်။ ရွှေထူးက အဆိုတော်အနေနဲ့ဆိုရင်ရော ကိုယ့်စိတ်ကြိုက်ဝတ်တာလား။ Stylit နဲ့ပဲလား။**

အဆိုတော်အနေနဲ့ ဆိုရင်တော့ Stylist မထားဘူး။ ကျွန်တော့်စိတ်ကြိုက် ဝတ်တယ်။ အရင်တုန်းကတော့ ကျွန်တော်က အသားမည်းလို့ဆိုပြီး အစိမ်းရောင်၊ လိမ္မော်ရောင်၊ ပန်းရောင်ဆို မဝတ်ရဲတာမျိုးရှိခဲ့တယ်။ နောက်ပိုင်းတော့ ကျွန်တော်ဝတ်တယ်။ အဓိက ကိုယ့်ကိုယ်ကို Confidence ရှိဖို့ပဲ အရေးကြီးတာပေါ့နော်။ အသားအရောင်မည်းတာတွေ၊ ဖြူတာတွေနဲ့ ဘာမှမဆိုင်ဘူး။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိဖို့ပဲ။ ကိုယ်ဝတ်တဲ့အဝတ်အစား ကိုယ့်ဟာကိုယ် ယုံကြည်နေဖို့ပဲ။

**အဲဒီလို ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိနေဖို့ဆိုပေမဲ့ ကိုယ်နဲ့မလိုက်ဖက်တဲ့ ဖက်ရှင်ဆိုတာမျိုးကိုရော လက်ခံလား။**

ကိုယ်နဲ့မလိုက်ဖက်တဲ့ ဖက်ရှင်ဆိုတာကို လက်ခံတယ်။ ကျွန်တော်နဲ့ မလိုက်ဖက်တာတွေလည်း ရှိတယ်။ အများကြီးပဲ။

**အခုရော ကိုယ့်ရဲ့ဖက်ရှင်ကို Stylist ပေါ်ပဲ ပုံအပ်ထားလား။ ကိုယ်တိုင်ရော အကြံပေးမှုအပိုင်းရှိလား။**

ပထမကားတုန်းကတော့ စွမ်းအနေနဲ့လည်း အချိန်ကြန့်ကြာသွားတာပေါ့နော်။ အရမ်း Rush ဖြစ်သွားတယ်ဗျာ။ ရုပ်ရှင်ကရိုက်ရတော့မယ်ဆိုမှ သူ့ကိုချက်ချင်းသွားအပ်တယ်။ လုပ်ပါဦးပေါ့။ တစ်ပတ်လောက်ပဲရတော့တဲ့ အချိန် ကာလအတွင်းမှာ သူ ကျွန်တော့်ကို အဆင်ပြေဆုံးဖြစ်အောင်တော့လုပ်ပေးခဲ့ပါတယ်။ အခုကားအတွက်လည်း စွမ်းဟိန်းကလုပ်ပေးနေပါတယ်။ ကျွန်တော်ကလည်း ဒီဆင်းန်မှာ ဒီပုံစံလေး၊ ဒီကာရိုက်တာနဲ့ဆို ဒါလေး ကျွန်တော့်ကို ထပ်စဉ်းစား ပေးပါလားလို့ တိုင်ပင်ပင်လေးနဲ့ လုပ်ဖြစ်တယ်။

**တစ်ခါတလေ ကိုယ်ဝတ်ထားတဲ့ ဖက်ရှင်ကြောင့် ကိုယ့်ကိုယ်ကို ယုံကြည်မှုပျက်သွားတာမျိုးရော ကြုံဖူးလား။**

အဲဒီလိုမျိုးတော့ မကြုံဖူးဘူး။ ဘာလို့လဲဆိုတော့ ပွဲတစ်ပွဲသွားမယ်၊ အပြင်သွားမယ်ဆိုရင် ကျွန်တော် သေချာတော့ပြင်ဆင်သွားတယ်။ ပြီးစလွယ်သွားလို့မှ မရတာ။

**ရွှေထူးက 'ညှို့သည်' ကားမှာက အဆိုတော်ပဲဆို တော့ အပြင်ကအတိုင်းပဲ၊ ခုလို ဟူဒီအကျႌ၊ ဂျင်းပင်န်ဖက်ရှင်က အလိုက်ဖက်ဆုံးပဲ။ ဒါပေမဲ့ ပထမကားနဲ့ ဒုတိယကားမှာ Style အပြင် ဘာတွေရော ကွာခြားသွားလဲ။ စိတ်ခံစားပိုင်းရောပေါ့။**

ရိုက်ကွင်းပေါ်မှာ ကွာခြားသလို၊ စိတ်တွေရောပဲ ကွာခြားတာတွေ ရှိလာတယ်။ ကိုယ့်ကိုယ်ကိုလည်း အားရှိလာတယ်။ အထူးသဖြင့် ဒါရိုက်တာ ဦးညွန့်မြန်မာညီညီအောင်တို့၊ ကျွန်တော်နဲ့အတူ ရိုက်ရတဲ့ အကြီးတန်းမှာဆို ရွှေမှုံရတီဆိုရင်လည်း အသက်က ကျွန်တော်က ကြီးပေမဲ့ သရုပ်ဆောင်ဘက်မှာတော့ ကိုယ့်ထက်အများကြီး ဆရာကျတယ်ဗျာ။ အဲဒီတော့ ရိုက်ကွင်းပေါ်မှာ သရုပ်ဆောင်ရင် သူတို့အဆင်ပြေအောင်၊ သူတို့နားလည်အောင် ကြိုးစားရတယ်။ သူတို့ကိုယ်တိုင်လည်း ကျွန်တော့်ကို ဆွဲခေါ်ပေးတယ်။ စောင့်ပေးတယ်။ ကူပြီးလုပ်ပေးတယ်။ သင်ပေးတယ်။ အရမ်းလည်း စိတ်ချမ်းသာသလို ကိုယ်တိုင်လည်း Pressure လျော့တာ ပေါ့ဗျာ။ ရုပ်ရှင်ရိုက်တယ်ဆိုတာ ပြောတော့သာ စကားလုံး လေးလုံးတည်း။ စိတ်ရော လူရော ပင်ပန်းတယ်။ ကိုယ်တစ်ယောက်တည်းမဟုတ်ဘူး။ တစ်ဖွဲ့လုံး ပင်ပန်းကြတယ်။

**ဘယ်လိုအခန်းမျိုးက ရွှေထူးအတွက် ထပ်ကာ ထပ်ကာ လုပ်ရတဲ့ အခန်းမျိုး လဲ။**

အဓိကတော့ ငိုရတဲ့ အခန်း၊ ငိုရတဲ့အိုက်တင်ဆို ကျွန်တော် အရမ်းကြီးမပိုင်ဘူး။ ပြီးတော့ Silent Acting တစ်ဖက်က စကားပြောတာကို ဒိုင်ယာလော့ခ် ပြန်ပြောရင်း လုပ်ရတာသိပ်မခက်ပေမဲ့ သူ ဆက်တိုက်ပြောတာကို တစ်ခွန်းမှ ပြန်မပြောရဘဲ မျက်လုံးတို့၊ မျက်နှာအမူအရာတို့၊ ခြေဟန် လက်ဟန်တို့နဲ့ အိုက်တင်လုပ်ရတာ ကျွန်တော့်အတွက် အခက်ဆုံးပဲ။

ရွှေထူးက တတိယမြောက်ကား **ဒဏ္ဍာရီမိုး** မှာတော့ စာရေးဆရာအသွင် ဆောင်ရပြီး ဆံပင်၊ အဝတ်အစား၊ အနေအထိုင်၊ မျက်လုံးအကြည့်ကအစ အားလုံး Change လိုက်ရကြောင်း၊ **ညှို့သည်**နဲ့ ဒဏ္ဍာရီမိုးက ရိုက်ရက်အရမ်းကပ်ပြီး နှစ်လ ဆက်တိုက် ရိုက်ကူးရေးဝင်ခဲ့ရတာကြောင့် ဝါရင့်သရုပ်ဆောင်မဟုတ်တဲ့အတွက် အတော်ထိန်းညှိ ကြိုးစားထားရကြောင်းလည်း ပြောပြခဲ့ပါတယ်။

**■ နန်းသူ**

**One Minute Interview**



www.burmeseclassic.com

www.burmeseclassic.com

# အချစ်ဇာတ်လမ်း အားသာချင်နေတဲ့ ကိုရွှေမန်း

**မန်းသူ**

'ကျွန်တော်တို့ကုမ္ပဏီရဲ့ ထုံးစံအတိုင်း အမြဲရိုက်တဲ့အတိုင်း၊ ပုံဖော်တိုင်း အတွဲအဖက်ဆန်းလေးပဲ အမြဲစိတ်ဝင်စားတယ်။ အဓိက အခုခေတ်က ဇာတ်လမ်း၊ ဇာတ်အိမ် အရမ်းကောင်းရမယ်။ အတွဲအဆက် ကောင်းရမယ်။ အဲဒါမျိုးလေးတွေ အဓိကထားတာပါ'လို့ ရွှေအမြုတေကို ပြောပြလာသူက ကိုဝေမင်းမောင်(ရွှေမန်း) Myanmar Media 7 ပါ။ Myanmar Media 7 က ရုပ်ရှင်ဇာတ်ကားကောင်းများ၊ စီးရီးတွဲများကို ဆက်တိုက်ဆိုသလို စီစဉ်ထုတ်လုပ်နေပါပြီ။ နာမည်ကြီး၊ ပရိသတ်ကြိုက်နှစ်သက်တဲ့ သရုပ်ဆောင်များနဲ့လည်း လက်တွဲသလို၊ ခေတ်အလိုက် Cele များနဲ့လည်း စိတ်ဝင်စားဖွယ် ဇာတ်လမ်းများ စီစဉ်နိုင်သူပါ။ အတွဲအဆက်ကောင်း၊ ဇာတ်လမ်းကောင်းတွေပဲ စီစဉ်တယ်ဆိုတဲ့ ဝေမင်းမောင်(ရွှေမန်း)ရဲ့ စိတ်ကူးတချို့ကို မေးမြန်းမိတဲ့ခဏ...။

**ကိုရွှေမန်းရဲ့ 'ဒဏ္ဍာရီမိုး' ကတော့ နာမည်ကျော် မင်းသားတွေချည်း ပဲနော်။ ဒီသုံးယောက် အတွဲက ကိုရွှေမန်း စိတ်ကြိုက်ပဲလား။**

ကျွန်တော်လည်း ဇာတ်လမ်းကောင်းလေးတွေ စဉ်းစားတဲ့အချိန်မှာ အဓိက ကျွန်တော် ဒီကားကို ဝယ်ထားတာ တစ်နှစ်နဲ့ သုံးလ ရှိပြီ။ ဇာတ်ညွှန်း





www.burmeseclassic.com

www.burmeseclassic.com

လည်း ရှိတယ်။ အက်ရှင်ကားလေးလည်း ရှိတယ်။ ကျွန်တော့်တိုက်က ထွက်တဲ့ကားတွေကတော့ ဇာတ်လမ်းကာရိုက်တာလေးတွေ၊ ရသစုံလင်တဲ့ ကားလေးတွေ စဉ်းစားတာ များပါတယ်။ ပြီးတော့ ဟာသကားလေးတစ်ကားလည်း ရိုက်ဖို့ရှိတယ်။

**ကိုရွှေမန်းက နာမည်ကြီးသရုပ်ဆောင်တွေနဲ့ လက်တွဲလုပ်ဆောင်တာဆိုတော့ ဇာတ်လမ်းရွေးချယ်တဲ့အပိုင်းမှာ ခေါင်းစားရမှာပေါ့။**

ခေါင်းစားတာပေါ့၊ အခုခေတ်မှာ ရိုက်ရတဲ့အပြင်ကိုယ်ရိုက်တဲ့လူတွေ အကုန်လုံးကလည်း နာမည်ကြီးသရုပ်ဆောင်တွေဖြစ်တဲ့အတွက် သူတို့ကလည်း ခေါင်းစားတယ်။ ကိုယ်စိတ်ပူရသလိုပဲ သူတို့ကလည်း ကိုယ့်ထက် ဆယ်ခါပြန် စိတ်ပူရတယ်။ ဒီတော့ အများကြီး ခေါင်းကိုက်တာပေါ့။ အများကြီး ခေါင်းခြောက်ရတာပေါ့။

**ကိုရွှေမန်း ပရိုဂျူဆာလုပ်တာ အချစ်ကားတွေများနေလားလို့။ ကိုရွှေမန်းက အချစ်ကြိုက်သူလား။**

အဓိကတော့ ကျွန်တော်ကြိုက်တဲ့ ကားထဲမှာ အချစ်ကားက နှစ်ကား၊ သုံးကားရှိမယ်။ ဟာသကားက နှစ်ကားလောက်။ မျှအောင်တော့ လုပ်ရတာပေါ့နော်။ ကျွန်တော် အခု ရိုက်တဲ့ ၁၁ ကားမှာ ဟာသနှစ်ကား၊ သရဲကား နှစ်ကား၊ ဘာသာရေးက တစ်ကား။ အင်းပေါ့ အပ်လိုက်တာလည်း ခုနစ်လလောက် ကြာသွားတယ် ကိုမိုးနီလွင်ဆီမှာ၊ သူကလည်း ဒိုင်ယာလော့ခ်တွေ အရမ်းကောင်းတဲ့ သူဆိုတော့ ကြာသွားတယ်။ ဇာတ်လမ်းဖရိန်လည်းကျလာရောဒီသုံးယောက် ဘယ်သူ့ကို ရွေးရမလဲပေါ့။ နေတိုးနဲ့ ရွှေထူးကတော့ ကျွန်တော် စာချုပ်ချုပ်ထားတာဖြစ်တဲ့အတွက် ဒီနှစ်ယောက်မှာ ရွှေထူးကို ရိုက်မယ်ပေါ့။ နောက်နှစ်ယောက်ကို စဉ်းစားတော့ ရဲတိုက်နဲ့ ဒေါင်းကို ပြေးမြင်လိုက်တယ်။ ရဲတိုက်၊ ဒေါင်း၊ ရွှေထူးက အသားညိုညိုတွေနဲ့ မိန်းကလေး အားပေးတဲ့ဟာမျိုး၊ ခပ်မာမာတွေ၊ ကျွန်တော်တွဲကြည့်ချင်တယ်။ သူတို့ကို ပြကြည့်တယ်။ သူတို့ကလည်း ကြိုက်တယ်။ ဝတ်မှုံရွှေရည်ကလည်း ဇာတ်လမ်းပြတော့ အရမ်းကြိုက်တယ်။ ဒါနဲ့ပဲ တွဲဖြစ်သွားတာ။

**နောက်ထပ်ခြေလှမ်းသစ်တွေကရော…။**

နောက်ထပ် ရိုက်မယ့် ကားတွေကတော့ အစုံပဲဗျ။ ကျွန်တော့်ဆီမှာ သရဲ၊ ဝိညာဉ် ကားတွေလည်းရှိတယ်။ အချစ်၊ ရိုမန့်ကားတွေလည်း ရှိတယ်။ ဘာသာရေး

နော် အချစ်ကားက များတာပေါ့။ ကျွန်တော်ကိုယ်တိုင်ကလည်း အချစ်ကားလေးတွေ ကြိုက်တာလည်းပါတယ်။ ခုခေတ်အနေအထားအရလည်း အချစ်ကားလေး တွေက လှုပ်တယ်။ တင်ဆက်မှုသာကောင်းပလေ့စေ၊ အတွဲ အဆက်လေးတွေသာကောင်းပလေ့စေ ပရိသတ်တွေက လက်ခံ တဲ့သဘောမှာရှိတယ်။ အင်းပေါ့ ကျွန်တော်က အချစ်ကား လေးတွေအားသာတဲ့သဘောမှာရှိတယ်။ နောက်ရိုက်မယ့်ကား ကလည်းအချစ်ဟာသပဲ။ မြင့်မြတ်နဲ့ ရွှေထူး။

**စီးရီးတွဲတွေလည်း လုပ်ထားတယ်နော်။**

လုပ်တယ်ဗျ။ အလင်းရောင်နဲ့အခု တစ်ကား ရှိမယ်။ စ,တော့မယ်။

**မအေးသောင်းနဲ့ရော…။**

မအေးသောင်းနဲ့လည်း ကျွန်တော်တို့ ရိုက်မယ်။မအေးသောင်းနဲ့လည်း ဇာတ်လမ်းတစ်တွဲ တည်ထားတယ်။ ဒါပေမဲ့ သူ့ဇာတ်က ကျွန်တော်တို့ဇာတ်က မလုံသေးလို့။ တကယ်က ဇာတ်လမ်းတွဲက ပိုခက်တယ်။ အပိုင်းရှည်တာကိုး။ အပိုင်းရှည်တော့ မလုံရင် ကျွန်တော်တို့ မလွှတ်ရဲဘူး။ ဇာတ်လမ်းတွဲက တစ်ခါရေးရင်လည်း ငါးလ၊ ခြောက်လက အနိမ့်ဆုံးပဲ။ ဘာကြောင့်လဲဆိုတော့ ဇာတ်ညွှန်းကိုလည်း အရမ်းလောခိုင်းလို့ မရဘူးလေ။ ချိတ်ဆက်ရ အရမ်းခက်တာ။ Tempo အရမ်းထိန်းရတာ။ အဲဒီတော့ အချိန်ပေးရတယ်။ အလင်းရောင်နဲ့ကားကတော့ Ready ပဲ။

**မအေးသောင်းက ခုချိန်မှာ သူ့ခေတ်ဖြစ်နေတဲ့အချိန်၊ ဟော့နေတဲ့အချိန်မှာ ဘာလို့ ရုပ်ရှင်ကြီးပေးမကိုင်သေးတာလဲ။ စီးရီးတွဲကရော ပိုမခက်ပေဘူးလား။**

အခုလောလောဆယ်တော့ သူပါတဲ့ **အမုန်းစွဲ** ဆိုတဲ့ ရုပ်ရှင်ကားကြီး မကြာမီ ရုံတင်တော့မယ်ပေါ့။ မအေးသောင်းအတွက် နောက်ထပ်တစ်ကားလည်း စဉ်းစားထားပါတယ်။ သူ့အတွက်ကတော့ ဇာတ်လမ်းတွဲတို့၊ ရုပ်ရှင်တို့ မျှအောင်လာမှာပေါ့။ Myanmar Media 7 က ရုပ်ရှင်ဇာတ်ကားကြီးတွေ၊ ဇာတ်လမ်းတွဲတွေ တောက်လျှောက်လာဖို့ ရှိပါတယ်။ အောက်တိုဘာလမှာ နေတိုးနဲ့တစ်ကား၊ ဒီဇင်ဘာလမှာ မြင့်မြတ်နဲ့ ရွှေထူးတစ်ကား ရိုက်ကူးမှာဖြစ်ပြီး နောက်ထပ်လည်း ဇာတ်လမ်းတွဲတွေ အများကြီး ရိုက်ဖို့ ရှိပါတယ်လို့ သိရပါတယ်။

ရိုက်ခဲ့တဲ့အထဲမှာလည်း ပေါက်ခဲ့တဲ့ ဇာတ်လမ်းတွဲတွေ **ရတနာပုံ၊ မင်္ဂလာရှိသောအရပ်** စတဲ့ ဇာတ်လမ်းတွဲတွေရှိတာကြောင့် ဇာတ်လမ်းတွဲရိုက်ရတာလည်း ဖိအားများပါတယ်။ နောက်ထပ် လှုပ်ရှားမှုတွေက ပရိသတ်အားပေးမှသာရမှာ ဖြစ်လို့ အားပေးကြပါ -လို့လည်း ဝေမင်းမောင်(ရွှေမန်း)က ပြောပြခဲ့ပါတယ်။

■နှင်းသူ

**One Minute Interview**

ကြာရှည်လှ တစ်မိနစ်စကား



www.burmeseclassic.com

www.burmeseclassic.com


# စကားတစ်ခွန်းကြောင့် 'ချည်' ဖြစ်လာတဲ့ ညွန့်မြန်မာညီညီအောင်

**မန်းသူ**

'အန်တီစုပြောတဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ စကားလေးတစ်ခွန်းကို သဘောကျလို့။ အန်တီစု စကားမှာ လိုချင်တာချည်းပဲတောင်းနေလို့ မရဘူးတဲ့။ ကိုယ်ကလည်း ဘာပေးနိုင်လဲဆိုတာကို စဉ်းစားကြပါတဲ့။ ကျွန်တော် အရမ်းသဘောကျတယ်။ ဒါကြောင့် အနုပညာသမားတွေဘက်ကလည်း အုတ်တစ်ချပ်၊ သဲတစ်ပွင့်လုပ်စေချင်တဲ့ဆန္ဒ သူ့မှာရှိတယ်။ ကျွန်တော့်ဘက်ကလည်း အဲဒီ သူပြောချင်တဲ့ မက်ဆေ့ချ်လေးကို ထည့်ပြီး ရုပ်ရှင်ကားလေးတစ်ကား ရိုက်ပြချင်တယ်' လို့ **ဧည့်သည်** ရုပ်ရှင်ကားကြီး ကန်တော့ပွဲနေ့က ပြောခဲ့တဲ့ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်ရဲ့ စကားကို စိတ်ဝင်စားသွားရပါတယ်။ ဒီဘက် နှစ်တွေမှာ ပရိသတ်ရှေ့မှောက် ရောက်လာတဲ့ ဦးညီရဲ့ ရုပ်ရှင်ကားကြီးတိုင်းက အလှူပ် အခတ်တွေလည်း များပါတယ်။ **အုတ်ကြား မြက်ပေါက်** ကစလို့ **ကျွန်**၊ **လရောင်ဖြာတဲ့ အင်းလေးမှာ**၊ အခု **ငဒူ**။ မကြာခင်လာမှာက **တစ်ခုလပ်**။ အန်တီစု စကားကြောင့် ရိုက်ချင်သွားတဲ့ဇာတ်ကားအကြောင်း ရွှေပရိသတ်တွေလည်းသိရအောင် ဦးညီနဲ့ တွေ့ဆုံခဲ့ပါတယ်။

**လှိုင်ကော်မှာ ရိုက်မယ့်ကားအတွက်ရော စဉ်းစားထားပြီလား။ ဇာတ်လမ်း၊ ဇာတ်ညွှန်းလည်း ပြောပြပေးပါလား။**

ဟုတ်ကဲ့။ စဉ်းစားထားပြီးပါပြီ။ ဇာတ်ညွှန်းက မင်းခိုက်စိုးစန်နဲ့ ထက်မြက်နိုင်ဇင် ပေါ့နော်။ ရိုက်ကွင်း ဇာတ်ညွှန်းကတော့ ပြီးမှပဲ Seven Days ကို နည်းနည်းလုပ်ခိုင်းရမယ်။ ကျွန်တော်တို့နိုင်ငံရဲ့ အလှအပတွေကိုပြချင်တာ။ ထားဝယ်ကိုလည်း သွားရိုက်ထားပြီးပြီ။ အမျိုးသမီးက ထားဝယ်သူလေ။ **ဟာတ်ထိတယ်** ဇာတ်ကား ဖူးခက်မှာ သွားရိုက်တော့ အတော်တော့ ကြာပြီ။ အမျိုးသမီးက သူတို့ဆီမှာလည်း ဒီရှုခင်း မျိုးတွေ ရှိတယ်တဲ့။ အဲဒါနဲ့ စည်ဖြိုးတို့ကုမ္ပဏီက ထုတ်တဲ့ကားမှာ ထည့်သုံးလိုက်တာ တစ်ကားလုံး နီးပါးပဲ။ ရေး၊ မြိတ်၊ ထားဝယ်အလှနဲ့ ဇာတ်လမ်း





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ရိုက်ထားပြီးပြီ။ ပရိသတ်ကြည့်ရမှာပါ။

**လှိုင်ကော်မှာ ရိုက်မယ့် ရုပ်ရှင်ကားနာမည်လေးက…။**

ချည် တဲ့။

**အဲဒီအဓိပ္ပာယ်က…။**

ကြိုးချည်တဲ့ ချည်။ သူ့ရဲ့ Culture လေ။ ကျွန်တော်တို့ ကယားလူမျိုးတွေက အိမ်ထောင်ပြုတော့မယ်ဆိုရင် နှစ်ဖက်မိဘ လူကြီးတွေ ဆုံတွေ့မယ်။ အဲဒီမှာ နတ်ဆရာက နတ်ဆရာဆိုတဲ့ စကားလုံး အသုံးအနှုန်းတော့ မှားချင်မှားနိုင်တာပေါ့နော်။ အဲဒီ နတ်ဆရာက တွက်ချက်ပြီး OK မင်းတို့ ယူလို့ရပြီ ဆိုပြီး လက်မှာ ကြိုးချည်ပေးလိုက်တယ်။ အဲဒီရိုးရာလေးတွေ ထည့်ရိုက်မယ်။

**ဒါလည်း ဦးညီရဲ့ Master Piece တစ်ခု ဖြစ်လာနိုင်လား။**

ကြိုးစားရမှာပေါ့။ ကျွန်တော်ကြိုးစားမယ်။

**'ကျွန်' တို့၊ 'တစ်ခုလပ်' တို့ စသဖြင့် ဒါတွေက လူတန်းစားတစ်ခုကို ကိုယ်စားပြုတယ်လို့ ပြောလို့ရတယ်။ ဘောင်ရှိတဲ့သဘောဆိုတော့ အဲဒီလိုကားမျိုးဆို ဦးညီ ဖန်တီးတဲ့ပုံစံက…။**

ကျွန်တော်တို့ရိုက်တဲ့နေရာမှာ ဟာသကားလည်း ရိုက်ရပါတယ်။ အချစ်ကားလည်း ရိုက်ရပါတယ်။ ဒါပေမဲ့ အသက်အရွယ်ရလာတော့ ကျွန်တော်တို့ ကားကြည့်ပြီးတဲ့အချိန်မှာ မက်ဆေ့ချ်ပါတဲ့ ဟာမျိုးလေး ရိုက်ချင်လာတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ သဘာဝ၊ မိဘတွေ၊ ဘိုးဘွားတွေပေးခဲ့တဲ့အမွေတွေ ယဉ်ကျေးမှုတွေကို ဓာတ်လမ်းနဲ့ ပေါင်းပြီး ရုပ်ရှင်ထဲမှာ ချပြချင်လာတဲ့စိတ်တွေ ရင်ထဲမှာ ဖြစ်လာတယ်။ ခုနမေးတဲ့ မေးခွန်းအရ ဒီလိုကားတွေ ရိုက်ဖို့ ကျွန်တော်တို့ဘက်ကလည်း Safe Side ယူရမယ်လေ။ ကျွန်တော်တို့ဘက်က ဖန်တီးချင်တဲ့အရာကိုပေါ့။ ကျွန်တော် **လရောင်ဖြာတဲ့ အင်းလေးမှာ** ရိုက်တုန်းကလည်း အင်းလေးရဲ့ Traditional တွေအကုန်ပါအောင် ထည့်ရိုက်ထားတယ်။ ကျွန်တော်ကြိုက်တယ်လေ။ အင်းလေးတို့၊ ဖောင်တော်ဦးတို့၊ ဘုရားတို့ အကုန် ပြည့်ပြည့်စုံစုံပါအောင် ကျွန်တော် ရိုက်ထားတယ်။ နောက်ရိုက်မယ့် ကားလေးကိုလည်း အဲဒီလိုပါအောင် ရိုက်ချင်နေတယ်။ အခု စီစဉ်နေတာပေါ့။

**အဲဒီလို သဘာဝတရားတွေပါအောင် တင်ပြရိုက်ကူးတဲ့နေရာမှာလည်း Documentary လည်း မဖြစ်သွားရအောင် ဦးညီ ဘယ်လို စိတ်ကူး၊ ရိုက်ကူးရလဲ။**

ဟုတ်တယ်၊ Documentary လည်း ဖြစ်သွားတတ်တယ်။ ဖြစ်မှာ စိုးရိမ်ရတယ်လေ။ ဒါပေမဲ့ ကျွန်တော်ကလည်း လေ့လာရင်းနဲ့ **ကျွန်** ရိုက်တုန်းကလည်း ဘုရားတွေ အကုန်ထည့်ရိုက်တယ်။ Culture လေးတွေ ထည့်တယ်။ အဲဒီမှာလည်း Documentary လို့ အပြောမခံခဲ့ရဘူး။ **လရောင်ဖြာတဲ့ အင်းလေးမှာ** လည်း အဲလိုပဲလေ။ ဓာတ်လမ်းနဲ့ Culture က အံဝင်ခွင်ကျပေါ့။ ရုံတင်နေတဲ့ ငဒူ ဆိုလည်း အဲဒီလိုပဲ။ အဲဒီကားပြနေတုန်း ရွှေသောင်ယံက အုပ်ချုပ်ရေးမှူးက ကျွန်တော့်ဆီ ဖုန်းဆက်တယ်။ ဆရာတဲ့၊ ကျေးဇူးတင်လို့တဲ့။ သူတို့ ရွှေသောင်ယံကို လှအောင် ရိုက်ပေးလို့တဲ့။ ကျွန်တော် ကျေနပ်တယ်လေ။

**ဦးညီက အနုပညာသက်တမ်း၊ အတွေ့အကြုံရင့်ကျက်သူဖြစ်ပြီ။ ခုနောက်ပိုင်း ရိုက်တဲ့ကားတိုင်း ပရိသတ်ဆီ အကုန်ရောက်နေတယ်။ အသံတွေ အကုန်ပြန်ကြားရတယ်။ ဘာကြောင့်လို့ ခံစားမိလဲ။**

တကယ်က ကားတိုင်းတော့ ကျွန်တော် ကောင်းအောင် မဖန်တီးနိုင်ပါဘူး။ ကားကောင်းမယ်၊ ပရိသတ် မကြိုက်။ ကားမကောင်း ပရိသတ်အကြိုက်တွေ စသဖြင့်ပေါ့။ ခုထိ သင်ယူနေတုန်းကိုး။ ဘာလဲဆိုတော့ ကျွန်တော့်ရဲ့ကံလည်း ပါတာပေါ့နော်။ ကျွန်တော် ရုပ်ရှင် ရိုက်တဲ့အခါကျရင် ကျွန်တော့်ကို ရိုက်ခွင့်ပြုတဲ့ ထုတ်လုပ်ရေးပိုင်းတွေက ဘယ်တော့မှ ကျွန်တော့်ကိုလေ ပိုက်ဆံ ဘယ်လောက်ကုန်နေပြီတို့၊ ဘယ်လောက်ပဲ ကုန်အောင် ရိုက်ပါတို့ တစ်ခါမှ ကျွန်တော် အပြောမခံရဖူးဘူး။ ကျွန်တော့် ကုသိုလ်ကံကောင်းတာက **ကျွန်** ရိုက်တုန်းကဆို ဂျူတီ ၄၀ လောက်၊ အဲဒါက နှစ်ကားလောက် ရိုက်လို့ရတာလေ။ ကျွန်တော်ဆို ပရိဂျူဆာကို မျက်နှာတွေ ပူတာလေ။ သူတို့က ဘာမှမဖြစ်ဘူး။ ကျွန်တော်က ပတ်ပြေးနေတာလေ။ သူတို့က ညကျရင် ရိုက်ထားတာတွေ ကြည့်ပြီး ကျေနပ်နေကြတယ်။ ထုတ်လုပ်သူတိုင်းကလည်း စေတနာထားရမယ်။ ကျွန်တော်တို့ကလည်း တတ်ထားသလောက်နဲ့ကြည့်တဲ့ ပရိသတ် နှစ်နာရီလောက် လာအပန်းဖြေတဲ့အချိန်မှာ မက်ဆေ့ချ်တစ်ခု ရသွားစေချင်တဲ့စိတ်၊ ကျွန်တော့် စေတနာက အဲဒီလို။

**ဦးညီက အသက်အရွယ်အရ ဒီလိုကားတွေ ရိုက်သလိုပြီးခဲ့တဲ့လက ရိုက်တဲ့ 'ချည့်သည်' ဓာတ်ကားကျတော့ လူငယ်အချစ်နော်။ ခုခေတ်လူငယ်တွေရဲ့အချစ်ကို ပုံဖော်ရတာ ဦးညီအတွက် ခက်ခဲတာ ဘာရှိမလဲ။**

အခက်အခဲ မရှိပါဘူး။ ကျွန်တော်က ခုထိ ညပြန်လာပြီဆို ကားထဲမှာ တစ်ယောက်တည်း သီချင်းဆိုတယ်။ ရေချိုးခန်းထဲမှာ သီချင်းဆိုတယ်။ တပည့်တွေ၊ သူငယ်ချင်းတွေနဲ့ KTV သွားတယ်။ လူငယ်အချစ်တွေ မီပါတယ်။အသက်ကြီးပေမဲ့ စိတ်ကငယ်နေတုန်းပဲ။ အိမ်က အမျိုးသမီးဆို အမြဲပြောတယ်။ မင်း အသက်ကြီးနေပြီတဲ့။

ဒါရိုက်တာ ညွန့်မြင့်မာ ညီညီအောင်က **ချည်** ရုပ်ရှင်ကားကြီးကို ဩဂုတ်လက စပြီး ကယားနဲ့ လွိုင်ကော်မှာ သွားရောက်ရိုက်ကူးမှာဖြစ်ပြီး နေတိုး၊ သက်မွန်မြင့်၊ ရွှေသမီးတို့ကို ရွေးချယ်ထားတယ်လို့ သိရပါတယ်။

■ **မန်းသ…**

**One Minute Interview**



www.burmeseclassic.com

www.burmeseclassic.com

# ကြည်အေးရဲ့ ဏကြီးရဲ့ ပိုင်ဖြိုးသုရဲ့ မီ

**ဝင်းငြိမ်း**

ဗစ်တိုးရီးယားရုပ်ရှင် ထုတ်လုပ်ရေးအတွက် စာရေးဆရာမကြီး ကြည်အေးရဲ့ဝတ္ထုကို ဒါရိုက်တာ ဏကြီး ကပဲ ဇာတ်ညွှန်းရေးဖွဲ့ကာ ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးခဲ့ရာ နေတိုး၊ ပိုင်ဖြိုးသု၊ မင်းဦး၊ ရဲအောင်၊ သားညီ၊ အောင်ရဲထိုက် အစရှိတဲ့ သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ခဲ့ကြပါတယ်။ ဆရာမကြီး ကြည်အေး မြန်မာနိုင်ငံမှာနေထိုင်ပြီး ဝတ္ထုရှည်၊ ဝတ္ထုတိုများ ရေးသားနေစဉ်ကာလက မီ ဝတ္ထုမှာ နာမည်ကြီးခဲ့တဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်ပါတယ်။ မီ မှာ အဓိကဇာတ်ကောင်က မီ ပါပဲ။ ယောက်ျားတွေအကြောင်းကို ထုံးလိုခြေ၊ ရေလိုမွှေနှောက် နိုင်တဲ့ အရည်အချင်းရှိသူ ဖြစ်ပါတယ်။ မောင်ကိုလေးဆိုတဲ့ လူငယ်တစ်ယောက် မီကို ချစ်မိရာက အစွဲအလမ်းကြီး စွဲလမ်းပြီး စိတ်လေသွားခဲ့ပါတယ်။ အစ်ကိုတစ်ယောက်လို ချစ်ခင်တဲ့ သော်ဆွေရှိရာ ကသာမြို့က သစ်ထုတ်ရေးစခန်းအထိ ရောက်ရှိသွားပြီး မီ့အကြောင်းများကို ရင်ဖွင့်ခဲ့ပါတယ်။ မီက မောင်ကိုလေးကို ချစ်လည်းမချစ်သလို၊ မုန်းလည်းမမုန်းပါဘူးလို့ ပြောခဲ့ကြောင်း မောင်ကိုလေးက





www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

ရင်ဖွင့်ပါတယ်။ မောင်ကို လေးဇာတ်ရုပ်နေရာမှာ သရုပ်ဆောင်သစ်တစ်ဦးဖြစ်တဲ့ အောင်ရဲထိုက်ကို နေရာချထားပြီး ပွဲထုတ်ထားပါတယ်။ မီကို စွဲလမ်းမိတဲ့စိတ်နဲ့ နောက်ဆုံးမှာ သူ့ကိုယ်သူ သတ်သေသွားတာကြောင့် သူ့ကိုလက်ခံထားမိတဲ့ သော်ဆွေလည်း အလုပ်ပြုတ်ခဲ့ရပါတယ်။ ဒါက သော်ဆွေ့ဘဝမှာ မီကြောင့် ပထမဆုံး ကြုံတွေ့ရတဲ့ ဒုက္ခပါပဲ။

ဆရာမ ကြည်အေးရဲ့ မီကို ရုပ်ရှင်သမားတော်တော်များများက ရုပ်ရှင်အဖြစ် ဖန်တီးလိုကြပါတယ်။ ဒါပေမဲ့ ဆရာမက ခေတ်ကာလကို အပြောင်းအလဲမလုပ်ရဘူးဆိုတဲ့ ကန့်သတ်ချက်ကြောင့် ရှေ့က ရုပ်ရှင်ပညာရှင်များ လက်လျှော့ခဲ့ကြပါတယ်။

အခု လူငယ်ဒါရိုက်တာ ဏကြီးကတော့ ဆရာမရေးခဲ့တဲ့ခေတ်အတိုင်း အစစအရာရာကို ဖန်တီးရိုက်ကူးခဲ့ပါတယ်။ အဲဒီခေတ်ကာလက အောက်ခြေအလုပ်သမားများနေရာမှာ အိန္ဒိယနိုင်ငံသားများ အလုပ်လုပ်ကြပုံ၊ လန်ချားဆွဲကြပုံ၊ ဇာတ်ဝင်ခန်းများရဲ့ အပြင်အဆင် စသည်တို့ကို မလွတ်တမ်း ဖန်တီးနိုင်ခဲ့ပါတယ်။ မီ ကိုကြည့်နေရာမှာ နိုင်ငံခြားရုပ်ရှင်ကားများရဲ့ Classic ကားတစ်ကားကို



www.burmeseclassic.com

www.burmeseclassic.com








ကြည့်နေရသလို ခံစားရတဲ့အထိ ပြောင်မြောက်စွာ ဖန်တီးနိုင်ခဲ့ပါတယ်။ အဓိကဇာတ်ရုပ်ဖြစ်တဲ့ မီနေရာမှာ ပိုင်ဖြိုးသုကလည်း အံဝင်ခွင်ကျဖြစ်အောင် သရုပ်ဆောင်ထားပါတယ်။ မီ ဟာ ယောကျ်ားတွေကို ထုံးလိုခြေ၊ ရေလိုနှောက်နိုင်စွမ်းရှိတာက သူ့ဘဝအတွေ့အကြုံကြောင့် ဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက မိဘမဲ့ကလေးတစ်ယောက်အဖြစ် ခရစ်ယာန်သီလရှင်ကျောင်းတစ်ကျောင်းမှာ ကြီးပြင်းခဲ့ရတဲ့ မီ။ ဘဝအတွေ့အကြုံကြောင့် ဒီလူနဲ့တွေ့ရင် ဘယ်လိုဆက်ဆံရမယ်၊ ဟိုလူနဲ့တွေ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဆက်ဆံရမယ် စတဲ့ လူမှုဗေဒကို မီ ကောင်းကောင်းကျွမ်းကျင်ပါတယ်။ ဒါကြောင့် မီ့အပါးမှာ ခစားနေကြတဲ့ သူဌေးတွေရှိသလို အရာရှိတွေလည်း အများကြီးပါပဲ။ မီ့အကြောင်း ဘာမှမသိဘဲ ရန်ကုန်မြို့ကို ရောက်လာတဲ့ သော်ဆွေက မီ့ကို ဟိုတယ်တွေမှာ ရှာလိုက်တော့ မီ့ကို အလွယ်တကူပဲ တွေ့ပါတယ်။ မီဟာ အထက်တန်းလွှာမှာ ရေပန်းစားသူတစ်ယောက်ကိုး။


မီ့ရဲ့ကွန်ရက်ထဲမှာ သော်ဆွေလည်း မိခဲ့ပါတယ်။ မီ့ကို သော်ဆွေက တကယ်ချစ်မိခဲ့ပြီး မီကတော့ သူကြုံတွေ့ခဲ့ဖူးတဲ့ ယောကျ်ားများလို ခပ်ပေါ့ပေါ့သာ ဆက်ဆံခဲ့ပါတယ်။ ဘယ်လောက်ပဲ စိတ်ပျက်အောင်လုပ်လုပ် သော်ဆွေကတော့ မီ့ကို စိတ်မပျက်ပါဘူး။ လောကကြီးကို မေ့ထားချင်တဲ့ မီက စီးကရက်ကို အဆက်မပြတ်သောက် သလို အရက်ကိုလည်း မမှုးတမ်းသောက်နိုင်သူ ဖြစ်ပါတယ်။ အဲဒီလို စရိုက်တွေနဲ့ ဇာတ်အိမ်ဖွဲ့ထားတဲ့ **မီ** မှာ နေတိုး၊ ပိုင်ဖြိုးသုတို့ရဲ့ သရုပ်ဆောင်ချက်များက ရင်သပ်ရှုမောဖြစ်ရပါတယ်။ ဒါရိုက်တာ ဇာကြီးရဲ့ အသေးစိတ် ဂရုစိုက် တတ်မှုများက **မီ** ရုပ်ရှင် ကားကို ကြွတက်လာ စေပါတယ်။ ရုပ်ရှင်ကား ကောင်းကောင်းတစ်ခုကို ကြည့်ရှုခံစားလိုတဲ့ ပရိသတ်များအတွက် **မီ** ဟာ ကားကောင်း တစ်ကားအဖြစ်ပေါ် ထွက်လာပါလိမ့်မယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာ ရုံတင်ပြသနိုင်ဖို့ ကြိုးစားကြမှာပါ။ သေချာပေါက်ပြောရဲတာ တစ်ခုကတော့ ဟာသကားကြိုက်သူများ လုံးဝ နှစ်ခြိုက်မှာ မဟုတ်ပါဘူး။

■ **ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com




# ငွေ ရဲ့ မွန်မြတ်တဲ့ အလှူ

လင်းနိုင်ဦး

ဒါရိုက်တာ ညွန့်မြန်မာ ညီညီအောင်က အောင်တိုင်းကျော် ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ငွေ လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ကားကို ၂၀၁၇ ခုနှစ်က ရိုက်ကူး ပေးခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့က စတင်လို့ မြန်မာ တစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုံကြီးများမှာ ရုံတင်ပြသ ပေးနေပြီဖြစ်ပါတယ်။

ပထမဦးဆုံး ရုံတင်ပြသတဲ့ ဇူလိုင်လ ၆ ရက်နေ့ မနက်မှာပဲ စာနယ်ဇင်း အထူးပွဲ ပြသပေးခဲ့ပြီး အထူးပွဲ မပြသ,မီ ပဲခူးရိုးမတောင်ပေါ် ၁၂ မိုင် ပရဟိတကျောင်းမှ ကလေးငယ်များကို ဖိတ်ကြားပြီး နံနက်စာ ဒံပေါက် ဧည့်ခံ ကျွေးမွေးကာ ငွေကျပ် သိန်းနှစ်ဆယ်လှူဒါန်း ပေးခဲ့ပါတယ်။


ငွေ ရုပ်ရှင်ကားကို ထုတ်လုပ် ရိုက်ကူးတဲ့ အောင်တိုင်းကျော် ရုပ်ရှင် ထုတ်လုပ်ရေးက





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ပြင်ဦးလွင်မှာ ရှိတဲ့ ပရဟိတကျောင်းတစ်ကျောင်းကိုလည်း လှူဒါန်းခဲ့ပါသေးတယ်။ တတိယအကြိမ်မြောက်အဖြစ် လိုအပ်နေတဲ့ ပရဟိတကျောင်းတွေမှာ လိုက်လံလှူဒါန်းပေးနေတဲ့ ခိုင်နှင်းဝေပရဟိတအဖွဲ့ကို ငွေကျပ်သိန်း သုံးဆယ်ထပ်မံ လှူဒါန်းပေးပါတယ်။

ခိုင်နှင်းဝေပရဟိတအဖွဲ့က လှည်းကူးဘက်မှာ ရှိတဲ့ မေတ္တာမွန်ပရဟာတိတကျောင်းမှ ကလေးများအတွက် အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးနဲ့အတူ သွားရောက်ပြီး လှူဒါန်းပေးထားတဲ့ ငွေကျပ်သိန်းသုံးဆယ်ထဲကကျပ်ဆယ်သိန်းကို မေတ္တာမွန်ပရဟိတအတွက် လှူဒါန်းပေးခဲ့ပါတယ်။ အဲဒီအလှူမှာ အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေးကလည်း ပရဟိတကျောင်းမှ ကလေးများကို နေ့လယ်စာ ဒံပေါက်များ ကျွေးမွေးခဲ့ပါတယ်။

အဲဒီအလှူမှာ ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က "ဒီကားမှာတော့ ငဒူကာရိုက်တာကိုလုပ်ရတဲ့ မြင့်မြတ်နေရာကို ထုတ်လုပ်သူက ပြကတည်းက ဒီဇာတ်ကို စိတ်ဝင်စားတယ်။ ဒီကားမှာ ဟာသလေးလည်း ပါတယ်။ ဒရာမာလည်း ပါတယ်။ ကျွန်တော်ကိုယ်တိုင်က ဒရာမာကို နှစ်သက်တဲ့လူတစ်ယောက်ဆိုတော့ သဘောကျပြီး ရိုက်ဖြစ်တယ်။ ဒီကားကို သွားရိုက်တော့ ထူးဆန်းတာက ဒီထဲမှာပါတဲ့ မိဘမဲ့ကလေးတွေ၊ ရှာသူရှာသားတွေဆိုတာက ရန်ကုန်က ခေါ်သွားတဲ့သူတွေမဟုတ်ဘူး။ ဒေသခံတွေပါ။ နောက်ဆုံးမှာ ငိုရမယ့်အခန်းလေးလည်းပါတယ်။

"သူတို့နေတဲ့ကျောင်းမီးလောင်တဲ့အခန်းပါတော့ မရိုက်ခင် ညနေလောက်ကတည်းက ကလေးတွေကို ကျွန်တော်က မင်းတို့ ငိုရမယ်။ မငိုရင် ဗိုက်ဖောက်မယ်ဆိုပြီး ခြိမ်းခြောက်သလိုနဲ့ သူတို့ဆီက ချူယူရတာပေါ့။ ကျွန်တော်က ကလေးချစ်တတ်တာလည်းပါတော့ ခြိမ်းခြောက်သလိုနဲ့ တကယ်တော့ စ,တာပါ။ အဲဒါကြောင့်လည်းကလေးတွေက ကောက်သွားလားမသိဘူး၊ ကျွန်တော်နည်းနည်းပြောပြပြီး ရိုက်လိုက်တာနဲ့ ငိုတာမှ မျက်ရည်ကို ပေါက်ပေါက် ကျတယ်။ တိတ်ကို မတိတ်နိုင်တော့ဘူး။ ရိုက်လို့ပြီးသွားပေမဲ့ ငိုတာ





www.burmeseclassic.com

www.burmeseclassic.com

မရပ်လို့ ပြန်ချော့ရတယ်။

'ဘယ်လောက်အထိ ငိုသလဲဆိုရင် သူတို့ အိမ်ပြန်ရောက်တဲ့အထိ ငိုနေကြတုန်းပဲ။ အဲဒါကို သူတို့မိဘတွေက ကျွန်တော့်ကို နောက်နေ့မှာ ဟိုတယ်အထိလိုက်လာပြီး ပြောပြကြတယ်။ ဒီကားမှာ မြင့်မြတ်က မိဘမဲ့ပြီးကြီးပြင်းလာတယ်၊ ဘကြီးအိမ်မှာ နေရတယ်။ ဘုန်းကြီးကျောင်းမှာ ဝေယျာဝစ္စလုပ်ပေးတယ်။ သူ့ရဲ့စိတ်ကူးက ဘုန်းကြီးကျောင်းမှာနေတဲ့ မိဘမဲ့ကလေးတွေအတွက် ဂေဟာလေးတစ်ခုဆောက်ပေးချင်တယ်။ ဒါကြောင့် ရွာထဲမှာ အလုပ်လုပ်ပြီး ဝါးစုဘူးနဲ့ စုတယ်။ မြင့်မြတ်ရဲ့ ကာရိုက်တာက ဦးနှောက်သေးပေမဲ့ နှလုံးသားကြီးပြီး ဖြူစင်တဲ့သူပါ။ အခု ဒီကားရုံတင်တော့ အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေးက ပရဟိတဂေဟာတွေနဲ့ကလေးငယ်များကို လှူဒါန်းပေးတာတွေ လုပ်ပေးတော့ အလွန်ပဲဝမ်းသာရပါတယ်'လို့ ပြောပြခဲ့ပါတယ်။

စတုတ္ထအကြိမ်မြောက်အလှူကိုတော့ ဇူလိုင်လ ၉ ရက်နေ့ မနက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၃ ရပ်ကွက် အောင်သိဒ္ဓိလမ်းမှာ ရှိတဲ့ ကုမာရာရာမကျောင်း ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေးက ထပ်မံလှူဒါန်းပေးတဲ့အခါ မြင့်မြတ်ကိုယ်တိုင်လိုက်ပါပြီး အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးက ငွေကျပ်သိန်းသုံးဆယ်၊ ကလေးများအတွက် တစ်နေ့တာကျွေးမွေးစရိတ် ငွေကျပ်သုံးသိန်းခွဲနဲ့ မြင့်မြတ်က ငွေကျပ်ငါးသိန်း ထည့်ဝင်လှူဒါန်းခဲ့ပါတယ်။

ငဒူ ရုပ်ရှင်ဇာတ်ကားအတွက် လှူဒါန်းပေးတဲ့ အလှူတွေနဲ့ပတ်သက်ပြီး မြင့်မြတ်က 'ဒီကားကို ပရိသတ် တော်တော်များများက ဟာသကားလို့ပဲ ထင်ကြတယ်။ ဒရာမာတွေနဲ့ချိုးထားတော့ သူတို့ ရယ်လည်း ရယ်ရ၊ ငိုလည်း ငိုကြရတယ်လို့ ပြောကြပါတယ်။ ဒီကားရဲ့ ဇာတ်လမ်းက အရမ်းကောင်းတယ်။ ချစ်စရာ၊ သနားစရာနဲ့ ပြီးတော့ ဒရာမာနဲ့ သိမ်းထားတာပေါ့။ ဒါရိုက်တာ ဦးညီအောင်ကလည်း သူလိုချင်တဲ့ပုံစံသေသေချာချာလေး ပြောပြတယ်။ ပါဝင်တဲ့ သရုပ်ဆောင်တွေကလည်း တက်ညီလက်ညီ ကြိုးစားထားကြလို့ ပရိသတ်အကြိုက်တွေ့ကြတာပါ။

'ဒီကားရိုက်တုန်းက ဒါရိုက်တာကိုယ်တိုင် ကျွန်တော်တို့ သရုပ်ဆောင်တာတွေကို တခွီခွီနဲ့ ခိုးရယ်နေတာ တွေ့ရတယ်။ ဒါရိုက်တာက လုပ်ရမယ့်ပုံစံတွေကအစ အသေးစိတ်ကို ပြောပြတယ်။ သားရေ ဦး ဘယ်လိုလေးလိုချင်တယ်၊ ဒီလိုလေးလုပ်ပေးပါဆိုတဲ့အပေါ်မှာ ကျွန်တော် အကောင်းဆုံးလုပ်ပေးခဲ့တာပါ'လို့ ပြောပြခဲ့ပါတယ်။

'ဒီကားကို ပရိသတ်ကြိုက်ကြသလို အလှူတွေလည်း ဆက်တိုက်လှူပေးတော့ ငဒူနေရာက ပါဝင်သရုပ်ဆောင်ပေးခဲ့ရတဲ့ ကျွန်တော့်အတွက်ကတော့ အတိုင်းထက်အလွန် ဝမ်းသာရပါတယ်။ ကြိုးစားရကျိုးလည်းနပ်တာပေါ့'လို့ မြင့်မြတ်က ဆိုပါတယ်။ ■

**လင်းနိုင်ဦး**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ ကျင်းပရာ၌ ရွှေစင်ဆုရ ပုဂ္ဂိုလ်များကို ဆုချီးမြှင့်နိုင်ဖို့ ရွှေစင်ရုပ်ကို ဗန်းပေါ်တင်ပြီး ဆုချီးမြှင့်မယ့် ပုဂ္ဂိုလ်အပါးမှာ ရပ်နေရတဲ့ ရွှေကြိုကလေးများကို နှစ်စဉ်နှစ်တိုင်းကဲ့သို့ ပြင်ပမှ ဝင်ရောက်ယှဉ်ပြိုင်လိုသူများကို ဖိတ်ခေါ်ခြင်းမပြုတော့ဘဲ အနုပညာရှင်များရဲ့ သားသမီး၊ မြေးများကိုသာ ရွေးချယ်ခဲ့ပါတယ်။ အဲဒီလိုရွေးချယ်တဲ့ နေရာမှာ အကယ်ဒမီ ဒေါ်ချိုပြုံးရဲ့မြေးဖြစ်သူ ဝင်းခန့်မိုးလည်း ပါဝင်လာခဲ့ပါတယ်။ အနုပညာလုပ်ငန်းများကို စတင်လှုပ်ရှားဖို့ စီစဉ်နေပြီဖြစ်တဲ့ ဝင်းခန့်မိုးနဲ့ တွေ့ဆုံခဲ့ပါတယ်။

**အကယ်ဒမီဆုပေးပွဲမှာ သားကို ဒေါ်ချိုပြုံးရဲ့မြေး အနေနဲ့ ရွေးချယ်ခဲ့ကြတယ်။ သားကိုယ်တိုင်ကရော အနုပညာအလုပ်မှာ စိတ်ဝင်စားမှု ရှိရဲ့လား။**

စိတ်ဝင်စားပါတယ်။ ကျွန်တော်က ငယ်ငယ်ကတည်းက သူများတွေလို ဆရာဝန်လုပ်မယ်၊ အင်ဂျင်နီယာလုပ်မယ်လို့ ဖြေလေ့မရှိဘဲ အနုပညာရှင်လုပ်မယ်လို့သာ ဖြေလေ့ဖြေထ,ရှိပါတယ်။

**တကယ်လုပ်မှာလား။**

တကယ်လုပ်မှာပါ။

**အသက်ဘယ်လောက်ရှိပြီလဲ။**




# အဘွားခြေရာ နင်းမယ့် ဝင်းခန့်မိုး

**ဝင်းကိုကို**

အခု ၁၇ နှစ်ရှိပါပြီ၊ လာမယ့် အောက်တိုဘာလမှာ ၁၈ နှစ်ပြည့်ပါမယ်။

**အဘွားက သားကို ဘာတွေ သင်ပေးထားပြီလဲ။**

သင်ပေးတာတော့ အစုံပါပဲ။ ဒါပေမဲ့ သရုပ်ဆောင်တဲ့ ပုံစံကိုတော့ အဘွားက သင်မပေးပါဘူး။ သူကိုယ်တိုင်လည်း ဘယ်သူမှသင်ပေးခဲ့တာမဟုတ်ဘဲ ကိုယ်လုပ်တတ်သလို လုပ်ခဲ့တာဖြစ်တဲ့အတွက် သားကိုလည်း ကိုယ့်ပုံစံနဲ့ ကိုယ်လုပ်ရမယ်လို့ ပြောထားပါတယ်။

**ဘယ်အနုပညာရှင်တွေကို အားကျသလဲ။**

သားက နိုင်ငံခြားက အနုပညာရှင်တွေကို အားကျတယ်။ ဥပမာ တွမ်ခရုစ်ကားတွေ ကြည့်တယ်။ ပြီးတော့ လီယိုနာဒိုဒီကာပရီယိုရဲ့ကားတွေ ကြည့်တယ်။ အရင်တုန်းကတော့ ရုပ်ရှင်အဖြစ်နဲ့ပဲ ကြည့်ခဲ့တာပါ။ အခုတော့ သူတို့ရဲ့ အိုက်တင်တွေကို သတိထားပြီး



www.burmeseclassic.com

www.burmeseclassic.com



လေ့လာကြည့်ပါ တယ်။

**အခု သားကို ကားစမ်း ရိုက်ကြည့်ဖူးပြီလား။**

တစ်ခါတုန်းကတော့ အဘွားက ကားရိုက်တဲ့ နေရာကို လိုက်လာ ခိုင်းတယ်။ ဆယ်တန်း စာမေးပွဲအပြီး ၆ လလောက်တုန်းကပါ။ ရှုတင်ကိုရောက်သွားတော့ ဝင်ပါ ခိုင်းတယ်။ ကျွန်တော် ဘာမှ ပြင်ဆင်ချိန်မရပါဘူး။ သုံး၊ လေးခန်းလောက် ပါလိုက်ရတယ်။ အဲဒီတစ်ခါပဲ ရိုက်ဖူးတယ်။

**အဲဒီတော့ သားကိုယ်တိုင် ဘယ်တော့လောက် စပြီး လှုပ်ရှားမယ်လို့ စဉ်းစားထားလဲ။**

ဘွားဘွားနဲ့ ဖေဖေတို့ ကတော့ အစီအစဉ်တစ်ခု ဆွဲနေပါတယ်။ မကြာမီ လှုပ်ရှားဖြစ်ပါလိမ့်မယ်။

**မကြာမီဆိုတာ ဘယ်တော့လောက်လဲ။**

၂၀၁၈ ခုနှစ်အတွင်းမှာ ဖြစ်ပါလိမ့်မယ်။

**အစီအစဉ် ရှိပြီးသားပေါ့။**

ဟုတ်ကဲ့ပါ။ ဒါရိုက်တာ ဘက်က Officially ထုတ်မပြောသေးတဲ့အတွက် သားမပြောချင်သေးလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ဒါဆို ၂၀၁၈ ဆိုတာတော့ သေချာတာပေါ့။**

ဟုတ်ကဲ့ပါ၊ ၂၀၁၈ ခုနှစ် အတွင်းမှာတော့ ကျွန်တော် စပြီး လှုပ်ရှားတော့မှာပါ။

**ကျောင်းတက်နေသေးလား။**

ဟုတ်ကဲ့၊ စာပေးစာယူနဲ့ ကျောင်းတက်ပါတယ်။ သမိုင်းအဓိကပါ။

**အဝေးသင်ဆိုတော့ အလုပ်လုပ်လို့ရတာပေါ့။**

ဟုတ်ပါတယ်။ ဒီအလုပ် လုပ်မယ်ဆိုရင် နေ့ကျောင်း တက်လို့ မရပါဘူး။

**သား အရပ် ဘယ်လောက်ရှိလဲ။**

၅ ပေ၊ ၉ လက်မပါ။

**ကိုယ်အလေးချိန်ကရော။**

ပေါင် ၁၆၀ ပါ။

**ကစားရော ကစားသလား။**

ဟုတ်ကဲ့၊ ကျွန်တော် Gym ကစားပါတယ်။

❑

မျိုးဆက်ဟောင်းတွေရဲ့ နေရာမှာ မျိုးဆက်သစ်တွေ ဝင်လာကြဖို့ တာစူနေကြပါပြီ။ မြန်မာ့ရုပ်ရှင်လောက အတွက် သွေးသစ်လောင်းမယ့်ကာလလို့ ဆိုရပါလိမ့်မယ်။ ဒါရိုက်တာ၊ ဓာတ်ပုံပညာရှင် အစရှိတဲ့ ပညာရှင်များမှာလည်း မျိုးဆက်သစ်တွေ နေရာယူလာကြပြီမို့ သရုပ်ဆောင်များ နေရာမှာလည်း မျိုးဆက်သစ်တွေဝင်လာ တော့မှာ မလွဲပါဘူး။ ပရိသတ်များကလည်း မျိုးဆက်သစ်များကို လိုလိုလားလား လက်ခံကြလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

**■ ဝင်းကိုကို**





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


ဒါရိုက်တာ ညီညီထွန်းလွင်နဲ့အတူ
တွေ့ရတဲ့ ဩရသတို့မိသားစု

# ဟာသမဟုတ်တဲ့ ဇာတ်မျိုးတွေကို ပိုပြီးအာရုံရှိလာတဲ့ ဩရသ

**လင်းနိုင်ဦး**

ဒါရိုက်တာ ဩရသက ဆရာဖြစ်တဲ့ ညီညီထွန်းလွင်နဲ့ ၁၀ နှစ်ကျော်ကြာ လက်တွဲဖြစ်ခဲ့ပြီး လက်ထောက် ဒါရိုက်တာဘဝကနေ ကိုယ်တိုင်ဒါရိုက်တာအဖြစ် ရိုက်ကူးလာပါတယ်။ သူရိုက်တဲ့ကားတွေ အောင်မြင်မှုရသလို ကိုယ်တိုင်ကလည်း ကြိုးစားအားထုတ်မှုကောင်းတာကြောင့် ပရိသတ်များ စိတ်ဝင်စားလာတဲ့ ဒါရိုက်တာ ဩရသရဲ့ အနုပညာလှုပ်ရှားမှုများကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ဩရသက ဘာဖြစ်လို့ ကားရိုက်တွေ ကျဲရတာလဲ။ ကျဲတာလား၊ ချဲတာလား။**

ပွင့်ပွင့်လင်းလင်းပြောရရင် ချဲလိုက်တာပါ။ ဒါကြောင့်လည်း ကျဲသွားတာပေါ့။ နောက်ပိုင်းမှာကျတော့ ကိုယ့်စိတ်ကြိုက်မဖြစ်တဲ့ ဇာတ်တွေ များလာတဲ့အခါ ကျတော့ ရိုက်ချင်စိတ် သိပ်မရှိဘူး။ ကိုယ်ကိုယ်တိုင် အရမ်းကြိုက်ပြီး အရမ်းရိုက်ချင်တဲ့ဇာတ်မျိုးက ကိုယ့်ကိုယ်ကိုလည်း ယုံကြည်မှုပိုစေတယ်။ ဖန်တီးရတဲ့အပေါ် ပိုပြီးအားရှိတယ်။ အဲဒီလို မဟုတ်ဘူးဆိုရင် တော်တော်များများ မရိုက်ဖြစ်ပါဘူး။

**ဩရသက ဟာသတွေ များစွာရိုက်ခဲ့တဲ့ ဦးညီ(ညီညီထွန်းလွင်)ရဲ့တပည့်ဖြစ်ပေမဲ့ ဟာသတွေ ဘာလို့သိပ်မရိုက်ဖြစ်တာလဲ။**

ဦးညီနဲ့ လက်တွဲလာတဲ့ ဆယ်စုနှစ်ကျော်ကျော်လောက်မှာ တောက်လျှောက်ဟာသတွေပဲ ဖန်တီးဖြစ်ခဲ့ကြတာပေါ့။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ရော၊ ကျွန်တော့်ရဲ့ ဇာတ်ရှိန်းအဖွဲ့အနေနဲ့ရော အားလုံးက ဘာဖြစ်လာသလဲဆိုတော့ ဟာသပေါ်

www.burmeseclassic.com

မှာ နည်းနည်းလေး ငြီးငွေ့လာတဲ့သဘော ဖြစ်လာပါတယ်။ ကျွန်တော်တို့က ဇာတ်လမ်းတွေကို ဆွေးနွေးလို့ရှိရင် ဥပမာ ဟာသဇာတ်တစ်ခုကို ဆွေးနွေးပြီး ကျွန်တော်တို့တည်လိုက်တဲ့အချိန်မှာ အနုပညာအဖွဲ့တွေကလည်း ဟာသထက် တခြားဇာတ်တွေဖြစ်တဲ့ ဒရာမာပဲဖြစ်ဖြစ်၊ ရိုးမန့်ပဲ ဖြစ်ဖြစ် ဟာသမဟုတ်တဲ့အရာတစ်ခုကို ပိုအာရုံစိုက်ပြီး တက်ကြွလာတာကို မြင်တွေ့ရတဲ့အတွက် အနုပညာအဖွဲ့သားတွေကိုယ်တိုင် ဟာသကို ငြီးငွေ့နေပြီလားလို့ စိတ်ထဲထင်မိတယ်။

အခုက ,ကတော့ ဟာသကို နည်းနည်းဟုန်သွားတယ်လို့ ပြောလို့ရပါတယ်။ အဲဒါကြောင့် တခြားဇာတ်တွေကို ပိုပြီး အာရုံစိုက်ဖြစ်သွားတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်ကိုယ်၌က ဟာသမဟုတ်တဲ့ ရိုးမန့်တို့၊ ရိုးမန့်ဒရာမာတို့၊ ဘဝသရုပ်ဖော်လို ဟာမျိုးတွေကို ပိုပြီးတော့ ရိုက်ရတာစိတ်အားထက်သန်လာတယ်။ ကိုယ့်ကိုယ်ကို ပြန်သုံးသပ်တော့ အဲဒီလို မြင်တွေ့လာရတယ်။

**ဩရသ ရိုက်ထားတဲ့ 'မုန်းစွဲ' ရုပ်ရှင်ဇာတ်ကားဆိုရင် မကြည့်ရသေးပေမဲ့ ကားဆက်ခန်းမှာကတည်းက ကြိုက်တယ်လို့ ပြောကြတယ်နော်။ ဒါ ဘာကြောင့်တုံး။**

ကျွန်တော့်ဆရာလည်း ဟာသပဲ ရိုက်ခဲ့တယ်။ ကျွန်တော်လည်း ရှေ့ပိုင်းမှာ ဟာသပဲရိုက်ခဲ့တော့ ထုတ်လုပ်သူ တော်တော်များများက ဟာသဇာတ်ကားပဲ အပ်ရမယ်ဆိုပြီး တော်တော်များများက မြင်လာကြတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ မသိစိတ်က ဟိုဘက်မှာ ပိုနေတယ်ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော်တောင်မှ မသိဘူး။ ကျွန်တော့်ကို စပြီး သတိပေးလိုက်တာက ကိုနေတိုးပါ။ ကျွန်တော် လုပ်တာကိုင်တာတွေကို ကြည့်ပြီးတော့ မင်းဒီဘက်မှာ ပိုအားသာတယ်ဆိုပြီးတော့ ကျွန်တော့်ကို မှတ်ချက်ပေးတယ်။ သူ့မှတ်ချက်က **တိမ်တိုက်တံတား** ပေါ့။

**တိမ်တိုက်တံတား** ကို ဗီယက်နမ်မင်းသမီးနဲ့ ရိုက်မယ်။ ရိုးမန့်ဒရာမာ ရိုက်မယ်ဆိုတဲ့အချိန်မှာ ပွင့်ပွင့်လင်းလင်းပြောရင် ကျွန်တော်ငြင်းခဲ့ဖူးတယ်။ ဒီလိုကားမျိုးဆိုရင် ကျွန်တော့်အတွက်လည်း တာဝန်ကြီးတယ်။ ဒါကြောင့် ဒီထက်နာမည်ကြီးတဲ့ ဒါရိုက်တာတွေနဲ့ ရိုက်ပါလား။ ကျွန်တော့်လိုင်းလည်း မဟုတ်ဘူး။ တော်တော်များများကလည်း ဒီလိုပဲ မြင်မှာပဲ။ မင်းလိုင်းမှ မဟုတ်တာလို့ ပြောမှာပါ။ ဒါပေမဲ့ မရဘူး။ ကိုဝေမင်းမောင်နဲ့ နေတိုးတို့က ယုံကြည်စွာနဲ့ အပ်တဲ့အခါမှာ ကျွန်တော်က **တိမ်တိုက်တံတား** ကို လက်ခံရိုက်ဖြစ်သွားတယ်။ ရိုက်ပြီးသွားတဲ့အခါ ပြန်ကြည့်ပြီး သူတို့ တော်တော်ကျေနပ်အားရသွားတဲ့အပေါ်မှာ ကျွန်တော်လည်း လုပ်ရကျိုးနပ်တာပေါ့။

အဲဒီအခါကျမှ ကိုယ့်ကိုယ်ကို ပြန်သုံးသပ်ကြည့်တဲ့အခါ ဟာသမဟုတ်တဲ့ တခြားဇာတ်တွေမှာ ပိုပြီး သက်ဝင်တာလားလို့ သုံးသပ်ပြီးတော့ ဟာသကို အကြာကြီးလုပ်လာတဲ့အပေါ်မှာ အမှန်အတိုင်းပြောရင် ငြီးငွေ့လာတယ်။ ဟာသမဟုတ်တဲ့ ဇာတ်တွေမှာတော့ ပိုပြီး စိတ်အားထက်သန်လာတယ်။

**သရုပ်ဆောင်တွေ ကိုယ်တိုင်ကလည်း ဟာသမဟုတ်တဲ့ဇာတ်တွေကို ရွေးလာသလို ပိုပြီး အားထည့်လုပ်လာကြတယ်။ အားရကျေနပ်မှုလည်း ရှိကြတယ်နော်။**

ကျွန်တော်တို့က လုပ်ချင်တာကို တကယ်လုပ်ဖြစ်ရင် ပိုပိုပြီးတော့ ကောင်းတယ်ဆိုတာ တကယ့်အဖြေပါပဲ။ တစ်ခါတလေကျတော့ ကိုယ်မရိုက်ချင်တဲ့ ဇာတ်မျိုး၊ ကိုယ်မလုပ်ချင်တဲ့ ကာရိုက်တာမျိုးကို အခြေအနေအကြောင်းကြောင်းကြောင့် ရိုက်ဖြစ်သွားတဲ့အတွက် အဲဒီအပေါ်မှာ ယုံကြည်အားထုတ်မှုနည်းပြီး မသိစိတ်က အလုပ်ပေါ်မှာ လျော့နည်းသွားတယ်။

ဒီအလုပ်ကို တကယ်လုပ်ချင်တယ်၊ တကယ်ဖီလင်လာတဲ့အတွက် စိတ်နှစ်ပြီး လုပ်တဲ့အခါကျတော့ ရလဒ်က လုံးဝကွဲပြားတယ်။ အဲဒါဟာ အဖြေပါပဲ။

**'မုန်းစွဲ' အပေါ် အားရကျေနပ်မှုဆိုရင် ဘယ်လိုပြောမလဲ။ တစ်လလောက် အချိန်ယူရိုက်ခဲ့တယ်နော်။ ဇာတ်လည်းဆန်းတယ်၊ ဘာသာရေးလည်း နွယ်တယ်နော်။**

ကျွန်တော်ကတော့ ကျွန်တော် ဖန်တီးနိုင်တဲ့အတိုင်းအတာမှာ အစွမ်းကုန်ကြိုးစားခဲ့တဲ့အတွက် ရာနှုန်းပြည့် ကျေနပ်ပါတယ်။ ဘယ်လောက်ပဲကျေနပ်ကျေနပ် ကျွန်တော့်ကားကို ပြန်ကြည့်လိုက်ရင် လိုအပ်ချက်တွေလည်း ရှိနေဦးမှာပဲ။ ဖန်တီးသူ ကျွန်တော့်တစ်ယောက်တည်းအနေနဲ့တော့ ရာနှုန်းပြည့် အားရကျေနပ်တယ်။

**တော်တော်လေး ပင်ပန်းခဲ့တယ်လို့လည်း ပြောတယ်နော်၊ ဘာကြောင့်လဲ။**

ဒီကားအတွက် ရိုက်ကူးရေးရက်ကို တစ်လတိတိ ရိုက်တယ်။ တစ်လတိတိကို Non-stop နားတဲ့ ရက်မရှိ။ တချို့ရက်ဆိုရင် နေ့ည၊ နေ့ည ရိုက်ရတဲ့အတွက် ကျွန်တော့်ဘဝမှာ အပင်ပန်းဆုံး ရိုက်ကူးရတဲ့ ဇာတ်ကားပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဇာတ်ကောင်စရိုက်တွေ ကိုင်ရတာလည်း ပင်ပန်းတယ်။ နေတိုးကို သာမန်ကြည့်လိုက်ရင် ဘုန်းကြီးဘဝ၊ လူ့ဘဝ နှစ်မျိုးပေါ့။ ဒါပေမဲ့ ဘုန်းကြီးဘဝမှာ နှစ်ကိုယ်ခွဲဆိုတော့ နေတိုးချည်းပဲ သုံးကိုယ်ခွဲလောက်ဖြစ်နေတယ်။ နှစ်ဘဝတွေဆိုတော့ တစ်ဘဝမှာ ကာရိုက်တာတစ်မျိုး၊ နောက်တစ်ဘဝမှာ ကာရိုက်တာတစ်မျိုးဆိုတော့ ဇာတ်ကောင်စရိုက် ကိုင်ရတာကိုက ကျွန်တော့်အတွက် တော်တော်လေး အလေးထားရတယ်။ ဒါကြောင့်လည်း ပင်ပန်းတယ်။

ပြီးတော့ ကလေးသရုပ်ဆောင် အမြွာညီအစ်ကိုနှစ်ယောက်ဆိုရင် တစ်ခါမှ ကားမရိုက်ဖူးတဲ့အသစ်လေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

ရိုက်ရတဲ့အခါကျတော့ ဇာတ်ကလည်း ရှေ့ပိုင်းမှာ သူတို့နဲ့ သယ်လာရမယ် ဆိုတဲ့အခါကျတော့ သူတို့ကိုလည်း တော်တော်အားစိုက်ရတယ်။ နောက်တစ်ချက်က ရုပ်ရှင်ကားတွေမှာ မြင်ဖူးနေကျ မဟုတ်တဲ့နေရာပေါ့။ ယောဘက်က ဂန့်ဂေါမှာ သွားရိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဇာတ်နဲ့လိုက်ဖက်လို့ပါပဲ။ ဒါကြောင့် ရွေးချယ်တာ။ ဝေးလည်းဝေးတယ်။ ရုပ်ရှင်တစ်ခါမှ မရိုက်ဖူးတဲ့နေရာမှာ သွားရိုက်တာဖြစ်တော့ ပရိသတ်များပြီး လူအုံတဲ့ ပြဿနာကို ကားစ,ရိုက်တဲ့နေ့ကနေ ပြီးတဲ့နေ့အထိ အစအဆုံး ရင်ဆိုင်ဖြေရှင်းရတယ်။ ဒါကြောင့် ရိုက်ကူးနေကျကားထက် ပိုပင်ပန်းတယ်။ ပြောတော့သာ ဘာသာရေးဇာတ်လို့ ပြောလို့ရပေမဲ့ ဇာတ်အိမ်က အများကြီး ကျယ်ပြန့်တယ်။ အက်ရှင်ခန်းတွေလည်း ပါတယ်။ ဟဲဗီးဒရာမာတွေလည်း ပါတယ်။ ဒါကြောင့်ပါ။

**နောက်ထပ် ဘယ်တော့ ကားဆက်ရိုက်ဖြစ်မှာလဲ။**

အောက်တိုဘာလမှာတော့ ရုပ်ရှင်ကားကြီးတစ်ကား ဒါရိုက်တာအဖြစ် ရိုက်ကူးပေးရမယ်။ ကားနာမည်ကိုတော့ သုံးမျိုးလောက်စဉ်းစားပြီး ရွေးချယ်နေတုန်းပဲ။ သရုပ်ဆောင်ကတော့ နေတိုးနဲ့ပဲ ရိုက်ဖြစ်မှာပါ။ အခြားသရုပ်ဆောင်တွေကိုတော့ ရွေးချယ်နေတုန်းပါပဲ-လို့ ပြောပြခဲ့ပါတယ်။

ဒါရိုက်တာ ဩရသ ရိုက်ကူးပေးထားတဲ့ **တိမ်တိုက်တံတား** ကိုတော့ အရင်ဆုံး ပရိသတ်ကြည့်ခွင့်ရတော့မှာဖြစ်တယ်လို့ သိရပါ တယ်။ ■

**လင်းနိုင်ဦး**






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







လူစွမ်းကောင်းရုပ်ရှင် ထုတ်လုပ်ရေးအတွက် ဓာတ်လမ်းနဲ့ ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) ရိုက်ကူးတဲ့ **ဗိုလ်နေတိုး** ရုပ်ရှင်ဓာတ်ကားကို မြည်းစမ်းခွင့်ရခဲ့ပါတယ်။ ဒီဓာတ်ကားမှာ အကယ်ဒမီ နေတိုး၊ အကယ်ဒမီ သက်မွန်မြင့်၊ အကယ်ဒမီ ပိုင်ဖြိုးသု၊ အကယ်ဒမီ မင်းဦးတို့ ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ တောတွင်း တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့မှာ ဒုတိယတန်းခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်နေတိုးက တိုက်ပွဲဝင်ရာမှာ ပြင်းထန်ရဲရင့်စွာ တိုက်ခိုက်တတ်တာကြောင့် သူ့ကို အာဠာဝက ဗိုလ်နေတိုးလို့ ကင်ပွန်းတပ်ထားကြပါတယ်။ ဗိုလ်နေတိုးက တိုင်းရင်းသားအရေးအတွက် တိုက်ပွဲဝင်နေတာဖြစ်ပေမဲ့ လက်နက်အားကိုးနဲ့ အနိုင်ကျင့်တာ၊ အာဏာပြတာ၊ အကြမ်းဖက်တာ၊ ကိုယ်ကျိုးရှာတာတွေကို ဆန့်ကျင်တဲ့သူ ဖြစ်ပါတယ်။ အဲဒါအပြင် ရန်ပုံငွေအတွက် မူးယစ်ဆေးဝါးလုပ်ငန်း လုပ်ကိုင်ခြင်းကိုလည်း ပြတ်ပြတ်သားသား ဆန့်ကျင်တတ်သူ ဖြစ်ပါတယ်။ သူ့နယ်မြေထဲမှာ မူးယစ်ဆေးဝါးလုပ်ငန်း လုပ်ကိုင်သူများကိုလည်း နှိမ်နှင်းတတ်ပါတယ်။ မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းတွေကို အကြီးအကျယ်လုပ်ကိုင်နေတဲ့ ဘိန်းဓားပြအဖွဲ့ရဲ့ ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဘခက်နဲ့ မကြာခဏ ထိပ်တိုက်တွေ့ကြပြီး သူ့ဘိန်းခင်း၊ ဘိန်းချက်စက်ရုံနဲ့ ဘိန်းမှောင်ခို စီးပွားရေးလုပ်ငန်းများ မကြာခဏ နှိမ်နှင်းတိုက်ခိုက်ခံရတဲ့အတွက် ဘခက်က ဗိုလ်နေတိုးကို အခဲမကျေနိုင်ဘဲ အငြိုးထားနေခဲ့ပါတယ်။

ဗိုလ်နေတိုးကို လုပ်ကြံနိုင်ဖို့ အကွက်ချောင်းနေတဲ့ ဘခက်က တိုင်းရင်းသား လက်နက်ကိုင် မဟာမိတ်အဖွဲ့များ အစည်းအဝေးသွားတက်တဲ့ ဗိုလ်နေတိုးရဲ့သတင်းကို တပ်မတော်သို့ ပေါက်ကြားအောင် ဖန်တီးလိုက်တဲ့အတွက် ဗိုလ်နေတိုးတို့အဖွဲ့ တပ်မတော်နဲ့ ထိတွေ့ တိုက်ပွဲဖြစ်ကာ ဗိုလ်နေတိုး ဒဏ်ရာရပြီး တပ်မတော်မှ လက်ရဖမ်းဆီးသွားခဲ့ပါတယ်။

ကောက်ကျစ်စဉ်းလဲတဲ့ ဘခက်က ဗိုလ်နေတိုးတို့ စခန်းကိုပါ ဝင်ရောက်တိုက်ခိုက်တာကြောင့် ကိုယ်ဝန်အရင့်အမာရှိနေ





www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဗိုလ်နေတိုးရဲ့ဇနီး နန်းကြာညို သေနတ်ဒဏ်ရာ ပြင်းထန်စွာ ရရှိသွားပါတယ်။ ဒါကြောင့် ဗိုလ်နေတိုးရဲ့ညီဖြစ်သူ ဗိုလ်ကျော်ခေါင်က နန်းကြာညိုကို ကာကွယ်ရင်း တွဲခေါ်ထွက်ပြေးစဉ်မှာ ဗိုလ်ကျော်ခေါင်လည်း ပြင်းထန်စွာ ဒဏ်ရာရရှိပြီး ချောင်းတစ်ခုထဲသို့ ကျသွားပါတယ်။

ဘခက်က နန်းကြာညိုကို အပြတ်လိုက်ရှင်းဖို့ တပည့်ဖြစ်သူ ယက္ခနဲ့ အထွန်းတို့ကို တာဝန်ပေးလိုက်ပါတယ်။


ဗိုလ်နေတိုးက နိုင်ငံတော် ပုန်ကန်မှုနဲ့ နှစ်ရှည်ထောင်ဒဏ်ကျခံပြီးတဲ့နောက် လွတ်မြောက်လာပါတယ်။ သူ့ကို ညီဖြစ်သူ ကျော်ခေါင်နဲ့ တပည့်များက လာကြိုကြပါတယ်။ ကျော်ခေါင်ကလည်း ကံကောင်းထောက်မစွာ အသက်မသေခဲ့သလို လက်နက်ကိုင်လမ်းစဉ်ကို မယုံကြည်တော့တာကြောင့် လက်နက်ချ





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အလင်းဝင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဗိုလ်နေတိုးက သူ့ဇနီး နန်းကြာညိုရဲ့ သတင်းကို တိတိကျကျ သိလိုတာကြောင့် ရန်ကုန်မှာ ရှိနေတဲ့ ဘခက်ရဲ့တပည့် အဂ္ဂထံ သွားစုံစမ်းကြပါတယ်။ အဂ္ဂက နယ်စပ်မြို့မှာနေတဲ့ ယက္ခ သိမယ်ထင်တယ်လို့ပြောတာကြောင့် ယက္ခထံ သွားစုံစမ်းကြပါတယ်။

ယက္ခက ဒဏ်ရာနဲ့ထွက်ပြေးသွားတဲ့ နန်းကြာညို နောက်ကို သူ့အဖွဲ့ထဲက ဘထွန်းဆိုသူကို လိုက်အရှင်းခိုင်းခဲ့ကြောင်း၊ ဘထွန်းက ဘိန်းရောင်းရငွေများကို ခိုးယူပြီး ခြေရာဖျောက်သွားကြောင်း ပြောပြတဲ့အတွက် ဗိုလ်နေတိုး စိတ်မောသွားပါတယ်။

တစ်ဖက်ကလည်း ဘခက်က ဗိုလ်နေတိုးကို ရှင်းနိုင်ဖို့အတွက်အကြိမ်ကြိမ် ကြိုးစားပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ နောက်ဆုံးမှာတော့ ဗိုလ်နေတိုး မသိနိုင်မယ့် မိန်းကလေး လူသတ်သမားတစ်ယောက်ကိုငှားရမ်းခဲ့ပါတယ်။ သူ့နာမည်က ရီတာပါ။

ဗိုလ်နေတိုးအဖြစ် နေတိုး၊ နန်းကြာညိုအဖြစ် သက်မွန်မြင့်၊ ရီတာအဖြစ် ပိုင်ဖြိုးသုတို့ ပါဝင်သရုပ်ဆောင်ထားကြရာမှာ တောတွင်းစွန့်စားခန်းများနဲ့ ပိုင်ဖြိုးသုရဲ့ သွက်သွက်လက်လက် သရုပ်ဆောင်မှုတွေကို ရှုစားကြရမှာ ဖြစ်ပါတယ်။ ဒါရိုက်တာစတီးလ်ရဲ့ထုံးစံအတိုင်း ရုပ်ရှင်ဓာတ်ပုံများမှာ ရင်သပ် ရှုမောလောက်အောင် ရှိတာကို တွေ့ကြရမှာပါ။

**ဗိုလ်နေတိုး** ဇာတ်ကားကို သက်ဆိုင်ရာဆင်ဆာအဖွဲ့သို့ တင်ပြပြီးဖြစ်တဲ့အတွက် ၂၀၁၈ ခုနှစ်အတွင်းမှာတော့ ပရိသတ်များ ရှုစားကြရလိမ့်မယ်လို့ မျှော်လင့်ကြောင်းပါ။ ■

**မိုးကျော်ထွန်း**





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com





တော်ဝင်မင်းသား ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ကိုပေါက်က လူလည်ကြီးများရွာ လို့ အမည်ပေးထားတဲ့ ရုပ်ရှင်ဇာတ်ကားကို ပျော်ဘွယ်မြို့ ဒီးကုန်းရွာမှာ သွားရောက်ရိုက်ကူးခဲ့ပါတယ်။

လူလည်ကြီးများရွာ က စာရေးဆရာ အကြည်တော်ရဲ့ ဝတ္ထုဖြစ်ပြီး ညီညီဘမောင် (သရုပ်ဆောင်ပြောင်ပြောင်)က ဇာတ်ညွှန်းရေးသားပေးထားတာ ခန့်စည်သူ၊ ပြေတီဦး၊ နိုင်သင်းကြည်၊ အိချောပို၊ ဒိန်းဒေါင်၊ ဒေလှ၊ ဇော်ဝင်းနိုင်(မန်း)၊ ပြောင်ပြောင်၊ အောင်နိုင်၊ ဆင်မ စတဲ့ သရုပ်ဆောင်များနဲ့ ရိုက်ကူးခဲ့ကြပါတယ်။

ကိုပေါက်ရဲ့ စီစဉ်ပေးမှုနဲ့ သူတို့ ရုပ်ရှင်ရိုက်ကူးနေတဲ့ ဒီးကုန်းရွာကို ရောက်သွားခဲ့ပါတယ်။ နေပြည်တော် အမြန်လမ်း ၂၆၂ မိုင်ကနေ ဝင်ပြီး နောက်ထပ် ၁၈ မိုင်လောက်သွားပြီးမှ ဒီးကုန်းရွာကို ရောက်တာပါ။ လူလည်

# ကိုပေါက်ရဲ့ လူလည်ကြီးများရွာ

လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com

**ကြီးများရွာ** ကို ရိုက်ကူးနေတဲ့ ရိုက်ကွင်းကို ရောက်သွားတဲ့ အချိန်မှာ လူတွေ အများကြီး တွေ့ရတဲ့အတွက် ဘယ်နား

ထို့အတူပဲ ကားထဲမှာ ကားရိုက်ဖို့ အဝတ်အစားလဲနေတဲ့ ပြေတီဦးဘေးမှာဆိုရင်လည်း ပရိသတ်တွေက ဝိုင်း

ဝိုင်းလည်နေပါတယ်။ ဒါကြောင့်လည်း ပြေတီဦးက သူ့ကိုတွေ့ချင်ကြတဲ့ ပရိသတ်များကို ကားအမိုး ပြတင်း

ပေါက်ကနေ ထွက်ပြီး လက်ပြနှုတ်ဆက်ပေးပါတယ်။ ဒါမျိုးတွေ တွေ့ကြုံနေကျဖြစ်လို့ ပြေတီဦးက သူ့ပရိသတ်များကို မွန်းလည်းတည့်နေပြီ၊ နေလည်းတော်တော်ပူနေပြီ။ အိမ်ပြန်ပြီး ထမင်းစား၊ ခဏနားပြီးမှ ပြန်လာကြပါ။ ပြီးရင် ကားရိုက်တော့မှာဖြစ်လို့ မင်းသား၊ မင်းသမီးအစုံတွေ့ရမှာပါ။ အခုတော့ ခဏအိမ်ပြန်လိုက်ဦးလို့ မေတ္တာရပ်ခံတဲ့အခါ တချို့လည်း ပြန်သွားကြပါတယ်။ တချို့ဆိုရင် မင်းသား၊ မင်းသမီးတွေကို တွေ့ချင်လို့ ဒီပြင်ရွာကနေ လာရောက်အားပေးတာဖြစ်တဲ့အတွက် မပြန်ကြဘဲ ထမင်းလည်း ကြုံသလို စား




www.burmeseclassic.com

မှာ ရိုက်နေတယ်ဆိုတာ မှန်းလို့ မရပါဘူး။ လာရောက်အားပေးတဲ့ ပရိသတ်တွေဆိုတာလည်း ဆိုင်ကယ်တွေ တန်းစီထိုးထားပြီး အုံခဲနေတာပါပဲ။ ဒါကြောင့် ရဲ၊ ရဲမေများကို အကူအညီတောင်းပြီး သရုပ်ဆောင်များကို ရိုက်ကွင်းနေရာ ခေါ်ဆောင်သွားပေးရပါတယ်။ ဘုန်းကြီးကျောင်းပေါ်မှာ ခန့်စည်သူ၊ ခိုင်သင်း ကြည်၊ အိချောပိုတို့ ရှိနေတဲ့ အတွက် အပြင်ဘက်မှာ တွေ့ချင်ကြလို့ စောင့်နေသူများ များလွန်းတာကြောင့် ဘုန်းကြီးကျောင်း တံခါး ပိတ်ထားရပြီး ရဲတွေက တံခါးဝမှာ တံခါးစောင့်လုပ်ပေးနေ ကြရပါတယ်။

www.burmeseclassic.com

လိုက်တာပဲ။ တချို့လည်း ထမင်းစားဖို့ သတိမရဘူးလို့လည်း ပြောကြပါတယ်။

ကျွန်တော်တို့ ရောက်နေတဲ့အချိန်မှာ ရိုက်ကူးနေတဲ့ ဇာတ်ဝင်ခန်းမှာတော့ ပြေတီဦး၊ ဗေလုဝ၊ ဇော်ဝင်းနိုင်၊ အောင်ခိုင် စတဲ့ အဓိက သရုပ်ဆောင်များပါသလို အခြား သရုပ်ဆောင်များလည်းပါဝင်ပါတယ်။ လက်ဖက်ရည်ဆိုင်ဆုံကြတဲ့ ဇာတ်ဝင်ခန်းဖြစ်လို့ပါ။ လက်ဖက်ရည်ဆိုင်အဖြစ်ရိုက်တဲ့နေရာက တကယ်တမ်းတော့ လက်ဖက်ရည်ဆိုင်မဟုတ်ဘဲ နဂိုက နွားတင်းကုပ်ဖြစ်ပါတယ်။ ဒီနွားတင်းကုပ်ကို ကိုပေါက်က သူလိုချင်တဲ့ လက်ဖက်ရည်ဆိုင်ဖြစ်အောင် သဲတွေဖို့ပြီး ခုံတွေခင်းထားတာပါ။ လက်ဖက်ရည်ခွက်တွေကိုလည်း ကြွေရည်သုတ်ခွက်တွေနဲ့ သူလိုချင်တဲ့ ခေတ်ကာလမျိုးဖြစ်အောင် စောစောစီးစီး ရှာပြီးစီစဉ်ထားတာပါ။ အဲဒီခေတ်က လက်ဖက်ရည်ဆိုင်တွေမှာ ရုပ်ရှင်ပိုစတာတွေ၊ မင်းသား၊ မင်းသမီးပုံတွေ ချိတ်ဆွဲလေ့ ရှိတာကြောင့် လက်ဖက်ရည်ဆိုင်အဖြစ် ဖန်တီးထားတဲ့ နွားတင်းကုပ်ထဲမှာ အရင်တုန်းက မင်းသား၊ မင်းသမီးပုံတွေနဲ့ ရုပ်ရှင်ပိုစတာတွေကိုပါ ချိတ်ဆွဲထားပါတယ်။

**လူလည်ကြီးများရွာ** နဲ့ ပတ်သက်ပြီး ဒါရိုက်တာကိုပေါက်က 'ကိုအကြည်တော်ရဲ့ ဝတ္ထုနာမည်အတိုင်းပဲ ရိုက်တာပါ။ ကျေးလက်ဟာသပေါ့။ ဒီရွာမှာတော့ လူလည်တွေချည်းပဲ။ ရိုးရိုးအချဉ်တော့ တစ်ကောင်မှ မပါဘူး။ လူလည်တွေချည်း တွေ့ရမှာပါ။ ဒါကြောင့် **လူလည်ကြီးများရွာ** နဲ့ ကိုက်ညီပါတယ်' လို့ပြောပြခဲ့ပါတယ်။

ပရိသတ်တွေ အများကြီး လာရောက်အားပေးတော့ ရိုက်ကွင်းအတွက် အနှောင့်အယှက်မဖြစ်ဘူးလား၊ ဘာဖြစ်လို့ ဒီနေရာကို ရွေးဖြစ်တာလဲလို့ မေးကြည့်တဲ့အခါ 'ဒီဇာတ်မှာ တည်ထားတဲ့ ခေတ်ကလည်း ၁၉၇၅- ၈၀ ဝန်းကျင်လောက်က၊ လွန်ခဲ့တဲ့နှစ် ၄၀ နီးပါးလောက်ကပေါ့။ အဲဒီခေတ် အငွေ့အသက်လေးတွေပါအောင် အတတ်နိုင်ဆုံး လုပ်ရတာပေါ့။ လက်ဖက်ရည်ဆိုင်မှာဆိုရင် အဲဒီအချိန်တုန်းက အခွေနဲ့ဖွင့်တဲ့ ကက်ဆက်ပဲ ရှိသေးတယ်။ အဲဒီလို ကက်ဆက်တွေရှာရတယ်။ ဘက်ထရီဆိုရင်လည်း ဟိုတုန်းက အမည်းတွေပဲရှိတယ်။ ရုပ်ရှင်ပိုစတာတွေဆိုရင်လည်း အဲဒီခေတ်က ပိုစတာတွေ၊ လက်ကမ်းစာဆောင်၊ မင်းသား၊ မင်းသမီးပုံ ခပ်နွမ်းနွမ်းတွေနဲ့ပေါ့။ မြို့တွေမှာတော့ အဲဒီအချိန်က နည်းနည်းခေတ်မီနေပြီ။ ဒါပေမဲ့ ကိုအကြည်တော်ရေးထားတဲ့ ဇာတ်က



www.burmeseclassic.com



ရွာလည်းဖြစ်တယ်။ ဇာတ်ထဲကရွာက နည်းနည်းခေါင်တဲ့ရွာ။ အိမ်သာတောင် မထားကြသေးဘဲ တောတိုးတဲ့ ခလေ့စရိုက်ပဲရှိသေးတဲ့ရွာဆိုတော့ ဒီအငွေ့အသက်လေးတွေ ပါချင်တဲ့ အဲဒီခေတ်က ရေဒီယို၊ ကက်ဆက်တွေ၊ ထမင်းချိုင့်တွေ အစရှိသဖြင့် ပြင်ဆင်ရတာပေါ့။

"ဒီရွာအထိ မလာဘဲနဲ့ ဒို့ပြင်တစ်နေရာမှာ ရိုက်လိုက်ရင်လည်း ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ကိုယ့်ဇာတ်ကားထဲမှာ ဒီလိုဇာတ်နဲ့ လိုက်ဖက်တဲ့ နယ်အငွေ့အသက်ပါစေချင်တယ်။ အဲဒါကြောင့် ကြိုတင်ပြင်ဆင်ရတဲ့အပိုင်းတွေ ရှိတယ်။ ဒါမှ ပရိသတ်ကြည့်ရတဲ့အချိန်မှာ ခေတ်တစ်ခေတ်ရဲ့ အရသာလေးတစ်ခုကို အများကြီး မဟုတ်တောင် ပါးပါးလေး ပြထားတယ်။ ဥက္ကဋ္ဌရဲ့ အိမ်မှာဆိုရင် အလံလေး ရှိတယ်။ အဲဒီလို အလံတွေကအစ အရင်ခေတ်က ဒီဇိုင်းမျိုးဖြစ်အောင် ခေတ်တစ်ခေတ်ကို ပြချင်လို့ပါ။ ပြင်ဆင်ပေမဲ့လည်း မမြင်လိုက်မိတဲ့ အားနည်းချက်လေးတွေလည်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ တတ်နိုင်သလောက်တော့ လုပ်သင့်လုပ်ထိုက်တာ၊ ပါသင့်ပါထိုက်တာ ရှာကျန်ပြီး လုပ်ထားတယ်"လို့ ပြောပြခဲ့ပါတယ်။

သရုပ်ဆောင်တွေ ဝတ်ဆင်မယ့် ဝတ်စုံများနဲ့ ပတ်သက်လို့လည်း ကိုပေါက်က "လူလည်တွေနေတဲ့ရွာ၊ နည်းနည်းလည်းခေါင်တဲ့ရွာဖြစ်တော့ အဝတ်အစားတွေကို ချည်ထည်လေးတွေ ဝတ်စေချင်တယ်။ အပွင့်အခက်လေးတွေပါတာ နည်းနည်းလောက်ပဲ ဝတ်ကြတယ်။ တော်တော်များများကို ချည်နဲ့ ဖျင်ကြမ်းလောက်ပဲ ဝတ်ဖို့ စီစဉ်ပေးထားတယ်။ ဒီရွာမှာ အိမ်တွေကလည်း တစ်ခြံနဲ့တစ်ခြံ ဆက်နေတာပေါ့။ ဝိုင်းတစ်ဝိုင်းတည်း ပုံစံမျိုးပေါ့။ ပုပ္ပါးဘက်မှာ သွားရိုက်ရင် ရိုက်လို့ ပိုအဆင်ပြေမယ်။ ဒါပေမဲ့ အဲဒီဘက်မှာကျတော့ သိပ်သပ်ရပ်သန့်ရှင်းနေတဲ့အတွက် ဒီဇာတ်နဲ့ သိပ်



www.burmeseclassic.com

www.burmeseclassic.com

မလိုက်ဘူး။ ဒီဇာတ်က ရွာက နည်းနည်းလည်းခေါင်တယ်။ အိမ်သာလည်း မရှိဘူး။ ဒါကြောင့် ကြိုလာပြီး အိမ်သာတွေကို ကာတာတို့၊ ကွယ်ထားတာတို့ ကင်မရာဘောင်းထဲမှာ မပါအောင်လို့ လုပ်ရတယ်။

'ပရိသတ်တွေက ရွာနီးချုပ်စပ် တော်တော်များများကနေ မင်းသား၊ မင်းသမီးတွေကို ကြည့်ချင်လို့ လာတာဖြစ်ပေမဲ့ သူတို့က ချစ်စရာကောင်းတယ်၊ ရိုးသားကြတယ်။ ရိုက်တော့မှာဖြစ်လို့ ငြိမ်ပေးဖို့နဲ့ ဖယ်ပေးကြဖို့ ပြောလိုက်ရင် အားလုံး နားထောင်ပေးကြတယ်။ မှောင်နေလို့ မီးထိုးထားတာ အဆင်မပြေရင်လည်း သူတို့က ထိုင်ပြီး အားပေးကြတယ်။ ကျွန်တော်တို့ လိုချင်တဲ့ ခေတ်တစ်ခေတ်ကို ရုပ်ရှင်နဲ့ ပုံဖော်တဲ့အခါမှာ ဒီလိုနေရာမျိုးလာပြီး ရိုက်လိုက်တော့ ပင်ပန်းပေမဲ့၊ ပရိသတ်တွေ လာအားပေးကြတာများပေမဲ့ အချိန်ယူမေတ္တာရပ်ခံပြီး ရိုက်မယ်ဆိုရင် ကျွန်တော်တို့လိုချင်တာရပါမယ်။ အချိန်ကုန်မခံနိုင်ရင်တော့၊ သည်းမခံနိုင်ရင်တော့ ကျွန်တော်တို့လိုချင်တာ အပြည့်အဝ မရနိုင်ဘူးပေါ့။ အဓိက,ကတော့ ပရိသတ်တွေ ရုံပေါ်ရောက်လို့ ကြည့်ရှုအားပေးတဲ့အချိန်မှာ နယ်အငွေ့အသက်တွေ၊ ဇာတ်နဲ့လိုက်ဖက်တာတွေ မြင်စေချင်တယ်။ ဒါကြောင့် လည်း ဒီရွာမှာ တကူးတက လာရိုက်တာပါ' လို့ ပြောပြခဲ့ပါတယ်။

နောက်ထပ်တွေ့ရတဲ့ ဇာတ်ဝင်ခန်းကတော့ ခန့်စည်သူနဲ့ ခိုင်သင်းကြည်တို့ ဇနီးမောင်နှံမှာ ညက မိန်းမကိုယပ်ခတ်ပေးနေရလို့ ကောင်းကောင်းမအိပ်ရတာကြောင့် မနက်ပိုင်းမှာ အိပ်နေတဲ့ ခန့်စည်သူကို ခိုင်သင်းကြည်က နှိုးပြီး ကျွန်မ သွားစရာရှိလို့ သွားလိုက်ဦးမယ်၊ ထမင်းတစ်လုံး ချက်ထားပြီးပြီ။ ဟင်းကတော့ ကိုယ့်ဘာသာကိုယ် ချက်ပြီးစားလိုက်တော့။ ကျွန်မ ညနေမှ ပြန်ရောက်မယ် ဆိုပြီး ခန့်စည်သူကို အိပ်ရာက နှိုးကာ ပြောတဲ့ ဇာတ်ဝင်ခန်းနဲ့ နောက်တစ်ခန်းကတော့ တခြားရွာကနေ ဒီရွာကိုပြောင်းလာတဲ့ ပြေတီဦးနဲ့ အိချောပိုတို့က ဆေးဆိုင်လာဖွင့်တယ်။ ဆေးဆိုင်ဖွင့်ပွဲ အနေနဲ့ဆေးတွေ အလကားပေးတယ်။ သူတို့ ဆေးဆိုင်ကို မိတ်ဆက်တာပေါ့။ အဲဒီမှာ ဒီရွာသားတွေ ကလည်း သူတို့ ဘယ်ရွာက လာတာလဲ၊ ဘယ်လိုလူတွေလဲဆိုတာစပ်စုကြတဲ့ ဇာတ်ဝင်ခန်းများကို ရိုက်ကူးနေကြတာ တွေ့ခဲ့ရပါတယ်။

■ **လင်းနိုင်ဦး**







www.burmeseclassic.com

www.burmeseclassic.com

ဒီလ ရွှေအမြုတေရဲ့ ကျွန်တော်တာဝန်ယူရတဲ့ ကဏ္ဍမှာ ရုပ်ရှင်အကြောင်း မပြောတော့ဘဲ တစ်ကမ္ဘာလုံးက သည်းသည်းလှုပ် စိတ်ဝင်စားခဲ့ကြတဲ့ ထိုင်းကလေးငယ် ၁၂ ယောက်နဲ့ သူတို့ နည်းပြဆရာတစ်ဦး စုစုပေါင်း ၁၃ ဦးအကြောင်းကို တင်ပြပေးချင်ပါတယ်။

ဆယ်ကျော်သက်များရဲ့ ဘောလုံးအသင်းအဖြစ် လူငယ် ၁၂ ဦး ပါဝင်တဲ့ အဖွဲ့တစ်ဖွဲ့နဲ့ သူတို့အဖွဲ့ကို လေ့ကျင့်ပေးနေတဲ့ ဆရာတစ်ဦးတို့ ထိုင်းနိုင်ငံမြောက်ပိုင်းရှိ ချင်းယိုင်ဒေသက ဂူတစ်ခုအတွင်း ဝင်ရောက်သွားခဲ့ကြရာက ပြန်မထွက်လာတဲ့ အဖြစ်အပျက် ဖြစ်ပွားခဲ့ပါတယ်။

သူတို့ပါလာတဲ့ စက်ဘီးများကို ဂူဝမှာ ထားခဲ့ကြပြီး လမ်းလျှောက်ဝင်သွားခဲ့ကြတာပါ။ ညနေ မိုးချုပ်တဲ့အထိ သူတို့အဖွဲ့ ပြန်ထွက်မလာတာကြောင့် ဂူဝမှာရှိတဲ့ လုံခြုံရေးက သက်ဆိုင်ရာအဖွဲ့အစည်းများကို အကြောင်းကြားတဲ့အတွက် ဒီကလေးတွေ ဂူထဲမှာ ပျောက်ဆုံးနေတယ်ဆိုတာ တစ်ကမ္ဘာလုံးက သိခွင့်ရသွားပါတယ်။ ပျောက်ဆုံးသွားတဲ့ကလေးတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

❑

**အဗ္ဗဒူလ်ဆမ်အွန်**

**အသက် ၁၄ နှစ်၊**

ဒီကလေးက မြန်မာပြည်က ကလေးဖြစ်ပြီး တိုင်းပြည်မဲ့ကလေးလို့ ဆိုရပါမယ်။ ထိုင်းနိုင်ငံမှာ ခရစ်ယာန်ဆရာများက မွေးမြူထားခဲ့ကြပြီး ယဉ်ကျေးလိမ္မာခြင်း၊ အင်္ဂလိပ်စကားကိုကောင်းစွာ ပြောကြားနိုင်ခြင်းတို့ကြောင့် တွေ့တဲ့သူတိုင်းရဲ့ အသည်းကျော်ကလေး ဖြစ်ခဲ့ပါတယ်။ သူက ထိုင်း၊ မြန်မာ၊ တရုတ်၊ အင်္ဂလိပ်စကားများကို လည်လည်ဝယ်ဝယ် ပြောနိုင်တဲ့သူ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ လူဦးရေရဲ့ သုံးပုံတစ်ပုံလောက်က အင်္ဂလိပ်စကား မပြောနိုင်သူများ ဖြစ်ပါတယ်။ ကယ်ဆယ်မယ့်သူများ သူတို့ရှိရာကို ရောက်လာချိန်မှာ သူတစ်ဦးတည်းကသာ ဗြိတိသျှရေငုပ်သမားများနဲ့ ဆက်သွယ်ပြောကြားနိုင်ခဲ့သူ ဖြစ်ပါတယ်။ သူက တွေ့တွေ့ချင်း ဒီနေ့ ဘာနေ့လဲလို့ အော်မေးခဲ့ပါသတဲ့။ ဗြိတိသျှရေငုပ်သမားကို သူတို့ဆာနေကြောင်းကိုလည်း ပြောကြားခဲ့ပါတယ်။



နည်းပြဖြစ်သူက ကလေးများအား တရားထိုင်ကာ စိတ်တည်ငြိမ်မှု ရစေရန် သင်ပြခဲ့သည်ဟု ဆိုသည်



www.burmeseclassic.com

www.burmeseclassic.com


အဗ္ဗဒူလ်ဆမ်အွန်



အစ်ကရက်ဝမ်ဆူချမ်း


ချန်နင်းဂူဘွန်းရမ်း



ပရာဂျပ်ဆူသမ်


မွန်ကိုးလ်ဘွန်ပိုင်


ပွန်ချိုင်းကမ်လန်း


ပရီပတ်ဆွန်ပိုင်ဂျိုင်


ဒေါင်ပက်ပရွန်သက်ပ်


ပီပတ်ဘိုဒီ


နတ်တာဝတ်တာကမ်ဆိုင်


ဆမ်မွန်းဂျိုင်ဝန်


ပါနူးမတ်စ်ဆန်ဒီး

# တစ်ကမ္ဘာလုံးက စိတ်ဝင်စားခဲ့ကြတဲ့ ထိုင်းကလေး ၁၂ ယောက်

**ဇာနည်ညီမိုး**

www.burmeseclassic.com

www.burmeseclassic.com

သူ အဲဒီလို စကားပြောကြားတဲ့ အစိတ်အပိုင်းကို တစ်ကမ္ဘာလုံးသို့ ဖြန့်ချိပြသခဲ့ပါတယ်။ သူက မြန်မာပြည်မှာ မွေးဖွားပြီး ဝ,ဒေသမှာ ကြီးပြင်းခဲ့ပါတယ်။ အသက် ၇ နှစ်လောက်မှာ ပညာသင်ကြားဖို့အတွက် ထိုင်းနိုင်ငံကို ထွက်ခွာသွားခဲ့ပါတယ်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ခုက သူ့ကို ကောက်ယူမွေးစားထားခဲ့ပြီး သူ့မိဘများကလည်း မကြာခဏ သွားရောက်လည်ပတ်တယ်လို့ ဆိုပါတယ်။

သူ့မှာ မွေးစာရင်းမရှိသလို မှတ်ပုံတင်လည်း မရှိပါဘူး။ နိုင်ငံကူးလက်မှတ်လည်း မရှိပါဘူး။ ဒါကြောင့် ဒီကလေးဟာ ထိုင်းနိုင်ငံမှာ တရားဝင်လက်ထပ်လို့ မရနိုင်သလို အလုပ်လုပ်ပိုင်ခွင့် မရှိ၊ ဘဏ်စာရင်းဖွင့်ပိုင်ခွင့် မရှိ၊ ခရီးသွားခွင့်မရှိ၊ မဲပေးပိုင်ခွင့်မရှိ ဖြစ်ပါတယ်။ ဒါပေမဲ့ သူကတော့ ဖွဲမလျှော့ပါဘူး။ ဘောလုံးကန်ရမှာ ဝါသနာပါပြီး စန္ဒရားနဲ့ဂစ်တာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် တီးတတ်ပါတယ်။

❑

**ဒေါင်ပက်ပရွှန်သက်ပ်**

**အသက် ၁၃ နှစ်။**

ဒီကလေးကို သူငယ် ချင်းတွေကတော့ ဒေါင်လို့ပဲ ခေါ်ကြပါတယ်။ သူက တောဝက်ဘောလုံးအသင်းရဲ့ ကပ္ပတိန် ဖြစ်ပါတယ်။ သူ့မိသားစုပြောပြချက်အရ သူဟာ ဘောလုံးအသင်းမှာ အတက်ကြွဆုံး လူငယ်ဖြစ်တယ်လို့ ဆိုပါတယ်။

သူနဲ့ ကစားဖော်ကစားဖက်များက The Guardian သတင်းစာကြီးကို ပြောပြရာမှာ သူဟာ အသင်းကို ဦးဆောင်နိုင်တဲ့ အရည်အချင်းရှိသူဖြစ်ပြီး ပျော်ပျော် နေတတ်တဲ့ကလေးလည်း ဖြစ်ပါသတဲ့။ ဒါကြောင့် သူတို့ဝန်းကျင်မှာရှိတဲ့ လူငယ်ဘောလုံးအသင်းများထဲမှာတော့ သူ့အသင်းက ထိပ်ဆုံးမှာ ရပ်တည်နိုင်တဲ့ အသင်းဖြစ်တယ်လို့ ဆိုပါတယ်။

❑

**မွန်ကိုးလ်ဘွန်ပိုင်**

**အသက် ၁၄ နှစ်။**

မွန်ကိုးလ်ရဲ့ ဖခင်ဖြစ်သူ သင်နာကွန်းက ပြောပြရာမှာ သူ့သားဟာ လူလိမ္မာလေးတစ်ယောက်ဖြစ်ပြီး စာကြိုးစားတဲ့သူဖြစ်သလို ဘောလုံးကိုလည်း ဝါသနာပါသူဖြစ်တယ်လို့ ဆိုပါတယ်။

လွန်ခဲ့တဲ့ ၁ နှစ်လောက်ကစပြီး တောဝက်အသင်းမှာ ပါဝင်ကစားခဲ့ပြီး ဇွန်လ ၂၃ ရက်နေ့ကတော့ စနေနေ့တိုင်း လေ့ကျင့်နေကျဖြစ်တဲ့ ဘောလုံးကျင့်ဖို့အတွက် ထွက်သွားခဲ့တယ်လို့ ဆိုပါတယ်။ ဂူထဲမှာ ပျောက်ဆုံးနေတယ်လို့ သတင်းကြားရတော့မှ မိသားစုလည်း သိရပါတော့တယ်။

❑

**အစ်ကရတ်ဝမ်ဆူချမ်း**

**အသက် ၁၄ နှစ်။**

အစ်ကရတ်က သူ့ဘောလုံးအသင်းမှာရှိတဲ့ ဂိုးသမားနှစ်ယောက်ထဲမှာ ထူးချွန်တဲ့ ဂိုးသမားတစ်ဦး ဖြစ်ပါတယ်။


❑

**ပီပတ်ဘိုဒီ**

**အသက် ၁၅ နှစ်။**

ပီပတ်က တောဝက်အသင်းရဲ့ အသင်းသားတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ ဘောလုံးလေ့ကျင့်ရာမှာတော့ အမြဲတမ်း လာရောက်လေ့ကျင့်သူဖြစ်ပြီး ဂူထဲကို ဝင်ကြရာမှာလည်း ပါဝင်သွားခဲ့သူ ဖြစ်ပါတယ်။

သူက ဂိုးသမား အစ်ကရတ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com

အရင်းနှီးဆုံးသူငယ်ချင်းဖြစ်တာကြောင့် မကြာခင်မှာ ဒီဘောလုံးအသင်းထဲကို ဝင်ဖို့ အစီအစဉ် ရှိပါတယ်။

❑

**ပရာဂျပ်ဆူသမ်**
**အသက် ၁၄ နှစ်။**

ပရာဂျပ်ကလည်း အစ်ကရတ်လိုပဲ ဂိုးသမားကောင်းတစ်ဦး ဖြစ်ပါတယ်။ သူငယ်ချင်းများနဲ့ မိသားစုဝင်တို့က သူ့ကို နုတ်လို့ ခေါ်ကြပါတယ်။

အားကစားကိုသာ လေ့ကျင့်နေရမယ်ဆိုရင် အင်မတန် တိတ်ဆိတ်နေတတ်တဲ့သူ ဖြစ်ပါတယ်။ ဆုတံဆိပ်ပေါင်းများစွာ ရရှိခဲ့ဖူးပြီး သူ့မိသားစုနေထိုင်တဲ့ မယ်ဆိုင်မြို့ အပြင်ဘက်က ရွာကလေးက အိမ်မှာ ဂုဏ်ယူဝင့်ကြွားစွာ ချိတ်ဆွဲထားပါတယ်။

သူက တောဝက်ဘောလုံးအသင်းနဲ့ ကစားရတာကို ကျေနပ်ပြီး အသက်အရွယ်ရလာရင် လူကြီးအသင်းမှာ ပါဝင်ကစားနိုင်ဖို့ ရည်မှန်းထားပါတယ်။

နုတ်ရဲ့ သူငယ်တန်းအောင်စဉ်က အမှတ်တရ ဓာတ်ပုံ၊ မူလတန်းအောင်စဉ်က အမှတ်တရဓာတ်ပုံများကို သူ့အိမ်မှာ ချိတ်ဆွဲထားပြီး မိသားစုဝင်များက သူတို့ဝင်သွားတဲ့ သောင်လန်းဂူဝမှာ တစ်နာရီမပြတ် စောင့်ကြည့်နေကြပါတယ်။

❑

**ချန်နင်းဂူဘွန်းရမ်း**
**အသက် ၁၁ နှစ်။**

ချန်နင်းကို မိသားစုဝင်တွေက တီတန်လို့လည်း ခေါ်ကြပါတယ်။ ဒီဘောလုံးအသင်းမှာ အသက်အငယ်ဆုံးဖြစ်ပြီး လွန်ခဲ့တဲ့ ၄ နှစ်လောက်ကတည်းက ဘောလုံးစ,ကစားခဲ့တယ်လို့ ဘီဘီစီသတင်းဌာနက ဆိုပါတယ်။

❑

**ပွန်ချိုင်းကမ်လန်း**
**အသက် ၁၆ နှစ်။**

ပွန်ချိုင်းရဲ့ မိခင်ဖြစ်သူ ကီယန်ကမ်လန်းက ဂူထဲကို ဝင်သွားတဲ့ သူ့သား ပြန်ထွက်လာဖို့ဆိုတာ ငါးဆယ်ရာခိုင်နှုန်းပဲ မျှော်လင့်တယ်လို့ ဆိုခဲ့ပါတယ်။

သူပြန်ထွက်လာရင်တော့ ဘဝအသစ်တစ်ခု စ,တယ်လို့လည်း ဆိုပါတယ်။ ပြန်လာရင်တော့ နောက်ကို


ဘောလုံးအသင်းမှ လူငယ်ကလေးများသည်
ချင်းယိုင်ဒေသအတွင်းရှိ ဂူတစ်ခုထဲတွင် ပိတ်မိနေကြသည်ဟု ဆိုသည်





www.burmeseclassic.com

www.burmeseclassic.com



ဖြိတ်သျှရေငုပ်သမားနှင့် ပျောက်ဆုံးနေသော လူငယ်ကလေးများ ပထမဆုံးအကြိမ် ပြန်လည် ဆုံတွေ့ကြရာ သေးငယ်လှသော အဗ္ဗဒူလ်ဆမ် ဆိုသူက ဆက်သွယ်ကြောင်း သတင်းအပိုင်း အစကလေးကို ကမ္ဘာအနှံ့သို့ ထုတ်လွှင့်ပြသခဲ့သည်။



အသက် ၁၇ နှစ်သာ ရှိသေးသော ပရောဂျပ် ဆိုသည့်ကလေးမှာ မူလတန်းအောင်ခါစပင် ရှိသေးသည်။




အဒေါ်ဖြစ်သူက ပြောပြရာတွင် သူသည် ဝမ်းနည်းကြေကွဲနေပြီး တစ်ယောက်တည်း နေလေ့ရှိသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသို့ ပို့လိုက်ပြီးချိန်တွင် စိတ်ခွန်အား ရရှိလာသည်ဟု ဆိုသည်။ ပုံမှာ နည်းပြဆရာနှင့် သူ့ဘောလုံးသမားကလေးများဖြစ်သည်။




www.burmeseclassic.com


www.burmeseclassic.com



အက်ကာပူးချန့်တာဝေါင်းသည် အသက် ၂၅ နှစ်အရွယ်ရှိ ဘူကစားသမားကလေး ၁၂ ဦးနှင့်အတူ ဂူထဲတွင် ပိတ်မိနေခဲ့သည်။



ချန်နင်းဝူဘွန်းရျမ်း



အစ်ကရတ်ဝမ်ဆူရျမ်း

ရေစပ်အနီးမှာရှိတဲ့ ဂူတွေထဲ မသွားဖို့ တားမြစ်ရမယ်လို့ ဆိုပါတယ်။

❑

**ပရီပတ်ဆွန်ပိုင်ဂျိုင်**

**အသက် ၁၆ နှစ်။**

သူက ညာတောင်ပံက ကစားတဲ့ ဘောလုံးသမားပါ။ သူ့ကိုတော့ သူငယ်ချင်းတွေက နိုက်လို့ ခေါ်ကြောင်း Guardian သတင်းစာမှာ ဖော်ပြထားပါတယ်။

❑

**နတ်တာဝတ်တာကမ်ဆိုင်**

**အသက် ၁၄ နှစ်။**

အသက် ၁၄ နှစ်သာရှိသေးတဲ့ သူ့ကို နာမည်ပြောင်အနေနဲ့ တယ်လ်လို့ ခေါ်ကြပါသတဲ့။

❑

**ပါနူးမတ်စ်ဆန်ဒီး**

**အသက် ၁၃ နှစ်။**

မစ်လို့လည်း ခေါ်ကြပြီး မိခင်ဖြစ်သူနဲ့ အဘိုးတို့ရဲ့စောင့်ရှောက်မှုနဲ့ ကြီးပြင်းလာတဲ့ကလေး ဖြစ်ပါတယ်။ သားလေးပျောက်ဆုံးသွားမှုကြောင့် နှစ်ဦးစလုံး မစားမသောက်နိုင်ဘဲ ဂူဝမှာ သွားစောင့်နေကြပါတယ်။

The Guardian သတင်းစာကြီး အဆိုအရ နည်းပြဖြစ်သူက ဒီကလေးကို နောက်တန်းလုံအောင် ကာကွယ်နိုင်သူလို့ ချီးမွမ်းပါသတဲ့။

❑

**ဆမ်ပွန်းဂျိုင်ဝန်**

**အသက် ၁၃ နှစ်။**

ကွင်းလယ်က ကစားသူ ဆမ်ပွန်းကို ပွန်းလို့လည်း ခေါ်ကြပါတယ်။ သူက အင်္ဂလန်ဘောလုံးအသင်းကို နှစ်ခြိုက်သူဖြစ်ပြီး တစ်ချိန်မှာ နိုင်ငံကိုယ်စားပြု ဘောလုံးသမားဖြစ်ချင်တယ်လို့ ဆန္ဒရှိပါတယ်။

ပွန်းဟာ ပျော်ပျော်နေတတ်သူဖြစ်ပြီး ဘောလုံးအပါအဝင် အားကစားပေါင်းစုံကို ဝါသနာပါ,ပါတယ်။ သူက လီဗာပူးအသင်းကိုလည်း နှစ်ခြိုက်သူဖြစ်ပြီး ကမ္ဘာ့ဖလားဘောလုံးပွဲမှာ အင်္ဂလန်ဘောလုံးအသင်းကို ဖလားရစေချင်သူပါ။

❑

**နည်းပြဆရာ**

**အက်ကာပူးချန့်တာဝေါင်း**

**အသက် ၂၅ နှစ်။**

အက်ကာပူးက အသက် ၁၂ နှစ်အရွယ်မှာ အသက် ၇ နှစ်ရှိတဲ့ သူ့ညီ၊ အမေနဲ့ အဖေတို့ ဆုံးပါးသွားခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် အမြဲတမ်း ပူဆွေးနေသူဖြစ်တယ်လို့ သူ့အဒေါ်ဖြစ်သူက ဆိုပါတယ်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသို့ ပို့ဆောင်လိုက်ရာက စိတ်ခွန်အား ပြန်လည်ရရှိလာတယ်လို့လည်း ဆိုတယ်။

သူက ကလေးငယ်များကို တရားထိုင်စေတဲ့အပြင် ဂူထဲမှာ ပိတ်မိနေစဉ် စိတ်ငြိမ်အောင် ထိန်းသိမ်းနိုင်ခဲ့သူ ဖြစ်ပါတယ်။

နောက်ဆုံးသတင်းများအရ ကလေးငယ် အတော်များများကို ကယ်ထုတ်ခဲ့ပြီး ဆေးရုံမှာ ကုသမှုတွေခံယူနေကြပါတယ်။ ဒီကလေးငယ်များကိစ္စမှာ တစ်ကမ္ဘာလုံးက ဝိုင်းဝန်းကူညီခဲ့ကြပါတယ်။ ■

**စာနုညီမိမ်း**

***Ref: MailOnline July, 7, 2018.***



www.burmeseclassic.com

www.burmeseclassic.com

# CAMILA CABELLO ရဲ့ အမေရိကန်အိပ်မက်

ရာပြည့်



Camila Cabello ဟာ ဘယ်သူ့ကိုမဆို ဖက်လဲတကင်း ပွေ့ဖက်နှုတ်ဆက် တတ်လေ့ရှိသူတစ်ဦးလို့ဆိုရင် ပြည့်စုံလုံလောက်ပါတယ်။ သူ့ကို ပွေ့ဖက်နှုတ်ဆက်ခွင့်ရဖို့အတွက် ပွဲခင်းထဲကို ရောက်ရှိလာကြသူ အားလုံးကို သူက လူမရွေးတမ်း ပွေ့ဖက်နှုတ်ဆက်တတ်သူပါ။ စားပွဲထိုးတွေ၊ လက်သည်းအလှ ဖန်တီးသူပညာရှင်တွေ၊ ဂီတထုတ်လုပ်ရေး မန်နေဂျာနဲ့ သူ့ရဲ့ဇနီး၊ သမီးတွေအပြင် အကဆရာ၊ အကအဖွဲ့သားတွေနဲ့ ပွဲကြည့် ပရိသတ်တွေ အားလုံးကို ဖက်လဲတကင်း ပွေ့ဖက်နှုတ်ဆက် တတ်သူဖြစ်ပါတယ်။ သူ့ကို ပွေ့ဖက်နှုတ်ဆက်ချင်ပေမဲ့ ပွဲလက်မှတ်မဝယ်ယူဖြစ်တဲ့ ပရိသတ်တွေကိုလည်း သူက ဖက်လဲတကင်း ပွေ့ဖက်နှုတ်ဆက် တတ်ပါတယ်။ အဆိုတော် Taylor Swift ရဲ့ Reputation နယ်လှည့်ဖျော်ဖြေပွဲစဉ်မှာ လိုက်ပါဖျော်ဖြေရင်း ပွဲအားရက်တစ်နေ့မှာ ကယ်လီဖိုးနီးယားပြည်နယ်၊ Los Gatos မြို့လေးမှာ တည်းခိုနေစဉ်ကလည်း မြို့လယ်လမ်းမတွေပေါ်မှာ ဆုံဖြစ်တဲ့ သူ့ရဲ့ ဒရမ်တီးခတ်သူကိုလည်း အပြေးသွားပြီး ဖက်လဲတကင်း နှုတ်ဆက်ခဲ့သူဖြစ်ပါတယ်။ ဒရမ်တီးခတ်သူရဲ့ အမျိုးသမီးမိတ်ဆွေကိုလည်း ပွေ့ဖက်နှုတ်ဆက်ခဲ့ပါတယ်။ ပြီးတော့ သုံးယောက်သား Southern Kitchen စားသောက်ဆိုင်မှာ French Toast စား၊ ပန်းသီးဖျော်ရည်သောက်၊ ဘီကီနီစတိုးဆိုင်တစ်ဆိုင် ဝင်ကြည့်ကြပါသေးတယ်။ အဲဒီနေ့မတိုင်ခင် တစ်ရက်က အီတာလျံ စားသောက်ဆိုင် တစ်ဆိုင်မှာ နေ့လယ်စာ စားနေတုန်း ပရိသတ်တစ်ယောက်က မက်မွန်သီး ရေခဲမုန့်တစ်ပွဲပေးပို့ပြီး သူနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'ဆယ်လ်ဖီ'တစ်ပုံလောက် တွဲရိုက်ပါရစေလို့ အခွင့်တောင်းလာခဲ့ပါတယ်။ အဲဒီပရိသတ်ဟာ ဆယ်လ်ဖီဓာတ်ပုံသာမက Cabello ရဲ့ ဖက်လဲတကင်း ပွေ့ဖက်မှုကိုပါ ရရှိသွားခဲ့ပါတယ်။ Cabello ရဲ့ ဖက်လဲတကင်း ပွေ့ဖက်နှုတ်ဆက်တတ်တဲ့ အလေ့အထဟာ ပေါ့ပ်စတားတစ်ယောက်အနေနဲ့ ဟန်ဆောင်ပန်ဆောင်လုပ်တာမျိုး မဟုတ်ဘဲ ရိုးသားဖြူစင်လှပါတယ်။ Simon Cowell ရဲ့ နာမည်ကျော် X Factor ရုပ်/ သံ အဆိုပြိုင်ပွဲ လူရွေးပွဲမှာ ၂၀၁၂ ခုနှစ်က ပါဝင်ယှဉ်ပြိုင်ရင်း ပေါ့ပ်စတားတစ်ယောက် ဖြစ်လာခဲ့သူပေမဲ့ ဟိတ်ကြီး ဟန်ကြီး မရှိသူ ဖြစ်ပါတယ်။ သူ့အသက် ၁၅ နှစ်ပြည့်မြောက်တဲ့ ၂၀၁၂ ခုနှစ်မှာ ရိုးရာဓလေ့အရ အပျိုဖော်ဝင်သူ မိန်းကလေးတစ်ယောက်အတွက် အခမ်းအနားတစ်ခု လုပ်ရမယ့်အစား X Factor ပြိုင်ပွဲထုတ်လုပ်သူတွေဆီ ပို့ပေးဖို့သာ Cabello က တောင်းဆိုခဲ့တာကြောင့် သူ့ရဲ့ အဖေ၊ အမေ၊ ညီမငယ်နဲ့ ဘွားအေဖြစ်သူပါ မိသားစုပိုင် မီနီဗင်ကားလေးနဲ့ မိုင်ယာမီကနေ မြောက်ကယ်ရိုလိုင်းနားအထိ ၁၂ နာရီကြာ ကားလမ်းခရီးကို လိုက်ပါပို့ဆောင်ပေးခဲ့ကြတာ ဖြစ်ပါတယ်။ ထုတ်လုပ်သူတွေက သူ့ကို အရန်အဖြစ်သာ ရွေးချယ်ခဲ့ကြပြီး နောက်သီတင်းပတ်အနည်းငယ်အကြာမှာတော့ အိမ်ပြန်လွှတ်ခဲ့ကြပေမဲ့ ကံကြမ္မာအလှည့်အပြောင်းတစ်ခုကြောင့် Simon Cowell ကိုယ်တိုင်ပြန်လည်ခေါ်ယူမှုခံခဲ့ရပါတယ်။ Cowell က Cabello နဲ့အတူ တခြားမိန်းကလေးလေးယောက်ကိုပါ ပြန်ခေါ်စစ်ဆေးအကဲဖြတ်ပြီး သူတို့ငါးယောက်ကို Fifth Harmony အမည်ရ မိန်းကလေးဂီတအဖွဲ့အဖြစ်





www.burmeseclassic.com

www.burmeseclassic.com

စုစည်းပေးလိုက်ပါတယ်။ ဒီလိုနဲ့ပဲ Fifth Harmony ဟာ X Factor ရုပ်/သံ အဆို ပြိုင်ပွဲမှာ တတိယအဆင့်ချိတ်ခဲ့ပြီး Cowell ဖွဲ့စည်းပေးခဲ့တဲ့ ကမ္ဘာကျော် One Direction ဂီတအဖွဲ့ရဲ့ညီမငယ်ဂီတအဖွဲ့ ဖြစ်လာခဲ့ပါတယ်။

Fifth Harmony အဖွဲ့နဲ့အတူ လက်တွဲခဲ့ချိန်မှာလည်း Deating Child အမျိုးသမီးဂီတအဖွဲ့ပြီးရင် အကျော်ကြားဆုံး အမျိုးသမီးဂီတအဖွဲ့ဖြစ်တယ်လို့ သတ်မှတ်ခံရတဲ့အထိ အောင်မြင်ခဲ့ပါတယ်။ Fifth Harmony အဖွဲ့နဲ့ လေးနှစ်ခွဲလောက် ကြာအောင် လက်တွဲခဲ့တဲ့ အချိန်တွေမှာ စတူဒီယိုအယ်လ်ဘမ်နှစ်





ချပ်နဲ့ EP ဓာတ်ပြားတစ်ချပ် ထုတ်ဝေနိုင်ခဲ့ပါတယ်(EP ဆိုတာက Exterded Play ကို အတိုကောက်ခေါ်ဆိုတာဖြစ်ပြီး သာမန်ဓာတ်ပြားတွေထက် သီချင်းအပုဒ်ရေ ပိုပြီး ဝင်ဆံ့ပါတယ်)။ ၂၀၁၆ ခုနှစ် အတွင်းမှာ Fifth Harmony နဲ့ ပတ်သက်တဲ့ ကောလာဟလတွေ ပေါ်ထွက်လာခဲ့ပြီး အဲဒီနှစ် နွေရာသီမှာ တင်ဆက်ဖို့ရှိတဲ့ Fifth Harmony ရဲ့ ဖျော်ဖြေရေးပွဲစဉ်တွေ ပယ်ဖျက်ခဲ့ရတဲ့အထိ ဖြစ်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှာ Fifth Harmony အဖွဲ့က Cabello နုတ်ထွက်တာကို သူ့ကိုယ်စားလှယ်ဆီကနေ သတင်းပေးပို့ အကြောင်း

ကြားလာကြောင်း Twitter စာမျက်နှာထက်ကနေ ကြေညာခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ ဆောင်းတွင်းမှာ သီချင်းတွေ စတင်ရေးသားလာတဲ့ Cabello ဟာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလထဲမှာ လက်တင်ဂီတဟန်လွှမ်းတဲ့ *Havana* အမည်ရ ဆင်ဂဲလ်သီချင်းကို ပရိသတ်တွေလက် အရောက်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှာ *Never Be the Same* အမည်ရ ဆင်ဂဲလ်သီချင်းကို ထပ်မံတင်ဆက်နိုင်ခဲ့ပြန်တယ်။ အဲဒီနောက် သုံးရက်အကြာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှာ သူ့ရဲ့ ပထမဆုံး တစ်ကိုယ်တော် စတူဒီယိုအယ်လ်ဘမ်ဖြစ်တဲ့ *Camila* အမည်ရ အယ်လ်ဘမ်ကိုပါ တစ်ဆက်တည်း ထုတ်ဝေလိုက်နိုင်ပါတယ်။

အခုနှစ် ဇန်နဝါရီလထဲမှာ Cabello ဟာ အယ်လ်ဘမ် အရောင်းဇယားချပ်မှာရော ဆင်ဂဲလ်အရောင်းဇယားချပ်မှာပါ နံပါတ်'တစ်'စွဲခဲ့ပါတယ်။ ဒါဟာ ၂၀၀၃ ခုနှစ်တုန်းက အဆိုတော် Beyonce ရရှိခဲ့တဲ့ အောင်မြင်မှုမျိုး ဖြစ်

ပါတယ်။ အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ Cabello ရဲ့ အောင်မြင်မှုဟာ ဆယ်ကျော်သက်အရွယ်တွေသာမက သူတို့ရဲ့ အမေတွေ၊ အဘွားတွေပါ သဘောကျ နှစ်သက်မှုကြောင့်ပဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ် အနည်းငယ်မှာ Cabello ဟာ Taylor Swift ရဲ့ Reputation နယ်လှည့်ဖျော်ဖြေပွဲစဉ်တွေမှာ အဖွင့်ကဏ္ဍကနေ ပါဝင်ဖျော်ဖြေပေးဖို့အတွက် Los Gatos မြို့လေးကိုရောက်နေခဲ့တာပါ။ အိပ်မက်ဆိုးတွေနဲ့ လန့်နိုးလာတဲ့ Cabello က ခုတင်ပေါ်မှာ အတူရှိနေတဲ့ မိခင်ဖြစ်သူ Sinuhé Estrabao ကို ဘယ်အချိန်ရှိပြီလဲလို့ မေးလိုက်မိတယ်။ Cabello က ခုတင်ပေါ်မှာ တစ်ယောက်တည်း အိပ်ရတာ မနှစ်သက်သူပါ။ 'ကိုးနာရီခွဲပြီ' လို့ မိခင်ဖြစ်သူက ပြန်ဖြေလာတယ်။ ဆယ်နာရီလုံးလုံး အိပ်မောကျခဲ့ရတာပါ။ ပြီးခဲ့တဲ့နေ့က မိုင်ယာမီကနေ မနက်လေးနာရီလေယာဉ်နဲ့ လာခဲ့ရလို့ အိပ်ရေးမဝ ဖြစ်ခဲ့ရတာကြောင့်ပါ။ မိုင်ယာမီကနေ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com

အသက်ဆယ့်တစ်နှစ်အရွယ် ညီမလေး ပါဝင်တဲ့ ကလေးပုံပြင် ဂီတပြဇာတ် ထုတ်လုပ်ရေးလုပ်ရာကို သွားပြီး အားပေးခဲ့တာပါ။(အဲဒီလို စင်တင်ပြဇာတ်စာမျိုးတွေကို Seussical လို့လည်း ခေါ်ပါတယ်)

Cabello က Santa Clara မြို့မှာ ကျင်းပမယ့် Taylor Swift ရဲ့ Reputation ပွဲစဉ်မှာ Taylor Swift, Charli XCX တို့နဲ့အတူ Swift ရဲ့ *Shake It Off* သီချင်းကို တွဲဖက်တင်ဆက်ကြရမှာပါ။ Swift နဲ့ Cabello တို့ဟာ သူတို့နှစ်ဦးလုံးနဲ့ ရင်းနှီးတဲ့ မင်းသမီး Hailee Steinfeld က မိတ်ဆက်ပေးလို့ သိကျွမ်းခဲ့ကြရတာပါ။ သူက ကျွန်မဆီကို သီချင်းစာရင်းပို့ပြီး 'တိုင်ပင်ရအောင် ရခဲ့ပါလား' လို့ လှမ်းခေါ်ခဲ့တာ။ Cabello က ဆက်ပြောလာပါတယ်။ 'Haim အမျိုးသမီး ဂီတအဖွဲ့က မိန်းကလေးတွေလည်း အဲဒီမှာ ရှိမယ်ထင်တာပဲ။ အဲဒီညပွဲစဉ်ကတော့ မိန်းကလေးတွေ အင်အားပြတဲ့ ညပဲ'။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီညက *Shake It Off* ကို Taylor Swift နဲ့ တွဲဖက်ဖျော်ဖြေပြီး တည်းခိုရာဟိုတယ် ပြန်ရောက်တော့ Cabello ဟာ ပင်ပန်းလွန်း လို့ရေချိုးခန်းထဲမှာ အိပ်ပျော်ရတဲ့ အထိပါပဲ။

ဒီကနေ့မှာတော့ Santa Clara မြို့ ဒုတိယပွဲစဉ်အတွက် ညနေခင်းအချိန်အထိ ဘာမှလုပ်စရာမရှိ အားလပ်နေတာဖြစ်လို့ စာရေးဆရာ Mika Waltari ရေးသားတဲ့ ၁၉၄၅ ခုနှစ်ထုတ် **The Egyptian** အမည်ရစာအုပ်ကို Cabello က ခုတင်ပေါ်မှာ ဖတ်နေပါတယ်။ ချည်ကတ္တီပါသား ဘောင်းဘီနဲ့ တက်ဒီဘဲ ဝက်ဝံရုပ်အင်္ကျီ ဝတ်ဆင်ထားပြီး အင်္ကျီမှာပါတဲ့ ခေါင်းဆောင်းကိုဆောင်း၊ Nike အားကစားဖိနပ်စီးထားတဲ့ Cabello ဟာ နိုင်ငံတကာ လှည့်လည်ဖျော်ဖြေနေတဲ့ ပေါ့ပ်အဆိုတော် တစ်ယောက်ပုံစံထက် တွဲဖက်ပညာသင်ကြားရေးကျောင်းက ကျောင်းသူတစ်ယောက်ပုံစံပိုပေါက်နေပါတယ်။ 'ကျွန်မက အရပ်ပုပု၊ ဆံပင်ကအမည်းရောင်လေ' လို့ Cabello ကဆိုပါတယ်။ 'ဒေါက်မြင့် ဖိနပ်တွေနဲ့ တခြား အပိုအဆင်တန်ဆာတွေမပါရင် ကျွန်မက သူလိုကိုယ်လိုပါပဲ'။

ဒါပေမဲ့ Cabello ရဲ့ အသံကတော့ Fifth Harmony မှာရှိနေခဲ့တုန်းကတည်းက သူလိုကိုယ်လိုအသံမျိုး မဟုတ်ခဲ့ပါဘူး။ တစ်ခါတလေမှာ အနိမ့်သံ၊ တစ်ခါတလေမှာ စူးရှတဲ့အမြင့်သံတွေနဲ့ သီဆိုတတ်တဲ့ Cabello ရဲ့အသံဟာ Fifth Harmony သီချင်းတွေရဲ့ သံပြိုင်ပိုဒ်တွေမှာ ရှေ့ကိုချွန်ထွက်နေတာ သိသာလှပါတယ်။ သီချင်းစာသားတွေကို မှတ်ချက်ရေးသား ဖော်ပြလေ့ရှိတဲ့ Genius အမည်ရ website တစ်ခုရဲ့ အဆိုအရ Fifth Harmony သီချင်းတွေရဲ့ စာကြောင်းတွေထဲက ၄၅%ကို Cabello က သီဆိုတာဖြစ်ကြောင်း သိရှိရပါတယ်။ အင်စတာဂရမ် စာမျက်နှာပေါ်မှာလည်း Cabello ရဲ့ နောက်လိုက် ပရိသတ်အရေအတွက်က သူ့အဖွဲ့ရဲ့နောက်လိုက်ပရိသတ် အရေအတွက်ထက် များပြားပါတယ်။

Fifth Harmony အဖွဲ့က Cabello နုတ်ထွက်ကြောင်း အကြောင်းကြားချက်ကို Cabello ရဲ့ကိုယ်စားလှယ်ဆီက တစ်ဆင့်လက်ခံရရှိကြောင်း Twitter စာမျက်နှာထက်မှာ ကြေညာခဲ့တာကိုလည်း Cabello က မသိခဲ့ပါဘူး။ ဒါကို သူ မသိဘူးဆိုပေမဲ့ အဖွဲ့ကနေ နုတ် ထွက်ချင်တာ မဟုတ်ဘူးလို့လည်း မဆိုလိုပါဘူး။ နုတ်ထွက်ဖို့ရာအတွက် အစီအစဉ်တွေ သေသေချာချာ မလုပ်ရသေးတာပဲ ရှိတာပါ။ အဲဒီအချိန်မှာ Cabello က ဂီတထုတ်လုပ်သူတွေဖြစ်တဲ့ Benny Blanco နဲ့ Frank Dukes တို့နဲ့အတူ လက်တွဲပြီး နိုဝင်ဘာလ ရွေးကောက်ပွဲ မတိုင်ခင်ရက်တွေကတည်းက စတူဒီယိုမှာ အသံသွင်းရက်ယူထားပြီးသားဖြစ်ပါတယ်။ ပြီးတော့ 300 Entertainment တွဲဖက်တည်ထောင်သူ Roger Gold ကိုလည်း မန်နေဂျာအဖြစ် ဆောင်ရွက်ပေးဖို့ ငှားရမ်းထားပြီးပါပြီ။ Apple Inc ကုမ္ပဏီကထုတ်တဲ့ Garage Band ခေါ် ဒစ်ဂျစ်





www.burmeseclassic.com

www.burmeseclassic.com

တယ် အသံဖမ်းကွန်ပျူတာစနစ်နဲ့ အသံသွင်းထားတဲ့ သီချင်းတွေကိုလည်း Roger Gold ဆီကို ဒါဇင်နဲ့ချီ ပေးပို့ထားပါတယ်။ 'ရုတ်တရက်ကြီး လူစိမ်းတွေကြားထဲမှာ ရောက်သွားတာဆိုတော့ ရှက်ကိုးရှက်ကန်း ဖြစ်နေမိသေးတယ်။ သူတို့တွေက သူတို့လိုချင်တဲ့ လူမျိုးရတာရော ဟုတ်ရဲ့လား'လို့ တွေးနေမိတယ်။ ဒါက X Factor ပြိုင်ပွဲဝင်တုန်းက ကျွန်မစိတ်ထဲမှာ ဖြစ်ခဲ့တာမျိုးပဲ။

၂၀၁၇ ခုနှစ်၊ ဆောင်းတွင်းရာသီအရောက်မှာ ကိုယ့်ကိုယ်ကို တစ်ကိုယ်တော် အနုပညာရှင်တစ်ယောက်အဖြစ် ခံယူမယ့် Cabello ဟာ အပြောင်းအလဲအသစ်တစ်ခုလုပ်ဖို့ရာ အချိန်တန်ပြီလို့ယူဆပြီး သီချင်းရေးတဲ့အလုပ်ကို စ,လုပ်လာခဲ့ပါတယ်။ သူသဘောကျတဲ့ ဂီတထုတ်လုပ်ရေးမှူးတွေ နာမည်ကို စာရင်းလုပ်ပြီး သူ့မန်နေဂျာဆီ ပို့ပါတယ်။ 'Frank Dukes နဲ့ ပထမဆုံး စ,ပြီး အလုပ်လုပ်ရတာကို မှတ်မိနေတယ်။ Pharrell နဲ့အတူ စ,လုပ်ရတဲ့နေ့ရော၊ Max Martin စတူဒီယိုကို စ,ပြီး သွားရတာကိုရော မှတ်မိနေတယ်။ အဲဒီအချိန်တွေတုန်းက ကျွန်မ ကြောက်နေမိခဲ့တာလေ'။ Cabello က ဆက်ပြောပြလာပါတယ်။ 'ကျွန်မ သန့်စင်ခန်းထဲ ပြေးဝင်ပြီး အသက်ဝဝ ရှူပစ်လိုက်တယ်'။ Cabello အနေနဲ့ သီချင်းတွေ ရေးသားရာမှာ ပါဝင်ပတ်သက်မှုရှိမယ်လို့ ဘယ်သူကမှ မျှော်လင့်ထားကြတာ မဟုတ်ပါဘူး။ 'သူများတွေ ရေးပေးတဲ့ သီချင်းတွေကိုပဲ ဆိုကြတဲ့ ဂီတအဖွဲ့ကနေ ထွက်လာခါစ မဟုတ်လား'။ သူက ဆက်ပြောလာပါတယ်။ အဲဒီတော့ လူတွေက 'ရော့ ဒီမှာ ဒီကနေ့ မင်းဆိုရမယ့် သီချင်းအတွက် စိတ်ကူး'လို့ ပြောလာကြမှာ။ ကျွန်မကလည်း 'ကောင်းပြီလေ။ ဒီကနေ့ရေးမယ့် သီချင်းအတွက် ကျွန်မမှာလည်း စိတ်ကူးတစ်ခုရှိတယ်'လို့ ပြန်ပြောမှာပေါ့။ ပြီးတော့မှ လက်ပ်တော့ကွန်ပျူတာကို ဆွဲထုတ်ပြီး သီချင်းတွေ၊ စာသားတွေကို စက်နဲ့ဖွင့် ပြလိုက်တော့ သူတို့တွေ အံ့အားသင့်သွားကြတာ။

သူ ပထမဆုံးရေးတဲ့ သီချင်းက *Havana* ပါ။ ဒီသီချင်းက ပွဲဦးထွက်အယ်လ်ဘမ် ဖြစ်စေခဲ့တာပဲ။ *Havana* ဆိုတဲ့နာမည်ကို သူ စဉ်းစားထားတဲ့ ခေါင်းစဉ်တွေအများကြီးထဲက ရွေးချယ်ထားတာပါ။ စည်းချက်ကတော့ သူတို့ရဲ့ ပထမဆုံး သီတင်းပတ် အသံသွင်းရက်တွေမှာ Dukes က တီးခတ်ပေးခဲ့တာပါ။ သီချင်းအသံ စ,သွင်းတော့ ပထမ ၁၅ စက္ကန့်စာလောက်မှာ ကျောင်းသား တစ်ယောက် စာပြန်နေသလိုမျိုးဖြစ်နေတယ်။ 'ဒါပေမဲ့ နောက်ပိုင်းမှာ ကျွန်မတို့တွေ အပြန်ပြန် ပြန်ဆို၊ ပြန်တီးခဲ့ကြတယ်။ စတူဒီယိုဆက်ရှင်တစ်ခုမှာ ရှိနေတဲ့ ကျွန်မ သဘောကျတဲ့သူတစ်ယောက်ကို သွားခေါ်ပြီး ထပ်ကြိုးစားကြည့်တယ်။ အကျိုးထူးမလာဘူး'။ အဲဒီနောက်မှာ Cabello နဲ့ Dukes ဟာ Pharrell ဆီ ရောက်သွားခဲ့ကြတယ်။ အဲဒီနေ့က Cabello ရဲ့ မွေးနေ့ပါ။ Pharrell ရှေ့မှာ *Havana* ကို တီးခတ်သီဆိုပြတယ်။ 'ထူးခြားတဲ့သီချင်းတစ်ပုဒ်မှန်း စိတ်ထဲမှာ ခံစားရပေမဲ့ အကူအညီတစ်ခု လိုနေတယ်'လို့ ပြောပြခဲ့တယ်။ အဲဒီနေ့ ညနေခင်းမှာ *Havana* ကို အကြမ်းထည် ရေးလို့ပြီးသွားခဲ့တယ်။



သီချင်းတစ်ပုဒ်လုံး ပြီးသွားချိန်မှာ သီချင်းက အားပျော့သယောင်ရှိနေတယ်။ 'ဒီသီချင်းကို ဘယ်သူကမှ ဆင်ဂဲလ်သီချင်းအဖြစ် မထုတ်စေချင်ကြဘူး။ သီချင်းက အေးအေးလေးလေးကြီးမို့လို့ ရေဒီယိုဌာနတွေကလည်း လွှင့်ပေးချင်ကြမှာ မဟုတ်ဘူးလို့ သူတို့က ပြောကြတာ'။ Cabello တွေဝေသွားခဲ့ပေမဲ့ တကယ်ထုတ်ဝေလိုက်တဲ့အခါမှာ နိုင်ငံ ၂၃ နိုင်ငံရဲ့ အရောင်းဇယား နံပါတ်'တစ်'နေရာတွေကို *Havana* က သိမ်းပိုက်နိုင်ခဲ့ပါတယ်။ '*Havana* က ကျွန်မကို သင်ခန်းစာ အကြီးကြီးတစ်ခု ပေးခဲ့ပါတယ်။ ဘယ်လိုလုပ်မှ အလုပ်ဖြစ်မယ်ဆိုတာကြီးကို ဘေးချိတ်ထားလိုက်ပါ။ ကိုယ့်စိတ်ထဲမှာ အကောင်းဆုံးလို့ ခံစားရတာနဲ့ပဲ ခရီးဆက်ကြရမှာပါ'။

*Havana* က အလုပ်ဖြစ်ခဲ့ပါတယ်။ ဒီလို အောင်မြင်ခဲ့ရတဲ့ အကြောင်းအရင်း တစ်စိတ်တစ်ပိုင်းကလည်း သူ့ရဲ့အတိတ်ဘဝနဲ့ ပတ်သက်နေတာကြောင့်ပါ။ ကျူဘား နိုင်ငံသူ မိခင် Sinuhé Estrabao နဲ့ မက္ကဆီကိုနိုင်ငံသား ဖခင် Alejandro



www.burmeseclassic.com

www.burmeseclassic.com

Cabelloတို့အကြောင်းပါပြီး ကျူးဘားနိုင်ငံ Havanaမြို့ အရှေ့ဘက်ခြမ်းက Cojimarဒေသမှာ မွေးဖွားခဲ့သူ Cabello ဟာ သူ့ရဲ့လက်တင် အရင်းအမြစ်တွေကို အမေရိကန် ပေါ့ပ်ယဉ်ကျေးမှုထဲမှာ နေရာချပေးနိုင်ခဲ့ပါတယ်။ ဒီကနေ့ခေတ် နိုင်ငံရေးရာသီဥတုမှာတော့ ကပြောင်းကပြန်ဖြစ်စေတဲ့ ရွှေ့လျားမှုတစ်ခုပါပဲ။ *Camila* အယ်လ်ဘမ်ထဲက *Inside Out* သီချင်းထဲမှာလည်း Cabello က အလားတူထပ်ပြီး လုပ်ပြခဲ့ပြန်ပါတယ်။ *She Loves Control* ဆိုတဲ့ သီချင်းမှာလည်း ကပွဲခန်းမရဲ့ နရီစည်းချက်ကို အမျိုးသမီးတစ်ယောက် ဆုပ်ကိုင်ရယူနိုင်တဲ့ အင်အားတစ်ရပ်အဖြစ် အသုံးပြုခဲ့ပါတယ်။ 'ဒီအချက်ကို ဓာတ်ပြားသွင်းတုန်းကတည်းက ကျွန်တော်တို့ သတိပြုမိခဲ့တယ်'လို့ Dukesက ပြောပြပါတယ်။ 'အဲဒါဟာ ကြေညာချက်တစ်ရပ် ထုတ်ပြန်ပါတယ်လို့ မပြောဘဲနဲ့ ထုတ်လိုက်တဲ့ ကြေညာချက်တစ်ခုပါပဲ'။

သူ့ရဲ့ ဖျော်ဖြေပွဲတွေမှာ သီဆိုတင်ဆက်တဲ့ *Something's Gotta Give* အမည်ရသီချင်းဟာ မူလက စွဲလမ်းလွန်းအားကြီးလို့ အဆိပ်သင့်ရတဲ့ ချစ်ခြင်းမေတ္တာအကြောင်း ရေးထားတာပါ။ သူက အဲဒီသီချင်းမှာ အာဖရိကန်-အမေရိကန် လူနေမှုအသိုင်းအဝိုင်းရဲ့ Black Lives Matter အမည်ရ လူမျိုးရေး ခွဲခြား အကြမ်းဖက်မှု ဆန့်ကျင်တဲ့ လူထုလှုပ်ရှားမှုနဲ့ #MeToo အမည်ရ အမျိုးသမီးအရေး လှုပ်ရှားမှုက ပုံရိပ်တွေကို အယ်လ်ဘမ်ထဲမှာ ၄၅ စက္ကန့်စာလောက် ထည့်သုံးတယ်။ နစ်ကိုတင်း၊ ဟီးရိုးအင်း၊ မော်ဖင်း စတဲ့ မူးယစ်ဆေးဝါး နာမည်တွေကို စာသားထဲမှာ ထည့်သွင်းရေးသား သီဆိုပြီး အစွဲအလမ်းကြီးတဲ့ အချစ်ကို မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲမှုပုံစံမျိုး ပုံဖော်တယ်။ ဒီသီချင်းကို ကျေးလက်ဂီတ အဆိုတော် Kane Brownက မူသစ်အဖြစ် ပြန်လည်သီဆိုတဲ့အခါမှာ လူတွေကို မူးယစ်ဆေးဝါး စွဲလမ်းမှုအကြောင်း သီဆိုပြဖို့ သွေးနှော ကျေးလက်ဂီတသမားတစ်ယောက်ကို အသုံးပြုခဲ့တယ်လို့ အဓိပ္ပာယ်ထွက်လာတယ်။ 'ဒီစာသားတွေအတွက် ကျွန်တော်တို့ တော်တော်လေး အတိုက်အခံလုပ်ခဲ့ရတယ်'။ Dukesက ပြောပြလာတာပါ။ 'ဓာတ်ပြားတိုက် အားလုံးနီးပါးလောက်နဲ့ အုပ်ချုပ်မှုအဖွဲ့ အားလုံးလိုလိုကို အတိုက်အခံလုပ်ပြီး ပြောပြခဲ့ရတာ။ သူ့ရဲ့ ပရိသတ်အခြေခံက ဘယ်လောက်ငယ်ရွယ်တဲ့ အရွယ်တွေလဲဆိုတာနဲ့ ပတ်သက်ပြီးတော့ပေါ့။ ကျွန်တော်တို့ကတော့ 'မဟုတ်ရပါဘူး။ ဒီစာသားတွေကို ကျွန်တော်တို့ ယုံကြည်ပါတယ်'လို့ ပြောရတယ်။ ဒီအချက်ဟာ ဒီဓာတ်ပြားဖန်တီးရတဲ့ ရည်ရွယ်ချက်ပဲလို့လည်း ရှင်းပြရတယ်'။ Cabello ကတော့ 'ကျွန်မ အယ်လ်ဘမ်ထဲမှာ ပါဝင်သမျှ သီချင်းတိုင်းရဲ့ တူညီတဲ့ ရည်ရွယ်ချက်က လူတွေနဲ့ စစ်မှန်တဲ့ ဆက်နွယ်ချက်ရဖို့ပဲ'လို့ ဆိုပါတယ်။

Levi's Stadium မှာ မကြာခင် တင်ဆက်မယ့် အကြိုပွဲမတိုင်မီ Cabello အဆင်သင့်ပြင်ပြီး စောင့်နေရမယ့် အခန်းထဲကို ခေါင်းထိုးကြည့်လိုက်တဲ့ မန်နေဂျာ Roger Gold ခမျာ ဘာမှပြင်ဆင်မထားရသေးတဲ့ Cabelloကို မြင်လိုက်ရလို့ ဘုရားတောင် တ,မိသွားရပါတယ်။ 'ဘုရားရေ၊ မင်း စိတ်များပြောင်းသွားလို့လား'။ Roger Gold ခေါင်းထဲမှာ အတွေးတွေ အပြေးအလွှားဝင်လာတယ်။ နေရာထိုင်ခင်း အဆင်မပြေဘူး ပြောရအောင်လည်း ရင်းနှီးပြီးသား နေရာဖြစ်နေတာပဲ။ ဒါပေမဲ့ နောက်တစ်ကြောင်းတွေးစရာက Cabello ရဲ့ တီးဝိုင်းသားတချို့က သူတို့မိသားစုတွေနဲ့အတူ ခရီးထွက်သွားကြတာ ရှိနေတယ်။ နောက်ထပ် အကြောင်းတစ်ခုကတော့ Cabelloကိုယ်တိုင်ပဲ ဖြစ်ပါတယ်။ သူက ဟောလိဝုဒ်ပါတီတွေကို သဘောမကျတဲ့သူ။ ကလပ်တွေဘာတွေ တက်တာ မကြိုက်ဘူး။ သူ့ရဲ့ ၂၁ နှစ်မြောက် မွေးနေ့ပွဲကိုတောင် အိမ်က ရေကူးကန်ဘေးမှာပဲ Dominoစားသောက်ဆိုင်က ပီဇာမုန့်ကိုစားပြီး ကျင်းပခဲ့တာပါ။ သူ့ရဲ့ မကောင်းတဲ့အကျင့်တွေက Oreos ချောကလက် ဘီစကစ်၊ ရုပ်ရှင်နဲ့ ရေချိုးရတာတွေကို ကြိုက်တာပဲလို့ ဆိုတယ်။ 'ရေချိုးရင်း ကြမ်းပြင်ပေါ်မှာထိုင်ပြီး ချိုးရတာကြိုက်တယ်'လို့လည်း ဆိုပါသေးတယ်။ သူ့ရဲ့ စိတ်လှုပ်ရှားခံစားမှုကိုလည်း အများနဲ့ မျှဝေတတ်သူပါ။ မနေ့ကတင် စာရေးသူနဲ့အတူ အီတာလျံစားသောက်ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာအတူစားကြတော့ သူက သူ့ကိုယ်သူ စိတ်နဲ့ကိုယ်နဲ့ မကပ်ဘဲ စာရေးသူရဲ့ ပန်းကန်ကို ယူစားလိုက်ပါသေးတယ်။ ပြီးတော့မှ သတိဝင်သွားပြီး သိပ်များရိုင်းပျသွားပြီလားလို့ တောင်းတောင်းပန်ပန်နဲ့ ပြောလာရှာတယ်။

အခုတော့ ဓာတ်စင်နောက်ဘက်အခန်းမှာ ထိုင်ရင်း စာရေးသူပေးထားတဲ့ မေးခွန်းတချို့ကို ဖြေပေးနေပါတယ်။ သူ မျှော်လင့်မထားလောက်တဲ့ မေးခွန်းတွေ ပါဝင်နေတာဖြစ်လို့ Googleပေါ်မှာ လိုက်ရှာပြီး ဖြေပေးဖို့ လုပ်နေပါတယ်။ ဝတ်ဆင်ခဲ့ဖူးသမျှထဲမှာ ရှက်စရာအကောင်းဆုံး ဖြစ်ခဲ့ရတဲ့ အရာကို မေးထားရာမှာ 'ငှက်တောင်နားဆွဲ'လို့ ဖြေပေးပါတယ်။ သူသိသမျှတွေထဲက အခြေအမြစ်မရှိဆုံး အချက်တစ်ချက် ပြောပြပါဆိုတဲ့ မေးခွန်းကိုတော့ 'လင်းပိုင်တွေက အုပ်ဖွဲ့ပြီး တခြားလင်းပိုင်တွေကို အကြမ်းဖက်တတ်ကြတယ် ဆိုတာပါ။ ရာနှုန်းပြည့် မသေချာပေမဲ့ ဒါက အဖြစ်မှန်တစ်ခုပဲထင်တယ်'လို့ ဖြေပေးပါတယ်။

Cabelloဟာ မိုင်ယာမီမှာပဲ မိဘတွေနဲ့အတူ နေထိုင်နေဆဲပါ။ သူကိုယ်တိုင်လည်း ငယ်ငယ်က တက်ခဲ့တဲ့ ကျောင်းဖြစ်သလို ညီမဖြစ်သူလည်း လက်ရှိတက်နေဆဲဖြစ်တဲ့ စာသင်ကျောင်းနဲ့ နီးရာတစ်နေရာမှာ အိမ်တစ်လုံးကို သူက ဝယ်ယူထားတာပါ။ အချိန်ရရင် ရသလို သူ့အိမ်ပြန်လေ့ရှိပါတယ်။ သူ့မှာ Thunder လို့ခေါ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ဂျာမန်ရှက်ပတ် အိမ်မွေးခွေးတစ်ကောင် မွေးထားပါသေးတယ်။

မကြာသေးခင်က သူ့ရဲ့ချစ်သူ (သူက နာမည်တော့ ပြောမပြပါဘူး)နဲ့ အတူနေရာ နေရာလေးမှာ သူ့ကို အမြင်အာရုံနဲ့ပတ်သက်တဲ့ လေ့ကျင့်ခန်းတစ်ခု လုပ်ကြည့်ဖို့ ပြောပြခဲ့တယ်လို့ သူကဆိုပါတယ်။ 'ရှင် ချစ်ရခင်ရတဲ့လူတွေက အဆောက်အအုံတစ်လုံးရဲ့ အပြင်ဘက်မှာ မတ်တတ်ရပ်နေကြပြီး သူတို့ကို ရှင်က စကားလှမ်းပြောဖို့ ကြိုးစားပေမဲ့ သူတို့က မကြားနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှင်က သေဆုံးပြီးသားလူတစ်ယောက် ဖြစ်နေလို့ပဲ'။ အဲဒီလိုမြင်အောင် အတွေးနဲ့ ခံစားကြည့်ရတဲ့ လေ့ကျင့်ခန်းရဲ့ ရည်ရွယ်ချက်က လုပ်လို့ရစဉ်မှာ မလုပ်ခဲ့တာတွေအတွက် ရတဲ့ နောင်တတရားကို ဆင်ခြင်မိစေဖို့ပါပဲ။ အသက်ရှင်သန် နေထိုင်ခြင်း မပြုနိုင်တော့တဲ့ ဘဝအတွက် နောင်တရစေဖို့ပါပဲ။ Cabello ကတော့ သူ့ရဲ့ အဘိုးအဘွားတွေဆီကို အချိန်ရရင် ရသလောက် အလည်အပတ်သွားမယ်လို့ ဆုံးဖြတ်ထားကြောင်း ပြောပါတယ်။ အားလပ်ရက် နှစ်ရက်လောက် ရတဲ့ အခါတိုင်း အိမ်ကို လေယာဉ်နဲ့ ပြန်ပါတယ်။ 'ဒါဟာ ဘဝပဲ'လို့ သူက ဆိုပါတယ်။ သူက အမေရိကန်တစ်ယောက်ဖြစ်တယ်ဆိုတာကလွဲလို့ ကျန်တာတွေ အားလုံးဟာ အိပ်မက်တစ်ခုအလားလက်ကိုဝှေ့ယမ်းရင်း ပြောလာတာပါ။

အိပ်မက်ကတော့ ဆက်ပြီး မက်နေရဦးမှာပါ။ Cabello က သူ့ဆံပင်ကို ကိုယ်တိုင်ပဲ ထုံးဖွဲ့လိုက်ပြီး Levi's Stadium ရဲ့ ပွဲတင်သံတွေရိုက်ခတ်နေတဲ့ အခန်းကူး စင်္ကြံလမ်းမထဲကို လျှောက်ဆင်းသွားပါတော့တယ်။ စင်္ကြံလမ်းကနေ ထွက်ရင်း ဖျော်ဖြေရေးစင်မြင့် ခင်းကျင်းထားတဲ့ အားကစားကွင်းပြင်ကြီးမှာ ပရိသတ်တွေနဲ့ တွေ့ဆုံနှုတ်ဆက်ဖို့ ပြင်ဆင်ထားတဲ့ နေရာတစ်ခုက မီးမောင်းတွေ၊ ကင်မရာတွေနဲ့ အဆင်သင့်စောင့်ဆိုင်းနေပါတယ်။ မျှော်လင့်ချက်တွေ အပြည့်အဝနဲ့ ပရိသတ်တွေက ဟောခန်းမမှာ တန်းစီရင်း ရင်ခုန်စောင့်စားနေကြပါတယ်။ Cabello က သူ့အတွက် သတ်မှတ်ထားတဲ့ နေရာကို ရောက်ရှိလာချိန်မှာ ပရိသတ်တွေက သူ့အနားကို တိုးကပ်လာကြပါတယ်။ တစ်ယောက်ပြီးတစ်ယောက် သူ့ရှေ့ကို တိုးကပ်လာကြပါတယ်။ စက္ကန့်ပိုင်းအတွင်းမှာပဲ သူ့ရှေ့ကို ရောက်ရှိလာရတဲ့အတွက် စိတ်လှုပ်ရှားမှုအပြည့်နဲ့ ပျော်ရွှင်ရင်ခုန်ခံစားနေကြပါတယ်။ Cabello ကတော့ လှိုက်လှိုက်လှဲလှဲ အပြုံးနဲ့အတူ တစ်ချက်မှ တုံ့ဆိုင်းခြင်းမရှိဘဲ သူ့ရဲ့လက်တွေကို ဆန့်တန်းကြိုဆိုပြီး ပရိသတ်ကို တစ်ယောက်ချင်း ဖက်လဲတကင်း ပွေ့ဖက်ကြိုဆိုနေပါတော့တယ်။ ■

ရာပြည့်

***Reference: Camila Cabello AMERICAN DREAM by Alex Morris, Photograghs by Peggy Sirota Rolling Stone Magazine.***





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ဖေ့တါမြှုလေး
## ဟာသံဝဝိတ်ညှိရှ

၁။

တောင်တန်းနှင့်
တောမြိုင်တို့
လှိုင်နေအောင် လွှင့်လျက်
ရှုမောဖွယ်အတိပြီးသော
နယ်စွန်မြို့ကလေး
တစ်မြို့တွင် သူရော၊
သူမ ပါ နေထိုင်ပါသည်။
အဆုံးမှ အစ
လိုက်လံရေတွက်ကြည့်
မည်ဆိုပါက
အိမ်လေးဆယ်ထက်
မပိုနိုင်သော
သူတို့မြို့ကလေး၏
လက်ငုတ်လက်ရင်း
လုပ်ငန်းမှာ
သစ်သီးဝလံနှင့်
ပန်းများ စိုက်ပျိုးခြင်းပင်
ဖြစ်ပါသည်။
သူမကိုလည်း
တစ်ခုသော
နံနက်ခင်း၏
နေမတောက်တတ်သေးချိန်
အနီရောင်
နှင်းဆီပန်းများနှင့်အတူ
တွေ့မြင်ခဲ့ခြင်း
ဖြစ်ပါသည်။
သူမကို စတွေ့သော
နံနက်ခင်းတွင်
လိုအပ်သည်ထက်
ပိုမို သင်းပျံ့သည့်
ပန်းရနံ့များ သူ ရ၏။
တောင်တန်းပြာပြာဆီမှ
ဖွဲခနဲ ပျံသန်းကာ
အနောက်ဘက်သို့
အစာရှာထွက်တော့မည့်
ငှက်ငယ်တစ်သိုက်၏
အတောင်ပံခတ်သံများကို
သူကြားရသည်။
အစိမ်းရောင်လွှင်လွှင်

အမှတ် ၃၄၅၊ ဩဂုတ်၊ ၂၀၁၈



www.burmeseclassic.com

www.burmeseclassic.com

သန်းသော တောင်ကမူ လမ်းကလေးမှာလည်း အရင် ထက် ပိုလှလျက်။ သူမ၏ မျက်တောင် ထူထူအောက်က မျက်လုံးကလေးနှစ်လုံးကို သူ ချစ်မိခြင်းလား။ ပြုံးရုံမျှ နှင့် မူးမေ့ချင်စဖွယ် နှုတ်ခမ်း ပါးပါးလျလျ တစ်စုံအား သူ ချစ်မိခြင်းလား။ သူမ၏ ကောက်ကြောင်းအလှကိုများ တွယ်တာမက်မောမိနေခြင်း လား။ မဝေခွဲတတ်။

ဝေလည်း မဝေခွဲ။ ချစ် မိသည်ကို ချစ်မိသည်ဟုသာ ပြတ်ပြတ်သားသားခံယူ ရင် ခုန်ပါမည်။ သေချာသည်မှာ ထိုနေ့က အစချီ၍ သူမ၏ ပုံရိပ်အထွေထွေက နေ့ည မရွေး သူ့စိတ်အတွင်းပိုင်းသို့ နက်နက်နဲနဲ ထိုးဖောက် ဝင် ရောက်နေခဲ့သည်လေ။ သူမ ၏ ခြေဖမိုးမို့မို့လေးကို သူ ရင်ခုန်သည်။

သူမ၏ ပခုံးပြင်ထက် ပေါ် ဖြာဖြာကျလာသော ဆံ နွယ်ရှည်များကို သူ ရင်ခုန် သည်။ ပန်းစည်းကလေး ပိုက်ထားရင်း တောင်ကမူ ပေါ် တက်လာသည့် တန်ဖိုး ခန့်မှန်း ဥပမာပေးရန်ပင် ခက် ခဲသော ခြေလှမ်းသွဲ့သွဲ့ ကလေးကို သူရင်ခုန်သည်။ သူမကို စ,မြင်ကတည်းက ရင်ခုန်ခြင်းတွေက များလွန်း ရဲ့။ နောက်ဆုံး ငါ ဘာ ကြောင့် သည်လောက် ရင်ခုန် မိနေပါလိမ့် ဆိုသော အတွေး တွေးမိကာ ထိုအတွေးနှင့်ပင် လိုက်ဖို့သွားသော သူ့ကိုယ် သူပင် အံ့သြတထိတ်ထိတ်။ အချစ်သည် ထိုသို့သော ခံစား ချက်အသစ်များကို အထိတ် တလန့် ပေးတတ် သည်

သူမ၏ မျက်တောင် ထူထူအောက်က မျက်လုံးကလေး နှစ်လုံးကို သူ ချစ်မိခြင်းလား ပြုံးရုံမျှနှင့် မူးမေ့ချင်စဖွယ် နှုတ်ခမ်း ပါးပါးလျလျ တစ်စုံအား သူ ချစ်မိခြင်းလား။ သူမ၏ ကောက်ကြောင်း အလှကိုများ တွယ်တာ မက်မော မိနေခြင်းလား မဝေခွဲတတ်

မဟုတ်လား။

❑

၂။

ဒုတိယအကြိမ် ဆုံသည့် အခါ သူမ အနားထိ သူရဲရဲ ဝံ့ဝံ့ ကပ်သွားခဲ့သည်။ ဒါ လည်း သူ့ကိုယ်ပိုင် ဆုံးဖြတ် ချက်တော့ မဟုတ်ပါ။ သူနှင့် အတူ မြို့ဈေးကို အမြဲ အဖော် လိုက်ပေးရသော သူငယ်ချင်း မိုးထက်၏ လှုံ့ဆော်မှုကြောင့် ဖြစ်ကြောင်း သူဝန်ခံရပါလိမ့် မည်။ ထိုနေ့က သူမသည် နှင်းဆီစည်းကြီးပိုက်ကာ ကမူ လမ်းအဆုံး ကားလမ်းမဘေး တွင် သူနှင့်အတူ မြို့ကား စောင့်နေခြင်း ဖြစ်ပါသည်။ သူမ၏ နံဘေးတွင်လည်း သူမအရွယ်သာသာ မိန်း ကလေးတစ်ဦးကို အဖော် အဖြစ် တွေ့ရသည်။ မတ် တတ်ရပ်နေရင်း မျက်တောင် ခတ်ရန်ပင် မေ့လျော့နေသည် အထိ ကြည့်မိနေသော သူ့ကို သူမ သတိထားမိသွားသည်။ သူမ၏လက်များက နံဘေး မှ သူငယ်ချင်းလက်မောင်းကို ဆုပ်ကိုင်လိုက်တာ သူ မြင်ရ သည်။

'ဟိုမှာ တစ်ယောက် ယောက် ကြည့်နေပါသည်' ဆိုသည့် သဘော။ သူလည်း အနည်းငယ် ထိတ်လန့်သလို ဖြစ်ကာ ယောကျ်ားတန်မဲ့ မျက်လွှာချမိပါသည်။ သူမ စိတ်များဆိုးသွားလေမလား၊ ရှက်သွားခြင်းလား။ ဘာမှန်း မသေချာသော်လည်း သေ ချာသည်မှာ သူ့ဘက်က သူမ ကို နောက်တစ်ကြိမ် ထပ်မံ ငေးမောရမည်ဆိုသည့် အချက် ပင်။ သူမကို ငေးကြည့် ရသည့် အချိန်ပမာဏကို သူ အားမရသေးပါ။ သူငယ်ချင်း မိုးထက်က ပြုံးသည်။ သူမ ကို နောက်တစ်ကြိမ် ခေါင်း မော့ကြည့်မိသည့်အခါ . . .။

တိုက်ဆိုင်စွာပင် သူ့ကို ကြည့်နေသော သူမ၏ မျက် ဝန်းနက်ကလေးကို လှစ်ခနဲ မြင်တွေ့လိုက်ရသည်။ သူ့ရင် ဘတ်ထဲ ရထားတစ်စီး ခုတ် မောင်းသွားခဲ့သည်။ သူမ သူ့ကို ကြည့်နေတာလား။ ဒါမှမဟုတ် သူပြန်ကြည့် မည့် အချိန်ကို စောင့်ဖမ်းခြင်း လား။ ဇဝေဇဝါပါ။ သို့သော် အပျော်ကတော့ ရင်ဘတ် တစ်ခုလုံး လှိုင်းလို လူးလွန့် နေခဲ့သည်။ ပတ်ဝန်းကျင် တစ်ခွင်လုံး နှင်းပွင့်များ ဖွဲခနဲ လွင့်ကျလာသလို။ အေးခနဲ။ ကျင်ခနဲ။ တစ်ခဏ။ ထိုတစ် ခဏ အချိန်လေးကို သူမ လက်ဆောင်ပေးခဲ့သည်ဟု သူကတော့ မှတ်ယူပါသည်။

သိပ်မကြာခင်မှာပဲ မြို့ ကား ဆိုက်လာလေသည်။ သူမတို့နှစ်ဦးသား ပန်းစည်း ကြီးကို ပင်တင်ကာ ကားပေါ် တက်သွားပြီ ဖြစ်ပါသည်။

'လာလေ ကောင်း ကောင်း'

မိုးထက်က ခေါ်သည်။ သူ ခေါင်းခါပြလိုက်၏။ သူ သူမနှင့် တစ်ကားတည်း ဆက်စီးဖို့ အင်အားမပြည့်ဝ သေးပါ။ နောက်တစ်စီးမှသာ လိုက်ပါတော့မည်။ သူတို့ နှစ်ယောက်သား မြို့ဈေးသို့ သွားရောင်းမည့် လိမ္မော်သီး တောင်းကလေး ဘေးချကာ ထွက်ခွာသွားသည့် ကားလေး ကို ငေးကြည့်နေမိသည်။ ကားပေါ်တွင် သူ့နှလုံးသား ပါသွားသည် ဆိုသည့် အကြောင်းကို သူငယ်ချင်း မိုး ထက်လည်း ရိပ်မိပါလိမ့် မည်။ သူမရော . . .။

မတ်တတ်ရပ်ကျန်နေခဲ့ သော သူ့ကို ကားပေါ်မှ မြင် ကွင်းဝေဝါးသွားသည်အထိ ငေးမောနေလိမ့်မည် ထင်မိ သည်။ ထိုနေ့က နေရောင် ဖြာကျနေပုံကပင် လှလွန်း နေ၏။

❑

၃။

တတိယအကြိမ်မှာ တော့ သူမမျက်နှာပေါ် သနပ်ခါးအဖွေးသား။ ထုံးစံ အတိုင်း ဝဲကျနေသော ဆံပင်



www.burmeseclassic.com

www.burmeseclassic.com

ရှည်များနှင့် ပကတိအလှတရား။ သည်တစ်ကြိမ် သူမကို တောင်ပေါ် စိုက်ခင်းတစ်ခုတွင် တွေ့ရခြင်း ဖြစ်ပါသည်။ အပြာကွက်စိပ်ကျားတီရှပ်ဖားဖားကြီးကို ဝတ်ထားပြီး ထဘီကို ဒူးအောက်ဘက်နားအထိ မ,တင်ထား၏။ ချစ်သောမျက်စိဖြင့် ကြည့်သည့်အခါ အရာရာကို အလှတရားဟုသာ ထင်မြင်တတ်ကြောင်း သူ ကောင်းကောင်းနားလည်မိနေပါသည်။ ဘယ်သို့ဝတ်ဝတ် သူမ လှသည်။ ဘယ်လိုနေနေ သူမ လှသည်။ သူ့အတွက် အဖြေက တစ်ခုသာ ထွက်ပါလိမ့်မည်။ မိုးထက်က သူ့ကို သူမအနား ကပ်သွားဖို့ မေးငေါ့ပြသည်။ သူ မဝံ့ရဲစိတ်ကို ဖျောက်ကာ ရှိသမျှအင်အားနှင့် သစ်သီးခူးနေသော သူမနံဘေး ကပ်ကာ ပြုံးပြလိုက်သည်။ သူ့အပြုံးကို သူမ အသေအချာ မြင်ပါလိမ့်မည်။

ထိုအပြုံး၏ အဓိပ္ပာယ်မှာ ခင်မင်နှစ်လိုမှုကိုပြခြင်း ဖြစ်ကြောင်းကိုလည်း သူမ ကောင်းကောင်းသိလိမ့်မည်။ သို့မဟုတ် သူ့အပြုံးသည် မိမိအား အသိအမှတ် တစ်ခုတလေ ပြုပေးရန် တောင်းဆိုသောအပြုံးတစ်ခုဖြစ်ကြောင်းကိုလည်း သူမ သဘောပေါက်နားလည်ပါလိမ့်မည်။ သို့သော်… သူမ ရုတ်တရက် တစ်ဖက်လှည့်သွားသည်။ သူမ၏ သူငယ်ချင်းကို လှမ်းကြည့်ပြီး ပြန်ဖို့ လက်ထောင်ပြတော့သည်။

'နွယ်… အေး အေး ပြန်မှာလား၊ ဘာလို့လဲ ဟ, ဩော်… အေးပါ၊ ညနေမှ

> **ငါ ဘာကြောင့်**
> **သည်လောက်**
> **ရင်ခုန်မိနေပါလိမ့်**
> **ဆိုသော**
> **အတွေး**
> **တွေးမိကာ**
> **ထိုအတွေးနှင့်ပင်**
> **လိုက်ဖို့သွားသော**
> **သူ့ကိုယ်သူပင်**
> **အံ့ဩ**
> **တထိတ်ထိတ်**
> **အချစ်သည်**
> **ထိုသို့သော**
> **ခံစားချက်**
> **အသစ်များကို**
> **အထိတ်တလန့်**
> **ပေးတတ်သည်**
> **မဟုတ်လား**

ပြန်လာတာပေါ့ လာသွားမယ်'

သူမ သူငယ်ချင်းက ပြောပြောဆိုဆိုနှင့် သူမ လက်ကို ဆွဲထွက်သွားလေသည်။ သူ တွေငိုင် လိုက်မောကာ ပင့်သက်အထပ်ထပ်နှင့် ကျန်ရစ်ခဲ့ပါသည်။ သူမ ဘာဖြစ်သွားပါလိမ့်ဟု နားလည်ရန်ခက်သော သူမမျက်ဝန်းများကိုသာ မြင်ယောင်ရင်း စိတ်မှိုင်းလူမှိုင်းဖြစ်နေခြင်းက လူကိုပါ နုံးချည့်စေပြန်သည်။ မျှော်လင့်ထားသည့်အတိုင်း ဖြစ်မလာခဲ့ခြင်းက သူ့အတွက် အနေရခက်စေသည်။ သူမနှင့် သူသည် အထူးတလည် ပြန်လည်ချည်နှောင်ရန်မလိုသော ကြိုးပါးပါးနှင့် ချည်ထားပြီးဖြစ်သည်ဟု သူ အထင်ရောက်ခဲ့ပါသည်။ တစ်နေ့က သူမြင်ခဲ့ရသော သူမ မျက်ဝန်းများအပေါ် ယုံကြည်မှု လွန်ကဲခဲ့မိသည့် သူ့ကိုယ်သူတော့ ရှက်မိပါသည်။ သူမ သည်လို အစိမ်းရောင်သန်းသွားလိမ့်မည်ဟုတော့ သူ အမှန်တကယ် မထင်မြင်ခဲ့ပါ။ သူငယ်ချင်းမိုးထက်က-

'မင်း အလုပ်လုပ်ဖို့ စိတ်မပါတော့ရင်လည်း ပြန်ကြတာပေါ့ကွာ' ဟု ဆိုသည်။

ထိုနေ့ညက သူ အိပ်မက်,မက်ပါသည်။ အိပ်မက်ထဲတွင် သူမက တွန့်ကွေးနေသော နှုတ်ခမ်းနှင့်။ ကြောက်မက်ဖွယ် မဲ့ပြုံးတစ်ခုကို ပြုံးရင်း သူ့ကို ကြည့်နေခဲ့သည်။ အလန့်တကြား နိုးထ,လိုက်ဖို့ကိုပင် သူ မချင့်မရဲ ။ သူမ၏ မျက်နှာကို ဘယ်လိုအနေအထားမျိုးမဆိုအားပါးတရ မှတ်သားနေဖို့ သူ့စေတသိက်က အလိုလိုပြင်ဆင်ပြီးသား ဖြစ်နေခဲ့လေသည်။

❑

၄။

'မိုးထက် ငါ့ကို ပြောတယ်၊ မင်း တောင်ပေါ်က ကောင်မလေး တစ်ယောက်ကို ကြိုက်နေတယ်ဆို'

အဖေ မေးသောမေးခွန်းကို သူ ခေါင်းညိတ်ပြလိုက်သည်။

'ကောင်မလေးက တော်တော်ချောပြီး ရိုးသားတယ်၊ ယဉ်ကျေးတယ်လို့လည်း ငါ ကြားတယ်'

သူ ထပ်မံ ခေါင်းညိတ်ပြလိုက်သည်။ အဖေက-

'လူငယ်တိုင်းက ရင်ခုန်တတ်ကြပါတယ် သား၊ အချစ်နဲ့တွေ့ဖို့ သားအရွယ်က အချိန်ကောင်းဆိုတာလည်း အဖေ နားလည်ပါတယ်'

အဖေ့နှုတ်ဖျားက ချီးမွမ်းပြောပြနေသော အကြောင်းအရာများအား သူ ကြားနေရသော်လည်း အဖေ့ မျက်နှာပေါ် ဝမ်းနည်းစိုးရွံ့ရိပ်များ ဖြတ်ပြေးနေတာ သူခံစားမိပါသည်။ အဖေ ဝမ်းနည်းနေမည်ဖြစ်ကြောင်း သူ လောင်းရဲသည်။

'သားရင်ထဲမှာ ဒီလိုပြည့်စုံတဲ့ တောင်သူတစ်ယောက်ကို ချစ်မိသွားတယ်ဆိုတာ လက်ခံရမယ့် အချက်ပါပဲ၊ ဒါပေမဲ့… ဒါပေမဲ့ သားလေးရယ်'

အဖေ့ဆက်ပြောမည့် စကားများကို သူကြိုသိနှင့်ပြီးသားဖြစ်နေကြောင်း အဖေ့ကို ပြောလိုက်ချင်သည်။ အဖေ့နှုတ်ဖျားက ဆက်ထွက်လာမည့် စကားကိုလည်း သူ တားဆီးချင်ပါသည်။ သို့သော်လည်း မလွယ်ကူပါ။

'သား… သားကို အဖေ မတားရက်ပေမဲ့ သားစဉ်းစားပါ။ အဲဒီ ကောင်မလေးကို သား ချစ်စကား ဘယ်လိုပြောမှာလဲ၊ အဲဒီကောင်မလေးကရော သားလို ဆွံ့အ,နေသူတစ်ယောက်ကို လက်ခံနိုင်ပါ့မလား သားရယ်'

သူ မကြားချင်ဆုံး စကားကို အဖေက ပြောဖြစ်အောင် ပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

တချို့ အမှန်တရားများသည် လက်ခံရန် အလွန်ခက်ခဲသော အမှန်တရားများအဖြစ် ဆိုးရွားစွာ တည်ရှိနေတတ်ပါသည်။ စကားမပြောနိုင်သော အ,အတစ်ယောက်။ မှန်ပါသည်။ ထိုအချက်ကို စေ့စေ့တွေးတိုင်း အားငယ်စိတ်ဝင်လွန်းသဖြင့် မေ့ဖျောက်ထားမိခဲ့၏။ သူပိုင်သော စိတ်ကူးယဉ် အိပ်မက်တချို့အား အဝေးသို့ အလွယ်တကူ လွှင့်ပစ်ရန် သူ့အတွက် အခက်ခဲဆုံးပင် ဖြစ်ပါသည်။ သူမကို သူ အလွန်ချစ်သည်။ ထိုစကားကို တစ်လောကလုံး မကြားသည့်တိုင် သူမကို ကြားစေချင်မိပါသည်။ အော်ပြောမိသည်။ သို့သော် မွေးရာပါ ဆွံ့အ,နေသော သူ့နှုတ်ဖျားများဆီက ထွက်ကျမလာနိုင်ဘဲ မျက်လုံးများဆီက မျက်ရည်အဖြစ် စီးဖြာရှာကျပါသည်။

'သားရယ် ကိုယ့်ဘဝကိုယ်သိတာ အကောင်းဆုံးပါပဲ'

အဖေ့စကားဆုံးတော့ ရင်ထဲတွင် စူနာမီတစ်ခု အိုင်ထွန်း ဖြစ်ပေါ်သည်။ နာကျင်မှုက စေးစေးပိုင်ပိုင်။

❑

၅။

ထိုနေ့မှ စ၍ သူ မိုးထက်နှင့် လိုက်မသွားတော့ပါ။ သူမနှင့်လည်း မတွေ့အောင် ရှောင်နေခဲ့ပါသည်။ ညသည် ညအတိုင်း၊ မနက်သည် မနက်အတိုင်း စီးဆင်းရင်း တောင်တန်းပြာပြာများသည်လည်း အပြာရောင်အတိုင်း မှိုင်းမှိုင်းဝေနေဆဲ ဖြစ်ပါသည်။

သူမနှင့်
သူသည်
အဝေးတလည်
ပြန်လည်
ချည်နှောင်ရန်
မလိုသော
ကြိုးပါးပါးနှင့်
ချည်ထားပြီး
ဖြစ်သည်ဟု
သူ အထင်
ရောက်ခဲ့ပါသည်
တစ်နေ့က
သူမြင်ခဲ့ရသော
သူမ
မျက်ဝန်းများအပေါ်
ယုံကြည်မှု
လွန်ကဲခဲ့မိသည့်
သူ့ကိုယ်သူတော့
ရက်မိပါသည်

သူမနှင့် မတွေ့ရသော နေ့များတွင် သူမကို အလွန်လွမ်းမိကြောင်းကိုတော့ သူ ဝန်ခံချင်မိ၏။ အခြေအနေဘဝချင်း ကွာခြားလွန်းသူမို့ အိပ်မက်ကို အိပ်မက်အတိုင်း ထားခဲ့ရန်သာ တတ်နိုင်သော်လည်း တစ်ခါတစ်ရံတော့ သူမမျက်နှာလေးကို သည်းသည်းလှုပ် မြင်ချင်တွေ့ချင်နေမိသည်။

တစ်နေ့တော့ မိုးထက်မရှိစဉ် စက်သုံးဆီဝယ်ရန် သူ မြို့ကားလမ်းသို့ ဆီပုံးအလွတ်တစ်လုံးနှင့် ထွက်လာမိသည်။

ကံတရားက တိုက်ဆိုင်စွာ ဖန်တီးပေးခြင်းဟု ဆိုရတော့မလို။ သူမကို သူမ၏ သူငယ်ချင်းနှင့် တွဲလျက်အတူ မျက်နှာချင်းဆိုင် ဆုံခဲ့ပါသည်။ သူမက ဂျင်းပြာပြာနှင့် လိမ္မော်ရောင်အင်္ကျီပါးပါးကို အချိုးကျကျ တွဲဝတ်ထားသည်။ သူ မျက်လွှာချ ခေါင်းငုံ့ ဆက်လျှောက်ခဲ့သည်။ ထိုအပြုအမူအတွက် သူမ အဆင်ပြေလိမ့်မည် ထင်ပါသည်။ သူ့ကို လူကြီးလူကောင်းဆန်သည်ဟု တွေးပေးနေမည်လား။ သူငယ်ချင်း၏လက်ကို ပုတ်ကာ သူ့ကို လက်ညှိုးထိုး ရယ်မောနေမည်လား။ ခေါင်းငုံ့ထားရင်းကပင် သူမနှင့် ပတ်သတ်သော အတွေးစ,ကို တွေးဖြစ်အောင် တွေးနေမိသည်။ စွဲလမ်းမှုပြဿနာဟု ဆိုရမည်။ သူမကို မြတ်မြတ်နိုးနိုး ချစ်ခင်စုံမက်နေသော လူတစ်ယောက်မှာ မွေးရာပါ စကားမပြောနိုင်သော အ,အ တစ်ယောက်ဖြစ်ကြောင်းသာ သူမ သိခဲ့ပါမူ ရက်ရွံ့သိမ်ငယ်နေပါလိမ့်မည်။ ခေါင်းငုံ့ရှောင်လွှဲရခြင်းအတွက်တော့ သူ နောင်တ မရတော့ပါ။ အချစ်ဆိုသည်မှာ အချိန်တန်လို့ ပွင့်လာတဲ့အခါ ဘယ်လိုမှ မပွင့်ဝေအောင် တားမရနိုင်တော့သော ပန်းတစ်ပွင့်ဖြစ်ကြောင်း သူမကို သိစေချင်မိပါသည်။ အချစ်ဆိုသော ထိုပန်းပွင့်အား သူ့ ရင်ထဲတွင် သူ့အသံများလို တိတ်ဆိတ်စွာ ဖူးပွင့်နေရှာသော သူတတ်နိုင်တော့သည် မဟုတ်လား။

'ဟိုလူ… ဟိုလူ'

အသံကြားရသည်။ ထိုအသံမှာ သူမ သူငယ်ချင်း၏ အသံမှန်း သူ ကောင်းကောင်းသိပါသည်။

'ဟိုလူ ဆီပုံးကိုင်ထားတဲ့လူ၊ ရှင့်ကို ခေါ်တာ'

သူ လှည့်ကြည့်မိသည်။ သူမက သူမ သူငယ်ချင်း၏ လက်မောင်းကို ဆုပ်ကိုင်ရင်း ခေါင်းကလေးငုံ့ကာ နှစ်ယောက်သား သူ့ဆီ တန်းတန်းမတ်မတ် လျှောက်လာကြသည်။ (သူ အထင် မမှားဘူးဆိုပါက) သူမ၏ အမူအရာမှာ တစ်စုံတစ်ရာကို ရှက်သွေးဖြာနေသည့် ပုံပေါက်နေပါသည်။ သူ့ ရင်ထဲ ရုတ်တရက် ဂယက်တစ်ခု ထ,ပွက်ရပြန်သည်။ သူမတို့ နှစ်ဦးသား ပိုမို နီးကပ်လာကြလေပြီ။

'ဘုရား… ဘုရား ဘာပါလိမ့်'

သူ့ စိတ်ထဲက ရေရွတ်မိပါသည်။ နဖူးကို ပြန်စမ်းမိတော့ ချွေးစေးများအပြည့်။

❑

၆။

'ရှင့်နာမည် ကိုကောင်းကောင်းဆို၊ ဟုတ်လား'

သူ ခေါင်းညိတ်ပြလိုက်သည်။

'ရှင့်ကို အခုတလော သိပ်မတွေ့လို့ ကျွန်မ သူငယ်ချင်းက မေးနေတာနဲ့လေ အဲ့ဒါ'

သူမက သူမ သူငယ်ချင်း၏ စကားကြောင့် ရှက်သွေးဖြာပြီး လက်မောင်းကို ဖိဆိတ်လိုက်တာ မြင်ရသည်။ သူမ သူငယ်ချင်းက ဆက်ပြောသည်။

'ရှင့်သူငယ်ချင်း မိုးထက်က ကျွန်မကို ပြောပြ

www.burmeseclassic.com

www.burmeseclassic.com

ထားတယ် သိလား။ ရှင့်ရင်ထဲက ကျွန်မ သူငယ်ချင်း အပေါ် ဘယ်လိုဆိုတာ'

မိုးထက် ဖော်ကောင်လုပ်ထားခဲ့ လေပြီ။ သူ့ခံစားချက်များ ရှုပ်ထွေးပေပွနေပါပြီ။ သူ့ကို စကားတွေ တစ်ခွန်းပြီးတစ်ခွန်း လာပြောနေသော သူမ၏ သူငယ်ချင်းကို ခွန်းတုံ့မပြန်နိုင်ကြောင်း သူမတို့ကို ရှင်းပြရန်ခက်သည်။

သူ ရင်တွေ ပြောင်းပြန်ဖောက်ထိုးဖြစ်လို့နေသည်။ သည်ရုပ်ရှင်ကို ဆက်က,နိုင်စွမ်းမရှိသော သူ့အတွက် အကျပ်တည်းဆုံး အခိုက်အတန့် ဖြစ်ကြောင်း သူမကို နားလည်စေချင်သည်။

စီရီ ပစ်လွှတ်သော မေးခွန်းများအတွက် သူ့တွင် ဖြေစရာ အသံမရှိပါ။

'ရှင်က စကားနည်းတယ် ထင်တယ်နော်'

သွားပြီ။တစ်ကိုယ်လုံး ထူပူရပြီ။ သို့သော် ထိုမေးခွန်းကို ခံနိုင်ရည်ရှိရမည်။ အမှန်တရားကို ဖုံးကွယ်ထားဖို့ မဖြစ်နိုင်ပါ။

မိုးထက်မှာ သူ့ခံစားချက်ကိုသာ ပြောပြထားပုံရပြီး သူ့အခြေအနေမှန်ကို ဖုံးကွယ်ထားဟန် ရှိပါသည်။ မည်သို့ဆိုစေ ကာယကံရှင်ဖြစ်သော သူက ရဲရင့်ရပေလိမ့်မည်။ သူ ရှိသမျှ အင်အားနှင့် ခေါင်းကို မော့လိုက်သည်။ ထို့နောက် သူ့နှုတ်ခမ်းသူ လက်ဖြင့်ထောက်ကာ ခေါင်းကို တွင်တွင်ခါပြလိုက်ပါတော့သည်။ ထင်သည့်အတိုင်း အံ့သြရိပ်များကို မြင်လိုက်ရပါသည်။ သူ မျက်ရည်ကျမိသည်။ သို့သော် ခေါင်းငုံ့ကာ တိတ်တဆိတ်ကျခြင်းကြောင့် သူမ မမြင်ဟု တွေးမိသည်။ လက်ညှိုးကို ရှေ့တူရှူသို့ ထိုးပြ၍ သူသွားတော့မည်ဖြစ်ကြောင်း အသံတိတ် နှုတ်ဆက်လိုက်ပါသည်။ အရာရာကို ပြီးပါပြီဟု စာတန်းထိုးလိုက်သလို ရုပ်ရှင်လေးက ဇာတ်သိမ်းလေပြီ။

သူ... လေးတွဲ့တွဲ့ လျှောက်လာခဲ့တော့သည်။

'ဟိတ် ဟိုလူ... ဟိုလူ'

ခေါ်သံ ကြားရပြန်သည်။ သူလှည့်မကြည့်ဖြစ်ပါ။

'ဟိတ် စကားမပြောတတ်တဲ့လူ ဒီမှာ'

သူ့ကို ဘာကြောင့် ဆက်တိုက်ပြန်ခေါ်နေမှန်း မသိပါ။ ရိုင်းရာကျသွားမှာလည်း စိုးသည်။ ထို့ကြောင့် သူ လှည့်ကြည့်လိုက်မိပါသည်။

'ဟိုလေ ကျွန်မ သူငယ်ချင်း နှယ်လေးက ရှင့်ကို မိတ်ဆက်ချင်လို့တဲ့'

သူ အံ့သြမိသည်။ စကားမပြောတတ်သော သူ့ကို မိတ်ဆက်ချင်သည်တဲ့လေ။ ပြောပြောဆိုဆိုနှင့်ပင် သူမ ကျွန်တော့်ရှေ့သို့ လာရပ်ပါသည်။ သူမသူငယ်ချင်းက နံဘေးမှ ဇာတ်ပို့သည်။

'ဟဲ့... နှယ်လေး ပြောလိုက်လေ'

သူမ သူငယ်ချင်း၏ စကားအဆုံးတွင် သူမ၏ လက်ညှိုးလေးက ကျွန်တော့်ဘက် ထိုးသည်။ နောက် သူ့ကိုယ်သူ ပြန်ထိုးသည်။ နောက် လေထဲတွင် လက်နှစ်ဘက်မှ လက်ညှိုးတစ်ခုစီက လာပူးကပ်ပြ၏။ ပထမတော့ သူ ကြောင်သွားမိသည်။ နောက်မှ သူမ၏ လက်ဟန်ခြေဟန်အရ ခင်မင်ဖို့ တောင်းဆိုခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်မိသည်။ ထပ်မံအံ့သြရသည်မှာ သူမက သူ့လို လက်ဟန်ခြေဟန်နှင့်သာ ပြောသည်။ သူလည်း သူမဘက် လက်ညှိုးထိုးကာ သူ့နှုတ်ခမ်းနှစ်လွှာထိပ် လက်ညှိုးလေးပြန်တေ့၍ လက်သီးဆုပ်ကလေးလုပ်ကာ ခါပြလိုက်ပါသည်။ အဓိပ္ပါယ်ကတော့-

'နင်ရော စကားမပြောတတ်တာလား' ဟူသည့် သဘော။

သူမက ရုတ်တရက်ဆိုသလို ခေါင်းညိတ်ကာ ရှက်သွေးဖြာလို့ နေပါသည်။ အိပ်မက် မဟုတ်ပါ။ သူ အလွန်ပျော်မိသည်။ အရာရာသည် လင်းဝေထင်းရှင်းစွာ။ သူနှင့် သူမ။ အနားညီ။ ပျော်သည်ထက်ကို ပိုပျော်ပါသည်။ စကားပြန်လည်း မလို။ အကြောက်တရားလည်း မလို။ အဆင့်အတန်း မလို။ သူ ခြေဖျား လက်ဖျားများ တုန်ယင်လာသည်အထိ လှိုက်ဖိုမိလာသည်။ မိုးထက်ကို ပြန်ပြောပြရမည်။ အဖေ့ကို ပြန်ပြောရလိမ့်မည်။ တစ်လောကလုံးကို ပြန်ပြောပြရမည်။

သူတို့နှစ်ဦး၏ အသံတိတ်ရုပ်ရှင်ကလေးက ယခုမှ စ,သည့်အကြောင်း။ ■

**မောင်သြလေး**

ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၁...
E-mail:
nyeinfamil...gmail.com



www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ မောင်သော်က၏ အမှာစာတစ်ခုတွင်

မေတ္တာရကြပါစေကုန်…

မေတ္တာရှိကြပါစေကုန်…

မေတ္တာထားနိုင်ကြပါစေကုန်…

ဆိုသော ဖတ်ထား မှတ်ထားတာကို သတိရ၍ လွမ်းမိသည်။ ဇွန်လ၏ အမှတ်တရများစွာထဲတွင် ဆရာ မောင်သော်က ကွယ်လွန်သောရက်ကလည်း အမှတ်တရရှိလှသည်။ ဆရာကို နှစ်ကြိမ်၊ သုံးကြိမ်လောက်ပဲ မြင်ခဲ့တွေ့ခဲ့ဖူးပြီး ဆရာ့စာတွေကိုတော့ မိမိသဘောကျလှ၏။ **လင်ပန်းစနစ်ကို ဝေဖန်ခြင်း** တို့၊ **အရက်ညှိုညို ဆိုင်အိုအို** ဆိုသည့် ဆောင်းပါးတို့က သရော်စာကောင်းလှ

သူ့ထံ လိုက်သွားတတ်ပြီး

သူ့သင်တန်းများကို

အဖော်အဖြစ်

လိုက်လေ့ရှိသည်။

တစ်ရက်တွင်

သူ သင်တန်းတက်သော

ကြည့်မြင်တိုင်ဘက်ရှိ

တစ်ထပ်တိုက်လေးကို

ရောက်သွားသည်။

သင်တန်းက အိမ်ထဲတွင်

သင်နေခြင်းဖြစ်၍

ကျွန်တော် အိမ်ရှေ့

ဆင်ဝင်အောက်မှာ

ထိုင်စောင့်နေမိသည်။

သူတို့ သင်တန်းခန်းကို

# အလွမ်း ၁၀၃



၍ ယမကာလုလင် ကျွန်တော်တို့ စောင့်ဖတ်ခဲ့ရသော စာများဖြစ်ပြီး **ပို့သခဲ့သော မေတ္တာများ** စာအုပ် ထွက်တော့လည်း တဝကြီး ဖတ်ဖြစ်ခဲ့သည်။

❑

ကျွန်တော် ရန်ကုန်တွင် သောင်တင်နေပြီး ယောင်ချာချာဖြစ်နေသည့် အခါ၌ သဃ်န်းကျွန်း သာဓုခြံရှေ့ရှိ နတ်စင် မှတ်တိုင်ဝန်းထဲ၌ရှိသော သူငယ်ချင်းအိမ်၌ နေခဲ့စဉ်က ငယ်သူငယ်ချင်း မောင်မောင်သိန်းကလည်း သဘော်တက်ဖို့ ကြိုးစားနေပြီး သူက သင်တန်းတွေ လိုက်တက်နေတတ်သည်။ ကျွန်တော်က ပျင်းလျှင် သဃ်န်းကျွန်းမှနေ၍

လှမ်းမြင်နေရသည်။

စာသင်သည့် ဆရာကို

လှမ်းကြည့်တော့

ထောင်ထောင်

မောင်းမောင်းနှင့်

ခေါင်းတစ်ဖက် စောင်းကာ

စာသင်နေသည်။

ထိုဆရာ

ကျွန်တော်ထိုင်သည့်ဘက်သို့

လှည့်လာသည့်အခါ

နှုတ်ခမ်းမွေးနှင့်ဆရာကို

မြင်ဖူးသလိုရှိနေ၍

ပြန်စဉ်းစားနေမိသည်။

ဟာ… ဆရာ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မောင်သော်ကပဲဟု နှုတ်က ယောင်ပြီး ထွက်မိသည်။ ကိုယ်ကြိုက်သော စာရေးဆရာ၊ မန္တလေး မီးရထားစာကြည့်တိုက် ဟောပြောပွဲမှာ နားထောင်ဖူး၍၊ ရေးသူဖတ်သူ ဟောပြောပွဲမှာလည်း နားထောင်ခဲ့ဖူး၍ ဆရာ့ကို မှတ်မိနေသည်။ ဆရာ့ကို ထိုပွဲ၌ စာဖတ်သူတစ်ဦးက ဆရာ၏ **တိုက်ရေယာဉ် ၁၀၃** စာအုပ်ကို သင်္ဘောပျက်ပြီး နှစ်ကြာမှာ ရေးဖြစ်သည့်အကြောင်းကို မေးမြန်းရာ ဆရာက '**တိုက်ရေယာဉ် ၁၀၃** က တကယ့် အဖြစ်အပျက်ကို ရေးထားတာ အဖွဲ့လိုက်အကြောင်းကို ရေးရတာ ဆိုတော့ ဆရာတို့မှာ လူမျိုးစုံပါတယ်။ စရိုက်မျိုးစုံနဲ့ စိတ်ဓာတ်တွေက အမျိုးမျိုးမို့ တချို့ကိစ္စတွေက အရှိအတိုင်း၊ အမှန်အတိုင်း ရေးဖို့ခက်တယ်။ တစ်ဖက်သားရဲ့ ကိုယ်ရေးကိုယ်တာ ထိခိုက်မှာ၊ ကျန်ရစ်သူတွေရဲ့ ဂုဏ်သိက္ခာ ဆိုတာလည်း ရှိသေးတယ်။ ဒါကြောင့် ချင့်ချင့်ချိန်ချိန် ချိန်ဆနေရတာမို့ နည်းနည်းကြာသွားတယ်' ဟု ဆရာ ဖြေသွားသည်ကို မှတ်မိနေသည်။ ကိုယ်ကိုယ်တိုင် စာရေးဆရာဖြစ် လာတော့လည်း ထိုစဉ်က ပြောခဲ့တာ လေးကလည်း ယနေ့အချိန်အထိ ခေါင်းထဲရှိနေသည်မို့ စဉ်းစားချင့်ချိန်မရေးဖြစ်ခဲ့သော စာများလည်း ရှိသည်။

❑

ဆရာ ဦးဝင်းတင်၏ **ဘာလဲဟဲ့ လူ့ငရဲ** စာအုပ်ထွက်တော့လည်း ဆရာက ထောင်တွင်းက မောင်သော်က အကြောင်းများကိုလည်း ထည့်ရေးခဲ့သည်။ သူပြောသည့် စကားတွေထဲမှာ ကျွန်တော် မှတ်မိတာလေးတွေရှိသည်။

*'အီဗာက ခင်ဗျားကို ခင်တယ်ဗျ။ သူက ဗိုလ်မင်းခေါင်တို့နဲ့လည်း ရင်းတယ်။ ခင်ဗျားကို ထမင်းစားဖိတ်ခိုင်းတာ။ ခင်ဗျားက မန္တလေးရောက်နေတာကိုး'။*

*ဟုတ်တယ်၊ အီဗာက ကျွန်တော်နဲ့ လေပေးဖြောင့်တယ်။ သူတို့လင်မယားနေတဲ့ ကြည့်မြင်တိုင် စလင်းကွင်းနားက အိမ်ကို ကျွန်တော် ရောက်လေ့ရှိတယ်။ ဘီတီကြီးတိုက်တဲ့ ဖျော်ရည်သောက်၊ အီဗာကျွေးတဲ့ ထမင်းပေါ့လေ။ အီဗာက မြိတ်သူ၊ ဟင်းချက်ကောင်း၊ အီဗာဆိုတာ ဘီတီကြီးရဲ့ဇနီး၊ ဘီတီကြီးက သူ့ဇနီးကို သိပ်ချစ်တာ။ မြတ်နိုးတယ်ဆိုရင် ပိုမှန်မယ်။ အီဗာကလည်း ဘီတီကြီးကို တကယ်လည်း အလိုလိုက် အကြိုက်ဆောင်ပေသကိုး။ နောက်တစ်ကြိမ် ဘီတီကြီးနဲ့ ထောင်ဝင်စာမှာ တွေ့တယ်။ သူရော ကျွန်တော်ပါ ခေါင်းစွပ်ကိုယ်စီနဲ့။ သူ့အသံ ကျွန်တော် မှတ်မိတယ်။ ထောင်ဝင်စာ ရုံကလေးက ညွှန်မှူးရုံးဘေးမှာ ကပ်ဆောက်ထားတဲ့ ခြောက်ပေ၊ သုံးပေအရွယ် သွပ်မိုးတဲကလေး။ သူစကားပြောပြီးချိန် ကျွန်တော် တဲနားကပ်သွားတယ်။ သူနဲ့ ခဏတစ်ဖြုတ် စကားဆုံလိုက်ရတယ်။*

*'ကိုဝင်းတင်ရေ... အီဗာ ဆုံးပြီဗျာ'*

*'ဟာ... ဘယ်လိုဖြစ်တာလဲ'*

*'ဒါတွေ ပြောမနေနဲ့တော့။ ကျုပ်စိတ်နဲ့ သေရရှာတာဗျာ။ ကျုပ်ထောင်က လွတ်ရင် သူ့ကို ကြီးကြီးမားမား ဂုဏ်ပြုချင်သဗျာ'*

*'အင်း'*

*ကျွန်တော် အင်းလိုက်ရုံပဲ လုပ်နိုင်တယ်။*

*'ကျုပ် သူ့လို ခရစ်ယာန်လုပ်ရင် သူပျော်မှာဗျ။ သူ့ကို မြတ်မြတ်နိုးနိုး ဂုဏ်ပြုရာလည်းရောက်မှာပေါ့ဗျာ'*

*'အင်း'*

*ဘီတီကြီးနဲ့ နောက်ထပ်မဆုံဖြစ်တော့ပါ။*

❑

၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲပြီးတော့ NLD က သောင်ပြိုကမ်းပြိုနိုင်သည်။ နိုင်ငံရေး လှိုင်းတံပိုးကြီး ပြင်းထန်လွန်းလှသည်။ ကျွန်တော့်အစ်ကိုကလည်း NLD ပါတီက ရမည်းသင်းလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရမည်းသင်းမှာ အနေများနေရသည်။ ထိုအချိန်က ဥက္ကဋ္ဌလုပ်သူ ဦးတင်အေးမှာ ကျွန်တော့်အမေအိမ်မှာနေတော့ အစ်ကိုမရှိလျှင် အိမ်နှင့် အမေ့အိမ်ကို ကူးချည်သန်းချည်နေရသည်။ ကျွန်တော်က နိုင်ငံရေးသမားမဟုတ်သော်လည်း ကျွန်တော့်ဆိုင်မှာက မိုးလင်းသည်နှင့် စုရပ်လိုဖြစ်လာသည်။ ကျွန်တော့်ဆိုင်က သူတို့ ဂရုစိုက်စရာဖြစ်လာသည်။ ဘာသာရေး၊ လူမှုရေးတိုက်ခိုက်မှုတွေက ဝင်လာသည်။ ဘေးပယောဂတွေများလာတော့ မိသားစုတွင် ပြဿနာရှိလာသည်။ အစတော့ ကျွန်တော်ကလည်း နားမလည်၊ သဘောမပေါက်တော့ ဖြေရှင်းပုံတွေမှားပြီး နောက်ကွယ်မှ ပြဿနာများကို သိရသည်။ အချိန်မီ ဆင်ခြင်နိုင်ခဲ့၍ မောင်နှမဆက်ဆံရေးဖြင့် အိမ်ထောင်ရေးကိုထိန်းခဲ့ကြသည်။ လက်တွဲမဖြုတ်ဘဲ နှစ်လရှည်စွာ ရိုးမြေကျနေခဲ့သည်မှာ သူကွယ်လွန်သည့်အချိန်၌ ကျွန်တော့်ရင်ခွင်၌သာ ဖြစ်သည်။

ထောင်တွင်း၌ ရက်စက်ကြမ်းကြုတ်မှုတို့ဖြင့် ရင်ဆိုင်ခဲ့ရသလို ထောင်ပြင်၌ ကြမ်းတမ်းသော လောကဓံကို ခံစားရသော မိသားစုများ၏ ဒုက္ခတွေကလည်း မလျော့မပါး။ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေး ထိုးနှက်ချက်တွေကလည်း ရက်စက်လှသည်။ ကံကောင်းထောက်မစွာ သားသမီးများ၏ ပညာရေးကို မထိမပါးထားနိုင်ခဲ့သည့် ဇနီးသည်၏ ဒုက္ခသုက္ခကလည်း နည်းသည့်ဒုက္ခ မဟုတ်ခဲ့။ ကြမ်းတမ်းသည့် ဘဝခရီးကို ရင်ဆိုင်ခဲ့ကြသည့် သူမကရောင်ခြည်သဲ့သဲ့မြင်ရတော့ မရှိတော့ပြီ။

❑

ဆရာ မောင်သော်က၏ စာများ၌ သရော်စာကောင်းတစ်ခုသာမဟုတ် ပသူ တတ်လျှင် ပညာရသောစာများဖြစ်၍ အကျိုးရှိသည့် စာပေလက်ရာများ ဖြစ်သည်။ ကျေးဇူးရှင်နှင့် ကျေးဇူးတရား သင်ခန်းစာများက ကျွန်တော်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

လည်း မာနကြီးသည်မဟုတ်ဘဲ နီးနီးကပ်ကပ် မနေတတ်၊ မထိုင်တတ်။ ဂါရဝနည်းသည် မဟုတ်သော်လည်း ကပ်ရပ်ပေါ်လာထားသလိုဖြစ်မှာစိုး၍ ဝေးဝေးနေတတ်သည့် အကျင့် က မကောင်းကြောင်း သင်ခန်းစာတွေရသော်လည်း ကျွန်တော် မပြင်မိခဲ့သဖြင့် ကျောပေါက်အောင်ခံခဲ့ရသည်လည်း များလှပေ၏။ နှစ်စဉ် ဇွန်လရောက်တိုင်း မောင်သော်က သတိရခြင်းဝေဒနာက ထိပ်ဆုံးရောက်သည်။ တစ်ခါတစ်ရံ **'သူ့ကို မြတ်မြတ်နိုးနိုး ဂုဏ်ပြုရာလည်းရောက်မှာပေါ့ဗျာ'** ဆိုသော အသံက ရင်ဝကို လာဆောင့်တတ်သည်။

❑

ကျွန်တော် မောင်သော်ကကို နောက်ဆုံးတွေ့လိုက်ရသည်က ရွေးကောက်ပွဲစည်းရုံးရေးကာလအချိန်က ဖြစ်သည်။ မန္တလေး၌ ကျွန်တော် နံနက်ခင်းလမ်းလျှောက်ထွက်လာသောအခါ အိမ်ရှေ့တွင် တံမြက်စည်းလှည်းနေသည့် ယောက္ခမကြီးနှင့်တွေ့၍ ခေတ္တစကားပြောနေစဉ် ခေါ်သံကြား၍ လှည့်ကြည့်ခဲ့ရာ ရှမ်းဘောင်းဘီနှင့် ပင်နီတိုက်ပုံ ဝတ်ထားသည့် ဆရာ မောင်သော်ကကို တွေ့ခဲ့ရ၍ အံ့ဩသွားသည်။ ဘယ်က ရှမ်းအဘိုးကြီးလဲ ထင်နေရာမှ သူတို့ အိမ်ထဲဝင်သွားတော့ ကျွန်တော် လမ်းလျှောက်ဆက်ထွက်ခဲ့သည်။ နောက်ဆုံးတွေ့ခဲ့ခြင်းဖြစ်သည်။

မိမိကိုးကွယ်ရာဘာသာ သရဏဂုံ မပျက်ယွင်းအောင် နှစ်ယောက်စလုံး စောင့်ထိန်းနေထိုင်ခဲ့ကြသော်လည်း မြတ်မြတ်နိုးနိုး ဂုဏ်ပြုချင်စိတ်တွေဖြစ်လာတတ်သည်ကတော့ အမှန်ပင်ဖြစ်သည်။

မေတ္တာရကြပါစေကုန်...

မေတ္တာရှိကြပါစေကုန်...

မေတ္တာထားနိုင်ကြပါစေကုန်...

ဤစာဖြင့်သာ ဆရာ့ကို ကြည်ညိုမြတ်နိုး လေးစားစိတ်ဖြင့် ဦးညွတ်မိသည်။ ■

**ရွှေနောင်ရိုး၊မန္တလေး၊**

# အသိပေး ကြေညာချက်

၁။ စာရေးဆရာမ စုသဲမွန် ရေးသားသည့် **မြက်ပင်ကလေးရဲ့ အရိပ်** ဝတ္ထုတိုကို ရွှေအမြုတေမဂ္ဂဇင်း အမှတ် ၃၄၃၊ ၂၀၁၈ ဇွန်လထုတ်တွင် ဖော်ပြခဲ့ပါသည်။

၂။ အဆိုပါဝတ္ထု၏ ဇာတ်အိမ်၊ ဇာတ်လမ်းဇာတ်ကွက်ကို မူရင်းစာရေးသူ ဆရာမ စုသဲမွန်၏ ခွင့်ပြုချက်ရယူခြင်း၊ သဘောတူညီမှု ရယူခြင်း၊ ဝန်ခံချက်ဖော်ပြမှု မရှိခြင်းတို့ဖြင့် ဖော်ပြထားသည့် **လေဆန်ငှက်ရဲ့ မနက်ဖြန်** ခေါင်းစဉ်ပါ ဝတ္ထုတိုတစ်ပုဒ်ကို ၂၀၁၈ ဇူလိုင် ၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ မျိုးဆက်သစ်ရင်ပြင်ကဏ္ဍတွင် မြတ်မင်း(ခြံကြီး) ကလောင်အမည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၃။ ဤသို့ပြုလုပ်ခြင်းသည် သူတစ်ပါး၏အတွေးအခေါ်၊ အယူအဆ၊ စကားလုံး စသည်တို့ကို မိမိကိုယ်ပိုင်ဖြစ်လေဟန် အသုံးပြုခြင်း(Plagiarize) ပြုလုပ်ခြင်း ဖြစ်ပါသည်။ ထို့ပြင် မူလစာရေးသူ၏ အနုပညာပစ္စည်းကို ခွင့်ပြုချက်ရယူခြင်း မရှိဘဲ တရားမဲ့ရယူအသုံးပြုခြင်းလည်း ဖြစ်ပါသည်။

၄။ ဤသို့ပြုလုပ်ခြင်းသည် စာရေးသူတစ်ဦး လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်ကို ဖောက်ဖျက်ခြင်းဖြစ်ပါသည်။

၅။ ရွှေအမြုတေမဂ္ဂဇင်းသည် ဝတ္ထု၊ ဆောင်းပါး၊ စာတမ်းတို့ကို ဖော်ပြရာတွင် မိမိကိုယ်တိုင်ရေးဖြစ်ကြောင်း ဝန်ခံကတိပြုထားသော စာမူများကို အသုံးပြုပါသည်။

၆။ ကလောင်အမည် မြတ်မင်း(ခြံကြီး) အမည်ဖြင့် ရွှေအမြုတေမဂ္ဂဇင်းသို့ ပေးပို့ထားသည့် စာမူများကို အယ်ဒီတာအဖွဲ့က ဖတ်ရှုမည်မဟုတ်ဘဲ၊ မြတ်မင်း(ခြံကြီး)၏ စာမူများကို ရွှေအမြုတေမဂ္ဂဇင်းတွင် ဖော်ပြမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

■ **အယ်ဒီတာအဖွဲ့**

**ရွှေအမြုတေမဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



# သစဉ်ပန်း သုံးခက်

## မိုးမိုး(အင်းလျား)

'မိညို၊ ငါ့လုံချည်ကို သေသေချာချာ
မီးပူတိုက်ထားနော်၊ ကြားလား။
ပြီးရင် မခေါက်နဲ့၊ တန်းပေါ်မှာ ဖြန့်ထား။
ခေါက်ရိုးကြောင်းကြီးတွေ ထင်နေရင်
ငါမကြိုက်ဘူး'
'ဟုတ်ကဲ့ မမ'
'အင်္ကျီကိုလည်း ပြန့်အောင်တိုက်ပြီး
အင်္ကျီချိတ်နဲ့ ချိတ်ထား'
'ဖိနပ်အဖြူလည်း ထုတ်ထားနော်'
'ဟုတ်ကဲ့'



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

'နင့်အစ်ကိုမေးရင် ငါ သဇင်ပန်းသွားဝယ်တယ်ပြော၊ အခု ပြန်လာမယ်လို့'

ဒေါ်ခင်မိုးအေးသည် သားရေအိတ်ကို ကိုင်၍ အိမ်ထဲမှ ထွက်ခဲ့သည်။ တော်တော် ဒုက္ခပေးတဲ့ သဇင်ပန်းပဲ။ မနက်ကတည်းက ကြိုကြိုတင်တင် ဝယ်ထားဖို့ကိစ္စ၊ ဟိုမိန်းမပေါ့၊ ၃၈ လမ်း ဈေးထိပ်က သဇင်ပန်းသည်၊ တစ်နေ့ကတည်းက သဇင်ပန်းလှလှ၊ အခက်ကြီးကြီး လေး,ငါးခက်လောက် ဆက်ဆက်ယူခဲ့ဖို့ မှာလိုက်သည်။ 'စိတ်ချပါ အစ်မ'ဆိုပြီး သည်နေ့မနက် ဈေးကိုရောက်တော့ ပိန်းပန်းဘက် လှည့်နေရလို့ သဇင်ပန်းဝယ်ဖို့ မေ့သွားသတဲ့။ သဇင်က သိပ်လည်း မပွင့်သေးလို့ ရှားတယ်တဲ့။ သူသွားနေကျ အိမ်ကလည်း သဇင်မစိုက်၊ ပိန်းနဲ့ သစ်ခွပဲ စိုက်တယ်တဲ့။

'သစ်ခွပဲ ပန်ပါလား မမရယ်၊ နော်။ ဗင်ဒါပွင့်လေးတစ်ပွင့်မှ ရှစ်ကျပ်တည်း၊ အစ်မမို့ ပေးတာ၊ အန်တီတစ်ယောက်က တစ်ဆယ်နဲ့ယူနေကျ၊ သစ်ခွနှစ်ပွင့်ပန်လည်း လှပါတယ် အစ်မရဲ့'

သူက ပြောသေးသည်။

'ငါ့ဝတ်မှာက အပြာဟဲ့၊ မလိုက်ပါဘူး။ သဇင်ပန်းပန်ချင်တာ။ သူ့အားကိုးပြီးနေတာ၊ အခုတော့ အချိန်တောင် မရတော့ဘူး'

'သဇင်က ရှားသေးတယ် အစ်မရဲ့၊ ဟောဒီ ခရမ်းရောင်လေးတွေ ပန်ပါလား၊ အပြာနဲ့ လိုက်ပါတယ်'

အရေးထဲမှာ သူက အရောင်စပ်နေသေးသည်။

'မဖြစ်ပါဘူးအေ'

ကိုယ်က အသက်လေး ဆယ်ကျော်စ ဆိုပေမဲ့ မင်္ဂလာဆောင်မှာက ကိုကို့တူလေး။ ကိုယ်က လူကြီးလုပ်ပြီး ဦးဆောင်ဦးရွက်လုပ်ရမည့်ပွဲ။ ကိုကို့ဘက်ကရော၊ သတို့သမီးဘက်ကရော လူကြီးလူကောင်းတွေ လာကြမည် ခံ့ခံ့ထည်ထည် ဝတ်ဆင်ပြင်နိုင်မှ တော်ကာကျ မည်

သစ်ခွခရမ်းရောင်က ဈေးပေါလွန်းလှသည်။ ပြီးတော့ သည်ပွဲမှာ သဇင်ပန်းပန်မှပဲ ဖြစ်မည်။ ကိုယ်က အသက်လေး ဆယ်ကျော်စ ဆိုပေမဲ့ မင်္ဂလာဆောင်မှာက ကိုကို့တူလေး။ ကိုယ်က လူကြီးလုပ်ပြီး ဦးဆောင်ဦးရွက်လုပ်ရမည့်ပွဲ။ ကိုကို့ဘက်ကရော၊ သတို့သမီးဘက်ကရော လူကြီးလူကောင်းတွေ လာကြမည်။ ခံ့ခံ့ထည်ထည် ဝတ်ဆင်ပြင်နိုင်မှ တော်ကာကျမည်။ ဆံထုံးမြင့်မြင့် ထုံးရမည်။ ချိတ်လုံချည်ဝတ်ရမည်။ အင်္ကျီလက်ရှည်ဝတ်ရမည်။ ပဝါခြုံရမည်။ အဲသည် အဝတ်အစားတွေနှင့်က သဇင်ပန်းနှင့်ပဲ ပန်ရသည် မဟုတ်ပါလား။ သဇင်ပေါ်စဆိုသော်လည်း ယခင်အပတ်ကပဲ အင်းလျားလိတ် မင်္ဂလာဆောင်တစ်ခုသွားရာ သဇင်ပန်းတွေကို ဖွေးဖွေးလှုပ်အောင် မြင်ခဲ့ရသေးသည်။

အိမ်ကကားကို ကိုကို ယူသွားလေတော့ ဗိုလ်ချုပ်ဈေးကို ခြေကျင်ပဲ လျှောက်ခဲ့ရသည်။ ပန်းဆိုးတန်းနှင့် ဗိုလ်ချုပ်ဈေးက သိပ်မဝေးလို့ တော်ပါသေးရဲ့။ ဗိုလ်ချုပ်ဈေးမှာက ရှားပါးသည့်ပန်းတွေပေမဲ့ အဆင်သင့် ရှိနေတတ်သည်။

ဗိုလ်ချုပ်ဈေး ပန်းဆိုင်တွေဘက် လျှောက်လာခဲ့သည်။ အဆင်သင့်တွေ့ရလျှင် ဘယ်လောက်ပေးရပေးရ ဝယ်မည်ဟု စိတ်ကူးခဲ့၏။

'သဇင်ပန်း ရှိလားဟင်'

'ရှိတယ်'

ရှိတယ်သာဆိုပေမဲ့ ပန်းကိုမမြင်ရ။ ဈေးသည်က အေးစက်စက်။

'ပြပါဦး'

'ဘယ်နခက် ယူမှာလဲ'

'လေး,ငါးခက်ပေါ့'

ပန်းသည်က နောက်နားမှ ငှက်ပျောဖက်အထုပ်လေးကို အသာအယာလှမ်းယူသည်။ ဒေါ်ခင်မိုးအေးရှေ့မှာ ဖြေပြသည်။ အားမရစရာ၊ ပန်းက ဆယ်ခက်လောက်တော့ရှိသည်။ သို့သော် တစ်ခက်ချင်း ကောက်ကိုင်လိုက်တော့ အခက်လေးတွေက တိုနံ့နံ့၊ အပွင့်ကလည်း ကျဲပါဘိ။

'ဒီထက်ကောင်းတာ မရှိတော့ဘူးလား'

ဈေးသည်က ခေါင်းခါသည်။

'တစ်ခက် ဘယ်လောက်လဲ'

'ခုနစ်ကျပ်'

'များလှချည့်လား အဒေါ်ရယ်၊ အခက်ကလည်း ကျဲလိုက်တာ'

'ပေါ်ခါစကိုကွယ့်၊ မနက်ကပဲ ဆယ့်ငါးခက် ရောင်းလိုက်ရတယ်၊ ဒါလည်း တော်ကြာကုန်မှာ'

ဈေးသည်က သူ့ပန်းတွေကို အဖိုးတန်ရတနာလေးတွေအလား ဖက်နှင့် တယုတယ ထုပ်ပြီး နှီးကြိုးလေးလိမ်ကာ ချည်လိုက်သည်။

'ကျွန်မက အခက်ကြီးကြီး လိုချင်တာ'

မဝယ်နိုင်ဘူး ထင်မည်စိုး၍ ပြောလိုက်သေးသည်။ ဈေးသည်က စကားမပြန်၊ ဒေါ်ခင်မိုးအေးသည် နောက်တစ်ဆိုင် ထပ်မေးသည်မရှိ။ နောက်မှ ရခိုင်ချိတ်တွေရောင်းသော ဆိုင်တစ်ဆိုင်ရှေ့မှာ ရခိုင်သဇင်ရပြီဟူသော ဆိုင်းဘုတ်ချိတ်ထားလေ့ရှိတာကို သတိရပြီး ထိုနေရာသို့ သွားရပြန်သည်။

'သဇင်ပန်း ရမလားဟင်'

'ဩော် ပန်းက မှာမှယူလာတာ အစ်မရဲ့၊ အစ်မက

www.burmeseclassic.com

www.burmeseclassic.com

ဘယ်နေ့လိုချင်တာလဲ'

'အခု လိုချင်တာ၊ ပွဲက ညနေသွားရမှာ'

ဒေါ်ခင်မိုးအေးက နာရီကြည့်လိုက်တော့ ၁၁ နာရီကျော်ပြီ။ မင်္ဂလာဆောင်အတွက် လုပ်စရာ နည်းနည်းရှိသေးသည်။ ဟိုတယ်မှာ ဆောင်မှာမို့ တော်သေးရဲ့။

'ကျွန်မတို့က တစ်ရက်ကြိုမှာမှ ယူလာတာ၊ ဒီလိုလုပ်လေ အစ်မ။ အိမ်ကို လိုက်သွားပါလား'

'အိမ်က ဘယ်မှာလဲ'

'ကမ္ဘာအေးဘုရားလမ်းမှာ မဝေးပါဘူး။ ဘောင်ဒရီကွေ့တင်၊ ဘယ်ဘက်မြေနီလမ်းထဲ ကွေ့ဝင်သွား၊ ဆိုင်းဘုတ်လည်းရှိတယ်။ ကားနဲ့သွားရင် မကြာပါဘူး။ ဟိုမှာ ကိုယ်ကြိုက်တဲ့အခက် လက်ညှိုးထိုးဝယ်လို့ရတာပေါ့ အစ်မရဲ့'

ကားနဲ့သွားရင် မကြာပါဘူးဆိုသော ဈေးသည်၏အထင်ကြီးစကားကိုတော့ သဘောကျသား။ ကားကလည်း ပါမလာခဲ့။ သို့သော် မတတ်နိုင်။ သည်ကနေ့အဖို့ကတော့ သဇင်ပန်းရကိုရမှ ဖြစ်တော့မည်။ ခက်ခဲလေလေ ပန်ချင်လေလေ။ ဈေးသည်က လိပ်စာကတ်ပြားလေးတစ်ခု ထုတ်ပေးသည်။

**အပွင့်စိပ်စိပ် အခက်လှလှ**

**ရခိုင်သဇင်ပန်း လိုသလောက်ရပြီ** တဲ့။

ကတ်ပြားက အခန့်သား။ ဒေါ်ခင်မိုးအေးက ကတ်ပြားကို သားရေအိတ်ကြီးထဲ ထည့်ပြီး ပြန်ထွက်ခဲ့သည်။ သဇင်ပန်းနောက် လိုက်ရဦးမည်။ ဈေးရှေ့မှာရပ်၍ လေးဘီးအငှားကားကို တားရသည်။ ဘောင်ဒရီကွေ့ကို တစ်ဆယ်တဲ့။

'ရှစ်ကျပ်ထားပါဟဲ့၊ သိပ်မဝေးပါဘူး'

'မရဘူး အန်တီ၊ ကျွန်တော်တို့က ဒီမှာဂိတ်ထိုးတော့ ဝင်ခတစ်ကျပ် ပေးရသေးတာ'

အရေးထဲမှာ ဒရိုင်ဘာက အန်တီတဲ့။ အချိန်က မရှိတော့သည်မို့ ထိုလေးဘီးဖြင့်ပင် လိုက်ခဲ့ရသည်။ ကမ္ဘာအေးစေတီလမ်းအတိုင်းလာပြီး သူပြောသလို ဘောင်ဒရီကွေ့နားရောက်လာသည်။ မြေနီလမ်းထိပ်မှာပင် ရခိုင်သဇင်ရပြီဟူသော မြားပြထားသည့် ဆိုင်းဘုတ်ကို မြင်ရသည်။ လေးဘီးက အထဲအထိ မပို့၍ ဆင်းလျှောက်ခဲ့ရ၏။

လိပ်စာကတ်ပြားပါ ခြံနံပါတ်က အဆင့်ဆင့် မြားပြသွားသည်။ သူ့ခြံမရောက်ခင် တခြားသဇင်ခြံတွေကို ဖြတ်သန်းသွားရသည်။ လှလိုက်သည့် သဇင်ပန်းတွေ။ တိုင်လုံးကြီးတွေမှာ ပတ်ကာစိုက်ထားသော သဇင်ဥတွေမှာ အခက်ကလေးတွေ ထိုးထိုးထောင်ထောင် ထွက်နေသည်။

သဇင်ခြံကိုရောက်တော့ သူပြောသလို လက်ညှိုးထိုးဝယ်လို့ ရပါရဲ့။ သို့သော် တစ်ခက် ဆယ့်နှစ်ကျပ်တဲ့။ အစက ငါးခက်ဝယ်မည် စိတ်ကူးသော်လည်း သုံးခက်ပဲ ဝယ်ဖြစ်တော့သည်။ ကြွားကြွားရွားရွား သုံးခက်ဆိုလည်း လှတာပါပဲ။ အပြန်မှာလည်း အငှားကားခ ရှစ်ကျပ်ပေးလိုက်ရသေးသည်။ ❑

'ဥလေးတွေကို ရေမှာမြုပ်ရုံထည့်၊ ရေခဲသေတ္တာထဲထည့်ထား ကြားလား'

မညိုသည် ဒေါ်ခင်မိုးအေးလက်မှ သဇင်ပန်းခက်လေးကို လက်နှစ်ဖက်ဖြင့် တရိုတသေ လှမ်းယူလိုက်သည်။ ငှက်ပျောဖက်လေးဖြင့် ထုပ်ပြီး နှီးကြိုးပါးပါးလေး စည်းထားသည့် သဇင်ခက်လေးတွေကို ပန်းကန်ပြားလေး တစ်ချပ်ပေါ်မှာ တင်သည်။ ဥကလေးတွေကို အရင်းမှာထားပြီး ရေအေးနည်းနည်းတောက်ကာ ရေခဲသေတ္တာထဲ တယုတယ ထည့်ရသည်။

ယခုတော့ မိညိုသည် စည်းကမ်းကြီးသော၊ အလုကြိုက်သော သူ့အိမ်ရှင်မအကြောင်းကို ကောင်းကောင်းသိနေပြီ။ အလိုက်တသိလုပ်ပေးတတ်ပြီ။ ရောက်စကတော့ အထာမကျသေး၍ ဧည့်သည်လာလျှင် အအေးဖျော်တာ၊ ကော်ဖီဖျော်တာကအစ စနစ်မကျ၊ လက်သုတ်ပဝါချပေးဖို့ အမြဲမေ့သည်။ ဒေါ်ခင်မိုးအေး အပြင်သွားရာမှ ပြန်လာလျှင် ပိုက်ဆံအိတ်လှမ်းယူဖို့၊ ပါလာသည့် ပစ္စည်းတွေကို မပြောဘဲနှင့် နေရာတကျ သိမ်းဖို့ သတိမရတတ်။ ယခုတော့ လုပ်တတ်ကိုင်တတ် အလိုက်သိတတ်လာ၍ ဒေါ်ခင်မိုးအေးက သဘောကျလာပြီ။

မိညို၏ အဖေသည် ဒေါ်ခင်မိုးအေး ခင်ပွန်း၏ ရုံးမှ ညစောင့်တစ်ယောက်။ ဒေါ်ခင်မိုးအေးကလည်း အဖော်အလှော်လိုခိုက်၊ မိညိုတို့အိမ်မှာလည်း ကလေးတွေနှင့် မပြေမလည်ဖြစ်နေခိုက်မို့ အဖေက မိညိုကို သည်အိမ်မှာ စိတ်ချလက်ချ အပ်နှံတော့သည်။ တစ်ခါသာ ကျဖူးသေးသော လေးတန်းစာမေးပွဲကို ဆက်ဖြေချင်သော်လည်း မိညိုကို ဉာဏ်ထိုင်းလှသည်ဆိုကာ အမေက မထားတော့။ မိညိုအောက် မောင်လေးတစ်ယောက်၊ ညီမလေးနှစ်ယောက်ရှိသည်။ မောင်လေးကတော့ သုံးတန်းမှာ စာတော်လှသည်။ ညီမလေးက သူငယ်တန်း၊ အငယ်ဆုံးလေးက အမေ့ရင်ခွင်ထဲမှာ။

မိညိုက သည်အိမ်မှာ ထမင်း ဝဝလင်လင်စားရသည်။ အဝတ်အစား လှလှဝတ်ရသည်။ ပြီးတော့ တစ်လ ငါးဆယ်ရသည်။ အမေက ပျော်သလောက်နေတဲ့။ လခကိုတော့ တစ်လတစ်လ အိမ်ပြန်တိုင်း အမေ့လက် အပ်ရသည်။

'မိညို၊ တိုက်ပုံအင်္ကျီတွေ၊ ပုဆိုးတွေလည်း မီးပူတိုက်ပြီး ဖြန့်ထားဦး'

'ဟုတ်ကဲ့'

မိညိုသည် ဒေါ်ခင်မိုးအေး လှမ်းပေးသော အင်္ကျီနှင့် လုံချည်ကို မီးပူတိုက်ရပြန်သည်။ သည်အိမ်မှာ အလုပ်များများစားစားတော့ မရှိပါ။ အိမ်ကလည်း တိုက်ခန်းမို့ သိပ်မကျယ်လှ။ လူကလည်း နည်းသမို့ စည်းကမ်းတကျ သပ်သပ်ရပ်ရပ် လုပ်တတ်ဖို့သာ လိုပါသည်။

ညနေဘက်မှာ ဒေါ်ခင်မိုးအေးတို့ ဇနီးမောင်နှံ မင်္ဂလာ



www.burmeseclassic.com

www.burmeseclassic.com

ဆောင်သွားဖို့ အလုပ်များနေကြသည်။

အထူးသဖြင့် ဒေါ်ခင်မိုးအေး တစ်ယောက်တည်းအတွက်ကပဲ အလုပ်များနေခြင်းဖြစ်သည်။ အနားမှာ စောင့်ပြီး လိုတာကို ဖြည့်ဆည်းပေးနေရသည်။ မုန့်ကို နောက်က ကိုင်ထားဦး၊ ဆံညှပ်ပေးဦး၊ သည်ဘက်က ဖိထားဦး စသည်ဖြင့် လက်မလည်ရ။ ဆံထုံးထုံးပြီး ရှေ့နောက် ဘယ်ညာ ကြည့်နေသည်က ဆယ်မိနစ်ခန့် ကြာသည်။

'မြန်မြန်လုပ်လေကွာ၊ ဧည့်သည်တွေ မရောက်ခင် ကြို ရောက်ရမှာ'

'အင်းပါ။ ဟဲ့ မိညို၊ နင်က ဘာရပ်ကြည့်နေတာလဲ၊ ပန်းယူခဲ့လေ၊ သဇင်ပန်း။ အမယ်လေး ကိုကိုရေ၊ သဇင်ပန်းက တစ်ခက်ကို ဆယ့်နှစ်ကျပ်တောင် ပေးခဲ့ရတယ်။ ကားခချည်းပဲ ဆယ့်ရှစ်ကျပ်ကုန်တယ်။ ရှာလိုက်ရတာ လူကို ဖတ်ဖတ်မောရော'

'မင်းနှယ်ကွာ၊ ဒီသဇင်ပန်းပန်တော့ ဘယ်လောက် ပိုလှသွားမှာမို့လဲ'

'အမယ် ကြည့်နေပါ။ ဟိုကျတော့ သဇင်ပန်းတွေချည်း ဝေနေမှာ။ မင်္ဂလာ သတို့သား၊ သတို့သမီးနောက်က လိုက်ရမှာ။ ချိတ်လုံချည်နဲ့၊ ပဝါနဲ့၊ သဇင်ပန်းနဲ့မှ ခံ့မှာပေါ့။ ဒါတောင် ငါးခက်လောက် ပန်ချင်တာ၊ မတတ်နိုင်လို့'

'တော်လောက်ပါပြီကွာ'

မိညိုသည် သဇင်ပန်းထုပ်လေးကို ရေခဲသေတ္တာထဲမှာ တယုတယထုတ်ယူလာခဲ့သည်။ တစ်ခက် ဆယ့်နှစ်ကျပ်တဲ့။ ယခုမှ မိညို ပိုပြီး စိတ်ဝင်စားသွားသည်။ ဖက်ရွက်ကို စည်းနှောင်ထားသော နှီးကြိုးလေးကို ဖြေလိုက်တော့ သဇင်ပန်းကလေး သုံးခက်က နုနုရွရွပေါ်လာသည်။

ပထမဆုံး တစ်ခက်ကို ဒေါ်ခင်မိုးအေးက ဖြူနေသော လက်ကလေးနှင့် ယူကာ ဆံထုံးအရင်းမှာ ပန်သည်။ ဥစိမ်းစိမ်းလေးကို ဆံထုံးကြားထဲ ထိုးဝှက်လိုက်သည်။ အဖျားလေးကို အောက်သို့ ကွေးညွတ်ကျနေစေသည်။ နောက်တစ်ခက်ကို အလယ်မှာ စိုက်သည်။ နောက်ဆုံးတစ်ခက်က အပေါ်မှာ။ သုံးခက်ဆင့်ပြီး ဖြူဖြူဖွေးဖွေး ကွေးကွေးညွတ်ညွတ် ပန်လိုက်တော့ တကယ်ပဲ လှပခံ့ညား၍ သွားလေသည်။

'ဘာငေးနေတာလဲ မိညိုရဲ့၊ မုန့် ပြစမ်းပါဦး'

ဆယ့်နှစ်ကျပ်တန်သည့် ပန်းကို သုံးခက်တောင်
တစ်နေ့တည်း ပန်ပြီး ပစ်ထားလိုက်သည်ဆိုလျှင်
အမေက ယုံမည် မဟုတ်။ သည်တစ်ခါ
လက်တွေ့ပြလိုက်မည်။ ပြီးတော့ အမေ့ကို ပန်စေမည်
ပန်းလေးက နည်းနည်းတော့ ပျော့ခွေနေပြီ

'ဘယ်ဟာ ဟုတ်ကဲ့၊ ဟိုလေ အန်တီက သိပ်လှနေလို့ ဟင်းဟင်း'

'ခေါ်ပြန်ပြီ ဒီအန်တီ၊ မမလို့ ခေါ်ပါဆို'

'ဘယ်ဟာ ဟုတ်ကဲ့၊ မမက သဇင်ပန်းတွေနဲ့ သိပ်လှတာပဲ'

ဒေါ်ခင်မိုးအေးသည် မိညို၏ ချီးကျူးစကားကိုပင် အားရကျေနပ်စွာဖြင့် မှန်ကို ရှေ့နောက်ကြည့်၏။ ပြီးတော့ ပဝါကို ရွရွလေးချကာ ဒေါက်ဖိနပ်လေး ခပ်ကြွကြွစီးပြီး ခင်ပွန်းနှင့်အတူ ဆင်းသွားလေသည်။

❑

'မိညို ငါ့ခေါင်းက ဆံညှပ်တွေ ဖြုတ်စမ်း'

တကယ်တမ်း ဒေါ်ခင်မိုးအေးသည် ပန်းကြိုက်သူ မဟုတ်ပါ။ အိမ်မှာလည်း မည်သည့်အခါမျှ ပန်းပန်လေ့မရှိ။ ပွဲလမ်းသဘင်မို့ ပန်သွားခြင်းဖြစ်သည်။ ပြီးတော့ သဇင်ပန်း ရယ်လို့ ပန်သွားခြင်းသာ ဖြစ်သည်။

'မြန်မြန်ဖြုတ်စမ်းဟယ်၊ ငါ ခေါင်းတွေကိုက်လွန်းလို့၊ ပဝါခြုံရတာလည်း အိုက်လိုက်တာ။ လူတွေကလည်း များတော့ ငြီးစီစီနဲ့'

'ဖြစ်ရပြန်ပြီ၊ မင်းက မသွားခင်တော့ တစ်မျိုး'

'အို ဒါတော့ လူတောသူတော သွားရတာ ဒီလိုပဲ ပြင်ရတာပေါ့'

မိညိုသည် ဒေါ်ခင်မိုးအေး၏ ခေါင်းပေါ်မှ သဇင်ပန်း သုံးခက်ကို ဦးစွာ ဖြုတ်ရလေသည်။ ဖြုတ်သည်ဆိုရာမှာလည်း အခက်လေး ကျိုးမသွားအောင်၊ အပွင့်လေးတွေ ပဲ့မသွားအောင် သတိကြီးစွာထား၍ ဖြုတ်ရသည်။

'ဖြုတ်စမ်းပါဟဲ့ မြန်မြန်၊ ငါ အိုက်လှပြီ'

ဒေါ်ခင်မိုးအေးက ပြောသည်။ ညနေက သဇင်သုံးခက်သည် ဒေါ်ခင်မိုးအေး၏ ဆံထုံး ထက်ဝယ် အတော်လေးပဲလှနေခဲ့လေသည်။ ပြီးတော့ သည်သဇင်ခက်လေးက တစ်ခက်ကို ဆယ့် နှစ် ကျပ်တန်သည်တဲ့။ တန်ဖိုးကြီး၍ လှလည်းလှသော သဇင်သုံးခက်သည် လန်းဆန်းနေဆဲ။ မိညိုက သဇင်ပန်းတွေကို သံယောဇဉ်ကြီးစွာဖြင့် တယုတယယူပြီး ရေခဲသေတ္တာထဲမှာ ပြန်သိမ်းသည်။

'ငါ မပန်တော့ပါဘူး၊ ဒီပန်းတွေ။ အေးလေ၊ သေသေချာချာထား၊ ပန်ချင်တဲ့သူရှိ ပေးရတာပေါ့။ တစ်ပတ်လောက်တော့ ခံဦးမှာပဲ'

ဒေါ်ခင်မိုးအေးက ပြောတော့ မိညို ဝမ်းသာသွားသည်။ တစ်ပတ်လောက်တော့ ခံဦးမယ်တဲ့။

❑

မိညိုသည် အိပ်ရာကထ,သည်နှင့် ရေခဲသေတ္တာကို ဦးစွာ

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်သည်။ ပန်းကလေးသုံးခက်ကို ကြည့်သည်။ လှပလန်းဆန်းဆဲရှိသော ပန်းလေးများကို မြင်ရမှ စိတ်အေးသွားပြီး တခြား အလုပ်များကို လုပ်သည်။

ရေနွေးအိုး တည်ရသည်။ ကော်ဖီဖျော်ရသည်။ ပေါင်မုန့် မီးကင်ရသည်။ ထမင်းချက်ထားရသည်။ ဒေါ်ခင်မိုးအေး ဈေးက ပြန်လာသောအခါ ဟင်းဝိုင်းချက်ရသည်။

ချက်ရင်းပြုတ်ရင်း ဟင်းသီးဟင်းရွက် ယူရန်၊ ထုတ်ရန် ရေခဲသေတ္တာဖွင့်တိုင်း ပန်းလေးတွေကို လှမ်းကြည့်သည်။

'ဟဲ့ မိညို၊ ခရမ်းသီး ယူခဲ့ပါဆိုတာ ဘာလုပ်နေတာလဲ'

'သြော် မမ၊ ဟို သဇင်ပန်း အဲ'

သဇင်ပန်းတွေကို ငေးကြည့်နေရာမှ ရေခဲသေတ္တာကို ကမန်းကတန်း ပိတ်လိုက်ရသည်။ အင်း စနေနေ့ရောက်ဖို့ ခြောက်ရက်တောင် လိုသေးသည်။ သဇင်ပန်းလေးတွေက အဲသည်ရက်အထိ လန်းနိုင်ပါဦးမလား၊ မိညို တွေးကာ စိတ်ပူနေသည်။

ထိုအခိုက် ဒေါ်ခင်မိုးအေး ညီမဝမ်းကွဲ ရောက်လာသည်။ သူက အိမ်မှာ ဝင်ထွက်သွားလာနေကျ၊ လိုချင်တာရှိလျှင်လည်း နှုတ်ကလေး ချိုချိုနှင့် တောင်းတတ်ပြုတတ်သည်။

'ဘာဟင်းချက်သလဲ မမမိုး'

'ခရမ်းချဉ်သီးနဲ့ငါး၊ စားသွားပါလား ဟဲ့'

'မစားတော့ပါဘူး မမရယ်၊ မနေ့က မင်္ဂလာဆောင် လူတော်တော်စည်တယ်နော်၊ မမကလည်း ပြင်ထားတာ လှလိုက်တာ။ သဇင်ပန်းတွေနဲ့'

'အေးဟဲ့၊ ငါ့မှာ မနေ့က အဲဒီသဇင်ပန်း ရှာရတာ နေကိုကုန်ရော။ တစ်ခက် ဆယ့်နှစ်ကျပ်တောင် ပေးခဲ့ရတယ်။ ခြံအထိ လိုက်ရတာ'

'ဟုတ်လား၊ အဲဒီပန်းတွေရော မမ'

'ရေခဲသေတ္တာထဲမှာ'

ပန်းကန်ဆေးနေသော မိညိုရင်ထဲမှာ တဒိန်းဒိန်း ခုန်လာသည်။ ဒေါ်ခင်မိုးအေး၏ ညီမ စိုးစိုးကိုလည်း မုန်းတီးစိတ်တွေ ဝင်လာသည်။ ထင်သားပဲ၊ သူလာကတည်းက တစ်ခုခုတော့ လိုချင်ပြီဆိုတာ။

'မမမိုး မပန်ရင် တစ်ခက်လောက် ပေးပါနော်'

'အေး ယူသွားလေ'

စိုးစိုးသည် ရေခဲသေတ္တာဆီသို့ လျှင်မြန်စွာ လှမ်းသွားသည်။ မိညိုသည် စိတ်သောကရောက်စွာဖြင့် လှမ်းကြည့်မိသည်။ စိုးစိုးက အလှဆုံး၊ အကြွားဆုံး အခက်ကိုမှ ရွေးယူလိုက်လေပြီကော။

'ပြန်မယ် မမမိုး၊ အိမ်မှာလည်း ချက်တုန်း ပြုတ်တုန်း။ ပန်းမရလိုက်မှာစိုးလို့ လာတာ၊ တစ်ခက်တည်း ယူသွားတာနော်'

'အေးပါဟဲ့'

စိုးစိုးက ၃၈ လမ်းမှာ နေသည်ဆိုတော့ သည်လိုပဲ အချိန်မရွေး လာနေကျ။ သည်တစ်ခါတော့ သူလာခြင်းကို မကျေနပ်လွန်း၍ ခါတိုင်းလို 'ပြန်တော့မလား မမစိုး၊ ထမင်းစားသွားပါဦး' ဟုပင် နှုတ်မဆက်မိ။ ရေခဲသေတ္တာကို အကြောင်းရှာဖွင့်ကာ ကျန်သဇင်ပန်း နှစ်ခက်ကို နေရာတကျ ပြန်ထားရင်း ဂျိုင်းခနဲ ပြန်ပိတ်လိုက်မိလေသည်။

❑

အိမ်ပြန်ရဖို့ သုံးရက်ပဲ လိုတော့သည်။ အမေ့ကို လခအပ်ရမည်။ မောင်ညီမလေးတွေနှင့် တွေ့ရမည်။ သည်တစ်ခါ ထူးထူးခြားခြား ပြောစရာလေးတွေ ရှိလိမ့်ဦးမည်။

ရေခဲသေတ္တာကို ဖွင့်သည်။ အသားတွေကို နေရာတကျ ထည့်သည်။ ကြက်ဥတွေကို စီသည်။ ရေပုလင်းတွေ ဖြည့်သည်။ သဇင်ပန်းလေး နှစ်ခက်ကို အရိပ်ကြည့်သည်။

'ဟဲ့ မိညို၊ နင် ဘာလုပ်နေလဲ၊ ပေးစမ်း ငါ့ကို ရေတစ်ပုလင်းလောက်'

မည်သည့်အချိန်က အိမ်ထဲရောက်လာသည်မသိ၊ ဒေါ်ခင်မိုးအေး၏ သူငယ်ချင်း မမနိုင်က ထုံးစံအတိုင်း စွာစွာ စွာစွာဖြင့် သူ့အနားရောက်လာသည်။ မိညိုလက် သဇင်ပန်းတွေကို နေရာရွှေ့ဖို့ သတိရသော်လည်း နောက်ကျခဲ့ပြီ။

'ဟယ် သဇင်ပန်းတွေ လှလိုက်တာ၊ မိုး ပန်ဖို့ ဝယ်ထားတာလား'

ဒေါ်ခင်မိုးအေးက လျှော်ထားသော ဆံပင်ကို မျက်နှာသုတ် ပဝါဖြင့် ပွတ်ရင်း ခေါင်းခါသည်။

'မပန်ဘူး၊ ပွဲလမ်းရှိမှ ပန်တာ။ ဟိုစနေက တူတော်မောင်ရဲ့ မင်္ဂလာဆောင်လေ၊ ဆံထုံးနဲ့မှ ခံ့မှာမို့ အချိန်မီ ဝယ်ပန်လိုက်တာ'

မမနိုင်က သဇင်ပန်း နှစ်ခက်ကို ဆတ်ခနဲ ဆွဲယူသည်။ မိညို၏ အသည်းဖျားမှာ လှုပ်ခါသွားသည်။ တစ်ခက်နှင့်တစ်ခက် နည်းနည်းငြိနေသည်ကို ဂရုမစိုက်ဘဲ အခက်ကြီးကြီးကို လှမ်းဆွဲသည်။ ပြီးတော့ ဆံထုံးမကျ၊ ဆံတိုမကျ သူ့ဆံပင်ကြားကို ထိုးစိုက်လိုက်လေသည်။

'မိညို၊ နင့်မှာ ကလစ်ရှိရင် တစ်ချောင်းလောက်'

မိညိုသည် မျက်နှာ မသာမယာဖြင့် မရှိဘူးဟု ခပ်ပြတ်ပြတ် ပြန်ပြောလိုက်သည်။

'ရော့ ရော့ ဒီမှာယူ'

ဒေါ်ခင်မိုးအေးက ဆံညှပ်တစ်ချောင်း ရှာပေးသည်။ မမနိုင်က သဇင်ခက်ကို ခပ်ထောင်ထောင်ထားကာ ဆံညှပ်ဖြင့် ဖိလိုက်သည်။ ပြီးတော့ ထုံးစံအတိုင်း သူတို့ သူငယ်ချင်းနှစ်ယောက် ရောက်တတ်ရာရာ အတင်းအဖျင်း ပြောကြသည်။ ထမင်းစားကြသည်။

မိညိုမှာ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းလုပ်ကိုင်ပေးရသော်လည်း စိတ်က မရွှင်။ သဇင်ပန်းက တစ်ခက်ပဲ ကျန်တော့သည်။ အလွယ်တကူ မမြင်သာအောင် အတွင်းဘက်ကို



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့် တွန်းမထားမိပါလိမ့်။ အောက်ဆင့်ကို ပြောင်းထားလျှင်လည်း မြင်နိုင်မည်မဟုတ်။ ခုတော့…။

သည်တစ်ခါတော့ လူတွေလစ်သည်နှင့် မိညိုသည် ကျန်သဇင်လေးတစ်ခက်ကို အောက်ဆင့်အတွင်းဘက်ကျကျကို ပို့ထားလိုက်တော့သည်။ ဒေါ်ခင်မိုးအေးသည် ပန်းကို ကြိုက်သူမဟုတ်။ သူ့ဂုဏ်ဒြပ်အတွက် လိုက်ဖက်အောင် ပန်ခြင်းသာဖြစ်သည်။ ပန်းကို မတွေ့ရလည်း ပြဿနာမရှိ။ တခြားသူတွေ မတွေ့ဖို့သာ အရေးကြီးလေသည်။

❑

သည်နေ့ အိမ်ပြန်ရတော့မည်ဆိုတော့ မိညို ပျော်သည်။ ဒေါ်ခင်မိုးအေး လက်ထဲမှ ငွေငါးဆယ်ကို တရိုတသေ လှမ်းယူသည်။

‘ရော့ ဘတ်စ်ကားခ အကြွေယူသွားဦး’

‘ဟုတ်ကဲ့’

‘အရင်တစ်ပတ်က သူများလာပေးထားတဲ့ ပဲကြမ်းကြော်တွေရှိတယ်၊ ဒီမှာ ဘယ်သူမှမစားဘူး၊ နင့်မောင်လေးတွေစားဖို့ ယူသွား’

‘နင့်အမေဖို့ လုံချည်ဟောင်းတစ်ထည်လည်း ပေးလိုက်တယ်။ မနက်ဖြန် စောစောပြန်လာ သိလား။ ညနေစာ နင်ပြန်လာမှ ချက်ရမှာ’

‘ဟုတ်ကဲ့ပါ’

‘အေး သွားတော့၊ ကားပေါ်မှာ ခါးပိုက်နှိုက်လည်း သတိထားဦး’

မိညိုသည် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ဒေါ်ခင်မိုးအေး မျက်နှာကို မော်ကြည့်သည်။ ဒေါ်ခင်မိုးအေးသည် တစ်ခါတစ်ရံ စိတ်တိုင်းမကျလျှင် အော်တတ်ငေါက်တတ်သည်က လွဲ၍ ရက်ရောတတ်သူဖြစ်ပါသည်။

သူ အရဲစွန့်၍ လည်ချောင်းရှင်းလိုက်သည်။

‘ဟဲ့ မသွားသေးဘူးလား၊ တော်ကြာ ကားတွေကျပ်နေမယ်’

‘ဟို ဟို မမဆီက ကျွန်မ တောင်းချင်တာလေး ရှိလို့’

‘ဟဲ့ ဘာတုံး’

မိညိုက ရေခဲသေတ္တာဆီ လက်ညှိုးထိုးပြသည်။

‘သဇင်ပန်းလေးပါ မမ’

‘ဟင် သဇင်ပန်းက ရှိသေးလို့လား’

‘တစ်ခက် ကျန်သေးတယ် မမ’

‘နေပါဦး၊ နင်က ဘယ်နား သွားပန်မှာလဲ၊ ဆံပင်ဖြင့် မရှိဘဲနဲ့’

မိညို၏ ဆံပင်က တစ်မိုက်လောက်သာသာရှိသည်။ မိညို ရယ်နေသည်။

‘ကျွန်မ အမေကို ပေးချင်လို့ပါ။ အမေက ပန်းသိပ်ကြိုက်တယ်။ ဘာပန်းတွေ့တွေ့ ကောက်ပန်တာပဲ။ ဆယ့်နှစ်ကျပ်တန်ဆိုတဲ့ သဇင်ပန်းကို ပန်ရရင် အမေ သိပ်ဝမ်းသာမှာ’

ဒေါ်ခင်မိုးအေးသည် စိတ်ရှုပ်ထွေးသွားဟန်ရှိသည်။

‘ယူသွား ယူသွား’

မိညိုသည် ရေခဲသေတ္တာဆီ လျင်မြန်စွာ လှမ်းသွားသည်။ သူတယုတယ လှို့ဝှက်စွာ သိမ်းဆည်းထားရသော နောက်ဆုံး သဇင်ပန်းလေးတစ်ခက်ကို ယူသည်။ ပေါ့ပါးရွှင်လန်းစွာဖြင့် အိမ်ပြန်ခဲ့လေသည်။

❑

ယခင်တစ်ခါ အမေ့ကို ပြောဖူးသည်။ အန်တီ ဝတ်တဲ့ လုံချည်က တစ်ထောင်ကျော် တန်သည်ဆိုတော့ အမေ မယုံဘူးတဲ့။ ဘယ်လိုဟာမျိုးမို့လဲတဲ့။ မိညိုက သူ့အမေနှင့် သက်တူရွယ်တူဖြစ်သော ဒေါ်ခင်မိုးအေးကို ကွယ်ရာမှာ အန်တီဟု ခေါ်သည်။ အမေကလည်း ကိုယ့်ထက် အသက်ကြီးသည့် ကျေးဇူးရှင်ကို ရိုရိုသေသေခေါ်ရမည်တဲ့လေ။

ဆယ့်နှစ်ကျပ်တန်သည့် ပန်းကို သုံးခက်တောင် တစ်နေ့တည်း ပန်ပြီး ပစ်ထားလိုက်သည်ဆိုလျှင် အမေက ယုံမည်မဟုတ်။ သည်တစ်ခါ လက်တွေ့ပြလိုက်မည်။ ပြီးတော့ အမေ့ကို ပန်စေမည်။ ပန်းလေးက နည်းနည်းတော့ ပျော့ခွေနေပြီ။ သို့သော် တရိုတသေ ပန်လျှင် သုံးရက်လောက်တော့ ပန်ရမှာပဲ။ ဥကလေးက စိမ်းစိုနေသေးသည်။ ပိုက်ဆံကို လုံချည်ခါးကြားမှာ ညှပ်လျက် ချိုင်းအောက်မှာထားပြီး ဖက်ရွက်လေးနှင့် ထုပ်ထားသည့် ပန်းကိုတော့ လက်က ကိုင်ထားရသည်။

ကားကလည်း ကျပ်လိုက်တာ လွန်ပါရော။ လူတွေလည်း တိုးလိုက်တာ။ သဇင်ပန်းလေးကို ကာကွယ်ရသည်မှာ အမော။ ဆင်းရမည့်မှတ်တိုင်ရောက်တော့ အောက်ကလူတွေ တိုးမတက်ခင် မြန်မြန်ခုန်ချရသည်။ ဟောတော်၊ သဇင်ပန်းလေး လွင့်စဉ်သွားပါပကော။

‘ဟယ် ဒီကောင်မလေး သေချင်လို့၊ ရပ်မှ ဆင်းလို့ပြောနေတဲ့ဟာ’

စပယ်ယာ၏ ထောမနာပြုသံကို ဂရုမစိုက်အား၊ ခြေထောက်တစ်ဖက် မျက်ခနဲ ဖြစ်သွားသည်ကိုလည်း နာဖို့ သတိမရပေ။ သဇင်ပန်းခက်ကို အမောတကော ရှာဖွေရသည်။ လမ်းပေါ်က လူအုပ်ကြီးက ကားပေါ်ရောက်သွားသည်။ ကားပေါ်က ဆင်းလာသည့် လူတွေလည်း ကျောခိုင်းထွက်သွားကြပြီ။ ကားက ဝူးခနဲ မောင်းထွက်သွားသည်။

မိညိုတစ်ယောက်တည်း ငိုင်၍ ကျန်ရစ်သည်။ သဇင်ပန်းခက်နှင့် ဝင့်ထည်နေသော အမေ့မျက်နှာကို မြင်ယောင်၏။ သို့သော် သဇင်ခက်လေးက ကားဘီးအောက်ဝယ် တစ်စစီ ပျောက်ကွယ်ခဲ့ပြီကော။ ■

**မိုး[illegible]အင်းလျား၊**


*၁၉၈၅၊ မေ၊ လုံမလေး မဂ္ဂဇင်း။*




www.burmeseclassic.com

www.burmeseclassic.com


လင်းလွန်းခင်စာပေ





၄၅၀၀ ကျပ်





၂၀၀၀ ကျပ်




၄၅၀၀ ကျပ်



၇၅၀၀ ကျပ်



၃၀၀၀ ကျပ်




၃၀၀၀ ကျပ်

ထွက်ပြီ


**လင်းလွန်းခင်စာပေ**

တိုက် (D)၊ ပထမထပ် (လယ်)၊ လိပ်ကန်ပန်းခြံဈေး၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ - ၂၅၄ ၅၅၀ ၈၆၃၊ ၀၉ - ၂၂၀ ၁၇၃၀၊ ၀၉ - ၄၂၁၈၁၉၇၁၂

www.burmeseclassic.com

www.burmeseclassic.com




# မောင်သန်းဆွေ(ထားဝယ်)

## ရွှေသေတ္တာစိမ်ကိန်းအရ မိုင်းခိုင်းအတွင်းဝန် ဦးယံ၏ ရာဇဝတ်သင့်သူများစာရင်း



www.burmeseclassic.com

www.burmeseclassic.com



မိုင်းခိုင်းအတွင်းဝန် ဦးယံဆိုသူမှာ စာရေးဆရာမကြီးဒဂုန်ခင်ခင်လေး၏ အဘိုးဖြစ်ပါသည်။

ဝက်မစွပ်ဝန်ထောက် ဦးလတ်မှာ အဘိုးဖြစ်သည်။ ဆရာမကြီးထံတွင် သူ၏အဘေးနှင့် အဘိုးတို့၏ မှတ်စုမှတ်တမ်းစာရင်း စာပေ အတိုအထွာ မြောက်မြားစွာ ရှိပါသည်။ ဆရာမကြီး၏ဘဝ နေဝင်ချိန်နောက်ဆုံးအခါတွင် သိမ်ဖြူလမ်း၊ ကြယ်ငါးပွင့် ရုံးဟောင်းရှေ့ရှိ ကုလားသူဌေးတိုက်ကြီး ဒုတိယထပ်၌နေပါသည်။

စာရေးသူက သိမ်ဖြူလမ်းနှင့် ဘေးတိုက်အနေအထားတွင်ရှိသော Y.M.C.A အဆောင်သစ်တွင်နေ၏။ ဆရာမကြီး ဒဂုန်ခင်ခင်လေး နေသောနေရာနှင့် အလွန်နီးပါသည်။ ထို့ကြောင့် ဆရာမကြီးထံ မကြာခဏ ရောက်၏။

တစ်နေ့ရောက်သောအခါတွင် စာရွက်စာတမ်းများ ရှင်းလင်းနေသော ဆရာမကြီး ထံမှ မိုင်းခိုင်းအတွင်းဝန် ဦးယံ၏ ရွှေသေတ္တာစီမံကိန်း၏ ရာဇဝတ်သင့်သူများစာရင်း ကို တွေ့ရသည်။ ရွှေသေတ္တာစီမံကိန်း၏ ရာဇဝတ်သင့်သူများစာရင်းဟု ဆိုရသည်မှာ လည်း ဆရာမကြီး ပြောပြ၍ သိရခြင်းဖြစ်ပါသည်။

'ဒီစာရင်းကို အန်တီခင်ရေးတဲ့ စာဆိုတော်ဝတ္ထုကြီးထဲမှာတောင် အသေးစိတ် မထည့်လိုက်မိဘူး'

ဟု ပြောပါသည်။ စာရေးသူက စိတ်ဝင်စား၍ ကူးယူထားခဲ့သည်။

တစ်လောက စာရေးသူ၏ စာရွက်စာတမ်းဟောင်းများ ရှင်းရာတွင် အဆိုပါ စာရင်းကို တွေ့ရသဖြင့် ဤဆောင်းပါးကို ရေးလိုက်ရခြင်းဖြစ်ပါသည်။

ဤနေရာတွင် 'ရွှေသေတ္တာစီမံကိန်း' ဆိုသည်ကို ရှေးဦးစွာ ရှင်းပြရပါလိမ့်မည်။ မြန်မာ နှစ် ၁၂၄၃ ခုတွင် ရွှေသေတ္တာစီမံကိန်းဆိုသည်ကို အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်သည်။ သီပေါမင်းနှင့် ဒိုင်းခင်ခင်ကြီးတို့အရေးတွင် လက်သုံးတော်ကြီးကိုင်ခဲ့ဖူး ထားဝယ်ဗိုလ်၊ အောက်မားဝန် ရနောင်မောင်မောင်တုတ်သည် အဓိကအကြံပေးဆောင် အဖြစ်ပါဝင်ခဲ့သည်။ အရှင်နန်းမတော်မိဖုရားခေါင်ကြီးက သိသဖြင့် ရနောင်မောင် မောင်တုတ်ကို အဓိကပစ်မှတ်ထားလျက် ဤရွှေသေတ္တာစီမံကိန်းကို အကောင်



www.burmeseclassic.com

www.burmeseclassic.com

အထည်ဖော်ခဲ့ခြင်းဖြစ်ပါသည်။

ရွှေသေတ္တာစီမံကိန်းဆိုရာ၌ မည်သူမဆို အရှင်နှစ်ပါးထံ တိုင်ကြားလိုသည့်အချက်များကို လျှို့ဝှက်စွာ ရွှေသေတ္တာကြီးများအတွင်းသို့ လာရောက်တိုင်ကြားထည့်သွင်းနိုင်သည်ဟု ပြုလုပ်သော အစီအစဉ်ဖြစ်သည်။ သဘောရိုးဖြင့် တိုင်ကြားသည့်စာများပါရှိသကဲ့သို့ သီပေါမင်းနှင့် ဒိုင်းခင်ခင်ကြီးတို့အရေးတွင်လည်းကောင်း၊ အခြားကိစ္စများတွင်လည်းကောင်း ရနောင်မောင်မောင်တုတ်၏ မတရားမှုများကို ရေးထားသည့်စာများက အများဆုံးပါဝင်ပါသည်။ ဤသည်ကလည်း တမင်လုပ်ကြံ ဖန်တီးထားခြင်းဖြစ်၏။ သို့သော် ထိုအချိန်က ဆိုးသွမ်းရမ်းကားဗိုလ်ကျနေသော ရနောင်မောင်မောင်တုတ်၏အဖြစ်အပျက် အမှန်များသာ ဖြစ်ပါသည်။ တိုင်စာအားလုံးသည် သီပေါမင်းနှင့် ဒိုင်းခင်ခင်တို့အရေးအခင်းနှင့် ပတ်သက်သည်များသာဖြစ်သည်ဟု မဆိုနိုင်ချေ။ ဟုတ်မဟုတ်၊ မှန်မမှန် စစ်ဆေးစုံစမ်းသည်ဟူ၍လည်း မရှိခဲ့ပေ။ (ဤကိစ္စကိုစာရေးသူသိရခြင်းမှာလည်း ဆရာမကြီးဒဂုန်ခင်ခင်လေး၏စာဆိုတော်ဝတ္ထုအရ ဖြစ်ပါသည်။)

မိုင်းနိုင်းမြို့စား အတွင်းဝန် ဦးယံသည် ရွှေသေတ္တာစီမံကိန်းအရ ရာဇဝတ်သင့်သူများစာရင်းနှင့် ထိုသူတို့ကို မည်သို့မည်ပုံ အပြစ်ပေးသည်များကိုပါ မှတ်တမ်းပြုထားခဲ့သည်။ မိုင်းနိုင်းအတွင်းဝန် ဦးယံ၏စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ခန်းပတ်မြို့စားဝန်ကြီး ဦးရွှေမောင်၊ ထောင်ဥယျာဉ်တော်အတွင်း သံခြေချင်းနှစ်ဆင့်နှင့်ထားသည်၊ အိမ်ရှိပစ္စည်းအားလုံးကို မင်းဘဏ္ဍာအဖြစ် သိမ်းယူသည်။

(၂) ပုဂံအတွင်းဝန် ဦးဖိုးကြီးကို ထောင်မှာထားသည်၊ အိမ်ရှိ ပစ္စည်းအားလုံးကို မင်းဘဏ္ဍာအဖြစ်သိမ်းယူသည်။

(၃) ပုဂံအတွင်းဝန်မယားမှာ အနောက်ထောင်တွင် ခြေချင်းသုံးဆင့်နှင့် ထားသည်။

တောင်သမန်လယ်စား
မောင်ဖေယံကတော့
မိုးကောင်းမှာပဲ
ကွပ်မျက် ခံရရှာတယ်
ရနောင်မောင်မောင်တုတ်
ကတော့
ထောင်ထဲမှာရှိတဲ့
ကတ်ကြေးနဲ့
လည်မျိုကို ထိုးပြီး
သေကြောင်း
ကြံစည်သွားတယ်လို့
ဆိုတယ်
အမှန်တော့
ရန်ငြိုးရန်စရှိတဲ့
ရွှေလုံဗိုလ်က
ထိုးသတ်လိုက်တာလို့
ပြောကြတယ်

(၄) လက်သုံးတော်ကြီးကိုင်မြောက်ထားဝယ်ဗိုလ်၊ အောက်မားဝန် ရနောင်မြို့စား မောင်မောင်တုတ်ကို ထောင်မှာထားသည်။ အိမ်ရှိပစ္စည်းအားလုံးကို မင်းဘဏ္ဍာအဖြစ် သိမ်းယူသည်။

(၅) ကျပင်းမြို့စားသူရဲဝန် မောင်မောင်ပြောင်းကို ထောင်မှာထားသည်။

(၆) မြို့သာမြို့စား၊ ရွှေမြို့တော်ဝန် ဦးသာအိုးကို အိမ်အလွတ်တစ်ဆောင်၌ သီးခြားထားသည်။

(၇) စီးတော်မြင်းဝန် ရွှေတိုက်စိုး၊ တောင်သမန်လယ်စား ဦးဖေယံကို ထောင်မှာထားသည်။

(၈) ကောင်ပန်ဝန် ခင်မောင်လတ်ကို ထောင်မှာထားသည်။

(၉) ထုံးမှူး ငွေခွန်ဝန် ဦးယေကို ထောင်မှာထားသည်။

(၁၀) အတ္တပတ်မြင်းဝန် ဦးဘကြမ်းကို ထောင်မှာထားသည်။

(၁၁) လမိုင်းမြင်းဝန် ဦးထွန်းကို ထောင်မှာထားသည်။

(၁၂) အသည်ဝန် ဦးသန့်ကို ထောင်မှာထားသည်။

(၁၃) စာရေးကြီး ဦးရွှေအိုကို ထောင်မှာထားသည်။

(၁၄) နတ်ရှင်ရန်နိုင်ဗိုလ် ဦးမှုန်ကို ထောင်မှာထားသည်။

(၁၅) နတ်ရှင်လူတော်ဗိုလ် ဦးဖိုးမောင်ကို ထောင်မှာထားသည်။

(၁၆) နတ်ရှင်တိုးဗိုလ် ဦးညိုကို ထောင်မှာထားသည်။

(၁၇) ဘုန်းတော်တိုးဗိုလ် ဦးပေါ်ညွန့်ကို ထောင်မှာထားသည်။

(၁၈) သံတော်ဆင့် ဦးစောကို ထောင်မှာထားသည်။

(၁၉) မြတိုက်သံဆင့် ဦးတုတ်ကို ထောင်မှာထားသည်။

(၂၀) မြတိုက်သံဆင့် ဦးခင်ကို ထောင်မှာထားသည်။

(၂၁) မြို့စာရေး ဦးမြို့ကို ထောင်မှာထားသည်။

(၂၂) မြို့စာရေး ဦးကံတော်ကို ထောင်မှာထားသည်။

(၂၃) အသုံးစာရေး ဦးဗာလီကို ထောင်မှာထားသည်။

(၂၄) ဒိုင်းစာရေး ဦးသက်ရှည်ကို ထောင်မှာထားသည်။

(၂၅) ပန်းဘဲစာရေး ဦးဘိုအိုကို ထောင်မှာထားသည်။

'သီပေါမင်းနဲ့ ဒိုင်းခင်ခင်အရေးမှာ အရေးယူခံရသူ ၂၅ ယောက်လောက်ပဲဆိုတော့ သိပ်မများဘူးပေါ့နော် အန်တီခင်'

ဟု စာရေးသူက မေးလိုက်သောအခါ -

'ဒီထက်များတယ်လို့ အန်တီခင်ရဲ့အဘိုး ဝက်မစွပ်ဝန်ထောက်က ပြောတယ်။ မိုင်းနိုင်းအတွင်းဝန် ဦးယံရဲ့ စာရင်းမှာတော့ ဒီလောက်ပဲပါတာပေါ့'

ဟု ပြန်ဖြေပါသည်။ ထို့နောက် အန်တီခင်က ဦးယံ၏ စာရင်းအရ ရာဇဝတ်သားများအကြောင်းကို ဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

'ကောင်ဟန်ဝန်ဟောင်း ခင်မောင်လတ်နဲ့ ထုံးမှုးငွေခွန်ဝန် ဦးငယ်တို့ကို အချုပ်နဲ့ မိုးကောင်းပို့ထားတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ သူတို့ထွက်ပြေးသွားကြသတဲ့။ မြို့သစ်မြို့စား အတွင်းဝန် ဦးရွှေဖီနဲ့ သံချက်ဝန်ထောက် ဦးမြိုတို့က ဒီအကြောင်းကို တိုင်ကြားစာပို့တယ်။ ထူးဆန်းတာက တိုင်ကြားစာ လွှတ်တော်ကို ရောက်ပေမဲ့ သီပေါမင်းဆီ မတင်ပြကြဘူး။ ဦးရွှေဖီနဲ့ ဦးမြိုတို့က ခရီးကပြန်ရောက်တဲ့အခါ အစီရင်ခံစာကို လက်ထိလက်ရောက် ဆက်သကြတယ် ဆိုတယ်။ ဒီတော့ မင်းတရားကြီး နားမှာ အမြဲရှိတဲ့ အရှင်မိဖုရားခေါင်ကြီးက အကြီးအကျယ် စိတ်တော်ဆိုးပြီး ကင်းဝန်မင်းကြီးနဲ့ လွှတ်တော်အရာရှိများအား အပြစ်တင် ဆူပူကြိမ်းမောင်းတယ်။ တာဝန်ရှိတဲ့ မိုးကောင်းမြို့ဝန်ကို အကျဉ်းချပြီး ရွှေဖဝါးတော်အောက်ကို ခေါ်ယူလိုက်တယ်ဆိုပဲ'။ (ကင်းဝန်မင်းကြီးနှင့် အပေါင်းအပါတို့သည် စည်းမျဉ်းခံဘုရင်စနစ်သို့ ကူးပြောင်းရန် ကြိုးစားလျက်ရှိချိန် သီပေါမင်း၏ကိုယ်ရေးကိုယ်တာကြောင့်ဖြစ်လာသောကိစ္စများနှင့် နောက်ဆက်တွဲပြဿနာများ ပါဝင်ပတ်သက်လိုဟန် မရှိကြ၍ ဤကိစ္စကို ဖုံးကွယ်လိုကြဟန် တူပါသည်။)

'ပုဂံအတွင်းဝန် ဦးဖိုးကြီးနဲ့ အတွင်းဝန်ကတော်တို့ဟာ ထောင်ထဲမှာ ကွပ်မျက်ခံကြရရှာတယ်။ ဒိုင်းခင်ခင်ကြီးကတော့ တိုင်တားမင်းကြီးရဲ့ နေအိမ်မြင်းဇောင်းထဲမှာထားရာက ကွပ်မျက်ခံရသတဲ့။ ဒီအချိန်က ဒိုင်းခင်ခင်ကြီးမှာ သီပေါမင်းရဲ့ ရင်သွေးတော် ပါသွားတယ်ဆိုတယ်။ ခန်းပတ်ဝန်ကြီးလည်း အကျဉ်းထောင်ထဲသို့ ဝင်ရရှာတယ်။ ပါတော်မူပြီးတဲ့နောက်မှ လွှတ်သတဲ့။ မိုးကောင်းကို အပို့ခံထားရတဲ့ တောင်သမန်လယ်စား မောင်ဖေငယ်ကတော့ မိုးကောင်းမှာပဲ ကွပ်မျက်ခံရရှာတယ်။ ရနောင်မောင်မောင်တုတ်ကတော့ ထောင်ထဲမှာရှိတဲ့ ကတ်ကြေးနဲ့ လည်မျိုကို ထိုး

> မိဖုရားခေါင်ကြီးက
> သီပေါမင်း၏သျှောင်ထုံးကို
> ဆောင့်ဆွဲလိုက်သကဲ့သို့
> ဖြစ်သွား၍
> သီပေါမင်းသည်
> လက်သုံးတော်လှံနှင့်
> ထိုးရန်လိုက်သည်
> မိဖုရားခေါင်ကြီးက
> တအားကုန်ပြေးလျက်
> သီပေါမင်းက
> နောက်မှ လှံနှင့်
> လိုက်သည်ကို
> ဘေးမှာရှိသော
> နန်းတွင်းသူ
> နန်းတွင်းသားများ
> မြင်ကြရသည်
> ဆိုပါသည်

ပြီး သေကြောင်းကြံစည်သွားတယ်လို့ ဆိုတယ်။ အမှန်တော့ ရန်ငြိုး ရန်စရှိတဲ့ ရွှေလှံဗိုလ်က ထိုးသတ်လိုက်တာလို့ ပြောကြတယ်'

ဟု အန်တီခင်က ရှည်လျားစွာ ဆက်၍ ရှင်းပြပါသည်။

မိုင်းနိုင်းအတွင်းဝန် ဦးယံ၏ မှတ်တမ်းမှာ 'ထောင်မှာထားသည်' ဆိုသော စာရင်းပါ လူများသည် ပါတော်မူပြီးသောအခါ ထောင်မှ လွှတ်ကြဟန်တူပါသည်။ အသက် မသေကြပါ။

စာဆိုတော်ဝတ္ထုကြီးထဲတွင် ဤကိစ္စနှင့် ပတ်သက်၍ သီပေါမင်းနှင့် အရှင်နန်းမတော်မိဖုရားခေါင်ကြီးတို့သည် အကြီးအကျယ် စကားများကြသည်ဆို၏။ မိဖုရားခေါင်ကြီးက သီပေါမင်း၏ သျှောင်ထုံးကို ဆောင့်ဆွဲလိုက်သကဲ့သို့ ဖြစ်သွား၍ သီပေါမင်းသည် လက်သုံးတော်လှံနှင့် ထိုးရန်လိုက်သည်။ မိဖုရားခေါင်ကြီးက တအားကုန်ပြေးလျက် သီပေါမင်းက နောက်မှ လှံနှင့်လိုက်သည်ကိုဘေးမှာရှိသော နန်းတွင်းသူ၊ နန်းတွင်းသားများမြင်ကြရသည် ဆိုပါသည်။ ထိုအခါ မိဖုရားခေါင်ကြီးဘက်တော်သား အပျိုတော်တစ်ဦးက သီပေါမင်းအား ရေကြည်တော်ဆက်၏။ ထိုရေကြည်တော်ကို သောက်ပြီးသည်နှင့် သီပေါမင်းသည် ဆက်မလိုက်နိုင်တော့ဘဲ လူမှန်းသူမှန်းမသိ သတိလစ်သွားသည် ဆိုပါသည်။ နောက်ပိုင်းတွင် မည်သို့ဖြစ်ပွားသည်ကို သတိမရတော့သည်အထိ ဖြစ်ခဲ့၏။ ဤအဖြစ်ကို အခွင့်အရေးယူကာ အရှင်နန်းမတော်ဘုရားသည် ဒိုင်းခင်ခင် အမှုအခင်းတွင် သူ၏စိတ်တိုင်းကျ ခြယ်လှယ်ခွင့်ရသွားခဲ့သည် ဆိုပါသည်။ သီပေါမင်းအား ဆက်သသည့် ရေကြည်တော်သည် ရိုးရိုးရေကြည်တော်မဟုတ်၊ အလွန်ယုတ်ညံ့သော အစီအမံဖြင့် ပြုလုပ်ထားသော ရေကြည်တော်ဟု ဆိုပါသည်။ ဤသည်တို့မှာ စာဆိုတော်ဝတ္ထုကြီးထဲတွင်ပါ၍ စာရေးသူ သိရခြင်းဖြစ်ပါသည်။

စာဆိုတော်ဝတ္ထုကြီးထဲမှ ကိစ္စများကို ဆရာမကြီး ဒဂုန်ခင်ခင်လေးနှင့် ဆက်ပြောကြသည်။ သီပေါမင်းအား ဆက်သသော ရေကြည်တော်နှင့် ပတ်သက်၍ မေးကြည့်ရာ-

'လူကြီးတွေ အစဉ်အဆက် ပြောလို့ အန်တီခင် ရေးခဲ့တာ...၊ အန်တီခင် မီလိုက်တာမှ မဟုတ်ဘဲ။ စုဖုရားလတ်ဟာ လင်ကိုနိုင်ချင်တော့ ဒီလိုကောက်ကျစ်ယုတ်မာတဲ့ ကိစ္စတွေလုပ်သတဲ့။ ဒါကြောင့် သီပေါမင်းဟာ ဘုန်းတန်ခိုးနိမ့်ပြီး ပါတော်မူသွားရရှာတာလို့ ပြောကြတယ်'

ဟု ပြောပါသည်။ စာရေးသူက-

'ဟုတ်ချင်လည်း ဟုတ်မယ် အန်တီခင်...။ ဒါပေမဲ့ အဓိက,ကတော့ တကယ်ကောက်ကျစ်ယုတ်မာတဲ့ နယ်ချဲ့ဗြိတိသျှကြောင့် ပါတော်မူသွားရရှာတာပါ'

ဟု ပြန်ပြောလိုက်ရပါသည်။ ■

**မောင်သန်းဆွေ(ထားဝယ်)**



www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

'သီပွဲမောင်ဝကို သတ်တာ ငါပဲကွ'
အစ်ကိုဆိုလည်းဟုတ်၊ ကဗျာဆရာဆိုလည်း
ဟုတ်တဲ့ အစ်ကိုဆရာရဲ့
စကားလုံးတွေက သွေ့နားစည်မှာ
ပဲ့တင်ထပ်နေပြီး
ရင်ဘတ်ကို ဒိန်းခနဲ
ဆောင့်လိုက်တာ နောက်တောင်
နည်းနည်း ယိုင်သွားသလိုလိုပဲ။
အစ်ကိုဆရာကတော့
အားမာန်အပြည့်နဲ့ သူ့စကားကို
ဆက်နေတယ်။ 'လယ်သမားတွေ၊
ဆင်းရဲသား ကျောမွဲတွေကို
မတရားလုပ်ခဲ့တဲ့ ဗျူရိုကရက်



www.burmeseclassic.com

www.burmeseclassic.com

အရေးပိုင်ကွာ၊ ဓားပြတွေက သတ်ပစ် ကြတာပေါ့'

မီးသေနေတဲ့ ဆေးပေါ့လိပ်ကို မီးညှိပြီး သူ့စကားကို ဆက်တယ်။

'ဟော့ကောင်၊ ဒီဝတ္ထုက ပေါက်ကိုပေါက်မယ့်ဝတ္ထု။ မင်းကို ဖြစ်စေချင်လွန်းလို့ ငါ ဒီဝတ္ထု မင်းကိုရေးစေချင်တာ။ ဘယ်သူမှ မပြောဖူးဘူး'

အစ်ကိုဆရာ ဖွာထုတ်လိုက်တဲ့ ဆေးလိပ်မီးခိုးတွေကြောင့် သူ အသက်ကို အောင့်ထားမိတယ်။ မျက်တောင်လည်း ပုတ်ခတ်ပုတ်ခတ် လုပ်နေမိလေသလား။ အစ်ကိုဆရာကတော့ သူ့ညီတပည့်ကို ဝတ္ထုလောကမှာ ကျော်ကြားထင်ရှားစေချင်လို့ ဝတ္ထုရေးရမယ့် ဓားပြတွေ၊ ဇာတ်လိုက်တွေနဲ့ တွေ့ပေးမယ်လို့။ ပြီးတော့ ဝတ္ထုဆိုတာ ပထမစာကြောင်းက စာဖတ်သူကို ဆွဲဆောင်မှုရှိရမယ်ဆိုတဲ့ သဘောတရားကို သိထားသူပီပီ သူပြောတဲ့ စာလုံးတွေနဲ့ ဝတ္ထုကို ဖွင့်ရမယ်တဲ့။

'သိပ္ပံမောင်ဝကို သတ်တာ ငါပဲကွ'

ရှေ့မှာချထားတဲ့ ရေနွေးကြမ်းကိုယူပြီး နှစ်ကျိုက်ကျိုက်ပြီး လည်ချောင်းကို စွတ်စိုစေတယ်။ ပြီးတော့ ဆေးပေါ့လိပ်ကို ရှိုက်တယ်။ မျက်လုံးက ညီတပည့်ကို စူးစူးစိုက်စိုက်ကြည့်ရင်း…

'နယ်ချဲ့အင်္ဂလိပ်က စစ်ပြေးတော့ အောင်မြင်စွာဆုတ်ခွာတယ်ဆိုပြီး စကားလုံး လှလှနဲ့ သုတ်ခြေတင်တာ။

'ကန့်ဘလူနယ်ထဲ သူ

'ဟော့ကောင်၊
ဒီဝတ္ထုက
ပေါက်ကိုပေါက်မယ့်
ဝတ္ထု
မင်းကို
ဖြစ်စေချင်လွန်းလို့
ငါ
ဒီဝတ္ထု
မင်းကို
ရေးစေချင်တာ
ဘယ်သူမှ
မပြောဖူးဘူး'

ဖြုတ်ထားပစ်ခဲ့တဲ့ ရထားတွဲနှစ်တွဲက လက်နက်တွေချည်းပဲ'

သူကတော့ ရင်တမမနဲ့ နားထောင်နေမိတယ်။ စိတ်ထဲမှာလည်း အသက်ရှူမဝသလိုလို။ 'ဂါးတာနယ်သား၊ ကန့်ဘလူနယ်သားတွေ အဲဒီရထားတွေကို ဖောက်ပြီး သေနတ်တွေ၊ ကျည်ဆန်တွေ၊ လက်ပစ်ဗုံးတွေယူကြတာ အိမ်တိုင်းလောက်နီးနီး သေနတ်ကိုယ်စီ ကျည်အပြည့်နဲ့'

ဝတ္ထုမရေးချင်ပေမဲ့ သူ့မျက်စိထဲမှာ ရထားတွဲပေါ်က သေနတ်တွေ လက်ဆင့်ကမ်းနေပုံ၊ လှည်းနဲ့တိုက်ယူနေကြပုံတွေကို ရုပ်ရှင်ဇာတ်ဝင်ခန်းတွေလို မြင်ယောင်နေချိန်မှာပဲ အစ်ကိုဆရာက…

'အိမ်တိုင်မှာ အင်္ကျီချိတ်ဖို့ အိမ်ရိက်သံအလွယ်မရှာချင်လို့ ရိုင်ဖယ်ကျည်ဆန်ကို အိမ်တိုင်မှာ ရိုက်သွင်းတာ။ လက်ပြတ်သူပြတ်ကုန်တာပေါ့။

'ဗိုလ်ဇံသိန်းအကြောင်း မပြောခင် သူ့မိန်းမအကြောင်း ငါ မင်းကို အရင်ပြောပြမယ်။ အဲဒီရွာရောက်ရင် ဒေါင်းတင်မောင်းတင်ကြီး မင်းတွေ့ရမှာပါ။ သူတို့ ဝက်သတ်တယ်၊ ဝက်ကုန်သည်တွေ။ မပြားအိတဲ့။ ရွာတကာလှည့်ပြီး ဝက်ဝယ်တဲ့မိန်းမ။ ဗိုလ်ဇံသိန်းက မိန်းမလုပ်စာ ထိုင်စားတဲ့ လူပေါ်ကြော့။ ကာလသားခေါင်းပေါ့။ ဖဲရိုက်၊ ကက်ဆွဲ၊ ကြက်တိုက်၊ ထန်းရည်လေး တမြမြနဲ့။ လူပေါ်ကြော့ဆိုပေမဲ့ မိုက်ဂုဏ်လေးလည်းရှိတယ်။

'ကျွန်တော်ဖြင့် ဒီဝက်ကလေးရောင်းချင်လို့ပါ ဒေါ်ပြားအိရယ်-ဆိုရင် သူက ဝက်ကိုကြည့်ပြီး အချိန် ၇၀ ကောင်လား၊ ၈၀ ကောင်လား စိတ်မှန်းနဲ့ ဈေးဖြတ်တယ်။ တစ်ခွန်းပဲ၊ မပြင်ဘူး။ ပြင်စရာလည်း မလိုဘူး။ ပေါက်ဈေးနဲ့ သူမှန်းထားတဲ့ ဝက်အချိန်တွက်ပြီး ဝက်ဈေးဖြတ်လိုက်တယ်။

'မယုံရင် ကတ္တားရှိ၊ ကတ္တားပေါ်တင်ကြည့်။ တစ်ပိဿာမပြောနဲ့ အလွန်လွဲ ၁၀ သား၊ ၁၅ ကျပ်သားလွဲမယ်။

'ဒေါ်ပြားအိရယ် ဒီထက်နည်းနည်းတော့ တိုးပေးပါ။ ကျွန်တော်တို့ အကောင်ကြီးက ပဲဖတ်နှမ်းဖတ်နဲ့ ကြီးတဲ့ ရွှေနီကြီးပါ-လို့ ရောင်းသူက သူ့ဝက်ကို ကြော်ငြာထိုး အစွဲထုတ်ရင် ဒေါ်ပြားအိက ဝက်ခြံထဲက ဝက်ဈေးကြည့်တာနဲ့ ပဲဖတ်နှမ်းဖတ်ကျွေးတာ ဟုတ်မဟုတ်သိတယ်။

'ဟဲ့ ငါ့လာမညာနဲ့၊ ဒီဈေးပဲ။ ကြိုက်မှရောင်း။ ဝက်တွေ ပေါလွန်းလို့'

'ဝက်ဈေးကြည့်တာနဲ့ ဘာကျွေးမွေးတဲ့ ဝက်လဲဆိုတာ မပြားအိ သိတယ်။ အသားပေါမယ့် ဝက်လား၊ အဆီအခေါက် ထူမယ့် အကောင်လား ခန့်မှန်းတတ်တယ်။

'သူများတကာ ဝက်ပေါ်ရင် ဝက်အော်သံက ငယ်သံပါရော။ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် နားမချမ်းသာဘူး။ ကြားရသူတိုင်း အကုသိုလ်ဖြစ်တယ်။ ဒါမျိုးကျ မပြားအိက ဗိုလ်ဇံသိန်း မိန်းမလို့မပြောရဘူး။ လက်သိပ်ယဉ်တယ်။ ဝက်အော်သံက ခုနစ်အိမ်၊ ရှစ်အိမ်ကြား မဟုတ်ဘူး။ ဝက်ဖြစ်ရင် မပြားအိလက်ရောက်တဲ့ဝက်မျိုး ဖြစ်ချင်မယ့် အကောင်တောင် ရှိလိမ့်မယ်။ သေခါနီး ငယ်သံမပါလိုက်ရဘူး။ သူ့ ဝက်ထိုးမှိန်းက ဆိုင်လင်ဇာ တပ်ထားသလိုပဲ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

မိန်းမတန်မယ့် ဝက်ကိုယ်တိုင် ထိုးတဲ့ အာဂမိန်းမ'

ဝတ္ထုရေးမယ့် ညီတပည့်က ဝက်သတ်တာရော၊ မဖြားအိကိုပါ မမြင်ဖူးပေမဲ့ ကျောထဲကတော့ စိမ့်ခနဲတစ်ချက် ဖြစ်သွားသေးတယ်။

'မြန်မာနိုင်ငံမှာ ထက်ပါတယ်ဆိုတဲ့ ထန်းလှီးဓားတို့၊ ဓားပလွှဲမတို့က ထက်တဲ့နေရာမှာ ဆရာခေါ်လောက်တဲ့ ဝက်ခုတ်ဓား မဖြားအိမှာရှိတယ်။ လက်ဆသိပ်မှန်တယ်။ တစ်ခါခုတ် တစ်ပိဿာ။ ချိန်ခွင်လွတ်။ အပိုအလိုမရှိ။ ပိုရင်ငါးကျပ်သား၊ လိုရင် တစ်ကျပ်သား နှစ်ကျပ်သား။ ငါးဆယ်သားခုတ်လည်း ကွက်တိ။ သူ့အတွေ့အကြုံ၊ သူ့ဓား၊ သူ့စိတ်မှန်း၊ သူ့လက်ဆက ဒစ်ဂျစ်တယ်တွေလိုပဲ'

ညီတပည့်က ဆရာသိပ္ပံမောင်ဝကို သတ်တဲ့ဓားပြဗိုလ်အကြောင်း မရေးချင်ဘဲ မဖြားအိအကြောင်းတော့ ရေးချင်သလိုလို နည်းနည်းစိတ်ဝင်စားစပြုတယ်။

အစ်ကိုဆရာ မပြောပေမဲ့ ထဘီတိုတို၊ လက်မောင်းတုတ်တုတ်၊ နှာခေါင်းပွပွ၊ အသားညိုညို၊ ဆံပင်အုံကောင်းကောင်း၊ နှုတ်ခြမ်းကြမ်း၊ စတီလက်ကောက်တဝင်းဝင်း မဖြားအိလို့ စာဖွဲ့ရကောင်းမလား တွေးနေချိန်မှာ-

'ဗိုလ်ဇံသိန်းက မိုက်ဂုဏ်ရှိတယ်။ ကာလသားခေါင်း၊ လူဆိုးတွေအပေါ်ဩဇာရှိတယ်ဆိုပေမဲ့ သူ့မိန်းမကျတော့ ကြောက်ရ

> အစ်ကိုဆရာ
> မပြောပေမဲ့
> ထဘီတိုတို
> လက်မောင်း
> တုတ်တုတ်
> နှာခေါင်းပွပွ
> အသားညိုညို
> ဆံပင်အုံ
> ကောင်းကောင်း
> နှုတ်ခြမ်းကြမ်း
> စတီလက်ကောက်
> တဝင်းဝင်း
> မဖြားအိလို့
> စာဖွဲ့ရ
> ကောင်းမလား

တယ်။ တစ်ရွာလုံး၊ တစ်နယ်လုံး သိတယ်။ ရှေ့တင်ရော၊ ကွယ်ရာရော ဒီအကြောင်း မူးလို့တောင် မပြောရဲကြဘူး'

ညီတပည့် ပြုံးရင်း မဖြားအိအကြောင်း ရေးရရင်ကောင်းမလား တွေးနေမိတယ်။

'ဝက်ခုတ်တဲ့ ဓားတင်ထက်တာ မဟုတ်ဘူး ဟော့ကောင်ရေ၊ အမေရိကန် မြင်းစီးရိုင်ဖယ်ကို လက်တစ်ဖက်တည်းနဲ့ မောင်းတင်နိုင်တဲ့ မဖြားအိ။ ကောင်းဘွိုင်ရုပ်ရှင်ထဲက အော်ဒီမာဖီတို့၊ ကလင့်အိစဝုဒ်တို့က မဖြားအိဆီက အတုခိုးတာ'

အစ်ကိုဆရာက သူ့နှစ်နံ့စပ် ဖျင်ပုဆိုးနဲ့ အဆီပြန်နေတဲ့ မျက်နှာကိုပွတ်ရင်း-

'ဘယ့်နှယ်လဲ ဟော့ကောင်၊ ကြိုက်ပြီမဟုတ်လား။ သူတို့နဲ့တွေ့ရင် သိပ်ကောင်းတဲ့ ဝတ္ထုကြီးရမှာ။ မင်းအားတော့ ငါတို့ အဲဒီရွာသွားရအောင်'

အစ်ကိုဆရာရဲ့ ညီတပည့်များခမျာ ထွေးရအခက်၊ မျိုရအခက်ဖြစ်တယ်။ သူ့မှာ ကြည်ညိုချစ်ခင်ရတဲ့ ဆရာတွေ အများကြီး။ မြန်မာစာပေကို အခုလို လူအများဖတ်ရှု နားလည်ပြီး ပျံ့နှံ့စေတဲ့ ပုဂ္ဂိုလ်ကြီးတွေရှိခဲ့တယ်။ ဆရာကြီး ပါမောက္ခဦးဇေမောင်၊ ဆရာ ဇော်ဂျီ၊ ဆရာ မင်းသုဝဏ်၊ ဆရာကုသနဲ့အတူ ဆရာ သိပ္ပံမောင်ဝလည်းပါတယ်။

မောင်စိန်တင်၊ သိပ္ပံမောင်ဝ၊ ကောလိပ်ခင်၊ ခေတ်စမ်းမောင်၊ တင်တင့်၊ မဏိဦးကေတုကျောင်းသား စတဲ့ ကလောင်အမည်အမျိုးမျိုးနဲ့ ခေတ်စမ်းကာလကို ဖြတ်ကျော်ရင်း စာပေမျိုးစေ့ချခဲ့သူ။ အသက်ကိုလု ပြေးလွှား ပုန်းအောင်းနေရတုန်းမှာတောင် နေ့စဉ်မှတ်တမ်းတွေ ရေးထားရစ်ခဲ့သူ။ သူ့ရဲ့ မှတ်တမ်းရေးစိတ်က အံ့မခန်းဘူး။

*'ဆရာစော၏ ပုံပန်းကား အသားနက်နက်၊ မျက်လုံးကျယ်ကျယ်၊ နှုတ်ခမ်းတွဲတွဲ၊ နှာတံကောက်ကောက်။ သို့သော် ကြောက်စရာကား မကောင်းပေ။ တစ်ထွာခန့်ရှည်သော ဆံတိုများကို သိမ်းရုံးကာ မျက်နှာသုတ်ပဝါဖြင့် ပေါင်း၍ထား၏။ အင်္ကျီကားမရှိ၊ လုံကွင်းမှာ လက်နှီးရောင်၊ ဖာထေးရာတွေမှာ အနန္တ၊ အောက်လက်အစတွင် အကွဲက နှစ်ကွဲ၊ လက်ထဲတွင်ကား ကြိမ်လုံးတစ်လုံးကိုင်လျက်၊ ပါးစပ်ကမူ ဆေးတံကြီးကို ခဲထားလေသည်။ ထိုဆေးတံမှာ အရိုးကျိုးနေပေပြီ။ 'သစ်မရှိခင် စပ်ကြား ဝါးပေါင်းကွပ်' ဆိုသော စကားနှင့်အညီ ကျိုး၍သွားသော သစ်သားရိုး၏ နေရာတွင် ဝါးရိုးကို တပ်၍ထား၏။*

*ထိုဆေးတံကြီးကို ဖွာကာ ဖွာကာ ဆယ်အိမ်ခေါင်း ဦးလူမောင်နှင့် တွဲရေးခွဲရေးအကြောင်း ဆွေးနွေးနေကြလေသည်။*

*ဤသို့ ဆွေးနွေး၍ ကောင်းနေကြရိုက်တွင် မောင်တင်နှင့် မယ်အေးတို့သည် တစ်ယောက်ကို တစ်ယောက် ဆဲရေးနေကြသည်။*

*ငထွန်းကား စာမအံ။ ယင်ကောင်တွေ ဖမ်းမိလျှင် နောက်တိုး၏ နားထဲသို့ လွတ်သွင်းသဖြင့် နောက်တိုးနှင့် ငထွန်းတို့ တစ်ယောက်နှင့်တစ်ယောက် စကားများကြ၊ ပြီးနောက် တစ်ယောက်တစ်ချက်စီ ထိုးနေကြလေသည်။*

*စိန်ဖေကား ဘောသ[...]နှင့်အတူ ကျောင်းနေ[...]ဖေး ကွင်းပြင်ထဲတွင် ပြေးလွှား ကစားကာ [...]ကလေးများ*



www.burmeseclassic.com

www.burmeseclassic.com

ကို ဖမ်းလျက် နေကြလေသည်။ နောက်ဖေးအိမ်သာတွင်ကား ဘထွန်း၊ သာအေး၊ ငွေလှိုင်၊ စံမြတို့လူစု ဦးတာတေ၏ ကျွဲများကို ဖမ်း၍စီးရန် တိုင်ပင်နေကြလေသည်။

ထွန်းဝေနှင့် စံသိန်းတို့ကား ကျောင်းအောက်တွင် နပန်းလုံးနေကြကုန်၏။ သာထွန်းနှင့် ညွန့်မောင်တို့က ဒိုင်လုပ်ကြလေသည်။

ဝေလင်းကား မိမိ၏ ကျောက်သင်ပုန်းပေါ်တွင် ခွေးရုပ်၊ ကြောင်ရုပ်၊ ကြက်ရုပ်များကို ရေးပြီးလျှင် တင်အေးအား ပြလျက်နေလေသည်။ တင်အေးက ဝေလင်းအား ချီးမွမ်း၍ မဆုံးပြီ။ မိခွေးနှင့် မယ်သိန်းတို့ ထောင့်တစ်ထောင့်တွင် ခရုံးစေ့တောက်တမ်း ကစားနေကြလေသည်။ ဆရာစောကား စကားပြောကောင်းတုန်းပင်။

သို့နှင့် ယခင်က ဆူညံ၍နေသော စာအံသံကြီးမှာ တစ်စတစ်စ တိုး၍ တိုး၍ သွားလေတော့သည်။ နောက်ဆုံး၌ စာအံသံဟူ၍ မကြားရတော့ပြီ။ ဆော့နေကြသောအသံ၊ ရန်ဖြစ်နေကြသောအသံ၊ ရယ်နေကြသောအသံတို့သာ ကြားရလေသည်။

ညီတပည့် လေးစားချစ်ခင် အားကျရတဲ့ ဆရာ သိပ္ပံမောင်ဝရဲ့ **ရွှာကျက်သရေ**ဝတ္ထုတိုထဲက စာလုံးတွေကို ပြန်အမှတ်ရနေမိတယ်။

'လွန်ခဲ့သည့် ၈ နှစ်ခန့်အခါက ဗေဒင်ကျွမ်းကျင်သော မိတ်ဆွေတစ်ဦးက ယခုနှစ်မွေးနေ့ မတိုင်မီအတွင်း သေလောက်သောဘေးနှင့် တွေ့ပေလိမ့်မည်ဟု ဟောဖူး၏။ ထိုအခါ ထိုမိတ်ဆွေ ဟောပြောချက်ကို မယုံကြည်ခဲ့ပေ။ နောင်တွင်လည်း အမှုမထားခဲ့ပေ။ ယခုနှစ်အတွင်း ဘေးဒုက္ခအပေါင်းတို့နှင့် တွေ့ကြုံသောအခါကျမှ ထိုမိတ်ဆွေဟောပြောချက်များကို ပြန်လည်သတိရမိပေ၏။ ဗေဒင်က မှန်သောကြောင့်ပေလော၊ ထန်းသီးကြွေခိုက် ကျီးနားခိုက်ဖြစ်သောကြောင့်ပေလော မပြောတတ်။ ဤနှစ်အတွင်း ဒုက္ခအမျိုးမျိုးတို့နှင့် တွေ့ကြုံခဲ့ရသည်ကား မှန်ပေ၏။

ယနေ့ကား မွေးနေ့ဖြစ်၏။ သန်းခေါင်ကျော်လျှင် မွေးနေ့လွန်တော့မည်။ မိတ်ဆွေ ဗေဒင်ဆရာ ဟောပြောချက်အရဆိုလျှင် ဘေးအပေါင်းတို့မှ လွတ်ကင်းတော့မည်။ ဤအကြောင်းများကို တွေးမိသောကြောင့် ဝမ်းမြောက်မိတော့သည်'။

စစ်တွင်း နေ့စဉ်မှတ်တမ်းထဲက ဆရာ မကွယ်လွန်မီ၊ ဓားပြတွေ အသတ်မခံရမီ နောက်ဆုံးရေးခဲ့တဲ့ နေ့စဉ်မှတ်တမ်းကိုလည်း ဆို့ဆို့နင့်နင့် စွဲမှတ်မိနေမိတယ်။

ညီတပည့်ရဲ့ နှလုံးအိမ်ထဲမှာ ဆရာ သိပ္ပံမောင်ဝရဲ့ **စည်းစိမ်၊ ရွှေကောက်ပွဲ၊ လေလံပွဲ၊ နိုက်နိုက်ချွတ်ချွတ်၊ မင်းလတ်၊ ပစ္စုပ္ပန္နရစ်၊ အင်းဝ...** စတဲ့ ခေတ်စမ်းဝတ္ထုများနဲ့အတူ **ရွှာကျက်သရေ**က နေရာယူထားကြတယ်။

အစ်ကိုဆရာကတော့ သူ့ညီတပည့်ကို ဆရာ သိပ္ပံမောင်ဝဘဝဇာတ်သိမ်းပစ်လိုက်ကြတဲ့ ဓားပြတွေရှိရာ ခေါ်သွားမယ်လို့တဲ့။ အဲဒီအရပ်ကို ညီတပည့်လိုက်သွားသင့်သလား၊ မလိုက်သင့်ဘူးလား စာဖတ်သူ မိတ်ဆွေဆုံးဖြတ်ပါလေ။ ■

**ညီပုလေး**

Dictionary for All

THALUN
Bookstore
Yangon

သာလွန်
အင်္ဂလိပ် - မြန်မာ
အဘိဓာန်

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၃၁၈၊ ၂၄...
အမှတ်(၃၇၇/၃၇၉)ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၀၁၅၃၊ ၂၄ ၂...၃၈ ၂၂၈၀
၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂...
၁၀၆ / ခ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၂၄၉၂၊ ၀၉ ၅၁...၆




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ညနေ ၆ နာရီခွဲနှင့် ၇ နာရီကြားဆိုရင်ဖြင့် ကျွန်တော် ဒီမှန်ပြတင်း တံခါးအနီး ရောက်လာပြီ။ မှန်ပြတင်းက မီးဖိုချောင်နဲ့ အိပ်ခန်းကြား ရှိပါတယ်။ သိတဲ့အတိုင်း ရန်ကုန်မြို့က ကန်ထရိုက်တိုက်ခန်းဆိုတာ အခန်းရယ်လို့ သီးသန့်ဖွဲ့ထားတာမဟုတ်၊ ဟောခန်းကို ကိုယ့်ဘာသာ ကာရံရတာမျိုး ဆိုတော့ ဧည့်ခန်း၊ အိပ်ခန်း၊ ထမင်းစားတာနဲ့ ချက်တာပြုတ်တာက တစ်ခန်းဆက်တိုက်ပဲ။ ဒီအခန်းလေး ကျွန်တော် စ,ရောက်တော့ ငှားပေးတဲ့သူငယ်ချင်းက

# နန်းကောရှိရှင်အထင်

(ဒီ ရပ်ကွက်လေးရဲ့ လူကြီးပေါ့လေ) ရယ်စရာပြောပါတယ်။ ဒီမှန်တံခါးတွေက ညဆို အပြင်က အတွင်းကို မြင်ရတယ်။ မင်းအကျီတွေ ဘာတွေလဲရင် သတိထားတဲ့။ ကျွန်တော် ရယ်မောလိုက်ပါတယ်။ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com

လူပြိုကြီး တစ်ယောက်ပါ(စာလုံးပေါင်းမှားတာ မဟုတ်ဘူးနော်)။ အိမ်ထောင်ရေးပြိုကွဲသွားတဲ့ လူတစ်ယောက်။ ဒါကိုဆိုလိုတာပါ။ မိန်းမထပ်ယူဖို့လား။ အင်း... ကောင်းကောင်းမွန်မွန် အမျိုးသမီးလေးတစ်ယောက် ရရင်တော့ လိုချင်သားဗျ။ သိတယ်မဟုတ်လား၊ ယောကျ်ားစစ်စစ်တွေအကြောင်း။ မိန်းမကိုစိတ်မဝင်စားတဲ့ ယောကျ်ားစစ်စစ်ရှိရင် ပြောဗျာ။ ခုကျွန်တော်ပြောမှာကလည်း ယောကျ်ားစစ်စစ်ဖြစ်တဲ့ ကျွန်တော့်အကြောင်းဗျ။

အဲ... ခုနစကားတောင် ဘယ်ရောက်သွားပါလိမ့်။

ညနေ ခြောက်နာရီခွဲနဲ့ ခုနစ်နာရီကြားဆို ကျွန်တော် အဲဒီပြတင်းနားက မခွာတော့ဘူး။ ဆိုခဲ့သလို ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်လေးတစ်ခုက ကန်ထရိုက်တိုက်လေး တစ်ခုရဲ့ လေးထပ်မြောက်မှာ ကျွန်တော် နေပါတယ်။ ကျွန်တော့်တိုက်ခန်းနဲ့ ကပ်လျက်အခန်းမှာ အမျိုးသမီးတစ်ယောက် နေပုံရတယ်။ နေပုံရတယ်ဆိုတာ ခန့်မှန်းပြောရတာပါ။ အသေအချာတော့ ကျွန်တော် ဘယ်သိပါ့မလဲ။ မြို့ကြီးတွေရဲ့ ထုံးစံ ကိုယ့်မျက်နှာချင်းဆိုင် အခန်းတောင် ကူးလူးဆက်ဆံမှု မရှိကြတာ၊ ဟိုဘက် ဒီဘက် တိုက်ဆို သာဆိုးရောပေါ့၊ ခုခေတ်ဆို ပိုဆိုးရော။ အိမ်ငှားတွေက ခြောက်လ တစ်ခါ စာချုပ်နေတာ၊ တချို့ သုံးလတစ်ခါတောင် ချုပ်ကြသတဲ့။ ကိုယ့်တိုက်ခန်းကလို့ မျက်မှန်းတန်းမိရုံ ရှိသေး၊ သိပ်

ရုတ်တရက်
ကျွန်တော့်
နှာခေါင်းထဲ
သင်းပျံ့တဲ့
ရနံ့တစ်ခု
ရလိုက်ပါတယ်
သိပ်မကြာ
အမျိုးသမီး
တစ်ယောက်
ကျွန်တော့်ကို
ဖြတ်ကျော်
တက်သွားပါတယ်
ဆံပင်
အခွေလေးတွေကို
ခပ်
လျော့လျော့လေး
စည်းထားတဲ့
အမျိုးသမီး
တစ်ယောက်

မကြာဘူး ပြောင်းသွားပြန်ရော။ ကြာတော့ မှတ်မနေတော့ဘဲ ဘာသိဘာသာ နေလိုက်ရတော့တာပဲ။

တစ်ရက်ပေါ့ဗျာ၊ ရုံးကစောပြန်လာတဲ့တစ်ရက် ကျွန်တော် ထမင်းစားမယ်ဆိုပြီး အဲဒီ့မှန်ပြတင်းနား ရပ်လိုက်တယ်။ ပြတင်းပေါက်ကပ်လျက်မှာ ရေအိုးစင်လေးထားတာကိုး။ ထမင်းမစားခင် ရေသောက်မလို့လေ။ ကျွန်တော်က ရေခဲသေတ္တာက ရေကို မသောက်တတ်ဘူး။ ရေအိုးထဲက ရေကို ခပ်လိုက်ရင်း မျက်လုံးက မျက်နှာချင်းဆိုင်ကိုကြည့်မိလျက်သားဖြစ်သွားတယ်။ တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ အဲဒီ့မှန်ပြတင်းမှာ အမျိုးသမီးတစ်ယောက် ရပ်နေတာ

တွေ့လိုက်တယ်။ ကျွန်တော် ရုတ်တရက် ကြောင်သွားတာပေါ့။ ဘယ့်နှယ် တစ်ခါမှလည်း မတွေ့ဖူးဘူးပေါ့။ အသက်ကသုံးဆယ်လောက်။ ဆံပင်လေးကို ကပိုကရိုလေး စည်းလို့။ ထူးဆန်းတာက သူ့မျက်လုံးတွေက ကျွန်တော့်အခန်းပြတင်းကို စူးစိုက်ကြည့်နေတာဗျ။ မှန်ပြတင်းခြားထားပေမဲ့ ကျွန်တော့်ရင်ထဲ ဘာလိုလိုကြီးဖြစ်သွားတယ်။ မရယ်နဲ့လေဗျာ၊ ခင်ဗျားတို့ကော မိန်းကလေးတစ်ယောက်က ကိုယ့်အခန်းကို စူးစိုက်ကြည့်နေရင် ဘာခံစားမှုမှမဖြစ်ဘဲ နေမလား။ ကျွန်တော်ကတော့ ပြောရဲတယ်ဗျို့။ မိန်းမနဲ့ ပတ်သက်လို့ ဘာမှမခံစားရပါဘူးဆို ယောကျ်ားမစစ်လို့ပဲဗျ။

ဒါနဲ့ ရေသောက်ပြီး မယောင်မလည်နဲ့ သေချာအောင် နောက်တစ်ခေါက် အဲဒီနားကို ထပ်သွားလိုက်တယ်။ ဟုတ်တယ်ဗျ။ လက်က တစ်ခုခုလုပ်နေရင်း ကျွန်တော့်ပြတင်းကို မခွာတမ်းကြည့်နေတာ။ လက်က တစ်ခုခုလုပ်တယ်ဆိုတာ သူတို့ပြတင်းပေါက်နားမှာ စားပွဲတစ်လုံးရှိပုံရပါတယ်။ စားပွဲပေါ်က အလုပ်တစ်ခုခုပေါ့ဗျာ။ ဟင်းရွက်သင်နေတာလား၊ ဒီအချိန်က ညနေစာစားချိန်ဆိုတော့ ထမင်းထည့်နေတာလား။ စားပွဲက ထမင်းစားပွဲဖြစ်မှာပေါ့။ ကျွန်တော်လည်း စဉ်းစားတယ်၊ ဘာကြောင့် ငါ့အခန်းကို ဒီလောက်စူးစိုက်ကြည့်နေရတာလဲပေါ့။ သူငယ်ချင်းက ပြောတာတော့ အပြင်က အတွင်း

ကိုမြင်ရတယ်ဆို။ သူ ကျွန်တော့်ကိုမြင်မှာတော့ သေချာတယ်ပေါ့။ ဒါနဲ့တောင် ယောကျ်ားတစ်ယောက်နေတဲ့ အခန်းကို ဒီလောက်ရဲရဲတင်းတင်းကြည့်ရတယ်လို့ ကျွန်တော့်ရင်ထဲ မတင်မကျနဲ့ အဲဒီညက ညစာတောင် မစားနိုင်ဘူး။ ခေတ်မိန်းကလေးတွေများ တယ်လည်းရဲတင်းသကိုးလို့။ ဘာ... သဘောမကျဘူးလား။ ဟုတ်လား။ ဘယ့်နှယ် ပြောပါလိမ့်ဗျာ၊ မိန်းမတွေ ရဲတင်းလေ ကျုပ်တို့ယောကျ်ားတွေ ပွလေပဲဗျ။ သူတို့တွေ ယောကျ်ားတွေနဲ့ တန်းညှိချင်လေ ကျုပ်တို့ အနေချောင်လေပဲဗျို့။

အဲဒီ့က စ,တာပဲ၊ ကျွန်တော် ရောဂါရတာ။

ညနေဆို အလုပ်က စောစောရောက်အောင် ပြန်တတ်လာတယ်။ ခါတိုင်းဆို သူငယ်ချင်းတွေနဲ့ ဘီယာသောက်၊ ဆိုင်ထိုင်၊ ဆိုင်မထိုင်လည်း အလုပ်ဆင်းတာ နောက်ကျချင်ကျ။ ခုတော့ မဟုတ်။ အလုပ်ကို လက်စသတ်ပြီး အတတ်နိုင်ဆုံး အိမ်ကို ရောက်အောင်ပြန်တယ်။ ညနေ ခြောက်နာရီနဲ့ ခုနစ်နာရီကြား အိမ်ရောက်ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ။ ကားအင်မတန်ပိတ်တဲ့အချိန်။ ဒါတောင် ကျွန်တော်က ရုံးနဲ့ အနီးဆုံးမှာနေလို့ နောက်ဆုံး လမ်းလျှောက်ပြန်လိုက်ဦး။ ဟုတ်တယ်။ တစ်ခါ ကျွန်တော် လမ်းလျှောက်ပြန်ဖူးတယ်။ အလုပ်နဲ့ အိမ်က လေး၊ ငါးမှတ်တိုင်လောက် ဝေးတာဆိုတော့ မနိုင်တော့ဘူးဆို လမ်းလျှောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com

တယ်။

အချုပ်ကတော့ ညနေဆို ကျွန်တော် အဲဒီ မှန်ပြတင်းနားကိုရောက်ပြီ။ သူကလည်း ကျွန်တော် ကြည့်နေတာကို သိတယ်ထင်တယ်ဗျ။ ဒါကြောင့် ဒီအချိန်ဆို အမြဲကြည့်နေတာပေါ့။ ထူးဆန်းတာက ညနေ ခြောက်နာရီခွဲကနေ ခုနစ်နာရီကျော်လောက်အထိပဲ။ ကျန်တဲ့အချိန်ဆို မတွေ့ရဘူး။

ကြာတော့ ကျွန်တော် အဲဒီ အမျိုးသမီးရုပ်သွင်ကို မှတ်မိလာတယ်။

ဖြစ်ချင်တော့ တစ်မနက် ရုံးအသွား၊ အဲဒီအမျိုးသမီးနဲ့ တိုးပါလေရော။

❑

ကဗျာဆန်ဆန်ပြောရရင် အဲဒီနေ့က နှင်းတွေကျနေတဲ့ မနက်ခင်းပေါ့။ ရန်ကုန်မြို့မှာ နှင်းမကျတာ ဘယ်လောက်ကြာပြီလဲ။ ခရစ္စမတ်ကို ချွေးတလုံးလုံးနဲ့ ဖြတ်ကျော်ခဲ့ရတာ ကြာလှပေါ့။ တကယ်တော့ ကျွန်တော့် ပုံမှန်ရုံးချိန်က နေမြင့်ပါတယ်။ ရုံးနားလည်း နီးတော့ အချိန်လည်း သိပ်မပေးရပါဘူး။ အဲဒီနေ့ကတော့ မနက် ခုနစ်နာရီ၊ ဆယ့်ငါးပဲရှိသေးတာဗျ။ ခါတိုင်း ဒီအချိန် ကျွန်တော် အိပ်ကောင်းတုန်း။ မနေ့က မပြတ်တဲ့လုပ်ငန်းလေးရှိလို့။ အဲဒါလည်း ဟိုအမျိုးသမီးကြောင့်ပဲ။ သူနဲ့တွေ့ရမယ့်အချိန် နောက်ကျသွားမှာစိုးလို့ လက်စမသတ်ဘဲ ရုံးဆင်းလာရတာ။ မနက်အမီလုပ်ပေးမယ်ပေါ့။ မနက်ကျ အစောကြီး နိုးနေပါလေရော။ စိတ်က မဖြောင့်ဘူး၊ ကျွန်တော်က တာဝန်ကျေတဲ့သူဆိုတော့။ ဒါနဲ့ ရုံးကို စောထွက်လာတာ။ ရုံးရောက်မှ လက်ဖက်ရည်လေးဘာလေးသောက်၊ မနက်ခင်းစာလေး စားတော့မယ်ပေါ့။

**နောက်ကို**
**တစ်ချက်**
**ငဲ့စောင်းကြည့်လိုက်**
**ပါတယ်**
**သူက**
**ကျွန်တော့်ကို**
**ကြည့်မနေပါဘူး**
**ကျွန်တော်**
**ပြုံးလိုက်မိပါတယ်**
**ဒါ**
**မိန်းမတွေရဲ့**
**မာယာပဲ**
**အသက်**
**သုံးဆယ်ကျော်ရင်**
**မိန်းမတွေဟာ**
**ပိုမာယာများသေး**

လမ်းပေါ်ရောက်တော့ ဒီအချိန် အလုပ်သွားနေကြတဲ့လူတွေ အများသားပါ့လား၊ ကျွန်တော့်မှာ တအံ့တဩ။ အားလုံးက ခပ်သွက်သွက်လေးလှမ်းကြလို့။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာနေသူလို ဟိုကြည့်၊ ဒီကြည့် အေးဆေးပေါ့။ ခပ်ဖြည်းဖြည်းလျှောက်ရင်း လမ်းထိပ်ကားမှတ်တိုင်ကို သွားနေတာ။ လူအတော်များများက ကျွန်တော့်ကို ကျော်တက်သွားကြပါတယ်။ ရုတ်တရက် ကျွန်တော့် နှာခေါင်းထဲ သင်းပျံ့တဲ့ရနံ့တစ်ခု ရလိုက်ပါတယ်။ သိပ်မကြာ၊ အမျိုးသမီးတစ်ယောက် ကျွန်တော့်ကို ဖြတ်ကျော်တက်သွားပါတယ်။ ဆံပင်အခွေလေးတွေကို ခပ်လျော့လျော့လေး စည်းထားတဲ့ အမျိုးသမီးတစ်ယောက်။ ကျွန်တော့်ကို ကျော်အတက်မှာ ခေါင်းလေးတစ်ချက် ငဲ့စောင်းလို့ ကြည့်သွားပါတယ်။ မနက်ခင်းကြီး ကြယ်ကြွေတာ မြင်လိုက်ရသလို ဖျိုးဖျတ်သွားစေတဲ့ ရောင်စဉ်တန်းလေးတစ်ခု။ ကျွန်တော် သိလိုက်ပါပြီ။ ဒါ ဟို အမျိုးသမီး။ ဒါပေမဲ့ တစ်ချက်ငဲ့စောင်းအကြည့်မှာ ခံစားသိမြင်လိုက်ရတာက တည်တင်းတဲ့မျက်နှာထား၊ နောက် ဖြတ်သွားတဲ့လူတစ်ယောက်ကို ကြည့်တဲ့အကြည့်မျိုး။ သူ ကျွန်တော့်ကို သိတာ သေချာပါတယ်။ ကျွန်တော် လုံးဝ မကျေနပ်ဘူး။ ဒါနဲ့ သူ့နောက်က မလိုက်ဘဲ လမ်းတစ်ဖက်ကို ကူးလိုက်ပါတယ်။ ပြီး ခြေလှမ်းကို မြန်လိုက်တယ်။ မိန်းမခြေလှမ်းနဲ့ ယောကျ်ားခြေလှမ်းပဲဗျာ။ သူ့ကို ကျော်သွားပြီး နောက်ကို တစ်ချက်ငဲ့စောင်းကြည့်လိုက်ပါတယ်။ သူက ကျွန်တော့်ကို ကြည့်မနေပါဘူး။ ကျွန်တော် ပြုံးလိုက်မိပါတယ်။ ဒါ မိန်းမတွေရဲ့ မာယာပဲ။ အသက်သုံးဆယ်ကျော်ရင် မိန်းမတွေဟာ ပိုမာယာများသေး။ ဒါပေမဲ့ သူက ဖုန်းအပြောမပျက်ပါဘူး။ ဖယ်ရီကို သူလိုက်မယ့်အကြောင်း ဖုန်းဆက်နေတာ။ ကျွန်တော်လည်း လမ်းထိပ်ရောက်ရော လမ်းမတစ်ဖက်ခြမ်းမှာ ဖယ်ရီတစ်စီး ရပ်နေတာ တွေ့ပါတယ်။ ကျွန်တော်ကြည့်နေတုန်း ဟိုအမျိုးသမီးကတော့ ကားလမ်းကို ခပ်မြန်မြန်ကူးလို့ အဲဒီဖယ်ရီပေါ်ကို အပြေးအလွှားတက်သွားပါတယ်။

ကျွန်တော့်ဘက်ကို ငဲ့စောင်းလို့တောင် ကြည့်မသွား။

❑

အဲဒီနေ့ ညနေကိုတော့ ကျွန်တော် အသေအချာစောင့်ကြည့်မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ညနေခြောက်နာရီခွဲ ကျော်အထိ အရိပ်အယောင်မမြင်ရ၊ ကျွန်တော့်စိတ်ထဲ သြော်... မနက်က မသိချင်ယောင်ဆောင်လိုက်တဲ့အတွက် အနေရများခက်နေသလားပေါ့။ ကျွန်တော့် အတွေးမဆုံး၊ သူ ကျွန်တော့် မြင်ကွင်းထဲ အလောတကြီးဝင်လာပါတယ်။ သေချာကြည့်လိုက်တော့ မနက်က ဝတ်စုံနဲ့၊ ရုံးသွားတဲ့အဝတ်အစားတောင်မလဲအားသေး။ သြော် သူရုံးနောက်ကျတာပါ့လားပေါ့။ အလောတကြီးဆိုတာ သူ့ကိုကြည့်ရတာ ဖျာယာခတ်နေသလို ထင်ရလို့ပါ။ ကျွန်တော့်နေရာကကြည့်ရင် သူနဲ့ တစောင်းအနေလောက်မှာရှိတဲ့ လက်ဆေးဘေစင်ကိုပါ မြင်ရပါတယ်။ သူက ပန်းကန်ဆေးနေတုန်းကိုတောင် ကျွန်တော့်ပြတင်းဆီ ခပ်စောင်းစောင်းကြည့်နေပါတယ်။ မီးရောင်အောက်မှာ သူ့မျက်ဝန်းတို့ တဖျပ်ဖျပ်လက်လို့။ သူ့အပြုံးတို့ ရှင်မြူးတက်ကြွလို့။ တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ချက် မျက်ဝန်းလေးတွေက ချစ်စရာကောင်းစွာ ငေးရီလို့။ မနက်တုန်းကနဲ့ တခြားစီ။ တစ်ခါတစ်ခါ ပြတင်းပေါက်က မျက်လုံးမလွှဲဘဲ သူ့ရဲ့ အရှေ့ခန်းကို စကားလှမ်းပြောသေးတယ်။ ခက်တော့ခက်ပြီ။

ဒါနဲ့ ခုနစ်နာရီ၊ ဆယ့်ငါးလောက်ရှိတော့ အဲဒီ့အခန်း မီးမှိတ်သွားပါတယ်။

❑

ဒီအကြောင်း သူငယ်ချင်းကို ပြောပြဖို့ စိတ်ကူးသေးတယ်။ သူက ဒီရပ်ကွက်သား ရပ်ကွက်လူကြီး မဟုတ်လား။ အဲဒီ့အခန်းက ဘယ်သူတွေ နေတာလဲ၊ ဘာလုပ်လဲစသဖြင့် စပ်စုဦးမလို့။ ဒါပေမဲ့ တစ်ရက် သူငယ်ချင်းက ပြောတယ်။ မင်းလည်း ဒီရပ်ကွက်ရောက်တာ သုံးလေးလရှိပြီ၊ မိတ်ဆွေလေး ရအောင် ငါနဲ့ ဆွမ်းကျွေးတစ်ခု လိုက်ခဲ့ပါလားတဲ့။ မေးလိုက်တော့ ဟိုအမျိုးသမီးအခန်း ဖြစ်နေတယ်။

ဒါနဲ့ ကျွန်တော်လည်း အသာလေးလိုက်လာခဲ့တယ်။ သေချာအောင် စူးစမ်းမယ်ပေါ့ လေ။ သူငယ်ချင်းက ပြောပြတယ်။ သားအမိနှစ်ယောက်တည်းနေတာ၊ ရုံးဌာနတစ်ခုက အရာရှိတစ်ယောက်လို့ ပြောပါတယ်။ ဒီရပ်ကွက်မှာ နေတာကြာပြီတဲ့။ သူငယ်ချင်းနဲ့တော့ ရင်းနှီးပုံရတယ်။ ဟိုရောက်တော့ သူငယ်ချင်းက မိတ်ဆက်ပေးပါတယ်။ ကျွန်တော် သူ့မျက်ဝန်းတွေကို စူးစိုက်ကြည့်လိုက်ပါတယ်။ သူ့မျက်ဝန်းတွေက ပကတိ တည်ငြိမ်ရင့်

> သူက
> ပန်းကန်ဆေးနေ
> တုန်းကိုတောင်
> ကျွန်တော့်
> ပြတင်းခဆီ
> ခပ်စောင်းစောင်း
> ကြည့်နေပါတယ်
> မီးရောင်အောက်မှာ
> သူ့
> မျက်ဝန်းတို့
> တဖျပ်ဖျပ်
> လက်လို့
> သူ့အပြုံးတို့
> ရွှင်မြူးတက်ကြွလို့

ကျက်လို့။ ကျွန်တော့်ကိုလည်း လေးလေးစားစားနဲ့။ ဒါပေမဲ့ ကျွန်တော် မျှော်လင့်နေတဲ့၊ အဲ··· ကျွန်တော်တွေ့ဖူးနေတဲ့ မျက်ဝန်းမျိုးတော့ မတွေ့ဘူး။ ကျွန်တော့်ကိုလည်း သိတဲ့အရိပ်အယောင်၊ နောက် ရှိုးတိုးရှန့်တန့်လည်း မရှိဘူး။ ဒါပေမဲ့ မျက်လုံးလေးကတော့ အတော်စားတယ်လို့ တွေးနေမိပါတယ်။ အဲဒီ့အချိန် သူ့သူငယ်ချင်းအုပ်စုတွေ ထင်ပါရဲ့ ရောက်လာကြတယ်။ သူ့အမေကြီးကလည်း ခင်ခင်မင်မင်နဲ့ လူကြီးဆိုတော့ စကားတွေပြောပေါ့။ ကျွန်တော်တို့ကို ဧည့်ခံနေပါတယ်။

'ဟဲ့ နင် ညက မီလား' 'အမယ်လေး ဘယ်မီပါ့မလဲ တာမွှေရောက်တော့ ကို ငါးနာရီခွဲနေပြီ။ ဘယ်ရမလဲ Pyone Play ကို ဖယ်ရီပေါ်မှာ ဒေါင်းပြီးကြည့်ပစ်လိုက်တယ်'

ကျွန်တော်တို့ဝိုင်းနဲ့ ကပ်လျက်မှာ သူ့သူငယ်ချင်းတွေနဲ့ပြောနေတာ ကျွန်တော် တစ်ချက်ကြည့်လိုက်တော့ အံ့ဩလှစွာ သူ့မျက်ဝန်းလေးတွေ ရွှန်းစိုလာပါတယ်။

'မပြောပါနဲ့တော့ ကွယ်၊ ညနေ ကိုရီးယားကားကို ပြောနေကြတာ။ အဒေါ်မလဲ အဲဒီ့ အချိန်ဆို ထမင်းကို ဒရောသောပါးစားရတယ်။ မကောင်းပါဘူး။ အငြိုးအတေးတွေကို ဇာတ်လမ်းလုပ်ထားတာ။ ဒါပေမဲ့ အဆုံးသတ်တော့ ကောင်းသား၊ မတရားတဲ့သူက အပြစ်ဒဏ်ခံရတယ်'

ကျွန်တော် ရယ်ချင်သွားပါတယ်။ မကြီးမငယ်နဲ့ ကိုရီးယားကားစွဲရတယ်လို့ပေါ့။ ဒါပေမဲ့ သူ့အမေ ဆက်ပြောလိုက်တဲ့စကားက ဟင်းချိုကိုလှမ်းလိုက်တဲ့ ကျွန်တော့်လက်ကို တန့်သွားစေပါတယ်။

'ဘယ်လောက် အခြေအနေဆိုးသလဲဆို ရုံးဆင်းချိန်ကိုရီးယားကားလာချိန်ဆို ထမင်းခူးရင်း ကိုရီးယားကားကို မှန်ပြတင်းကနေ ကြည့်နေတာ အမေကို လည်း ထမင်းစားနောက်မကျစေချင်ဘူးလေ'

ကျွန်တော် ဗျာခနဲဖြစ်ပြီး ဟင်းချိုတွေ ပုဆိုးပေါ် ဖိတ်ကုန်တော့ သူ့အမေကြီးက အားနာသွားပြီး လူလေး လာ··· လာ ရေလေးနဲ့ ဆေးလိုက်၊ ငပြာရည်နံ့စွဲသွားမယ်လို့ပြောပြီး နောက်ဖေးက ဘေစင်ဆီ ခေါ်သွားပါတယ်။ သူငယ်ချင်းကတော့ ဟုတ်တယ်၊ အဲ့ဒီကားတွေက ကြည့်မိရင် ဆက်ကြည့်ရမှ လို့ ဝင်ပြောပါတယ်။

'ဒီမှာလေ အဲ့ဒီမှန်ပြတင်းက ကြည့်တာ ညဆို ထင်းနေတာပဲ။ ထမင်းခူးတဲ့အချိန်လေး လွတ်သွားမှာစိုးလို့။ ထမင်းက အိမ်ရှေ့မှာ စားကြတာ။ သူက လီမင်ဟိုဆို အသည်းစွဲ၊ ပန်းကန်ဆေးရင်းလည်း မြင်ရတယ်လေ'

ဟုတ်ပါရဲ့။ လက်ဆေးရင်း သူ့အမေကြီးပြတဲ့ ပြတင်းကို လှမ်းကြည့်လိုက်တော့ ခပ်စောင်းစောင်းလှည့်လိုက်ရင် ပြတင်းပေါက်နဲ့ ကွက်တိပါပဲလား။ အဲဒီ့ ပြတင်းနဲ့ ကပ်လျက်မှာ ကျွန်တော့်ရဲ့···။

ခုမှ ကျွန်တော် သဘောပေါက်သွားပါတယ်။ နောက်ပြီး ညမီးရောင်နဲ့ဆို တီဗွီက အလင်းက မှန်အရိပ်ကို ဖုံးသွားတာဆိုတော့ ကျွန်တော့်ကို လုံးဝမြင်စရာအကြောင်း မရှိဘူးဆိုတာ။

လက်စသတ်တော့ အိမ်ရှေ့ခန်းက တီဗွီက သူ့မှန်ပြတင်းမှာ ထင်နေတာကိုး။

❑

အဲဒီ့ နေ့ ညနေမှာပဲ ကျွန်တော့်အိမ်ရဲ့ ဖွဲ့စည်းပုံကို ပြောင်းလိုက်ပါတယ်။ အဝတ်ဗီရိုနဲ့ အဲဒီ့ပြတင်းကို ပိတ်ကာပစ်လိုက်တာပေါ့။

ဘာတဲ့ ·· သူက လီမင်ဟိုကို အသည်းစွဲဆိုပဲ။ ■

**နှင်းဇကာရီရှင်**



www.burmeseclassic.com

www.burmeseclassic.com

တဆထလ-၁၁/၂၀၁၁၊ တိုး(၁၈၇) ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး



ဦးအောင်မြင့်

လူပျိုတော်ပတ္တမြား

သွေးဆေးမှုန့်

သွေးဆေးအဆီ

လေသက်ဆေး

နန်းတွင်းလျှာပွတ်ဆေး

သည်းခြေဆေး

လျက်ဆား

ဖုန်း ၀၁-၅၄၁၁၁၆ ၀၁-၇၀၁၄၇၃

၀၁-၅၅၉၅၅၉ ၀၁-၅၄၉၁၀၃

ဒီဇိုင်း-မောင်မောင်လှမြင့် © ၂၀၀၉

www.burmeseclassic.com

www.burmeseclassic.com




၇။

ဈေးရုံထဲ ဝင်လာနေတဲ့
အောင်တင်တို့ကို မြင်လိုက်ရရင်ပဲ
ကျုပ်စိတ်တွေ
ညစ်ညူးသွားရပြန်တယ်။
ခက်တယ်ဗျာ။ အဲဒီ
သူကောင်းသားကိုမြင်တိုင်း
ကျုပ် စိတ်ညစ်ညူး
ရပေါင်းများပြီ။ ခုလည်း
ကြည့်ဦးလေ။ ယောဂီတဘက်
အညိုရောင်ကို စလွယ်ပတ်ပြီး
ဈေးတန်းထဲ အလှူခံထွက်နေတာ။
ကျုပ်တို့ ဈေးသူ ဈေးသားတွေ
တာဝန်ယူထားတဲ့ တနင်္လာပတ်
အရဏ်ဆွမ်းအတွက် အလှူခံထွက်နေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ခုဖြစ်တာက အလှူခံထည့်ရလို့ ဖြစ်တာလည်း မဟုတ်ဘူး။ အဲဒီ အောင်တင်ဆိုတဲ့ ငနဲကို မြင်ရရင်ကို ကျုပ် ဒေါသထွက်၊ထွက်နေရတာ။ အထူးသဖြင့် အခုလို ယောဂီ တဘက်ကို စလွယ်ပတ်ပြီး သူတော်ကောင်းလိုလိုပုံစံကို မြင်ရရင် စိတ်ထဲမှာ ကလိကလိနဲ့ ဒေါသတွေထွက်၊ ထွက်လာရတာ။

အဲဒီလိုဆိုတော့ ကျုပ်နဲ့ အောင်တင် ပြဿနာတက်ထားတယ် ထင်ကြမှာပဲ။ မဟုတ်ဘူးဗျ။ ကျုပ်နဲ့သူက စကားတောင် ပြောဖူးတာ မဟုတ်ဘူး၊ ပြဿနာတက်ထားဖို့ဆိုတာ ဝေလာဝေးပဲ။ ဒါပေမဲ့ ကျုပ် အဲဒီကောင်ကို မြင်ရင် စိတ်ထဲ မကျေမနပ်တွေဖြစ်ရတာတော့ အမှန်ပဲ။ ခက်တာက ကျုပ် ဒီလိုတွေ ဖြစ်နေတာကိုလည်း အောင်တင်က မသိရှာဘူး။ ကျုပ်က သူ့မြင်နေရင်ကို သူလုပ်ခဲ့တဲ့ မတရားမှုကို ပြန်ပြန်မြင်ပြီး ဒေါသတွေထွက်၊ အကုသိုလ်တွေတက်နေရတာ။ ကျုပ်အဖြစ်က တတ်နိုင်သမျှ ဘယ်အရှုပ်ထဲမှ မပါအောင် နေခဲ့ပေမဲ့ မဆီမဆိုင် သပွတ်အူနဲ့ တိုးခဲ့ရတဲ့အဖြစ်မျိုး။

အခုလည်း အောင်တင်နဲ့ အဖွဲ့ ဈေးတန်းထဲမှာ အလှူခံထွက်လာတာမြင်တော့ ကျုပ်လည်း ထုံးစံအတိုင်း ဆိုင်အကူကောင်လေးကို အလှူငွေထည့်ဖို့ပေးခဲ့ပြီး လက်ဖက်ရည်ဆိုင်ဘက် ရှောင်ထွက်လာခဲ့တော့တယ်။ ဒါက အလှူခံလာတဲ့ အပတ်စဉ်တိုင်း ကျုပ်လုပ်နေကျကိစ္စပါပဲ။ တကယ်ဆို ဘာမှမသိရင်

**တစ်ခါတလေ လောက,က ရယ်ဖို့ သိပ်ကောင်းတယ် အပြစ်ရှိတဲ့သူက လူမြင်ကွင်းမှာ ရယ်မောပျော်ရွှင် တင့်တင့်တယ်တယ် နေသလောက် အပြစ်မဲ့ ခံရတဲ့သူတွေက မှောင်ရိပ်ထဲမှာ တိတ်တိတ်လေး ငိုနေရတယ်လေ**

ဒီလိုတွေ လုပ်နေစရာကို မလိုဘူး။ တစ်ခုခု သိပြီဆိုရင် ပြန်မေ့ရခက်တော့တာပဲလေ။ အခု အဖြစ်အပျက်ကလည်း အဲဒီလိုပဲ။ ကျုပ်ဆီ တည့်တည့်ဆိုက်လာတဲ့ အရှုပ်ထုပ်ကြောင့် ကျုပ် ဘယ်အချိန်ထိ ခုလို ဖြစ်နေရဦးမလဲ မသိတာတော့ အမှန်ပဲ။

ဈေးအပြင်ဘက်တန်းက လက်ဖက်ရည်ဆိုင်ကို လာတဲ့လမ်းမှာလည်း ကျုပ် ဒီအကြောင်းပဲ စဉ်းစားမိတယ်။ ကိုယ့်ပြဿနာလည်း မဟုတ်၊ ကိုယ့်ကိစ္စလည်း မဟုတ်ဘဲနဲ့ ဒီလိုစိတ်ညစ်ညူးရတာ မဖြစ်ချင်တော့ဘူး။ တစ်ခုခုဖြေရှင်းရအောင်ကလည်း ကျုပ်နဲ့ ပြဿနာဖြစ်ထားတာ မဟုတ်သလို ဖြစ်ထားတဲ့ကာယကံရှင်ကိုယ်တိုင်ကိုက နှုတ်လုံပေးပါလို့ ကတိတောင်းထားတော့ လုပ်ရကိုင်ရခက်နေတယ်။ ပြီးတော့ ဖြစ်ခဲ့တဲ့ပြဿနာကလည်း အနည်ထိုင် အေးဆေးသွားချိန်ရောက်နေပြီဆိုတော့ ဘာမှဆက်လုပ်လို့မရတော့တာလည်း အမှန်ပဲ။ ဒီတော့ အဖြေရှာမရဘဲ ဒီအဖြစ်အပျက်ထဲမှာ မဆီမဆိုင် ကျုပ်က ပိတ်မိနေတော့တာလို့ တွေးမိတယ်။ ပိတ်မိနေတယ် ဆိုတဲ့ အတွေး တွေးမိတော့ ကျုပ် ဉာဏ်တစ်ချက်ပွင့်သွားတယ်။ ဟုတ်တာပေါ့။ ကျုပ်က ပိတ်မိနေတာပဲ။ ထွက်ပေါက်လိုတယ်။ ထွက်ပေါက်တစ်ခုခုက ဘာဖြစ်မလဲ စဉ်းစားရမယ်ဆိုပြီး တွေးရင်း လျှောက်လာတာ လက်ဖက်ရည်ဆိုင်ကို ရောက်တဲ့အထိပဲ။ ထုံးစံအတိုင်း လက်ဖက်ရည်တစ်ခွက်မှာပြီး ထွက်ပေါက်တစ်ခုခုကို ဘယ်လိုဖန်တီးရမလဲ စဉ်းစားနေချိန်မှာပဲ ဆိုင်ထဲကို ကိုခင်တိုး ဝင်လာတယ်။ ကျုပ်ဆိုင်နဲ့ မျက်စောင်းထိုးမှာ ကိုခင်တိုးရဲ့ ကုန်ခြောက်ဆိုင်ရှိတယ်။ ကိုခင်တိုးနဲ့ ကျုပ်က ဆိုင်ချင်းလည်းနီးသလို လူချင်းလည်း ရင်းနှီးကြတယ်။ ဒါနဲ့ပဲ ဟော့လူ ဒီကိုလာလာ ဆိုပြီး ကျုပ်ထိုင်နေတဲ့ဝိုင်းဆီကို ခေါ်လိုက်တော့တယ်။

'လက်ဖက်ရည်ဆိုင်သွားတာ လှမ်းအော်မသွားဘူး။ ကျုပ်လည်းလိုက်မှာပေါ့'

ကိုခင်တိုးက ခုံပုလေးဆွဲထိုင်ရင်း အပြစ်တင်တယ်။

'ကျုပ်လည်း ကမန်းကတန်းထွက်လာတော့ ပြောဖို့ သတိမေ့သွားလို့ပါဗျာ'

'ဘာတွေအရေးကြီးနေလို့တုံး။ မိန်းမနဲ့ ရန်ဖြစ်ခဲ့လို့လား'

ကိုခင်တိုးက အဲဒီလို မေးတော့ ကျုပ်ရှာနေတဲ့ ထွက်ပေါက်ကို ဖျတ်ခနဲ တွေ့သွားတယ်။ ကျုပ်ဖြစ်နေတာတွေ ဒီလူကို ရင်ဖွင့်မှဖြစ်မယ်လို့ တွေးမိသွားတယ်။ ကာယကံရှင်စကားလိုက်နာပြီး ဘယ်သူ့မှ ထုတ်မပြောဘဲထားထားခဲ့သမျှ ကျုပ်ပဲ ပိတ်မိနေခဲ့တာ မဟုတ်လား။ ဒီတော့ တစ်ယောက်ယောက်ကို ပြောပြမှဖြစ်တော့မယ်။ အနည်းဆုံးတော့ ဟိုကောင် အောင်တင်ကို ကျုပ်လိုပဲ မုန်းတဲ့သူ၊ သောက်မြင်ကတ်တဲ့သူ တစ်ယောက်တိုးလာရင် အခုထက်တော့ ကျုပ်စိတ်သက်သာသွားမယ် ထင်တာပဲ။ မကျေနပ်တာတွေကို ရင်ဖွင့်ဖော်ရလာနိုင်တယ်မဟုတ်လား။ ဒါနဲ့ပဲ ကိုခင်တိုးကို ဇာတ်ကြောင်းကုန်စင် ပြောပြဖို့ ဆုံးဖြတ်လိုက်တော့တယ်။

'ဒီလိုဗျ၊ ကျုပ် ခင်ဗျားကို ပြောပြစရာတွေရှိတယ်။ ကျုပ်ပြောတဲ့ အကြောင်းအရာတွေ သိပြီးသွားရင် ခင်ဗျားရင်ထဲမှာပဲ ထားပေးနိုင်မလား။ ကာယကံရှင်ကိုယ်တိုင်က နှုတ်လုံပေးပါလို့ ကျုပ်ကို မှာသွားတာ။ ကျုပ်က မနေနိုင်တော့ပြန်းလို့ ခင်ဗျားကို ဖွင့်ပြောမလားလို့ တွေးမိလို့'



www.burmeseclassic.com

www.burmeseclassic.com

'ဘာအကြောင်းအရာ မှန်း မသိပေမဲ့ ဘယ်သူမှ ပြန်မပြောပါနဲ့လို့ မှာထားမှတော့ ကျွန်တော် နှုတ်လုံပေးပါ့မယ်ဗျာ။ ပြောသင့်၊ မပြောသင့်တော့ ခင်ဗျားဘာသာ အရင်စဉ်းစားလေ'

'ပြောတာတော့ ပြောမှဖြစ်မှာ။ ကျုပ်တစ်ယောက်တည်း သိထားတော့ ရင်ဖွင့်လို့ မရဘူးဖြစ်နေတာ။ ကျုပ်ပြောပြမယ်။ ဒီလိုဗျာ။ ကျုပ်တို့ဈေးရဲ့ တနလ်ာဆွမ်းလောင်းအသင်းအတွက် ခုနက အလှူခံလာတာ တွေ့တယ် မဟုတ်လား။ အဲဒီမှာ ရှေ့ဆုံးက အသံစာစာနဲ့ အလှူခံနေတဲ့ နှုတ်ခမ်းမွေးစစနဲ့ ကောင်လေ။ သူ့နာမည်က အောင်တင်တဲ့ဗျ'

'သိတယ်လေ၊ စီရုံတန်းမှာ ဆန်နဲ့ဆီ ရောင်းတဲ့ကောင် မဟုတ်လား။ နာမည်တော့ သေချာမသိဘူး။ သူက ဘာဖြစ်လို့လဲ။ ခင်ဗျားနဲ့ ပြဿနာတက်လို့လား'

'ပြဿနာတော့ ပြဿနာဖြစ်တာပဲဗျ။ ကျုပ်နဲ့တော့ မဟုတ်ဘူး။ ကျုပ်နဲ့ ပြဿနာတက်ရင်တောင် ဒီလောက် ခက်မှာမဟုတ်ဘူး။ ဇာတ်ရည်လည်အောင် သေချာရှင်းပြမယ်ဗျာ။ ကျုပ်တို့ အေရုံတန်းထဲက မျိုးသန္တာကို သိတယ် မဟုတ်လား။ မိန်းကလေးအလှပြင် ပစ္စည်းတွေ၊ မိတ်ကပ်လေးတွေ၊ ဆံညှပ်လေးတွေ၊ ကလစ်လေးတွေရောင်းတဲ့ တစ်ယောက်လေ'

'သိတယ်လေ၊ ကွမ်းယာပစ္စည်းဆိုင်နဲ့ ဆိုင်ခန်းတစ်ခြမ်းစီငှားဖွင့်တဲ့ ကောင်

> တစ်နိုင်ငံလုံးကို
> မုဒိမ်းကျင့်ခဲ့တဲ့
> နိုင်ငံရဲ့
> အဆီအနှစ်တွေကို
> ဝါးမျိုခဲ့တဲ့
> ပြည်သူတွေကို
> ဆင်းရဲတွင်း
> နက်အောင်
> လုပ်ခဲ့တဲ့သူတွေရဲ့
> သားသမီး
> မြေးမြစ်တွေတောင်
> စင်ပေါ်တက်ပြီး
> ဖဲကြိုး
> ဖြတ်နေကြတာကို
> ကျွန်တော်တို့
> တိတ်တိတ်ကလေး
> ကြည့်နေခဲ့ရပြီပဲ

မလေးမဟုတ်လား။ အခုတော့ ဆိုင်ပိတ်သွားပြီလေ'

'မှန်တယ်ဗျာ၊ ရေလည်အောင်ပြောရရင် ဆိုင်ပိတ်တာ ရိုးရိုးပိတ်တာ မဟုတ်ဘူး။ ပိတ်ပြီးပြေးရတာ'

'ဟင်... ဘယ်လိုဖြစ်လို့တုံး။ ကျွန်တော်လည်း ဘာမှမကြားမိပါလား'

'ကျုပ်လည်း မျိုးသန္တာကိုယ်တိုင် ထုတ်ပြောလို့ သိရတာ။ လွန်ခဲ့တဲ့ တစ်လကျော်က သူနဲ့ လမ်းမှာ ဆုံတယ်ဗျ။ အဲဒီမှာ ဖြစ်စဉ်အစအဆုံးကို အခုလို ရှင်းပြသွားတာပဲ'

ကျုပ်လည်း ဖြစ်ခဲ့သမျှ အဖြစ်အပျက်ရယ်၊ အဲဒီအဖြစ်အပျက်ကိုကြားပြီးတဲ့နောက် ဖြစ်ပေါ်လာတဲ့ ကျုပ်ရဲ့ ခံစားချက်ရယ်ကို ကိုခင်တိုး နားလည်အောင် ပြောပြဖြစ်တော့တယ်။

❑

၂။

အဲဒီနေ့က ကျုပ်ဆိုင်အတွက် သိမ်ကြီးဈေးမှာ ပစ္စည်းသွားဝယ်ရင်းနဲ့ အပြန်လမ်းမှာ မျိုးသန္တာဆိုတဲ့ ကောင်မလေးနဲ့ ဆုံတယ်။ မျိုးသန္တာက ဈေးရုံထဲမှာ အလှအပပစ္စည်းလေးတွေ၊ မိတ်ကပ်လေး၊ ဆံညှပ်၊ ကလစ်လေးတွေကို ကွမ်းစားဆေးရောင်းတဲ့ ဆိုင်ခန်းလေးနဲ့ တစ်ဝက်စီငှားပြီး ရောင်းတာပါ။

ကျုပ်ဆိုင်တန်းနဲ့ မနီးမဝေးဆိုတော့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ရှိကြတယ်ဆိုပါစို့။ အခုနောက်ပိုင်း သူ့ဆိုင်လေး ပိတ်ထားတာမြင်မိပေမဲ့ မေ့မေ့ပျောက်ပျောက် ဖြစ်နေချိန် အခုလို ပစ္စည်းဝယ်ရင်း ပြန်ဆုံကြတယ်။ ကျုပ်က အရင်တွေ့လို့ နှုတ်ဆက်တော့ သူကလည်း ရင်းရင်းနှီးနှီး ပြန်နှုတ်ဆက်ရှာတယ်။

'မတွေ့တာ ကြာပြီနော်၊ ဆိုင်ပိတ်လိုက်တာလား'

'ဟုတ်တယ် ဦးရေ၊ ဆိုင်က ပိတ်လိုက်တာ'

'အဆင်မပြေလို့လား၊ အခု ဘယ်မှာပြန်ဖွင့်ထားလဲ'

'ဘယ်မှာမှ မဖွင့်ဖြစ်ပါဘူး ဦးရယ်၊ ဖွင့်ချင်စိတ်လည်း မရှိတော့ပါဘူး'

'ဘယ် လို ဖြစ် ရတာတုံး'

'ဒီလိုပါပဲ ဦးရယ်၊ အခုတောင် မန္တလေးက အဒေါ်ဆီသွားနေမလို့ ကားလက်မှတ်လာဝယ်တာ။ စိတ်ပြေလက်ပျောက်ဆိုပါတော့'

'စိတ်ပြေလက်ပျောက်ဆိုတော့ ငါ့တူမကြီးက စိတ်ညစ်စရာကြုံနေတာနဲ့ တူတယ်။ လူဖြစ်လာတော့လည်း ပြဿနာဆိုတာ ရှိလာတာပဲ မဟုတ်လား။ ဘာပဲဖြစ်ဖြစ် စိတ်ကိုကြံ့ကြံ့ခံလေ'

ကျုပ်စကား ကြားတော့ သူက ကျုပ်မျက်နှာကို လှမ်းကြည့်တယ်။ ကျုပ်ပြန်ကြည့်လိုက်တော့ သူ့မျက်လုံးထဲမှာလည်း မျက်ရည်ဝဲနေသလိုလိုဖြစ်နေတာနဲ့ ကျုပ်လည်း မျက်နှာ ချက်ချင်းလွှဲလိုက်ရတယ်။ သူ့ပုံစံက ချီတုံချတုံဖြစ်နေသလိုလိုပဲ။ ဒါနဲ့ ကျုပ်လည်း မနက်စာ မစားရသေးတာရယ်၊ သူလည်း အာရုံပြောင်းအောင်ဆိုပြီး မုန့်တစ်ခုခု လိုက်စားဖို့ ပြောမိလိုက်ပါလေရော။ ဒါနဲ့ပဲ အနီးက လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်ဖြစ်ကြတယ်။

ဆိုင်ထဲရောက်တော့ သူ့ပုံစံက တစ်ခုခုပြောချင်သလိုလို ဆုံးဖြတ်ရခက်နေဟန်ဖြစ်တာ တွေ့တာနဲ့ပဲ ကျုပ်ကလည်း ကဲ ငါ့တူမကြီး ပြောချင်တာရှိရင် ပြောလေဆိုပြီး လမ်းဖွင့်ပေးလိုက်တော့ သူလည်း ဆုံးဖြတ်ပြီးသွားပုံပဲ။ ကျုပ်ကို မေးခွန်းတစ်ခု စ, မေးတယ်။ အောင်တင်ကို သိသလားတဲ့။ ကျုပ်က မသိဘူးဆိုတော့ ကုန်စိမ်းတန်းထဲက အောင်တင်တဲ့။ ဒါနဲ့ ကျုပ်လည်း-

'သေသေချာချာတော့ မသိဘူး ငါ့တူမကြီးရဲ့။ သူ



www.burmeseclassic.com

www.burmeseclassic.com

က ဘာဖြစ်လို့လဲ'

'သမီးနဲ့ အောင်တင် ကိစ္စလည်း ဦးလေး မကြားမိဘူးပေါ့'

'ဟင့်အင်း မကြားမိပါဘူး။ ဘာဖြစ်လို့လဲ'

'ကျွန်မ ရှက်လွန်းလို့ ဒီအကြောင်းတွေ ဘယ်သူမှလည်း မပြောပြခဲ့ပါဘူး။ ဒါပေမဲ့ နေ့တိုင်း ဒါတွေပဲ ပြန်ပြန်မြင်ယောင်နေတယ်လို့ တစ်ယောက်ယောက်ကိုမှ ရင်မဖွင့်လိုက်ရရင် ကျွန်မနေပျော်မှာ မဟုတ်ဘူး။ ပြီးတော့ ဦးလေးကိုလည်း ယုံကြည်လို့ရမယ် ထင်လို့ ကျွန်မ ရင်ဖွင့်တာပါ'

ကျုပ်လည်း ခေါင်းညိတ်ပြပြီး ဆေးပေါ့လိပ်ကို မီးညှိလိုက်တယ်။ ကဲ... ပြောချင်တာ ပြောပေတော့ ဆိုတဲ့သဘောမျိုးနဲ့ ဆေးလိပ်လေးဖွာရင်း နားစွင့်နေလိုက်တော့တယ်။

'ပြောရမှာတော့ ရှက်ဖို့ကောင်းတာ အမှန်ပါပဲ ဦးရယ်။ ကျွန်မလေ သိပ်ကို နုံလွန်းညံ့လွန်းပါတယ်ရှင်။ အခါခါပြန်တွေးတိုင်း ကိုယ့်ကိုယ်ကိုပဲ ထုရိုက်မိတယ်။ တကယ်တော့ စနစ်တကျထောင်ထားတဲ့ လှည့်ကွက်ထဲကိုကျခဲ့တာပါ။ ကျွန်မ နုံလွန်းတာ၊ အယုံလွယ်လွန်းတာလည်း ပါ,ပါတယ်။

'ကျွန်မနဲ့ ကိုအောင်တင်တို့ချစ်သူတွေ ဖြစ်ခဲ့ကြတယ်။ ဘုရားပေးပေး၊ ကျမ်းပေးပေးပါဦးရယ်။ ကိုအောင်တင်ဆီမှာ အိမ်ထောင်ရှိမှန်း မသိခဲ့လို့ ကျွန်မ လက်ခံခဲ့မိတာပါ'

မျိုးသန္တာရဲ့စကားတွေက အစီအစဉ်တကျမဖြစ်ပေမဲ့

> ခပ်ဝဝလူငယ်
> ဖဲကြိုးဖြတ်ရင်း
> ပြုံးနေတဲ့ပုံရယ်
> အနောက်က
> လက်ခုပ်
> တီးပေးနေကြတဲ့
> လူတွေပုံရယ်ကို
> တွေ့ရတယ်
> ကိုခင်တိုးရဲ့
> ဥပမာအရဆိုရင်
> အောင်တင်ဆိုတာ
> မေ့ပစ်လို့တောင်
> ရနေပြီပဲ
> မဟုတ်လား

သူပြောချင်တာကို ကျုပ်နားလည်တာနဲ့ အရှိန်ပျက်မှာစိုးလို့ စကားဝင်မထောက်ဘဲ လွှတ်ပေးထားလိုက်တယ်။ မိန်းမရှိတဲ့ အောင်တင်ဆိုတဲ့သူကို လူပျိုထင်ပြီး ပြန်ကြိုက်မိတဲ့ ပြဿနာမှန်း သဘောပေါက်လိုက်တယ်။

'သူနဲ့က ဒီလိုပဲ ဈေးရုံထဲမှာ တွေ့ခဲ့ကြတာပါ။ သူ ကျွန်မကို ကြိုးစားတော့ အိမ်ထောင်ရှိမယ်လို့ ဘယ်ထင်မလဲ ဦးရယ်။ သူကလည်း မပြောတော့ ကျွန်မကလည်း လူလွတ်လို့ပဲ ထင်တာပေါ့။ သူက ဂရုတစိုက်နဲ့ နည်းမျိုးစုံကြိုးစားတော့ ကျွန်မလည်း အဖြေပြန်ပေးလိုက်မိပါတယ်။ အဲဒီအချိန်တွေတုန်းကတော့ ပျော်စရာပေါ့ ဦးရယ်။ မနက်လင်းတာနဲ့ ကောင်လေးတစ်ယောက်ယောက်နဲ့ လူလွှတ်ပြီး မနက်စာလေး လာပို့ပေးလိုက်၊ နေ့ခင်းနေ့လယ် လက်ဖက်ရည်လေး၊ ပလာတာလေး လာပို့ပေးလိုက်နဲ့ ဂရုစိုက်ကြောင်းပြတာတွေကို ကျွန်မ တော်တော်သာယာခဲ့မိပါတယ်။ ဒါပေမဲ့ ကျွန်မ စည်းထား,ထားတယ်။ လိုတာထက် မပိုသွားအောင် စည်းစောင့်ခဲ့ပါတယ်။ သူက အဲဒါကို သိပ်မကျေနပ်ဘူး။ ကြုံတိုင်း စကားနာထိုးလေ့ရှိတယ်'

စကန့်သုံးဆယ်လောက် မနားတမ်းပြောပြီး မျိုးသန္တာ စကားပြောတာရပ်သွားတယ်။ ခေါင်းငုံ့ပြီး အဖြစ်အပျက်တွေကို ပြန်တွေးနေတာလား၊ စကားလုံးရွေးနေတာလား မသိဘူး။ ကျုပ်ကတော့ ဘာမှဝင်မပြောတော့ဘူး။ ဒါတွေက သိပ်ထူးဆန်းတဲ့ကိစ္စမှ မဟုတ်တာဘဲလို့သာ တွေးနေမိတယ်။

'တစ်နေ့တော့ သူက ပြောလာတယ်။ လက်ထပ်ကြမယ်တဲ့။ ဗေဒင်ဆရာတစ်ယောက်ယောက်ဆီမှာ ရှေ့ရေးသွားမေးကြစို့ဆိုပြီး ပြောလာတော့ ကျွန်မလည်း ဝမ်းသာလိုက်တာ။ သူ ငါ့ကို အတည်တကျ လက်ထပ်ဖို့ တွေးထားတာပဲဆိုပြီး ကြည်နူးမိတာ။ တိုတိုပြောရရင် ဦးရယ်၊ သူခေါ်သွားတဲ့ ဗေဒင်ဆရာကလည်း ကျွန်မအကြောင်းဟောတာများ တော်တော်ကိုမှန်တော့ ကျွန်မလည်း ယုံသွားပါလေရော။ ဗေဒင်ဆရာက ကျွန်မတို့နှစ်ယောက်ဇာတာ တော်တော်ကောင်းတယ်တဲ့။ ဒီနှစ်ထဲ လက်ထပ်တဲ့။ နောက်နှစ်ဆိုရင်တောင် ဒီလောက် မကောင်းဘူးတဲ့'

ဇာတ်လမ်းက နည်းနည်းတော့ အကွေ့အဝိုက်တွေပါစ,ပြုလာပြီလို့ ကျုပ်တွေးမိလာတယ်။ ဟိုကောင်က မိန်းမရှိတယ်။ ဒီကောင်မလေးရဲ့ ခန္ဓာကိုယ်ကိုလည်း လိုချင်နေတယ်။ ဗေဒင်ဆရာဆီခေါ်သွားတာလည်း ဒီကောင်ပဲ။ ဗေဒင်ဆရာကလည်း ဒီနှစ်ထဲ လက်ထပ်ထားဆိုတော့ စပ်ဆက်ကြည့်ရင် သိပ်တော့ မရိုးသားဘူးလို့ ကျုပ်သုံးသပ်မိတယ်။ ဒါနဲ့ ကျုပ်လည်း မနေနိုင်ဘဲ ဖြတ်မေးမိတယ်။

'ဒါထက် မေးချင်သေးတယ်။ အဲဒီဗေဒင်ဆရာကို ညည်းအရင်က သိလား၊ အခုရော ဟောနေတုန်းပဲလား'

'ဦး ဘယ်လိုတွေးမိတာလဲ။ ဟုတ်တယ်၊ အဲ့ဒါ ဗေဒင်ဆရာအစစ် မဟုတ်ဘူး။ သူ့သူငယ်ချင်းတဲ့။ ဒါကလည်း အားလုံးပြီးသွားတော့မှ သိရတာ။ သိပ်ယုတ်မာတဲ့လူ'

ကျုပ်ကတော့ ခေါင်းပဲတညိတ်ညိတ်လုပ်နေလိုက်တော့တယ်။ နောက်ပိုင်းဖြစ်လာမှာတွေလည်း ခန့်မှန်းလို့ရနေပြီလေ။

'နောက်တော့ရော...'

'ဗေဒင်မေးပြီး ပြန်လာကတည်းကတော့ ကျွန်မက သူ့ကို ပိုယုံသွားတယ်။ သူ တကယ်



www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်ဖို့တွေးထားတာပဲ ဆိုပြီး စိတ်လည်း တုံးတုံးချမိတယ်။ တစ်နေ့တော့ သူ့ သူငယ်ချင်းတစ်ယောက်အိမ် သွားလည်ကြမယ်တဲ့။ ဘယ် သူရှိလဲဆိုတော့ ဘယ်သူမှ မရှိဘူးတဲ့။ ဒီတော့ ကျွန်မက ငြင်းတာပေါ့။ သုံးလေးရက် လောက် တပူဆာဆာနဲ့ ချော့ လိုက်၊ ခြောက်လိုက်ပြော တော့တာပဲ ဦးရယ်။ သူ့ကို မယုံတာလားဆိုတာတွေရော၊ လက်ဖျားနဲ့ မတို့ဘူးဆိုတာ တွေရော စုံနေတာပဲ။ ကတိ အထပ်ထပ်ပေးတာနဲ့ နောက် ဆုံးတော့ ကျွန်မလည်း လိုက် သွားမိခဲ့တယ်။ အဲဒီနေ့ကစ ပြီး ကျွန်မလည်း သူ့လက်ခုပ် ထဲကရေလို ဖြစ်ခဲ့ရတာပါပဲ။ အင့်…ဟင့်…ဟင့်'

ပြောရင်းနဲ့ တရှုပ်ရှုပ်ငို တော့ ကျုပ်လည်း စိတ် မကောင်းဖြစ်ရသလို ဒေါသ လည်းထွက်မိတယ်။ မိန်း ကလေးတစ်ယောက်ရဲ့ ငြင်း ပယ်နိုင်အားကို ကျုပ်လည်း သဘောပေါက်တာပဲ။ ဒီ လောက်နည်းမျိုးစုံ အကွက် ဆင်မှာတော့ ရှောင်နိုင်ဖို့ဆို တာ မလွယ်ဘူးလေ။ မိန်းမ ကြီးငတ်တုတ်နဲ့ မရမက အကွက်ဆင်လိမ်ညာတာ တော့ သိပ်ယုတ်မာလွန်း တယ်လို့ ကျုပ်ထင်မိတယ်။

'ဒီလောက်ဆို ဦး သဘောပေါက်တယ်။ ကဲ… အဲဒါထားလိုက်တော့။ နောက် ပိုင်း ဘယ်လိုတွေဖြစ်သွား တာလဲပဲ ဆက်ပြော'

မျိုးသန္တာဆီက စကား သံ တော်တော်နဲ့မထွက်လာ ဘူး။ ကျုပ်လည်း သူအရှိန်ရ အောင် စောင့်နေလိုက်တယ်။ ခဏကြာမှ ဆက်ပြောတယ်။

'တစ်နေ့တော့ ကျွန်မဆီ ကို ဖုန်းတစ်ခုဝင်လာတယ်။ သူ့မိန်းမတဲ့ ဦးရယ်။ ကျွန်မ ကို ပြောလိုက်တာများ ရစရာ ကို မရှိပါဘူး။ ကျွန်မဖြင့် မိုက်ခနဲတောင်ဖြစ်ရတယ်။ သူ့မှာ မိန်းမရှိတယ်လို့မှ မကြားဖူးတာလေ။ သူ့ကို ထုတ်မေးတော့ ဟုတ်ပါ တယ်တဲ့။ ဒါပေမဲ့ လမ်းခွဲ ထားတာ ကြာပါပြီဆိုပြီး ထပ် လိမ်ပြန်တယ်။ ဒီက ငတုံးမ ကလည်း ဟုတ်နိုးနိုး ထင်မိ ပြန်ရောပေါ့ ဦးရယ်'

'တစ်ချေးတည်းပဲ အတူရှိလျက်နဲ့ သူ့မှာ မိန်းမရှိ၊ မရှိ ညည်းမစုံစမ်းဘူးလား'

'သူ့မိန်းမက ကျောင်း ဆရာမတာဝန်နဲ့ မော်လမြိုင် မှာ ရောက်နေတာ။ နောက် ပိုင်းမှ သိတာက ရုံးပိတ်ရက် တွေဆို ကိုအောင်တင် မော် လမြိုင် လိုက်သွားသလို သူ့မိန်းမကလည်း တစ်ခါ တလေ ပြန်လာတယ်တဲ့။ သူ ဆိုင်ဖွင့်တာလည်း ခြောက်လ လောက်ပဲရှိသေးတာဆိုတော့ မိန်းမရှိ၊ မရှိသတင်းက မထွက်ဘူး ဦးရဲ့'

'ဩော်'

'နောက်တစ်ခါ အဲဒီ မိန်းမ ဖုန်းဆက်လာပြန်တာနဲ့ ကျွန်မကလည်း ရှင်တို့က ကွဲ ထားပြီးပြီပဲ။ ဘာလို့ ဒါတွေ လာပြောနေရတာလဲ မေးမိ တော့ သူက ဒါဆိုလည်း နင် စောင့်နေ၊ ငါ အခု စာမေးပွဲ ရက်ပြီးတာနဲ့ အောင်တင်ကို နားရွက်ဆွဲပြီး နင့်ရှေ့ခေါ်ခဲ့ မယ်တဲ့လေ။ အဲဒီလောက် အပိုင်ပြောမှတော့ တော်တော် ကို သေချာသလောက်ဖြစ်နေ မှန်း ကျွန်မ သဘောပေါက် နေပြီ။ ကိုအောင်တင်က လည်း အဲဒီရက်ပိုင်း ဆိုင် ပိတ်ထားတယ်။ သူ့ကိုလည်း ရှာမရဘူး။ ဘယ်ရှာရပါ့ မလဲ၊ သူက အဲဒီအချိန် မော်လမြိုင်လိုက်သွားနေပြီး သူ့မယားကို ပတ်ချွဲနပ်ချုပ် သွားလုပ်နေမှာပေါ့'

'ဖြစ်ရလေ'

'နောက်နှစ်ရက်လောက် နေတော့ ဖုန်းထပ်လာပြန် တယ်။ သူ့မိန်းမ ဆက်တာ ပဲ။ ကဲ… ဒီမှာ ကိုအောင်တင် ကိုယ်တိုင်ပြောတာ နား ထောင်လိုက်ဆိုပြီး ကိုအောင် တင်နဲ့ ဖုန်းပြောခိုင်းတယ်။ အဲဒီလူ ဘာပြောတယ် မှတ် လဲ။ နင် ငါ့ကို ထပ်မနှောင့် ယှက်ပါနဲ့တဲ့။ နင် နစ်နာ သမျှလည်း ငါ ထိုက်သင့် သလောက်ပေးထားတာပဲ။ အခုကစပြီး ဇာတ်လမ်းထပ် မဆက်နဲ့တော့တဲ့လေ။ မိုက် ရိုင်းလိုက်တာရှင်။ ကျွန်မလေ ကမ္ဘာကြီး ချာချာလည်သွား သလိုပဲ၊ ပြောချင်တာ များ လွန်းလို့ ဗလုံးဗထွေးကိုဖြစ် လို့။ သူ့မိန်းမက ဆက်ပြော တယ်။ နင်ချူစားတာ တော် သင့်ပြီတဲ့။ ထပ်လွန်လာရင် ငါ ဆိုင်ရာကို တိုင်ရမယ်။ နင့်ကိုလည်း အဲဒီဈေးထဲမှာ ရစရာမရှိအောင် နင့်သတင်း တွေပြောပြလိုက်မယ်တဲ့။ ပြောပြီး ဖုန်းချသွားတယ်။ ကျွန်မလေ အဲဒီနေရာမှာ အကြာကြီးရပ်နေတာများ အသက်ထွက်သွားပြီတောင် ထင်ရတယ်'

'ဟာ…'

'ကန်တော့ပါရဲ့ ဦး ရယ်၊ ကျွန်မကို ပြည့်တန် ဆာသာသာဖြစ်အောင် ပြော သွားလိုက်တာ။ ကိုအောင် တင်ဆီက ကျွန်မလေ သူ ဝယ်ကျွေးတဲ့ မုန့်ကလွဲရင် ဘာငွေမှ မယူခဲ့ပါဘူး။ အဲဒီ လူနဲ့ မဆုံခင်အထိ ကျွန်မ အပျိုစစ်စစ်ပါရှင်။ အခုတော့ ကျွန်မကို ပြောသွားလိုက်တာ ရက်ရက်စက်စက်ပါပဲ။ သူ က သူ့မိန်းမရဲ့ အပြစ်လွတ် အောင်လို့ ကျွန်မကို ကြေးစား မလိုလို၊ သူ့ကို အတင်းလိုက် ကပ်နေတဲ့သူလိုလို စွပ်စွဲပြီး သူ့မိန်းမကို ဝန်ခံလိုက်တာ နေမှာပေါ့လေ။ ကျွန်မလေ သိပ်ကို နာကြည်းတယ်။ သူ့ မိန်းမကိုတော့ အပြစ်မတင်ပါ ဘူး။ ဇနီးမယားတစ်ယောက် အနေနဲ့ ဒီလိုပဲ လုပ်ရမှာကို ကျွန်မ နားလည်ပါတယ်။ သူ့ ကိုပဲ နာကြည်းတာ'

'ဟူး… နင် တော် တော် ကံဆိုးတာပါလား။ နောက်တော့ရော ဘာဆက် လုပ်လဲ'

'ကျွန်မ ဘာလုပ်လို့ရ တော့မလဲရှင်။ အကုန်လွန်ကုန် ပြီ။ အဲဒီနေ့ကစပြီး ကျွန်မ စိတ်ဓာတ်တွေ တအားကျ သွားတော့တာပဲ။ ငါနံ့လိုက် တာ၊ အ,လိုက်တာဆိုပြီး ကိုယ့်ကိုယ်ကိုလည်း ထုရိုက် တယ်။ ကျွန်မမှာ ပက်ပက် စက်စက် အလိမ်ခံရတဲ့အပြင် မကောင်းတာလုပ်စားတဲ့ မိန်းမသာသာအပြောခံရ တယ်။ ဆိုးလိုက်တဲ့ဘဝပါ ဦးရယ်'

ဇာတ်ရည်လည်တော့ ကျုပ်ဖြင့် ဒေါသထွက်လိုက် တာဗျာ။ အဲဒီကောင်သာ နား ရှိရင် တစ်ခုခုလုပ်မိမလားပဲ။ မျိုးသန္တာကို ကျုပ် သနားပြီး



www.burmeseclassic.com

www.burmeseclassic.com

နှစ်သိမ့်မိတယ်။ ဒီလောက် အကွက်ကျကျနဲ့ လိမ်မှတော့ ဘယ်မိန်းကလေး ကြာကြာခံ နိုင်မလဲ။

'ညည်း အပြစ်မှမဟုတ်တာ တူမရယ်။ ဒီလောက် စနစ်တကျနဲ့မှတော့ ဘယ်သူမဆို ယုံမိတော့မှာပေါ့။ ဘယ်သူမဆို ဘဝမှာ တစ်ခါ လောက်တော့ မှားကြမှာပဲလေ။ သင်ခန်းစာယူပြီး ကိုယ့်ဘဝကိုယ် ဆက်ထိန်းကျောင်းပေါ့။ ကိုယ့်ဆိုင်ကိုယ် ပြန်ထွက်ပြီး စိတ်တည်ငြိမ်အောင် ကြိုးစားလေ'

'ဆိုင် ဘယ်လိုထွက်မလဲ ဦးရယ်။ အဲဒီလူက အခု ဆိုင်ပြန်ထွက်နေတဲ့အပြင် သူ့မိန်းမကလည်း ဆိုင်မှာ ထိုင်ပြနေတယ်လေ။ ကျွန်မ သိပ်ရှက်တယ် ဦး။ ကျွန်မတို့အကြောင်းတွေ သိတဲ့လူတွေရှေ့မှာ ကျွန်မ ဘယ်မျက်နှာနဲ့ နေနိုင်ပါ့မလဲ။ မယားကြီးငုတ်တုတ်ရှိလျက်နဲ့ ကြောင်တောင်နိုက်တဲ့ မိန်းမဆိုပြီး လူတကာ အတင်းဆိုသံ ကျွန်မ မကြားဝံ့ဘူး'

'သူ အဲဒီလို လိမ်တာတွေ ညည်းဖော်ထုတ်လေ။ လူတွေ အကုန်သိအောင်ပြောမှပေါ့ဟ'

'မလုပ်ရဲပါဘူး ဦးရယ်၊ တစ်ရက်ကနေ နှစ်ရက်ကွဲရတာပဲ အဖတ်တင်မှာ။ ခုတောင် ဒီလောက် ခေါင်းမဖော်နိုင်တာ'

'မဟုတ်သေးပါဘူးဟာ၊ ငါ တိုင်ပေးရမလား'

'မလုပ်ပါနဲ့ ဦးရယ်။ ကျွန်မကို ငဲ့ညှာပါ။ ကျွန်မ မိဘနဲ့ မောင်တွေ၊ ညီမတွေ လူတကာ တံတွေးခွက်မှာ မျောရပါလိမ့်မယ်။ ဒီအကြောင်းတွေ ဦး ဘယ်သူ့ကိုမှ မပြောဖို့ ကတိပေးပါနော်'

'အေးပါဟာ… ညည်းသဘောပါပဲ'

ကာယကံရှင်ကိုယ်တိုင်က အထပ်ထပ်ကတိတောင်းပြီး နောက်ဆုတ်သွားမှတော့ ကျုပ်လည်း ဘာဆက်လုပ်လို့ ရပါ့မလဲလေ။

အဲဒီနေ့က ပြန်လာတော့ ကျုပ် ပထမဆုံးလုပ်ဖြစ်တာက ကုန်စိမ်းတန်းဘက်သွားပြီး အောင်တင်ဆိုတဲ့သူကို သွားကြည့်တယ်။ လူက နုတ်ခမ်းမွေးစစနဲ့ ကျုပ်ဖြင့် ဘယ်လိုကြည့်ကြည့် လူယုတ်မာပုံစံပဲ ထွက်တယ်။ သူက ကျုပ်ကို ပြုံးပြုံးပြီး ဘာဝယ်မလဲ ဦးတဲ့လေ။ ဘေးမှာက သူ့မိန်းမလို့ ထင်တာပါပဲ။ မိန်းမတစ်ယောက်လည်း ထိုင်နေတယ်။ ကျုပ်လည်း ဘာမှမပြောဘဲ ပြန်လာခဲ့တယ်။ အဲဒီနေ့ကစပြီး ကျုပ် ဒီအဖြစ်တွေကို ကြာကြာမေ့ထားလို့မရတော့တာပဲ။ သတိရတိုင်းလည်း စိတ်ထဲ ခံပြင်းနေမိတယ်။

ကောင်မလေးကို အညာလွယ်တယ်လို့လည်း ကျုပ် မစွပ်စွဲရက်ဘူး။ ယောကျ်ားတွေ ပလီစီချောက်ချက်ပြောရင် တင်းခံနိုင်တဲ့ မိန်းမ ရှားတယ်။ ချစ်များချစ်နေရင် ပိုတောင်ဆိုးသေး မဟုတ်လား။ အိမ်ထောင်သည်ယောကျ်ားနဲ့ အပျိုမလေး ကြိုက်ကြတဲ့ ဇာတ်လမ်းတွေ ဖန်တရာတေအောင် ကျုပ်ကြားဖူးတာပဲ။ လက်မခံဘူးဆိုရင်တောင် ဒါမျိုး ဖြစ်တတ်တာကို နားလည်ပေးနိုင်တယ်။ ကြည်ဖြူတယ်ဆို ခန္ဓာကိုယ်ပဲပေးပေး၊ အသက်ပဲပေးပေး ဘာမှဝင်ပြောစရာမရှိပါဘူး။ အခုက အဲဒါတွေနဲ့ မတူဘူး။ ငြင်းဆန်နေလျက်နဲ့ အကွက်ချလိမ်လည်ပြီး ကာမကို ရယူသွားတာ။ မိုက်ရိုင်းတဲ့အဆင့်မဟုတ်တော့ဘူး၊ ယုတ်မာတဲ့အဆင့်ကို ရောက်သွားပြီ။ ကျုပ်က အဲဒါကို တအုံနွေးနွေးဖြစ်တာ။

အခုတော့ အောင်တင့်မိန်းမကလည်း အလုပ်ထွက်ပြီး သူ့ယောကျ်ားနဲ့အတူ ဆိုင်ထွက်တယ်။ တစ်ခါတလေ လင်မယားနှစ်ယောက်စလုံး ကျုပ်ဆိုင်ရှေ့က ဖြတ်သွားတတ်တယ်။ ပြုံးပြုံးရွှင်ရွှင်နဲ့ ရယ်လို့မောလို့။ မျိုးသန္တာဆိုတဲ့ ကလေးမကတော့ ဘယ်ဆီဘယ်ဝယ်လွင့်သွားပြီလဲ ကျုပ်မသိရဘူး။ တစ်ခါတလေ လောက,က ရယ်ဖို့သိပ်ကောင်းတယ်။ အပြစ်ရှိတဲ့သူက လူမြင်ကွင်းမှာ ရယ်မောပျော်ရွှင် တင့်တင့်တယ်တယ်နေသလောက် အပြစ်မဲ့ခံရတဲ့သူတွေက မှောင်ရိပ်ထဲမှာ တိတ်တိတ်လေး ငိုနေရတယ်လေ။ ကျုပ်ခံပြင်းရဆုံးကလည်း အဲဒါပါပဲ။

❑

၃။

'အဖြစ်အပျက်ကတော့ အဲ့ဒါပါပဲ။ ကျုပ်နာကျင်တာကလည်း ခံရတဲ့သူတွေက အမှောင်ထဲမှာ လူတောမတိုး တိတ်တိတ်လေး အံကြိတ်နေရချိန် အပြစ်သားက ထောင်ထောင် ထောင်ထောင်နဲ့ အပြုံးမပျက် သွားလာနေနိုင်တာကိုပဲ။ လောက,က မတရားဘူးပဲ ပြောရမှာပဲ'

ကျုပ်စကားဆုံးတော့ ကိုခင်တိုးလည်း သက်ပြင်းချတယ်။

'အဲဒီနောက်ပိုင်းတော့ အဲဒီကောင် အလှူခံလာတာ မြင်ရင် ကျုပ်က ရင်ထဲကလိကလိဖြစ်လွန်းလို့ အခုလို လက်ဖက်ရည်ဆိုင်ကို မြန်မြန်ပြေးရတဲ့ဘဝရောက်တော့တာ ပဲ။ အခုတော့ သင်းက ယောဂီတဘက်လေးပတ်ပြီး သူတော်ကောင်းယောင်ယောင်နဲ့ အလှူခံတောင်ထွက်နေသေးတယ်ဗျာ။ ကဲ… မခက်ဘူးလား'

ကျုပ်ရဲ့ မကျေမချမ်းသံကြားတော့ ကိုခင်တိုးက ခပ်တိုးတိုး ရယ်တယ်။

'ဒီလိုရှိတယ်ဗျ၊ ဒီဖြစ်စဉ်က ခံရသူရော၊ ကြားရသူရော တော်တော်နာကျင်ဖို့ကောင်းတာ အမှန်ပဲ။ ဒါပေမဲ့ ဒါဟာ လောကမှာ အဆိုးဆုံး အဖြစ်အပျက်တွေတော့ မဟုတ်သေးဘူးပေါ့။ ခင်ဗျားပြောတဲ့ အမှောင်ရိပ်ထဲမှာ ကျွန်တော်ရော၊ ခင်ဗျားရော၊ မရေမတွက်နိုင်တဲ့လူတွေရော တိတ်တိတ်လေးနေခဲ့ ရတာ ကြာပါပြီဗျာ။ အပြစ်သားတွေ လမ်းသလားနေတာကို ငေးနေရတာမျိုးလေ'

'ဘယ်လို ခင်ဗျားပါ အဲဒီလို ကြုံခဲ့တာလား'

'ကျွန်တော်ပြောတာ ခင်ဗျား နားမရှင်းဘူးဖြစ်ပုံရတယ်။ ကျွန်တော်တင် မဟုတ်ဘူး၊ ခင်ဗျားရော မရေမတွက်နိုင်တဲ့လူတွေရော အမှောင်ထဲမှာ တိတ်တိတ်လေးနေ,နေတာ ကြာပါပြီ



www.burmeseclassic.com

www.burmeseclassic.com

ဗျာ။ ဒီမှာကြည့်၊ ကျွန်တော်ပြမယ်။ ခဏစောင့်'

ကိုခင်တိုးက သူ့ဖုန်းကိုဖွင့်ပြီး ဟိုပွတ်ဒီပွတ်နဲ့ တစ်စုံတစ်ရာကို သဲသဲမဲမဲ ငုံ့ရှာနေတယ်။ ကျုပ်ကတော့ ဘာကိုဆိုလိုမှန်း နားမလည်နိုင်သေးဘူး။ ကိုခင်တိုးပြောပုံအရဆိုကျွန်တော်ရော၊ ကိုခင်တိုးရော ဟိုကလေးမ မျိုးသန္တာလို အမှောင်ရိပ်ထဲမှာ တိတ်တိတ်လေးနေ ,နေခဲ့ ရတာကြာပါပြီတဲ့။

'ကဲ… တွေ့ပြီ ဒီမှာကြည့်'

ကိုခင်တိုးက သူ့ဖုန်းကိုထိုးပေးတယ်။ ခပ်ငယ်ငယ်ကောင်လေးတစ်ယောက်ရဲ့ ဗီဒီယိုဖိုင်ဖြစ်နေတယ်။ သီချင်းဆိုရင်း ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်နဲ့ သရုပ်ဆောင်နေလေရဲ့။ သူ့ကို ကျုပ်သိတယ်။ ကိုခင်တိုးက ဖုန်းပြန်ယူပြီး ဟိုရှာဒီရှာ လုပ်ပြန်တယ်။ ပြီးတော့ ထပ်ပြတယ်။ ကျုပ် ယူကြည့်လိုက်တော့ ခပ်ဝဝလူငယ်တစ်ယောက် စင်မြင့်ထက်မှာ ဖဲကြိုးဖြတ်နေတာ တွေ့ရတယ်။ သူ့ကိုလည်း ကျုပ်သိတယ်။

'သူတို့ကိုတော့ ခင်ဗျားသိမှာပါနော်။ ဟုတ်ပြီ၊ ကျွန်တော်ပြောချင်တာက တစ်နိုင်ငံလုံးကို မှုဒိမ်းကျင့်ခဲ့တဲ့၊ နိုင်ငံရဲ့ အဆီအနှစ်တွေကို ဝါးမျိုခဲ့တဲ့၊ ပြည်သူတွေကို ဆင်းရဲတွင်းနက်အောင် လုပ်ခဲ့တဲ့သူတွေရဲ့ သားသမီးမြေးမြစ်တွေတောင် စင်ပေါ်တက်ပြီး ဖဲကြိုးဖြတ်နေကြတာကို ကျွန်တော်တို့ တိတ်တိတ်ကလေးကြည့်နေခဲ့ရပြီပဲဗျာ။ ဟိုကောင် အောင်တင် အလှူခံထွက်တာလောက်တော့ ခင်ဗျား ခံစားနေဖို့ မသင့်ပါဘူး'

ကိုခင်တိုးရဲ့ ဥပမာကထိလွန်းတော့ ကျုပ် ဘာပြန်ပြောရမှန်းတောင် မသိတော့ဘူး ဖြစ်သွားတယ်။ သူပြောတာ မှန်လား၊ မှားလားဆိုတာလည်း မဝေခွဲနိုင်တော့ဘူး။ ဖုန်းကို နောက်တစ်ကြိမ် ပြန်ကြည့်တော့ ခပ်ဝဝလူငယ်ဖဲကြိုးဖြတ်ရင်း ပြုံးနေတဲ့ပုံရယ်၊ အနောက်က လက်ခုပ်တီးပေးနေကြတဲ့ လူတွေပုံရယ်ကို တွေ့ရတယ်။ ကိုခင်တိုးရဲ့ ဥပမာအရဆိုရင် အောင်တင်ဆိုတာ မေ့ပစ်လို့တောင် ရနေပြီပဲမဟုတ်လား။ ကျုပ်လည်း အာရုံတော့ နည်းနည်းနောက်သွားရတယ်။ စိတ်သက်သာမလားဆိုပြီး သူ့ကို ရင်ဖွင့်ခါမှ ကျုပ်ခေါင်းပေါ်ကို ကျောက်တုံး လာထပ်တင်ပေးလိုက်သလိုပဲ။ ခေါင်းပါ နောက်သွားလေရဲ့။

ကျုပ်တို့ လက်ဖက်ရည်ဆိုင်က ပြန်လာတော့ ဈေးဝက ကုန်ခြောက်ဆိုင်ရှေ့မှာ လူစုစုတွေ့တယ်။ အောင်တင်တို့လူစု အလှူခံနေတာလေ။ ကျုပ်တို့လည်း ဘေးကအဖြတ်မှာ ယောဂီတဘက် စလွယ်သိုင်းထားတဲ့ အောင်တင်ဆီက အလှူခံသံထွက်လာတယ်။

'ကျွန်တော်များ တနင်္လာပတ်ဆွမ်းလောင်း အသင်းအတွက် အလှူခံပါတယ်။ အပတ်စဉ် ကုသိုလ်များရယူဖို့ ကျွန်တော်များ နိုးဆော်ရေးအဖွဲ့က အလှူလာခံခြင်း ဖြစ်ပါတယ်'တဲ့လေ။

ကိုခင်တိုးက ကျုပ်ကိုကြည့်ရင်း ခပ်တိုးတိုးရယ်တယ်။ ကျုပ်လည်း ဘာတတ်နိုင်ပါ့မလဲ။ ခပ်မဲ့မဲ့ပဲ ပြန်ပြုံးပြလိုက်နိုင်တော့တယ်လေ။ ■

**မြစ်ကျိုးအင်း**




သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မလပထမ"

**ကွန်ပျူဗေဒသုခုမ**

**မှာ**

**အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။**

- သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန်၊ ဂြိုဟ်စက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။
- မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)
- ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၂၇၆၆၅၊ ၀၉-၇၃၁၇၇၇၃၁၊ ၀၉-၅၁၇၄၂၂၆
Website: www.baydathukhuma.com




www.burmeseclassic.com

www.burmeseclassic.com



စုံပဝါ ဘယ်ညာချပြီး ကျုပ်မောင်ကြီး လက်ကို ရင်ခွင်ထဲဆွဲသွင်းထားရင်း ဓာတ်ပုံအရိုက်ခံရတာလောက် ကျေနပ်တာ ကမ္ဘာမှာ ရှိပါ့မလားရယ်လို့…။

သမီးလေး မြစမ်းကြည်၊ တောမှာမွေးတော့ တောရုပ်ပေါ့။ မည်းကြုတ်ကြုတ်လေး။ အဖေတူလို့ အများက ပြောကြတယ်။ ဒီအသွားအတိုင်း သမီးလုပ်သူ အဖေနဲ့တူရင် ချမ်းသာစီးပွား ဖြစ်တယ်ဆိုတဲ့ ဟောကြားချက် မှန်တယ်လို့ မမြစန်းတို့က ထောက်ခံတယ်။ လူဆိုတာ လက်တွေ့ အယောင်ဆောင်ပြရင်တောင် ယုံတဲ့အမျိုး။ ရွာမှာ ကောက်စိုက်ပျိုးနုတ်၊ သူများခြံထဲက သစ်ကိုင်းတွေခိုးပြီး ထင်းခွေရောင်း၊ မမြစန်းတို့ အပျိုပေါက်ဘဝက ရဲမင်းပိုင် ဗီဒီယိုကားတောင် နပ်မှန်အောင် မကြည့်ခဲ့ရပါဘူး။ ရန်ကုန်မြို့သစ်မှာ ပေါပေါလောလော လက်ဖက်ရည်ဆိုင်လေး ဖွင့်နိုင်တော့မှ ဗီဒီယိုကို နေ့လယ်တစ်ကား၊

www.burmeseclassic.com

www.burmeseclassic.com



ညတစ်ကား ကြည့်ပစ်တော့တာ။ ပြေတီဦးဆိုသိပ်ကြိုက်။ အဲဒါ သမီးလေးကြောင့် ဖြစ်လာတဲ့ စီးပွားအမြင့်အမောက်၊ ထိုးတက်သွားတဲ့ စီးပွားရေးဂရပ်။ ဟုတ်တယ်လေ။ သမီးလေး ရန်ကုန်ရောက်လာပြီးမှ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဖြစ်ခဲ့ရတာ။ ဆိုင်နာမည်ကိုက မြစမ်းကြည်။

အခု ကိုယ်ပိုင်ဆိုင်နဲ့၊ ရွှေနဲ့ငွေနဲ့၊ စုမိဆောင်းမိနဲ့။ မြစန်းတို့ဘဝမှာ တော်ရုံလောက်ကတော့ စိတ်ကြိုက် သီးပွင့်ခွင့်ရနေပါပြီ။ အဲဒီ လက်ဖက်ရည်ဆိုင် နယ်ပယ်တစ်ကြောမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

မမြစန်းတို့ တွင်ကျယ်ခွင့်ရနေပါပြီ။ အတိုးရင်းပွားစိုက်ပျိုးထားတာတွေ ရှိတယ်။ အလှူအတမ်း၊ အပေးအကမ်း၊ လမ်းကြောင်းခင်းထားတာတွေလည်း မနည်းတော့ဘူး။ ပြောမယ်ဆို ဒါသမီးလေးအတွက်၊ သမီးလေး ရှေ့ရေးအတွက် ရပ်ကွက်နဲ့ ဆက်နွှယ်ပေးထားတာ။ အခုပဲကြည့်လေ။ သမီးလေး မင်္ဂလာဆောင်တော့မယ်ဆိုတော့ တစ်ရပ်ကွက်လုံးမက ရပ်ကျော်ရွာကျော်တွေပါ ဖိတ်စာဝေရမယ့်ကိန်း။ သမီးလေးအဖေ ဦးကုလားကတော့ အမြဲတမ်း အင်္ကျီချွတ်ကြီးနဲ့ အေးဆေး။ မမြစန်းက တွေးပြီးသား၊ ကြံပြီးသား။ ဖိတ်စာအကောင်းစား အစောင်ငါးဆယ်လောက်ရိုက်ပြီး ရွာကို ပို့လိုက်မယ်လို့။ ရန်ကုန်မှာလို ကားအကြိုအပို့ပါ စီစဉ်ပေးဦးမယ်ဆိုတော့ ဦးကုလားက တစ်ချက်ဝင်ဟန့်တယ်။

'မင်းကွာ၊ နည်းတဲ့ခရီးလား။ ဟိုကလူတွေလည်း မင်းကို မေ့လောက်တောင်နေပါပြီ။ သမီးတစ်သက် ဒီရောက်နေတဲ့ ဟာကို။ မင်းကားခက မင်းဖိတ်ချင်တဲ့လူ အကုန်တင်ခေါ်ရရင် တစ်သိန်းခွဲ၊ နှစ်သိန်း တောင်းမှာ'

'ကုန်ပလေ့စေ၊ လုပ်မယ်'

ပြောပါပကောလား၊ မမြစန်းက မိသားစုတွင်းမှာပါ သူ့ခြေသူ့လက်ဖြစ်အောင် ဖန်ဆင်းထားတာပါလို့။ သူ့ယောက်ျား ဦးကုလားဆိုတာ လက်ဖက်ရည်အဖျော်ခုံက ခွာတာမဟုတ်ဘူး။ ရွာက ကောင်လေး သုံးယောက်လောက်ကိုလည်း မမြစန်းကပဲ ကောင်တာစားပွဲကလက်ညှိုးထိုးခိုင်းနေတာ။ တတ်တာပေါ့၊ သိပ်တတ်တာပေါ့။ ဦးကုလားကြီးနောက်ခိုးရာလိုက်လာပြီးကတည်းက လက်ဖက်ရည်ဆိုင် အဝန်းအဝိုင်းထဲမှာ နေလာခဲ့တာ။ အကျရည်အိုးထဲ ဆားဘယ်လောက်ခတ်ရမယ်ဆိုတာက အစ၊ အီကြာကွေးကြော်ရင် ပွဆေးကဘယ်လို၊ စီးကရက်လာချတဲ့ကောင်လေးတွေ၊ အအေးပုလင်းလာချတဲ့ ကားသမားတွေဆို အစ်မရေလို့ မေးကြတဲ့ထိ။ အဲဒီအထဲကမှ သူ့သမက်ဖြစ်လာမယ့်သူကို စိတ်ကြိုက် ရွေးထုတ်လိုက်တာ မမြစန်း။ မီးသွေးလာပို့တဲ့ အညာသားလေး။ သူ့သမီးအဆင်အသွေးနဲ့ မတိမ်းမယိမ်းပါပဲ။

ဖြစ်ချင်တော့ ကောင်လေးဘက်ကလည်း မိဘတွေက တောမှာဆိုတော့ မမြစန်းခြေ မမြစန်းလက်။ ထုံးစံမရှိ မမြစန်းတို့ သတို့သမီးဘက်က အကုန်ကျခံလုပ်မယ်ဆိုတာချည်းပဲ။ ဦးကုလားက ရှက်ရှက်နဲ့ မျက်စောင်းထိုးတော့ ကျုပ်တို့မှာ ဒီသမီးလေးတစ်ယောက်ရှိတာတဲ့။ လက်ဖက်ရည်ဆိုင်ကို မင်္ဂလာမဏ္ဍပ်အသွင်ပြောင်းပြီး လုပ်ချင်တယ်လို့ ဆိုလာပါတယ်။

'အမေကလည်း ခန်းမတွေ ဘာတွေ ရှိတာပဲဟာကို'

'ဟော့ အေး။ မင်္ဂလာမဏ္ဍပ်ထိုးမှာ။ ကိုကုလားရွာမှာလုပ်တဲ့ဟာမျိုး။ ပန်းရောင်ပိတ်စတွေနဲ့၊ ရွှေချည်ငွေချည်တွေ ဖိတ်ဖိတ်လက်၊ ပူဖောင်းတွေ၊ ပန်းစက္ကူတွေနဲ့လေ'

'အမေ့ တောပုံကြီး၊ မမိုက်ပါဘူး'

'ဟဲ့ မင်္ဂလာဆောင်ဟဲ့၊ မင်္ဂလာယူရမယ့် အချိန်။ ပန်းရောင်က မင်္ဂလာရောင်။ ဘာမှတ်လဲ၊ ဝတ်စုံလည်းပန်းရောင်ပဲ။ ခေါင်းလောင်းလက်ရှည်မှာ ပန်းရောင်ဖျော့ဖျော့ဇာတပ်ပြီး နင်ရော ငါရောဆင်တူ၊ ကောင်လေးကိုလည်း ပိုးပုဆိုးပန်းရောင်၊ တိုက်ပုံလည်းပန်းရောင်၊ အောက်က ကော်လာကတုံးလည်း ပန်းရောင်ပဲ။ ကိုကုလားလည်း အဲဒီနေ့ကတော့ တိုက်ပုံဝတ်ရမယ်နော်။ ခေါင်းပေါင်းလည်း ငှားထားတယ်'

ဦးကုလားခမျာ မိန်းမကို မလွန်ဆန်နိုင်တော့ ဖင်ကုတ်ခေါင်းကုတ်နဲ့ ရှောင်ထွက်သွားတယ်။ သမီးလုပ်တဲ့ မြစမ်းကြည်ကတော့ ခေါင်းလောင်းလက်ရှည် ဇာနားကွပ် အင်္ကျီပုံစံကို ဘယ်လိုမှန်းမသိ စိတ်ကူးထဲမြင်လို့မရဖြစ်နေတယ်။ သမီးမင်္ဂလာဆောင်ကို ဘယ်လိုအရောင်အဆင်းတွေနဲ့ စီခြယ်မလဲဆိုတဲ့ အိပ်မက်က မမြစန်း ဦးနှောက်ထဲမှာ သံမှိုစွဲသလို မြဲမြဲနေတာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ အခုတော့ အခွင့်အခါကြုံပြီ၊ အခြေအနေလည်းပေးပြီ။ မမြစန်းရဲ့ မင်္ဂလာပွဲ အစီအစဉ်တွေကို တစ်ဖက်က ပါဝင်စွက်ဖက်ရအောင် သတို့သားကောင်လေး မိဘတွေကအဝေးမှာ။ ပြီးတော့ မမြစန်းတို့လို စီးပွားရေး ငွေကြေးအင်အားကလည်း တောင့်တောင့်တင်းတင်းကြီးမဟုတ်။ တောသူတောင်သား အရိုးခံကြီးတွေ။ သမီးရှင်ဘက်က အလုံးစုံတာဝန်ယူတယ်ဆိုကတည်းက ပွဲပြီး မီးသေအငြိမ်း။

ဘာကျွေးမလဲ၊ ရန်ကုန်မင်္ဂလာဆောင်မှာ။ အဲဒါ အထွေအထူးစဉ်းစားရမှာမဟုတ်ပါဘူး။

အဆင့်အတန်းအလိုက် အမျိုးအစား အတွဲပေါင်းများစွာရှိတယ်။ ရပ်ကွက်ဓမ္မာရုံ၊ ဒါမှမဟုတ် ရပ်ကွက်ခန်းမ၊ ရေခဲမုန့်နဲ့ ဝေဖာချောင်းပေါ့။ ဒါ့ထက် တတ်နိုင်ရင် ကိတ်မုန့်လေးဘာလေးထည့်၊ ဒါလောက်ဆိုလှသွားပြီ။ ဘုန်းကြီးကျောင်းဓမ္မာရုံမှာ လုပ်မယ်ဆို ကြက်ဆီထမင်း၊ ထောပတ်ထမင်း၊ ဒံပေါက်၊ ဒါလောက်ဆိုရင်ပဲ အတော်အတန် ကီးမြင့်နေပြီ။ စားသောက်ဆိုင် အလတ်စားနဲ့ ဟိုတယ်အသေးစားတွေမှာဆိုရင်တော့ လူတစ်ယောက်စာကို ဘယ်နှထောင်ဖိုး ကျွေးမလဲ။ ဆီဒိုးနား၊ ထရိတ်ဒါး၊ နိုဗိုတယ်။ အဲဒါတွေကတော့ မမြစန်းတို့လို ရပ်ကွက်အနေအထားနဲ့က အလှမ်းကွာလွန်းအားကြီးသွားပြီ။ သမက်ဖြစ်မယ့်လူက အရာရှိအရာခံလည်း မဟုတ်ဘဲနဲ့။

'မရွေးကျွေးရင်ကောင်းမလားလို့'

'ဘာ'

'ကျုပ်တို့ရွာနားက အဲ၊ ကျုပ်တို့ဆီမှာလိုလေ။ ဒါ



www.burmeseclassic.com

www.burmeseclassic.com

လေးပြောတာ မျက်လုံးပြူး မျက်ဆန်ပြူး ဘာဖြစ်ရတာလဲ'

'ရွာမှာတောင် မရွေးလုပ်တဲ့လူ ရှိမှာမဟုတ်တော့ဘူး။ အကုန် မလေးရှားရောက်ကုန်ကြပြီ'

'ဒါဆို ပေါင်မုန့်ကျွေးရင် ကောင်းမလားဟင် ကိုကုလား။ ဒီမှာ ပေါင်မုန့်အတောင့်ကြီးတွေ ရှိတယ်လေ။ ရွာပြန်ပြီး သကာရည်မှာလိုက်ရင် ပြီးတာပဲဟာကို'

'မမြစန်း၊ မင်း ဘာဖြစ်လို့ နောက်ကြောင်းပြန်တွေ ဆွဲနေတာလဲ။ ရန်ကုန်မင်္ဂလာဆောင်မှာ ဘယ်တုန်းက ပေါင်မုန့်ကျွေးတာတွေ့ဖူးလို့လဲ။ သူ့ထုံးစံ ရေခဲမုန့်ကျွေးချင်ကျွေးပေါ့ကွာ'

'ရွာကလာတဲ့ ကိုယ့်လူတွေက ကြိုက်မှာမဟုတ်ဘူး။ အိမ်မှာ ထမင်းချက်ကျွေးရမှာပဲ'

'ရွာကလူတွေကို မင်းက ဖိတ်ဦးမလို့လား'

'အလိုတော်၊ ဖိတ်ရမှာပေါ့၊ မြစန်းတို့က မင်္ဂလာဆောင်ကို ဒီလိုလုပ်တယ်ဆိုပြီး'

လူမှာ သူ့ဒဏ်ရာနဲ့သူ ရှိတယ်။ သူ့အိပ်မက်နဲ့သူလာတာ။ မမြစန်းတို့ အဖျိုပေါက်ဘဝက အလှူအတန်း ပွဲလမ်းသဘင်ဆို လူရာသွင်းခံရတယ်မရှိဘူး။ ရပ်က ဒီလောက်ကြီး နုံအ,နေလို့ ဘယ်ဟုတ်ပါ့မလဲ။ ဈေးသည်သမီး ချိုချိုဆိုတာ အသားလေးဖြူတာကလွဲပြီး လူကလက်ပြင်ညွှတ်ကိုင်းကိုင်းနဲ့။ တင်မရှိ၊ ရင်မရှိ ဒူလာမကိုပဲ ပွဲထုတ်ကြတာလေ။ ကိုကုလား ကြည့်လိုက်ဦးမလား။ သူများ လယ်ကူလီ၊ အလှူမင်္ဂလာဆောင်ဆို ရေနွေးအိုးကျိုရတဲ့ချောင်က မထွက်ရဘူး။ ဒါကြောင့် အဖျော်ဆရာဖြစ်လာတာလားမသိဘူး။ အခုတော့ လက်ဖက်ရည်ဆိုင်ပိုင်ရှင်၊ ဘာတတ်နိုင်သေးလဲ။ တကယ်ပါ။ အဲဒီကာလတွေမှာ စိတ်နာစရာအတိနဲ့။ ကိုကုလားနဲ့ သမီးရည်းစားလိုလို ချိတ်တိတ်တိတ်ဖြစ်နေတုန်းမှာပဲ ရန်ကုန်တက်သွားတယ်။ လက်ဖက်ရည်ဆိုင်စားပွဲထိုးလိုလို၊ အလုပ်သမားလိုလိုပါပဲ။ မမြစန်းလေးလည်း လွမ်းတယ်လည်း မဟုတ်၊ မလွမ်းဘူးလည်း မဟုတ်ပါဘူး။ မင်္ဂလာဆောင်ရင်တော့ တင့်တောင့်တင့်တယ် မင်္ဂလာဆောင်လေး ဖြစ်ချင်တယ်။ သူကြိုးစားရင် ကြိုးစားသလောက်ပေါ့။ မမြစန်းဘက်ကတော့ ဘယ်လိုအခြေအနေမှမပေး။ တစ်နေကုန် ထင်းတစ်စီး ခွေနိုင်မှ ညနေစောင်းမှာ ဆန်ဖိုးငါးရာ ရမှာဆိုတော့။

မမြစန်းတို့ရွာမှာ နှစ်စဉ်စုပေါင်းရှင်ပြုပွဲလုပ်တယ်။ ကလေးတွေကျောင်းပိတ်ရက်သင်္ကြန်နားနီးနီးပေါ့။ နိုင်ငံခြားမှာ အလုပ်သွားလုပ်နေသူတွေတောင် ပြန်လာကြတယ်။ ကိုကုလားပြန်လာတော့ လူက ပြောင်ပြောင်ရောင်ရောင်နဲ့ ပြောင်းလဲလာတယ်။ အဲ...မမြစန်းကို ကြိုက်တာတော့ မပြောင်းလဲသေးဘူး။ ရာထူးလည်း တက်သွားပြီ ပြောတယ်။ အဖျော်ဆရာ တဲ့၊ အဲဒီ လက်ဖက်ရည်ဆိုင်ကြီးမှာ သူက လူကြီးဆိုပဲ။ တိုတိုပြောရရင် ကိုကုလား ရန်ကုန်ပြန်တော့ မမြစန်းလည်း ပါသွားတယ်။ ရွာအခေါ် ခိုးရာလိုက်သွားတယ်ပေါ့။

'ဟဲ့၊ နင်တို့က ခိုးရာလိုက်ပြေးကြတာ မဟုတ်ဘူးလေ။ မိနဲ့ဖနဲ့ လူကြီးစုံရာနဲ့ တောင်းရမ်းလက်ထပ်ကြတာ။ ဒါကို ရွာကလူတွေသိအောင်ပြရမယ်၊ သိအောင်လုပ်ရမယ်။ ကုန်ချင်သလောက်ကုန်ပလေ့စေ။ ပိုက်ဆံ ပြန်ရှာရင်ရတယ်။ ငါကိုယ်တိုင်ရွာကို တစ်ခေါက်ပြန်ပြီး ဟိုကလူတွေ ရအောင်ခေါ်ခဲ့မယ်'

'နင် ရွာသွားတော့ ဒီမှာ စီစဉ်စရာတွေ ဘယ်လိုလုပ်မလဲ၊ ငါလည်း ဆိုင်တစ်ဖက်နဲ့'

'ကိုကုလား၊ အဲဒါတွေ အသာထား။ ရှင် မင်္ဂလာဆောင်တဲ့ နေ့ကျရင် သာခုံခုံညားညားနေဖို့ ပြင်ထား။ ဆံပင်တွေ ဘာတွေညှပ်။ ရွာကလူတွေရှေ့မှာ ကျွန်မတို့နှစ်ယောက်က စပယ်ရှယ် ဖြစ်နေစေရမယ်'

မမြစန်းပြောတဲ့ စပယ်ရှယ်ကို ဦးကုလားနားမလည်။ ငါ့မိန်းမ ဒီလောက်ခြစ်ကုတ်ရှာဖွေပြီး သမီးမင်္ဂလာဆောင်ကျမှ ပုံအောပြီး ထုတ်သုံးနေရတဲ့ အကြောင်းရင်းကို စဉ်းစားရမယ့်ကိန်း ဆိုက်နေပါပြီ။ ချစ်လို့သာ သျှောင်နောက်ဆံထုံးပါပြီး လက်ဖက်ရည်ဆိုင် နောက်ခန်းကလေးထဲမှာ မျက်လုံးကလေးကလယ်ကလယ်နဲ့။ ရန်ကုန်အရောင်အဆင်းတွေကို ငေးမောနေရတဲ့ ဇနီး။ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ သူ့နောက်လိုက်လာခဲ့တဲ့ မမြစန်း။ လုပ်ခွင့်ရတဲ့ အနေအထားမှာ စိတ်ကြိုက်လုပ်ပါစေတော့ဆိုပြီး...။

လက်ဖက်ရည်ဆိုင်ကို သုံးရက်လောက်ပိတ်ပြီး မမြစန်း စိတ်ကြိုက် ပန်းမဏ္ဍပ်ထိုးပေးရတယ်။ တော်သေးတယ်။ မြောက်ဒဂုံ ကြိုးတံတားထိပ်နားက ဓားဝဲချောင်ရပ်ကွက်မှာ တောရှင်ပြုမဏ္ဍပ် အငှားလိုက်တဲ့လူရှိလို့။ ဒါတောင် မမြစန်းက ပန်းစက္ကူတွေ၊ ရောင်စုံပူဖောင်းတွေ ထပ်ဖြည့်နိုင်းသေး။ အသံချဲ့စက် လော်စပီကာကြီးကို ဧည့်ခံမတိုင်ခင်နေ့ကတည်းက ဖွင့်ပါ့မယ်လုပ်လို့ ရပ်ကွက်အုပ်ချုပ်ရေးပိုင်းက ခွင့်မပြုဘူး ပြောထားရတယ်။ တားမရတာက ဧည့်ခံဆိုတဲ့ကိစ္စ။ ရန်ကုန်မှာ မင်္ဂလာဆောင်ရင် တစ်ရက်ပဲ။ ဒါတောင်နှစ်နာရီလောက်ပဲ လုပ်ကြတာလို့ ပြောတာ လုံးဝမရဘူး။

'ဩော် ကိုယ်မင်္ဂလာဆောင်တာပဲတော်၊ ကိုယ်လုပ်ချင်သလို လုပ်မှာပေါ့။ ကာယကံရှင်ဖြစ်တဲ့ တော်က ဘာဖြစ်နေတာလဲ။ ရွာမှာ ဒီအတိုင်းပဲဟာကို၊ ရှင်လည်း သိသားနဲ့'


'ဟ မမြစန်းရ၊ ဟိုမှာက သတို့သားတစ်အိမ်၊ သတို့သမီးတစ်အိမ်လေ။ ဒီမှာက ငါတို့ဘက်မှာပဲ ပေါင်းလုပ်တဲ့သဘော။ ကျောင်းလေး မိဘတွေက ပဲသတ်လုပ်

စာမျက်နှာ(၁၂၁)သို့...



www.burmeseclassic.com

www.burmeseclassic.com



# မြင့်သန်း

## လှည့်ဖြားခြင်းသည် ပြောင်မြောက်သောအနုပညာ


လူတွေ။ လူတွေအများကြီးပဲ။ အရှေ့ကလူက အနောက်သွား၊ အနောက်ကလူက အရှေ့လာ။ ဒီလိုပဲ၊ တောင်ကလူနဲ့ မြောက်ကလူတွေ သွားချင်ရာသွားနေကြတာပဲ။ နားတဲ့လူတွေကလည်းနားလို့။ ထိုင်တဲ့လူ၊ ရပ်နေတဲ့လူ။ လူတွေအများကြီး။ မြို့တော်ရဲ့ အနုပညာပြတိုက်ကြီးထဲမှာလည်း အဲဒီလိုပဲ။ တတိယအထပ်တစ်ခုပဲ ပိတ်ထားတယ်။ ပိတ်ထားရတာက ပြပွဲတစ်ခုလုပ်မယ်လို့ ပြင်ဆင်နေကြတုန်းမို့။ တမြန်နေ့တုန်းကတော့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်အခန်းမှာ ဌာနအကြီးအကဲတွေ အစည်းအဝေးလုပ်တယ်။ သူ့အခန်းက ဆယ်ထပ်မှာ။ လူကြီး…။ တာဝန်ရှိတဲ့လူဆိုတော့လည်း ဆယ်ထပ်မှာ ရုံးခန်းရှိရတာဟာ တရားသလိုပဲ။ သူ့အခန်းကနေကြည့်ရင် ပင်လယ်ဘက်၊ တောင်ရိုးဘက်တွေကို မြင်ရတယ်။ လူကြီးဆိုတော့လည်း အပေါ်ကနေ စီးကြည့်ရမှာက သူ့အလုပ်ကိုး။ ခုစည်းဝေးရတာကတော့ တတိယအထပ်မှာလုပ်မယ့် ပြပွဲအတွက်။ အယ်နာဘာလ်ကတော့ ပြခန်းပြင်ဆင်နေရာချထားရေးဌာနရဲ့ အကြီးအကဲတစ်ယောက်အနေနဲ့ အစည်းအဝေးတက်ရတာ။ အစည်းအဝေးစားပွဲမှာ သူထိုင်နေကျနေရာမှာ ဝင်ထိုင်ပြီး လူစုံအောင် စောင့်နေကြတယ်။ လူမစုံသေးခင်မှာပဲ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က သူ့အနားမှာထိုင်နေတဲ့ ပြတိုက်မန်နေဂျာကို ခေါင်းအသာမော့ပြရင်း ထိုင်ရာကထ,ပြီး နေရာပြောင်းခိုင်းလိုက်တယ်။ အယ်နာဘာလ်လို့ ခေါ်လိုက်ပြီး သူ့နားက ကုလားထိုင်မှာထိုင်ဖို့ လက်နဲ့ပြတယ်။ ဒါကတော့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ် ထုံးစံပဲ။ အလေးပေးပြောရမယ့်သူကို သူ့ အနားရွှေ့ထိုင်ခိုင်းလေ့ရှိတာ။ ဒါကြောင့်ပဲထင်တယ်။ မန်နေဂျာက ပြောလေ့ရှိတယ်၊ အစည်းအဝေးလုပ်ရင် နေရာထ,ပေးဖို့ အလုပ်က ငါ့ရဲ့ကြီးမားတဲ့ တာဝန်တစ်ခုပဲတဲ့။ သူကတော့ လူပျော်။



www.burmeseclassic.com

www.burmeseclassic.com

အခုလုပ်မယ့်ပြပွဲကိစ္စကိုတော့ နင့်လက်ထဲမှာ အသေအချာ ထည့်ချင်တယ်လို့ ပြောရင်း ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က စကားစ,လိုက်တယ်။ အယ်နာဘာလ်က ရယ်ချင်သလိုဖြစ်သွားတယ်။ ပြပွဲလုပ်မယ်ဆိုရင် ပြခန်းတွေခင်းကျင်းဖို့ တာဝန်ဟာ သူ့အလုပ်။ လုပ်လာတာ ခုနှစ်နှစ် မကတော့ဘူး၊ ခုခါမှ ဒီအကြောင်းကို အထူးအထွေပြောရတယ်လို့ဆိုတဲ့ အတွေးနဲ့ သူက ပြုံးမိတယ်။ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်ကို ကြည့်လိုက်ပြီး ဘာဖြစ်လို့လဲ ဆိုတဲ့သဘောမျိုးနဲ့ ပခုံးတွန့်ပြလိုက်မိတယ်။ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်ကလည်း ပြုံးတယ်။ နင်ဘာလို့ပြုံးတယ်ဆိုတာ ငါသိတယ်ဆိုတဲ့ သဘောပဲ။ ပြုံးနေရင်းနဲ့ ခုလာမယ့်ပြပွဲက အရှေ့တိုင်းက။ အရှေ့တိုင်းကလို့ ပြောရင်းနဲ့ စကားမဆက်တော့ဘဲ အစည်းအဝေးစားပွဲရဲ့ တစ်နေရာက လူ တစ်ယောက်ကို လက်ညှိုးလှမ်းထိုးလိုက်ရင်း ဟေး၊ ဘရက်၊ ပြောစမ်းပါဦး။ ခုခေတ်မှာ အရှေ့တိုင်းလို့ခေါ်တဲ့ အိုရီးရင့်ကို အိုးရီးရင့်ရယ်လို့ မသုံးရတာလဲလို့ မေးတယ်။ ဘရက်က ကုလားထိုင်ကို နောက်မှီထိုင်နေရာက သူ့ကိုယ်ကို ရှေ့တိုးပြီး မတ်လိုက်ရင်း ကိုလိုနီစနစ်က ထွင်ခဲ့တဲ့ အသုံးအနှုန်းကြောင့် လူမျိုးရေး၊ ဘာသာရေး၊ လူမှုဆက်ဆံရေး စံတွေအရ ခွဲခြားတဲ့သဘောမျိုးတွေ ပါနေလို့ပါလို့ ပြန်ဖြေတယ်။ ဒီတော့ ဘယ်လိုခေါ်ကြရမှာတဲ့တုံးလို့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က မေးပြန်တယ်။ အာရဗ်ဆို အာရဗ်၊ အေရှားဆို အေရှားပေါ့။ ပေါက်ပြားကို ပေါက်ပြားလို့ ခေါ်တယ်ဆိုတဲ့ စကားအတိုင်းပါပဲလို့ ဖြေတယ်။ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က ပြုံးရင်း ခေါင်းတညိတ်ညိတ်လုပ်နေရာက ကြည့်စမ်း၊ သူ့ကိုငှားထားရတာ ဘယ်လောက် တန်ဖိုးရှိသလဲလို့။ ဝီကီပီးဒီးယားထဲ မပါတာတွေတောင် သူသိတယ်လို့ပြောပြီး အယ်နာ



www.burmeseclassic.com

ဘလ်ဘက် ပြန်လှည့်တယ်။ ခုဟာက တရုတ်နိုင်ငံနဲ့ အာရှတိုက် မြောက်ပိုင်းဒေသတွေက ပြစရာတွေ။ အင်ဒရူးက ညှိပေးလို့ ငါတို့ပြခွင့်ရတာ၊ ညှိရတာကိုက တစ်နှစ်ကျော်ကျော်ကြာတယ်။ သူကပဲ နင့်ကို အသေအချာပြောပါ။ နင့်လက်ထဲအပ်ပါလို့ပြောလို့လို့ ပြောရင်း အခြေအနေကို ရှင်းပြတယ်။ အယ်နာဘလ်ပါးစပ်က သေခြင်းဆိုး အင်ဒရူးလို့ ထွက်သွားပြီး သူ့ကိုယ်ကို ကုလားထိုင် နောက်မှီပေါ် လှဲချလိုက်တယ်။

သူ့ကို အသေအချာစိုက်ကြည့်နေတဲ့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်ကို ပြန်ကြည့်လိုက်ရင်း အချိန်ဘယ်လောက်ရသလဲလို့ အယ်နာဘလ်က မေးတယ်။ သုံးလ။ သုံးလဆိုပေတဲ့ နင် ပြင်ဆင်ဖို့ကတစ်လ၊ ပြပွဲလုပ်ဖို့က နှစ်လလို့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က ပြောနေတုန်း တစ်လဆိုတဲ့အသံ အယ်နာဘလ်ဆီက အံ့ဩသံထွက်လာတယ်။ အဘိုးကြီးက လက်ကာပြီးတားထားလို့ အယ်နာဘလ်လည်း ရှေ့မဆက်နိုင်ဘူး။ ခုဟာက အနုပညာဆိုင်ရာ လက်ရာတွေကို ပြမှာဆိုပေတဲ့လည်း နောက်ဘက်မှာ နိုင်ငံရေး၊ စီးပွားရေး အကုန်ပါတယ်။ ဒီတော့ တို့ဘက်က လွတ်ကွက်မရှိ လုပ်နိုင်မှ၊ ပြနိုင်မှ သိက္ခာရှိမှာ။ ခုဒီအခန်းထဲမှာ ရှိနေတဲ့ ဌာနဆိုင်ရာ အကြီးအကဲတွေနဲ့ သူတို့လူတွေကို နင် ကြိုက်သလိုသုံးပေတော့။ ပြောရင်း ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ် အစည်းအဝေးစားပွဲမှာ ထိုင်နေတဲ့လူအားလုံးကို လှည့်ကြည့်လိုက်ပြီး မင်းတို့ကြားတဲ့အတိုင်းပဲ။ မင်းတို့အနေနဲ့ လုပ်နိုင်တာပေါ်လာရင် လုပ်လက်စမှန်သမျှ အကုန်ချ

> အဲဒီလူက သူ့စီးကရက်ဘူးထဲကစီးကရက်ကို ထုတ်နေရင်း
> ပြုံးပြီး သူ့ဘာသာပြောသလိုနဲ့ ကျွန်တော်တို့ တစ်တွေဟာ
> စီးကရက်ကို တစ်ဖွာနှစ်ဖွာ ဖွာရင်း
> ငါ စီးကရက် မသောက်ဘူးရယ်လို့ ကိုယ့်ကိုယ်ကို
> စနစ်တကျ ညာဖို့ ကြိုးစားနေတဲ့ လူတွေပဲထင်တယ်လို့
> ပြောပြီး အယ်နာဘလ်ကို လှည့်ကြည့် တယ်။
> အယ်နာဘလ်လှည့် အကြည့်နဲ့ အကြည့်ချင်း
> ဆုံသွားတယ်။ အယ်နာဘလ်ကတော့ ရယ်လိုက်မိတယ်

ထားပြီး အယ်နာဘလ်လိုအပ်တာကို ကူကြပေတော့။ ဝိုင်းလုပ်ကြပါ။ ငါ့ဆီက၊ ဂျွန်ဆီက ဘာခွင့်ပြုချက်မှ တောင်းနေစရာမလိုဘူး။ ဂျွန် မင်းလည်း မန်နေဂျာအနေနဲ့ မင်းအခန်းထဲမှာချည်း ထိုင်ပြီး နေလို့မဖြစ်ဘူး။ အယ်နာဘလ်။ နင် တရုတ်လိုပြောတတ်သေးသလား။ ပြပွဲမတိုင်ခင် တရုတ်ပညာရှင်တချို့လာကြည့်မယ်။ နင် တတ်တဲ့တရုတ်စကားကို ပြန်ပြီး နွှေးထားဦးလို့ ပြောတယ်။ ကျွန်မတတ်တဲ့ တရုတ်စကား တရုတ်နိုင်ငံပြန်သွားတာကြာပြီလို့ပဲ အယ်နာဘလ်ကတော့ ပြန်ဖြေလိုက်တယ်။ အဲဒီကနေ စ,လို့ပြခန်းပြင်ဆင်နေရာချထားရေးဌာနရဲ့

အကြီးအကဲ အယ်နာဘလ်တစ်ယောက် ခေါင်းရှုပ်ရတော့တာပဲ။

အယ်နာဘလ်ရဲ့ နေ့စဉ်အကျင့်တစ်ခုက နေ့ခင်းစာပြီးရင် မြစ်ဘက်ကို လမ်းလျှောက်လေ့ရှိတာ။ နေ့ခင်းစာကို စားသောက်ဆိုင်တစ်ခုခုမှာ အလုပ်ကိစ္စပြောရင်း စားကြရတာမျိုး ကလွဲရင် သူ့အိမ်က ပြင်ဆင်လာတဲ့ သစ်သီးမျိုးစုံကို ဒိန်ချဉ်ဘူးကလေးတစ်ဘူးနဲ့ စားတာလောက်ပဲ။ ပြီးရင် မြစ်ဘက်ကို လမ်းလျှောက်တယ်။ ပြတိုက်ကနေထွက်၊ လမ်းဖြတ်ကူး၊ ဘယ်ကွေ့၊ ညာကွေ့။ နောက်ထပ် ဘယ်ဘက်ကိုတစ်ခါကွေ့လိုက်ရင် မြစ်စပ်ကိုရောက်တယ်။ ပြတိုက်ကနေဆိုရင်တော့ မီတာလေးရာလောက်ဝေးမယ်။ မြစ်နားက မြက်ခင်းပေါ်မှာ ထိုင်ခုံကလေးတွေရှိတယ်။ အဲဒီမှာထိုင်ရင်း သူ့ခေါင်းထဲမှာ ရှုပ်နေတာတွေ ထုတ်ပစ်တယ်။ သိပ်ရှုပ်တဲ့အခါမျိုးမှာတော့ စီးကရက်တစ်လိပ်ကို တစ်ဖွာနှစ်ဖွာ ဖွာတယ်။ သူ့ သူငယ်ချင်းဆရာဝန်မက သိပ်အလုပ်ရှုပ်တဲ့အခါ တစ်လိပ်လောက်တော့ သောက်နိုင်တယ်လို့ ပြောထားလို့။ လမ်းလျှောက်တာကတော့ အလှမပျက်အောင်လို့။ အပျိုကြီးဆိုတော့လည်း သူများထက်စာရင် အတော့်ကိုကြည့်ကောင်းတယ်။ လှတယ်ဆိုပေတဲ့လည်း သူ့ခများများ ပိုလှချင်သေးတာပေါ့။ တက္ကသိုလ်မှာ ပါမောက္ခလုပ်ခဲ့တုန်းကဆိုရင် အမြဲလိုလမ်းလျှောက်ဖြစ်တယ်။ တရုတ်နိုင်ငံရဲ့ ကြီးမြတ်တဲ့တံတိုင်းကြီးကိုဖြင့် ဥက္ကဋ္ဌကြီးမော်ပြောခဲ့တဲ့အတိုင်း လူဖြစ်ကျိုးနပ်အောင် တစ်နေ့ကျရင် ဒီဘက်ထိပ်ကနေ ဟိုဘက်ထိပ် လျှောက်မယ်လို့တောင် စိတ်ကူးဖူးတယ်။

ပြတိုက်ကိုပြောင်းလာကတည်းက ကြီးမြတ်တဲ့တံတိုင်းကြီးပေါ် မှာ လမ်းလျှောက်မယ်ရယ်လို့ စိတ်ကူးနဲ့ စ,ထားတဲ့ စီမံကိန်းလည်း စိတ်ကူးထဲမှာတင် ပျောက်ကွယ်စပြုလာတယ်။ အစည်းအဝေးပြီးတဲ့ နောက်သုံးရက်မှာတော့ သူလည်း အလုပ်ကများတော့ ဖြစ်သလိုစား။ အဲဒီကြားထဲက တစ်ရက်တော့ သူနဲ့လုပ်ကိုင်နေရတဲ့လူတွေကို အနားဆီက စားသောက်ဆိုင်ခေါ်သွားပြီး ကျွေးမွေးရင်း အလုပ်ကိစ္စပြောကြတယ်။ လေးရက်မြောက်တဲ့နေ့မှာတော့ မနေနိုင်တော့ဘူး။ အိမ်က ယူလာတဲ့ သစ်သီးနည်းနည်းစားပြီး မြစ်ဘက်ကို ထွက်ခဲ့တော့တယ်။ သူ့အခန်းကအထွက်မှာ သူ့အတွင်းရေးမှူးမကလေး လီလီယံက သူ့လက်ထဲက စီးကရက်ဘူးကိုကြည့်ပြီး ဆေးလိပ်သောက်တာ မကောင်းဘူးလို့ပြောတာနဲ့ ငါ့ကို ဆရာမလုပ်နဲ့၊ နင့်အလုပ်နင်လုပ်လို့ ပြန်ပြီး နောက်လိုက်ရင်း ရယ်လိုက်မိသေးတယ်။

သူထိုင်နေကျ ခုံတန်းလျားကလေးကို လှမ်းမြင်ရတော့ ထိုင်ခုံပေါ်မှာ တစ်ယောက်ယောက်ထိုင်နေတာကို ကျောဘက်



www.burmeseclassic.com

www.burmeseclassic.com

က လှမ်းတွေ့ရတယ်။ သူ့လက်ထဲကနာရီကို ကြည့်လိုက်တော့ သူလာနေကျအချိန်ထက် တစ်နာရီလောက် နောက်ကျနေတယ် ဆိုတာ သိလိုက်ရပြန်တယ်။ ခုံတန်းလျားကလေးတွေမှာ ဘယ်အချိန်၊ ဘယ်သူလာထိုင်ကြရမယ်လို့ ကန့်သတ်ထားသလိုပဲလို့ တွေးလိုက်မိလို့ အယ်နာဘလ် က ပြုံးလိုက်မိတယ်။ တခြားခုံလွတ်တွေရှိပေတဲ့ ဒီနေရာကလေးကိုပဲ သူက ကြိုက်တယ်။ တန်းလျားအနားကို ရောက်လို့ ကြည့်လိုက်တော့ ထိုင်နေတာက အမျိုးသားတစ်ယောက်။ ချွတ်ထားတဲ့ သူ့ရဲ့ အပေါ်အင်္ကျီကို သပ်သပ်ရပ်ရပ်ခေါက်ပြီး ဘေးနားမှာ ချထားတယ်။ အင်္ကျီခေါက်ပေါ်မှာ စီးကရက်ဘူးတစ်ခုတင်ထားတယ်။ သူကတော့ တယ်လီဖုန်းက ကင်မရာနဲ့ သတင်းစာထဲက တစ်ခုခုကို ဓာတ်ပုံရိုက်နေတယ်။ နံဘေးမှာလည်း ကော်ဖီခွက်ကလေးတစ်ခု ချထားတယ်။ မြစ်စပ်က ကော်ဖီဆိုင်က ဝယ်လာတဲ့ ကော်ဖီခွက်ကလေး။ ခွက်ကလေးလို့ ပြောရတာကလည်း အိပ်စပရက်စို ခွက်မို့။ အိပ်စပက်စိုကော်ဖီခွက်မှန်သမျှဟာ သေးသေးကလေးချည်းပဲ။ ပြောချင်ရင်တော့ အိပ်စပက်စို ကော်ဖီဟာ လူတစ်မျိုးတွေသောက်တဲ့ကော်ဖီ။ လူတိုင်းမသောက်နိုင်ကြတဲ့ ကော်ဖီမျိုး။ ကော်ဖီရဲ့ အနှစ်သက်သက်၊ လက်တစ်လုံးလောက်ပဲ။ တန်းလျားအနားရောက်တော့ အဲဒီလူက မော့ကြည့်တာနဲ့ ကျွန်မ ထိုင်လို့ရမလားလို့ အယ်နာဘလ်က မေးလိုက်တယ်။ ထိုင်ပါလို့ သူကပြန်ဖြေရင်း ထိုင်ရာက ထ,တယ်။ အယ်နာဘလ်ကတော့ ရိပ်မိလိုက်တယ်။ အမျိုးသမီးတစ်ယောက်ကို ခုလို ထိုင်ရာကထ,ပြီး အသိအမှတ်ပြုတယ်ဆိုကတည်းက ဒီလူမှာ တိုင်းကြီးပြည်ကြီးသားတို့ရဲ့ ယဉ်ကျေးမှုကို သိတဲ့လူပဲ ဆိုတာ။ အုတ်စီတဲ့ကောင်၊ အမှိုက်သိမ်းတဲ့ကောင်တော့ မဖြစ်လောက်ဘူး။ သတင်းစာထဲမှာ မြက်ရိတ်ပေးမယ့် လူရဲ့လိပ်စာတွေ့လို့ ပြောပြီး သတင်းစာကို ထောင်ပြတယ်။ သတင်းစာကတော့ ရပ်ကွက်သတင်းစာ။ ကော်ဖီဆိုင်ကလေးမှာ အပုံလိုက်ချထားတတ်တဲ့ သတင်းစာ။ ပိုက်ဆံမပေးရတဲ့ သတင်းစာမျိုး။ အရပ်ထဲကသတင်းတော့ စုံတယ်။

အယ်နာဘလ်ကတော့ ထိုင်ပြီး မြစ်ဘက်ကြည့်နေရင်း သူ့နံဘေးကလူကို သတိထားနေမိတယ်။ သူက သတင်းစာကြည့်ပြီးသွားတော့ ညီညီညာညာခေါက်တယ်။ နောက်တော့ သူ့ကော်ဖီခွက်ကလေးကို မော့ပြီး အကုန်သောက်လိုက်တယ်။ ခဏလောက် အရသာခံနေပုံရတယ်။ အဲဒီတုန်းမှာပဲ ကျွန်တော် စီးကရက်သောက်မလို့၊ ခင်ဗျားကိုများ အနှောင့်အယှက်ပေးသလိုဖြစ်မယ်ဆိုရင် မြစ်နားသွားသောက်မယ်။ တစ်ဖွာ၊ နှစ်ဖွာပါလို့ သူ့ကိုပြောသံကြားရတယ်။ သောက်ပါ၊ ကျွန်မလည်း တစ်ဖွာနှစ်ဖွာသောက်မယ်ရယ်လို့ လာတာပါလို့ ပြန်ပြောလိုက်တယ်။ အဲဒီလူက သူ့စီးကရက်ဘူးထဲက စီးကရက်ကို ထုတ်နေရင်း ပြုံးပြီး သူ့ဘာသာပြောသလိုနဲ့ ကျွန်တော်တို့တစ်တွေဟာ စီးကရက်ကို တစ်ဖွာနှစ်ဖွာ ဖွာရင်း ငါ စီးကရက်မသောက်ဘူးရယ်လို့ ကိုယ့်ကိုယ်ကို စနစ်တကျ ညာဖို့ ကြိုးစားနေတဲ့လူတွေပဲထင်တယ်လို့ ပြောပြီး အယ်နာဘလ်ကို လှည့်ကြည့်တယ်။ အယ်နာဘလ် လှည့်အကြည့်နဲ့ အကြည့်ချင်းဆုံသွားတယ်။ အယ်နာဘလ်ကတော့ ရယ်လိုက်မိတယ်။ ကိုယ့်ကိုယ်ကို စနစ်တကျ ညာဖို့ ကြိုးစားနေတဲ့လူတွေပဲ ဆိုတာကိုတော့ ကျွန်မ သဘောတူပါတယ်လို့ ပြောရင်း သူ့စီးကရက်ဘူးထဲက စီးကရက်တစ်လိပ် ထုတ်လိုက်တယ်။ အဲဒီလူက သူ့စီးကရက်ကို မီးငြိတော့မယ်လို့လုပ်ပေတဲ့ မငြိသေးဘဲ သူ့မီးခြစ်ကိုခြစ်ပြီး အယ်နာဘလ်ဘက်ကို မီးညှိဖို့လှမ်းကမ်းလိုက်တယ်။ ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ရင်း သူ့အဖေနဲ့သူ့အစ်ကိုအကြောင်း သတိရလိုက်မိတယ်။

သူ့အဖေက သူ့အစ်ကိုကို တိုင်းကြီးပြည်ကြီးသားတွေရဲ့ အမူအကျင့်အကြောင်း ပြောပြတုန်းက ကိုယ့်အနားမှာ အမျိုးသမီးတစ်ယောက် စီးကရက်သောက်တော့မယ်ဆိုရင် ကိုယ်က မီးခြစ်နဲ့ မီးငြိပေးဖို့ အသင့်ဖြစ်နေရမယ်လို့ ပြောဖူးတယ်။ ကနေ့အထိ သူ့အစ်ကိုအိတ်ထဲမှာ မီးခြစ်ကောင်းကောင်းတစ်လုံး အမြဲရှိတယ်။ ဒါပေတဲ့ သူ့အစ်ကို ကိုယ်တိုင်က တစ်ခါမှ စီးကရက်၊ ဆေးလိပ် စတာတွေ မသောက်ဖူးဘူး။ ဆေးလိပ်မသောက်တတ်တဲ့လူ။ တွေးနေရင်း ပြုံးနေမိတယ်။ ဟိုလူကတော့ တကယ့်ကို တစ်ဖွာနှစ်ဖွာပဲ သောက်တယ်။ သောက်ပြီးတော့ စီးကရက်ကိုခြေပြီး မီးသတ်တယ်။ နောက်တော့ ထိုင်ရာကထ၊ ချွတ်ထားတဲ့ အပေါ်အင်္ကျီကိုပြန်ဝတ်၊ မီးသေနေတဲ့ စီးကရက်ရယ်၊ ကော်ဖီခွက်ရယ်၊ သတင်းစာရယ်ကို ကောက်ယူလိုက်ပြီး ကျွန်တော့်ကို သွားခွင့်ပြုပါဦး၊ တွေ့ရတာ ဝမ်းသာပါတယ်လို့ပြောပြီး ထွက်သွားရော။ တွေ့ရတာ ဝမ်းသာပါတယ်လို့ပဲ အယ်နာဘလ်လည်း ပြန်ပြောရင်း သူထွက်သွားတဲ့ဘက်ကို ကြည့်နေမိတယ်။ အဲဒီလူက သူ့လက်ထဲကဟာတွေကို အမှိုက်ပုံးထဲထည့်နေတာကို ကြည့်နေရင်း မိန်းမတွေရဲ့ ထိန်းသိမ်းရမလွယ်တဲ့ စပ်စုချင်စိတ်ဟာ အယ်နာဘလ်ဆီ ခုန်ပျံပြီး ဝင်လာတော့တယ်။ ဒီလူဟာ ဒီအနားမှာ အလုပ်လုပ်တဲ့ လူပဲဖြစ်မယ်။ ပြတိုက်ရဲ့ ညာဘက်ထဲကို အတော်ကလေးသွားရင် စတော့(ခ) အရောင်းအဝယ်လုပ်တဲ့ နေရာရှိတယ်။ ဘယ်ဘက်ဆီမှာတော့ ရှေ့နေတွေရဲ့ ရုံးခန်းတွေရှိတယ်။ ဒီလူက သပ်သပ်ရပ်ရပ်တော့ ဝတ်တယ်။ စတော့(ခ) အရောင်းအဝယ်လုပ်တဲ့လူတွေလို၊ ရှေ့နေတွေလိုတော့ လေမများဘူး။ ဟိုလူတွေက ခုလိုစကားကလေး တစ်ခွန်း နှစ်ခွန်း စ,လိုက်တာနဲ့ သူတို့အလုပ်ကတ်ပြားတွေ ထုတ်ပေးတော့တာပဲ။ အကြွားသံကလေးတွေနဲ့ လေထွားတော့တာပဲ။ ဒီလူကတော့ လိုအပ်သလောက်ပဲပြောတယ်။ အဲဒီလောက်ပဲ ပြောဖို့ကို လေ့ကျင့်ပျိုးထောင်ထားတဲ့လူဖြစ်မယ်။ ဘယ်ကလဲမသိဘူးလို့ တွေးလိုက်မိတော့လည်း သိချင်လာမိတယ်။

အယ်နာဘလ်လည်း စီးကရက်ကို မီးသတ်ပြီး ထိုင်ရာက ထ၊ စီးကရက်ကို အမှိုက်ပုံးထဲထည့်ပြီး ဟိုလူ့နောက်က လျှောက်လိုက်သွားမိတယ်။ ဟိုလူက အတော်ကလေး လှမ်း


www.burmeseclassic.com

www.burmeseclassic.com

နေပေတဲ့ နေ့ခင်းနှစ်နာရီလောက်ရဲ့ နေရောင်အောက်မှာ ထင်ထင်လင်းလင်းကြီး မြင်နေရသေးတယ်။ လူတွေ၊ ကားတွေလည်း ရှင်းတဲ့အချိန်။ နောက်ဆုံးတော့ အဲဒီလူက လမ်းဖြတ်ကူးပြီး ပြတိုက်ဘက် သွားနေတာ။ အယ်နာဘာလ်က လမ်းမကူးသေးဘဲ ရပ်ကြည့်နေမိတယ်။ ဟုတ်တယ်။ အဲဒီလူက ပြတိုက်ရဲ့ ဝင်းထဲကို ဝင်သွားတာ။ ပြတိုက်ရဲ့ရှေ့မှာက လှေကားထစ်တွေ၊ အထစ်သုံးဆယ်လောက်ရှိမယ်။ အဲဒီလှေကားထစ် အထစ်သုံးဆယ်လောက်ကို တက်သွားမှ ပြတိုက်ဝင်ပေါက်ကို ရောက်မယ်။ အဲဒီလူက လှေကားထစ်တွေကို မတက်ဘဲ ဘယ်ဘက်ကို ထွက်သွားတယ်။ ပြတိုက်ရဲ့ ဘယ်ဘက်က စည်းရိုးနဲ့ ပြတိုက်ကြားမှာ လူသွားလမ်းရှိတယ်။ ညာဘက်မှာတော့ ပြတိုက်ရဲ့ နောက်ဘက်ကို ကုန်တင်ကုန်ချလုပ်ဖို့အတွက် ကားဝင်လမ်းရှိတယ်။ ရှေ့ကနေကြည့်ရင်တော့ အနောက်ဘက်ကို အသေအချာ မမြင်ရဘူး။ လမ်းဖြတ်ကူးပြီးတော့ အယ်နာဘာလ်စိတ်ထဲမှာ အဲဒီလူဟာ နောက်ဘက်ထဲသွားတယ်ဆိုရအောင် နောက်ဘက်မှာက ခုလိုသပ်သပ်ရပ်ရပ်ဝတ်တဲ့လူတွေအလုပ်မှ မဟုတ်ဘဲ။ အလုပ်ကိစ္စနဲ့လာတဲ့ပုံမျိုးလည်း မရှိဘူး။ ဒီတော့လည်း ပြတိုက်ဆီတက်တဲ့ လှေကားထစ်တွေပေါ် မတက်သေးဘဲ ပြတိုက်ရဲ့ ဘယ်ဘက်ကို ဆက်လျှောက်လာလိုက်တယ်။ ပြတိုက်ဘေးရဲ့လမ်းက ဟိုးအနောက်ဘက်ထဲအထိ မြင်ရတယ်။ ဒါပေတဲ့ အဲဒီလူကို အရိပ်အယောင်မျှ မတွေ့ရဘူး။ မဟုတ်သေးပါဘူး။ ငါ့မျက်စိအောက်မှာပါ။ ငါ တွေ့နေရတာပဲ။ အယ်နာဘာလ်ရဲ့ ခေါင်းထဲက တွေးကြည့်နိုင်တဲ့ အတိုင်းအတာ နယ်ကုန်သွားပေတဲ့ အဖြေမပေါ်ဘူး။ ဒါပေတဲ့ ပြန်လှည့်ပြီး လှေကားထစ်တွေဆီသွားမယ့်အလုပ်မှာ လှေကားထစ်တွေရဲ့ အောက်က အုတ်နံရံမှာ တံခါးတစ်ပေါက် တွေ့တယ်။ လူဝင်လူထွက်လုပ်တဲ့ တံခါးမျိုး။ သေချာအောင် အနားကိုသွားကြည့်မိတယ်။ တံခါးက သူတို့ရုံးတွေမှာလိုပဲ လုံခြုံရေးကတ်နဲ့ ဝင်ရတဲ့ တံခါးမျိုး။ သူ ဒီမှာအလုပ်လုပ်တာ ဆယ်နှစ်ကျော်ပြီ။ ပြပွဲလုပ်မယ်ဆိုရင် ပြခန်းတွေခင်းကျင်းဖို့ စီမံရတဲ့လူတစ်ယောက် ဖြစ်နေတာကို ခုနစ်နှစ်ကျော်နေပြီ။ ဒီနေရာကိုလည်း မကြည့်မိဘူး။ ဒီမှာ တံခါးတစ်ပေါက်ရှိမှန်းလည်း မသိဘူး။ ဟိုလူကတော့ဖြင့် ပြတိုက်အောက်ထပ် တစ်ထပ်ထပ်မှာလုပ်တဲ့လူပဲ နေမှာပါလို့ စိတ်ကိုဖြေချလိုက်ရင်း အယ်နာဘာလ်လည်း လှေကားထစ်တွေနင်းပြီး အပေါ်ကို တက်လာခဲ့မိတော့တယ်။

ပြတိုက်ရဲ့ ပထမထပ်ထောင့်တစ်နေရာက အမှုထမ်းများသာဆိုတဲ့ အပေါက်ဆီလာခဲ့တယ်။ အဲဒီနားမှာ လုံခြုံရေးကလူတွေရဲ့ အခန်းရှိတယ်။ အခန်းထဲဝင်လိုက်တာနဲ့ လုံခြုံရေးကအကြီးဆုံး ဂျယ်ရီနဲ့တွေ့တာနဲ့ မစ်ကလယ်မွန်၊ ဘာကိစ္စများရှိသလဲလို့မေးရင်း ထိုင်ရာက ထ,လာတယ်။ ဂျယ်ရီကစစ်ပြန်။ နောက်ဆုံးနာမည်ကို ရှေ့က မစ္စတာ၊ မစ်၊ မစ္စစ်ဆိုတာတွေ တပ်ပြီး ခေါ်လေ့ရှိတယ်။ ဂျယ်ရီ။ မင်း ဒီကိုအလုပ်ဝင်တုန်းက ဒီအဆောက်အဦရဲ့ ရှေ့က လှေကားထစ်တွေအောက်မှာ လူဝင်လူထွက်လုပ်တဲ့တံခါး ရှိသလားလို့မေးတော့ ရှိပါတယ်လို့ ဖြေတယ်။ အဲဒီတံခါးပေါက်က ဘယ်ကိုသွားသလဲလို့မေးတော့ ခုတော့ ကျွန်တော်မသိဘူး။ အရင်ကတော့ ပြန်ပို့ရမယ့် ပစ္စည်းတွေ ယာယီထားတဲ့နေရာပါတဲ့။ အယ်နာဘာလ် စိတ်ထဲမှာတော့ အတော့်ကို ဘဝင်မကျဖြစ်မိတယ်။ ဒါနဲ့ပဲ ထပ်မေးမိပြန်တယ်။ ခုတော့ မသိသေးဘူးဆိုတာက ဘာဖြစ်လို့လဲ။ ဒီအဆောက်အဦကြီးတစ်ခုလုံးရဲ့ လုံခြုံရေးဟာ မင်းလက်ထဲမှာဆိုရင် မင်းသိဖို့ မကောင်းဘူးလားလို့ မေးတော့ ဂျယ်ရီက ခုတော့ ကျွန်တော် မသိဘူးလို့ ပြောရတာက လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဒီက အကြီးဆုံးပုဂ္ဂိုလ်က ကျွန်တော့်ကို ခေါ်ပြီး အဲဒီတံခါးရဲ့ သော့တူမှန်သမျှ တောင်းတယ်။ နောက်ပြီး အဲဒီတံခါးဟာ မင်း လက်အောက်မှာ မဟုတ်တော့ဘူး။ မင်းဘာမှ ပူနေစရာမလိုတော့ဘူးလို့ပြောတယ်။ ကျွန်တော်က ဘာဖြစ်လို့လဲလို့ မေးတော့ သူက မင်းသိစရာမလိုဘူးတဲ့။ ဒီတော့လည်း ကျွန်တော် သိအောင် မကြိုးစားတော့ဘူး။ ကျွန်တော် သိစရာမလိုတာတစ်ခုကို သိအောင် ကြိုးစားနေလို့လည်း ဘာထူးမှာမို့လဲလို့ ဇာတ်စုံခင်းပြတယ်။ နောက်တော့ ဂျယ်ရီက အကြံပေးတယ်။ သုတေသနဌာနကအကြီးဆုံး ဆူးနဲ့ မသိဘူးလား။ သူတို့သုတေသနဌာနက မြေအောက်ထဲမှာ တစ်သက်လုံးပဲ။ သူများသိမလား မသိဘူးလို့ပြောတယ်။ ကျေးဇူးပဲလို့ ပြောပြီး အယ်နာဘာလ်လည်း ပြန်ထွက်လာခဲ့ပြီး သူ့အခန်းရောက်မှ ဖုန်းဆက်မေးမယ်လို့ တေးထားလိုက်တယ်။

သူ့အခန်းပြန်ရောက်တော့ ဖြေရှင်းစရာကိစ္စတွေ [illegible]ပဲ။ ပြပွဲလုပ်မယ့်အခန်းအတွက် ဒီဇိုင်းထုတ်ထားတာ[illegible]တွေကအစ အပြင်ဘက်ကို ဘယ်လိုပြင်ဆင်မယ်ဆိုတာ[illegible]အကြံပေးမယ့်

> သူ့အခန်းအပြင်ဘက်က နေစောင်းစ,ပြုနေတဲ့ မိုးကောင်းကင်ကို ကြည့်ရင်း နင်လာတဲ့ကိစ္စကို ပြောစမ်းပါဦးလို့ ပြောတယ်။ ပြောပြီး ညှော့ခံစားပွဲပေါ်မှာ တင်ထားတဲ့ ဝီစကီတစ်လုံးနဲ့ ဖန်ခွက် နှစ်ခွက်ကို ယူလာပြီး နင့်ကို ဝီစကီတစ်ခွက်လောက်တော့ တိုက်စမ်းပါရစေလို့ ပြောတယ်။ ကျေးဇူးတင်လို့ တိုက်တယ် ဆိုရင်တော့လည်း မငြင်းပါဘူးလို့ ပြန်ပြောလိုက်ပေတဲ့လည်း အယ်နာဘာလ် တစ်ယောက် သောက်ချင်နေတာတော့ အမှန်ပဲ



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်တွေရောက်နေတယ်။ နောက်နေ့တွေမှာတော့ တရုတ်နဲ့ အာရှတိုက်မြောက်ပိုင်းက သံတမန်ဆိုင်ရာတွေ လာကြည့်ဖို့တို့၊ မြို့တော်ဝန်၊ ပါလီမန်အမတ် စတဲ့ အမျိုးအမည်သတ်မှတ်မရနိုင်တဲ့ လူတွေ လာကြည့်ဖို့ စီစဉ်ရပြန်တယ်။ ပြပွဲကျမှလာကြပါလားလို့တော့ ပြောလိုက်ချင်ပေတဲ့ အယ်နာဘလ် မပြောရဲဘူး။ မနက်တိုင်းလိုလို သူ့အခန်းက အစည်းအဝေးခန်းထဲမှာ အချိန်ကုန်တယ်။ မြစ်ဘက်ကို လမ်းလျှောက်ဖို့ ဆိုတာက ဝေလာဝေး။ စီးကရက် သိပ် သောက်ချင်လာရင် ပြတိုက်ကြီးရဲ့ အမိုးပေါ်ခဏတက်ပြီး တစ်ဖွာ နှစ်ဖွာ ဖွာရတယ်။ နေ့စဉ်နေ့တိုင်း သူ့စိတ်ထဲမှာ ပေါ်လာနေတာကတော့ မြစ်စပ်က တန်းလျားမှာ တွေ့ခဲ့တဲ့ လူတစ်ယောက်နဲ့ ပြတိုက်လှေကားအောက်က တံခါးတစ်ပေါက်ပဲ။ အချိန်ရတုန်း ဆူးကို မေးတယ်။ ငါ မသိဘူးဟဲ့။ လွန်ခဲ့တဲ့ သုံးနှစ်နီးပါးလောက်က ငါတို့ အဲဒီအထပ်ကနေ အောက်ထပ်ကို ရွှေ့ရတယ်။ အဲဒီအထပ်ရဲ့ သုံးပုံနှစ်ပုံဆိုသလားပဲ ကာလိုက်ကြတယ်။ အထဲကနေကြည့်ရင်တော့လည်း မသိသာဘူး။ မန်နေဂျာ ဂျွန်ကို မေးတော့ သူလည်း အသေအချာ မသိဘူးလို့ပဲဖြေတယ်။ ဒီသေနာကောင်က ငပျင်းပဲ။ မသိရလေ ကောင်းလေဆိုတဲ့ အကောင်မျိုးလို့ပဲ ဆူးက ဖြေတယ်။ တစ်နေ့တော့ အဆောက်အဦ အင်ဂျင်နီယာဌာနက အင်ဂျင်နီယာချုပ်နဲ့ သူ့လက်ထောက်က အယ်နာဘလ်ကို လာတွေ့တယ်။ ပြခန်းလုပ်နေတာကို လာပြီးကူတဲ့သဘောပဲ။ အယ်နာဘလ်လည်း သူသိချင်တာကို ညဏ်နီညဏ်နက်ဆင်ပြီး မေးရတော့တယ်။ ပြတိုက်ရဲ့အဝင် လှေကားထစ်တွေအထက်ကဟာက ပြတိုက်ရဲ့ မြေညီထပ်ဆိုပေတဲ့ တကယ်တမ်းမှာတော့ မြေအောက်ထပ်တွေပါထည့်တွက်ရင် လေးထပ်မြောက်လား၊ သုံးထပ်ပဲလား။ ခု ပြပွဲလုပ်မယ့် တတိယထပ်ဆိုတာက တကယ်တော့ အဆောက်အဦရဲ့ ခြောက်ထပ်မြောက် မဟုတ်ဘူးလားဆိုပြီး ပြဿနာကို မရှုပ်ရှုပ်အောင် လုပ်မေးတယ်။ လှည့်ပတ်မေးတာပဲ။

အဆောက်အဦရဲ့ အင်ဂျင်နီယာချုပ်က မိန်းမ။ အင်ဂျင်နီယာမဆိုလို့ ဝွက်ထော် မဟုတ်ဘူး။ သူ့အရပ်နဲ့ သူ့ရုပ်ရည်နဲ့ အတော့်ကို ကြည့်ကောင်းနေတဲ့မိန်းမမျိုး။ ရှင်းပြနေတာတစ်လုံးချင်း၊ တစ်ပိုဒ်ချင်း။ ဇွဲစပ်ပုံရတယ်။ သူ့ကိုကြည့်နေရင်း ဒီလောက်ကြည့်လို့ကောင်းတဲ့ မိန်းမတစ်ယောက်ဟာ ဘာဖြစ်လို့များ ဦးထုပ်မာဆောင်း၊ ဟိုတက်ဒီတက်လုပ်ရတဲ့ အဆောက်အဦအင်ဂျင်နီယာ လုပ်ချင်ရပါလိမ့်။ မိန်းမဆိုတာ လှတာတော့ကြိုက်မှာ။ ငါသာ သူ့လိုဆို ဒီအလုပ်လုပ်မလားဆိုတဲ့ အတွေးက အယ်နာဘလ်ခေါင်းထဲ မဆီမဆိုင်ဝင်လာပြန်တယ်။ သူသိချင်တဲ့ တံခါးအကြောင်းတောင် ပျောက်သွားတော့မလိုပဲ။ နောက်ဆုံးတော့ အင်ဂျင်နီယာချုပ်မက အထပ်တိုင်းရဲ့ ကြမ်းပြင်အခင်းအကျင်းကို ပြမယ်လို့ပြောတယ်။ တကယ်တော့ အယ်နာဘလ် သိချင်တာ အဲဒါပဲ။ အင်ဂျင်နီယာချုပ်မရဲ့ လက်ထောက်အမျိုးသမီးက သူ့လက်ပ်တော့မှာပါတဲ့ အနုပညာ ပြတိုက် အဆောက်အဦ ကြမ်းပြင်အခင်းအကျင်းတွေကို တစ်ထပ်စီပြတယ်။ မြေအောက်ရဲ့ တတိယအထပ်ရောက်တော့ ကြမ်းပြင်မှာ အရောင်နှစ်ခုခွဲထားတယ်။ အယ်နာဘလ် သိချင်တဲ့အပိုင်း။ ဒီတော့လည်း ဒါက ဘာဖြစ်လို့ နှစ်ပိုင်းဖြစ်နေရတာလဲလို့ မေးလိုက်တယ်။ အင်ဂျင်နီယာမက ထိုင်ခုံနောက်ကျောကို မှီလိုက်ရင်း လွန်ခဲ့တဲ့ သုံးနှစ်လောက်က နှစ်ပိုင်းတားထားလိုက်လို့,လို့ ဖြေတယ်။ ဘာလို့လဲလို့ အယ်နာဘလ်က ထပ်မေးတော့ သူကပြုံးတယ်။ အသေအချာတော့ မသိဘူး။ အဲဒီတုန်းက ဒီက အကြီးဆုံးလူနဲ့ ဘယ်ကမှန်းမသိတဲ့ လူသုံးယောက်ကို အဲဒီနေရာတွေ လိုက်ပြရတယ်။ သူတို့ သုံးယောက်က အဲဒီနေရာကို သုံးချင်တယ်လို့ပြောတော့ သုံးပေါ့။ ဒီက အကြီးဆုံးလူ သဘောတူရင်ပြီးတာပဲ။ အဲဒီနောက် ကျွန်မတို့ အစည်းအဝေး နှစ်ခါထိုင်ပြီး သူတို့လိုချင်တာပြောလို့ ကျွန်မလုပ်ပေးလိုက်တယ်။ မြေအောက်ရဲ့ အပေါ်ဆုံးထပ်၊ တတိယအထပ်ကို ပိုင်းပေးလိုက်တယ်။ အဲဒီအထဲက ဝိုင်ယာကြိုးတွေ၊ ရေဝင်ရေထွက်လမ်းတွေ၊ ပိုက်တွေ ပြောင်းပေးရတယ်။ နံရံမှာ အသံမကြားရအောင်၊ ရောင်ချည်နဲ့ ထိုးဖောက်မကြည့်နိုင်အောင် သတ္တုပြားတွေ ကြားညှပ်ပေးရတယ်။ သူတို့လိုချင်တဲ့ အတိုင်းအတာအတိုင်း အဲဒီတံခါးကို ဖောက်ပေးလိုက်ရတယ်။ အဲဒီကနေ အဝင်အထွက်လုပ်ကြတယ်။ ကျန်တာတွေတော့ သူတို့ဆီကလူတွေ လာလုပ်ကြတာပဲ။ ဘယ်သူတွေ ဘယ်အချိန်မှာ ဝင်တယ်၊ ထွက်တယ်၊ ဘာလုပ်ကြတယ်၊ ဘာဘာ ညာညာတွေတော့ မသိဘူး။ ကျွန်မသိသရွေ့ကတော့ ဒါပဲလို့ ပြောပြီး ဘာလို့မေးတာလဲလို့ ဆက်မေးတယ်။ ဘာရယ်မဟုတ်ပါဘူး။ ကြမ်းပြင်ပုံစံပေါ်မှာ ပိုင်းထားတာတွေ့ရလို့ပါလို့ အယ်နာဘလ်က အသာဖြေပြီးပြောလိုက်တော့ အင်ဂျင်နီယာချုပ်မက ပန်းနုရောင်ဖျော့ဖျော့ဆိုးထားတဲ့ သူ့နှုတ်ခမ်းနှစ်ခုကို စေ့ပြီး ပြုံးတယ်။ သူပြုံးပုံကတော့ ငါ့ကို ဒီလိုတော့ မဖြီးနဲ့ဆိုတဲ့ အပြုံးမျိုး။ အခန်းထဲကမထွက်ခင် အင်ဂျင်နီယာချုပ်မက သူ့ကို စကားတစ်ခွန်းပြောတယ်။ ဖန်တီးမှုတိုင်းဟာ မူလအနေအထားကို ဖုန်းကွယ်ဖို့ချည်းပဲတဲ့။ ပြောပြီး အင်ဂျင်နီယာ စကားတော့ မဟုတ်ဘူး၊ လကန့် ပြောတဲ့စကားလို့ ပြောရင်း ပြုံးပြန်တယ်။ ဘယ်သူကပြောပြော လှတဲ့မိန်းမတစ်ယောက်ဆီက ကြားရတဲ့ ပညာသားပါပါစကားဆိုလေတော့ ပိုပြီးတော့တောင် တန်ဖိုးတက်သွားလေသလားပဲလို့ အယ်နာဘလ် ထင်လိုက်မိတယ်။

အယ်နာဘလ်ကတော့ အလုပ်တွေရှုပ်နေတဲ့ကြားက မြစ်ဘက်ကို လမ်းလျှောက်ထွက်လိုက်သေးတယ်။ သူလျှောက်နေကျအချိန်မျိုး မဟုတ်ဘူး။ ဟိုလူနဲ့ တွေ့မလားရယ်လို့ နေ့ခင်းနှစ်နာရီလောက်မှာ သွားတာ။ မတွေ့ဘူး။ တစ်ခါတလေ ပြတိုက်ရဲ့ လှေကားဘယ်ဘက်မှာ သွားပြီးရပ်နေရင်း ပြတိုက်ကိုကြည့်သလိုလိုနဲ့ လှေကားအောက်က တံခါးကိုစောင့်ကြည့်နေမိတယ်။ ပြပွဲဖွင့်ဖို့ တစ်ပတ်လောက်အလိုမှာ တတိယထပ်



www.burmeseclassic.com

www.burmeseclassic.com

လည်း ပြဖို့ အသင့်ဖြစ်နေပြီ။ သံတမန်တချို့နဲ့ အရေးပါတဲ့ လူကြီးတချို့က အခင်းအကျင်းကို လာကြည့်တယ်။ ပြင်သစ်သံဝဲဝဲနဲ့ အင်္ဂလိပ်လိုပြောတဲ့ တရုတ်ယဉ်ကျေးမှုကောင်စစ်ဝန်ကတော့ အပြန်မှာ ပြတိုက်ရဲ့ လှေကားထစ်တွေကိုကြည့်ရင်း ပြင်တိုက်အဝင် လှေကားထစ်တွေကိုတော့ ခင်ဗျားတစ်ခုခုလုပ်မှာမဟုတ်လားလို့ ပြောတာနဲ့ လုပ်မှာပါ၊ ဘယ်မှာ ဒီအတိုင်းထားပါ့မလဲလို့ အယ်နာဘလ်လည်း ချော်လဲရောထိုင်လုပ်လိုက်ရတယ်။ တကယ်တော့ သူ့စိတ်ကူးတွေထဲမှာတော့ လှေကားအပိုင်းမပါဘူး။ ဧည့်သည်တွေပြန်သွားတာနဲ့ အယ်နာဘလ်တို့အစည်းအဝေးခန်းထဲမှာ သူ့လက်ထောက်တွေနဲ့ ခေါင်းချင်းဆိုင်ကြရတော့တယ်။ သူ့အဖွဲ့သားတစ်ယောက်ကပေးတဲ့ အကြံတစ်ခုကတော့ လှေကားလက်တန်းတွေမှာ ပန်းနွယ်ပန်းချုံတွေတင်ပြီး ဝါးပင်ကလေးတွေကို လှေကားတစ်လျှောက်စိုက်ထားဖို့၊ လှေကားတစ်ခုလုံးကို ကော်ဇောနီခင်းထားဖို့ပဲ။ ဒီအကြံပေါ်မှာ အယ်နာဘလ်က ဉာဏ်နီဉာဏ်နက်ဆင်ပြီး ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်ကို တံခါးကိစ္စမေးဖို့ အကြံရသွားတယ်။ အစ်ထုတ်ရမှာပဲ။ သူ့ခေါင်းထဲမှာ ပြပွဲအတွက် ဘယ်လောက်အလုပ်ရှုပ်ရှုပ် လှေကားထစ်တွေရဲ့အောက် ဘယ်ဘက်နံရံက တံခါးတစ်ပေါက်ဟာ ဝင်ပြီး ခိုးလိုးခုလုခံနေတယ်။ တစ်ခါတလေ အိပ်မပျော်ဘူး။ ဘာဖြစ်လို့ ဒီတံခါးတစ်ပေါက်ကို သူ့စိတ်ထဲမှာ စွဲနေတယ်ဆိုတာ သူကိုယ်တိုင်လည်း တွေးကြည့်လို့မရဘူး။ မြစ်စပ်မှာ ဟိုလူနဲ့သာ မတွေ့ခဲ့ရင် ဒီတံခါးပေါက်ကို သူတွေ့မှာ မဟုတ်ဘူး။ ဒီတံခါးပေါက်အကြောင်း သိရပါပြီတဲ့၊ သူ့မှာ ဘာအကျိုးများထူးမှာတဲ့လဲ။ ဒီအဖြေကိုလည်း သူမသိဘူး။ ဒါပေတဲ့ သိချင်တာတော့အမှန်။ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်ကို အရေးကြီးလို့ တစ်နာရီအတွင်း သူလာတွေ့မယ့်အကြောင်း သူ့လက်ထောက်ကို ဖုန်းဆက်ခိုင်းလိုက်ပြီး သူ့လူတွေကိုလည်း ပုံကြမ်း ထုတ်ခိုင်းလိုက်တယ်။

ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်နဲ့တွေ့တော့ အယ်နာဘလ်ကို ချီးကျူးခန်းနဲ့ စ,တော့တာပဲ။ လာကြည့်သွားတဲ့သူတွေက လက်ရှိအခြေအနေမှာတောင် တော်တော်သဘောကျနေကြလို့တဲ့။ သူ့အခန်းအပြင်ဘက်က နေစောင်းစ,ပြုနေတဲ့ မိုးကောင်းကင်ကိုကြည့်ရင်း နင်လာတဲ့ကိစ္စကို ပြောစမ်းပါဦးလို့ ပြောတယ်။ ပြောပြီး ဧည့်ခံစားပွဲပေါ်မှာတင်ထားတဲ့ ဝီစကီတစ်လုံးနဲ့ ဖန်ခွက်နှစ်ခွက်ကို ယူလာပြီး နင့်ကို ဝီစကီတစ်ခွက်လောက်တော့ တိုက်စမ်းပါရစေလို့ ပြောတယ်။ ကျေးဇူးတင်လို့ တိုက်တယ်ဆိုရင်တော့လည်း မငြင်းပါဘူးလို့ ပြန်ပြောလိုက်ပေတဲ့လည်း အယ်နာဘလ်တစ်ယောက် သောက်ချင်နေတာတော့ အမှန်ပဲ။ ဒီလူကြီးသောက်ရင် နှစ်အစိတ်ထက်မနည်းတဲ့ ဝီစကီမျိုး။ တစ်ငုံလောက်သောက်ပြီးတာနဲ့ အကျိုးအကြောင်း ရှင်းပြလိုက်တယ်။ လှေကားနဲ့ လှေကားနံရံကို ဘယ်လိုလုပ်မယ်ဆိုတာ ပြောပြတယ်။ တံခါးပေါက်ကိစ္စ မပါသေးဘူး။ ဒီမယ်၊ နင့်လက်ထဲမှာ အကုန်ထည့်ပြီးသား။ ငွေရေးကြေးရေးလည်း မပူနဲ့။ ပြပွဲပြီးလို့ သဘောကျကြတယ်ဆိုရင် အဲဒီဘက်တွေက ပိုက်ဆံတွေ လှိမ့်ဝင်လာဦးမှာ။ အလယ်ကောင်က ကော်ဇောအနီ၊ ဘေးနှစ်ဖက်က နွယ်ပင်တွေ၊ ပန်းနွယ်တွေ။ သိပ်ကောင်းပေါ့။ အနီနဲ့ အစိမ်း။ လုံးလုံးကြီးကွာခြားနေတဲ့ အရောင်နှစ်ခု။ ပြတိုက်ရဲ့အကြီးဆုံးပုဂ္ဂိုလ်ကတော့ သူ့ဘာသာပြောရင်း ကျေနပ်နေတယ်။ လှေကားပေါ်က လှိမ့်တက်လာမယ့် ပိုက်ဆံတွေကိုလည်း မြင်နေပုံပဲ။ ပြဿနာတစ်ခုက ရှိနေတယ်လို့ အယ်နာဘလ်က စကားစ,လိုက်တယ်။ တံခါးတစ်ပေါက်ပဲလို့ ဆက်ပြောလိုက်ပြန်တယ်။ ဘယ်ကလဲလို့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က မေးတယ်။ လှေကားရဲ့ ဘယ်ဘက်အောက်က အုတ်ရိုးမှာရှိနေတဲ့ တံခါးတစ်ပေါက်ကိစ္စပဲ။ သတိထားမိသလားလို့မေးလိုက်တော့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်မျက်လုံးပြူးသွားတယ်။ ဘာဖြစ်လို့လဲဟဲ့လို့ ပြန်မေးတယ်။ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်ကို ကြည့်နေရင်း ငါတော့ အထက်စီးရနေပြီလို့ အယ်နာဘလ်စိတ်ထဲမှာ သိလာတယ်။ တစ်ရစ်ချင်းတင်းနေရုံပဲလို့စိတ်ကူးရလာတယ်။

ဒီလိုလို့ စကားခံလိုက်ရင်း အယ်နာဘလ်က ရှင်းပြတယ်။ လာကြမယ့် ဂုဏ်သရေရှိလူကြီးမင်းတွေရဲ့ကားတွေဟာ ပြတိုက်ရဲ့ဘယ်ဘက်ခြမ်းမှာ ရပ်ကြမှာပဲ။ ရပ်ပြီး ကားပေါ်က ဆင်း၊ ပြတိုက်ဘက်လျှောက်လာရင် ဒီတံခါးကိုတွေ့ကြမှာပဲ။ ဒီတံခါးဟာ ဘယ်အတွက်ပဲသုံးသုံး သူတို့မြင်မှာကတော့ မျက်စိထဲ စနောင့်စနင်းဖြစ်နေစရာပဲ။ မြင်လာတော့ မေးကြမယ်။ ဒီ့ပြင် ကျွန်မလုပ်ထားမယ့် နွယ်ပင်တွေ၊ ပန်းပင်တွေအကြားမှာ အနုပညာသဘောအရ ခလောက်ဆန်နေမှာပဲလို့ ပြောပြီး ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်ကို ဝီစကီခွက်မြှောက်ပြပြီး ချီးယား(စ)လုပ်လိုက်တယ်။ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ် ခမျာ ခေါင်းရှုပ်သွားတဲ့အကြားက ချီးယား(စ)ပြန်လုပ်ပေတဲ့ ဘာ

> ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က သူ့ကို အဲဒီလူနဲ့ မိတ်ဆက် ပေးတယ်။ မိတ်ဆက်ပေးတယ်ဆိုပေတဲ့ ဒီလူဟာ ဘယ်သူပါ ဆိုတာပဲ။ အဲဒီလူကလည်း ကျွန်တော်ကတော့ ဘယ်သူပါ ဆိုပြီး သူ့နာမည်ပဲ ပြောတယ် ဘယ်ကဆိုတာ မပါဘူး။ ဘာကတ်ပြား မှ ထုတ်မပေးဘူး အယ်နာဘလ်က သူ့အတွေ့ အကြုံတွေအရ ချက်ချင်း သိလိုက်မိတာကတော့ ဒီလူဟာ ကတ်ပြားထုတ်ပေးပြီး မိတ်ဆက်ဖို့မလိုတဲ့ အဆင့်ကလူပဲ ဖြစ်မယ်ဆိုတာပဲ



www.burmeseclassic.com

www.burmeseclassic.com

လုပ်လို့လုပ်မိလိုက်တယ်ဆိုတာ သိပုံမရဘူး။ အယ်နာဘလ်က ဆက်ပြောပြန်တယ်။ ကျွန်မလူတွေနဲ့ အဘက်ဘက်က စဉ်းစားကြည့်ပြီးတော့ အဖြေတစ်ခုရတယ်။ အဲဒီတံခါးကို အပြင်ဘက်ကနေ ပျဉ်ပြားတွေနဲ့ပိတ်လိုက်ပြီး နံရံနဲ့ တစ်ရောင်တည်းဖြစ်အောင် ဆေးသုတ်လိုက်ဖို့ပဲ။ ပြတိုက်ရဲ့ အကြီးဆုံး ပုဂ္ဂိုလ်ခမျာ တုန်လှုပ်သွားတယ်။ သူကိုင်ထားတဲ့ ဝီစကီခွက်ထဲက အရည်တွေဟာ လှိုင်းထ,သွားတယ်။ အယ်နာဘလ်...၊ အယ်နာဘလ်...၊ အယ်နာဘလ်...လို့ အကြိမ်ကြိမ်ခေါ်လိုက်ရင်း နေပါဦးဟဲ့၊ တခြား နည်းလမ်းများ မရှိတော့ဘူးလားလို့ မေးတယ်။ တစ်ခုတော့ ရှိတယ်။ အဲဒီတံခါးက ဘယ်သွားဖို့ ဘာလုပ်ဖို့ထားတယ်ဆိုတာတွေ သိရရင် ကျွန်မဘက်က တစ်မျိုး စဉ်းစားပေးနိုင်တယ်လို့ ပြန်ဖြေလိုက်တယ်။ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က သူ့လက်ထဲက ဝီစကီခွက်ကို စားပွဲပေါ်ချထားလိုက်ပြီး ထိုင်ရာက ထ,လိုက်တယ်။ နေဝင်တာကြည့်ပြီး ဝီစကီသောက်မယ်ဆိုတဲ့ စိတ်ကူးကို ခဏ ဆိုင်းထားလိုက်ပုံရတယ်။ လက်နှစ်ချောင်းနောက်ပစ်ပြီး အပြင်ဘက်ကိုကြည့်နေတယ်။ အယ်နာဘလ်ကတော့ ဝီစကီကို အရသာခံသောက်နေတယ်။ ထပ်ကျပ်ထားတဲ့ တစ်ရစ်က အလုပ်ဖြစ်သွားတာကိုး။ နေပါဦး၊ အဲဒီတံခါးကို ဘာအတွက် သုံးတာလဲ။ အောက်ထပ်က ပစ္စည်းထိန်းတဲ့ဌာန၊ သုတေသန ဌာနပဲရှိတာ မဟုတ်လားလို့ အယ်နာဘလ်က မေးလိုက်ပြန်တယ်။ သူ စုံစမ်းမေးမြန်းလို့ သိထားရတဲ့အပိုင်းတွေကိုတော့ ထုတ်မပြောဘူး။

ငါတို့လူတွေ မဟုတ်ဘူး။ အစိုးရရဲ့လူတွေပဲလို့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က ပြန်ဖြေတယ်။ အစိုးရလူတွေဆို ဒါက ပြတိုက်ပဲ၊ အစိုးရရုံးမှ မဟုတ်တာ။ အစိုးရအဆောက်အဦတွေ အများကြီးရှိနေသားပဲလို့ အယ်နာဘလ်က တစ်ရစ်ထပ်ရစ်လိုက်ပြန်တယ်။ ပြတိုက်ဆိုပေတဲ့လည်း အစိုးရနဲ့ လုံးဝကင်းလို့မှ မရသေးဘဲလို့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က ပြောရင်း သူ့နေရာမှာ ပြန်ထိုင်တယ်။ ဒီလိုလုပ်လို့ စကားစ,လိုက်ပြီး သူ့အစီအစဉ်ကို ပြောတယ်။ မနက်ဖြန် အဲဒီက တာဝန်ရှိတဲ့လူကို ငါခေါ်ထားတယ်။ သူနဲ့ ပြောဆိုကြည့်ရင်ကောင်းမယ်။ ပြောလို့ဆိုလို့လည်း ကောင်းပါတယ်။ အစိုးရလူတွေဆိုပေတဲ့ ဗြူရိုကရက်တွေ၊ တက်နိုကရက်တွေ မဟုတ်ဘူးလို့ ပြောတယ်။ ဒီလိုဖြင့် ဘာတွေလဲလို့ ထပ်မေးတော့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်ခမျာ ဘာပြောရမှန်းမသိဘူး။ ဒီလိုဖြင့် ကျွန်မသွားမယ်။ မနက်ဖြန် သူရောက်လာတာနဲ့ ကျွန်မ လာခဲ့မယ်။ မီးသမားတွေ မနက်ဖြန် အပြီးသတ်ကြမှာ။ မီးစမ်းကြမယ်။ ကျွန်မ ဒီအဆောက်အဦရဲ့ တစ်နေရာရာမှာ ရှိနေမှာပဲ။ ဘာကြီးဖြစ်ဖြစ် အဆုံးအဖြတ်က ကျွန်မ အဆုံးအဖြတ်။ သူ့ဘက်က သဘောမတူရင် မတတ်နိုင်ဘူးလို့ ပြောပြီး အယ်နာဘလ် ထိုင်ရာက ထ,မယ်လို့လုပ်ရင်း ဝီစကီလက်ကျန်ကလေးကို မော့လိုက်တယ်။ ဝီစကီအတွက် ကျေးဇူးပဲလို့ ထပ်ပြောတော့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က တစ်ဝက်သာသာ ကျန်နေသေးတဲ့ ဝီစကီပုလင်းကို သူ့ကိုလှမ်းပေးတယ်။ နင့်ကို ငါလာဘ်ထိုးတာတော့ မဟုတ်ဘူး။ ဒါပေတဲ့ မနက်ဖြန်ကျရင် ပြေလည်အောင်တော့လုပ်ဟာလို့ တောင်းပန်တဲ့လေသံနဲ့ ပြောတယ်။ ကျေးဇူးပဲလို့ ပြောပြီး မနက်ဖြန် သောက်ဖို့ထားရမယ်လို့ ပြောရင်း အခန်းထဲက ထွက်လာတယ်။ ဒီတံခါးတစ်ပေါက်ဟာ ဘာဖြစ်လို့ သူ့စိတ်ထဲမှာ ခိုးလိုးခုလုဖြစ်နေရတယ်ဆိုတာ တော့လည်း ခုထိ သူနားမလည်နိုင်ဘူး။

နောက်နေ့ မနက်မှာတော့ ခုနစ်နာရီထိုးလောက်ကတည်းက အလုပ်စ,ကြတယ်။ သူ့ရဲ့ အစည်းအဝေးခန်းထဲမှာ သူ့လက်ထောက်အစုံအလင်နဲ့၊ နံရံပေါ်က စမတ်တီဗွီအကြီးကြီးတွေနဲ့၊ သူတို့ လက်ပ်တော့ကိုယ်စီသုံးရင်း ဆွေးနွေးကြ၊ ငြင်းကြ။ စားပွဲပေါ်မှာတော့ ကော်ဖီခွက်တွေ၊ စားလက်စ မနက်စာဘူးတွေ၊ အထုပ်တွေ။ အချိန်ကို သတိမထားမိလိုက်ကြဘူး။ ကိုးနာရီသာသာမှာတော့ စည်းဝေးခန်းထဲကို သူ့အတွင်းရေးမှူး ဝင်လာတယ်။ ဝင်လာတာနဲ့ ပါးစပ်က ဘာမျှမပြောဘဲ မျက်နှာကြက်ဆီကို ခေါင်းမော့ပြတယ်။ အယ်နာဘလ်လည်း ထိုင်ရာကထ,ရင်း ငါ အပေါ်သွားမယ်။ ပြန်လာရင် ပြီးနိုင်သလောက်ပြီးတာ မြင်ချင်တယ်လို့ ပြောပြီး သူ့အတွင်းရေးမှူး ယူလာတဲ့ ကုတ်အင်္ကျီကို ယူဝတ်လိုက်တယ်။ သူဝတ်ထားတဲ့ ဘောင်းဘီနဲ့ ဆင်တူအရောင်။ နောက်တော့ ပခုံးပေါ်ဝဲနေတဲ့ သူ့ဆံပင်တွေကို လက်နဲ့သိမ်းလိုက်ရင်း သူ့အတွင်းရေးမှူး လှမ်းပေးလိုက်တဲ့ ဆံပင်သိမ်းတဲ့ကလစ်နဲ့ ဆံပင်ကို ခေါင်းနောက်ဘက်မှာ တင်ပြီး ညှပ်ထားလိုက်တယ်။ ပြတင်းပေါက်က မှန်ပေါ်မှာ ရောင်ပြန်ဟပ်နေတဲ့ သူ့ရုပ်ကို သူကြည့်လိုက်တုန်း သူလုပ်နေသမျှကို ကြည့်နေတဲ့ သူ့လက်ထောက်တစ်သိုက်က လက်ခုပ်ဝိုင်းတီးကြတယ်။ သူ့အတွင်းရေးမှူးကပါ လက်ခုပ်ဝိုင်းတီးတယ်။ အယ်နာဘလ်ကတော့ ဘာမျှပြန်မပြောဘဲ အခန်းထဲက ထွက်ခါနီးမှာ နင်တို့လုပ်စရာရှိတာတွေ ပြီးအောင်လုပ်ကြလို့ ပြောပြီး အခန်းထဲက ထွက်သွားရော။ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်အခန်းထဲ ဝင်လိုက်တာနဲ့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်နဲ့ ထိုင်စကားပြောနေတဲ့လူက မတ်တတ်ထ,လိုက်ကြတယ်။ ယဉ်ကျေးတဲ့ တိုင်းကြီးပြည်ကြီးသားတွေပဲကိုး။ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က သူ့ကို အဲဒီလူနဲ့ မိတ်ဆက်ပေးတယ်။ မိတ်ဆက်ပေးတယ်ဆိုပေတဲ့ ဒီလူဟာ ဘယ်သူပါဆိုတာပဲ။ အဲဒီလူကလည်း ကျွန်တော်ကတော့ ဘယ်သူပါဆိုပြီး သူ့နာမည်ပဲ ပြောတယ်။ ဘယ်ကဆိုတာ မပါဘူး။ ဘာကတ်ပြားမှ ထုတ်မပေးဘူး။ အယ်နာဘလ်က သူ့အတွေ့အကြုံတွေအရ ချက်ချင်းသိလိုက်မိတာကတော့ ဒီလူဟာ ကတ်ပြားထုတ်ပေးပြီး မိတ်ဆက်ဖို့မလိုတဲ့ အဆင့်ကလူပဲဖြစ်မယ်ဆိုတာပဲ။ စီးပွားရေးသမား၊ ကုန်သည်၊ ရှေ့နေဆိုတာမျိုး တွေမဟုတ်ဘူး။ နှစ်ယောက်စလုံးက အယ်နာဘလ် ရှိတာကိုစောင့်ပြီးမှ သူတို့ထိုင်ခုံမှာ ဝင်ထိုင်ကြတယ်။ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်ကပဲ ပြောတယ်။ ငါတို့အားလုံးလည်း အလုပ်



www.burmeseclassic.com

www.burmeseclassic.com

များနေကြတော့ လိုရင်းပဲ ပြောကြရအောင်လို့ပြောရင်း သူတို့ဆွေးနွေးပွဲကို စ,လိုက်တယ်။

တံခါးပေါက်နဲ့ပတ်သက်လို့ အဆုံးအဖြတ်ပေးနိုင်တယ်ဆိုတဲ့လူက မေးတယ်။ ခင်ဗျားက အဲဒီတံခါးကို ယာယီပိတ်ချင်တယ်ဆိုတာ ဟုတ်သလားတဲ့။ အယ်နာဘလ်က အကြောင်းစုံရှင်းပြတယ်။ ရှင်းပြပြီးတော့ ဒီတံခါးကို သုံးတဲ့လူရှိသလား၊ ဘယ်သူတွေသုံးသလဲ၊ ဘာ့အတွက်သုံးသလဲဆိုတာသိရင် တစ်မျိုးတစ်မည် စဉ်းစားပေးလို့ရမယ်လို့ ပြောတော့ အဲဒီလူက သုံးတဲ့လူတွေရှိပါတယ်။ ဘယ်သူတွေလဲ၊ ဘယ်တော့သုံးတယ်၊ ဘာ့အတွက်သုံးတယ်ဆိုတာကိုတော့ ကျွန်တော် ရှင်းမပြနိုင်ပါဘူးလို့ ဖြေတယ်။ မနေ့ညနေဆီက ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်ကို ရစ်ထားခဲ့တဲ့ အယ်နာဘလ်ရဲ့ အရစ်တွေထဲက တစ်ရစ် စပြီးလျော့သွားသလိုပဲ။ ကျွန်မစိတ်ကူးထားတာကတော့ အဲဒီတံခါးကိုပိတ်ပြီး နောက်ဘက်မှာ အပေါက်တစ်ပေါက်ဖောက်ပေးမလားရယ်လို့ပဲ။ ခုနေဆို အချိန်ရှိသေးတယ်လို့ သူတွေးထားတာကို ပြောပြလိုက်တယ်။ အဲဒီလူက မဖြစ်နိုင်ဘူးလို့ ပြောလို့ ဘာဖြစ်လို့လဲလို့ မေးလိုက်တယ်။ မစ်အင်နီဆိုဖီလကောကို မေးကြည့်ရင် ခင်ဗျား ပိုပြီးသဘောပေါက်နိုင်ပါတယ်။ အဲဒီအထပ်ကို ပိုင်းလိုက်တော့ နံရံတွေမှာ သတ္တုပြားတွေ ကြားညှပ်ထားတယ်။ ခုက စပြီးဖြိုရင်တောင် နှစ်ပတ်လောက်ကြာမယ်လို့ အဲဒီလူက ရှင်းပြတယ်။ အင်ဂျင်နီယာချုပ်မ ပြောတာကို အယ်နာဘလ် သတိရလိုက်မိတယ်။ အင်ဂျင်နီယာချုပ်မ,ကိုတောင် နာမည်အပြည့်ခေါ်ပြီး သွန်းတယ်ဆိုကတည်းက ဒီလူဟာစကားကို ပေါ့ပေါ့တန်တန် ပြောမှာ မဟုတ်ဘူးဆိုတာ အင်နာဘလ် ရိပ်မိသွားတယ်။ ဒီလိုဖြင့် နောက်ဆုံးအနေနဲ့ ကျွန်မလုပ်မယ်ရယ်လို့ စဉ်းစားထားတာကတော့ တံခါးကို မမြင်ရအောင် ဝါးပင်တွေနဲ့ ကွယ်ထားဖို့ပဲ။ အိုးနဲ့စိုက်ထားတဲ့ ဝါးပင်အတော်များများကို ငှားပြီး အဲဒီရှေ့မှာ ဝါးတောလုပ်ထားလိုက်မယ်။ တစ်ခုပဲ၊ ရှင်တို့ ဝင်တဲ့ထွက်တဲ့အခါ ဝါးတောကိုပတ်ပြီးဝင်ရတော့ လေးငါးလှမ်းလောက် ပိုလျှောက်ရမှာပဲလို့ ပြောပြလိုက်တယ်။ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်နဲ့ အဲဒီလူက အတော့်ကိုသဘောကျသွားကြတယ်။ ကျုပ်ပြောတယ်မဟုတ်လား၊ အယ်နာဘလ်ခေါင်းထဲမှာ တစ်ခုမဟုတ်ရင် တစ်ခုရယ်လို့ ထွက်ဆထားတာတွေ အများကြီးလို့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်က ပြောတယ်။

အယ်နာဘလ်အတွက်ကတော့ မနေ့က ရစ်ပြီး တင်းထားခဲ့တာတွေကုန်ပြီ။ သူပြောလိုက်တဲ့အစီအစဉ်ကိုမှ သဘောမတူကြရင်လည်း သူ့ခေါင်းထဲမှာတော့ ဘာမျှမရှိတော့ဘူး။ ဒါပေမဲ့ ဒီလူတွေ ပြတိုက်အောက်ကို ဘာလို့ပြောင်းလာတယ်ဆိုတာ သူနားမလည်နိုင်ဘူး။ ကျွန်မကို တစ်ခုလောက် မေးခွင့်ပေးပါ။ မဖြေနိုင်ရင်လည်း မဖြေပါနဲ့လို့ အဲဒီလူရဲ့ မျက်နှာကိုကြည့်ပြီး ပြောလိုက်တယ်။ အဲဒီလူကတော့ ခင်ဗျားမေးမယ်ဆိုတာ သိပြီးသားဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်နေရင်း ခေါင်းညိတ်ပြတယ်။ ဘာဖြစ်လို့ ပြတိုက်ဝင်းထဲ၊ ပြတိုက်အောက်ထဲကို ပြောင်းလာတာလဲလို့ မေးလိုက်တယ်။ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်ကတည်းက ကျွန်တော်တို့လို အလုပ်မျိုးတွေကို ခွဲထုတ်လိုက်ပါတယ်။ ကျွန်တော်တို့က အချက်အလက်တွေကို စိစစ်တဲ့လူတွေပါ။ တချို့ကလည်း မော်တော်ကားထုတ်လုပ်တဲ့ စက်ရုံရဲ့ တစ်နေရာကို၊ တချို့ကလည်း ဆေးရုံဝင်းထဲကို စသဖြင့်ပါပဲ။ ကျွန်တော်တို့ တကယ်လုပ်နေတာကို လှည့်ဖြားတဲ့သဘောပါ။ မော်တော်ကားစက်ရုံဝင်းထဲမှာ အလုပ်လုပ်တဲ့လူတိုင်းဟာ မော်တော်ကားထုတ်လုပ်တာနဲ့ဆိုင်တဲ့ အလုပ်သမားတွေလို့ မြင်ကြရင် ကျွန်တော်တို့ လုပ်ရကိုင်ရတာ ပိုလွယ်ပါတယ်။ ခင်ဗျားတို့ ပြတိုက်မှာ ပြထားတဲ့ ပန်းချီကားတစ်ချပ်ကို လာကြည့်တဲ့လူတွေအနေနဲ့ ပန်းချီကားနောက်ကကင်းဘတ်စကိုမမြင်ဘဲ ဆွဲထားတဲ့ ဆေးရောင်တွေကိုပဲ မြင်ကြသလိုလို့ ပြောရမှာ။ ကနေ့ ကာလကြီးတစ်ခုလုံးကိုက လှည့်ဖြားမှု အခြေခံနဲ့ ရပ်တည်နေတာပဲ မဟုတ်လားလို့ အဲဒီလူက ရှင်းပြတယ်။ ရှင်းပြတာကို သဘောပေါက်ပါတယ်နဲ့ အယ်နာဘလ်က ခေါင်းကိုဖြည်းဖြည်းချင်း ညိတ်ပြတယ်။ သူ့အတွက်တော့ တံခါးရဲ့ နောက်ကွယ်ကအကြောင်းကို အကြမ်းဖျင်းသိလိုက်ရတော့ တံခါးအကြောင်းကို သိပ်စဉ်းစားစရာမလိုတော့ဘူး။ ဒီလိုဖြင့် ကိစ္စတွေရှင်းပြီ။ ကျွန်တော်လည်း သွားလိုက်ဦးမယ်လို့ပြောပြီး အဲဒီလူက ထိုင်ရာကထ,တယ်။ အယ်နာဘလ်လည်း ကျွန်မလည်း သွားလိုက်ဦးမှလို့ပြောပြီး အပြန်အလှန်လက်ဆွဲနှုတ်ဆက်ကြတယ်။ ပြီးတော့ ပြတိုက်ရဲ့ အကြီးဆုံးပုဂ္ဂိုလ်အခန်းထဲကထွက်ပြီး ဓာတ်လှေကားရှိရာကို သွားကြတယ်။

ဓာတ်လှေကားစောင့်နေရင်း အယ်နာဘလ်က သူ့ခေါင်းပေါ်က ကလစ်ကိုဖြုတ်ပြီး ဆံပင်ကို ခါချလိုက်တယ်။ အဲဒီလူကတော့ သူ့ကို တစ်ချက်လှည့်ကြည့်ပေမဲ့ ဘာမျှမပြောဘူး။ ဓာတ်လှေကားက တတိယအထပ်မှာ ရပ်တော့ အယ်နာဘလ်က ဓာတ်လှေကားထဲက ထွက်မယ်လုပ်တယ်။ အဲဒီလူက ဂွတ်ဘိုင်လို့ ပြောတော့ ဘာလို့မှန်းတော့ မသိဘူး။ အယ်နာဘလ်က ဂွတ်ဘိုင်လို့ ပြန်မပြောဘဲ စီးယူလို့ ပြောလိုက်မိတယ်။ ဓာတ်လှေကား တံခါး မပိတ်ခင်ကလေးမှာ အဲဒီလူက အတွင်းထဲက အယ်နာဘလ်ကို လှမ်းပြောတယ်။ ခုနကလို ဆံပင်တင်ထားတာက ခင်ဗျား မျက်နှာနဲ့ ပိုလိုက်တယ်တဲ့။ အယ်နာဘလ်က ဘာမျှ မပြောလိုက်ရသေးခင် ဓာတ်လှေကား တံခါးပိတ်သွားရော။ ဓာတ်လှေကား ရှေ့မှာ ရပ်ရင်း အယ်နာဘလ် ပြုံးနေမိတယ်။ ဘာကို သဘောကျလိုက်မိမှန်းတော့ မသိဘူး။ နောက်တော့ အခန်းဘက်ဆီ ဖြည်းဖြည်းချင်း လျှောက်လာလိုက်မိတယ်။ ခုနေတော့ တံခါးတစ်ခုရဲ့ ကိစ္စက သိပ်အရေးမကြီးတော့ဘူး။ သူ့ဆံပင်ကို တင်ထားရမလား၊ ချရမလားဆိုတာက ပိုပြီးစဉ်းစားကြည့်စရာ။ သဘာဝအတိုင်း သူ့ဘာသာကျနေတဲ့ ဆံပင်ကို အပေါ်တင်လိုက်တာကိုက လှည့်ဖြားမှုတစ်မျိုးများလား။ ■ မြင့်သန်း

www.burmeseclassic.com

*စာမျက်နှာ(၁၁၁)မှ...*

မှာမှမဟုတ်တာ။ ငါတို့ပရိသတ်ပဲ ရှိတာလေ'

'ကိုကုလား၊ ရှင် တော်တော် လျှာရှည်ပါလား။ ကျွန်မရွာက လူတွေနဲ့ ဧည့်ခံတစ်ရက်လေ။ အဲဒီနေ့ကို ရွာမှာလုပ်တဲ့ပုံစံအတိုင်း ထမင်းကျွေးမယ်၊ ကိုယ့်လူတွေချည်းပဲ။ နောက်တစ်နေ့မှ မင်္ဂလာအခမ်းအနား ဘိသိက်မြှောက်မယ်၊ ဘာလုပ်မယ်။ ဒါလုပ်ဖို့ ဒီမဏ္ဍပ်ကြီးထိုးထားတာပေါ့'

သတို့သမီးလေး မြစမ်းကြည်လည်း ရွာမှာ နေဖူးခဲ့တာမဟုတ်တော့ ဘာမှနားမလည်၊ အမေ ဘာတွေလုပ်နေသလဲဆိုတာ။ သတို့သားဖြစ်မယ့် ကောင်လေးကလည်း မမြစန်း လက်ဝေခံလိုဖြစ်နေတော့ မမြစန်း သေဆိုသေ၊ ရှင်ဆိုရှင်။ ဦးကုလားတစ်ယောက်ပဲ ရေးတေးတေး ခံစားနားလည်မိသလို ခေါင်းတညိတ်ညိတ် လုပ်နေလေရဲ့။

မမြစန်းတို့ အကွက်ချထားတဲ့အတိုင်း ရွာက ဧည့်သည်တွေ ကားတစ်စီးတိုက် အပြည့် ရောက်လာကြတယ်။ ရန်ကုန်အနှံ့ ဘုရားဖူးလိုက်ပို့မယ်ဆိုတဲ့ အစီအစဉ်ကပါသေး။ ရွေးချယ်လာတဲ့ လူတွေကို ကြည့်ခြင်းအားဖြင့် မမြစန်း ခံပက်ချင်တဲ့ လူတွေ၊ ရွာလုံးကျွတ် မောင်းခတ်မယ့် လူတွေဆိုတာ ဦးကုလား နားလည်လိုက်တယ်။ မမြစန်း စီစဉ်ထားတဲ့ မဏ္ဍပ်နဲ့အပြည့်ပဲ။ သတို့သမီးလေးက ရှက်ရှက်နဲ့ လက်ဖက်ရည်ဆိုင်အတွင်းထဲ အောင်းနေပေမဲ့ မမြစန်းတို့ကတော့ ပြင်ကာဆင်ကာ အမျိုးတွေကြား တလွှားလွှား။ ဒီကြားထဲ အင်္ကျီချွတ်ကြီးနဲ့ ဦးကုလားကို တွဲတွဲပြီး ပွဲထုတ်သေးတယ်။

ဧည့်ခံနေ့ဆိုတဲ့ ဝလေ့က မမြစန်းတို့ ကျေးရွာတွေဘက်မှာပဲ ရှိတယ်။ မင်္ဂလာဆောင်ရင် နှစ်ရက်လုပ်ရတာပေါ့။ သတို့သားက သတို့သားအိမ်မှာ ကိုယ့်မိတ်၊ ကိုယ့်ဧည့်ပရိသတ်နဲ့ တစ်ရက်လုပ်တယ်။ ရတဲ့လက်ဖွဲ့၊ ငွေကြေး၊ လက်ဆောင်ပစ္စည်းက သတို့သားဘက်နဲ့ပဲ ဆိုင်တယ်။ အဲ နောက်နေ့မနက်ရောက်မှ သတို့သားအိမ်ကနေ ဧည့်ပရိသတ် အပြည့်အမောက်နဲ့ သတို့သမီးအိမ်ကို ချီတက်ကြ၊ တစ်ရွာနဲ့တစ်ရွာဆိုတော့လည်း လှည်းနဲ့ပေါ့။ သတို့သမီးအိမ်မှာ မင်္ဂလာအခမ်းအနားပြင်ထားတယ်။ ခန်းဝင်ပစ္စည်း အပြည့်အစုံနဲ့။ အဲဒီကျမှ ဘိသိက်မြှောက်တာတို့ ဘာတို့လုပ်။ သူ့ဧည့်သည် ကိုယ့်ဧည့်သည်ကိုဧည့်ခံ။

'မြစန်းတို့လုပ်ပုံက မဟုတ်ဘူးနော်။ သတို့သမီးနဲ့ မင်္ဂလာဝတ်စုံရောင် ဆင်တူတာ ငါမပြောလိုဘူး။ ဘယ့်နှယ်အေ အင်္ကျီပုံကအစ ဆင်တူလုပ်ထားရတယ်လို့'

'ရန်ကုန်မှာက ဒီလိုလားမှ မသိတာအေ'

'ဟုတ်ပါဘူး။ ခေါင်းလောင်းလက်ပွက ကျုပ်တို့အပျိုတုန်းက ခေတ်စားတာ၊ ဇာနားလေးတပ်ပြီးတော့။ ဟိုတုန်းကတော့ ဒီလိုဇာအကောင်းစားကြီးတော့ မဟုတ်ဘူးပေါ့အေ'

ဧည့်ခံနေ့ကတည်းက မမြစန်းတို့ အပြုံးမျက်နှာများ နေရာတကာ မော်ကြွားနေတာပဲ။ သူ့ရွာက ပရိသတ်ကြားမှာ ဒိုင်ခံဧည့်ခံပေးတာ မမြစန်း။ ဦးကုလားကြီးလည်း အငြိမ်မနေရဘူး။ လက်မောင်းကြီးအတင်းချိတ်ပြီးသွားလေရာ တတန်းလန်းလန်း။ သူ့သမီးလေးက သူ့ယောကျ်ား သတို့သားလေးနဲ့ ဘယ်သူ့ကို ပြုံးပြရမှန်းမသိ။ ရွာကလာတဲ့ ဧည့်သည်တွေနဲ့မှ တရင်းတနှီးမရှိတာ။ မင်္ဂလာဧည့်ခံပွဲတစ်ခုလုံးက မမြစန်းဩဇာအောက်မှာဆိုတော့ ဘယ်သူမှ မျက်နှာမပျက်ရဲကြဘူး။ စိတ်ကူးအိပ်မက်တွေကို တစ်ကွက်ချင်း စေးစေးပိုင်ပိုင်၊ မြိန်ရေရှက်ရေ က,ပြအသုံးတော်ခံနေတာ မမြစန်း။

'သတို့သမီးက ဘယ်ဟာလဲ။ ဟိုကလေးမလေးက သတို့သမီးမဟုတ်လား။ လိုက်ပြီးဧည့်ခံနေတာက သတို့သမီးအမေဖြစ်နေတယ်'

'အဲဒါ သူတို့သမီးအမေလေ။ သူက သတို့သမီးကျနေတာပဲ။ အေးလေ။ ဒီပတ်ဝန်းကျင်မှာက သူ့ပဲသိ၊ သူ့ပဲရင်းနှီးတာဆိုတော့ အဟင်းဟင်း။ သူတို့လင်မယား မင်္ဂလာဆောင်နေသလား မှတ်ရတယ်'

မင်္ဂလာလက်ထပ်ပွဲနေ့မှာလည်း မမြစန်းပဲ အသင်းအုပ်ချုပ်သူ၊ မမြစန်းပဲ နည်းပြ၊ မမြစန်းပဲ အသင်းခေါင်းဆောင်ပုံစံမျိုးနဲ့ ပွဲကို စိတ်ကြိုက် ခြယ်မှုန်းသွားပါတယ်။ သမီးလေး မင်္ဂလာပွဲကို ဘိသိက်မြှောက်တဲ့လူတွေ ဘာတွေ ထည့်ပေးထားတယ်။ ရွာက ဘိသိက်ဆရာဟောင်းကြီးကို ကြိုက်ကြေးပေးပြီး ခေါ်လာတာ။ မင်္ဂလာဘိသိက်မြှောက်၊ မင်္ဂလာ ဩဘာစာတွေ ဖတ်နေချိန်မှာ မမြစန်းက သမီးလေးမျက်နှာကြည့်ပြီး ပြုံးပြုံးကြီးနဲ့ပေါ့။ နှစ်ဖက်မိဘတွေကိုကန်တော့၊ ကန်တော့ပေါ့။ ဦးကုလားကြီးလည်း တိုက်ပုံနဲ့ခေါင်းပေါင်း မချွတ်ရသေးဘူး၊ အိုက်လှပြီ။ မမြစန်းမျက်နှာ ကြည့်ကာကြည့် ကာနဲ့။ ပြီးတာနဲ့ မိသားစုဓာတ်ပုံရိုက်ရင်း မင်္ဂလာဘိသိက်သွန်းတဲ့ သတို့သား သတို့သမီးနေရာမှာ ဓာတ်ပုံတွေ အထပ်ထပ်ရိုက်ခိုင်းတော့တာပဲ၊ သူနဲ့ ဦးကုလားတို့ စုံတွဲကို။ အံ့မယ်၊ မမြစန်းမျက်နှာပေးက အသက်လေးဆယ်ကျော်မှ ရှက်ပြုံး ပြုံးနေသလား လို့၊ တော်တော်နဲ့ မထတော့ဘူး။

ကိုယ့်ဘက်က အမျိုးတွေပဲ အတင်းတုတ်ကြတော့တာပဲ။ မမြစန်း အပျိုဘဝက သူမသာကိုယ်မသာ ပေါင်းခဲ့ကြတာတွေလေ။ ဒါမျိုးတွေနဲ့ မမြစန်းကို မှိုချိုးမျှစ်ချိုး ဆက်ဆံခဲ့သူတွေ၊ အထင်သေး အမြင်သေး အမျိုးတွေချည်းပဲ ရွေးဖိတ်လာတာဆိုတော့ ပြောချင်တာပြောလေ။ မမြစန်းရဲ့အပြုံးအပျော် ကြည်နူးမှုတွေက ကြည့်ရုံနဲ့ အရသာရှိနေမှန်း သိသာတယ်။

'ငါ သဘောပေါက်ပြီအေ့။ ဒီကောင်မ အိမ်ထောင်သာ ကျသွားတာ မင်္ဂလာ မဆောင်ခဲ့ရဘူးလေ'


■

**အဲလိုထုး**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အသံရှည်ကြီးဖြင့် ရင်ကွဲသလို နင့်နင့်နဲနဲ
အော်မြည်လိုက်သော ဥသြဆွဲသံကို
ကြားလိုက်သည်နှင့်တစ်ပြိုင်နက်
လှုပ်ရှားမှုများအားလုံးသည်
ရုတ်တရက် ရပ်တန့်သွားလေသည်။
နှစ်စဉ်နှစ်တိုင်း သည်နေ့သည်ရက်တွင်
ကျွန်တော်တို့သည် အထက-၄ ၌ စုဝေးကြသည်။

အမေဘယ်လိုသိပ်သိပ် မောင်အိပ်မှပျော်ပါမယ်

# မောင်ရင့်မာ | [illegible]

အမှတ် ၃၄၅၊ ဩဂုတ်၊ ၂၀၁၈

ရုပ်စုံမဂ္ဂဇင်း

## အက်ဆေးအကြောင်း အက်ဆေး

ကမ်းနားပန်းခြံသို့ စီတန်းလမ်းလျှောက်ကြသည်။
ခပ်ဆတ်ဆတ်၊ ခပ်မာမာ ကြိမ်းမောင်းသလို
ပြောနေသော မိန့်ခွန်းတွေကို မြတ်မြတ်နိုးနိုး
နားဆင်ကြသည်။ အလေးပြုခြင်း
အခမ်းအနားလုပ်သည်။ ထို့နောက်
ကမ်းနားပန်းခြံမှနေ၍ မြေနုလမ်းအတိုင်းလမ်း
လျှောက်ပြန်သည်။ ပုသိမ်ထောင်ကြီးအလွန်
ပြည်တော်သာ တိုက်တန်းရှေ့သို့ ရောက်သည့်အခါတိုင်း
ဆွဲဆွဲငင်ငင် အော်မြည်လိုက်သော ဥသြသံကြီးကို
ကြားရစမြဲဖြစ်သည်။ ထိုအခါ လမ်းပေါ်၌
ဥဒဟိုသွားနေသော စက်ဘီး၊ ဆိုက်ကားများသည်
ခလုတ်နှိပ်လိုက်သကဲ့သို့ တန့်ခနဲ ရပ်သွား
ကြစမြဲဖြစ်သည်။ ထီးဆောင်းလာသူတို့သည်
ထီးများကို ပိတ်လိုက်ကြသည်။ ဦးထုပ်
ဆောင်းလာသူတို့သည် သူတို့၏ ဦးထုပ်တွေကို
ချွတ်လိုက်ကြသည်။ ကိုယ်ယောင်ဖျောက်နေသော
မိုးရေစက်တွေ တဖွားဖွားလွင့်ဝဲကျလာသည်။
လူတိုင်းလူတိုင်းတို့၏ မျက်နှာပေါ်သို့ မိုးရေစက်တွေ
တဖောက်ဖောက် ထိမှန်ပေါက်ကွဲသည်ကို
ကျေနပ်ကြည်ဖြူစွာ ခံယူနေကြသည်။ ဥသြဆွဲသံကြီး
ရပ်တန့်သွားသည်အထိပဲဖြစ်သည်။
ဥသြသံ ရပ်သွားသောအခါ ဒေါ်မေလှမြိုင်၏
တေးဆိုသံ တနင့်တပိုးကြီး ပေါ်ထွက်လာသည်။
*နှစ်လတာရှည်××× အခါရာသီရွှေပေမဲ့×××*



www.burmeseclassic.com

www.burmeseclassic.com

*အာဇာနည်နေ့ကိုဖြင့်××× မမေ့သင့်ပါ သလေ*'

သည်အခါကျမှ ငြိမ်သက်ရပ်တန့်နေသောလူတို့သည် ပြန်လည်အသက်ဝင်လာသလို လှုပ်ရှားလာကြသည်။ ထီးတွေပြန်ဖွင့်၊ ဦးထုပ်တွေပြန်ဆောင်း၊ စက်ဘီးဆိုက်ကားတွေ ပြန်ရွေ့လျား။ မည်သူကမျှ အမိန့်ပေးစေခိုင်းထားသည်မဟုတ်။ မည်သူကမျှ သွေးဆောင်သိမ်းသွင်းထားသည် မဟုတ်။ ရင်ထဲအသည်းထဲက ချစ်မြတ်နိုးစိတ်ဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပြီးတော့ ဒါက ယဉ်ကျေးမှုဖြစ်သည်။ ဒါက အရိုအသေပြုမှုဖြစ်သည်။

ဆယ်စုနှစ်များသည် ကျွန်တော်တို့ရှေ့၌ တရွေ့ရွေ့ဖြတ်သန်းသွားခဲ့သည်။ သည်နေ့၊ သည်ရက်၊ သည်အချိန်တွင် ကြားနေကျ ကြေကွဲဖွယ်ဥဩသံကို မကြားရ၊ အလွမ်းများဖြင့် နင့်သီးနေသော ဒေါ်မေလှမြိုင်၏ လွမ်းဆွတ်တသသံကို မကြားရ။ ထိုကဲ့သို့သော မယဉ်ကျေးမဖွယ်ရာသည့် ကျေးဇူးမဲ့နှစ်ကာလများသည် တော်တော်လေး ကြာမြင့်ခဲ့သည်။

မချစ်ရဘူး၊ မလွမ်းရဘူး၊ မအောက်မေ့ရ၊ မတမ်းတရဘူး။ ကျွန်တော်တို့သည် နှစ်ကာလများစွာ ရင်ထဲအသည်းထဲ စွဲနှစ်ခဲ့ရသော အမည်နာမတစ်ခုကို မျိုသိပ်ထားခဲ့ရသည်။ ကျွန်တော်တို့ မချစ် မနှစ်သက်သော သူတို့၏ အမည်နာမကို နားမဆံ့အောင် ကြားနေရသော်လည်း ကျွန်တော်တို့ချစ်သော၊ မြတ်နိုးလေးစားသော သူတို့၏ အမည်နာမကို ထုတ်ဖော်ပြောဆိုဖို့ရာ အခွင့်မရဖြစ်ခဲ့သည်။ အဟန့်အတား၊ အကန့်အသတ်ရှိခဲ့သည်။ ပြောရလျှင် ဂဠုန်ဦးစော၏ အမည်နာမကို အများဆိုင်ရာ စာမျက်နှာပေါ်မှာ ရေးချင်သလောက် ရေးခွင့်ရှိသော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမကို ရေးဖို့ရာ အတားအဆီးရှိခဲ့သည်။ အကန့်အသတ်ရှိခဲ့သည်။ မည်သည့်အကြောင်းကြောင့်ဟူ၍ သေသေချာချာမသိရဘဲ

> နှစ်ကာလများစွာ
> ရင်ထဲအသည်းထဲ
> စွဲနှစ်ခဲ့ရသော
> အမည်နာမတစ်ခုကို
> မျိုသိပ်ထားခဲ့ရသည်
> ကျွန်တော်တို့
> မချစ်မနှစ်သက်သော
> သူတို့၏
> အမည်နာမကို
> နားမဆံ့အောင်
> ကြားနေရသော်လည်း
> ကျွန်တော်တို့ချစ်သော
> မြတ်နိုးလေးစားသော
> သူတို့၏အမည်နာမကို
> ထုတ်ဖော်ပြောဆိုဖို့ရာ
> အခွင့်မရဖြစ်ခဲ့သည်

အနက်အဓိပ္ပာယ်ကင်းမဲ့လျက်ရှိသော ခေတ်ကာလတစ်ခုကို ဖြတ်သန်းရသည်။လူတစ်ယောက်၏ အမည်နာမကို ပင် ပြည့်ပြည့်စုံစုံ ခေါ်ရကောင်းသည်ဟု မသိတတ်သော၊ ယဉ်ကျေးမှုမရှိသော လူရမ်းကားတို့၏ အနိုင်အထက်ပြုခြင်းကို ခံခဲ့ရသည်။

တော်တော်ဆိုးရွားပါသည်။ ကျွန်တော်တို့ ချစ်မြတ်နိုးရသည့် အမျိုးသားခေါင်းဆောင်၏ အမည်နာမကို ဖျောက်ဖျက်ဖို့ ကြိုးပမ်းခဲ့သော လူတစ်စုသည် ရယ်သွမ်းစဖွယ် အမိန့်တွေကို မရှက်မကြောက် ချမှတ်ခဲ့သည်။ 'မောင်ခွေးဖို့ ကဗျာဆရာကြီး'ကို မချစ်ရဟု ဆိုသည်။ ဖန်မီးအိမ်ကို မလွမ်းရဟု ဆိုသည်။ ဒုဋ္ဌဝတီကို မတမ်းတရဟု ဆိုသည်။ ပြောရလျှင် ပုံပြင်ဖြစ်မည်။ ထိုသို့ မသိသားဆိုးရွားသည့် ကာလတစ်ခုသည် အမှန်တကယ် ရှည်လျားကြာမြင့်ခဲ့သည်။ သို့သော် ထိုသူတို့၏ ရည်ရွယ်ရင်း အချက်များ မအောင်မြင်ခဲ့ရှာပါ။

လူကိုသာမက လူ၏စိတ်ခံစားမှုကိုပါ အကျဉ်းချ၍ ထိန်းချုပ်စေစားဖို့ ပြုလုပ်မှုဟူသမျှသည် အကြီးအကျယ်ရှုံးနိမ့်ခဲ့ရှာသည်။ ကမ္ဘာ့လောက၏ နိယာမများသည် စီးဆင်းမြဲအတိုင်းသာ စီးဆင်း၍ သွေဖည်ခြင်းမရှိခဲ့ပါ။

ကျွန်တော်က လူသည် သူချစ်မြတ်နိုးသည့် မည်သည့်အရာကိုမဆို အပြစ်ကင်းစွာ ချစ်မြတ်နိုးဖို့ရာအတွက် မည်သူ့ဆီကမျှ ခွင့်ပြုချက်တောင်းခံဖို့ မလိုဟု ထင်မြင်ယူဆသူဖြစ်ပါသည်။ လွတ်လပ်စွာ လွမ်းဆွတ်ခွင့်ရှိသည်ဟု ယုံသူဖြစ်ပါသည်။

ထို့အတူ မလွမ်းချင်သူ၊ လွမ်းရကောင်းမှန်းမသိသူကလည်း မလွမ်းဘဲ နေခွင့်ရှိရပါမည်။ လူတစ်ယောက်ကို အတင်းအဓမ္မ ချစ်ခိုင်း၊ လွမ်းခိုင်းဖို့ရာ အခွင့်အရေးမရှိဟု ယုံသူဖြစ်ပါသည်။ မည်သူ့မျှ မချစ်ဘဲ လွမ်းလို့မရပါ။ ချစ်မှ လွမ်းလို့ရပါမည်။

မြင်းကို ရေထဲသို့ ဆွဲခေါ်သွားနိုင်ပါသည်။ ရေကတော့ဖြင့် သူသောက်မှ ဖြစ်ပါမည်။

လူတစ်ယောက်ကို အတင်းအဓမ္မ ချစ်ခိုင်း၍မရပါ။ ကျွန်တော်သည် သတိရခြင်းများကို လူတို့ မည်သို့ခံစားသလဲဟု တွေးကြည့်နေမိပါသည်။

❑

ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်တွင် နှစ်ကာလများစွာ သော့ပိတ်ထားသော အခန်းလေးတစ်ခန်းနှင့် စပ်လျဉ်း၍ ဆရာ မောင်သာချိုက အက်ဆေးတစ်ပုဒ် ရေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သူသည် အခါအားလျော်စွာ ထိုအခန်းကလေးသို့ သွားရောက်၍ ချောင်းမြောင်းကြည့်ရှုနေခဲ့သော တက္ကသိုလ်ကျောင်းသားတစ်ဦး ဖြစ်ခဲ့ပါသည်။

သူသည် ဘဝအချိုးအကွေ့တစ်ခုခု၌ လူတစ်ယောက် နားခိုမှေးစက်ခဲ့ရာ အခန်းကလေးတွေကို စိတ်ဝင်စားတတ်သူဖြစ်ပြီး အခန်းကလေးတွေမှာ ရာဇဝင်ကိုယ်စီရှိသည်ဟု သူက ထင်မြင်ယူဆနေခဲ့ပါသည်။

'ကျွန်တော် မကြာခဏ သွားသွားပြီး ချောင်းကြည့်ခဲ့ဖူးသော အခန်းကလေးတစ်ခန်းမှာ ကံ့ကော်တောက အခန်းကလေး ဖြစ်ပါသည်။ တက္ကသိုလ်ကျောင်းသားဘဝ ရှည်လျားလှသောနှစ်ကာလကို ကျွန်တော် ဖြတ်သန်းသွားနေရစဉ် ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်အပေါ်ထပ်သို့ မကြာခဏ ရောက်ပါသည်'။

အဓိပတိလမ်းမကြီးဘေး၌ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ သထုံ၊ ပဲခူးစသော အမျိုးသားဆောင်တွေရှိလေရာ တစ်ခါတုန်းက တက္ကသိုလ်ကျောင်းသားတစ်ယောက် မကြာခဏသွား၍ ချောင်းမြောင်းကြည့်သော အခန်းမှာ ပဲခူးဆောင်အပေါ်ဆုံးက အခန်းနံပါတ် (၁၁၃) ဖြစ်ပါသည်။

ဆရာ မောင်သာချိုက သူချောင်းမြောင်းကြည့်ရှု၍ တွေ့မြင်ရသောအခန်းကလေးကို သည်လိုဖွဲ့ပါသည်။

'အဓိပတိလမ်းမကြီးဘက်သို့ မျက်နှာမူထားသော ပဲခူးဆောင် အပေါ်ဆုံးသုံးထပ်က အခန်းနံပါတ် (၁၁၃) သည် ကျွန်တော် မကြာခဏ သွားသွားချောင်းကြည့်မိသည့်အခန်း ဖြစ်ပါသည်။ သော့ခလောက်ကလေးက ထာဝရချိတ်လို့။ ကိုအောင်ဆန်းဆိုသည့် တက္ကသိုလ်ကျောင်းသားတစ်ယောက် တစ်ကိုယ်စာ နေထိုင်သွားခဲ့သည့်အခန်းကလေး။ သစ်သား တရုတ်ကုတ်လေးကို အသာဆွဲဟ,ကာ အထဲကို ချောင်းကြည့်လိုက်တော့ လူမနေသည့် အိမ်အိုကြီး တစ်လုံးလို မှုန်မှိုင်းတိတ်ဆိတ်လို့။ လူတစ်ယောက် လဲလျောင်းရာ သစ်သား ခုတင်ကလေးတစ်လုံးက နံရံဘက်ဆီ အတင်းတိုးကပ်ကာ ဖုန်တွေအလူးလူးနဲ့။ စာရေးစားပွဲကလေးရယ်၊ ကုလားထိုင်ကလေး တစ်လုံးရယ်။ သစ်သားခုတင်ကလေး အောက်က ခပ်မှောင်မှောင်အရိပ်အောက်မှာ သံသေတ္တာလေးတစ်လုံး ထင်ပါရဲ့။ နံရံတစ်နေရာမှာ ယောကျ်ားဆောင်း ဖဲထီးတစ်လက်ကို ချိတ်လို့။ အကုန်လုံးဖုန်တွေနဲ့ပါပဲ။ ဘယ်သူ့ကိုမှ နေထိုင်ခွင့်မပေးတော့ဘဲ ထာဝရသော့ချိတ်ပိတ် ခတ်ကာ အမှတ်တရ အမြတ်တနိုး ထိန်းသိမ်းထားခဲ့တဲ့ အခန်းကလေးပဲ မဟုတ်လား'

မြင်ကွင်းက မည်သို့မျှခမ်းနားကြီးကျယ်သည်ဟု မဆိုသာသည့် ဖုန်တက်နေသော ညှိုးရော်ရော် ခြောက်သွေ့သွေ့ အခန်းကလေးတစ်ခန်းမျှသာ ဖြစ်ပါသည်။ သို့သော် သည်အခန်းကလေးသည် တစ်ခါတုန်းကတက္ကသိုလ်ကျောင်းသားလေးတစ်ဦး၊ နောင်အခါပါမောက္ခအထိ တာဝန်ထမ်းခဲ့သော စာရေးဆရာတစ်ဦး၊ မကြာခဏသွား၍သွား၍ ခံစားလွမ်းဆွတ်ခဲ့သော အခန်းကလေးတစ်ခန်းဖြစ်သည်။ ထိုအခန်းကလေးသို့ သူ့လိုပဲ သွား၍သွား၍ ချောင်းမြောင်းကြည့်ခဲ့သော၊ သတိရခြင်းများကို ခံစားနေသော၊ တက္ကသိုလ်ကျောင်းသားတွေ ခေတ်အဆက်ဆက် မည်မျှရှိခဲ့လေသလဲ မသိပါ။

သာမန်အားဖြင့် ညှိုးရော်ခြောက်သွေ့နေသော ဖုန်တက်နေသည့်အခန်းကလေးသည် လူတို့၏အာရုံကို ဆွဲဆောင်နိုင်စရာ စိုးစဉ်းမျှမရှိပါ။ သို့သော် ပဲခူးဆောင်အပေါ်ဆုံးထပ်၊ အခန်းနံပါတ် (၁၁၃)ကတော့ တစ်စုံတစ်ရာ ဆွဲဆောင်မှုရှိနေခဲ့ပါသည်။ ညို့ငင်မှု ရှိနေခဲ့ပါသည်။ အခန်းကလေး၌ အသက်ဝိညာဉ်ရှိနေခဲ့ကြောင်း ဆိုပါသည်။

'တစ်ခါက ဆယ်တန်း၊ ဟိုးအညာဒေသ နတ်မောက်မြို့ကလေးကနေ ဆယ်တန်းအောင်မြင်လေသောအခါ ပညာသင်ဖို့ သည်အင်းလျားကန်ဘေးက၊ သည်တက္ကသိုလ်ကျောင်းတိုက်ကြီးထဲ ဝင်ရောက်လာခဲ့ကာ သည်ပဲခူးကျောင်းဆောင် အပေါ်ဆုံးထပ် အခန်းနံပါတ်(၁၁၃)ထဲ သူ့အထုပ်အပိုးကလေးတွေ ပစ်ချ၍ ခရီးတစ်ထောက် နားခိုသွားခဲ့ဖူးလေသတဲ့။ သည်အခန်းထဲမှာ သူစာဖတ်ခဲ့၊ သည်အခန်းထဲမှာ ကျောင်းသားအရေးကို သူဆောင်ရွက်ခဲ့၊ သည်အခန်းထဲမှာ မြန်မာ့လွတ်လပ်ရေးကို သူအိပ်မက်ခဲ့'

ကျွန်တော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းအား အမျိုးသားခေါင်းဆောင်၊ လွတ်လပ်ရေးဗိသုကာ၊ တပ်မတော်၏ဖခင် အစရှိသော မဆုံးနိုင်သည့် နာမဝိသေသန အမျိုးမျိုးဖြင့် လေးစားကြည်ညိုခဲ့ကြပါသည်။ ရိုးသားသော၊ တည်ကြည်ဖြောင့်မတ်သော၊ အနစ်နာခံသော၊ ကိုယ်ကျိုးစီးပွားကို မထူထောင်သော၊ ဝင့်ဝါပလွှားမှုနည်းသော၊ ပကတိအပြစ်ကင်းစင်သော သူတစ်ယောက်အဖြစ် ချစ်ခင်မြတ်နိုးခဲ့ကြပါသည်။ နှစ်ကာလများအလျောက် ခေတ်ကာလများကို ဖြတ်သန်းခဲ့ပြီးသောအခါ 'သူ့လိုဗိုလ်ချုပ်'၏ ရိုးသားမှုဖြူစင်မှုနှင့် စိုးစဉ်းမျှ နှိုင်းယှဉ်ဖွယ်ရာမရှိသည့် သူကောင်းသားများကို တွေ့မြင်ရခြင်းကြောင့် သူ့အပေါ် 'မြတ်နိုးမှုတန်ဖိုး'မှာ တိုး၍သာ မြင့်တက်ခဲ့ရပြန်ပါသည်။

ဖြူစင်လွန်း၊ ဖြောင့်မတ်လွန်းသဖြင့် ဗိုလ်ချုပ်၏ လူသားပကတိအသွင်သည်ပင် မှုန်ဝါးလျက် နတ်ဒေဝတာအလား ယုံမှားဖွယ်ရာဖြစ်ခဲ့ရပါသည်။ သို့သော် အကယ်စင်စစ် ဗိုလ်ချုပ်သည် လူသားစင်စစ် ဧကန်ဖြစ်ပါသည်။

အသက် ၂၂ နှစ်မှာ တက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌဖြစ်ခဲ့သူ၊ ၂၇ နှစ်မှာ ဗမာ့လွတ်လပ်ရေးတပ်မတော်၏ စစ်သေနာပတိ၊ အသက် ၃၀ တွင် ဖဆပလဥက္ကဋ္ဌဖြစ်ခဲ့၍ နိုင်ငံတစ်ဝန်းလုံး၏ ချစ်ခင်လေးစားတန်ဖိုးထားမှုကို ခံယူခဲ့သော လူထုခေါင်းဆောင်၏ ရုပ်ပုံလွှာမှာ တကယ်ပဲ ဖြူစင်ထဲက သူရဲ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသဖွယ် ထည်ဝါခံ့ညားခဲ့ပါသည်။ နိုင်ငံနှင့်သမိုင်းက ရာစုနှစ်ချီ၍ မျှော်လင့်စောင့်စားခဲ့သော အမျိုးသားခေါင်းဆောင်၏ ရုပ်ပုံလွှာမှာ တကယ်ပဲကြီးကျယ်ခမ်းနားခဲ့ပါသည်။ ထိုလူသားတစ်ဦး၏ ခမ်းနားထည်ဝါမှုသည် သူ၏ရိုးဖြောင့်သော၊ ဟန်ဆောင်ပလွှားခြင်းကင်းသော ပုံကားချပ်ထဲ၌ ပို၍ အသက်ဝင်ရှင်သန်ခဲ့ပါသည်။

*'သူသည် လက်နှစ်ဖက်ကို ဘေးသို့ကား၍ လှုပ်ကာလှုပ်ကာ စကားပြော၏။ သူ၏စကားလုံးများကား ပြေပြစ်ခြင်းမရှိ၊ ချောမွေ့ခြင်းမရှိ။ သို့သော် အတွင်း၌ကား အနက်ပါ၏'*

ဆံပင် ပွရောင်းရောင်းနှင့် မသေမသပ်။ အပူပိုင်းဒေသ၊ အီကွေတာပေါ်ရှိ ကျွန်းစုများတွင် နေထိုင်သော မွန်ဂိုလီယန်အနွယ် လူရိုင်းမျက်နှာနှင့်တူသောသူ၊ တက္ကသိုလ်ကျောင်းသား လူလတ်တန်းစား၏ လက္ခဏာဖြစ်သော ထည်ဝါခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်းတို့ကင်းပသောသူ၊ လမ်းပေါ်က သာမန်ဆင်းရဲသားတစ်ဦးနှင့်သာ တူသောသူ၊ လူထုထဲမှ လူတစ်ဦး၏ အသွင်အပြင်။

ကောလိပ်ကျောင်းသား၊ ရုပ်ဖြောင့်၊ ဂိုက်ကျ၊ စကားပြောကောင်းအဖြစ် မျှော်လင့်ပြီး ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများညီလာခံ(၁၉၃၆)သို့ နယ်မှတက်လာသော ကျောင်းသားကိုယ်စားလှယ် မောင်ဌေးမြိုင်(ဆရာဒဂုန်တာရာ)သည် လူထုကြီးကို မိန့်ခွန်းပြောနေသော သမဂ္ဂဥက္ကဋ္ဌ ကိုအောင်ဆန်းအား ပထမအမြင်၌ အတော်စိတ်ပျက်သွားခဲ့သည်ဟု ဆိုပါသည်။ နောက်တစ်နှစ်အကြာတွင် ဆရာ ဒဂုန်တာရာ တက္ကသိုလ်သို့ ရောက်လာသည်။ ကိုဘဟိန်းက ကိုအောင်ဆန်းနှင့် အသိဖွဲ့ပေးခဲ့သည်။ သို့သော် မရင်းနှီး၊ စာပေဂီတသမားနှင့် နိုင်ငံရေးသမားတို့ မရင်းနှီးနိုင်။ သူသည် ရင်းနှီး၍ရသော လူစားမျိုးမဟုတ်ဟုဆိုသည်။

ဆရာ ဒဂုန်တာရာ၏ **'အောင်ဆန်း၊ သို့မဟုတ်-အရိုင်း'** တွင် နိုင်ငံရေး၌

မချစ်တတ်သူ
မလွမ်းတတ်သူ
တန်ဖိုးမထားတတ်
သူတို့အတွက်မူကား
မည်မျှ
ကြီးကျယ်ခမ်းနားသော
အခေတ်
အအုံကြီးတွေကို
တည်ဆောက်ပြစေကာမူ
အချည်းနှီးသာ
ဖြစ်နိုင်ပါသည်
မြင်းကို
အတင်း
ရေသောက်ခိုင်း၍
မရပါ

ထက်သန်ပြင်းထန်လှသော တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်း၏ လူသားပကတိရုပ်ပုံလွှာမှာ ရှန်းကြွ၍ အသက်ဝင် ရှင်သန်လျက်ရှိသည်ဟု ကျွန်တော်ထင်သည်။

သမဂ္ဂဥက္ကဋ္ဌဟောင်း ကိုရာရှစ်ကို ဝေဖန်သည့် စစ်ကိုင်းကျောင်းသားတစ်ဦးအား စိတ်လိုက်မာန်ပါ ထိုးမည်ကြိတ်မည် လုပ်ခဲ့သောသူ၊ သမဂ္ဂကို အယုံအကြည်မရှိ အဆိုပြုခဲ့သော ညီမြအား ပြစ်တင်ရှုတ်ချပြီး နောက်တစ်ပတ်အကြာ၌ ရှုတ်ချချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာချက်ထုတ်ခဲ့သောသူ၊ ကျောင်းမှထွက်၍ တို့ဗမာအစည်းအရုံးသို့ဝင်သောအခါ ငတ်ပြတ်နေသဖြင့် ဒဂုန်မဂ္ဂဇင်းတွင် စာရေးချင်ကြောင်း တောင်းဆိုခဲ့သောသူ၊ လူထုကို မိန့်ခွန်းပြောသည့်အခါ အိညက်အိညက်လုပ်မနေဘဲ ခပ်ပြတ်ပြတ်ကြိမ်းမောင်း၍ သူ့စေတနာကို ပေါ်လွင်စေခဲ့သောသူ၊ လင်မယားဘဝမှာ အနုပညာလိုတယ်ကွ၊ တော်လှန်ရေးမှာလည်း အနုပညာရှိတယ်ကွဟု ဆိုခဲ့သောသူ၊ ပုထုဇဉ်လူသား၏ ပွင့်လင်းဖြူစင်သည့် သွင်ပြင်လက္ခဏာများကို ထာဝစဉ် ဆင်မြန်းထားနိုင်သောသူ။

*'သူသည် ရိုင်း၏၊ ကြမ်း၏၊ ကြောင်၏၊ ကိစ္စမရှိ။ သူသည် ဧည့်ခန်းဆောင်မှ ဂုဏ်သရေရှိ လူကြီးလူကောင်းမဟုတ်။ တစ်ခုတည်းသော ယုံကြည်ချက်နှင့် တစ်ခုတည်းကိုသာ မဲ၍လုပ်သော နိုင်ငံရေးသတ္တဝါဖြစ်၏။ ထို့ကြောင့် ကိစ္စမရှိ'*

**အောင်ဆန်း၊ သို့မဟုတ်-အရိုင်း'** ကို ဆရာ ဒဂုန်တာရာရေးခဲ့သည့် (၁၉၄၆)က သူသည် နိုင်ငံတစ်ဝန်းလုံး၏ ချစ်ခင်ကြည်ညိုခြင်းကို ခံယူနေရသော ခေါင်းဆောင်ကြီးဖြစ်နေပါပြီ။ နိုင်ငံ၏ နှလုံးသည်းပွတ်ဖြစ်နေပါပြီ။ 'အရိုင်း'ဟု ဆိုရပါမည်လောဟု ငြိုငြင်သူများ ရှိခဲ့ပါသည်။ ထိုစဉ် ဗိုလ်ချုပ်၏ မာန်မာနကင်းသည့် တုံ့ပြန်မှုက နှစ်လိုစရာ ကောင်းလှပါသည်။

*'ဌေးမြိုင်ကတော့ ကိုယ့်ကို အရိုင်းလို့ရေးတယ်၊ ကိုယ်ဒီလောက်လည်း မရိုင်းသေးပါဘူးကွာ'*

ဤသို့လျှင် ကမ္ဘာလောကအတွက် ဘုရားသခင်က ပေးအပ်ချီးမြှင့်ခဲ့သော တက္ကသိုလ် ကျောင်းသားတစ်ယောက်သည် ပဲခူးဆောင်အပေါ်ဆုံးထပ် အခန်းနံပါတ်(၁၁၃)တွင် နားခိုမှေးစက်ခဲ့ဖူးပါသည်။

မောင်သာချိုသည် အခန်းကလေးတွေကို စိတ်ဝင်တစား[illegible]သူဖြစ်ပါသည်။ သူက လွမ်းစရာ[illegible]ကောင်းအောင် ပြောပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

*'နောင်အခါ ဆရာ ဇော်ဂျီဟု ထင်ရှားလာမည့် ဖျာပုံမြို့က မောင်သိန်းဟန်ဆိုသော ကျောင်းသားကလေးတစ်ယောက် ပဲခူးဆောင်ထဲက အခန်းကလေးတစ်ခန်းမှာ နားခိုသွားခဲ့ဖူးပါသည်။ နောင်အခါ ဆရာ မင်းသုဝဏ်ဟု ထင်ရှားလာမည့် ကွမ်းခြံကုန်းမြို့က မောင်ဝန်ဆိုသော ကျောင်းသားကလေးတစ်ယောက် ပဲခူးဆောင်ထဲက အခန်းကလေးတစ်ခန်းထဲမှာ မှေးစက်သွားခဲ့ဖူးပါသည်။ နောင်အခါ ဆရာ ဒဂုန်တာရာဟု ထင်ရှားလာမည့် ကျိုက်လတ်မြို့က မောင်ငွေးမြိုင်ဆိုသော ကျောင်းသားကလေးတစ်ယောက် စစ်ကိုင်းဆောင်ထဲက အခန်းကလေးတစ်ခန်းထဲမှာ မှေးစက်သွားခဲ့ဖူးပါသည်။ နောင်အခါ သိန်းဖေမြင့်ဖြစ်လာမည့် ဘုတလင်မြို့က မောင်သိန်းဖေဆိုသော ကျောင်းသားကလေးတစ်ယောက် ပင်းယဆောင်ထဲက အခန်းကလေးတစ်ခန်းထဲမှာ ခရီးတစ်ထောက် နားသွားခဲ့ဖူးပါသည်။ နောင်အခါ လူထုဒေါ်အမာဖြစ်လာမည့် မန္တလေးမြို့က မအမာတစ်ယောက် အင်းလျားဆောင်ထဲက အခန်းကလေးတစ်ခန်းထဲမှာ စတည်းချသွားခဲ့ဖူးပါသည်'*

❑

ယခု ကျွန်တော်တွေးနေမိသည်မှာ 'သတိရခြင်းများကို လူတို့မည်သို့ခံစားသလဲ' ဆိုသည့်အကြောင်း ဖြစ်ပါသည်။

ဤမြေကမ္ဘာတွင် အသက်ရှင်သန်နေထိုင်ခဲ့ပြီးနောက် အကြောင်းအမျိုးမျိုးဖြင့် ကွယ်လွန်ဆုံးပါးသွားသူတို့ အနေမတဂ္ဂ ရှိခဲ့ကြပါသည်။ ချစ်သူ၊ ခင်သူ၊ တန်ဖိုးထားမြတ်နိုးရသူတို့ ကွယ်လွန်တိမ်းပါးသည့်အခါ လွမ်းဆွတ်ကြေကွဲရပါသည်။ ချစ်အပ်သောသူ၊ ခင်အပ်သောသူ၊ တန်ဖိုးထားအပ်၊ မြတ်နိုးအပ်သောသူတို့ ကွယ်လွန်တိမ်းပါးသည့်အခါ လွမ်းဆွတ်ကြေကွဲရုံမျှမက နှမြောတသ၊ တမ်းတ၍မဆုံးအောင် ဖြစ်ကြရပါသည်။ တစ်နည်းအားဖြင့် သတိရခြင်းများကို ခံစားကြရပါသည်။

အုံ့ညြဖွယ်ရာ ဂူဗိမာန်ကြီး တည်ဆောက်၍ သတိရတတ်သည်လည်း ရှိပါသည်။ ပန်းခြံတွေ၊ ဥယျာဉ်ကြီးတွေ၊ ကျောက်တုံးကြီးတွေ တည်ဆောက်၍ တမ်းတသည်လည်း ရှိပါသည်။ အောက်မေ့စေချင်၊ လွမ်းဆွတ်စေချင်၊ မမေ့မလျော့စေချင်သောကြောင့် ရုပ်တုကြီးတွေ ထုဆစ်ပြီး အမှတ်တရပြုတတ်သည်လည်း ရှိပါသည်။

ချစ်အပ်၊ ခင်အပ်၊ တန်ဖိုးထားမြတ်နိုးအပ်သူတို့အပေါ် သတိရခြင်းများအတွက် ဂူဗိမာန်ကြီးတွေ တည်ဆောက်ပြနိုင်မှ မဟုတ်ပါ။ ပန်းခြံကြီးတွေ၊ ဥယျာဉ်ကြီးတွေ၊ ကျောက်တုံးကြီးတွေ၊ ရုပ်တုကြီးတွေ တခမ်းတနား ထုဆစ်ပြနိုင်မှ မဟုတ်ပါ။ ရင်ထဲအသည်းထဲ စွဲနစ်ယုံကြည်ပါက ဖုန်တက်နေသော အခန်းကလေးတစ်ခန်းဖြင့် လည်း ကျွန်တော်တို့၏ သတိရခြင်းတွေကို ခံစား၍ရပါသည်။ ကျွန်တော်တို့၏ အောက်မေ့တသခြင်းတွေကို ခံစားလို့ရပါသည်။

မချစ်တတ်သူ၊ မလွမ်းတတ်သူ၊ တန်ဖိုးမထားတတ်သူတို့အတွက်မူကား မည်မျှကြီးကျယ်ခမ်းနားသော အဆောက်အအုံကြီးတွေကို တည်ဆောက်ပြစေကာမူ အချည်းနှီးသာ ဖြစ်နိုင်ပါသည်။

မြင်းကို အတင်းရေသောက်ခိုင်း၍မရပါ။ အမေ ဘယ်လိုသိပ်သိပ် မောင်အိပ်မှ ပျော်ပါသည်။ ■

**မောင်ရင့်မာ၊ကျောင်းကုန်း၊**

**ရည်ညွှန်း ။ ။**

**-ရတနာကန်ကြီးရဲ့အခန်းကလေးများ**
(မောင်သာချို)
**-အက်ဆေးလှည်းတန်း**
(၂၀၁၁၊ မေလ)
**-အောင်ဆန်း၊ သို့မဟုတ်-အရိုင်း**
(ဒဂုန်တာရာ)
**-ရုပ်ပုံလွှာ(၁၉၅၅)**


ရုပ်စုံမဂ္ဂဇင်း

**ဖြန့်ချိရေး**

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၈၃၉၈၂၀




www.burmeseclassic.com

www.burmeseclassic.com



# P.ဆာမိ

# ကြိုးစားပါဦးမည်

ကျွန်တော်သည် စိတ်မရှည်တတ်သူတစ်ဦးဖြစ်ပါသည်။ အများသူငါထက် အနည်းကိုပိုသော လွန်စွာမှ စိတ်မရှည်တတ်သူတစ်ဦး ဖြစ်ပါသည်။ စကားတစ်ခွန်းကို တစ်ခါတည်းနှင့် မပြီး၊ ပြန်လှန်ထပ်ဆင့် မေးမြန်းနေလျှင် ဆက်လက် မပြောဆိုလိုတော့ပါ။ အေးအေးဆေးဆေး သာသာယာယာ ပြောဆို၊ ဖျောင်းဖျ ပြောဆိုပါလျက်မှ ပြောမရလျှင် ညီအစ်ကို မောင်နှမများကိုပင် မပြောဘဲနေခဲ့သည်မှာ အနှစ် ၂၀ တိုင်အောင် ကြာခဲ့ဖူးပါသည်။

ထိုစိတ်မရှည်မှုများကြောင့် ကျောင်းသားလူငယ်ဘဝကပင်လျှင် အမှုအခင်းများ၊ ရန်ပွဲများက မကြာခဏ ဆိုသလိုပင် ရင်ဆိုင်ဖြေရှင်းနေရသည်။ ပင်ကိုသဘာဝအားဖြင့် တစ်ကိုယ်တော် တိတ်တဆိတ် နေတတ်ခဲ့ပေမဲ့ အမြင် မတော်သည်များက အနီးအနားပေါ်



www.burmeseclassic.com

www.burmeseclassic.com

ပေါက်လာပါလျှင် ကျွန်တော့်မှာ ပြဿနာပေါင်းစုံနှင့် နောက်ဆုံးမှာ ကျွန် ရစ်ရတော့သည်။ မူရင်းအစပြဿနာ များပျောက်သွားပြီး ကျွန်တော့်ပြဿနာ၊ ကျွန်တော့်ကိစ္စသာ ဖြစ်ကျန်ရစ်နေတတ် သည်။ တစ်ကြိမ်၊ နှစ်ကြိမ်မက မကြာ ခဏ ထိပ်တိုက်တိုးမိနေတတ်လေတော့ မြို့ကျဉ်းကျဉ်းလေးတစ်ခုမှာ ကျွန်တော် နှင့် တစ်မြို့လုံးဆိုသလို ဖြစ်နေတော့ သည်။ တစ်ကိုယ်ရေသာ နေထိုင်တတ် သူမို့ ကြာလာတော့ တိတ်ဆိတ်သော မီးတောင်တစ်လုံးလို ဖြစ်လာသည်။ အရက်၊ မူးယစ်ဆေးဝါးများ သုံးစွဲတတ် ပြန်တော့ စံနက်တံဖြုတ်ထားသည့် ဗုံး တစ်လုံးလိုဖြစ်ခဲ့ရသည်။ မသမာသော လောင်းကစားဝိုင်းများမှာ ဓားထိုးမှု၊ ရိုက်မှု၊ သတ်ပုတ်မှုများလည်း ကျွန်တော် နှင့်သာ အဆုံးသတ်တတ်ကြသည်။

ရုပ်စုံမဂ္ဂဇင်း

ရသစာတမ်း

အမှတ် ၃၄၅၊ ဩဂုတ်၊ ၂၀၁၈





www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာသန်စွမ်းသော သူ ရဲ ကောင်းစိတ်တို့ဖြင့် ဘဝကိုနေထိုင်ခဲ့ရင်း ကိုယ်မှန်ကိုယ်ကောင်း အယူဝါဒတို့ မောပန်းလာသောအခါ ဒေါသမီး၊ မာနမီးတို့ကို လျှော့ချပစ်လိုက်ရသည်။ ဘဝမှာ တစ်ကိုယ်တော် တိတ်ဆိတ်ခြင်းသာကျန်ခဲ့သည်။ သည်းခံနိုင်မှုကို နည်းစနစ်မျိုးစုံသုံးကာ တည်ဆောက်ခဲ့သည်။ သို့ပေမဲ့ အထုံဝေလေ့တစ်ခုအဖြစ် တည်ရှိခဲ့သော စိတ်မရှည်မှုသည် ပျောက်ပျက်မသွားဘဲ ငုပ်လျှိုးနေစေခြင်းသာ ရှိခဲ့သည်။ ကြမ်းတမ်းသော ကာယကံအမှုများကို မပြုဖြစ်တော့ပါသော်လည်း စကားဖြင့်တော့ တုတ်ထိုးအိုးပေါက်၊ ပက်ပက်စက်စက်၊ နိုင့်ထက်စီးနင်း၊ ထေ့လုံးငေါ့လုံးရိလုံးများဖြင့် ပြောတတ်သည်။ ကျွန်တော့်ပင်ကိုစိတ်ရင်းအကြောင်းသိသူများက နားလည်ပေးကြပေမဲ့ အထအနကောက် အကျအပေါက်ကောက်တတ်သူများနှင့် တွေ့မိတော့ မိတ်ဆွေပျက် ဖြစ်ရသည်။

အများနှင့် ဆက်ဆံရသည့် ကိစ္စများများ၌ အပေါ်ယံကြော့မျှလောက်သာ စားပြီးပြီလား၊ နေကောင်းလား၊ အဆင်ပြေလားတို့မျှလောက်ဖြင့် စကားဖြစ်ရုံသာ ပြောဆိုဆက်ဆံမိတော့သည်။ နှစ်ကိုယ့်တစ်စိတ် သူ့စိတ်ကိုယ့်စိတ် အပြန်အလှန်အတွင်းကျကျ ဆက်ဆံမှုမျိုးများကို ရှောင်လွှဲနေတော့သည်။ သာမန်နှုတ်ဆက်စကားမျှဖြင့်သာ ပေါင်းသင်းဆက်ဆံမှုများလာသောအခါ ကျွန်တော်သည် ဖော်ရွေသူ၊ သဘောကောင်းသူ၊ အားနာလိုက်လျောတတ်သူအဖြစ် အသိအမှတ်ပြုခြင်းခံလာရသည်။ ကျွန်တော့်မှာတော့ ကိုယ့်ဒုက္ခ ကိုယ်သာသိလေသည်။ ကျွန်တော့်အပေါ် စီးစီးမိုးမိုး၊ တင်တင်စီးစီး ပြောလာကြသည်များအတွက် နာရီဝက်ခန့်မျှ အချိန်ပေးကာ သည်းခံအောင်အည်းဖျောင်းဖျခြင်းအမှုကို ပြုရသည်။ အလွန်တရာမှ ပင်ပန်းလွန်းသည့် အလုပ်ပါပေ။

> လောကလူအများထံမှ
> လေ့ကျင့်ရင်း
> သင်ကြားရင်းဖြင့်
> အချိန်တို့က
> ပြုပြင်မှုကြောင့်
> ကာယကံမြောက်သော
> ဒေါသစိတ်တို့ကို
> ဖြေသိမ့်နိုင်ခဲ့ပြီး
> အသက်အရွယ်နှင့်
> ခန္ဓာကိုယ်ကလည်း
> ငယ်စဉ်ကလို
> ခွင့်မပေးတော့ပေ

လောကလူအများထံမှ လေ့ကျင့်ရင်း၊ သင်ကြားရင်းဖြင့် အချိန်တို့က ပြုပြင်မှုကြောင့် ကာယကံမြောက်သော ဒေါသစိတ်တို့ကို ဖြေသိမ့်နိုင်ခဲ့ပြီး အသက်အရွယ်နှင့် ခန္ဓာကိုယ်ကလည်း ငယ်စဉ်ကလို ခွင့်မပေးတော့ပေ။ အများနှင့် သိပ်မပတ်သက်တော့သည့် ယခုလိုအရွယ်အခါမှာတော့ ကျွန်တော့်စိတ်တိုမှုက ကျွန်တော့်ခန္ဓာကိုယ်ပေါ် ရောက်လာခဲ့တော့သည်။

လူ့ဘဝ စ,သည်ဟု ပြောကြသော အသက် ၄၀ အရွယ်ကတည်းက မျက်လုံးက စတင်အချက်ပြသည်။ သူမှန်နေပြီ။ အဝေးရော အနီးပါ မှုန်နေပြီ။ တိုင်းတာစစ်ဆေးကြည့်တော့ မှုန်ရုံမျှမက ဆလင်ဒါပါသည်ဟု ပြောကြသော သူငယ်အိမ်စောင်းသည့် အချက်ပါ အဆစ်ပါနေခဲ့သည်။ မျက်မှန်စ,တပ်ရပါပြီဆိုကတည်းက အနီးရော၊ အဝေးရော၊ ဆလင်ဒါရောမို့ မချွတ်တမ်းကို တပ်ဆင်ရတော့သည်။ ကျွန်တော့်ခန္ဓာကိုယ်ပေါ်မှာ အပိုကိရိယာတစ်ခုကို အမြဲတပ်ဆင်ရတော့မည်ဆိုသောအခါ စိတ်က အလွယ်တကူလက်မခံချင်ပါ။ ထို့ကြောင့် စာကြည့် အနီးမျက်မှန်တစ်လက်၊ အဝေးကြည့်မျက်မှန်တစ်လက်၊ နှစ်ခုပြုလုပ်ကာ ကိုယ်နှင့် တစ်သားတည်းကျအောင် လအတော်ကြာလေ့ကျင့်ယူရသည်။ စိတ်မရှည်မှုကြောင့် မျက်မှန်ကိုင်းများ တစ်ခုပြီးတစ်ခု၊ ဟိုတစ်လက်ဒီတစ်လက်ထား၊ လွယ်အိတ်ထဲတစ်ခု၊ စားပွဲပေါ်တစ်ခု၊ ခုတင်ဘေးမှာ တစ်ခု၊ တစ်ခုပြီးတစ်ခု အလှည့်ကျ တပ်ဆင်နေရသည်။ ချွတ်လိုက်တပ်လိုက်၊ ပျောက်လိုက်ရှာလိုက်၊ မေ့ထားခဲ့လိုက်နှင့် အတော်ပင် ကသိကအောက် ကသန်းကရမ်းနိုင်လှသည်။ စာအုပ်ကိုင်ပြီးမှ မျက်မှန်က အဝေးကြည့်ဖြစ်နေတာမျိုး၊ လမ်းထွက်သည့်အခါ စာကြည့်မျက်မှန်ကြီးတပ်လျက် ထွက်သွားမိတာမျိုး မကြာခဏကြုံရသည်။

မည်မျှပင် လေ့ကျင့်စေကာမူ မျက်မှန်က ကိုယ့်စိတ်နှင့် တစ်သားတည်းမကျခဲ့။ အမျိုးမျိုးသော မှားယွင်းမှုနှင့် ကြုံရလျှင်လည်း စိတ်တိုရပြန်သည်။ မည်သူမျှ ရန်လုပ်လို့လည်း မရခဲ့။ ကိုယ့်စိတ်နှင့်ကိုယ် တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေရသည်။ ပြုလုပ်ဆဲ အလုပ်တစ်ခုကနေ အခြားတစ်ခုသို့ စိတ်ရောက်သွားသည့်အခါမျိုးမှာ အလွဲလွဲ အချော်ချော်များဖြစ်ရတော့သည်။ လုပ်လက်စလည်း အဆင်မပြေ၊ နောက်တစ်ခုလည်း မချောမွေ့တော့ပေ။ အဆိုးတကာ့အဆိုးဆုံးမှာ စာကြည့်မျက်မှန်ကြီးတပ်လျက် မေ့လျော့ကာ လမ်းလျှောက်မိသည့်အခါ၊ မည်သည့် မျက်မှန်မျှ မယူဘဲ လှုပ်ရှားမှုပြုမိသည့် အခါမျိုးမှာ အဆိုးတကာ့အဆိုးဝါးဆုံးများ ကြုံတွေ့ရတတ်သည်။ လှေကားအတက်အဆင်းများ ချော်လဲခြင်း၊ ပလက်ဖောင်းများ ခလုတ်တိုက်လဲပြိုခြင်းများ၊ လမ်းကူးသည့်အခါ ကားများရှောင်တိမ်းရသည်က အသက်အန္တရာယ်နှင့် နီးစပ်လွန်းလှသည်။ မိမိတစ်ယောက်တည်း ကိုယ့်ကိုယ်ကို ဒေါသ



www.burmeseclassic.com

www.burmeseclassic.com

စိတ်တို့ဖြစ်ရပြန်သည်။ လူချင်းဝင်တိုက်မိသည်များ၊ သစ်ကိုင်းသစ်ခက်များ၊ အမြင်မှာ လွတ်သည်ထင်ပေမဲ့ တကယ့်တကယ်မှာတော့ မကြာခဏ တိုးမိရိုက်မိသည်များက မရေမတွက်နိုင်တော့ပါ။

အမြင်အာရုံ တို့လိုအပ်ချက်အရ မဖြစ်မနေတပ်ဆင်ရမည်ဖြစ်သော အပိုကိစ္စတစ်ခုကို ခန္ဓာကိုယ်အပြုအမူနှင့် နဂိုရှိရင်းစွဲစိတ်က လွယ်လင့်တကူ လက်မခံချင်တာ သေချာသည်။ အမှန်တကယ်လိုအပ်၍ တပ်ဆင်မှ ချောမွေ့မှန်းသိသော်လည်း စိတ်ကတော့ အခုထိ ဆန့်ကျင်နေဆဲဆိုတာကို ကျွန်တော့်စိတ်ထဲမှာ ကျွန်တော် သိနေရသည်။ ထို့ကြောင့် အကောင်းဆုံးနည်းလမ်းတစ်ခုကို ရွေးကာ အနီးအဝေး ဆလင်ဒါပါပါသည့် မျက်မှန်အသစ်တစ်လက်ကို ပြုလုပ်ရပါသည်။ ပေါ့ပါးပြီး ခိုင်ခံ့သောကိုင်းကို ရွေးချယ်ရသည်။ အိပ်ချိန်မှလွဲ၍ အမြဲတပ်ဆင်ရတော့မည် မဟုတ်ပါတကား။ ထိုသို့ ပြီးပြည့်စုံလောက်သည်ဟု ထင်ရသော နည်းလမ်းကို ရွေးချယ်ထားသည့်တိုင်အောင် မျက်စိနှင့်မျက်မှန်ကြည့်မြင်ရခြင်းများ သဟဇာတဖြစ်အောင် အတော်လေ့ကျင့်ရပါသေးသည်။

လွန်ခဲ့သော ၆ လခန့်ကတော့ ကျွန်တော့်မှာ အတော့်ကို အကျပ်အတည်းများ ကြုံရပါသည်။ ညာလက်တစ်ဖက်က အချိန်ပြည့်နီးပါး ထုံကျဉ်နေသည်။ လေဖြတ်တော့မည်လား စိုးရိမ်သောကရောက်မိသည်။ လည်ပင်းက ကျီးပေါင်းတက်နေသည်။ အာဂန္တု အဖျားလေးကလည်း ၁၅ ရက်အတွင်း နှစ်ကြိမ်မျှ ပြန်ဖြစ်သည်။ ကိုယ်က ခပ်ငွေ့ငွေ့ပူနေသည်။ စိတ်က အမြဲတစေ မကြည်လင်ဖြစ်နေသည်။ ဆေးလိပ်သောက်သောကြောင့် တီဘီရောဂါဖြစ်လေပြီလား၊ သို့မဟုတ် အဆုတ်ကင်ဆာပင် အစပျိုးလေပြီလား စိုးတရွံ့ရွံ့ ရှိနေသည်။ လက်ထဲမှာက တစ်ကိုယ်စာ အသုံးစရိတ်ငွေမှတစ်ပါး များများစားစားမရှိ။ ကျွန်တော့်လိုပင် အခက်အခဲ

**မျက်မှန်က ကိုယ့်စိတ်နှင့် တစ်သားတည်းမကျခဲ့ အမျိုးမျိုးသော မှားယွင်းမှုနှင့် ကြုံရလျှင်လည်း စိတ်တိုရပြန်သည် မည်သူ့မျှ ရန်လုပ်လို့လည်း မရခဲ့ ကိုယ့်စိတ်နှင့်ကိုယ် တစ်ယောက်တည်း ရှုပ်ယှက်ခတ်နေရသည်**

များ ရှိကြကုန်သောကြောင့် အကူအညီတောင်းခံလာကြသော မိတ်ဆွေတချို့ကို ငြင်းပယ်ရှောင်လွှဲရခြင်းများ ရှိလာသည်။ စိတ်တို့ အပင်ပန်း အဆင်းရဲရဆုံးကာလတစ်ခုပါပေ။ ကျွန်တော့်ကိုယ်ပေါ်က အဆိုးဆုံး ပြဿနာတစ်ခုကလည်း သွားများနဲ့ကာ နာနေခြင်း ဖြစ်တော့သည်။

နဲ့နေ၊ နာနေသောသွားများ၊ သွားဖုံးများအတွက် တစ်ရက်၊ နှစ်ရက် စောင့်ကြည့်သည်။ ရေများများသောက်သည်။ မရ၊ နာနေဆဲ။ ဝမ်းနုတ်သည်၊ နဲ့နေမြဲ။ မြန်မာဆေးမြီးတိုများ သိပ်ကြည့်သည်။ သွားကို အစာစားပြီးတိုင်း ဂရုစိုက်တိုက်ပေးသည်။ အချိန်က တဖြည်းဖြည်း ကြာရှည်လာပြီ။ နဲ့နေနာနေခြင်းများ မပျောက်ကင်း။ လျော့ပင်လျော့ပါး မသွား။ ကိတ်မုန့်တစ်ချပ်ကို ကိုက်ကြည့်မိသည့်အခါမျိုးမှာပင် နာကျင်သွားသည်။ မနာသောအံသွားများဖြင့်

အစားအစာကို ကြိတ်ဝါး စားမျိုနေရသော်လည်း နာနေသောရှေ့သွားနှစ်ချောင်းကို သွားထိခိုက်မိလျှင် အသည်းခိုက်မတတ် နာကျင်ပါသည်။ မရှည်သောစိတ်က ပိုမိုတိုလာခဲ့ရသည်။ စားလက်စများကို ဆက်မစားချင်တော့ပေ။ နာနေနဲ့နေတာတွေ ပျောက်မသွား၊ ပိုဆိုးလာသည်။ မဖြစ်မနေစားရမည့် အစားအစာများကိုပင် စားချင်စိတ်မရှိတော့။ အစာစားချိန် ရောက်တော့မည်ကို ကြောက်လန့်နေမိတော့သည်။ လက်ဖက်ရည်၊ နွားနို့တို့ထဲ ကိတ်မုန့်၊ ပေါင်မုန့်များ စိမ်နှစ်စားရသည်။ ဆန်ပြုတ်သောက်နေရသည်။ ထိုသို့သော ဝေဒနာအတွက် အချိန်ပေးထားခဲ့သည်မှာလည်း ကြာရှည်ခဲ့လေပြီ။

မရှည်စွာ တိုလွန်းလှသော စိတ်တို့က ကိုယ်ခန္ဓာ ကိုယ်အစိတ်အပိုင်းများကို ခွင့်မလွှတ်ချင်တော့။ ပိုးစားခြင်းများ မရှိပါဘဲလျက် နုတ်ပစ်ရမည်ကို နှမြောနေမိသည်။ အသစ်ပြန်မပေါက်တော့သည်မို့ နှမြောပင် နှမြောလှပါသော်လည်း နာလည်းနာလှပါပြီ။ အချိန်ကာလကလည်း ကြာခဲ့ပါပြီ။ အစားအသောက်ပျက်၊ အလုပ်အကိုင်ပျက်နှင့် စိတ်အနှောင့်အယှက်လည်းဖြစ်လှပါပြီ။ ဆုံးဖြတ်ချက်ချပြီး ရှိသမျှငွေလေး ကောက်သင်းကောက်စုဆောင်းကာ နီးစပ်ရာ သွားအထူးကုဆေးခန်းသို့ သွားရောက်လိုက်သည်။ သွားဆေးခန်းရောက်တော့ ဆရာဝန်က စစ်ဆေးပြီး နုတ်မည်ဟု ပြောပါသည်။ ချက်ချင်းပဲ ခေါင်းညိတ်လက်ခံပြီး သဘောတူလိုက်ပါသည်။ နောက်တစ်ပတ် ပြန်လာပြဖို့ ချိန်းပါသည်။ ဘာပဲဖြစ်ဖြစ် နုတ်လို့နာတာနှင့် နဲ့နေစဉ် နာခြင်းမှာ နာပုံနာနည်း မတူပါ။ နုတ်လို့နာသည့်အနာက တစ်နာရီသာသာပဲ ခံစားရပါသည်။ နောက်တစ်ပတ် ပြန်ပြဖို့အချိန်ရောက်ပြန်တော့ ချိုးကပ်နေသော အညစ်အကြေးများ ခြစ်ထုတ်ပစ်ရမည်ဆိုသောကြောင့် ကျွန်တော် ထပ်ခြစ်လိုက်ပါသည်။ လောလောဆယ် ရှေ့သွားနှစ်ချောင်း နုတ်



www.burmeseclassic.com

www.burmeseclassic.com

> အရေးကြီးလှပါသည်၊ အဓိကကျသည်ဟူသော ယုံကြည်ထားမှုတစ်ခု ပျက်ပြယ်သွားအောင် မည်သို့သော စိတ်ခံစားမှုမျိုးကများ လှည့်စားလိုက်လေသလဲ

ထားရသောကြောင့် စကားမပီပါ။ အစားအသောက်များလည်း နှုတ်ခမ်းအပြင်သို့ ထွက်ကျတတ်သည်။ ထိုပြဿနာများ ပြေလည်ဖို့ အချိန်ပေးရဦးမည်။ သွားဖုံးများ အသားကျအောင် စောင့်ရဦးမည်။ မနာတော့တာပဲ ပျော်နေရပါပြီ။

နာကျင်မှုဝေဒနာပျောက်သွားပြန်တော့ စကားမပီခြင်းနှင့် အစာမလုံခြင်း ခံရပြန်သည်။ နှုတ်လိုက်သော နှစ်ချောင်းနေရာမှာ လေးချောင်းစာ ပြန်စိုက်ရမည်။ ယခင်က စိတ်မရှည်တိုင်း နှုတ်ထားမိသော အံသွားများနှင့်ဆိုလျှင် စုစုပေါင်း ခြောက်ချောင်း ပြန်စိုက်ရမည်။ သွားတစ်ချောင်းစိုက်ခ ရှစ်သောင်းကျပ်ဖြင့် သွားခြောက်ချောင်း ပြန်စိုက်ဖို့ ငွေကြေးပမာဏ ကျွန်တော် လောလောဆယ် မတတ်နိုင်ပါ။ အခမဲ့ဆောင်ရွက်ပေးသော ကုသိုလ်ဖြစ်ဆေးခန်းသို့ ကျွန်တော် အခေါက်ခေါက်အခါခါ စိတ်မရှည်စွာ သွားရသည်။ ကိုယ့်အလှည့်ရောက်ဖို့ စိတ်မရှည်စွာ စောင့်ဆိုင်းရသည်။ ငွေမပေးနိုင်လျှင် အချိန်တော့ပေးရမည်ကို ကျွန်တော် သိခဲ့ပြီးဖြစ်ပါသည်။ ကိုယ့်ဆန္ဒပြည့်ဖို့ရာ သည်းခံခြင်းများစွာဖြင့် အချိန်များစွာ ပေးအပ်ရပါသည်။ သုံးလေးလမျှ ကြာသည်အထိ သွားပြန်စိုက်ခွင့်မရသေးပါ။ အလှည့်စောင့်ရခြင်းများ၊ လုပ်ထုံးလုပ်နည်းများကြားမှာပင် ကျွန်တော့်မှာ စကားလည်း ပီသအောင် လေ့ကျင့်နိုင်ခဲ့ပြီး အစားအသောက်များလည်း သပ်သပ်ရပ်ရပ် စားသောက်နိုင်ခဲ့ပါလေပြီ။ သွားကတော့ မစိုက်ရသေးပါ။

ကျွန်တော်က အလုပ်မရှုပ်၊ ကရိကထ မများသော အသေစိုက်ခြင်းမျိုး ပြုလုပ်ချင်သည်။ သို့သော်လည်း ဆရာဝန် ညွှန်ကြားချက်အတိုင်း အံကပ်အစွပ်သာ ပြုလုပ်ပေးကြသည်။ သွားအံပုံယူပြီးသကာလ နောက်ထပ် ရက်သတ္တပတ်ကြာလျှင် ကျွန်တော် သွားများ အပြည့်အစုံရပါတော့မည်။ သွားကျိုးကြီးနှင့် နေရသည့်အချိန်ကာလလည်း အတော်ရှည်ကြာလှပြီမို့ ကျွန်တော် ဝမ်းမြောက်ဝမ်းသာဖြစ်နေမိပါသည်။

နှစ်ရှည်လများ ကိုယ်နှင့်အတူ ရှိနေသော်လည်း ကိုယ့်စိတ်၊ ကိုယ့်ခန္ဓာကို ဒုက္ခပေးလာသည့်သွားများကို နုတ်ပစ်ပြီး အစစ်မဟုတ်သော်လည်း ပြည့်စုံလုံခြုံစေမည့်သွားများကို ကျွန်တော် ရရှိပါတော့မည်။

သွားဆရာဝန်က စနစ်တကျတပ်ဆင်ပေးပါသည်။ ကျွန်တော့်ခန္ဓာကိုယ်က ချက်ချင်း လက်မခံချင်သောသဘောရှိသည်။ လျှာနှင့်ထိုးကာကလော်ထုတ်မိသည်။ အံကပ်ကလည်း ထိလိုက်သည်နှင့် ကျွတ်ထွက်သွားလေသည်။ နှစ်ခါ၊ သုံးခါ ချွတ်လိုက်၊ ပြင်လိုက်၊ တပ်လိုက်လုပ်သည်။ လက်မခံသေး။ ကျွန်တော့်နောက်မှာ တန်းစီစောင့်ဆိုင်းနေသောလူများကို အားနာလာသည်။ ကျွန်တော်က ရပါပြီဟုပြောကာ သွားစိုက်ခုံပေါ်မှ ဒရောသောပါး ပြေးဆင်းလာခဲ့တော့သည်။ အံကပ်ကို မထိမိအောင် သတိထားရင်း စကားကိုလည်း ဆင်ခြင်ပြောနေရသည်။ လျှာကိုထိန်းပြီးနေရသည်။ မတော်တဆ သွားထိမိလိုက် ကျွတ်ထွက်သွားလိုက်၊ ထွေးထုတ်လိုက် ပြန်တပ်လိုက်နှင့် ချာလပတ်လည်နေပြန်တော့သည်။ ကျွန်တော်လိုချင်နေသော မနဲ့မနာသည့်သွားများ ပြန်စိုက်ခဲ့ရပြီ။ ဆန္ဒပြည့်ပြီး ကောင်းမွန်သွားမည်ဟု ယူဆယုံကြည်ထားခဲ့သော အံကပ်သွားက ချက်ချင်း အဆင်မပြေနိုင်သေး။ ခန္ဓာကိုယ်က ချက်ချင်း လက်ခံလိုက်ခြင်းမရှိသေးပါ။ လေ့ကျင့်ယူရပါဦးမည်။

ထိမိလိုက်၊ ကျွတ်ကျလိုက်၊ ပြန်တပ်လိုက်နှင့် ဆေးရုံပြန်ထွက်လာခဲ့သည်မှာ မိနစ်သုံးဆယ်မျှ ရှိပါပြီ။ ကားလမ်းတွေလည်း ကူးခဲ့ပြီးပြီ။ လမ်းလည်း အတော်ဝေးဝေးလျှောက်ခဲ့ပြီးပြီ။ အိမ်ပြန်ရန် စီးရမည့် ကားမှတ်တိုင်သို့လည်း ရောက်ပါပြီ။ လွယ်အိတ်ထဲမှ ဘတ်စ်ကားခ အကြွေနှိုက်ယူရင်း အရာဝတ္ထုတစ်ခုကို စမ်းမိသည်။

မျက်မှန်။ သွားစိုက်စဉ်အခါက ချွတ်ထားခဲ့သော မျက်မှန်၊ ကျွန်တော် နှစ်ကာလများစွာကပင် မရှိမဖြစ်ဟု လည်းကောင်း၊ အလိုအပ်ဆုံးဟုလည်းကောင်း ယူဆကာ တပ်ဆင်ခဲ့ရသော မျက်မှန်။ ထိုမျက်မှန်မတပ်ဆင်မိဘဲနှင့် ကျွန်တော် ကားလမ်းတွေလည်း ကူးခဲ့သည်။ ထိုးထိုးထောင်ထောင် ပလက်ဖောင်းများပေါ်လည်း လျှောက်ခဲ့ပြီ။ လူရှုပ်ရှုပ်ထွေးထွေးများလည်း ဖြတ်သန်းကျော်လွှား လျှောက်လာခဲ့ပြီးပြီ။ ခလုတ်မထိ ဆူးမငြိခဲ့ပါပေ။

အရေးကြီးလှပါသည်၊ အဓိကကျသည်ဟူသော ယုံကြည်ထားမှုတစ်ခု ပျက်ပြယ်သွားအောင် မည်သို့သော စိတ်ခံစားမှုမျိုးကများ လှည့်စားလိုက်လေသလဲ။ ကျွန်တော် ခုတိုင် အဖြေရှာကြည့်နေမိဆဲ ဖြစ်ပါတော့သည်။

■

**P.ဆာမိ**

www.burmeseclassic.com


www.burmeseclassic.com
ကောသိပန်
ဗြတ်သုခ
အသိကျဆေးပြား/ဆေးတောင့်
နေ့စဉ်သုံးစွဲခြင်းဖြင့်
တစ်လအတွင်းသိသာစွာ
ကျစ်လျစ်ပြေပြစ်သွားစေပါသည်။
ကောသိပန် တိုင်းရင်းဆေးစွမ်းကောင်းများ
ကောသိပန် သွေးပုပ်ချဆေး
ကောသိပန် ဝမ်းပျော့အကြောပြေဆေး
ကောသိပန် ဆေးပရုတ်ဆီ
ဗြတ်သုခ အသိကျဆေး
www.burmeseclassic.com

www.burmeseclassic.com

မိုးတွေက သည်းလို့။
အုန်းလက် စိမ်းစိမ်းတွေက
ယိမ်းနွဲ့လှုပ်ခါလို့။ သံဆန်ခါကွက်
ဝရန်တာလေးနဲ့ အိမ်ပုလေးရဲ့
သွပ်ခေါင်မိုးပေါ်ကို မိုးရေကျသံတွေ
ကလည်း ဆူညံလို့။ ချစ်စရာ့
အိမ်ငယ်လေးထဲမှာ ပျော်ရွှင်
လန်းဆန်းတက်ကြွတဲ့
ရယ်မောသံတွေက မိုးရေကျသံ
တွေနဲ့အပြိုင်၊ ပတ္တလားသံနဲ့
သီချင်းသံတွေကလည်း မိုးသံလေသံ
ရယ်မောသံတွေနဲ့ အပြိုင်။
အိုလေ×××စွန်တောင် ရွှေမှင်သဲ×××
မစုံဖော်ကွာထဲ
×××သဲနိုင်တော့လေ×××သဲမှ
အမှုန်နုတ်ဆွေ××× ညှိုးလျော်
ခွေ×××ကြာလေပိုလို့ကဲ××× တဲ့။
နုနယ်ချိုမြပြီး ဆွေးမြည့်နေတဲ့
အသံကလေး။ နောက်ဖေး
မီးဖိုချောင်က ရူးရူးရှရှ
ထွက်လာနေတဲ့ အညာငှက်
ပျောသီးကြော်ညှော်နံ့။ နံရံပေါ်က
ပန်းချီကားတွေကလည်း အေးချမ်းတဲ့
အပြုံးကိုယ်စီနဲ့။ ဒီအိမ်ကလေးနဲ့
ဒီအချိန်ကလေးတွေဟာ
ပျောက်ဆုံးသွားနိုင်သလား။
ပျောက်ဆုံးသွားမှဖြင့်နော်။
စွဲလမ်းတွယ်တာစိတ်၊ စိုးရိမ်
စိတ်တွေနဲ့အတူ ဘာလို့ရယ်မသိ
ဝမ်းနည်းလာတယ်။ ရုတ်တရုတ်
ငြိမ်သက် တိတ်ဆိတ်ခြင်းက
ကြောက်စရာ ကောင်းလောက်အောင်

# ကြာလေ...
# "လေးလေတွေးလေ...လွမ်း"

**နုနုရည်အင်းဝ**

အမှတ် ၃၄၅၊ ဩဂုတ်၊ ၂၀၁၈
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည်စ/ဆုံး





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကြီးစိုးလာရာက မိုးသံလေသံတွေ နားကွဲမတတ် ဆူညံလာပြန်တယ်။ ကြောက်စရာကောင်းလိုက်တာနော်။ ပြီးတော့ ဝမ်းနည်းစရာလည်း ကောင်းလိုက်တာ။

ဝမ်းပန်းတနည်းရှိက်ရင်း ကျွန်မလန့်နိုးလာတဲ့အချိန်မှာ မိုးသံလေသံတွေ တဝုန်းဝုန်း ဆူညံတုန်းပါပဲ။

'ဘာတွေ အိပ်မက်မက်နေပြန်ပြီလဲ၊ ကြည့်စမ်း၊ ဘောလ်ပင်ကြီးကလည်း ဗိုက်အောက်မှာ။ အိပ်…အိပ် ပြန်အိပ်'

အိပ်မက်နယ်နဲ့ ပြင်ပနယ်ပယ်ကို မခွဲခြားနိုင်သေးဘဲ ရီဝေနေတဲ့ ကျွန်မကိုယ်ပေါ်ကို အနီနဲ့ အနက်ကွက် အညာစောင်လေး ရောက်လာတယ်။ စောင်အမြိတ်စတွေနဲ့ မျက်ရည်စတွေကို သုတ်ပစ်ရင်း ကျွန်မ ဝမ်းပန်းတနည်း ပြောမိတယ်။

'ကန်လမ်းအိမ်လေးကို အိပ်မက်မက်လို့ အိပ်မက်ထဲမှာ သိပ်ပျော်စရာကောင်းတာပဲ ကိုယ်တို့ ဟိုတုန်းက နေခဲ့တဲ့အတိုင်းလေ။ ကလေးတွေက ပတ္တလားတီးပြီး သီချင်းဆိုလို့။ ဆိုတာက ရွှေပဇွန်၊ မိပန်းအသံနဲ့တူတယ်။ နေဦး၊ နေဦး။ ကိုယ်သိပြီ ဒီအိပ်မက်မြင်ကွင်းဟာ ဆိုကရေးတီးပြိုင်ပွဲအတွက် သီချင်းတိုက်ကြတဲ့မြင်ကွင်း။ သိပ်ဟုတ်တာပေါ့။ အဲ့ဒီနှစ်က သီချင်းကြီးမှာ ရွှေပဇွန်ပါတယ်။ နောက်ဆုံး ဆိုကရေးတီးပြိုင်ပွဲပေါ့။ သိပ်လွမ်းစရာကောင်းတာပဲ ပြိုင်ပွဲလုပ်တာ ဒီလိုအချိန်ပဲနော်။ ဒီလိုပဲလေ မိုးတွေကလည်းရွာလို့'

> ပထမဆုံး ကျွန်မသတိထားမိတဲ့သူက အသားညိုညို ဆံပင်ဖွာလန်လန် ပခုံးပေါ်မှာ တဘက်သေးသေးတစ်ထည်ကို ဟန်နဲ့ပန်နဲ့ တင်ထားတဲ့သူ လောကကြီးမှာ အားလုံးဟာ သူ့အတွက် အရေးကြီးနေသလို ပုံဆောင်နေတဲ့ သွားတဖြဖြ တစ်ချိန်လုံး တဟဲဟဲလုပ်နေတဲ့ အသက်ခပ်ကြီးကြီး ကျောင်းသားတစ်ယောက်

'အေး၊ အေး၊ မိုးတွေရွာရင် အိပ်တော့။ အိပ်မက် ရှင်းလင်းပွဲကြီး မလုပ်နဲ့တော့၊ ကိုယ် စာဖတ်မလို့'

'အိမ်ထဲမှာလည်း ငှက်ပျောသီးကြော်နံ့တွေကလည်း မွှေးလို့၊ ငှက်ပျောသီး ကြော်နေတာ ဟိုကောင် အောင်ကျော်ဆန်းပဲ၊ ဖြစ်ရမယ်။ အုန်းထမင်းနဲ့ ငှက်ပျောသီးကြော်ဆို အသေကြိုက်တဲ့ကောင်။ ခြံထဲမှာ အုန်းသီးက ပေါပေါနဲ့။ အဲဒီတုန်းက ခဏခဏ ချက်စားကြတာပဲ။ ပြီးတော့လည်း သီလား၊ အိပ်မက်ထဲမှာ ဓာတ်ဆီ၊ ဓာတ်ဆံ ပြက်လုံးသံတွေလည်း ကြားရတယ်။ ဘယ်သူ ရှိရမလဲ၊ ဟိုကောင် အောင်သန်းဦးပေါ့။ အရိုင်းပေါ့။ ပတ္တလားတီးတာကတော့ မောင်စိုးနိုင်ဖြစ်မှာပဲ'

'အိပ်တော့ကွာ'

'ဟင့်အင်း၊ မအိပ်ဘူး'

'လိမ္မာတယ်၊ အိပ် အိပ်။ ဒါမှ အိပ်မက် အလျှဉ်မပြတ်မှာ မဟုတ်လား'

'လိုက်နောက်မနေနဲ့၊ ဒီမှာ…'

'ဘာလဲကွာ၊ ကိုယ် စာဖတ်နေတယ်'

'ကန်လမ်း အိမ်လေးကို လွမ်းတယ်'

'အင်း… အင်း'

'လှည်းတန်းကို ချစ်တယ်'

'အင်း…အင်း'

'တကယ်ပြောတာ။ ကိုယ်တို့လှည်းတန်းဟာ ဘူမိနက်သန်နယ်မြေ။ ကိုယ်ချစ်တဲ့ လှည်းတန်းဆိုတဲ့ အရပ်မှာလေ၊ တကယ့်ကို ပျော်စရာကောင်းတဲ့ အိမ်ကလေးတစ်အိမ်ကို ကိုယ်ပိုင်ဆိုင်ခဲ့ဖူးတယ်'

❑

ကျွန်မအိမ်ကလေးက သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်အိမ်ကလေး၊ လှေကားလေးထစ်နဲ့ တက်ရတဲ့ ဖိနပ်ချွတ် ဝရန်တာရှည်မှာ သံဆန်ခါကွက်လေးတွေနဲ့။ အိမ်လေးရှေ့မှာ ခုလို မိုးတွင်းဆိုရေတွင်း နှုတ်ခမ်းပေါင်ထိ ရေပြည့်နေတတ်တဲ့ ရေတွင်းလေးတစ်တွင်းလည်း ရှိတယ်။ ဒီလိုမျိုး ရေတွင်း ရေပြည့်တာကို တစ်ခါမှ မမြင်ဖူးခဲ့တဲ့ အညာသူ ကျွန်မ အိမ်လေးကို ရောက်ခါစ မိုးတွင်းမှာ အံ့သြတကြီး ထိုင်ကြည့်နေခဲ့ဖူးတယ်။ အိမ်လေးရဲ့ ခြံဝင်းထဲမှာလည်း အုန်းပင်၊ သရက်ပင်၊ ကွမ်းသီးပင်တွေနဲ့ အုပ်ဆိုင်း အေးမြလို့။ ရှားရှားပါးပါး အညာအလွမ်းပြေ မန်ကျည်းပင်လေးတစ်ပင်လည်း ရှိတယ်။

အိမ်ကလေးမှာ အိပ်ခန်းက သုံးခန်းတောင်ရှိတယ်။ မီးဖိုခန်းနဲ့ ထမင်းစားခန်းလေးကလည်း တွဲလျက်သားလေး။ ဧည့်ခန်းလေးလည်း ရှိတယ်။ အိမ်သားနှစ်ယောက်ပဲရှိတဲ့ ကျွန်မတို့အဖို့ ကျယ်လို့တောင် နေပါသေးတယ်။ အနောက်ဘက်ခြမ်းက အိပ်ခန်း ရှည်ရှည်လေးကို ကျွန်မတို့အတွက်၊ အရှေ့ဘက်ခြမ်းက အိပ်ခန်းတစ်ခန်းကိုတော့ ဧည့်သည်လာရင်အိပ်ဖို့အတွက်။ ကျန်တဲ့အခန်းကိုတော့ စာအုပ်တွေထားပြီး စာဖတ် စာရေးမယ်ပေါ့။

ဒါပေမဲ့ နေရာချပြီးလို့ တစ်လတောင်မပြည့်သေးဘူး ဧည့်ခန်းပါ အိပ်ခန်းဖြစ်သွားတော့တယ်။ အမြဲတမ်း ဧည့်သည်လေးတွေနဲ့ ပြည့်လာတဲ့ ကျွန်မတို့အိမ်ကလေးဟာ ကျဉ်းလို့တောင် သွားခဲ့ပြီ။ ကျွန်မတို့ရောက်ခါစက တိတ်ဆိတ်ငြိမ်သက်နေတတ်တဲ့ အိမ်ကလေးဟာ စည်ကားဆူညံ အသက်ဝင်လာခဲ့တယ်။

ကျွန်မခင်ပွန်းရဲ့ကျောင်းက တပည့်'ကလေးကြီး'တွေပေါ့။ ဒါပေမဲ့ သူ့ဌာန 'ဆိုက်ကိုမေဂျာ'က ကလေးတွေ မဟုတ်ဘူး။ မေဂျာစုံက ကလေးတွေ။ သူအတွင်းရေးမှူးလုပ်နေတဲ့ အနုပညာအသင်းက ကလေးတွေလေ။ အဆိုတော်လေးတွေ၊ မင်းသမီးလေးတွေ၊ မင်းသားလေးတွေ၊ အတီးသမားလေး



www.burmeseclassic.com

www.burmeseclassic.com

တွေပေါ့။ ချစ်စရာကောင်းတဲ့ သင်းတို့လေးတွေနဲ့ စပြီး ဆုံစည်းရတဲ့ အနုပညာအသင်းရဲ့ ပထမဆုံးအကြိမ် ဆိုကရေးတီး ပြိုင်ပွဲကို သတိတရ ကျွန်မ မှတ်မိနေပါသေးတယ်။ ဟောဒီလိုအချိန်၊ ဟောဒီလပါပဲ။ မိုးတွေကလည်း ဟောဒီလိုပဲ ရွာလို့။ ❑

'ဒီပြိုင်ပွဲကို ကိုယ်နဲ့ ဆရာ ဦးခင်မောင်လတ်တို့ နှစ်ယောက် ကျိတ်တိုင်ပင်ပြီး လုပ်ကြတာကွ။ သိတယ် မဟုတ်လား၊ အင်းဝသား ကိုလတ်လေ။ သူကလည်း ဝါသနာသိပ်ကြီးတာနော်။ ခုကလေးတွေကလည်း ပြိုင်ပွဲကို အရမ်းစိတ်ဝင်စားကြတာပဲ။ စာရင်းလာပေးတဲ့သူတွေ တော်တော်များတယ်။ ကိုယ်သိတယ်။ ဒီအထဲမှာ မီးခဲပြာဖုံးလေးတွေ အများကြီးပါမှာ။ ဒီနေ့သိရမှာပေါ့။ နေဦး၊ ဟိုကျရင်ကိုယ်ပြမယ်။ ကိုယ်ပြောတဲ့ ပြဇာတ်ထဲမှာပါတဲ့ ကျောင်းသားလေး အောင်သန်းဦးတဲ့။ ဟာ တကယ် ပါရမီပါတယ်ကွာ။ ကိုယ့်ပြဇာတ်ထဲမှာ သူက ရူပါပဲ။ မြို့တော်ထဲက တရားရှင်စိန်အောင်လွင်ရဲ့ ဟန်ပန်အမူအရာ အကုန်ရတယ်'

မိုးတွေသည်းသည်း ရွာနေတဲ့ ဂျပ်ဆင်ထိပ်က ရေတမာတန်းအောက်မှာ သူ့ပြိုင်ပွဲအကြောင်းကို မမောနိုင် မပန်းနိုင် တတွတ်တွတ်ပြောရင်း ခြေလှမ်းတွေ သွက်နေတဲ့ သူ့ကိုမီအောင် ကျွန်မ မနည်းလိုက်လျှောက်နေရတယ်။ သူ့ဆီက စိတ်အားထက်သန်မှုတွေ ကျွန်မဆီကိုပါ ကူးစက်ပြီး ကျွန်မလည်း ရင်ခုန်နေတယ်။ ပြီးတော့ သူတို့ကျောင်းကို မနာလိုဖြစ်နေမိတယ်။ ကျွန်မတို့ မန္တလေး တက္ကသိုလ်မှာ တစ်နှစ်တစ်နှစ် ဂီတဆည်းဆာ လုပ်တာကလွဲရင် ဒီလိုမျိုး ပြိုင်ပွဲမလုပ်ဖူးဘူး။ အနုပညာ အသင်းရယ်လို့လည်း သတ်သတ်မှတ်မှတ် မရှိခဲ့ရဘူးလေ။ မန္တလေးတက္ကသိုလ်မှာ စိတ်ကူးယဉ်ခဲ့တာတွေကို အကောင်အထည်ဖော်ရလို့ သူတစ်ယောက်ကတော့ ကျေနပ်နေဟန်တူရဲ့။ အနုပညာအသင်းဆီက စည်းဝါးသံ၊ ပတ္တလားသံလေးတွေ လွင့်ပျံ့လာတော့ မန္တလေး တက္ကသိုလ်မှာတုန်းက ခဏခဏသွားခဲ့တဲ့ ပန်တျာကျောင်း အဝင်ကို ဖျတ်ခနဲ အမှတ်ရ လွမ်းလိုက်မိတယ်။ လေထဲမှာ လွင့်ပျံ့နေမြဲဖြစ်တဲ့ ဗုံသံ၊ ပတ္တလားသံ၊ စည်းဝါးသံနဲ့ ကလေးတို့ရဲ့ 'စည်း၊ ဖနှောင့်၊ ဗျောက်၊ ဖဝါး' ဆိုတဲ့ ညီညီညာညာ အော်သံလေးတွေ။

အနုပညာအသင်းခန်းထဲကို ကျွန်မတို့နှစ်ယောက် ဝင်လိုက်တာနဲ့ စိတ်လှုပ်ရှားပျော်ရွှင်နေတဲ့ မျက်နှာလေးတွေက သူတို့ဆရာကို ဝမ်းသာအားရ နှုတ်ဆက်ကြတယ်။ တစ်ယောက်တစ်ပေါက် တိုင်ကြတောကြ၊ ပြိုင်ပွဲအစီအစဉ်အတွက် ပြောကြဆိုကြနဲ့ အလုပ်ရှုပ်သွားလိုက်ကြတာ။ သူကလည်း ကျွန်မကို မေ့သွားပြီ။ ကျွန်မတို့မြို့သား ဆရာကိုလတ်ကလည်း ကွမ်းတဝါးဝါးနဲ့ ကျွန်မကို ပြုံးရုံပဲ ပြနိုင်တယ်။ မှန်တွေအပြည့် တပ်ဆင်ထားတဲ့ ပြဇာတ်ခန်းထဲက ခုံရှည်လေးမှာ ကျွန်မ ထိုင်ပြီး သူတို့တွေကို ငေးမောရင်း ပထမဆုံး ကျွန်မသတိထားမိတဲ့သူက အသားညိုညို၊ ဆံပင်ဖွာလန်လန်၊ ပခုံးပေါ်မှာ တဘက်သေးသေးလေးတစ်ထည်ကို ဟန်နဲ့ပန်နဲ့ တင်ထားတဲ့သူ။ လောကကြီးမှာ အားလုံးဟာ သူ့အတွက် အရေးကြီးနေသလို ပုံဆောင်နေတဲ့ သွားတဖြဲဖြဲ၊ တစ်ချိန်လုံး တဟဲဟဲလုပ်နေတဲ့ အသက်ခပ်ကြီးကြီး ကျောင်းသားတစ်ယောက်။ အညာသားပုံမှန်းလည်း မြင်တာနဲ့ ကျွန်မသိတယ်။

ခဏကြာတော့ သူ ကျွန်မနားလာထိုင်ပြီး 'အစ်မ ပျင်းနေပြီလား' တဲ့။ ပြီးတော့ ဆေးပေါ့လိပ်ကို အားရပါးရ ဖွာပြီး စိတ်လှုပ်ရှားနေတဲ့ အသံနဲ့ 'ကျွန်တော် ပြဇာတ်တစ်ပုဒ် ပြဇာတ်ပြိုင်ပွဲမှာ က,ပါတယ် အစ်မ၊ ကျွန်တော် ကြိုးစားထားတာပဲ။ ကျွန်တော်က အာရ်စီမှာတုန်းက ရုပ်ရှင်အတတ်ပညာယူခဲ့တာ။ ဇာတ်ညွှန်းရေး ဆရာ၊ ဒါရိုက်တာ ကျွန်တော် သိပ်ဖြစ်ချင်တာပဲ' တဲ့ ။ ဇာတ်ဆရာဂိုက်၊ ဒါရိုက်တာဂိုက်အပြည့်နဲ့ တဘက်ကို ယူပြီးတော့လည်း မျက်နှာသုတ်ရသေးတယ်။

'ကျွန်တော်က တန့်ဆည်သားအစ်မရဲ့၊ ကျွန်တော့်နာမည်က ဖုန်းဝေပါ' လို့ ဆက်လက်ပြောပြ မိတ်ဆက်တဲ့ ပြဇာတ်ဒါရိုက်တာ ဖုန်းဝေဟာ နောင်အခါ ကျွန်မတို့ရဲ့ မွေးစားသားသမီးများစွာထဲက တစ်ယောက်ပေါ့။ တန့်ဆည်ကနေ ဆယ်တန်းမှာ ကိုယ့်ထူးကိုယ်ချွန် စာဆက်သင်မယ်ဆိုပြီး မိဘအထောက်အပံ့မယူဘဲ ရန်ကုန်မှာ တစ်ယောက်တည်း ရုန်းကန်လှုပ်ရှားပြီး ကျောင်းဆက်တက်ခဲ့တာတဲ့။ ဆိုက်ကားလည်း နင်းဖူးသတဲ့။ တကယ်တော့ တန့်ဆည်မှာ သူ့အဖေက ရာထူးရာခံနဲ့၊ ညီအစ်ကိုလည်း နှစ်ယောက်တည်းရှိတာ။ ဒါပေမဲ့ သူ့အားသူကိုးပြီး သူဖြစ်ချင်တာဖြစ်အောင် လုပ်သွားနိုင်ခဲ့တယ်။ ခုတော့ အိမ်ထောင်တွေ ဘာတွေကျပြီး ကလေးတွေ ဘာတွေနဲ့ ရုပ်ရှင်ဒါရိုက်တာ လုပ်နေလေရဲ့။

အဲ့ဒီတုန်းက ပြဇာတ်ဒါရိုက်တာ ဖုန်းဝေ ကျွန်မနဲ့ စကားပြောနေရာက မျက်နှာကြီးက ဝင်းခနဲဖြစ်သွားပြီး သွားအဖြဲသားနဲ့ ငေါက်ခနဲ ထ,သွားပုံကို ကျွန်မသတိရမိသေးတယ်။ 'ဟော မခိုင်တို့လာပြီ။ ကျွန်တော့်ပြဇာတ် မင်းသမီးလေ အစ်မ' လို့ ပြောပြောဆိုဆို ထ,ပြေးလေတာ။ သူတင်တဲ့ မင်းသမီးက အကယ်ဒမီ ခိုင်ခင်ဦး ဖြစ်လာမယ့် ကျောင်းသူလေး 'ခိုင်ခင်ဦး' လေ။ ဖုန်းဝေပြဇာတ်ရဲ့ မင်းသားက ရုပ်ရှင်မင်းသား မဖြစ်သေးတဲ့ ကျောင်းသား 'ဘိုမြင့်ရှိန်'။ သူ့မင်းသားနဲ့ မင်းသမီး ပွဲမဝင်၊ အပြင်က ကျင်းပနေတာကို ချွေးတသုတ်သုတ်နဲ့ ကြီးကြပ်နေတဲ့ ဒါရိုက်တာ ဖုန်းဝေကလည်း ကျွန်မကို မေ့သွားပြီး။

အဲ့ဒီမှာ ကျွန်မ ဘာကို သွားသတိထားမိသလဲ ဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ မြင်ရုံနဲ့ ရယ်ချင်စရာကောင်းပြီး အငြိမ်မနေ ဆတ်ဆလူးထနေတဲ့ ပိန်ရှည်ရှည်မျက်မှန်နဲ့ ကျောင်းသားတစ်ယောက်။ နှာခေါင်းကျိုးနေတဲ့ ရောဂါသည်တစ်ယောက်ရဲ့ အသံနဲ့ 'တနားဂျပါခင်ညာ တနားဂျပါ၊ မမလေးတို့ ပေးမှကမ်းမှ ချားရမယ့် ဘဝပါခင်ည' ဆိုပြီး မင်းသမီးဝတ်စုံပြည့်နဲ့ ကျောင်းသူလေးတွေနား လိုက်တောင်းနေလို့ တစ်ခန်းလုံး တဝေါဝေါ ဖြစ်နေကြတယ်။ သူနဲ့ တခြားကျောင်းသားလေးတွေ ဝိုင်းမှာ ထိုင်ပြီး ဇာတ်တိုက်ပေးနေတဲ့ သူတို့ဆရာက ကျွန်မဆီ သူ့ကို ခေါ်လာတော့ အဝတ်စုတ်တွေကို အထပ်ထပ် ရစ်ပတ်စည်းနှောင်ထားတဲ့ ခြေထောက်တွေကို ထော့နဲ့ ထော့နဲ့လုပ်ပြီး အိုက်တင်အပြည့်နဲ့ လိုက်လာတယ်။ သူ့ပရိသတ်ဖြစ်ရတော့တာပဲ။ သူတို့ဆရာပြောတဲ့ အောင်သန်းဦးဆိုတာမှန်းလည်း ကျွန်မ သိလိုက်ပြီ။

သူတို့ပြဇာတ်က သုဘရာဇာကြီးတစ်ယောက်မှာ ရှိတဲ့ သမီးချောလေးကို သူတောင်းစားတွေက ဝိုင်းပိုးကြတဲ့အခါမှာ သုဘရာဇာကြီးက အကောင်းဆုံး တောင်းနိုင်တဲ့ လူနဲ့ သမီးနဲ့ ပေးစားမယ်ဆိုပြီး တစ်ယောက်စီ တောင်းပြနိုင်းတဲ့ တစ်ခန်းရပ် ပြဇာတ်ကလေး။ သူတောင်းစားလုပ်တဲ့လူတွေက အောင်သန်းဦးရယ်၊ ငွေးမော်ရယ်။ ပါချင်လွန်းလို့ အီကိုကနေ လာပါတဲ့ (ယောက်ျားလေးတန်မဲ့ အိမ်တွင်းမှု အတတ်ပညာမှာ တစ်ပြည်လုံး ပထမရတဲ့)

**အောင်သန်းဦး(အရိုင်း)၊ ပေါ်ပေါ် စုတ်ချွန်း တက်တူဆိုတဲ့ မျိုးဆက်သစ် လူရွှင်တော်လေးယောက်ကို ပထမဆုံးအကြိမ် အနုပညာအသင်း ဆိုကတီးပြိုင်ပွဲကနေ မွေးဖွားပေးလိုက်တာ ပေါ့**

စုတ်ချွန်းရယ်၊ တက်တူရယ်၊ ကျော်ငွေးဓံရယ်၊ နောက် နာမည် မမှတ်မိတဲ့ မြန်မာစာကျောင်းသားလေးတစ်ယောက်ရယ်။

သူတို့ပွဲမစခင် လုပ်နေတဲ့ ရီဟာဇယ်ကိုကြည့်ပြီး ကျွန်မစိတ်ထဲမှာ အောင်သန်းဦးတစ်ယောက်ကိုပဲ အားရတယ်။ ကျန်တဲ့ကလေးတွေက ကြောက်နေသလို ပဲ။ သူတို့ခမျာ တစ်ခါမှလည်း မက,ဖူးရှာကြသေးဘူးလေ။ ဒါပေမဲ့ 'ဇ'ကလေးတွေနဲ့ ဆိုတော့ တကယ်လည်းက,ရော သူတို့ သိပ်ကိုအောင်မြင်ကြပါတယ်။ ဒါပေမဲ့ တက်တူလေးတစ်ယောက် ခွင်ထဲမှာ ဒူးတွေတဆတ်ဆတ်တုန်နေတာကို ကျွန်မ ခုထိ မြင်ယောင်မိသေးတယ်။ ခုတော့လည်း လူရွှင်တော် တက်တူလည်းဖြစ်ခဲ့ပြီ(ဆုံးလည်း ဆုံးရှာခဲ့ပြီလေ။)။

အဲဒီပွဲပြီးတာနဲ့ အောင်သန်းဦးရယ်၊ ငွေးမော်ရယ်၊ စုတ်ချွန်းရယ်၊ တက်တူရယ်၊ လူရွှယ်တော်တစ်တွဲ တွဲမိသွားခဲ့ကြတယ်။ အောင်သန်းဦး(အရိုင်း)၊ ပေါ်ပေါ်၊ စုတ်ချွန်း၊ တက်တူဆိုတဲ့ မျိုးဆက်သစ် လူရွှင်တော်လေးယောက်ကို ပထမဆုံးအကြိမ် အနုပညာအသင်း ဆိုကတီးပြိုင်ပွဲကနေ မွေးဖွားပေးလိုက်တာပေါ့။

ပြဇာတ်သရုပ်ဆောင် ပထမဆုကို အောင်သန်းဦးက ရတယ်။ သူ့ကို သုဘရာဇာကြီးက တောင်းပြစမ်းဆိုတာနဲ့ သူက အပူတောင်း၊ အအေးတောင်း နှစ်မျိုးတောင်းပြတာ ပရိသတ်ကြီး တစ်ခုလုံး ပတ်တုတ်လို့မရဘူး။ ဩော် အဲ့ဒီကောင်ဟာ တကယ့် ကို လူရွှင်တော်လုပ်စားဖို့ သူ့အမေက မွေးပေးလိုက်တဲ့သူပါပဲ။ ပြက်လုံးများ ပြက်ရမယ်ဆိုလို့ကတော့ လူရှေ့၊ သူရှေ့ ဘယ်သူရှေ့ဖြစ်ဖြစ်၊ စင်ပေါ် ဟုတ်ဟုတ် မဟုတ်ဟုတ် ရည်းစားရှေ့လည်း မရှောင် ပြက်တဲ့ကောင်၊ အိပ်ရာကနိုး ပြက်ခိုင်းရင်ကို မည်းည်းမညူ ထ,ပြက်တဲ့ကောင်။ ကုန်ရော။ ရည်းစားနဲ့အဆင်မပြေလို့ ဆွေးနေတဲ့ကြားထဲမှာကို ဘောကစ,ပေးလိုက်တာနဲ့ မျက်နှာချက်ချင်းပြောင်းပြီး စပ်ဖြဲဖြဲနဲ့ ပြက်လုံးထ,ပြက်တယ်။ ပြက်ပြီးတော့မှ ပြန်မှိုင်ပြီး ပြန်ဆွေးတယ်လေ။ သူတို့တွေ အတူတူပါပဲ။ စုတ်ချွန်းဆိုလည်း ဘာထူးလဲ။ ပွဲမက,ရရင် မနေနိုင်မထိုင်နိုင်ဖြစ်ပြီး ပွဲလိုက်ရှာနေတာပဲ။ ကျောင်းပွဲရှိရင်ရှိ၊ မရှိရင် အရပ်ပွဲ၊ နောက်ဆုံး ဗလာဇာတ်တွေမှာလိုက်က,တယ်။ ညကြေးတွေ ဘာတွေလည်း ရတာမဟုတ်ဘူး။ မိဘတွေက ဒီလိုလုပ်နေတာ ဘယ်ကြိုက်ပါ့မလဲ။

တစ်ခါဟာ ဒီကောင်လုပ်ပုံကြောင့် မအေကြီးရင်ကွဲပက်လက်ကိုဖြစ်ရော။ ဇာတ်တစ်ဇာတ်နဲ့ နယ်ကိုပွဲက,သွားဖို့ အိမ်ကမသိအောင် အလိုက်မှာ သဘော်က မနက်မှထွက်မှာဆိုတော့ ဆိပ်ကမ်းမှာ ညဆင်းအိပ်တာ။ ဖြစ်ချင်တော့ သူ့အမေကြီးက မနက်စောစော သဘော်နဲ့ပြန်မယ့် မိတ်ဆွေတစ်ယောက် လိုက်ပို့တော့ ဝါးတန်း ဖောတံတားမှာ အိပ်နေကျလူတွေနဲ့ အတူတူ ရောအိပ်နေတဲ့ နေရာနားရပ်မိရော။ ဒီကောင်က စောင်ကို ခေါင်းမြီးခြုံအိပ်နေတာ။ ခြုံထားတဲ့ စောင်လေးက မအေက သူ့အတွက် ဝယ်ပေးတဲ့ စောင်အကောင်းစားလေး။ မအေကြီးက ငါ့စောင်လေးနဲ့ တူလိုက်တာဆိုပြီး မသင်္ကာဖြစ်လာတာနဲ့ စောင်ဆွဲလှပ်ကြည့်တော့ သားလုပ်တဲ့ သူလည်း ဖြစ်နေရောငိုလိုက်တာတဲ့။

ဒါပေမဲ့ ဒီကောင်က တစ်ခုတော့ တော်တယ်။ ကျောင်းဖျက်ပြီး ပွဲနောက် ဘယ်လောက်လိုက်လိုက် ရောက်တဲ့နေရာမှာ ...ချက် တတ်တယ်။ ...ည်းတော်တယ်။ ဒီ...က်ပွဲက,နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကောင်က အီကိုဖိုင်နယ်မှာ ဂုဏ်ထူးတွေနဲ့ ကွာလဖိုင်း ဖြစ်သွားတယ်။

အောင်သန်းဦးခေါ် မောင်အရိုင်း ပြက်သမျှ၊ ပြောသမျှ စကားလုံးတိုင်း၊ ပြက်လုံးတိုင်းကို ဘေးကနေ ထိုင်ကြည့်ပြီး တဟားဟား သဘောကျနေတတ်တဲ့ ကျွန်မတို့ရဲ့ ခွင့်အလွှတ်ရဆုံး၊ သည်းညည်းအခံရဆုံး၊ သံယောဇဉ်အကြီးရဆုံး သားကြီး ဩရသတစ်ယောက် ဖြစ်လာမယ့် 'အောင်ကျော်ဆန်း' ဆိုတဲ့ ဆရာကြီး ရွှေပြည်ဦးဘတင်ရဲ့ မြေးကြီး ဩရသ၊ အကယ်ဒမီ ဒါရိုက်တာ ဦးဝင်းဖေရဲ့ သားကြီး ဩရသကိုတော့ ဆိုကတီး ပြိုင်ပွဲရဲ့ သီချင်းကြီးပြိုင်ပွဲမှာ ကျွန်မတွေ့တဲ့အခါ စည်းဝါးလေးကိုင်ပြီး စင်ပေါ်တက်လာတဲ့ မည်းမည်း ပိန်ပိန်ရှည်ရှည်လေးကို။ ဩော် ဒီကလေးနှယ် ရုပ်ကလေးက မလှရှာဘူး၊ သနားစရာလေးဆိုပြီး သနားနေမိတယ်။ ဒါပေမဲ့ စည်းဝါးကို ကျကျနနကိုင်တဲ့ပြီး ဆိုလည်းဆိုရောကောင်းလိုက်တဲ့အသံပါလား။ သူပဲ ပထမရတယ်။ ပြိုင်ပွဲပြီးတာနဲ့ ကျွန်မတို့အိမ်ကို ရှာဖွေပြီး ပထမဆုံး ရောက်လာတာ သူပဲ။ အိမ်မှာ အမြဲလိုလို နေတာလည်းသူပဲ။ သူ့ကို ကျွန်မတို့နှစ်ယောက်က အကျည်းတန်တဲ့ ဘဲကလေးဆိုပြီး အသနားပို အချစ်ပိုကြတယ်။ ဒီကောင်က တကယ့် ရွှေပြည့်မြေးစစ်စစ်ပဲ။ မဟာဂီတမှ မဟာဂီတ၊ သီချင်းကြီးမှ သီချင်းကြီးမှပဲ။ ခေတ်ပေါ်၊ ကာလပေါ်လား မမေးနဲ့၊ ဘာကိုမှ မသိဘူးရယ်။ သူ့အဖေ ဆရာ ဦးဝင်းဖေက ဒါရိုက်တာမလုပ်ခင် မန္တလေး ပန်းတျာကျောင်းအုပ်ကြီး လုပ်ခဲ့သေးတော့ သူက သီချင်းကြီးတွေ အများကြီးရတဲ့အပြင် အကကိုလည်း မိန်းကလေးအက၊ ယောကျ်ားလေးအက အားလုံးရခဲ့တယ်။

အဲဒီပွဲမှာ မိန်းကလေး သီချင်းကြီးဘက်ကတော့ အခု 'မေဇင်' ဆိုပြီး စတီရီယိုဆိုနေတဲ့ 'ခင်စန်းထွန်း' ဆိုတဲ့ ကျောင်းသူလေးက ပထမရတယ်။ ကာလပေါ်လည်း သူပဲရတယ်။ ပြီးတော့ အငြိမ့်ပုံစံနဲ့ အငြိမ့်သီချင်းနဲ့ အကပြိုင်နိုင်းတဲ့ ပြိုင်ပွဲက နောက်ဆုံးမှလုပ်တယ်။ 'ဦးသဝန်ကြောင်' နဲ့ ပြိုင်ရတာ။ ပြိုင်ကြတဲ့ ကျောင်းသူလေးတွေ အကုန်လုံးက တကယ့်ဝါရင့်မင်းသမီးကြီးတွေကျလို့။ သိပ်တော်ကြတာပဲ။ ကို့ပြောသလို မီးခဲပြာဖုံး အနုပညာရှင်လေးတွေ ကျောင်းမှာ အများကြီးပါလားလို့ ကျွန်မ အံ့ဩဝမ်းသာရင်း ဒီပြိုင်ပွဲကို လုပ်ပေးတဲ့ တက္ကသိုလ်အနုပညာအသင်းကို ကျေးဇူးတင်နေမိတယ်။

မြူးကြွသွက်လက်တဲ့ အငြိမ့်တီးလုံးရယ်၊ တက်ကြွပျော်ရွှင်နေတဲ့ ကျောင်းသူကျောင်းသား ပရိသတ်တွေရယ်၊ အပန်းဖြေခန်းမကြီးပြင်ဘက်က တဝေါဝေါရွာချနေတဲ့ မိုးသံတွေရယ် အားလုံးဟာ မမေ့နိုင်စရာ။ သိပ်ကိုပျော်စရာ၊ ကြည်နူးစရာကောင်းနေခဲ့ပါတယ်။ သူတို့လေးတွေ မဆိုထားနဲ့ ကျွန်မတောင်မှ ဒီပြိုင်ပွဲကို စွဲလမ်းသွားပါပြီ။

❑

'အဲ ကျွန်တော်ကတော့ ရေနံချောင်းက ဖေကံကောင်းကိုဗျ။ ကျွန်တော့်ကိုလည်း လူလည်၊ လူလည်နဲ့ ပြောကြ။ လည်တာတော့ မပြောနဲ့ ခင်ဗျာ၊ မနက်စာနဲ့ ညစာ ပေါင်းစားရတာပဲ ကြည့်ပါတော့။ လူလည်ဆိုလို့ ပြောရဦးမယ်။ မနေ့ကပေါ့။ လူလေးယောက်၊ ကျွန်တော့်ကို ဝိုင်းရိုက်မလို့၊ ဘယ်ရမလဲ။ ကျွန်တော်ကလည်း ပြန်ရိုက်တာ။ သူတို့'ဘု'၊ ကျွန်တော် ကုလားသုံးစီးပဲ။

'သတ္တိရှိတဲ့နေရာမှာတော့ မပြောပါနဲ့။ တမြန်နေ့ကတင် ဂါတ်တဲရှေ့ ပုလင်းကိုင်ပြီး ခပ်တည်တည် ဖြတ်သွားတာပဲ။ စာသင်ကြီးက 'ဟေ့ မင်းလက်ထဲက ဘာပုလင်းလဲကွ' တဲ့။ ကျွန်တော် မကြောက်ပါဘူး။ ရဲရဲဝံ့ဝံ့ ဖြေလိုက်တာပဲ။ 'ရေနံဆီပုလင်းပါခင်ဗျာ' လို့။ ပါးတဲ့နေရာလည်း နှစ်ယောက်မရှိပါဘူး ခင်ဗျား။ နေရောင်ထဲကို မရပ်ရဲအောင်ပါပဲ'

'ဟား ဟား။ ဟား ဟား၊ ဟား ဟား'

ဘယ်သူရှိရဦးမလဲ၊ အောင်သန်းဦးပေါ့။ အောင်ကျော်ဆန်းရယ်၊ မောင်စိုးနိုင်ရယ်၊ ကျော်မြင့်ရယ်၊ အောင်ကြည်တို့ရယ်က သူ့ဘေးမှာ ဝိုင်းလို့ ဓာတ်ဆီ၊ ဓာတ်ဆံ ပြက်လုံး တရားနာနေကြတာလေ။ အောင်ကျော်ဆန်းနဲ့ မောင်စိုးနိုင်က အဆိုးဆုံး။ အောင်သန်းဦးမြင်တာနဲ့ ရယ်ဖို့ပြင်နေတဲ့နှစ်ကောင်။

'ကဲ ဘယ်လိုလဲ။ နင်တို့ကတော့ဟယ် အောင်သန်းဦးများဆို ဓာတ်ဆီ၊ ဓာတ်ဆံ ထက်တောင် ကြည်ညိုသေးတယ်။ တိုးတိုးရယ်ကြ။ အိမ်နီးနားချင်းတွေ အားနာစရာ'

ကျွန်မကိုတော့ 'ဟုတ်ကဲ့ အစ်မ' ပြောပြီး လက်ကတော့ အောင်သန်းဦးကို တတို့တို့လုပ်နေရင်း အောင်ကျော်ဆန်းလေ 'ဟေ့ကောင် လုပ်ပါကွ၊ လုပ်ပါကွ' နဲ့။ အမြဲတမ်း ရယ်ပြီးသားလာတဲ့ မောင်စိုးနိုင်ဆိုတဲ့ ဝါးခယ်မသားကလည်း 'လုပ်ပါ လုပ်ပါ' နဲ့။ ဟိုကောင် အောင်သန်းဦးက စပ်ဖြဲဖြဲနဲ့ ကျွန်မကို ကြည့်ပြီး 'သွားများ မနာအောင် နုတ်ပေးတယ်'။ ဘယ်နေနိုင်တော့မလဲ။ ကျွန်မပါ လိုက်ရယ်မိတော့တာပေါ့။ ဒီကောင် ဓာတ်ဆီ၊ ဓာတ်ဆံ ပြက်လုံးများ ပြက်ပြရင် ဘယ်သူမှ မနေနိုင်ပါဘူး၊ ဓာတ်ဆီ၊ ဓာတ်ဆံရဲ့ အသံရော လေယူလေသိမ်းရော တထေရာတည်းပဲ။ အားလုံးကိုလည်း အလွတ်ရတယ်။ အဲ့ဒါကို ဟိုကောင်တွေက သူ့နား တကပ်ကပ်နဲ့ နေရာမရွေး၊ အချိန်မရွေး လုပ်ခိုင်းကြတယ်။ ရတယ်။ သူကလည်း လမ်းပေါ်မှာ လုပ်ရမလား၊ ကောင်မလေးတွေများတဲ့နေရာမှာ လုပ်ရမလား၊ ဘတ်စ်ကားပေါ်မှာ လုပ်ရမလား၊ ယုတ်စွအဆုံး အိပ်ရာထဲမှာ အိပ်ချင်မူးတူးနဲ့တောင် ပြက်ပြတယ်။

ခုလည်းကြည့်လေ။ အိမ်မရှိတဲ့ ပတ္တလားအကြောင်းကို တစ်ဖက်က နံရံသံချောင်းကို ချည်၊ တစ်ဖက်က ကုလား



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ(၁၃၁၀၀၀/–)နှုန်းနှင့် ထာဝရငွေပင် ငွေကျပ်၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျစွာချောင်
ဖုန်း ၀၉–၂၁၃၂၀၇၆၊၀၉–၄၅၀၂၀၀၇၃၇၊ ၀၉–၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ) ဖုန်း၀၉–၉၁၀၂၁၇၈၇၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း၀၂–၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှုလက်မှု)ဖုန်း၀၉–၂၀၀၁၇၁၇

### ရန်ကုန်

သီဟသုဓမ္မသိင်္ဂီ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သန်းမြင့်(ပပဝင်းရတနာ)(မှတ်၉၈၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း)၀၁–၅၅၄၃၉၇/ ၀၉လ–၅၁၁၃၅၁၈)

ဒေါ်ယဉ်သန်း(အမှတ် ၁၊ ငွေကြာယံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉–၅၁၅၂၂၇၇၊ ၀၉–၇၉၉၂၅၇၂၀၃)

ဒေါ်ခင်စန်း (AMBO Hotel) အမှတ်–၈၁/အေ–၁၀၊ စုပေါင်းလမ်းသွယ်၊ အင်းယားမြိုင်၊ ဗဟန်း။ ဖုန်း၀၉–၅၁၂၂၀၀၃၊ ၀၁–၅၃၆၆၈၀)

ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၉–၇၃၀၇၂၄၉၂၊ ၀၉–၇၉၀၅၆၂၁၃၁)

ဒေါ် မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၉–၇၃၁၀၉၁၃၄၊ ၀၉–၂၆၀၉၇၀၁၂၇)

ဒေါ်စန်းစန်းခိုင်(Real Gems)(အေ–၁၀၊ အမှတ် ၂၃–၂၅၊ ဂျိုးဖြူရိပ်သာ၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း၀၁–၂၅၂၂၇၂၊ ၀၉–၅၀၈၂၂၄၁၊ ၀၉–၇၉၅၄၄၈၂၇၆)

ဒေါ်ယဉ်ယဉ်နီ(ပွင့်ဦးရတနာ၊ ဗိုလ်ချုပ်ဈေး၊ ဖုန်း–၀၉–၂၅၀၇၉၃၈၇၃)

ဒေါ်ခင်မြရွှေ(အမှတ် ၂၅၊ တမ္ဘောဇရိပ်သာ၊ ဗဟန်း၊ ရန်ကုန်၊ ဖုန်း–၀၁–၅၄၃၉၂၀၊ ၀၉–၇၉၈၂၃၅၀၀၉)

## အလှူရှင်များ

၁။ "သီဟသုဇာ နန္ဒ ထာဝရငွေပင်"။
ဦးသီဟစော+ဒေါ်သုဇာမြင့်ကြည်(သား) မောင်နန္ဒစောမြင့်မောင်
၃၉ ဘီ၊ သဇင်လမ်း၊ အလုံမြို့နယ်။
၄.၂.၁၄ တွင် "၁၀"သိန်း လှူဒါန်း၍ ယခု ၁၀ သိန်း ထပ်မံလှူဒါန်းသည်။ — ၂၀,၀၀,၀၀၀/- (သိန်းနှစ်ဆယ်)

၂။ "ဗညားဝင်းမူ ထာဝရငွေပင်"
နှစ်ဖက်မိဘဘိုးဘွားများအား ဦးထိပ်ထား၍
ဦးဗညားသန်းဟိန်း+ဒေါ်ဝင်းမူတင်
သား ဘုန်းမြတ်ခိုင်၊ သမီး မြမဥ္ဇူ မိသားစု။
၆/ခ, သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်။
ယခင် လှူဒါန်းပြီးငွေ ၃၆ သိန်း၊ ယခု လှူဒါန်းငွေ ၅ သိန်း။ — ၄၁,၀၀,၀၀၀/- (လေးဆယ့်တစ်သိန်း)

၃။ "ဆွေဝါလွင် ထာဝရငွေပင်"
မိဘနှစ်ပါး ဦးလွင်+ ဒေါ်ကျင်ဆွေတို့အား ရည်စူး၍ သမီး ဒေါ်ဝါဝါ
အမှတ် ၇၈၊ မြေညီထပ်၊ ၁၅ လမ်း၊ လမ်းမတော်မြို့နယ်။
ယခင် လှူဒါန်းပြီးငွေ ၁၀ သိန်း၊ ယခု လှူဒါန်းငွေ ၅ သိန်း။ — ၁၅,၀၀,၀၀၀/- (တစ်ဆယ့်ငါးသိန်း)

www.burmeseclassic.com

www.burmeseclassic.com

၄။ 'Dr.သံစစ် + ဒေါ်ခင်ညိုသိန်း ထာဝရငွေပင်'
အသည်းအထူးကုဆရာဝန်ကြီး Dr.သံစစ်+ ဒေါ်ခင်ညိုသိန်း မိသားစု။
အမှတ် ၇၄၂၊ မြရတနာလမ်း၊ ၃၆ ရပ်ကွက်၊ မြောက်ဒဂုံ။ — ၁၇၇,၀၀,၀၀၀/-
ယခင်လှူဒါန်းပြီးငွေ ၁၇၂ သိန်း၊ ယခု လှူဒါန်းငွေ ၅ သိန်း။ — (တစ်ရာခုနစ်ဆယ့်ခုနစ်သိန်းကျပ်)

၅။ 'ဦးခင်လတ်+ဒေါ်တင့်တင့် ထာဝရငွေပင်'
အင်ဂျင်နီယာ ဦးခင်လတ်+ Dr.ဒေါ်တင့်တင့် မိသားစု။
6 th June, 12th July ဇနီးမောင်နှံ မွေးနေ့အလှူ။
တိုက် ၁၈(ဘီ)၊ အခန်း ၂၀၂၊ ၅၆ လမ်း၊ ပုဇွန်တောင်။ — ၃၀,၀၀,၀၀၀/-
ယခင် လှူဒါန်းငွေ ၂၅ သိန်း၊ ယခု လှူဒါန်းငွေ ၅ သိန်း။ — (သိန်းသုံးဆယ်)

၆။ 'Dr.မဏ္ဍလ ထာဝရငွေပင်'
ဆရာတော် Dr.မဏ္ဍလ၊ ဆေးဝက်ပါကျောင်းဆရာတော် — ၅,၀၀,၀၀၀/-
ဗာရာဏသီ၊ အိန္ဒိယနိုင်ငံ။ — (ငါးသိန်းကျပ်)

၇။ 'ဂုဏ်ရှိန်မြင့်တဲ့ ပပဝင်း ထာဝရငွေပင်'
ဦးရှိန်မြင့်+သီဟသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်သန်းမြင့်
(ပပဝင်းရတနာ၊ ဂုဏ်ရှိန်မြင့်ရတနာ)
သားကြီး ဦးဝင်းဆွေ + ဒေါ်ကေသီဝင်း၊
သားငယ် ဦးဇေယျာအောင် + ဒေါ်အေးအေး၊
သမီး C/Eဦးသိန်းဦး+ Dr.မီမီခိုင်၊ မြေး သီဟဆွေ၊ ဖွဲ့ပြည့်အောင်၊
ရတနာဦး၊ ရတနာထူး မိသားစု။
အမှတ် ၉၈၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။ — ၁၅၀,၀၀,၀၀၀/-
ယခင် လှူဒါန်းပြီးငွေ သိန်း ၁၄၀၊ ယခု လှူဒါန်းငွေ ၁၀ သိန်း။ — (သိန်းတစ်ရာ့ငါးဆယ်ကျပ်)

၈။ 'မြသန်းထက် ထာဝရငွေပင်'
ဦးမြထွန်း(နိုင်ငံခြားရေး)+ဒေါ်သန်းနွဲ့(မြေစာရင်း)နှင့်
သားသမီးမြေးများ ကောင်းမှု
အမှတ် ၁၇၀(၂)၊ ပထမသီရိရိပ်သာ၊ အလုံမြို့နယ်။ — ၆၅,၀၀,၀၀၀/-
ယခင်လှူဒါန်းပြီးငွေ သိန်း ၆၀၊ ယခု လှူဒါန်းငွေ ၅ သိန်း။ — (ခြောက်ဆယ့်ငါးသိန်းကျပ်)

၉။ 'ငွေးနွယ် ထာဝရငွေပင်'
နှစ်ဖက်သောမိဘများအား ရည်စူး၍ ဦးငွေးသိန်း@ဦးကြည်လွင်
+ ဒေါ်နွယ်နွယ်စိန်၊ သား သတိုးလွင်၊ Dr.စည်သူလွင်(သမီး)အိဖြူလွင်။
၁/၁၁၊ အင်းစိန်လမ်း၊ ၉ ရပ်ကွက်၊ လှိုင်မြို့နယ်။ — ၁၀,၀၀,၀၀၀/-
ယခင် လှူဒါန်းပြီးငွေ ၉ သိန်း၊ ယခု ၁ သိန်း။ — (ဆယ်သိန်းကျပ်)

၁၀။ 'ရွှေနှင့်မြ ထာဝရငွေပင်'
ဦးရွှေဝင်း+ဒေါ်မြရီ မိသားစု။
အမှတ် ၂၅၃၊ ၅ လွှာ၊ ၃၉ လမ်းအထက်၊ ကျောက်တံတားမြို့နယ်။ — ၁၅,၀၀,၀၀၀/-
ယခင်လှူပြီး ငွေ ၁၀ သိန်း၊ ယခု လှူဒါန်းငွေ ၅ သိန်း။ — (တစ်ဆယ့်ငါးသိန်းကျပ်)

၁၁။ 'ခင်ငွေးလင်း ထာဝရငွေပင်'
ဒေါ်ခင်ငွေးလင်း(ဒါရိုက်တာ- ယုဇနကုမ္ပဏီလီမိတက်)
ယုဇနတာဝါ၊ ဗဟန်း၊ အမှတ် 615(R),ပြည်လမ်း၊ ကမာရွတ်။ — ၁၄,၀၀,၀၀၀/-
ယခင် လှူဒါန်းပြီးငွေ ၁၁ သိန်း၊ ယခု လှူဒါန်းငွေ ၃ သိန်း။ — (တစ်ဆယ့်လေးသိန်းကျပ်)

၁၂။ ဦးစံရင်(အင်/ယာမြန်မာမှု)+ဒေါ်သောင်းသောင်းမိသားစု
မလွန်ထန်းလျက်တန်း၊ မန္တလေးမြို့။ — ၁၀၀,၀၀,၀၀၀/-
ယခင်လှူဒါန်းငွေ ၈၃ သိန်း၊ ယခု လှူဒါန်းငွေ ၁၇ သိန်း။ — (သိန်းတစ်ရာ)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

ထိုင်ခြေထောက်ကို ချည်ထားတဲ့ ပတ္တလားရှေ့မှာ မဆိုနိုင် မတီးနိုင်ကြသေးဘူး၊ ခွက်ဆီ၊ ခွက်ဆံ တရားနာပြီး တဝေါဝေါ လုပ်နေကြတာ။

ဆိုကတီးပြိုင်ပွဲပြီးကတည်းက ဒီအိမ်ကို သူတို့လေးတွေ တစ်ယောက်ပြီး တစ်ယောက် ရောက်လာခဲ့ကြတယ်။ အောင်ကျော်ဆန်း၊ အောင်သန်းဦး၊ ဖုန်းဝေ၊ ငွေးမော်၊ မောင်စိုးနိုင်၊ ကျော်မြင့်၊ အောင်ကြည်၊ မောင်မြင့်အောင်၊ မြစိုး။ ဒီကောင်တွေက အမြဲနေတွေ၊ အိမ်မပြန်ဘဲ နေတဲ့ကောင်တွေ။ တခြားကလေးတွေကတော့ နေ့ခင်း ဆိုတီးဆူညံစားသောက်ပြီး ပြန်ကြတယ်။ ဟိုအမြဲနေကောင်တွေကတော့ နေ့ကို ဆိုတီးဆူညံ စားသောက်လုပ်လိုက်၊ ကျောင်းသွားလိုက်လုပ်ပြီး ညကျရင် အိမ်ရှေ့ဧည့်ခန်းမှာ ကျွန်မတို့နှစ်ယောက် ကျောင်းသူနဲ့ ကျောင်းသား အဆောင်နေဘဝက တစ်ယောက်အိပ်ခြင်ထောင်နှစ်လုံးကိုဆက်ထောင်၊ ရှိသမျှစောင်၊ ခေါင်းအုံးတွေကို လုယက်အုံးကြပြီး မဆံ့မပြဲ ဝင်အိပ်ကြတော့တာပဲ။ အောင်သန်းဦးရဲ့ ပေါက်ကရပြက်လုံးတွေနဲ့ ခွက်ဆီ၊ ခွက်ဆံပြက်လုံးဟာ ခြင်ထောင်ထဲထိ တဝေါဝေါဖြစ်နေတော့တာပဲ။

မနက်လင်းလို့ အိပ်ရာက နိုးတာနဲ့ တစ်ပြိုင်နက်လည်း အောင်သန်းဦးရဲ့ ပြက်လုံးနဲ့ ထ,ကြတယ်။ သူတို့မှာ ပိုက်ဆံရှိရင်တော့ ကျွန်မတို့မနိုးခင်မှာ အိမ်ဘေးလက်ဖက်ရည်ဆိုင်ကနေပြီး လက်ဖက်

'သူလာရင် သူများ
စိတ်ကောက်
ပြေသွားပြီလို့
ပြောပေးပါ'တို့
'ဒီစာလေး
ပေးပေးပါနော်'တို့
'နှစ်နာရီကျော်
စောင့်တာတောင်
မလာလို့
ပြန်သွားပြီလို့
ပြောပေးပါနော်'တို့
'နက်ဖြန်မနက်
ရှစ်နာရီ
ဂျပ်ဆင်ကန်တင်းက
စောင့်နေမယ်လို့
ပြောပေးပါနော်'တို့
ဆိုတာတွေကို
မောင်မြင့်အောင်ခမျာ
စာအုပ်နဲ့မှတ်ရတယ်

ရည်ဝယ်၊ နံပြားဝယ်၊ ရေနွေးတောင်းထားပြီးမှ ကျွန်မတို့ကို နှိုးတတ်တယ်။ နှိုးပုံနှိုးနည်းကလည်း ကြည့်ဦးလေ။ တစ်ယောက်က ပတ္တလားတီးပြီး၊ ဟိုကောင် အောင်သန်းဦးက ပေါက်ကရသီချင်းတွေဆိုပြီးနှိုးတာ။ ကျွန်မမယ် ညကစာရေးလို့ ဘယ်လောက်ပဲ အိပ်ရေးပျက်နေနေ ထ,ရတော့တာပဲ။

သူတို့မှာ ပိုက်ဆံမရှိရင်တော့ ခေါင်းရင်းကနေ 'ဆရာရေ ဆာလှပြီ'၊ 'အစ်မရေ ဆာလှပြီ'လို့ တစ်ယောက်တစ်လှည့် အော်ကြတယ်။ သူတို့ထဲမှာ မနက်အိပ်ရာထ အကျင့်အကောင်းဆုံးကောင်က ဝါးခယ်မသား မောင်စိုးနိုင်၊ ပုံစံကလည်း လူကြီးစတိုင်လေ။ သူက ဆိုကတီးမှာ ပတ္တလား ပထမရထားတဲ့ကောင်။ မနက်အိပ်ရာထ,ရင် သူက အားလုံးထက် အမြဲအစောကြီးထ,တယ်။ အိပ်ရာထ မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှိခိုးတယ်။ ပြီးတော့ အိမ်ပေါ်မှာ တံမြက်စည်းလှည်းတယ်။ သောက်ရေအိုးရေဖြည့်တယ်။ ရေခွက်ရေအိုးဖုံး ဆေးတယ်။ သူက ဥပဒေကျောင်းသား၊ ဥပဒေကို စိတ်လည်းဝင်စားတယ်။ သေချာလည်း လေ့လာတယ်။ ပုဒ်မတွေကို တတွတ်တွတ် အလွတ်ရွတ်နိုင်တဲ့သူ။ ဒါပေမဲ့ ဒီအလုပ်နဲ့ သူဘယ်တော့မှ လုပ်မစားဘူးတဲ့လေ။ ကျွန်မတို့နှစ်ယောက်ကို အခြားကလေးတွေခေါ်သလို 'ဆရာနဲ့ အစ်မ'လို့ မခေါ်ဘဲ သူက 'အဖေနဲ့အမေ'တဲ့။ ဟိုငပြောင် အောင်သန်းဦးက သူနဲ့နှစ်ယောက်လာပြီဆိုရင် အိမ်ရှေ့ခြံတံခါးဝကနေ 'အဖေနဲ့အမေရေ'ဆိုပြီး တကြော်ကြော် အော်ကြတော့တာပဲ။

ကျော်မြင့်ကျတော့ လူကပုပု သေးသေးလေး၊ အကော်ဒီယံကြီးတစ်လုံးနဲ့၊ ဒီကောင်က စာလေးဘာလေးလည်း ဝါသနာပါတယ်။ စကားပြော ခပ်နွဲ့နွဲ့၊ အနေအေးတယ်။ ဒါပေမဲ့ ဒီကောင်တွေ အုပ်စုထဲမှာ ရည်းစားကျအရင်ရတဲ့ကောင်။ ငွေးမော်လည်းတူတူပဲ။ လူကလူပြက်၊ စပ်ဖြဲဖြဲ၊ မည်းတဲတဲနဲ့။ ဒီမြို့သစ်သားကို ကြိုက်မယ့်သူရှိမှာမဟုတ်ဘူးလို့ ကျွန်မတို့ အမြဲကျီစယ်ကြပေမဲ့ ဖြူဖြူလုံးလုံး ချစ်စရာ မိန်းကလေးတစ်ယောက်ကို ရတယ်။ မိန်းကလေးက သူ့ကို အလိုလိုက်ပြီးတော့ကို ချစ်ရရှာတာရယ်။ အောင်ကြည်နဲ့ မြစိုးကတော့ အနုပညာကို သိပ်ဝါသနာမပါကြဘူး။ အနုပညာအသင်းကို တစ်နှယ်ငင်တစ်စင်ပါ သံယောဇဉ်နဲ့ ကျွန်မတို့အိမ်ကို ရောက်လာကြတာ။ အောင်ကြည်က အသင်းခန်းမှာလည်း ဝေယျာဝစ္စ အကုန်လုပ်၊ အိမ်မှာလည်း ကျွန်မ မီးဖိုချောင်ဝင်နေပြီဆိုရင် ရေတွင်းက ရေခပ်ပေးတယ်။ မီးသွေးမီးမွှေးပေးတတ်တယ်။ သူများတွေ အကုန်အတွဲရကုန်ပြီ။ သူက မရဘဲနဲ့ အဲ့ဒီအတွဲတွေ သွားလေရာနောက်လိုက်၊ ပြီးတော့ ရုပ်ရှင်ရုံကျတစ်ယောက်တည်း ငေါင်ငေါင်ကြီးနေရ။ အင်းလျားသွားထိုင်ကြရင် တစ်ယောက်တည်း ငေါင်ငေါင်ကြီး နေရတာကို ကျေနပ်နေတဲ့ ကောင်ကြီး။

မြစိုးကျတော့ အနုပညာအသင်းက အဆိုတော်မလေးကို ကြိုက်မိတာနဲ့ အိမ်ကို ရောက်လာတဲ့ကောင်။ အဆိုတော်ကိုသာ ကြိုက်တာ၊ သူများ သီချင်း ညည်းနေရင် ဘာကီးမှ မဝင်ဘူး။ ဘေးကနားထောင်ရတာ အလွန် ရယ်စရာကောင်းတယ်။ အနုပညာဆိုတာ ရောင်းစားရင် ဘယ်လောက်မြတ်မလဲလို့ စဉ်းစားမယ့်သူ။ သူသိတာ၊ စိတ်ဝင်စားတာ စီးပွားရေးပဲ။ သူ့ရည်းစားရတာနဲ့ ကျွန်မတို့နှစ်ယောက်ကိုမေးတဲ့ မေးခွန်းက သူများတွေလို 'ဆရာ အစ်မကို မနာလိုဖြစ်ဖူးလား'တို့၊ 'ရန်ဘယ်နှခါဖြစ်ဖူးလဲ'တို့တွေ မဟုတ်ဘူး။ 'ဆရာနဲ့



www.burmeseclassic.com

www.burmeseclassic.com

အစ်မ နှစ်ယောက် အိမ်ထောင် အထွေထွေ စရိတ် ဘယ်လောက်ကုန်လဲ'လို့ မေးပြီး သူ့ရဲ့ အိမ်ထောင်ရေးစီမံကိန်းစာအုပ်ထဲမှာ မှတ်တတ်တဲ့ကောင်။ ကျွန်မထမင်းချက်ပြီဆိုရင်လည်း ဘေးနားကလာပြီး ကြက်သွန်လှီး၊ ငရုတ်သီးထောင်းပေးရင်း နှစ်ယောက်စာကို ဘယ်လောက်ချက်ရသလဲလို့ လေ့လာတတ်သေးတယ်။

မောင်မြင့်အောင်ဆိုတဲ့ အနုပညာအသင်းခန်းစောင့်နတ်ကလေးလို့ ပြောယူရတဲ့ကောင်ကတော့ လူဖြောင့်စိတ်တိုသမားလေး။ သူဖြောင့်သလို သူများမဖြောင့်လို့ကတော့ ဒေါသက ကြီးသလား မမေးနဲ့တော့။ မဟုတ်တာဆိုရင် ဘယ်သူ့မျက်နှာမှ မထောက်ဘဲ ပီသာလေးနဲ့ ဘေးပစ် ပြောတော့တာပဲ။ အသင်းခန်းကို မနက်ခုနစ်နာရီဆို ရောက်ပြီ။ ညနေမိုးချုပ်မှ ပြန်တယ်။ အပြန်မှာ ကျွန်မတို့ဆီဝင်လာပြီး ပြဿနာမှန်သမျှ တရှူးရှူး တရှားရှား ပြောတော့တာပဲ။ ပါးစပ်ကလည်း 'ကျွန်တော်က ထိုးမှာ ဆရာ၊ ဒီတစ်ခါ တကယ်ထိုးမှာ'ဆိုတဲ့ စကားကို တွင်တွင် ပြောလို့။ ကွယ်ရာမှာ သူ့ကို ဟို ကောင် တွေ က နာမည်ပေးထားတယ်။ 'ပါလက်စတိုင်း'တဲ့လေ။

ပြီးတော့ သူက ဟိုကောင်တွေရဲ့ အတွဲတွေကြားမှာ အတိုင်တည်ခံ ဖူးစာရေးနတ်ကြီးလေ။ အသင်းခန်းမှာလည်း အမြဲရှိတဲ့သူ့ကို ဘာဖြစ်ဖြစ် အကုန်မှာသွားတတ်ကြတယ်။ 'သူလာရင် သူများ စိတ်ကောက်ပြေသွားပြီလို့ ပြောပေးပါ'တို့၊ 'ဒီစာလေး ပေးပေးပါနော်'တို့၊ 'နှစ်နာရီကျော် စောင့်တာတောင် မလာလို့ ပြန်သွားပြီလို့ ပြောပေးပါနော်'တို့။ 'နက်ဖြန်မနက် ရှစ်နာရီ ဂျပ်ဆင်ကန်တင်းက စောင့်နေမယ်လို့ ပြောပေးပါနော်'တို့ ဆိုတာတွေကို မောင်မြင့်အောင်ခမျာ စာအုပ်နဲ့ မှတ်ရတယ်။ ပြောရတယ်။ ပေးထားတဲ့ ပစ္စည်းကို အမှတ်အသားနဲ့ ဗီရိုထဲမှာသိမ်းရတယ်။ အဆို၊ အတီးသင်တန်းတွေက ပြဿနာတွေကိုလည်း သူ့ဆရာဆီ မရောက်အောင် ဝင်ရှင်းပေးတတ်တယ်။

ဒီကောင်တွေ ဆိုလိုက်၊ တီးလိုက်၊ ကျောင်းတက်လိုက် နေရာကနေ ပညာမစုံခင် ကြင်ရာစုံပြီး ရည်းစားတွေ ရလာကြတော့လည်း သူတို့ရည်းစားလေးတွေကို ကျွန်မတို့ဆီ ဝမ်းသာအားရ ခေါ်လာကြပြန်တယ်။ 'ဟောဒီမှာ အစ်မ ညီမ'၊ 'ဟောဒီမှာ အမေ့ချွေးမ'နဲ့ တစ်ယောက်ပြီးတစ်ယောက် ခေါ်လာကြတဲ့ မိန်းကလေးတွေကိုလည်း ကျွန်မတို့မယ် သူတို့လိုပဲ ချစ်ရပြန်တယ်။ ကျွန်မရဲ့ အချစ်ရဆုံး ညီမလေးတွေ ဖြစ်လာတဲ့ မိပန်းတို့၊ မိဖြူတို့တွေပေါ့။ မိပန်းတို့ မိဖြူတို့တွေကလည်း အနုပညာအသင်းက အဆိုတော်မလေးတွေပဲ။ မိပန်းက ပြိုင်ပွဲတိုင်း ပထမရတဲ့ ကောင်မလေး။ သိပ်လည်း သနားစရာ ချစ်စရာကောင်းတာပဲ။ မိပန်းနဲ့ မိဖြူကိုကြည့်ပြီး ကို့ကက ခဏခဏ ပြောတတ်တယ်။ 'မိပန်းတို့ မိဖြူတို့လို သမီးမျိုးလေးတွေတော့ မွေးချင်တယ်ကွာ' တဲ့။ သူတို့ခမျာ ကျွန်မတို့ကိုလည်း ချစ်ရှာပါတယ်။ ဟို ကောင်တွေက တော်တော်ဆိုးတဲ့ကောင်တွေ။ 'အစ်မ ချွေးမဆိုတာ ခိုင်းရတယ်၊ ခိုင်းသာခိုင်း'တဲ့လေ။ မိပန်းလေးတို့ကလည်း ပြောစရာတောင် မလိုဘဲ အိမ်ကိုလာရင် ချက်ကြပြုတ်ကြ၊ ရှင်းကြ၊ လင်းကြ၊ သင်းတို့ကောင်တွေ အပျင်းထူပြီး မလျှော်မဖွပ်တဲ့ အဝတ်တွေကို လျှော်ဖွပ်မီးပူတိုက်ကြနဲ့ လုပ်ပေးတတ်ကြတယ်။ သူတို့လေးတွေ အားလုံးဟာ မောင်နှမလေးတွေလိုပဲ။ ရည်းစားမရှိတဲ့ အောင်ကြီးနဲ့ အောင်သန်းဦးတို့၊ အောင်ကျော်ဆန်းတို့ကို မိပန်းတို့ မိဖြူတို့က အစ်ကိုကြီးတွေဆိုပြီး ဝိုင်းချစ်ကြတယ်။

စနေ၊ တနင်္ဂနွေနေ့တွေဆို ကျွန်မ မမေ့နိုင်ပါဘူး။ 'မနက်အစောကြီး သူတို့တွေ ဈေးဝယ်လာကြပြီ။ ကျွန်မတို့ မနိုးအောင် နောက်ဖေးတံခါးကို နောက်ဖေးလှေကားကနေ ခိုးပြီး ကန့်လန့်ထိုးထားတဲ့ ချက်ကိုဖွင့်ဝင်၊ တိတ်တိတ်လေး အိမ်ထဲမှာ လှုပ်ရှားသွားလာကြပြီး ချက်ကြပြုတ်ကြတယ်။ ညနက်အောင် စာရေးတဲ့ ကျွန်မနဲ့ ကျွန်မ မအိပ်မချင်း စာဖတ်စောင့်တတ်တဲ့ သူတို့ဆရာတို့ကတော့ ဘာမှ မသိဘူး။ အိပ်ပုပ်ကြီးမြဲ ကြီးနေကြတာပဲ။ 'ရှဲ ရှူး'ဆိုပြီး ကြော်တဲ့လှော်တဲ့ အသံနဲ့ ညှော်နံ့ရှူးရှူးရှရှ ဝင်လာတော့မှ လန့်နိုးတော့တာ။ သူတို့ ပထမဆုံး ဝင်နေတဲ့အခေါက်ကများ အိမ်ထဲမှာ ညှော်နံ့တွေဖုံးပြီး ကျွန်မလန့်နိုးလာတော့ လျှပ်စစ်မီးဖို မပိတ်မိလို့ မီးလောင်ပြီဆိုပြီး ကျွန်မ သိပ်ကြောက်သွားတာပဲ။

အဲ့ဒါ ချက်ပြုတ်စားသောက်ပြီးတာနဲ့ တစ်နေ့လုံး ဆိုကြ၊ တီးကြတော့တာပဲ။ ကို့ကလည်း ဆိုတီးနေရရင် အားလုံးကို မေ့တဲ့လူစားမို့ မိန်းကလေးတွေ အဆောင်ပိတ်ချိန်မီအောင် ကျွန်မက သတိပေးရတယ်။ ကျွန်မက အဲ့လိုနေ့တွေမှာ ဘေးကနေငေးမောနားထောင် အရသာခံသမား။ ရေနွေးကျို၊ လက်ဖက်သုပ်သမားလေ။ ကျွန်မ ဘယ်လောက် သတိပေးပေး အဆောင်ပိတ်ဖို့ ဆယ့်ငါးမိနစ်အလိုမှ အိမ်ပေါ်က တဝုန်းဝုန်း ဆင်းပြေးကြတော့တာ။ ကျွန်မတို့တံတားဖြူကနေ အင်းလျားကန်ပေါင်ကို ဖြတ်တက်လိုက်ရင် ရတနာတို့၊ အင်းလျားဆောင်တို့ဆီကို ခဏပဲလေ။

ညနေတိုင်း အဲ့လိုသူတို့ ဆင်းပြေးကြရင် ကျွန်မတို့မယ် ရယ်တာက အောင်ကြည်။ သူများအတွဲတွေက ကိုယ့်ဆိုင်ရာ မိန်းကလေးတွေကို လိုက်ပို့ဖို့ ဆင်းပြေးကြတာကို သူကပါ ရောယောင်ဆင်းပြေးလိုက်ရော။ 'ဟော့ကောင် လာခဲ့။ မင်းက ဘာကိစ္စလဲ၊ ဒီမှာ အေးအေးဆေးဆေး နေလို့ရလျက်သားနဲ့' ဆိုမှ စပ်ဖြဲဖြဲနဲ့ ပြန်တက်လာတတ်တယ်။ စနေ၊ တနင်္ဂနွေမှာ အများဆုံး ချက်စား[illegible]တာက အုန်းထမင်း[illegible]ငှက်ပျောသီးကြော်။ ကျွန်မတို့ခြံထဲမှာ အုန်းပင်တွေကပေါ



www.burmeseclassic.com

www.burmeseclassic.com

တော့ အုန်းသီးတွေက မစားချင်မှအဆုံးလေ။ အုန်းထမင်းနဲ့ ငှက်ပျော်ကြော် အတွဲအဖက်ကို အကြိုက်ချင်းတူတာက အညာဖွားနှစ်ယောက်ဖြစ်တဲ့ ကျွန်မနဲ့ အောင်ကျော်ဆန်း၊ ဒီကောင်က ငှက်ပျောသီးကို သူ့စိတ်တိုင်းကျ ဆီအများကြီးထဲမှာ မီးအေးအေးနဲ့ သေချာ ကြော်တတ်တယ်။

အဲ့လို စားကြရင်း၊ သောက်ကြရင်း၊ ဆုံကြရင်းနဲ့ သူတို့သိပ်မျှော်လင့်တဲ့ ဆိုကတီးပြိုင်ပွဲ နီးလာပြန်ရင်တော့ သူတို့ပြိုင်ပွဲဝင်ရမယ့် သီချင်းတွေကို မေးပြီး အဆိုကျင့်ကြ၊ အတီးကျင့်ကြ၊ သီချင်းရှာကြနဲ့ ကျွန်မအိမ်လေးဟာ ပိုပြီး ရတ်ရတ်သဲသဲ ဖြစ်လာတတ်တယ်။ သူတို့သီချင်းတွေကို အစမ်းသဘောနဲ့ ကျွန်မကို ဆိုပြ၊ တီးပြတာကို နားထောင်ရ၊ သူတို့ပြိုင်ပွဲဝင်ဖို့ ရီဟာဇယ် အသံစစ်တာ၊ အဆိုစစ်တာတွေကို လိုက်နားထောင်ပြီး သူတို့လေးတွေ ပြိုင်ပွဲပါမှပါပါ့မလားလို့ဆိုပြီး ရင်ထိတ်ရနဲ့။ ခုလိုအချိန် သူတို့ပြိုင်ပွဲချိန်ဆို ကျွန်မမယ် အလုပ်မလုပ်နိုင်ဘူး။

ဆိုကတီးပြိုင်ပွဲကို တစ်နှစ်ထက်တစ်နှစ် စိတ်ဝင်စားလာတဲ့ ကလေးတွေကများလာတော့ ပြိုင်ပွဲကိုအကုန်မတင်နိုင်တော့ဘဲ အဆိုစစ်၊ အသံစစ်ပြီးမှ အရည်အချင်းမီတဲ့သူကိုသာ ပြိုင်ပွဲ ဝင်ခွင့်ပေးတယ်လေ။ ဒီတော့ သူတို့တွေထဲက တစ်ကောင်ကောင် ရီဟာဇယ်မှာ ပြုတ်လာပြီဆိုရင် မျက်ရည်လေး စမ်းစမ်း၊ စမ်းစမ်းနဲ့ ကျွန်မဆီ ရောက်လာတာကိုလည်း ဆီးပြီး စိတ်မကောင်းဖြစ်ရ၊ နှစ်သိမ့်ရသေးတယ်။

ပြိုင်ပွဲနေ့ကတော့ ပြောမနေနဲ့တော့။ ကျွန်မမယ်၊ ကျွန်မကလေးတွေထဲက တစ်ယောက်ယောက် ပြိုင်ပွဲဝင်ဖို့ နာမည်ခေါ်သံကြားကတည်းက ရင်ထဲဒိတ်ခနဲခုန်ပြီး ခြေဖျားလက်ဖျားတွေ အေးစပြုလာတော့တာပဲ။ စင်ပေါ်ကို ကျွန်မ မကြည့်ရဲဘူး။ စင်အောက်က စန္ဒရားသံကို အားတင်းတဲ့အကြည့်နဲ့ လှမ်းကြည့်လိုက်တဲ့ သူတို့မျက်နှာလေးတွေကို ကျွန်မ မကြည့်ရက်ဘူး။ သီချင်းမဆုံးမချင်း ဘုရား၊ ဘုရား ဘာမှ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရင်းရင်တွေ တဒိတ်ဒိတ် ခုန်နေမိတယ်။ ကိုယ့်လူက သိပ်ကောင်းပြီး ပရိသတ်ဆီက လက်ခုပ်သံတွေ တစ်ခဲနက်ထွက်လာရင်တော့ ဟင်းခနဲ သက်ပြင်းချရပြီ ကြည်နူးဝမ်းသာရပြန်ရော။

သူတို့ ဆိုရင်း တစ်ခုခု ထစ်ငေါ့သွားရင် မှားသွားပြန်ရင်လဲ ကျွန်မမှာ စိတ်မကောင်းဖြစ်ရပြီး မျက်နှာငယ်လေးနဲ့ ကျွန်မထိုင်ကြည့်တဲ့ဆီ ရောက်လာရင်လည်း သနားရပြန်ရော။ ပွဲပြီးလို့ သူတို့လေးတွေ ဆုယူတဲ့ အချိန်ကတော့ မမေ့နိုင်စရာပါပဲ။ ဆုတံဆိပ်လေးတွေ လည်ပင်းမှာ တဝင်းဝင်းချိတ်ပြီး အချင်းချင်း အားရဝမ်းသာ ဖက်ယမ်းပျော်ရွှင်ကြ၊ အပန်းဖြေခန်းမကြီးတစ်ခုလုံး ပြည့်လျှံနေတဲ့ ကျောင်းသူကျောင်းသားတွေကို လက်ဝှေ့ယမ်း နှုတ်ဆက်ကြ၊ ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ကြနဲ့။ သူတို့ကိုကြည့်ပြီး အကဲဖြတ်ပေးတဲ့ အဆိုတော်ကြီးတွေ၊ ဆရာ ဆရာမတွေ၊ ဧည့်သည်တွေ အကုန်လုံး ကြည်နူးကြရပါတယ်။ ကျွန်မတို့ နှစ်ယောက်မှာတော့ သူတို့နဲ့အတူ မောနေအောင် ဓာတ်ပုံတွဲရိုက်ရတဲ့အလုပ် လုပ်ရတော့တာပဲ။ ဧည့်သည်တွေနဲ့ အလုပ်ရှုပ်နေတဲ့ သူတို့ဆရာကို အတင်းဆွဲခေါ်လာလိုက်၊ သူတို့ဆရာက ပြန်ပြေးသွားလိုက်၊ လိုက်ခေါ်လိုက်ကြနဲ့။ ဟိုကောင် အောင်သန်းဦးရဲ့ ပေါက်ကရလေးဆယ် ပြက်လုံးတွေကြောင့် ဓာတ်ပုံထဲမှာ ဘာအိုက်တင်မှ မလုပ်နိုင်ကြပါဘူး။ ဩော် ဒီပွဲကို သူတို့လေးတွေ သိပ်ပျော်ကြရှာတာ။ သိပ်စွဲလမ်းကြရှာတာ။ ဘယ်တော့မှလဲ မေ့နိုင်ကြမှာမဟုတ်ဘူး။ ဒီပွဲနဲ့ပတ်သက်တဲ့ သူတို့လေးတွေရဲ့ ပုံရိပ်လေးတွေကိုလည်း ကျွန်မ အမြဲသတိရနေမိမှာပဲ။ အင်း ဒီပြိုင်ပွဲပြီးတာနဲ့ စာကုန်းကျူးကြ၊ စာကုန်းကျက်ရတဲ့ သင်းတို့လေးတွေရဲ့ ပျာယာခတ်ပုံစံလေးတွေကိုလည်း မြင်ယောင်ပါသေးတော့။ စာမေးပွဲက နီးပြီလေ။ စာမေးပွဲတွင်းမှာတော့ ကျွန်မတို့ အိမ်ကလေး ခဏ ခြောက်သွေ့သွားတတ်တယ်။ စာမေးပွဲပြီးတာနဲ့ တဝုန်းဝုန်းနဲ့ ရောက်လာကြပြီး သုံး၊လေးရက်နေရင်တော့ သေတ္တာတွေ၊ အိပ်ရာလိပ်တွေကို အိမ်မှာ စုပုံထားခဲ့ကြပြီး မိဘရပ်ထံ ပြန်ကြပြန်ရော။ အခန်းထဲက သူတို့ပစ္စည်းပစ္စယလေးတွေကိုကြည့်ပြီး ခြောက်သွေ့နေတဲ့ အိမ်ကလေးထဲမှာ ကျွန်မတို့ နှစ်ယောက် သင်းတို့လေးတွေကို လွမ်းရပြန်တယ်။ သင်းတို့လေးတွေ ပြန်လာမယ့်ရက်ကို မျှော်ရပြန်တယ်။

ဩော် သင်းတို့လေးတွေကို ချစ်ရ၊ လွမ်းရ၊ စိတ်တိုရ၊ ဒေါသဖြစ်ရတာတွေအပြင် သင်းတို့လေးတွေကြောင့် ကသိကအောက်ဖြစ်ရ၊ ချောက်ကျရတာတွေလည်း အကြိမ်ကြိမ်ပါပဲ။ တွေးကြည့်ရင်တော့ ရယ်စရာကောင်းပေမဲ့ ခုချိန်ထိ ကျွန်မ မျက်နှာပူနေမိတဲ့ ချောက်ပေါက်တစ်ခု ကျခဲ့ဖူးတယ်။ မိဖြူတို့ ဇာတ်လမ်းပေါ့။

တစ်နေ့သား ကျွန်မတို့ဆီကို မရွှေမိပန်း မျက်ရည်လေး ကလယ်ကလယ်နဲ့ ပြေးချလာပြီး 'ဆရာနဲ့အစ်မ လုပ်ပါဦး။ မိဖြူရယ် ဆေးရုံတင်လိုက်ပြီ၊ မေ့လဲသွားလို့' တဲ့။ ကျွန်မတို့လည်း စိုးရိမ်သွားပြီး 'ခုဘယ်လိုလဲ အခြေအနေ' လို့ မေးတော့ မိပန်းက မျက်ရည်တွေကျလာတယ်။ 'သတိတော့ ရလာပြီ၊ ဒါပေမဲ့ မိဖြူ ဘာမှ မမှတ်မိတော့ဘူး' တဲ့။

ဒုက္ခပါပဲဆိုပြီး ကျွန်မတို့နှစ်ယောက် ဆေးရုံပြေးကြရ တာပေါ့။ လမ်းမှာ မိပန်းက ပြောတယ်။ မိဖြူ့အမေလည်း ရောက်နေပြီတဲ့။ မနေ့ညက ဖြစ်ဖြစ်ချင်း အဆောင်မှူးက နယ်ကို ဖုန်းလှမ်းဆက်ပေးတော့ ချက်ချင်း လိုက်လာတာတဲ့။

အဲဒီအချိန်မှာ အရေးကြီးတဲ့ ကျွန်ုပ်တို့ရဲ့ ဇာတ်လိုက်ကြီး မိဖြူရဲ့ ချစ်သူ မောင်စိုးနိုင်က ဝါးခယ်မ ရွာပြန်နေတယ်လေ။ မိဖြူဖြစ်သွားတာ



www.burmeseclassic.com

www.burmeseclassic.com

ညဦးပိုင်းမှာ ခေါင်းလျှော်ရေချိုးပြီး ပန်ကာလေ ခံလိုက်ရာကနေ မေ့လဲသွားတာ။ သူ့မှာ မိန်းကလေးကိစ္စကလည်း ဖြစ်နေတဲ့အချိန်ပေါ့။

ကျွန်မတို့ ဆေးရုံရောက်တော့ မိဖြူ့အမေကို စိုးရိမ်တကြီးနဲ့ တွေ့ရတယ်။ မိပန်းက 'ဒါ ကျွန်မတို့ ဆရာနဲ့ ဆရာမ' လို့ ပြောခါရှိသေး မိဖြူ့အမေကြီးက 'ဩော် မိဖြူ့စာထဲ ထည့်ထည့်ရေးလွန်းလို့ ဆရာ ဆရာမတို့က သိပ်ချစ်တာ၊ သိပ်ခင်တာ၊ သိပ်စောင့်ရှောက်တာနဲ့ သမီးအမြဲပြောပါတယ်။ ကြည့်ပါဦး ဆရာ ဆရာမတို့ရယ်၊ သမီးက ကျွန်မကိုတောင် သိပ်မမှတ်မိဘူး' ဆိုပြီး မျက်ရည်တွေ ဝိုင်းလာတယ်။

ခုတင်ပေါ်မှာတော့ ဆေးအရှိန်တွေနဲ့ မိဖြူက မှိန်းနေတယ်။ ကျွန်မတို့နှစ်ယောက် သူ့ခုတင်ဘေးရပ်ပြီး ကျွန်မက သူ့လက်ကလေးကို ကိုင်လိုက်တော့ မိဖြူ မျက်လုံးလေးပွင့်လာတယ်။ ရီဝေနေတဲ့ မျက်လုံးလေးတွေက ကျွန်မတို့ကို သေချာကြည့်ရင်း ဝင်းသွားသလိုပဲ။ မျက်တောင်လေး ပုတ်ခတ်၊ ပုတ်ခတ်နဲ့ 'အစ်မ၊ ဆရာ' လို့ မိဖြူ ခေါ်လိုက်တော့ ကျွန်မတို့ ဝမ်းသာကြတာပေါ့။ မိဖြူ့အမေကြီးကလည်း ဝမ်းသာလို့ရှိနေတုန်း မှတ်မိကောင်းတဲ့ မိဖြူက ဗွေဖောက်တော့တာပဲ။ ဆတ်ခနဲ ကျွန်မလက်ကို ဆွဲဆုပ်ပြီး-

'အစ်မ အစ်မ၊ သူရောဟင်၊ ကိုစိုးနိုင် ဘယ်မှာလဲ' တဲ့။ မမိဖြူတို့ လုပ်လိုက်ပုံများ။ ဘာမျှမပြောနိုင်တဲ့ ကျွန်မကို ဆက်ပြီးတော့ လုပ်လိုက်သေးတယ်။

'အစ်မ ဟော့ဒီအင်္ကျီလေးကို မှတ်မိလားဟင်၊ မိဖြူကိုယ်ပေါ်က ဒီအင်္ကျီအပြာလေးကို ပြောတာ။ သူနဲ့ မိဖြူ အစ်မတို့အိမ်ကို လိုက်လာတဲ့ ပထမဆုံးအခေါက်မှာ ဝတ်လာတဲ့ အင်္ကျီလေး အစ်မရဲ့၊ သိလား။ သူ့ကို မိဖြူ ချစ်တယ် သူဘယ်မှာလဲဟင်' တဲ့။

ကောင်းကြပါလေရော။ ကျွန်မလေ မျက်နှာတွေ ပူပြီး မိဖြူ့အမေကြီးကို မကြည့်ရဲတော့ဘူး။ သူ့ဆရာကတော့ သုတ်ခနဲ အခန်းပြင်ဘက် ထွက်သွားတယ်။ ကျွန်မမှာသာ မလွှတ်တမ်းဆွဲထားတဲ့ မိဖြူလက်တွင်းမှာ မျက်နှာထားခက်ခက်နဲ့ 'ဘာတွေ လျှောက်ပြောနေရတာလဲ မိဖြူရယ်၊ အိပ်လိုက် အိပ်လိုက်' ဆိုပြီး တွင်တွင် အိပ်ခိုင်းရတော့တာပဲ။ တော်တော်ဆိုးတဲ့ ခွေးမလေး။ တခြားဟာတွေကျမေ့ပြီး ဒါကျတော့ မှတ်မိတယ်။ မချောလေးက ကျွန်မမယ် ပြန်ခါနီး နှုတ်ဆက်တော့ မျက်နှာခပ်ပျက်ပျက်ဖြစ်နေတဲ့ မိဖြူ့အမေကြီးကို အားနာလိုက်တာ။ ဘယ်လောက် ချောက်ကျရသလဲဆို ခုတင်ပေါ်ကနေ မမိဖြူက ကျွန်မကို လှမ်းပြီး တွင်တွင်မှာနေသေးရဲ့။ 'အစ်မ အစ်မတို့ သားကြီးကို လွှတ်လိုက်နော်၊ မေမေနဲ့ တွေ့ပေးရအောင် လွှတ်လိုက်ပါနော်' တဲ့။ ကျွန်မလေ မှတ်မိကောင်းတဲ့ သူ့ခေါင်းလေးကို ခပ်နာနာလေး ခေါက်ချင်လိုက်တာ မပြောပါနဲ့တော့။ ရှိသေးတယ်။ ကျွန်မ စိတ်တိုရ၊ ဆူရ၊ ခေါက်ရ၊ ကြိမ်းမောင်းရပြီး ကိုနဲ့ကျမှ နှစ်ယောက်ပြောပြီး ရယ်မောရတဲ့ သင်းတို့ ပြဿနာလေးတွေ။

ဟော ကျွန်မ စာရေးကောင်းနေပြီလားဆိုမှ ဖြင့်လာပြီ ဒီကောင်တွေ။ ကျွန်မက အိမ်ရှေ့ဝရန်တာ သံဆန်ခါကွက်လေးအောက် ကြမ်းပြင်ထောင့်ကွေးလေးမှာ ခုံပုလေးတစ်လုံးနဲ့ တကုပ်ကုပ်ရေးနေတဲ့အချိန်။ ဧည့်ခန်းထဲမှာ သူတို့တွေထိုင်ကြပြီး ကျွန်မသိပ်ကြိုက်လို့ ချိတ်ထားတဲ့ စစ်ကိုင်းတောင်ပုံ ပြက္ခဒိန်ကို စစ်ကိုင်းသူကြောင့် ပရိဒေဝမီး တောက်လောက်နေတဲ့ ကောင်က ရှူးရှူးကြီးငေးကြည့်၊ သက်ပြင်းချ။ ပြီးတော့ ငြိမ်ငြိမ်မနေဘူး။ 'အစ်မ၊ အစ်မတို့နဲ့ အင်းဝနဲ့ တစ်ဖက်ကမ်းဟာ စစ်ကိုင်းပေါ့နော်။ အစ်မ နေ့တိုင်းမြင်ရမှာပေါ့နော်။ အဲ့ဒီစစ်ကိုင်းဆိုတဲ့အရပ်မှာ သူမွေးတာ၊ သူကြီးပြင်းတာ၊ သူသွားလာခဲ့တာပေါ့ အစ်မရဲ့' လို့လည်း နောက်ကနေလုပ်လိုက်ရော။ ပြီးတော့ သွားရော၊ ကျွန်မရေးနေတဲ့အချိန်က တန့်သွားရော။ အဲ့ဒီကျတော့ ကျွန်မက ဘောလ်ပင်ပစ်ချပြီး စိတ်တိုတိုနဲ့အော်ရင်တော့ လျှာထုတ်ခေါင်းပုပြီး ဆင်းပြေးရော။ ဟို မြစိုးဆိုတဲ့ စီးပွားရေးသမားကျ တစ်မျိုး။ ကျွန်မ စာရေးနေတဲ့အချိန် သူရောက်လာရင် ဖြန်းဆို ကျွန်မရေးနေတဲ့ စာအုပ်ဆွဲတဲ့ယူပြီး စာမျက်နှာနံပါတ်တွေကို တဖျပ်ဖျပ် လှန်ကြည့်တော့တာပဲ။ ပြီးတော့ ရှုံ့မဲ့ပြီး 'ဟာ အစ်မကလည်းဗျာ၊ မနေ့ကနဲ့ ဒီနေ့ ရေးတာမှ ငါးမျက်နှာပဲ ပြီးသေးတယ်။ စာမျက်နှာ ငါးဆယ်လောက်ဆို တော်သေးတယ်' တဲ့။ ကဲ ဘယ်လောက်ဆိုးတဲ့ကောင်လဲ။

ကျွန်မစာ ကျွန်မအယူအဆ၊ ကျွန်မ ယုံကြည်တာ။ ဒါတွေကို သူနားမလည်ဘူး။ 'အစ်မ တစ်လကို နှစ်အုပ်ကတော့ ရေးကိုရေးရမယ်' လို့ အပြင်းအထန် အကြံပေးတဲ့ကောင်။ သနားစရာ၊ ရယ်စရာလည်းကောင်းရဲ့။ သူသိတာက စာရေးရင် ငါ့အစ်မ ပိုက်ဆံရမယ်။ များများရေးနိုင်ရင် များများရမယ်၊ မြန်မြန်ရေးနိုင်ရင် မြန်မြန်ရမယ်။ ဒါပဲ။ အဲ ကျွန်မ လုံးချင်းမပြီးမချင်း သူ့အလုပ်က အိမ်လာရင် ကျွန်မကြိုက်ကြိုက်၊ မကြိုက်ကြိုက် ရေးလက်စစာမူလိုက်ရှာပြီး ဘယ်လောက်ပြီးပြီလဲဆိုတာ ကြည့်တဲ့အလုပ်ပဲ။ ကျွန်မ ဘယ်လောက်အော်အော်လည်း မဖြုံဘူး၊ ပြုံးဖြဲပြုံးဖြဲနဲ့ သူပြောချင်တာ၊ လုပ်ချင်တာ ဇွတ်လုပ်တော့တာပဲ။ နောက်ပြီး ဒီကောင် ခဏခဏ ပြောတတ်တဲ့ မိန်းမတွေရဲ့ သစ္စာတရားဆိုတာနဲ့ သူမနာလိုဝန်တိုစိတ်အကြောင်း နားထောင်ရတဲ့အချိန်၊ သူမေးတာတွေ ဖြေရတဲ့အချိန် ကျွန်မ သိပ်စိတ်တိုရတာပဲ။ နှစ်ဆယ်ရာစု လူငယ်တဲ့ ကြည့်ပါဦး။ ရည်းစားလုပ်တဲ့သူကို တခြားယောကျ်ားလေးတွေက ဘာအကြောင်းနဲ့ဖြစ်ဖြစ် စိုက်ကြည့်တာ မခံနိုင်ဘူးတဲ့။ သူ့ကောင်မလေးက [illegible]ကြည့်ဖို့တော့ မပြောနဲ့။ သူ့ ကောင်မ



www.burmeseclassic.com

www.burmeseclassic.com

လေးကို သူနဲ့သွားရင် ဣန္ဒြေရှင်ကြီးလို မျက်လွှာချပြီးသွားရမယ်တဲ့လေ။ သူ့ ကောင်မလေးက တခြား ယောကျ်ားလေး တစ်ယောက်ယောက်နဲ့ မတော်တဆ မျက်လုံးချင်းဆုံတာများ သူမြင်လိုက်လို့တော့ ပြီးပြီ။ ကောင်မလေးဟာ သစ္စာမရှိတဲ့ကောင်မလေး ဖြစ်သွားရော။ တစ်ခါတည်း ဒေါသတကြီးနဲ့ ကောင်မလေးကို ကျွန်မဆီခေါ်လာပြီး 'အစ်မ ဒါသစ္စာ မရှိတာမဟုတ်လား၊ ကျွန်တော် ရှေ့တင်ထားပြီး တခြားယောကျ်ားတစ်ယောက်ကို ကြည့်တာသစ္စာမဲ့တာပေါ့နော် အစ်မ'နဲ့ တစ်ယူသန် ပေါက်ကွဲတော့တာပဲ။ ကျွန်မက စိတ်တိုတာပေါ့။ ဒီလိုသဝန်တိုတာမျိုးက အဓိပ္ပာယ်မှမရှိတာ။ ချစ်သူရှေ့ထားပြီး သူစိမ်းယောကျ်ားတစ်ယောက်ကို မင်းအဲဒီလို ပိတ်ပင်လို့မရဘူး၊ သူ့မှာ သူကိုယ်ပိုင်လွတ်လပ်ခွင့် ရှိတယ်ကွ။ ယောကျ်ားတစ်ယောက်ကိုကြည့်ခြင်း၊ မကြည့်ခြင်းနဲ့ သစ္စာရှိခြင်း၊ မရှိခြင်းဟာ ဘာမှမဆိုင်ဘူး။ လမ်းထွက်တာပဲ လူတွေကို မကြည့်ဘဲ ဘယ်နေနိုင်မလဲ' လို့ ကျွန်မက စိတ်တိုတိုနဲ့ဆိုလည်း မရဘူး။ 'ဟာ အစ်မ၊ မကြည့်ဘဲနေနိုင်တာပေါ့ဗျ၊ ရှိတယ်' တဲ့။

ပြီးတော့ မျက်လုံးပြူးပြီးကြည့်တဲ့ ကျွန်မကို အောင်နိုင်တဲ့မျက်နှာနဲ့ သူက...

'ဟင်း ရှိတာပေါ့၊ ကျွန်တော်က အမေနဲ့ဖြစ်ဖြစ် အစ်မနဲ့ဖြစ်ဖြစ် လမ်းထွက်တဲ့အခါတိုင်း အမေတို့၊ အစ်မတို့ မျက်လုံးတွေ ဘယ်လိုနေလဲဆိုတာ သေချာကြည့်ထားတာ။ အမေနဲ့အစ်မက မကြည့်ဘူး။ အမေနဲ့အစ်မရဲ့ မျက်လုံးတွေလိုမျိုး သူ့မျက်လုံးကို ဖြစ်စေချင်တာဗျ' တဲ့လေ။ ကဲ ဘယ်လိုကောင်လေးလည်း မသိပါဘူး၊ မလွယ်လိုက်တာများ။

'တော်ပြီ။ နောက် ငါတို့ လမ်းထွက်ရင် နင့်မခေါ်တော့ဘူး။ နင်က ဘာကိစ္စ ငါ့မျက်လုံးကို လိုက်ကြည့်ရတာလဲ' လို့ ကျွန်မ ဒေါသဖြစ်ပြရင်တော့ ပြုံးဖြဲဖြဲနဲ့ ငြိမ်သွားတတ်တယ်။ တကယ့်ကောင်တွေ။

တစ်ခါဟာလည်း သင်းတို့တွေ အတတ်ဆန်းတာ ကံကောင်းလို့ မီးလန့်မှုနဲ့ တရားစွဲမခံရတယ်။ ကျွန်မတို့က မရှိဘူး။ အင်းဝပြန်သွားလို့ အိမ်ကို သင်းတို့ လက်ထဲအပ်ခဲ့တာ။ အဲ့ဒါကို ဆရာကြီး အောင်ကျော်ဆန်းရဲ့ လမ်းညွှန်ချက်နဲ့ ဟိုကောင် စီးပွားရေးသမား မြစိုး ဦးဆောင်ပြီး စီးပွားဖြစ် အကင်စစ်ချက်ဖို့အတွက် အိမ်မီးဖိုမှာ အစမ်းအကင်စစ် ချက်ကြည့်ကြတာလေ။ ခုတ်ပြုတဲ့ အခိုးအငွေ့တွေက ထွက်လာလိုက်တာ အိမ်တစ်အိမ်လုံး မီးခိုးမည်းမည်းတွေနဲ့ ဖုံးလွှမ်းသွားတော့ ဘေးအိမ်တွေက ကျွန်မတို့မရှိခိုက် ကလေးတွေချည်း မီးလန့်ပြီမှတ်တာပေါ့။ ဒီကောင်တွေ ရှင်းရတော့တာပေါ့။ ကျွန်မတို့ပြန်လာတော့ မီးဖို ကြမ်းပြင်အကွက်လိုက်။ တန်းပေါ်က ကို့ ပုဆိုးတစ်ပတ်နွမ်းတွေလည်း ဆွဲလိုက်တာနဲ့ ဖြိခနဲ၊ ဖြိခနဲ။ ကြောင်အိမ်ထဲက ကျွန်မ ပလတ်စတစ် ရေတကောင်းအသစ်ထဲမှာလည်း အကင်စစ်ရည်တွေ အပြည့်။ မီးဖိုချောင်ကို ကျွန်မ တော်တော်နဲ့ မဝင်ရဲဘူး။ အိုးခွက်ပန်းကန်တွေလည်း မသုံးရဲဘူး။ တော်တော်ဆိုးတဲ့ ကလေးတွေ။

ဩော် သင်းတို့လေးတွေရဲ့ ချစ်စရာ၊ သနားစရာ၊ ကြည်နူးစရာကောင်းတာလေးတွေ၊ စိတ်တိုချင်စရာ၊ ထိပ်ခေါက်ချင်စရာ ဆိုးတာလေးတွေကတော့ ပြောလို့တောင်ကုန်မယ်မထင်ပါဘူး။ မိုးလည်းမိုးမို့၊ နွေလည်းနွေမို့။ မိုးမှာ သင်းတို့လေးတွေ ပျော်ကြတဲ့ ဆိုကတီးပြိုင်ပွဲ၊ နွေမှာ သင်းတို့လေးတွေ ပျော်ကြတဲ့ တက္ကသိုလ်ပေါင်းစုံ သင်္ကြန်ပွဲ။

နွေပူပူမှာ ရေခဲရေတွေ သောက်ပြီး အင်တိုက်အားတိုက် ပျော်လိုက်ကြတာ။ ဆရာလုပ်တဲ့သူလည်း အသံပျောက်။ တပည့်တွေလည်း အသံပြာတဲ့ ငွေကုန်သံပြာ၊ အားကုန်သံပျောက်အဖွဲ့တော်သားတွေ။ ဆိုချင်ဇော၊ က, ချင်ဇောကြီးနေတဲ့ မိဆိုးမလေးတွေရဲ့ ချစ်စရာအမှားလေးတွေ။ စင်ပေါ်တက်ခါနီး ပျာယာ ပျာယာနဲ့ အနားမှာ ရပ်စောင့်ပေးနေတဲ့ ဆရာဦးဇော်မြင့်(ဆရာ ဇော်ဇော်အောင်)ကို ဘယ်သူဘယ်ဝါရယ်မသိဘဲ 'ဒီမှာ ဦးလေးကြီး၊ ကျွန်မတို့ဖိနပ်တွေနဲ့ အထုပ်တွေကို သေချာကြည့်ထားပေးနော်၊ ကြားလား' ဆိုပြီး ကော့ကော့ ကော့ကော့နဲ့ တက်သွားလိုက်ကြတာ။ ဆရာဦးဇော်မြင့် အောင့်သက်အောင့်သက်နဲ့ ခေါင်းညိတ်ပြလိုက်ရတဲ့ အဖြစ်။

အနုပညာအသင်းသူ အချောအလှလေး တက္ကသိုလ်တင့်တင့်ထွန်းနဲ့ တစ်ခုသောသင်္ကြန်ညမှာ နှစ်ပါးသွားက, လို့ ကောင်းနေတုန်းမှ တောင်ရှည်ပုဆိုး ကျွတ်ကျရတဲ့ မင်းသား အောင်ကျော်ဆန်း။

အားလုံးဟာ မမေ့နိုင်စရာပါ။

မိုးတွေကလည်း သည်းလို့။

အုန်းလက်စိမ်းစိမ်းတွေကလည်း ယိမ်းနွဲ့လှုပ်ခါလို့ပါပဲ။ ဒါပေမဲ့ ဒီမိုးရေတွေ၊ ဒီအုန်းလက်စိမ်းစိမ်းတွေက ကျွန်မတို့ ကန်လမ်းအိမ်ကလေးရဲ့ မိုးရေတွေ၊ အုန်းလက်စိမ်းစိမ်းတွေ မဟုတ်ဘူး။ ဩော် အားလုံးဟာ ပြောင်းလဲခဲ့ပြီလေ။ ကျွန်မကလည်း ရန်ကုန်မြို့ရဲ့တစ်ခုသောနေရာက၊ တစ်ခုသော အိမ်ခန်းကလေးထဲမှာ။ ကျွန်မနားမှာ ပတ္တလားသံမရှိ၊ ခွက်ဆီခွက်ဆံ ပြက်လုံးသံမရှိ၊ သီချင်းသံမရှိ၊ အကော်ဒီယံသံမရှိ၊ ဂစ်တာသံမရှိ။ မိုးရွာရင် ဆိုတတ်တဲ့ မိပန်းရဲ့ ရွှေပဇွန် ရှိုက်သံလေးလည်းမရှိ။

ကလေးတို့ရေ မင်းတို့ ဘယ်မှာလဲ။

ဆရာနဲ့အစ်မကို သတိရကြသေးရဲ့လား။ တို့ရဲ့အိမ်လေးကိုရော သတိရကြသေးရဲ့လား။ ■

**နုနုရည်အင်းဝ**

*(၁၉၈၈၊ လှူထုအရေးတော်ပုံကြီး၊ နှစ် ၃၀ ပြည့် အမှတ်တရ)*

*(ချစ်ခင်ရတဲ့ ကိုဝင်းငြိမ်းအတွက် ၇[illegible] နှစ်မြောက် မွေးနေ့မင်္ဂလာလက်ဆောင်)*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁။

'ကျိကျိ… ကျိကျိ… ကျိကျိ' သားရှေ့က အပင်ပေါ်မှာ ငှက်ပေါက်စလေး နှစ်ကောင်က ပါးစပ်လေးတွေဖြဲလို့ အော်နေတယ်။ ငှက်အကြီးတစ်ကောင်က အဲဒီဖြဲထားတဲ့ ငှက်ပေါက်စလေးတွေရဲ့ ပါးစပ်တွေထဲကို သူ့ပါးစပ်ထဲကဟာတွေ ထွေးထည့်နေတယ်။

# တိုင်တည်တေး

ညီနို့ပြင်း၍



သား ထင်တာကတော့ ညီမလေးကို သား ထမင်းခွံ့ကျွေးသလို ခွံ့ကျွေးနေတယ် ထင်တာပဲ။ အဲဒီ ငှက်မိသားစုလေးကို ကြည့်ရင်းနဲ့ သားဝမ်းနည်းပြီး မျက်ရည်စို့လာတယ်။ သားစိတ်ထဲ နောက်ထပ် ငှက်တစ်ကောင် လိုနေသေးတယ်ထင်တာပဲ။ သားအနီးနားက အပင်တွေပေါ်ကို လိုက်ရှာကြည့်မိတယ်။ အဲဒီ လိုနေသေးတဲ့ ငှက်တစ်ကောင်ကို မတွေ့ပါဘူး။ အခြားငှက်တွေပဲတွေ့တယ်။ ဒါဆို အဲဒီ ငှက်ပေါက်စလေးတွေနဲ့ ငှက် အကြီးလည်း သိပ်ကို သနားစရာကောင်းမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သားတွေးရင်းနဲ့ မျက်ရည်တွေက စီးစီးကျလာတယ်။ သား မနက်ဖြန်ဆို ရန်ကုန်ကိုပြန်ရတော့မယ်။ သား မပြန်ချင်ဘူး။ ဘွားစန်းနဲ့ ဒီရွာလေးကို သား ချစ်တယ်။ ဒီရွာလေးမှာပဲ နေချင်တယ်။ ဒါပေမဲ့ မရပါဘူး၊ သားပြန်ရမှာပါ။ သားက ရန်ကုန်မှာမွေးတာ၊ ဘွားစန်းတို့ရွာမှာ မွေးတာမှ မဟုတ်တာ။ ပြီးတော့ ကိုကိုနဲ့လည်း မခွဲချင်ဘူး။ ကိုကိုက သားကိုခင်တယ်၊ ချစ်တယ်၊ ဂရုစိုက်တယ်။ သားက အမြဲတမ်း ကိုကိုနဲ့ လျှောက်သွားနေကျ၊ ဆော့နေကျ။ ကိုကိုကျောင်းသွားရင်တော့ ညီမလေးကို ထိန်းရင်းနဲ့ နေခဲ့ရတာ သားပျော်ပါတယ်။ ကိုကိုကလည်း သားလိုပဲ ဘွားစန်းရဲ့ မြေးပါ။ ကိုကို့အဖေနဲ့ အမေကိုတော့ သားတစ်ခါမှ မမြင်ဖူးဘူး။ ကိုကိုကတော့ သူ့အဖေနဲ့ အမေက မြစ်ထဲမှာ ငါးမျှားနေတယ်လို့တော့ ပြောတာပဲ။ အဖေနဲ့ အမေ့ဆီ မပြန်ချင်တော့ဘူး။ ဘွားစန်းနဲ့နေရတာ ပျော်တယ်လို့လည်း ပြောတယ်။ သားလည်း ဘွားစန်းနဲ့ နေရတာ ပျော်တယ်။ ဘွားစန်းကိုလည်း ချစ်တယ်၊ ဘွားစန်းကလည်း သားကို ချစ်တာပဲ။ ဘာဖြစ်လို့လဲ မသိဘူး။ ဘွားစန်းနဲ့ အမေနဲ့က မတည့်ကြဘူး။ အမြဲတမ်း တကျက်ကျက်ပဲ၊ ဘွားစန်းဆူရင် အမေက မျက်ရည်ပေါက်ပေါက်ကျပြီး ငိုတော့တာပဲ။ အမေ အဲဒီလိုငိုရင် သားလည်း ဝမ်းနည်းမိတာပဲ။ ဒါပေမဲ့ အမေ့အနားတော့ သွားမကပ်နဲ့၊ အမေက အော်

> ဒီရွာမှာနေလည်း
> ညည်းအတွက်
> ဘာမှ
> အလုပ်မဖြစ်ဘူး
> ညည်းကလေးက
> နှစ်ယောက်နဲ့
> ငါတောင်
> ငါ့သားသမီးတွေ
> လုပ်စာ
> ထိုင်စားနေရတာ
> ညည်းအပြစ်နဲ့ညည်း
> ပြန်တာပဲ
> ကောင်းပါတယ်
> အေ

ငေါက်ထုတ်ပစ်တတ်တယ်။ သားဝမ်းနည်းတဲ့အခါတိုင်း ဘွားစန်းအိမ်နဲ့နီးတဲ့ ဒီစာကျောင်းထဲက ဒီနေရာလေးမှာပဲ အမြဲလာထိုင်နေတတ်တယ်။ ဒီနေ့လည်း ဘွားစန်းနဲ့ အမေ စကားများကြလို့ အမေ ငိုသေးတယ်။

'ညည်း ပြန်သွားလည်း အေးတာပဲ၊ ဒီရွာမှာနေလည်း ညည်းအတွက် ဘာမှအလုပ်မဖြစ်ဘူး။ ညည်းကလေးက နှစ်ယောက်နဲ့၊ ငါတောင် ငါ့သားသမီးတွေ လုပ်စာ ထိုင်စားနေရတာ၊ ညည်းအပြစ်နဲ့ ညည်း ပြန်တာပဲကောင်းပါတယ်အေ'

'ပြန်မှာပါ အမေရယ်၊ ပြန်မှာပါ။ သမီးကြောင့် အမေ စိတ်ဒုက္ခမရောက်စေရပါဘူး'

ဘွားစန်းက ဆေးလိပ်ကြီးခဲလို့ အမေ့ကို ပြောတယ်။ အမေက ညီမလေးကို ရင်ခွင်ထဲထည့်ပြီး တရှုပ်ရှုပ်နဲ့ ငိုတယ်။ သားက ဘွားစန်းဘေးမှာ အိပ်နေပေမဲ့ အိပ်မပျော်ဘဲ ဝမ်းနည်းနေမိတယ်ဆိုတာ ဘွားစန်းရော အမေရော မသိကြပါဘူး။ သားမှတ်မိသေးတယ်။ အမေရယ်၊ ညီမလေးရယ်၊ သားရယ်၊ ဘွားစန်းတို့အိမ်ကိုရောက်စက ဘွားစန်း အမေ့ကို ဆူနေတာ။

'အခုတော့ ညည်းဘဝ စုတ်ပြတ်သတ်ပြီ မဟုတ်လား ဟင်။ ယောကျ်ားကို ဘုရားတစ်ဆူလို ထိပ်ပေါ်တင်ပြီး ကိုးကွယ်ချင်တာ။ မအေမိဘကိုလည်း ရှိတယ်မထင်၊ ကိုယ့်မောင်နှမသားချင်းတွေဆို ဝေလာဝေး၊ အခု ညည်းကိုးကွယ်နေတဲ့ယောကျ်ားက ညည်းကို ဖျာလိပ်ခင်းပြီး နင်းခြေသွားပြီ မဟုတ်လား။ ညည်းတို့ အသုံးမကျလို့ ကြားထဲက ငါ့မြေးလေးတွေပဲ မြေစာပင်ဖြစ်ရ၊ အဖမဲ့ဘဝကို ရောက်ရတယ်။ အခု ညည်းဘာတတ်နိုင်သေးလဲ ဟင်၊ မပဋ္ဌာမြေလူးကိန်းဆိုက်ရပြီ မဟုတ်လား။ ကလေးတွေ ရှေ့ရေးနဲ့ မလွယ်ဘူးနော်၊ မလွယ်ဘူး'

ညီမလေးကို ထမင်းခွံ့ကျွေးနေရင်းကနေ ဘွားစန်းဆူလို့ ငိုနေတဲ့ အမေ့ကို ကြည့်ပြီး သားလည်း မျက်ရည်ကျတယ်။ ညီမလေးကတော့ ဘာမှမသိပါဘူး။ သားမျက်နှာကိုကြည့်ပြီး မျက်လုံးလေးတွေ ပုတ်ခတ်ပုတ်ခတ်လုပ်နေတယ်။ ညီမလေး မသိပါစေနဲ့လို့လည်း သားဆုတောင်းနေမိတယ်။ ညရောက်တော့ အမေက အိပ်ရာထဲမှာ တရှုပ်ရှုပ်နဲ့ ငိုပြန်တယ်။ အမေက သားနဲ့ ညီမလေးကြားမှာ အိပ်တာဆိုတော့ အမေ ကျိတ်ငိုနေတာကို အတိုင်းသားကြားရတယ်။ သားက မသိသလိုနဲ့ အမေ့ကို နောက်ကနေ သိုင်းဖက်လိုက်တော့ အမေက သားလက်ကို ဖယ်ချပစ်တယ်။ သားမျှော်လင့်ထားသလို ဖြစ်မလာတော့ ဝမ်းနည်းမိတယ်။ မနက်လင်းတော့ ရွာထဲက လူတွေ အမေ့ဆီကို လာလည်ကြတယ်။ အမေ့ဆီကို လာလည်တဲ့လူတွေရဲ့ မျက်လုံးတွေကို သားမကြိုက်ပါဘူး။ အမေ့ကိုများ သနားစရာ ငှက်ကလေးတစ်ကောင်လိုလို၊ ဘာလိုလို၊ ပြောလိုက်ကြတဲ့ စကားတွေကလည်း…။

'အေးဟယ်၊ ညည်းယောကျ်ားကလည်း တော်တော်လူမဆန်တဲ့လူပဲ၊ တကယ်ကို အောက်တန်းစားပါဟယ်။ ကလေးနှစ်ယောက်ရဲ့ မျက်နှာလေးတွေတောင် မထောက်ဘူး။ လုပ်ရက်လိုက်တာ'

ဒါတွေချည်းထပ်နေတာပဲ၊ သား ရွာထဲ သွားဆော့ရင်လည်း ရွာထဲက လူတွေက သားကို ဘယ်သူ့သားလေးလဲလို့ အမြဲမေးတတ်ကြတယ်။ သားက ပြန်ဖြေတော့ သားကို သနားစရာဆိုတဲ့ပုံစံမျိုးတွေနဲ့ ပြောဆိုပြီး ထွက်သွားကြတာချည်းပဲ။ အစက



www.burmeseclassic.com

www.burmeseclassic.com

တော့ ရွာကလူတွေက သားကို အဲဒီလိုမေးရင် သားမဖြေချင်ဘူး။ ဝမ်းနည်းတယ်။ နောက်တော့ သားကို ဘယ်သူမှ မမေးကြတော့ပါဘူး။ သားလည်း ရွာထဲမှာ ဆော့ရတာပျော်လာတယ်။ သားနဲ့ ရွယ်တူတွေလည်း အများကြီးပဲ၊ သား ရွာထဲကို သွားဆော့တော့ ရွာထဲကလူတွေက သားကို ချစ်စရာကောင်းတဲ့ ကလေးလို့ ပြောကြတယ်။ ဒါပေမဲ့ သားကို သနားစရာမျက်လုံးတွေနဲ့ ကြည့်ပြီး မုန့်တွေကျွေးရင်တော့ သားမကြိုက်ဘူး။ စားလည်း မစားပါဘူး။ သားထိုင်နေမိတာ တော်တော်ကြာပြီ ထင်တယ်။ မိုးလည်းချုပ်တော့မယ်။ သား အိမ်ပြန်တော့မှ ဖြစ်မယ်။ မဟုတ်ရင် ဘွားစန်းက သားကို အော်ခေါ်နေတော့မှာ သားသိတယ်။

'ထိုက်သူအောင်ရေ၊ ထိုက်သူအောင်'

ဟော... ပြောရင်းဆိုရင်း သားကို ဘွားစန်းအော်ခေါ်နေပြီ၊ သားထိုင်ရာကနေ ထလိုက်ပြီး အိမ်ဘက်ကို ခြေထောက်တွေ လှည့်လိုက်တယ်။ ပြန်ခါနီး ငှက်ကလေးတွေကိုလည်း လှည့်ကြည့်လိုက်သေးတယ်။ ငှက်ကလေးတွေက ခုနတုန်းက သားကြည့်နေတဲ့ ပုံစံမျိုး မဟုတ်တော့ဘူး။ ငှက်ပေါက်စလေးတွေအပေါ်မှာ ငှက်အကြီးက မျက်လုံးတွေမှေးစင်းလို့ အိပ်ငိုက်နေတယ်။ သား သိပါတယ်၊ ဒါက သားရယ်၊ အမေရယ်၊ ညီမလေးရယ် အတူတူ အိပ်သလိုမျိုး အိပ်နေကြတယ်ဆိုတာ။ ဒါပေမဲ့ အမေက

အခုတော့
ညည်းဘဝ
စုတ်ပြတ်သတ်ပြီ
မဟုတ်လား
ဟင်
ယောက်ျားကို
ဘုရားတစ်ဆူလို
ထိပ်ပေါ်တင်ပြီး
ကိုးကွယ်ချင်တာ
မအေမိဘကိုလည်း
ရှိတယ်မထင်
ကိုယ့်မောင်နှမ
သားချင်းတွေဆို
ဝေလာဝေး
အခု ညည်း
ကိုးကွယ်နေတဲ့
ယောက်ျားက
ညည်းကို
ဖျာလိပ်ခင်းပြီး
နင်းခြေသွားပြီ
မဟုတ်လား

တော့ ငှက်အကြီးလို သားကို အုပ်မိုးပြီးတော့ မအိပ်ပါဘူး။ သားပြုံးပြီး ငှက်လေးတွေကို နှုတ်ဆက်ခဲ့တယ်။

❑

၂။

'အဖေရယ်၊ အမေရယ်၊ ညီမလေးရယ်၊ သားရယ် အတူတူနေချင်တယ်'

မိုးတွေက သည်းနေတယ်။ အမေနဲ့ညီမလေးက သားဘေးမှာ အိပ်ပျော်နေကြတယ်။ သားမျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိတော့ ကားပေါ်ကလူတွေကလည်း အမေနဲ့ ညီမလေးလို အိပ်ပျော်နေကြတာပဲ။ သားကားမှန်တံခါးကို လက်ညှိုးလေးနဲ့ သာသာလေးခေါက်ပြီး အမေ မကြားအောင် တိုးတိုးလေးရေရွတ်နေမိတယ်။ ကားပေါ်မှာ အိပ်မပျော်တာဆိုလို့ သားတစ်ယောက်တည်း ရှိမယ်ထင်တယ်။ ဟုတ်တယ်၊ သား အိပ်မပျော်ဘူး။ ရန်ကုန်ရောက်တော့မယ်ဆိုတဲ့ အသိက သားကို ခြောက်လှန့်နေတယ်။ သားမျက်လုံးတွေ မှိတ်လိုက်တိုင်း ရန်ကုန်မှာ အဖေရယ်၊ အမေရယ်၊ သားရယ် အတူတူနေခဲ့တဲ့ပုံရိပ်တွေက သားမျက်လုံးထဲ ပေါ်ပေါ်လာတယ်။ အဖေက သားကို ချစ်တယ်။ ဖေချစ်လေးရေ၊ သားသားလေးရေဆိုပြီး မုန့်တွေ၊ သားကြိုက်တဲ့အရုပ်တွေ ဝယ်လာပေးတယ်။ အရက်တွေသောက်လာတဲ့နေ့တွေဆို ပိုဆိုးတယ်။ သားရဲ့ ပါးကို အတင်းနမ်းရှုပ်တော့တာပဲ။ သားက အရက်နံ့နံတယ်လို့ပြောရင် အဖေက သဘောတွေကျပြီး တဟားဟားနဲ့ ရယ်နေတော့တာပဲ။ ပြီးတော့ အမေ အဆင်သင့်ပြင်ပေးထားတဲ့ ထမင်းတွေ၊ ဟင်းတွေကို အားရပါးရစားတယ်။ အမေကတော့ အဖေဘာပြောပြော ပြုံးနေတော့တာပဲ။ အဖေဆဲလည်းခံတယ်။ အဖေအော်လည်း ငြိမ်နေတာပဲ။ တစ်ခါတလေ အဖေနဲ့အမေ စကားတွေများကြတယ်။ အမေက-

'ယောက်ျားရယ် ရှင်ဒီလလစာ ကျွန်မကို မအပ်ဘူး။ ကလေးကျောင်းထားရမှာနဲ့၊ စားစရိတ်၊ အသုံးစရိတ်နဲ့၊ နောက်ပြီး ကျွန်မမှာလည်း နောက်တစ်ဗိုက်နဲ့ မလောက်ဘူးနော်။ ရှင် ဘယ်မှာများသွားသုံးနေလဲ။ လစာလေးတော့ ပုံမှန်အပ်ပါ ယောက်ျားရယ်။ ကျန်တဲ့ဘောက်ဆူးတော့ ယောက်ျားကြိုက်သလိုသုံးပေါ့'

'မင်းကလည်း အသာနေစမ်းပါ။ အလုပ်ထဲမှာ စိတ်ညစ်ရတာနဲ့၊ မင်းနားပူနားဆာလုပ်တာနဲ့၊ ငါလည်း မင်းကိုပေးနေတာပဲ၊ အငတ်ထားနေလို့လား။ လိုရင်ပြော အဆင်ပြေအောင်လုပ်ပေးမယ်။ ငါ့ကို နားပူအောင် ပွစိပွစိလာမလုပ်နဲ့'

အစပိုင်းတော့ ဒီလောက်နဲ့ ပြီးတာပါပဲ။ နောက်တော့ တဖြည်းဖြည်းနဲ့ ပွဲကြမ်းလာတယ်။ အမေက-

'ရှင့်ခြေလှမ်းတွေ ပျက်နေပြီနော်။ ကျွန်မမျက်နှာကို မထောက်ပါနဲ့၊ ရှင့်ကလေးတွေရဲ့ မျက်နှာကိုတော့ ထောက်ပါဦး' ဆိုပြီး အဖေ့ရင်ဘတ်ကို ထုထုပြီးငိုတယ်။ အဖေက အမေ့ကိုတွန်းထုတ်ပြီး အော်တယ်၊ ဆဲတယ်၊ ပန်းကန်တွေကိုင်ပေါက်ပစ်တယ်။ မှတ်မှတ်ရရ အဲဒီနေ့က မိုးတွေရွာနေခဲ့တယ်။ ပြီးတော့ အဖေ့ကို ပါဝါရိန်းဂျားအရုပ်ဝယ်လာပေးဖို့ သားမှာလိုက်တာမို့ အဖေပြန်လာမယ့်အချိန်ကို သား မအိပ်ဘဲစောင့်နေခဲ့တယ်။ ဒါပေမဲ့ အဖေကလည်း တော်တော်နဲ့ပြန်မလာ၊ အမေကလည်း ငုတ်တုတ်ထိုင်ပြီး တရှုပ်ရှုပ်ငိုနေတာကြောင့် သား ကြောက်ကြောက်နဲ့ အိပ်လိုက်ရတယ်။ သား သိတယ်၊



www.burmeseclassic.com

www.burmeseclassic.com

သားအဲဒီလိုမှ မအိပ်ရင် အမေက သားကို 'နင်မအိပ်သေးဘူးလား၊ ဘာလုပ်နေတာလဲ' ဆိုပြီး သားခေါင်းကိုခေါက်မှာ။ အမေက အဖေနဲ့ အဆင်ပြေရင် 'သားလေး၊ သားလေး' နဲ့ ပြောတာ၊ အဖေနဲ့ အဆင်မပြေရင်တော့ 'နင်၊ နင်' လို့ ပြောတတ်တယ်။ အမေက သားကို 'နင်၊ နင်' လို့ ပြောရင် သားအရမ်းဝမ်းနည်းမိတာပဲ။ နောက်ဆုံးတော့ အဖေက အမေ့ဗိုက်ကိုမှ မထောက်ဘဲ အမေ့ကို အတင်းတွန်းထုတ် ဆဲဆိုနေတာကြောင့် အမေ့ကို သနားပြီး ကျိတ်ငိုခဲ့ရတာပဲ အဖတ်တင်ခဲ့ပါတယ်။ အစတုန်းကတော့ အမေက သားကို ဂရုမစိုက်ဘူး၊ သားလိုချင်တာတွေလည်း ဝယ်မပေးဘူး၊ အဖေကမှ သားကို ဂရုစိုက်တာ၊ လိုချင်တဲ့အရုပ်တွေ ဝယ်ပေးတာဆိုပြီး အမေ့ထက် အဖေ့ကို ပိုချစ်ခဲ့တယ်။ အမေ့ကို အဲဒီလိုလုပ်တဲ့အချိန်ကစပြီး အဖေ့ကို သား အရင်လိုသိပ်ပြီးမချစ်တော့ဘူး။ ပိုဆိုးတာက အဖေက သားကို အမေမဟုတ်တဲ့ သရဲမတစ်ယောက်နဲ့ မိတ်ဆက်ပေးခဲ့လို့၊ သားကို ဘာမှမသိဘူး၊ ကလေးလေးပါဆိုပြီး သားရှေ့မှာ ဖြစ်ချင်တိုင်းဖြစ်နေကြတာ သားအရမ်းမုန်းတာပဲ။ နောက်ပြီး အဖေက အဲဒီသရဲမကို မမလေးလို့ ခေါ်ခိုင်းတယ်။ သား မခေါ်ပါဘူး။ သားစိတ်ထဲ အဲဒီမိန်းမကို ကြောက်စရာကောင်းတဲ့ ရုပ်နဲ့ သရဲမလို့ သတ်မှတ်ထားတာပဲ။ သားက အဲဒီသရဲမကို မျက်မှောင်ကုတ်ပြီး

> **ညည်း ယောက်ျားကလည်း တော်တော် လူမဆန်တဲ့လူပဲ တကယ်ကို အောက်တန်းစားပါ ပာယ်**
>
> **ကလေးနှစ်ယောက်ရဲ့ မျက်နှာလေးတွေ တောင် မထောက်ဘူး လုပ်ရက်လိုက်တာ**

ကြည့်ပစ်လိုက်တော့ အဲဒီသရဲမက အဖေ့ကို 'ကိုကိုရယ်၊ နောက်ဆို ဒီကလေးကို ခေါ်မလာပါနဲ့နော်။ မီးလေးကိုကြည့်တဲ့ မျက်လုံးတွေက ကြောက်စရာကြီး။ ရှုပ်တာပဲရှိတယ်၊ ခေါ်မလာပါနဲ့နော်' လို့ ပြောတယ်။ အဖေကလည်း 'အင်းပါကွာ၊ မီးလေး စိတ်တိုင်းကျဖြစ်စေရမယ်' တဲ့။ ဖက်ပြီးတော့တောင် နမ်းလိုက်သေး။ အမေ့ကိုကျတော့ သရဲမကိုပြောသလို နုနုရွရွ မရှိဘူး။ အဲဒီမှာစပြီး အဖေ့ကို သားမချစ်တော့တာပါပဲ။ နောက်တော့ အဖေအလုပ်က ပြန်လာမယ့်အချိန်တွေကို သား နေ့တိုင်း စောင့်မျှော်နေပေမဲ့ အဖေက သားစောင့်မျှော်နေတာကို အသိအမှတ် မပြုတော့ဘူး။ အမေက ဗိုက်ကြီးကြီးနဲ့ နေ့တိုင်း ငို၊ သားလည်း ထမင်းတောင် မစားချင်တော့ဘူး။ အမေငိုနေတာကြည့်ပြီး သားလည်း ငိုမိတာပဲ။ ဒါပေမဲ့ အမေ့ရှေ့မှာတော့ မငိုပါဘူး။ အဖေ့က သားတို့ဆီ ပြန်လာချင်ရင်လာတယ်၊ မလာချင်ရင် မလာဘူး။ သားက အဖေ့ကို 'ဟိုသရဲမဆီ သွားမနေပါနဲ့ အဖေရယ်။ အမေ့အနားမှာပဲ သားနဲ့ အတူနေရအောင်နော်' လို့ ပြောလိုက်ချင်ပေမဲ့ အဖေ့မျက်နှာကိုကြည့်ပြီး သား ပြောမထွက်ခဲ့ပါဘူး။ နောက်ရက်ကျတော့လည်း အဖေ ပြန်မလာတော့ပြန်ဘူး။ အဆိုးဆုံးက ညီမလေးကို မွေးတဲ့နေ့မှာပဲ အဖေက သားကို ညီမလေးကိုသွားကြည့်မယ်ဆိုပြီး အမေရှိတဲ့ဆေးရုံကို ခေါ်မသွားဘဲ သားသိပ်မုန်းတဲ့ သရဲမဆီ ခေါ်သွားခဲ့တာပါပဲ။ မှတ်မှတ်ရရ အဲဒီညကမိုးတွေလည်း သည်းနေခဲ့တယ်။ သား စောင်ခြုံထဲမှာ ချမ်းပြီးကွေးနေရသလို၊ အမေနဲ့ ညီမလေးလည်း ချမ်းနေရှာမှာပဲလို့ တွေးပြီး မျက်ရည်တွေက စီးစီးကျတယ်။ အဖေကတော့ သရဲမနဲ့ တွတ်တွတ်ပြောလို့၊ ဘာတွေ သဘောကျနေခဲ့တယ် မသိပါဘူး။ သား အံကြိတ်ပြီး နားတွေပိတ်ထားပစ်မိတယ်။ အဖေနဲ့ သရဲမအကြောင်း၊ သားကို အဖေညာခေါ်သွားတဲ့အကြောင်း အမေ့ကိုပြောပြချင်ပေမဲ့ သားပြောမထွက်ခဲ့ပါဘူး။

❑

၃။

ရန်ကုန်ပြန်ရောက်ပြီး မကြာပါဘူး။ သား ကျောင်းစ,တက်ရတယ်။ ကျောင်းကနေ ပြန်လာရင် အရင်တုန်းကလို သူငယ်ချင်း ဂျွန်ဇတစ်နဲ့ရော၊ ကိုကိုသူရိန်လင်းနဲ့ရော မဆော့ဖြစ်တော့ဘူး။ ညီမလေး အနားမှာနေပြီး ညီမလေးနဲ့ပဲ သား ဆော့ဖြစ်တော့တယ်။ ညီမလေးက လိမ္မာတယ်၊ ဆိုးလည်းမဆိုးဘူး၊ ငိုလည်း မငိုဘူး။ သားနဲ့ဆော့နေရရင် ညီမလေးမျက်နှာ ပြုံးနေတာပဲ။ သား ကျောင်းက ပြန်လာမယ့် အချိန်ကိုလည်း ညီမလေးက သိတယ်။ တောက်တောက်တောက်တောက်နဲ့ သားကို လာကြိုတတ်တယ်။ သားကို မတွေ့ရင်လည်း ရှာနေတတ်တာပဲ။ နေ့တိုင်း ညီမလေးနဲ့ ဆော့ပြီး ညီမလေးကို ထမင်းခွံ့ကျွေးရတာ သားအရမ်းပျော်တယ်။ ညအိပ်ရင်လည်း ညီမလေးကို စကားတွေပြောပြီး အိပ်တယ်။ ညီမလေးက သားပြောတာတွေကို နားလည်လား မသိဘူး။ ပြုံးပြုံးလေး နားထောင်နေတတ်တယ်။ ညီမလေးကို သားလို မဖြစ်စေချင်ဘူး။ အမေနဲ့အဖေ့အကြောင်းကိုရော၊ အဖေနဲ့ ဟိုသရဲမအကြောင်းကိုရော ညီမလေးကို မသိစေချင်ဘူး။ ညီမလေးကို အမြဲပျော်နေစေချင်တယ်။ အဖေရှိတုန်းကလို ပြုံးပြုံးပြည့်ပြည့် စုံစုံမနေရတော့ပေမဲ့ ရှိတာလေးတွေနဲ့ သား ပျော်အောင်



www.burmeseclassic.com

www.burmeseclassic.com

နေတယ်။ အမေ့ကိုလည်း ဘာမှ မပူဆာတော့ဘူး။ အမေကျွေးတာ သားမကြိုက်လည်း စားပစ်လိုက်တာပဲ။ အမေဝတ်ခိုင်းတာ သားမကြိုက်လည်း ဝတ်ပစ်လိုက်တာပဲ။ အမေလည်း အရင်လို တရှုပ်ရှုပ်နဲ့ မငိုတော့ပါဘူး။ တစ်ခါတစ်ခါ မှိုင်မှိုင်နေတာတော့ သား သတိထားမိတယ်။ အရင်လိုလည်း သားကို မဆူတော့ဘူး။ ဒါကြောင့် အဖေပြန်မလာတော့လည်း သားပျော်အောင်နေတတ်လာပါတယ်။ တစ်ခါတစ်ခါတော့ သားဝမ်းနည်းမိတယ်။ ဂျွန်ဗတစ်အဖေက ဂျွန်ဗတစ်အတွက် မုန့်တွေဝယ်လာတဲ့အခါ၊ ကိုကိုသူရိန်လင်းအဖေက ကိုကိုသူရိန်လင်းအတွက် အရုပ်တွေ၊ ဂိမ်းဆော့တဲ့ဟာတွေဝယ်လာတဲ့အခါမျိုးမှာပေါ့။ ပြီးတော့ သားက ဂိမ်းဆော့ရတာကို သိပ်သဘောကျတာ။ ကိုကိုသူရိန်လင်း ဂိမ်းဆော့တာတွေ့ရင် သားမျက်နှာချိုသွေးပြီး ကိုကိုသူရိန်လင်းအနား သွားကပ်ရတာပေါ့။ သူစိတ်လိုရင် သားကို ပေးဆော့ပါတယ်။ သူ စိတ်မလိုရင်တော့ 'သွား၊ သွား၊ မင်းအဖေကို သွားဝယ်ခိုင်း၊ ငါ့အနားမလာနဲ့' ဆိုပြီး မောင်းထုတ်ပစ်တတ်ပါတယ်။ ဂျွန်ဗတစ်ကလည်း ကိုကိုသူရိန်လင်းလိုပါပဲ၊ သူ့အဖေဝယ်လာပေးတဲ့မုန့်တွေကို သားရှေ့လာပြီး စားပြပါတယ်။ သူစိတ်လိုရင် သားကို အတင်းကျွေးပြီး သူစိတ်မလိုရင် 'မင်းကို မကျွေးဘူး။ မင်းအဖေ ဝယ်ခိုင်း' ဆိုပြီး ပြောပါတယ်။ သားက တောင်းစားတယ်လို့ တစ်ခါမှ မရှိပါဘူး။ သူတို့ အဲဒီလိုပြောရင် သားဝမ်းနည်းမိတာပေါ့။ စိတ်တော့ မဆိုးမိပါဘူး။ သားတို့အားလုံးက ဝန်ထမ်းတွေနေတဲ့ သိမ်ကြီးဈေးက အဆောင်မှာ နေကြတာပါ။ အမေက အဆောင်ပေါ်က ဝန်ထမ်းတွေ ထမင်းချက်ကျွေးရတာပေါ့။ အဆောင်မှာ လူတွေ အများကြီးရှိတယ်။ သားနဲ့ ရွယ်တူကတော့ ဂျွန်ဗတစ်နဲ့ ကိုကိုသူရိန်လင်းပဲရှိတယ်။ အဆောင်က လူတွေက သားတို့မိသားစုကို သနားစရာ မျက်လုံးတွေနဲ့ကြည့်ကြ၊ ပြောကြ၊ ဆိုတတ်ကြပေမဲ့ သား မသိသလိုပဲနေပါတယ်။ အဆောင်မှာ သားအဒေါ်တွေလည်း ရှိပါတယ်။ ဒါပေမဲ့ သားကိုဂရုစိုက်တယ်ရယ်လို့ သိပ်မရှိပါဘူး။ သူတို့အလုပ်နဲ့ သူတို့ ရှုပ်နေတာပါပဲ။ တစ်ခါတစ်ခါတော့ မုန့်တွေ ဝယ်လာပေးတတ်ပါတယ်။ ကိုကိုသူရိန်လင်း အမေကလည်း သားအဒေါ်ပါပဲ။ သူကတော့ သားကို အခြားအဒေါ်တွေထက် ဂရုစိုက်တယ် ထင်တာပါပဲ။ ကိုကိုသူရိန်လင်းက ဂိမ်းပေးမဆော့ရင် ကိုကိုသူရိန်လင်းကို ဆူပြီး သားကို ပေးဆော့ခိုင်းပါတယ်။ အမေကတော့ အဲဒါတွေ သိမှာမဟုတ်ပါဘူး။ သားက အမေ့ရှေ့မှာဆို အဲဒါတွေ သတိမထားမိအောင်နေပါတယ်။ တစ်ရက်ရောက်တော့ အမေက မင်္ဂလာဆောင်သွားဖို့ဆိုပြီး ညီမလေးနဲ့သားကို အဝတ်အစားအသစ်တွေ ဝတ်ပေးပါတယ်။ ပြီးတော့ ဆွဲကြိုးလေးတစ်ကုံးကိုလည်း သားကို ဆွဲပေးခဲ့ပါတယ်။ မင်္ဂလာဆောင်ကပြန်လာပြီး သိပ်မကြာပါဘူး၊ အမေက သားကို 'ဘယ်မလဲ ဆွဲကြိုးကုံး၊ ပြောစမ်း၊ ပြောစမ်း။ ငါ့မှာတော့ လစာနည်းနည်းလေးကို စုပြီး နင့်ကိုမျက်နှာမငယ်ရအောင် လုပ်ပေးထားတာ၊ နင့်အဖေလို ငါ့ကို စိတ်ဆင်းရဲအောင်လုပ်နေတာလား။ ထိုက်သူအောင် ပြောစမ်း။ ဘယ်မလဲ ဆွဲကြိုးကုံး၊ ပြောလေ၊ ငိုမနေနဲ့၊ ပြော၊ ပြော' ဆိုပြီး အခန်းတံခါးပိတ်လို့ တံမြက်စည်းကြီးနဲ့ ရိုက်တယ်။ ညီမလေးက သားကို ရိုက်လို့လား မသိဘူး၊ သားတို့ကိုကြည့်ပြီး အကျယ်ကြီး အော်ငိုနေတယ်။ သား မပြောပါဘူး။ အံကြိတ်ပြီး တင်းခံထားပါတယ်။ အမေရိုက်လို့နာတာထက် သားရင်ထဲက ပိုနာနေသလိုပါပဲ။ အမေလည်း မရိုက်နိုင်တော့တဲ့အဆုံး ထိုင်ပြီး ငိုတော့တာပါပဲ။ အဲဒီဆွဲကြိုးကုံးကို အဖေ့ကို သားပေးခဲ့လိုက်တာပါ။ အဖေက တောင်းလို့ မဟုတ်ပါဘူး။ မင်္ဂလာဆောင်က ပြန်လာတော့ အဖေ့ကို လှေကားအကွယ်လေးမှာ သားတွေ့လိုက်လို့ အဆောင်ပေါ် ရောက်ရောက်ချင်း အမေ မသိအောင် ခိုးဆင်းခဲ့တယ်။ အရင်ကလည်း အဖေနဲ့ အဲဒီလှေကားအကွယ်လေးမှာ အမေ မသိအောင်ခိုးပြီး ဆင်းတွေ့ခဲ့ဖူးပါတယ်။ အခုနောက်ပိုင်း မတွေ့ဖြစ်တာ ကြာပါပြီ။ အဖေ့ကိုတွေ့တော့ အရင်လို သားသားနားနားမရှိတော့တဲ့ အဖေ့ပုံစံကို ကြည့်ပြီး သားစိတ်မကောင်းဖြစ်မိတယ်။ အဖေက သားကို အင်္ကျီလေးတွေဝယ်ပေးခဲ့တာ သတိရပြီး သားကိုယ်တိုင် ချွတ်ပေးခဲ့တာပါ။ ပြီးတော့ သားချက်ချင်း အဆောင်ပေါ် ပြေးတက်လာခဲ့လိုက်တာပေါ့။ ဒီအကြောင်းကို ဘယ်တော့မှ အမေ့ကို သားပြောပြမှာမဟုတ်ပါဘူး။

'အဖေရယ်၊ အမေရယ်၊ ညီမလေးရယ်၊ သားရယ် အတူတူနေချင်တယ်'

အမေရိုက်ပြီး မကြာပါဘူး။ ထော့နဲ့ထော့နဲ့ ဖြစ်နေတဲ့ ခြေထောက်တွေနဲ့ သားစာအုပ်လေးကိုယူပြီး အခန်းထဲက ထွက်လာခဲ့တယ်။ ပြီးတော့ သားဝမ်းနည်းရင် သွားထိုင်နေကျဖြစ်တဲ့ နေရာလေးက တိုင်လေးကိုမှီပြီး သားကျောင်းမှာ စာစ,ရေးတတ်ကတည်းက သား အမြဲတမ်းရေးရေးနေတဲ့ စာကြောင်းလေးကိုရေးပြီး ဖတ်နေမိတဲ့အချိန်မှာပဲ သားအနားကို တောက်တောက်တောက်တောက်နဲ့ လျှောက်လို့ ညီမလေး ရောက်လာခဲ့တယ်။ ညီမလေးက သားပခုံးကိုကိုင်ပြီး ငိုမဲ့မဲ့ပုံစံနဲ့ သားကို ကြည့်နေတယ်။ ပြီးတော့ ညီမလေးလက်တစ်ဖက်က သားရေးထားတဲ့စာကြောင်းလေးပေါ်ကို ဘာရယ်မဟုတ် ထောက်မိလိုက်တဲ့အချိန်မှာတော့ သားမျက်ရည်မကျအောင် တင်းခံထားတဲ့ကြားက မငိုဘဲ မနေနိုင်တော့ပါဘူး။ ညီမလေးကို ဖက်ပြီး သား ရှိုက်ကြီးတငင်နဲ့ ငိုချလိုက်မိပါတော့တယ်။ ■

**ညို့ပြင်းရှ**



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း အဖမ်းခံလိုက်ရသော သတင်းကို ကြားသည်နှင့်
မနေ့ကမှ ဆုံးသွားသည့် နောက်သူငယ်ချင်းကို ချက်ချင်းမြင်ယောင်
သွား၏။ ရင်ထဲမှာ နင့်ခနဲ၊ လှိုက်ခနဲ ဖြစ်ပျက်သွားပြီးလျှင်
သူ့အလှည့် ရောက်လာတော့မလား ဟူသော
အတွေးက တထိတ်ထိတ် ဆောင့်ဝင်လာ၏။
လက်က ဂျာကင်၏ အတွင်းအိတ်ကပ်ကို အလိုလို ကိုင်ထားမိသည်။
အိမ် အမြန်ရောက်မှ ဖြစ်မည်။


❑

ခြံဝင်းထဲ ဝင်လက်စ ခြေလှမ်းကို ရပ်လိုက်၏။
ချွေးစေးတွေကို လက်ဖမိုးနှင့် သုတ်ပစ်ပြီး
ခြံပြင်ကိုလျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

စင်စစ် ခြံအပြင် ရောက်သည်နှင့် လမ်းမပေါ်ရောက်၏။ မိုးချုပ်လုပြီ။ မှိန်မှောင်နေသည့် လမ်းကို ရှေ့တစ်မျှော် နောက်တစ်မျှော် လှမ်းကြည့်သည်။ နားတွေ အူနေ၏။ အူနေသည်ဟု သူ ထင်သည်။

လက်က အိတ်ကပ်ထဲ ရောက်သွားသည်။ ထို့နောက် လက်ထဲပါလာသော တစ်လက်မသာသာ ပလတ်စ တစ်အိတ်ကြည်လေးကို တကျွိကျွိကိုက်ဖောက်မိသည်။ ထိုအိတ်ထဲမှ ရင်ဖောင်စေ့ (ဘိန်းစိမ်း အဆီအနှစ်ကို ပြုပြင်ချက်လုပ်ထားသော ကြွက်ချေးသဏ္ဍာန် ဘိန်းမည်းစေ့)များကို ချေးပြန်နေသော လက်ဖဝါးစိုစိုတွင် သွန်ချလိုက်၏။

မြင်ရုံနှင့်ပင် သူ့အကျင့်အတိုင်း နမ်းရှိုက်လိုက်ချင်သည့်ဆန္ဒကြောင့် ကော်ဖီခါးခါးအနံ့ကို ရှူမိသယောင် ထင်လာ၏။ တံတွေးတစ်ချက် မျိုမိသည်။ ထို့နောက် လက်သီးကို ဟုပ်ခနဲ ဆုပ်၍ အားဘီကို မလုံမလဲကြည့်သည်။

လက်ဝယ်ထားရှိမှု။ သုံးစွဲမှု။

ခေါင်းထဲကို ဆောင့်ခနဲ ဝင်လာသည့် ပြစ်မှုများကြောင့် လက်ထဲက ရင်ဖောင်များကို မှောင်စလမ်းပေါ် ပစ်ပေါက်ကြဲပက်လိုက်၏။ ထို့နောက် သူ့ခြံဝင်းထဲ အပြေးတစ်ပိုင်း ဝင်လာခဲ့သည်။ အိမ်ထဲမှာ ဖျောက်ဖျက်စရာတွေ ကျန်သေး၏။

တစ်ထပ်အိမ်လေးပေါ် သူတက်လိုက်တော့ အိမ်အိုလေးက ညည်းသည်။ သူ့

မြင်ရုံနှင့်ပင် သူ့အကျင့်အတိုင်း နမ်းရှိုက်လိုက်ချင် သည့်ဆန္ဒကြောင့် ကော်ဖီ ခါးခါးအနံ့ကို ရှူမိသယောင် ထင်လာ၏ တံတွေးတစ်ချက် မျိုမိသည် ထို့နောက် လက်သီးကို ဟုပ်ခနဲ ဆုပ်၍ အားဘီကို မလုံမလဲ ကြည့်သည်

ပစ္စည်းတွေရှိသည့်နေရာကို တန်းသွားလိုက်၏။ မည်းရီအုံ့မှိုင်းသော အခန်းကြောင့် ကျောက်ကြည့်ခလုတ်မီးကို နှိပ်ဖွင့်လိုက်ရသည်။ စူးသောမီးဝါဝါအောက်တွင် ပစ္စည်းတွေက တုံးလုံးပက်လက်။

တင်းနေ၊ ကျုပ်နေသော စိတ်ကို ပြေလျော့ဖို့ လေကို လျှောခနဲ ရှူထုတ်လိုက်သည်။ ပြီးလျှင် ပထမဆုံး ကောက်ယူ ပွေ့ပိုက်လိုက်သည်က…

တော်ပါဘူး။

ထို့နောက် နို့မှုန့်ဘူးလေး။

ထိုနို့မှုန့်ဘူးထဲ၌(ခပ်ပုံချက်ရာတွင် ရောနှောရသည့်) ကွန်း(ညိုခြောက်ခြောက်အမှုန်မွှားများ)ထည့်ထားသည်။

ထို့နောက် ကြေးဝါဇွန်းနှင့် ကတ်ကြေး။

ခပ်ပုံချက်ပါ၊ ညှပ်ပါများခဲ့သဖြင့် ထိုယောက်ချိုဇွန်းကြီးနှင့် ကတ်ကြေးဖျားတို့မှာ ဘိန်းဆီတွေ ညိုပုပ်ခြောက်ကပ်နေပြီ။

ပြီးလျှင် ခတ်တံနှင့် အရက်ပြန်ဘူး။

သူက အရက်ပြန်ဘူးကို ချက်ချင်း ပြန်ချလိုက်သည်။ အိမ်တိုင်းမှာ ဆောင်ထားနိုင်သည့် ၄င်းကို ဝှက်သိမ်းနေဖို့ မလို။ အဖျားပိုင်းတွင် ဘိန်းဆီများ ကပ်ပေနေသော ခတ်တံလေး နှစ်ချောင်းကိုမူ အစဖျောက်ထားမှ ဖြစ်မည်။

ထိုထိုသော ပစ္စည်းမျိုးတွေကို ဖယ်ရှားသိမ်းနုတ်လိုက်သည့်အခါ သူ့အိမ်သည် မော်ဒေသရှိ သာမန်အိမ်စုတ်တစ်လုံး၏ ရုပ်ပွမှုမျိုးနှင့် ဆင်တူသွားပြီ။ ဘုရားစင်အောက်တွင် မည်းညစ်ညစ် ခေါင်းအုံးတစ်လုံးနှင့် ခေါက်မထားသော အညာစောင်တစ်ထည်ရှိသည်။ ၄င်းတို့ဘေးတွင် ဂျီး(ကြေး)အထပ်ထပ်နှင့် ညိုထိန်နေသော ဖန်ခွက်တချို့။ ရေနွေးဓာတ်ဘူးလေးတစ်ဘူး။ ဖယောင်းတိုင်အတိုအစများနှင့် သတင်းစာအဟောင်းများ ပြန့်ကျဲစွာဖြင့် သူ့အိမ်သည် နေသားကျနေ၏။ ကြွက်လှောက်တန်းပေါ်တွင် မှောက်နေသော ဆေးလိပ်ပြာခွက်နှင့် ဆေးပြင်းလိပ်တိုများ ဟိုကျသည်ကျနှင့်။

လေပူတွေကို တစ်ခါ ရှိုက်ထုတ်ပြန်ရင်း အိမ်နောက်ဘက်ပြေးကာ ပစ္စည်းတွေ သိုဝှက်လိုက်၏။ အိမ်ပေါ်ပြန်တက်လာတော့ လူက အပူလုံး တရှိန်းရှိန်းကြွနေပြီ။ ချွေးတွေက မျက်နှာမှာ သီးနေ၏။ ရင်ဘတ်နှင့် ကျောတို့လည်း ရွဲနေသည်။

ကြမ်းပေါ်ထိုင်ဖို့ ပြင်ပြီးမှ မာချပ်ချပ် ခေါင်းအုံးကို ဆွဲယူ၍ လှဲအိပ်လိုက်သည်။ ကြမ်းခင်းသည် ကျွိကျွက် မြည်သွားပြန်၏။ ခေါင်းအုံးမှ ဖုန်နံ့ကို မွှန်ခနဲ ရသည်။

ဒီနေ့ကစပြီး ဘိန်းဖြတ်တော့မည်။

ဤသို့ အပ်ကျမတ်ကျတွေးကာ ဆန္ဒကို ချုပ်လိုက်၏။ တစ်ကြိမ်မျှ ဘိန်းမဖြတ်ခဲ့ဖူးသော်ငြား ယခုဖြတ်နိုင်မည်ကို ယုံကြည်နေသည်။ သူတို့သူငယ်ချင်းသုံးယောက်တွင် အသက် ၁၇ နှစ်ကတည်းက ဘိန်းရှူခဲ့သော သူသည် သက်တမ်းအကြာ မြင့်ဆုံးဖြစ်သည်။ သို့သော် သူက စည်းရှိသည်။ ဘိန်းကို ရမ္မက်ပြယ်ရုံသာ ရှူသည်။ ယင်းကြီးအောင် မရှူ။

ထို့ကြောင့် ထင်သည်။ ယခုလို ဆယ်နှစ်ကျော်သည်အထိ သူ ဥပဒ်တစ်ခုမျှ မဖြစ်ခဲ့။ သေသွားသည့် သူ့သူငယ်ချင်း တစ်ယောက်ကမူ စိတ်အလိုလိုက်သည်။ ရှူပြီးရင်း ထပ်ရှူချင်နေခဲ့သည်။ များသည်ထက်များများ ပိုရှူချင်သည်။

ဘိန်းစွဲပြီး သုံးလမျှကြာလျှင် ထိုသူငယ်ချင်းက ရှူနေရသည်ကို ဘဝင်မကျဖြစ်လာသည်။ အစေ့အလွင့်များ လွှန်းသည့် အမြဲပြောတတ်



www.burmeseclassic.com

www.burmeseclassic.com

လာသည်။ ခပ်ပုံ ချက်လျှင်ဖြစ်စေ၊ ရှူနေစဉ်ဖြစ်စေ အငွေ့များ အလဟဿဖြစ်သွားရသည်ကို သူ့သူငယ်ချင်းက နှမြောခဲ့သည်။

ရင်ဖောင် ဆယ်စေ့ကို ချက်လျှင်ပင် ရှူသည့်အခါ ခြောက်စေ့၊ ခုနစ်စေ့စာ လောက်သာ ရှူရသည်ဟု ညည်းတတ်သည်။ ထို့ကြောင့် ဘိန်းကို ကွမ်းနှင့် ရောချက်မနေဘဲ တိုက်ရိုက် မျိုပစ်လိုက်ဖို့ တာစူခဲ့သည်။ သူက တားသေးသည်။ သို့သော် ထိုသူငယ်ချင်းသည် မနေ့ကပင် သူ့ကွယ်ရာ၌ ဘိန်းမျိုပစ်လိုက်သည်။

ဘယ်နှစေ့ မျိုချလိုက်မှန်း သူ မသိ။ အသက်သေလောက်အောင်အထိ ဖြစ်သွားခဲ့သောကြောင့် များတော့များရလိမ့်မည်။ အလေအလွင့် လုံးဝမရှိတော့သည့် ဘိန်းတို့သည် ၎င်းတို့၏ အာနိသင်ကို သူ့သူငယ်ချင်းအား အပြည့်အဝ ပြသွားခဲ့ပြီ။ ထိုသတင်းဆိုးကို ကြားလိုက်စဉ်က ရင်ထဲမှာ သိမ့်သိမ့်နှင့်နှင့် ထိရှသွားသည်။ ကျန်သူငယ်ချင်းတစ်ယောက်၏ မျက်နှာသည် မည်းခနဲ ငယ်ခနဲ ဖြစ်သွား၏။

ကံဆိုးစွာနှင့် ထိုသူငယ်ချင်းသည်လည်း ယနေ့ညတွင်ပင် တစ်နေရာ၌ အဖမ်းခံခဲ့ရပြီ။ ရှူနေစဉ် လက်ပူးလက်ကြပ် မိသွားသတဲ့။ ဒီကောင့်အတွက် မလွယ်။ သူက အဖမ်းခံရမည့်အစား သေသာသေလိုက်ချင်သူဖြစ်သည်။ မသေခင် အကျဉ်းအကျပ်ထဲ စိတ်ဆင်းရဲရမည့် အဖြစ်ကို သူ မလိုလားချေ။

**အဝတ်သေတ္တာကို ဖွင့်လိုက်တော့ စိမ်းရွှေ ပြင်းရှသော ရနံ့ကို စူးစူးစွာ ရှူလိုက်ရသည်။ ခါးသက်သက် ကော်ဖီနံ့ကို ရှူလိုက်ရသလို သူ ကျေနပ်နေ၏**

ထို့ကြောင့် ဒီနေ့ အခင်းဖြစ်ပွားချိန်၌ ဘိန်းဝယ်ဖို့ အရေး ကျောက်ရှာထွက်နေခဲ့သည့် စိတ်ကူးလေးကို သူ ကျေးဇူးတင်မိသည်။ သူငယ်ချင်း အဖမ်းခံရသည်ဟု သိရစဉ် သူ့အိတ်ကပ်ထဲမှ ဝယ်ထားပြီးသည့် ရင်ဖောင်ထုပ်နှင့်။

သို့ဖြစ်၍ ဘိန်းတွေ သူ့လက်ထဲရှိမနေဖို့ လုပ်မိလုပ်ရာ လုပ်ပစ်လိုက်သည်။

❑

နေဦး။ ဒီလောက် လုပ်ဖို့ရော လိုလို့လား။

အတန်ကြာ ငြိမ်ဆိတ်နေခဲ့ပြီးမှ ကိုယ့်ကိုယ်ကို ပြန်မေးလိုက်သည်။ စင်စစ် ဒီအရပ်တွင် အများစုက ဒီကိစ္စနှင့် မကင်း။ ရောင်းမည်။ ဝယ်မည်။ သုံးစွဲမည်။ တချို့က ဒီလိုရောင်းဝယ်သုံးစွဲမှု မရှိသော်လည်း ရောင်းဝယ်သုံးစွဲနေသူတို့နှင့်တော့ အဆက်အဆံလုပ်ကြရသည်။ ထို့ကြောင့် မြင်တွေ့ကြားသိနေရမည်ပင်။

သူတို့တွင် တာဝန်သိစွာ တိုင်တန်းတတ်သူမျိုး အလွန့်အလွန်ကို နည်းပေမည်။ ပြောရလျှင် ဤသို့ ထိမ်ချန်နှုတ်ပိတ်နေခြင်းကလည်း ဒီမှုခင်းများနှင့် မကင်းရှင်းဟုဆိုနိုင်သည်။ အခြေအမြစ်ရှိမရှိ မတွေးချင်သေးသော်လည်း ဒီအတွေးက သူ့ကို ဘဝင်ခွေ့စေ၏။

သူ ချက်ချင်းပင် ပေါ့ပါးရွှင်ကြည်လာသည်။ လူးလဲထပြီး ခြံရှေ့ကို ပြေးထွက်လိုက်သည်။ အိမ်ရှေ့လမ်းပေါ်မှာ ဆိုင်ကယ်နှစ်စီး မီးတဝင်းဝင်း တဝူးဝူးနှင့် ဖြတ်သွားသည်ကို တွေ့၏။ သူက ကျောက်ကြည့်ဓာတ်မီးကို ပြန်သွားယူလေသည်။

❑

သူ့အိမ်သည် လပေးငှားထားရခြင်းဖြစ်၏။ အိမ်ဟုဆိုရသော်လည်း သူ့အိမ်က လူနေရပ်ကွက်နှင့် အနည်းငယ်ဝေးသော ဟင်းရွက်ခြံဟောင်းတစ်ခုထဲမှာ ဆောက်ထားသည့် ခြံစောင့်တဲ သေးသေးလေးသာဖြစ်သည်။ ကားလမ်းကွေ့ကြီးတစ်လျှောက် သူ့အိမ်တစ်လုံးသာရှိသဖြင့် သူက ကျေနပ်စွာ ငှားရမ်းခဲ့ခြင်းပင်။

ယခင် ဒီအိမ်မှာ သူတို့ သူငယ်ချင်းသုံးယောက် အမြဲလိုလို ဆုံဖြစ်ကြသည်။ ဘိန်းရှူကြသည်။ တစ်ခါတစ်ရံ အိမ်မှာ အိပ်သွားကြသည်။

ယခုတော့ သူတစ်ကိုယ်တည်း။ ဝှက်ထားသည့် ပစ္စည်းတွေကိုလည်း ပြန်ယူခဲ့ပြီ။

သူက မှောက်ထားသော ဆန်းကစ်ဖျော်ရည်ဘူး၏ အောက်ခြေဘက် အချိုင့်ထဲမှာ အရက်ပြန်နှစ်ထားသော ဂွမ်းကိုထည့်ပြီး မီးခြစ်နှင့် ခြစ်လိုက်သည်။ မီးက လွင့်ခနဲ တောက်ပလာ၏။ စောစောက လမ်းပေါ်တွင် ခဲရာခဲဆစ် ပြန်ရှာတွေ့ထားသော ရင်ဖောင်သုံးစေ့ကို ကြေးဖွန်းထဲထည့်သည်။ ရေနည်းနည်းရောသည်။ လက်ခလယ်နှင့် ဖိခြေသည်။ သမအောင် ဆက်မွှေသည်။

ဖွန်းကို မီးတောက်နှင့် ပေါ် တည်လိုက်စဉ် သူက ဟက်ခနဲတစ်ချက် ရယ်သွမ်း၏။

ဩော် ငါ့နှယ်၊ ပူတတ်လိုက်တာ။ ဒီလိုနေရာမျိုးမှာ နေပြီး တစ်နေ့ လေး၊ ငါး ဆယ်ပေါက်လောက်လေး ဘိန်းရှူတာ ဘာဖြစ်မှာတဲ့ကွာ။

ဒုတိယအကြိမ် ရယ်မိစဉ် အပြင်မှ အသံတို့ကြောင့် လူက တင်းခနဲဖြစ်သွားသည်။ ခြံတံခါးမှာ တပ်ထားသည့် နို့ဆီခွက်ခလောက်သံများ ညံနေပြီ။ ခြံတံခါးကို ပိတ်ထားသည်မှာ သေချာသည်။ သို့သော် မရမက တွန်းခါနေသည်ကလည်း သေချာသည်။

ကြေးဖွန်းထဲက ညီပုပ်



www.burmeseclassic.com

www.burmeseclassic.com

ပုပ် ဘိန်းတွေ တပွက်ပွက်ဆူထနေသလို ရင်ထဲမှာလည်း သောကနှင့် ပွက်ဆူသွား၏။ အရက်ပြန်မီးကို လက်နှင့် ကမန်းကတန်း ဖိငြိမ်းပစ်သည်။ ခလောက်သံတွေ ခပ်ပြင်းပြင်း လှုပ်ခတ်သွားပြန်၏။ 'လာပြီဗျို၊ လာပြီဗျို' ဟု သူ လှမ်းအော်သည်။ အသံက တုန်နေ၏။

ဒီဖွန်း၊ ဒီသောက်ဖွန်းကြီးကို ဘယ်မှာ ပစ်ရမလဲ။

မျက်လုံးအစုံက နေရာတစ်ခုကို ကျိုးကန်းတောင်းမျှော်ရှာသည်။ စောစောကထက် လျှင်သော လက်ခြေတို့နှင့် ပစ္စည်းတွေကို သိမ်းနိုင်ဖို့ သူ အားထုတ်၏။ ခြံတံခါးမှ ထပ်၍ ညံသွားသည်။ လှုပ်ရှားမှုတွေ ကမောက်ကမဖြစ်ကုန်သည်။ အတွေးတို့ ထုံထိုင်းကုန်သည်။

ကြေးဖွန်းသည် အဝတ်သေတ္တာထဲ ရောက်သွား၏။ နောက် တော်ပါဘူး။ ကွန်းဘူး။ ဟာ ကတ်ကြေး၊ ကတ်ကြေး ကျန်သေးတယ်။ ခတ်တံတွေရော။

ခလောက်သံတွေ ကြားရပြန်သည်။ သူ အိမ်ပေါ်က ဆင်းပြေးလာခဲ့၏။

ငါ စောစောကတည်းက ဖြတ်မယ်ဆိုပြီး ဖြတ်လိုက်ရင် ကောင်းသားကွာ။ တော်ပြီ၊ တော်ပြီ။ တကယ် ဖြတ်လိုက်တော့မယ်။

သူ ဖိနပ်ပါမလာမှန်း တံခါးဝရောက်မှ သိသည်။ ဓာတ်မီးလည်း ယူမလာခဲ့။ သို့သော် မလိုအပ်တော့။ ခြံတံခါးကို အတင်းတွန်းနေသူက သူ့ခွေး၊ နက်ကျော်။ သူ တံခါးဖွင့်ပေးလိုက်သည်။

သူ့ပါးစပ်နှင့် နှာခေါင်းပေါက်တို့မှ ဖြူမှိုင်းမှိုင်း အငွေ့များ လုံးခနဲ လျှံထွက်သွားကြသည်ကို သူ သဘောကျစွာ ငေးကြည့်နေ၏ ထို့နောက် တစ်ပေါက် ထပ်ထည့် ရှူပြန်သည်

'မင်းကွာ၊ ခွီးပဲ'

ရှက်ပြီး ပိတ်ကန်ပစ်လိုက်သည်။ နက်ကျော် အော်ပြီး အိမ်အောက်ပြေးဝင်သွား၏။ ခြံတံခါးပိတ်ပြီး အိမ်ပေါ်ပြန်တက်လာစဉ် စိတ်က တလွင့်လွင့် လွတ်လပ်သွားပြန်သည်။

❑

အဝတ်သေတ္တာကို ဖွင့်လိုက်တော့ စိမ်းရွှေပြင်းရှသော ရနံ့ကို စူးတူးစွာ ရှူလိုက်ရသည်။ ခါးသက်သက် ကော်ဖီနံ့ကို ရှူလိုက်ရသလို သူကျေနပ်နေ၏။

တော်သေးတယ်။ မျောက်မသွားလို့။

ပစ္စည်းတွေ တစ်ခုချင်း ပြန်ထုတ်လိုက်သည်။ ခဏအတွင်း ကြေးဖွန်းကို မီးနှင့်ပြန်တည်၏။ ဘိန်းဆီတွေ စေးပျစ်ပျစ်ဖြစ်လာသည်ကို အရသာခံပြီး ကြည့်နေမိသည်။ မိန်းမူးမျောလွင့်ချင်စရာ အနံ့ကို တရှိုက်ရှိုက်ရှူမိပြန်တော့ ရတောင့်ရခဲ စည်းစိမ်ကို ခံစားလိုက်ချင်ပြီ။

သူက ကြေးဖွန်းထဲသို့ ကွမ်းအနည်းစုကို ဆွဲထည့်လိုက်သည်။ ထို့နောက် ခတ်တံနှစ်ချောင်းကို ယူကာ(တူသဏ္ဌာန် အသုံးပြု၍) ကွမ်းနှင့် ဘိန်းဆီများကို သမအောင် လုံးထွေး ရောမွှေရင်း ဒီအခိုက်အတန့်လေးကို သူ ပျော်မွေ့မိပြန်သည်။

ပြီးလျှင် စေးထန်းညိုမှောင်နေသော ကွမ်းအထွေးလိုက်ကို ရှည်မျောမျောလေး ရအောင် စိတ်အေးလက်အေး ပြုပြင်ပေးနေလိုက်သည်။ သူ့စိတ်ကြိုက် အနေအထား ရောက်သည်နှင့် အလုံးသေးသေးလေးတွေဖြစ်သွားအောင် ကတ်ကြေးနှင့် တစ်ခုချင်း သေချာအောင် ညှပ်လျက် သတင်းစာဟောင်းတစ်ခုပေါ် သပ်သပ်ရပ်ရပ် ပုံနေတော့သည်။

'မင်း ခပ်ပုံညှပ်နေတာ ပြီးရော ပြီးဦးမှာလား'

နားနှင့် ဆတ်ဆတ်ကြီး ကြားလိုက်သဖြင့် ဘေးဘီကို မလုံခြုံစွာကြည့်လိုက်သည်။ ကြက်သီးက မဆီဆိုင်ပါဘဲ တဖျဉ်းဖျဉ်း ထ,သွား၏။ အရာအားလုံး နေမြဲအတိုင်းပင်။

သို့သော် သူ မမြင်သော တစ်ယောက်ယောက် သူ့အနီးမှာ ရှိနေရော့သလား။ အသံကို သူ ရင်းနှီးလွန်းသော်လည်း ဘယ်သူ့အသံမှန်း ဝေခွဲမရလိုက်။ သေသွားသည့် သူငယ်ချင်းအသံလား၊ အဖမ်းခံနေရသူ၏ အသံလား။ သို့မဟုတ် သူ့ကိုယ်ထဲက အသံများလား။

အတွေးထဲ ရုတ်တရက် မြုပ်ဝင်သွား၏။ တစောင်းလှဲချလိုက်သည်ကို ခန္ဓာနှင့်ပူးချည် ကွာချည်ဖြစ်နေသော သူ့စိတ်က ဝေဝါးစွာ သိနေပြန်သည်။ သူ့လက်က အလိုလိုပင် တော်ပါဘူးလေးကို ဆွဲယူသွားသည်။ သူ အသိပြန်ဝင်လာ၏။ အာရုံက တော်ပါဘူးထံ ရောက်သွားပြီ။ ဒီတော်ပါဘူးလေးအား သူ ဘိန်းစရှူတတ်သည့်အချိန်ကတည်းက သုံးစွဲခဲ့သည်ကို သူ သတိရသည်။ ဩော် ယခုထိ အသစ်သုံးရန်ပင် မလိုခဲ့။

သူက(တော်ပါဘူးအောက်ပိုင်းမှ ထိုးထွက်နေသော)ဝါးတက်ပေါက်ထဲသို့ ခပ်ပုံတစ်ပေါက်ကို ဖွဖွဖိထည့်လိုက်သည်။

ထို့နောက် သူ့ပါးစပ်ကို တော်ပါဘူး၏ ထိပ်ဝတွင် ဖိဝင်နိပ်ကပ်လိုက်ပြီး ခပ်ပုံကို မီးခြစ်နှင့် ခြစ်ရှို့ကာ တော်ပါကို အားပါးတရ ရှိုက်စုပ်ပစ်လိုက်သည်။ တော်ပါဘူးထဲ ထည့်ထားသော ရေများ ဂလောဂလော ပွက်ထသံကို ပြန်ကြားနေရ၏။ သူ တော်ပါဘူးမှ ခွာလိုက်သည်။

သူ့ပါးစပ်နှင့် နှာခေါင်းပေါက်တို့မှ ဖြူမှိုင်းမှိုင်း အငွေ့များ လုံးခနဲ လျှံထွက်

www.burmeseclassic.com

www.burmeseclassic.com

သွားကြသည်ကို သူ သဘောကျစွာ ငေးကြည့်နေ၏။ ထို့နောက် တစ်ပေါက်ထပ်ထည့်ရှူပြန်သည်။ ဒီအတိုင်းဆိုလျှင် ယင်းကြီးဖို့ မပြောနှင့် သူ့ပုံမှန် လစ်မစ်ကိုပင် ရောက်မည်မထင်။

တောက်၊ နှမြောလိုက်တာ။ ငါ ဘာလို့ သောက်ပိုတွေ တွေးပြီး လွှင့်ပစ်ခဲ့ရတာလဲကွာ။

မနက်ဖြန် ကျောက်သေချာ ရှာမည်။ ပြီးလျှင် ဘိန်းဝယ်မည်။ ဟုတ်သည်။

သို့သော် သူ တစ်ခုခုကို တွေးမိသွားပြန်သည်။

ငါ ဒီ ဘာမဟုတ်တဲ့ ဘိန်းကို ဘာကြောင့်စွဲလမ်းနေရတာလဲ။

လူက မိန်းမောစွာ မျက်လုံးမှိတ်စင်းထားသော်လည်း အတွေးက တမျောမျောနှင့်။ သူသည် ဘိန်းရှူဖို့ ကျောက်ရှာနေခြင်းလား။ မဟုတ်ဘူး။ ဘိန်းမရှူရလျှင် သူ့ကိုယ်လက်တွေ ညောင်းသည်။ သူ မတူအောင် ညောင်းသည်။ ကိုက်ခဲသည်။

ပင်ပန်းတဲ့ဒဏ်ကြောင့် ငါ ဘိန်းရှူတာပဲ။

သူသည် အလုပ်လုပ်ရန် သက်သက်အတွက် ဘိန်းသုံးစွဲနေခြင်းလား။ ဟုတ်နိုင်သည်။ ကျောက်ရှာဖို့ ဘိန်းရှူသည်။ ဘိန်းရှူဖို့ ကျောက်ရှာနေသည် မဟုတ်။ ဒီလိုတွေးလိုက်တော့ သူက သဘောကျစွာ ပြုံးမိသည်။

ဘိန်းဆိုသည်က ကောင်းသည့်အရာ မဟုတ်။ သူ ပြုံးမိပြန်သည်။ သို့သော် သေချာစိစစ်လျှင် ဘိန်းက သူ့စီးပွားရေးကို ထိခိုက်သည်။ ဆက်ရှူနေလျှင် အဖမ်းခံရမှာကိုလည်း ကြောင့်ကြရသေးသည်။ အဖမ်းခံရမည်။ သူ့အပြုံးက တိခနဲ ပျောက်သွား၏။

စိတ်ပျက်မှုက သူ့ကို အကြားအလပ်မရှိ အုပ်မိုးသွားသည်။ ဒီဘိန်းအတွက် သူ၏ ရုန်းကန်ရမှု၊ သူ၏ သတ္တိ၊ သူ၏ သည်းညည်းခံရမှု၊ သူ့သောကများကို တလှိုက်လှိုက် တပြန်ပြန် တွေးမိတော့ ရမ္မက်တစ်ခုက ပပ်ကြားအက် ခြောက်ခန်းသွားသည်။ ဆန္ဒတွေ တထောင်းထောင်း ပြတ်တောက်ကုန်၏။ ဥပေက္ခာတွေ နွေးခနဲ ပူခနဲ မြင့်တက်လာသည်။

❑

သူ၏ ငါးဘူးမြောက်တော်ပါဘူးကို ပစ်ခွဲလွှင့်ပေါက်လိုက်သည်။ ငါးလအတွင်း၌ ဒီတစ်ကြိမ်တွင်တော့ သူ ပြန်၍ တည်ငြိမ်သွားပြီ။ စောစောကပင် ပြင်းထန်သော စက်ကွင်းတစ်ခုမှ လွတ်မြောက်လာရသူလို စိတ်လက်ပေါ့ပါးနေပြန်သည်။ ကော်ဖီခါးခါးနံ့တွေကို သူ မကြိုက်တော့။ ဘိန်းကို စိတ်အပျက်ကြီး ပျက်၍ ထိုမှ အလွတ်ရုန်းရန် သတ္တိတွေဝင်နေသည်။ သူ ဆေးလိပ်များကိုသာ ဖိသောက်နေတော့၏။ သူ ဘိန်းကို ကျောခိုင်းလိုက်နိုင်ပြီ။

❑

ကြေးဗွန်း၊ ကွန်းအနည်းငယ် ကျန်သေးသည့် နို့မှုန့်ဘူး၊ ကတ်ကြေးနှင့် ခတ်တံဟောင်းတို့ကို လွှင့်ပစ်ဖို့ သူ ခဏခဏ သတိရမိတတ်သည်။ ၄င်းတို့သည် အိမ်၏ တစ်နေရာတွင် ရှိနေဆဲဖြစ်ပြီး သူ့သတ္တိအား သွေးတိုးစမ်းလျက်ရှိသည်။

■

မိုးဦးနေ

နမော ဗုဒ္ဓါယ သိဒ္ဓမ်

ဓန္ဒါသူရိယ သက်န်းတိုက်

ဖြန့်ရောင်းသင်္ကန်း-ဖဝယ်ပါ-ဖရောင်းပါ / သုံးပြီးသင်္ကန်း-ဖဝယ်ပါ-ဖရောင်းပါ / အနုံဖြည့်၊ အလျားဖြည့် အသစ်စက်စက်သင်္ကန်းမှ ရောင်းသည်။

မဆုမွန်

အမှတ်(၁၅)၊ ကွက်သစ်လမ်း၊ ကျီတော်ရပ်ကွက်(ရေကျော်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အမှတ်(၂၈၊ အေ)၊ မြေညီ၊ ဗဟိုရ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း (၀၁) ၂၀၂၇၄၆၊ ၀၉၄၂၀၀၂၇၃၁၆၊ ၀၉၉၇၆၂၃၂၂၆၉



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# [illegible] ပန်းချီဆရာ

၁။

ကတ္တရာလမ်းမှ
စက်ဘီးကို
ချိုးဝင်လိုက်သည်နှင့်
လမ်းကျဉ်းကလေး၏
မွန်းသိပ်သော
အငွေ့အသက်ကို
ခံစားလိုက်ရသည်။
ဆိုက်ကားနှစ်စီးပင်
ရှောင်ရန်ခဲယဉ်းသော
ဤလမ်းကလေးသည်
မြေသားသက်သက်လည်း
မဟုတ်ပြန်။
ဟိုတစ်ယောက်
ဒီတစ်ယောက်က
သဒ္ဒါပေါက်သလို
ချခင်းသွားတတ်သည့်
အုတ်ခဲကျိုးကလေးတွေလည်း
ရှိသည်။ ချိုင့်ကျင်းတွေကို
ဖာထေးဖို့ထားသည့်
ဖွဲ့ခွံတွေလည်း
ပြန့်ကျဲနေကြသည်။
ခြံဝန်းတွေထဲမှ
ထိုးထွက်နေတတ်သော
သစ်ကိုင်းအဖျားများ၊
ရုတ်တရက် ပြေးပြေး
ထွက်လာတတ်သည့်
ကလေးများကြောင့်
မူလအကျယ်အဝန်းထက်
ပိုမိုကျုံ့ဝင်နေ၍
စက်ဘီးကိုပင်

ထိုကင်းဗတ်
အလွတ်ကြီးသည်
ခဲတစ်ကြောင်း၊
စုတ်တစ်ချက်ပင် မတို့ထိ
မခြစ်ရသေး
ကျွန်တော်နှင့် သူကတော့
ထိုတစ်နေ့နေ့ကို မျှော်လင့်နေ
ကြဆဲ။ ငွေကြေး၏ညှို့ငင်ကြားမှု
တစ်စုံတစ်ရာမပါဘဲ
သူ့စိတ်ဖြင့်
သူဖန်တီးနိုင်မည့်
ထိုကင်းဗတ်အလွတ်ကြီးကို
သူ မကြည့်ဖြစ်သောနေ့
မရှိခဲ့။

အမှတ် ၃၄၅၊ ဩဂုတ်၊ ၂၀၁၈
ရုပ်စုံမဂ္ဂဇင်း
စဉ်ဆက်မပြတ်ရောင်ခြည်/ဆုံး

www.burmeseclassic.com

www.burmeseclassic.com

ဖြောင့်အောင် မနင်းနိုင်။

အတန်ငယ် သေသပ်သော ပျဉ်ထောင်အိမ်နိမ့်ကလေးရှေ့ ရောက်သောအခါ ကျွန်တော် စက်ဘီးဘရိတ်ကို ဆွဲအုပ်လိုက်သည်။ ဤလမ်းကလေးထဲ ရောက်လာတိုင်း ကျွန်တော် ဝင်နေကျ တစ်ခုတည်းသော နေရာမှာ ရေနံချေးတော်နေသော ပျဉ်အကာ၊ သံချေးတက်နေသော သွပ်အမိုးနှင့် ဤအိမ်ကလေးကို ပင်ဖြစ်သည်။ အိမ်ရှင်မ ဈေးသွားချိန်၊ ကလေးတွေကျောင်းသွားချိန်မို့ သက်ငြိမ်ပန်းချီကားကလေးတစ်ချပ်ထဲမှ သစ်သီးကင်းကလေးတစ်လုံးလို အိမ်ကလေးက ပြတင်းပေါက်တွေ စုံမှိတ်၍ လှုပ်ရှားမှု ကင်းမဲ့လျက်။

သို့သော် သူရှိနေမည်ကို တော့ ကျွန်တော် သေသေချာချာ သိသည်။ ဤအချိန် ဘယ်နေရာတွင် သူရှိနေမည်ကိုလည်းကောင်း၊ ဘာလုပ်နေမည်ကိုလည်းကောင်း အကြိမ်ကြိမ် ဝင်ထွက်နေကျမို့ ကျွန်တော် အလွတ်ရနေ၏။

ရင်ဘတ် ဟ,ပြဖွင့်ထားသော ခြံဝန်းထဲ စက်ဘီးတွန်းဝင်၊ ဒေါက်ထောက်၊ သော့ခတ်၍ အိမ်ခြေရင်းမှ ပတ်လျှောက်လိုက်သည်။ ပွတ်တိုက်ဆွဲနေသည့် အသံတချို့ကို ကြားနေရ၏။ အသွားစိပ်များပါသော အရာဖြင့် တစ်စုံတစ်ခုကို ပွတ်တိုက်ဆွဲနေသံက အတွဲလိုက် အတွဲလိုက် ထွက်ပေါ်နေခြင်းပင်။ အိမ်ကလေး၏ အနောက်ဘက်ကို ကွေ့မိသည်နှင့် ကျေးလက်တွေ၌ မြင်ရလေ့ရှိသော ထင်းစင်တဲ

**စုတ်တံကိုင်၍ အနုပညာ လမ်းကြောင်း တစ်ခုပေါ်တွင် ခေတ်တစ်ခေတ်ကို ဖြတ်သန်းနေကြသော်လည်း သူ့ မည်မျှအထိ နောက်ကျ ကျန်ရစ်ခဲ့ပြီ ဆိုတာ တွေးမိနေသလား**

လိုလို၊ နွားတင်းကုပ်လိုလို အဆောက်အဦက ဘွားခနဲ ပေါ်လာ၏။

မိုးရာသီ မရောက်မီ အရေးတကြီး ပြုပြင်ရန် လိုအပ်နေသည့် သက်ငယ်အမိုး ညှိမွဲမွဲတွေက လေတိုက်တိုင်း တဖျစ်ဖျစ် ပွဲကြွေနေသည်။ ဝါးထရံအကာတွေက လျှောကျ အိတွဲနေသည်။ အလင်းရောင်နှင့် လေဝင်ရန်အတွက်မှ ဝါးလုံးတို တစ်ချောင်းနှင့် ထောက်ကန်ထားသည့် ကဲလား တစ်ပေါက်၊ ပြီးတော့ ရှေ့တံစက်မြိတ် နိမ့်နိမ့်အောက်မှ ဝင်ပေါက်တို့သာ ရှိ၏။

'ပန်းချီဆရာ... ဘာတွေဆွဲနေတုံးဗျ'

တဲ တံစက်မြိတ်အောက် ခေါင်းငုံ့၍ ရှေ့ဝင်ပေါက်မှ ဝင်ဝင်ချင်း ရိုးအီနေသော မေးခွန်းဖြင့် ကျွန်တော် နှုတ်ဆက်လိုက်သည်။ ဆွဲလက်စ လက်ထိုးလွှကို တုံ့ခနဲ ရပ်၍ ဖျတ်ခနဲ ကြည့်လိုက်သော သူ့မျက်နှာသည် ချွေးစက်များဖြင့် စိုလက်နေ၏။ သူ တစ်ခါ တစ်ရံ ဆွဲလေ့ရှိသော ခဲပန်းချီ တစ်ချပ်ထဲကလိုပင် အလင်းရောင်ပါးပါး၊ အရိပ်များများနှင့် ဖြစ်သည်။ မြင်းခေါင်းတံဆိပ် စွပ်ကျယ်လက်ပြတ်က သူ့ခန္ဓာကိုယ် ပြားချပ်ချပ်ပေါ် ချွေးစီးကြောင်းများကြောင့် ကပ်နေ၏။

'လွှဆွဲနေတာလေဗျာ အဟားဟား၊ ကဲ လာ စာရေးဆရာ ထိုင်ဗျာ'

ပန်းချီပေါင်အတွက် ဖြတ်လက်စ သစ်သားအပိုင်းအစတွေနှင့် လက်ထိုးလွှကို ပစ်ချလိုက်ပြီး ရွှေပေါ်စာတွေ၊ လွှစာမှုန့်တွေကြားမှပင် ကုန်းရုန်းထလာ၏။

တဲအကာ ထရံတစ်ဖက်နှင့်ကပ်ရိုက်ထားသော ဝါးလုံးဆင့်ပေါ် လူတစ်ကိုယ်စာ တင်ပါးလွှဲထိုင်ရန်အတွက် စုတ်တံအဟောင်းတွေ၊ တခြားတိုလီမုတ်စတွေကို တစ်မိနစ်ခန့် ရှင်းလင်းဖယ်ရှားရသေးသည်။ ကျေးလက်အငွေ့အသက်များ အပြည့်အသိပ် အိုင်ထွန်းနေသော တဲကလေးထဲမှာ အကောင်းဆုံး နေရာတစ်ခု ဖြစ်ဟန်တူသည့် ဤဝါးဆင့်ကလေးပေါ်တွင် အမျိုးအမည် မမှတ်မိနိုင်သော တခြားပစ္စည်းတွေကလည်း အနေအထား အမျိုးမျိုးဖြင့် အိပ်မောကျနေကြ၏။ ပိုးချည်မျှင်တွေ သွယ်တန်းနေကြသော သက်ငယ်ခေါင် တစ်နေရာမှ တွဲလောင်းအနေအထား တစ်ပေမီးချောင်းနှင့် လေးခန်းဘက်ထရီတစ်လုံးက သူဖြတ်သန်းနေရသော ခေတ်အတွက် အတိအကျ ကိုယ်စားပြုသည့် အင်စတော်လေးရှင်းပြကွက်တစ်ခုနှင့်ပင် တူနေ၏။

လာရွေးသေးဟန် မတူသော ဆိုင်းဘုတ်တစ်ချပ်ရှိသည်။ ခံဆေးသုတ်ထားပြီးသော ကင်းဗတ်ဟောင်းနှစ်ချပ်ကို နံရံတစ်နေရာတွင် မှီထား၏။ ဆေးစပ်ပြား မရှိ၊ ပန်းချီတင်ခုံ မရှိ၊ ပန်းချီဆွဲခါးစည်းဝတ်ရုံကြီး မရှိ၊ ကိုယ်ဟန်ပြတွေ မရှိ။

ဤနေရာသည်ပင် သူ့အတွက် စတူဒီယို ဖြစ်သည်။ သူ့အိမ်သူ ဇနီးက 'သူ့အလုပ်တဲ' ဟု ရည်ညွှန်းပြီး၊ အိမ်နီးချင်းတွေက 'ပန်းချီတဲ' ဟု ကင်ပွန်းတပ်လေ့ရှိကြသည်။ ဤမြို့ရှိ ပုံတူပန်းချီကား အတော်များများမှာ ဤသက်ငယ် တံစက်မြိတ် ကုပ်ကုပ်ကလေးအောက်မှ ငုံ့လျှိုးထွက်လာခဲ့သည်ကို တော့ ငြင်းမရသည်မှာ သေချာသည်။ အနီးအနားတစ်ဝိုက် ဘုန်းကြီးကျောင်းများ၊ စေတီတန်ဆောင်းများမှ ဗုဒ္ဓဝင်ပန်းချီကားများသည်လည်း သူ့လက်ရာတွေသာ အများစုဖြစ်ကြောင်း ငြင်းဆန်မည့်သူ မရှိနိုင်။

မည်သို့ပင်ဖြစ်စေ၊ ရိုးသားမှုရှိသည်။ ပန်းချီဆေးရနံ့တွေရှိသည်။ [illegible] ပေပြန့်ကျဲ



www.burmeseclassic.com

www.burmeseclassic.com

နေသော အရောင်တွေရှိသည်။ အနုပညာကို ဆာလောင်နေသော လက်ချောင်းတွေရှိသည်။ ထို့အပြင် ဝါးလုံးဆင့်၏ ခေါင်းရင်းဘက်အခြမ်း၌ ထင်ထင်ရှားရှား နေရာယူထားသော လေးပေ၊ ခြောက်ပေ အရွယ်ခန့် ပေါင်တပ်ပြီးသား ကင်းဗတ်အလွတ်ကြီး တစ်ချပ်လည်းရှိနေသေးသည်။

မည်သည့် ဆေးရောင်မျှ မတို့မထိရသေးသော ကင်းဗတ်အလွတ်ကြီးတစ်ချပ်။ တစ်နေ့နေ့တွင် ဂွါရာနီကာလို၊ အာလူးစားသူများလို၊ ဆွမ်းခံချိန်လို ပန်းချီကားတစ်ချပ် ဖန်တီးရန် သီးသန့်ရည်ရွယ်ထားခြင်းဖြစ်သည်။ သို့သော် ကျွန်တော် သူ့ဆီရောက်ရောက်လာတတ်သည်မှာ နှစ်အနည်းငယ် လွန်မြောက်ခဲ့ ပြီဖြစ်သော်လည်း ထိုကင်းဗတ် အလွတ်ကြီးသည် ခဲတစ်ကြောင်း၊ စုတ်တစ်ချက်ပင် မတို့ထိ မခြစ်ရသေး။ ကျွန်တော်နှင့် သူကတော့ ထိုတစ်နေ့နေ့ကို မျှော်လင့်နေကြဆဲ။ ငွေကြေး၏ ညွှန်ကြားမှု တစ်စုံတစ်ရာမပါဘဲ သူ့စိတ်ဖြင့် သူဖန်တီးနိုင်မည့် ထိုကင်းဗတ်အလွတ်ကြီးကို သူ မကြည့်ဖြစ်သောနေ့ မရှိခဲ့။

ကိုယ်တိုင်လည်း ဆေးဘူးတွေ၊ စုတ်တံတွေ ကြားဖြဲရဲထိုင်ရင်း လက်တစ်ကမ်းအကွာမှ ဓာတ်ဘူးကို ဆွဲယူကာ နောက်ဆုံးလက်ကျန် ရေနွေးဖြင့် ဧည့်ခံရန် ကြိုးစားရှာ၏။

'လာပါ ပန်းချီဆရာရာ၊ ဟိုတစ်နေ့က စာမူခရထားတာရှိပါတယ်၊ လက်ဖက်ရည်ဆိုင်သွားကြတာပေါ့'

သူ ဘာမှ တုံ့ပြန်မနေတော့ဘဲ ကဲလားကလေးကို ထောက်ထားသည့် ဝါးလုံးကို ဆွဲဖြုတ်လိုက်သည်။ တဲရှေ့တံခါးပေါက်ကို ဝါးကပ်ကျဲကလေးဖြင့် ပိတ်၏။ ထို့နောက် ခြေရင်းကပ်လျက် အိမ်ကို 'ဗျို့'ဟစ်ထားပြီး လက်ဖက်ရည်ဆိုင်ဆီ ထွက်ခဲ့ကြသည်။

သူ့ စတူဒီယိုကို သူပိတ်ဆို့ခဲ့ပုံမှာ မည်သည့်နည်းနှင့်မျှ မလုံခြုံနိုင်။ သို့သော် ပြဿနာ မရှိ။ ပန်းချီဆေးနှင့် ကင်းဗတ်တို့သည် ဤမြို့၌ သူတစ်ဦးတည်းအတွက်သာ တန်ဖိုးရှိသော အရာများ ဖြစ်လေသည်။

❑

၂။

ဤမြို့သို့ အလုပ်တာဝန်ဖြင့် ကျွန်တော် ပြောင်းရွှေ့လာသောအခါ အခက်အခဲတချို့နှင့် ထိပ်တိုက်တိုးရ၏။ ထိုအခက်အခဲများထဲတွင် စာပေအကြောင်း စကားဝိုင်းဖွဲ့ရန် ဘာသာစကားတူသူရှားပါးလှခြင်းလည်း အဓိကပါဝင်သည်။ သင်္ချာတွက်နည်းအသစ်တွေအကြောင်း၊ ဘောလုံးပွဲ အကြောင်း၊ ရာသီပေါ်သီးနှံတွေအကြောင်း၊ ရာသီပေါ်သတင်းတွေအကြောင်းကိုမူ မနက် မိုးလင်းလင်းချင်း မျက်နှာချင်းဆိုင်မိသောသူနှင့် ပြောဆို ငြင်းခုံနိုင်၏။

တစ်နေ့ ရုံးမှ ဆိုင်းဘုတ်တစ်ခုနှင့် ပတ်သက်၍ သူနှင့် ဆုံခဲ့ကြခြင်းဖြစ်သည်။ စာပေသမားတစ်ဦး မဟုတ်သော်လည်း အနုပညာဟူသော ခေါင်းစဉ်တစ်ခုအောက်တွင် ရှင်သန်နေကြသူများမို့ ဘာသာစကားတွေ ညှိ၍ ရသွားကြသည်မှာ သိပ်တော့ မထူးဆန်း။ အလုပ်အားချိန်များတွင် ဘောလုံးပွဲနှင့် ဗီဒီယိုဇာတ်ကားတွေ ပြသသော လက်ဖက်ရည်ဆိုင်များတွင် အလိုမတူစွာ အပန်းဖြေခြင်းထက် သူ့ပန်းချီတဲကုပ်ကလေးထဲတွင်သာ အနုပညာပြီး အနုပညာကိုသာ ပြောပြီးရင်း ပြောနေဖြစ်ကြမြဲ။ တစ်ခါတစ်ရံမှာတော့ ရုပ်ရှင်ရုံဟောင်းကြီး အနီးက လူကြိုက်အနည်းဆုံး လက်ဖက်ရည်ဆိုင်ကလေးဆီ ရောက်ဖြစ်ကြပြန်သည်။

ကျွန်တော့်တွင် အလုပ်နှင့်ပတ်သက်၍ သီးခြားရာထူးနှင့် မှတ်ပုံတင်အမည်ရှိသော်လည်း သူကတော့ 'စာရေးဆရာ' ဟုသာ ခေါ်သည်။ ကျွန်တော်ကလည်း သူ့အမည်ရင်းနှင့် ပန်းချီအမည်ကို သိနေသည့်တိုင် 'ပန်းချီဆရာ' ဟုပင် သုံးနှုန်းဆက်ဆံ၏။ ပုံမှန်အချိန်များတွင် မည်သို့မျှ မတုံ့ပြန်သော်လည်း အေးအေးလူလူ အခွင့်အရေးရနေချိန်တွေမှာတော့ 'ပန်းချီဆရာ' ဟူသော အခေါ်အဝေါ်အတွက် နာနာကျင်ကျင် ငြင်းဆန်တတ်လေ့ရှိသည်။

'ကျွန်တော့်ကို ပန်းချီဆရာလို့ မခေါ်ပါနဲ့ဗျာ၊ အဲဒီနာမ်စားနဲ့ ကျွန်တော့်လက်ရှိဘဝနဲ့က ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေပါပြီ'

'ကင်းဗတ်ပေါ်မှာ စုတ်ချက်တင်ရင် ပန်းချီဆရာပေါ့ဗျ။ ကျွန်တော်ကတော့ ယေဘုယျအားဖြင့် ဒီလိုပဲ လက်ခံထားတယ်လေ။ အရည်အသွေးပိုင်းကတော့ တစ်ပိုင်းပေါ့ဗျာ'

သူက သူ့မျက်နှာထက် အရွယ်အစား ပိုကြီးနေသည့် ဆံပင်ပွပွထဲ လက်ချောင်းတွေ ထိုးခွဲသပ်တင်ရင်း ခေါင်းကို အကြိမ်ကြိမ် ခါယမ်းနေသည်။ သူ ကျောင်းသားဘဝက လက်ရေး ကြော်ငြာတွေ ရေးရင်း မိသားစု စားဝတ်နေရေးကို ကျားကန်ပေးနိုင်ခဲ့ဖူးသည့် ရုပ်ရှင်ရုံဟောင်းကြီး၏ နံရံဟောင်းဆီ ငေးစိုက်နေလျက်က စကားလုံးတွေ တစ်လုံးချင်း ခြွေချသည်။

'မဟုတ်သေးဘူးဗျ၊ ပန်းချီမဆွဲပေမဲ့ ပန်းချီနဲ့ ပတ်သက်တဲ့ စာအုပ်တွေ ခင်ဗျားလည်း ဖတ်ဖူးနေတာပဲ။ ကျွန်တော် မရောက်တဲ့ ပန်းချီပြပွဲတွေတောင် ခင်ဗျား ရောက်သွားတတ်သေးတာ။ တကယ်တော့ စုတ်တံတွေ ဆေးရောင်တွေ သုံးတာချင်း တူပေမဲ့ အဲဒီ ကင်းဗတ်ပေါ်မှာ အနုပညာမြောက် အာရုံဝင်စားနိုင်မှသာ ပန်းချီကားတစ်ချပ်ဖြစ်တာ။ ပုံတူရေးရင်တောင်မှဗျာ အဲဒီ ပုံရိပ်ပိုင်ရှင်ရဲ့ အတွင်းစိတ်ခံစားမှုကိုပါ အရောင်တွေ လိုင်းတွေနဲ့ပါအောင် ထည့်ဆွဲနိုင်ရမှာဗျ'

သူ့စကားစီးကြောင်းထဲ မျောပါသွားလျက်က သူ့လက်ရာတချို့ကို စိတ်ကူးထဲ ပြန်ထောင်ကြည့်နေမိသည်။

သူက ဆေးပေါ့လိပ်ကို ပါးနှစ်ဖက်လုံး ချိုင့်ဝင်သွားသည်အထိ အားပါးတရ ရှိုက်ဖွာလိုက်သည်။ ခွန်အားပြန်ပြည့်လာသော သ[illegible]န်ဖြင့် အသံကို အနည်းငယ် ထပ်မြှင့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြန်၏။

'အခု ကျွန်တော်ဆွဲနေရတာက ရှေးက ပန်းချီတော်ကြီးတွေရဲ့ လက်ရာကို၊ ဖန်တစ်ရာ တေအောင် ပြန်ပြန်ဆွဲခဲ့ကြတဲ့ အကြောင်းအရာတွေကို ပြန်ဆွဲရတာ ရှိတယ်။ စိတ်နေစိတ်ထား မပြောနဲ့ဦး၊ ကိုယ်တစ်ခါမှ မမြင်ဖူးတဲ့ မျက်နှာတွေကိုလည်း ဆွဲရတာပဲ။ နောက်ဆုံးဗျာ ပိုက်ဆံဆိုတဲ့ အသံကြားတာနဲ့ သွပ်ပြားပေါ်ဖြစ်ဖြစ်၊ သစ်သားပြားပေါ်ဖြစ်ဖြစ် လက်ရေးလှစာလုံးတွေ ရေးပစ်လိုက်တာပဲ၊ ဒီမှာ စာရေးဆရာ...'

ရုတ်တရက် ပြောလက်စ စကားကို တိခနဲ ဖြတ်ချလိုက်ပြီး လည်ပင်းကိုအနည်းအငယ် ညွှတ်၍ ကျွန်တော့်ဘက်သို့ မျက်လုံးလှန်ကြည့်လိုက်သည်။ ခပ်အုပ်အုပ်ဖိထားသည့် စကားသံက လည်ချောင်းကို ရှပ်တိုက်၍ ထွက်လာသည်။

'ခင်ဗျား ဖြေစမ်းပါ၊ အဲ့ဒါကို ပန်းချီလို့ ခေါ်မလား၊ အဲဒါတွေ ပြုလုပ်တဲ့သူကိုရော ပန်းချီ ဆရာလို့ ခေါ်မလား၊ တကယ်တော့ဗျာ..ကျွန်တော် ရှူးရှူးသွပ်သွပ် အိပ်မက်ခဲ့တဲ့ ပန်းချီဆရာဘဝက သေဆုံးသွားတာ ကြာပြီဗျ'

သူ ထိုကဲ့သို့ နာနာကျင်ကျင် ဖျားနာတိုင်း ကျွန်တော့်တွင် သူ့အတွက်ဆေးတစ်မျိုး ရှိနေမြဲ။

'ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ခင်ဗျားသွေးက အနုပညာကို ဆာလောင်နေသရွေ့ ခင်ဗျားရဲ့ ပန်းချီဆရာဘဝက မသေဆုံးပါဘူး'

ဤကဲ့သို့သော ပုဒ်မချခြင်းမျိုးဖြင့် ကျွန်တော်တို့စကားဝိုင်းတွေ အကြိမ်အကြိမ် အခါခါ နိဂုံးကမ္ပတ်ဖြစ်သွားခဲ့ကြဖူးသည်။ အသက်ကယ်နိုင်သည့် ဆေးမဟုတ်ကြောင်း ကျွန်တော်သိနေသော်လည်း ရောဂါသက်သာရန်ကိုတော့ မျှော်လင့်နေမိ၏။

❑

၃။

ပြုလုပ်ခွင့်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရင်ထဲမှ အနုပညာသန္ဓေသား ပျက်ကျမသွားရန် အရေးကြီးသည်။ သူ့တွင် တဲနံရံထောင့်၌ ထောင်ထားသော ကင်းဗတ်အလွတ်ကြီးတစ်ချပ် ရှိနေသေးသည်။ ပန်းချီဆေးနှင့် စုတ်တံတွေကိုသာ တိုက်ပွဲဝင်လက်နက်တွေအဖြစ် ကိုင်စွဲထားဆဲဖြစ်သည်။ လီယိုနာဒိုဒါဗင်ချီလို ပန်းချီဆရာတစ်ပိုင်း၊ စစ်လက်နက် ဒီဇိုင်းရေးဆွဲသူတစ်ပိုင်းမဟုတ်။ ပန်းချီရေးခြင်းဆိုသည်ကို သိပ္ပံပညာတစ်ရပ်အဖြစ် တွေးတောခဲ့ဖူးသူ မဟုတ်။ သို့သော် ပေါလ်ဂေါဂင်လိုလည်း မရဲရင့်။ ဗင်းဆင့်ဗန်ဂိုးလိုလည်း မစွန့်လွှတ်နိုင်။

ငယ်စဉ်ကတည်းက ပန်းချီရူးသွပ်သူတစ်ယောက်။ ကျောင်းသားဘဝတစ်လျှောက် ပန်းချီပြိုင်ပွဲများတွင် လက်စွမ်းပြနိုင်ခဲ့သူ။ နောက်တော့ မိသားစု၏ မျှော်လင့်ချက်ကို ကျောခိုင်းကာ အိပ်မက်ရထားကြီးစီး၍ ပန်းချီပန်းပုကျောင်းကို ရောက်ခဲ့သည်။ ပစ္စုပ္ပန်ကာလမှာတော့ 'ပန်းချီဆွဲသည်'ဟူသော ဆိုင်းဘုတ်ကလေးကို စက်ခေါင်းအဖြစ်သုံး၍ စောစောစီးစီး ထူထောင်ဖြစ်ခဲ့သော မိသားစုရထားတွဲကြီးကို မနိုင့်တနိုင် ဆွဲပြေးနေရသည့် အဖြစ်။ ပန်းချီဖြင့် အသက်ရှင်လိုခဲ့သော်လည်း တကယ့်လက်တွေ့တွင် ပန်းချီဖြင့် အသက်မွေးနေရ၏။

ခေတ်ကာလ အခြေအနေ၏ နည်းပညာတိုးတက်မှုသည် သူ့ တဲကုပ်ပန်းချီစတူဒီယိုကလေးကို ကိုင်လှုပ်ပစ်နေသည်။ သူ့အတွက် ခပ်လွယ်လွယ်၊ ခပ်မြန်မြန် ငွေဖြစ်နိုင်သည့် ဆိုင်းဘုတ်လုပ်ငန်းကို 'ဗွီနိုင်း' လက်ထဲသို့ တော်တော်များများလွှဲပြောင်းပေးလိုက်ရ၏။ တချို့ပုံတူကားတွေပင် ဗွီနိုင်းတွေဘက် ရောက်သွားတတ်သေး၏။

ရွေးချယ်ခွင့်နည်းပါးသည့် အခြေခံမိသားစုတွင် ဘဝ စ,ခဲ့ရသော သူသည် လက်ရှိအချိန်၌ ရွေးချယ်ခွင့် မရှိသလောက် လျော့ကျလာနေသည်။ ပန်းချီတဲကလေး၏ တံစက်မြိတ်အောက်သို့ ငုံ့ကိုင်းဝင်ရောက်လာမည့် လူတချို့၏ ရွေးချယ်မှုကိုသာ စောင့်ဆိုင်းနေရသည့် အခြေအနေရောက်နေကြောင်း သူ့စကားလုံးတွေက သရုပ်ဖော်ပြနေကြသည်။

သို့သော်၊ သူပြောနေကျစကားလို သူမသေဆုံးကြောင်း ကျွန်တော်ယုံကြည်သည်။ သူ့ပန်းချီတဲနံရံ ထောင့်တစ်နေရာတွင် ကင်းဗတ်အလွတ်ကြီးတစ်ချပ် ရှိနေသေး၏။ ပြီးတော့ သူ့ လက်ထဲတွင် စုတ်တံကို ဆုပ်ကိုင်ထားဆဲဖြစ်သည်။

❑

၄။

အလုပ်တာဝန်ဖြင့် ရန်ကုန်သို့ ရက်အနည်းငယ်သွားခဲ့ရ၍ ပြန်ရောက်ပြီး နောက်တစ်နေ့တွင် ကျွန်တော် သူ့ဆီရောက်သွားသည်။

အလင်းရောင် အားနည်းသော တဲကုပ်ကုပ်ကလေးသည် ပန်းချီစတူဒီယိုတစ်ခုအနေဖြင့် မည်သည့်နည်းနှင့်မျှ မသင့်တော်ပေ။ သူ့အလုပ်သည် တောမှီရဟန်းတော်တစ်ပါးကဲ့သို့ ဆိတ်ငြိမ်ကျောင်းသခ်မ်းတစ်ခု မလိုအပ်သော်လည်း ထိုက်သင့်သော တိတ်ဆိတ် လွတ်လပ်မှုအတွက် ဤအဆောက်အဦကလေးကို ဖွဲ့စည်းဆောက်တည်ခဲ့ရပုံပေါ်သည်။ သို့သော် ပြန့်ကျဲနေသည့် ဆေးဘူးတွေ၊ ဆေးနံ့ စူးစူးတွေနှင့် စုတ်တံတွေက ပန်းချီအငွေ့အသက်များပင် ဖြစ်နေပြန်၏။

သူက ကဲလားကလေးဘေးမှ တစ်ခုတည်းသော ဇိမ်ခံပစ္စည်းဖြစ်သည့် ဝါးပက်လက် ကုလားထိုင်ပေါ်တစ်ကိုယ်လုံး ပစ်တင်ထားသည်။ လင်းလိုက်၊ မှိန်လိုက်ဖြစ်နေသော ဆေးလိပ် မီးစကလေးသာ မရှိပါက အိပ်ပျော်နေသည်ဟုထင်ရလောက်အောင် ငြိမ်ဆိတ်နေ၏။

ရိုးအီနေသော ကျွန်တော့် နှုတ်ဆက်မေးခွန်းကြောင့် ခလုတ်ဖွင့်လိုက်သည့် မီးသီးတစ်လုံးလို ဖျတ်ခနဲ လင်းသွားသလိုမျိုး သူလှုပ်ရှားသွားသည်။

'ဟာ... စာရေးဆရာ ပြန်လာပြီလား'

ပြောရင်းဆိုရင်း ပက်



www.burmeseclassic.com

www.burmeseclassic.com

လက်ကုလားထိုင် လက်ရန်းနှစ်ဖက်ကို လက်ဖြင့် ထောက်၍ ထ,လိုက်ပြီး ပုဆိုးကို ပြန်ပြင်ဝတ်သည်။ သူ့အကျင့်အတိုင်း ဆံပင်ပွပွတွေထဲ လက်ချောင်းတွေ ထိုးဖွသည်။ ပြီးတော့ ဓာတ်ဘူးထဲမှ ရေနွေးဖြင့် ကော်ဖီမစ်တစ်ထုပ် ဖျော်ပေး၏။

ကျွန်တော်လည်း အကြိမ်ကြိမ် ပြုနေကျအတိုင်း ဝါးလုံးဆင့်ကလေးပေါ် ပန်းချီပစ္စည်းပစ္စယတွေထဲ ဖြဲရဲထိုင်ရင်း သူ့ရှေ့သို့ တစ်စုံတစ်ခုကို ပစ်ချပေးလိုက်သည်။

'ရော့…ဒါ ခင်ဗျား အတွက် ရန်ကုန်ပြန် လက်ဆောင်ပဲ…'

သိမ်းငှက်တစ်ကောင်၏ နှုတ်သီးလို သူ့လက်တစ်ဖက်က ဆတ်ခနဲ ကောက်ယူလိုက်သည်။ ပန်းချီပြခန်းတစ်ခု၏ လက်ကမ်း ကတ်တလောက်ကလေးသည် သူ့ရုပ်သူ့နာမ်ကို ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း ကျွန်တော် နားလည်လိုက်သည်။ ပန်းချီကတ်တလောက် ခေါက်ရိုးများကို တစ်မျက်နှာချင်း ဖြန့်ကြည့်နေပုံသည် ရက်သတ္တပတ်ခန့် အစာရေစာ ကင်းဝေးနေသူ တစ်ဦး၏ အစားအသောက်နှင့် ပြန်လည်ထိတွေ့လိုက်ရသလိုမျိုး ဖြစ်သည်။

ဘေးနားတွင် ထိုင်နေသည့် ကျွန်တော့်ကို သတိမထားမိလောက်အောင် ထိုကတ်တလောက်ကလေးကို အပြန်ပြန်အလှန်လှန် ကြည့်ပြီးသွားသောအခါ သူ့မျက်နှာသည် လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားသည့် မီးသီးတစ်လုံးကဲ့သို့ ဖျတ်ခနဲ ဖျော့တော့ သွားပြန်သည်။ ပန်းချီကတ်တလောက်ကလေးကို ကျွန်တော့်ရှေ့ ပြန်ချပေး၏။ နံရံတစ်နေရာမှ ကင်းဗတ်အလွတ်ကြီးကို လှမ်းငေးသည်။ ယခုအချိန်အထိ ထိုကင်းဗတ်ပေါ်တွင် ခဲခြစ်ရာကလေးတစ်ကြောင်းမျှ အရာမထင်နိုင်သေး။ ငေးနေလျက်မှ ဦးခေါင်းကို အသာခါယမ်းနေပြန်သည်။

ငေးရီလက်စ သူ့အကြည့်သည် ဝါးလုံးအခင်းပေါ် ပစ်ချထားသည့် ပန်းချီကတ်တလောက်ကလေးဆီ ရွေ့လာပြန်၏။ ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်၊ မင်ခြစ်စသည့်ရေးနည်းမျိုးစုံ။ ရီရယ်လစ်ဇင်၊ ကျူဗစ်ဇင်၊ Abstract စသည့် ရေးဟန်မျိုးစုံ။ စုတ်တံကိုင်၍ အနုပညာ လမ်းကြောင်းတစ်ခုပေါ်တွင် ခေတ်တစ်ခေတ်ကို ဖြတ်သန်းနေကြသော်လည်း သူ မည်မျှအထိ နောက်ကျကျန်ရစ်ခဲ့ပြီဆိုတာ တွေးမိနေသလား။ တကယ်တော့ သူသည် နောက်ကျကျန်ရစ်ခဲ့သူတစ်ဦးဆိုသည်ထက် ခရီးအစ ပထမဆုံး ခြေလှမ်းမှာကတည်းက လဲကျသွားခဲ့သည့် အပြေးသမားတစ်ဦးသာဖြစ်ကြောင်း ကျွန်တော့် အတွေးထဲ တိတ်တဆိတ် မှတ်ချက်ပေးထားခဲ့ပြီးဖြစ်သည်။

'ပန်းချီကျောင်းဆင်းကတည်းက ကျွန်တော် ရန်ကုန်ကို ထပ်မရောက်ဖြစ်တော့ဘူးဗျ။ ဘယ်ပန်းချီဆရာနဲ့မှလည်း ထပ်မဆုံဖြစ်တော့တာ ခုထိပဲဆိုပါတော့ဗျာ၊ မီးဖိုချောင်နဲ့တူတဲ့ ဟော့ဒီ တဲကုပ်ကလေးထဲမှာပဲ စုတ်တံတွေနဲ့ ထမင်းအိုးတည်နေခဲ့တာ'

သူ့ထံမှ လေးလေးတွဲ့တွဲ့ထွက်လာသော စကားတွေသည် ဆင်ခြေတွေမဟုတ်မှန်း ကျွန်တော်ယုံကြည်သည်။ သူ့အပေါ် ယိုင်နဲ့ပိကျနေသည့် မိသားစုရှင်သန်ရေးကိစ္စများက သူ့ကို တဲကုပ်ကလေးတစ်လုံးထဲ လွတ်လပ်စွာ အကျဉ်းချထားခဲ့မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီပဲ။ ကျွန်တော်ကြည့်ခဲ့ဖူးသော ပန်းချီပြပွဲတွေအကြောင်း၊ မဂ္ဂဇင်းကြီးတချို့မှ သရုပ်ဖော် ပန်းချီလက်ရာတွေအကြောင်း ကျွန်တော် မျှဝေပေးသည့်အခါတိုင်း သူ့မျက်နှာတွင် အုံ့သြရိပ်တွေ မှောင်ကျသွားတတ်မြဲ။ သူ့ပတ်ဝန်းကျင်တွင် ပန်းချီဆရာဟု လူသိများသော်လည်း သူကိုယ်တိုင်ကမူ ပန်းချီကို မမှတ်မိနိုင်တော့သလိုမျိုး။

'ဩော်…ခင်ဗျားကို ပြစရာ ရှိသေးတယ်ဗျ'

ရုတ်တရက် ဖွာလက်စဆေးလိပ်တိုကို သံပန်းကန်ပြားဟောင်းထဲ ထိုးခြေထည့်လိုက်ပြီး ဝါးလုံးဆင့်ကလေးပေါ် ဟိုကျော်သည်ခွနှင့် လျှောက်သွားသည်။ ပြန်လှည့်လာသောအခါ ဂျာနယ်စက္ကူတွေဖြင့် ပတ်စည်းထားသော ပန်းချီကားတစ်ချပ်ကို ဆွဲထုတ်လာသည်။ ဖွင့်ဖြေကြည့်လိုက်သည့်အခါ စစ်ကြိုခေတ် အပြင်အဆင် ထုံးဖွဲ့မှုတွေနှင့် မိန်းမပျိုကလေးတစ်ယောက်၏ ကိုယ်တစ်ပိုင်းပုံ။

ပန်းချီအကြောင်း သိပ်နားလည်လှသည် မဟုတ်သော်လည်း အနုပညာမျက်လုံးဖြင့် ခံစားကြည့်သည်။ ကြားဖူးနားဝ ပန်းချီသီအိုရီ အပိုင်းအစကလေးတွေဖြင့် တိုင်းထွာကြည့်သည်။ အလင်း၊ အမှောင်၊ အနု၊ အရင့်၊ အပြုံး၊ အမဲ့၊ အနီး၊ အဝေး…။

'မဆိုးပါဘူးဗျ။ ဒါပေမဲ့ နည်းနည်းတော့ အရုပ်ဆန်နေသလားလို့'

ကျွန်တော်က ပန်းချီကားကို နံရံတွင် လှမ်းထောင်ထားလိုက်ရင်း အဝေးကြည့်၍ ပြောလိုက်မိသည်။ ကျွန်တော့်အနုပညာ၊ သူ့အနုပညာ ဝေဖန်နေကျမို့ ပွင့်ပွင့်လင်းလင်း ပြောလိုက်ခြင်းလည်း ဖြစ်သည်။

'ဟား ဟား ဟား'

စုတ်တံခွက်တွေ တင်ထားသည့် စားပွဲပေါ်မှ တစ်စုံတစ်ခုကို မွှေနှောက်ရှာနေရင်း တစ်ကိုယ်လုံး လှုပ်ခါသွားအောင် ရယ်မောနေ၏။ ပြီးတော့ စက္ကူအိတ်အသေးကလေးကို ကျွန်တော့်ဆီ ကမ်းပေးလိုက်သည်။

'အရုပ်ဆန်နေသလား မဟုတ်ဘူးဗျ၊ အရုပ်ကို ဆန်နေတာ၊ ဟော့ဒီမှာ ကျွန်တော် ကူးဆွဲရတဲ့ ဓာတ်ပုံကို ကြည့်လိုက်ဦး'

သူကမ်းပေးသော စက္ကူအိတ်ကလေးထဲမှ နှစ်လက်မအရွယ်အစား ဓာတ်ပုံကလေးကို ကြည့်ရင်း ကျွန်တော် 'ဟာ'ခနဲ ဖြစ်သွားရသည်။ ဆယ်စုနှစ်အချို့ကို ဖြတ်သန်းလာရသော အဖြူအမည်း ဓာတ်ပုံကလေးသည် မျက်နှာပြင် ကောင်းစွာ မထင်ရှားတော့။ ဤအခြေအနေမျိုးမှ



www.burmeseclassic.com

www.burmeseclassic.com

ရောင်စုံပန်းချီကားတစ်ချပ်ဖြစ်အောင် မည်ကဲ့သို့ ပြောင်းလဲရယူခဲ့သည် မသိ။ မျက်နှာပုံပန်းကို မည်ကဲ့သို့ ဖမ်းဆုပ်ခဲ့ပါလိမ့်။

'ဗန်ဂိုးက ဒေါက်တာဂါးချက်ရဲ့ ပုံတူကို ချက်ချင်းကောက်ဆွဲခဲ့တာ မဟုတ်ဘူး၊ အချိန်ကာလတစ်ခုအထိ အတူနေထိုင်ခဲ့ပြီးမှ ဒေါက်တာ ဂါးချက်ရဲ့ နွမ်းနယ်နေတဲ့စိတ်ကို ပါ ပါအောင် ထည့်ဆွဲခဲ့တာပဲ'

'ကျွန်တော့်မှာ ကိုယ်ဟန်ပြ မပြောနဲ့၊ လွန်ခဲ့တဲ့ ဆယ်စုနှစ်ပေါင်းများစွာကတည်းက သေသွားသူတွေရဲ့ ဓာတ်ပုံအဟောင်းတွေကို ကြည့်ဆွဲနေရတာ၊ စိတ်နေသဘောထားကို ထင်ဟပ်စေဖို့ အသာထား၊ ရုပ်ရည်တောင် မဖမ်းဆုပ်နိုင်တာတွေ ရှိတယ်။ ကဲ အဲ့ဒါ ပန်းချီဆရာလားဗျာ'

သူက ဓာတ်ပုံအဟောင်းကလေးကို စက္ကူအိတ်ကလေးထဲ ဂရုတစိုက် ပြန်ထည့်သည်။ သံပန်းကန်ပြားထဲ ထိုးခြေထားသည့် ဆေးလိပ်တိုကို အသက်ပြန်သွင်းလိုက်သည်။ ဆေးလိပ်မီးက ရဲခနဲ၊ ဆေးလိပ်ငွေ့က ထောင်းခနဲ။ ထို့နောက် တဲန်ရံ တစ်နေရာသို့ အငေးက ဆွေးဆွေးကြီး စူးစိုက်လျက်။

ထိုနေ့က သူ့အိမ်မှအပြန်တွင် ထိုပန်းချီကတ်တလောက်ကလေးကို ကျွန်တော် ပြန်ယူလာခဲ့လေသည်။

❑

၅။

ကျွန်တော်သည် တခြားမြို့တစ်မြို့သို့ တာဝန်အရ ပြောင်းရွှေ့သွားပြီးနောက် တစ်နှစ်နီးပါးအကြာတွင် ဤမြို့သို့ ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ရောက်လာဖြစ်သည်။ လူမှုရေး ကိစ္စတစ်ဝက်၊ အလည်တစ်ဝက်အနေဖြင့် ရက်တိုခရီးလေး ပြေးလာခဲ့ခြင်းပင်။ တည်းခိုအိမ် ရောက်သည့်နေ့မှာပင် စက်ဘီးတစ်စီးငှား၍ ပန်းချီဆရာအိမ် ရှိရာဘက်သို့ ပြေးလာခဲ့၏။

တစ်ချိန်က
လူကြိုက်
နည်းသော
လက်ဖက်ရည်
ဆိုင်ကလေးထဲတွင်
ဆေးပေါ့လိပ်
မီးခိုးငွေ့တွေကြားမှ
ဆံပင်ထူပွပွနှင့်
မျက်နှာတစ်ခုကို
ပြေးသတိရ၏။
အခုတော့
ကျက်ဘဲကုန်ပြီ
ဖြစ်သည်
အခုတော့
ပျောက်ဆုံးသွားပြီ
ဖြစ်သည်

လမ်းကလေးသည် အရင်အတိုင်း ကျဉ်းကျပ်နေဆဲ။ အုတ်ခဲကျိုးတွေ၊ ဖွဲ့ခွံတွေက ပြန့်ကျဲနေဆဲ။ ခြံဝန်းတွေထဲမှ သစ်ကိုင်းအဖျားအနားများကလည်း လမ်းကျဉ်းကလေးပေါ် ကျူးကျော်နေကြဆဲ။ သစ်သားလှျှပ်စစ်မီးတိုင် ယိုင်နဲ့နဲ့တွေ ကျိုးတိုးကျဲတဲ ရပ်နေကြသည်က လွဲ၍ ထူးခြားသည့် အပြောင်းအလဲကို ကျွန်တော် မခံစားရ။

ပန်းချီဆရာအိမ်မှာရော ဘယ်လိုအပြောင်းအလဲတွေက ဆီးကြိုနေနှင့်ကြလေမလဲ။ အိမ်အနောက်ဘက်မှ တဲကုပ်ကုပ်ကလေးထဲတွင် ဆေးဘူးတွေ၊ စုတ်တံတွေနှင့် ပန်းချီစွန်းပစ်ပစ္စည်းများက အရင်လိုပင် ပြန့်ကျဲနေဦးမည်မှာ သေချာသည်။ ပိုမိုပူဆွေးလာသော၊ ပိုမိုစွတ်စိုလာသော၊ ပိုမိုကြမ်းတမ်းလာသော၊ ပိုမိုရန်လိုလာသော ကမ္ဘာကြီး၏ လူသားတစ်ဦးအနေဖြင့် သူ့လက်ချောင်းတွေနှင့် သူ့နှလုံးသားသည် မဟာမိတ်ဖွဲ့နိုင်လိမ့်ဦးမည် မဟုတ်။ နှစ်အတန်ကြာအောင် ဗလာသက်သက်အနေအထားဖြင့် စောင့်ဆိုင်းနေခဲ့သည့် ကင်းဗတ်အလွတ်ကြီးပေါ်တွင်ရော အနုပညာမြောက် စုတ်ချက်တွေကို တွေ့မြင်ခွင့် ရနေမလား။ သို့မဟုတ်ပါကလည်း လွန်ခဲ့သော တစ်နှစ်ခန့်က ကျွန်တော် နောက်ဆုံးတွေ့ခဲ့ရသည့်အတိုင်း ခဲတစ်ကြောင်းမျှ မခြစ်ရသေးသော ကင်းဗတ်အလွတ်ကြီး တစ်ချပ်အဖြစ်ပင် ရှိနေဦးလေမလား။

လမ်းတစ်လျှောက်လုံး ကျွန်တော် ဂရုတစိုက် ပွေ့ပိုက်လာခဲ့သော အတွေးပန်းအိုးသည် ပန်းချီဆရာအိမ်ရှေ့ ရောက်သည်နှင့် ရုတ်တရက် ကျကွဲသွားတော့၏။ စက်ဘီးပေါ်မှ ဆင်းပြီး အိမ်ရှေ့မှာ ရပ်နေလျက်က အိမ်ရှင်အမည်ကို အသုံးပြု နှုတ်ဆက်ရန် တွေဝေသွားမိ၏။

အိမ်ကလေးကတော့ အရင်အတိုင်း။ အိမ်ခေါင် တစ်နေရာမှ လိမ္မော်ရောင်လင်ပန်းကလေးတစ်ချပ် ပက်လက်လှန် တင်ထားသည်မှလွဲ၍ ပျဉ်အကာတွေသည် ရေနံချေး ငတ်မွတ်နေကြဆဲ။ သွပ်ခေါင်မိုးကလေးသည်လည်း အရင်လို ကွက်တိကွက်ကျား နီကြင်ကြင်ဖြစ်နေဆဲ။ သို့သော် သူ့ခြံဝန်း၏ တစ်ဖက်အစခန့်မှာပင် တစ်စွန်းတစ်စ လှမ်းမြင်နေရတတ်သည့် သူ့ပန်းချီတဲကုပ်ကလေးမရှိတော့။ ဤပြောင်းလဲခြင်း မြေကွက်လပ်ကလေးကပင် ကျွန်တော့် မျှော်လင့်ခြင်း အတွေးပန်းအိုးကို ရိုက်ခွဲလိုက်ခြင်းဖြစ်သည်။

ထိုအချိန်တွင် သူ့ဇနီးသာ ကျွန်တော့်ကို အရင်ဦးအောင် မမြင်လိုက်ပါက ခြံပေါက်ဝမှပင် လှည့်ပြန်ဖြစ်လိမ့်မည် ထင်သည်။

အိမ်ကလေးပေါ် ရောက်သောအခါမှ သူ အပြင်မှ ပြန်မရောက်သေးကြောင်း သိရသည်။

ကလေးနှစ်ယောက်က တီဗွီဂိမ်းဖြင့် စစ်အင်္ဂါ ခင်းကျင်းနေကြသည်။ သူ့ဇနီးသည်က လက်ဖက်သုပ်တစ်ပွဲ၊ ရေနွေးကြမ်းတစ်အိုးဖြင့် ဧည့်ခံကာ မီးဖိုခန်းနှင့် အိမ်ရှေ့ခန်းကို ကူးချည်သန်းချည် လုပ်နေရ၏။

သူ့ဆီ အရောက် အပေါက်များခဲ့သော်လည်း ပန်းချီတဲကလေးသည်သာ စိုက်စိုက်မတ်မတ် ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com

တတ်မြဲမို့ အိမ်ကလေးနှင့် သိပ်မရင်းနှီးခဲ့။ အခုမှ ရောက်ဖူးသော နေရာသစ်တစ်ခုကဲ့သို့ အိမ်ကလေးထဲ မျက်စိကစားနေမိသည်။

ပန်းချီဆရာအိမ်ပေါ် ရောက်နေသော်လည်း ပန်းချီအငွေ့အသက်ကို မခံစားရ။ ဘုရားခန်းရှိ ဗုဒ္ဓဘာသာဝင်အိမ်တိုင်းလိုလို၌ တွေ့မြင်ရတတ်သော ပဋ္ဌဝဂ္ဂီငါးပါး တရားဦးနာယူနေပုံ ပုံနှိပ်ပန်းချီကားတစ်ချပ်သည် ပန်းချီအငွေ့အသက် စစ်စစ်မဟုတ်။ တကယ်တမ်း ပြောရလျှင် ဤကဲ့သို့သော ပုံတော်များကို ဘာသာရေး အဆောက်အဦများအတွက် သူ အကြိမ်ကြိမ် ရေးဆွဲခဲ့ဖူးသည်။ နံရံတစ်နေရာ တိုင်ကပ်နာရီဘေးမှ သူ့ဇနီး၏ ငယ်ဘဝဖြစ်စဉ်ပန်းချီကားကလေးကသာ ပန်းချီဆရာအိမ်ဟု သတ်မှတ်ယုံကြည်နိုင်ရန် သဲလွန်စတစ်ခုဖြစ်၏။

'ဆရာတို့ လူကြီးလည်း မနားရရှာပါဘူးရှင်၊ ဒါပေမဲ့ ဘယ်တတ်နိုင်မလဲ။ ဒါမျိုးက မိုးရွာတုန်း ရေခံရတာဆိုတော့'

သူ့ဇနီးက ဘီစကစ်ပန်းကန်ကလေး ထပ်လာချပေးရင်း ငူငူငေါင်ငေါင်ဖြစ်နေသည့်ကျွန်တော့်ကို စကားတစ်ခွန်းဖြင့် ဧည့်ခံပြီး မီးဖိုခန်းထဲ ပြန်ဝင်သွားပြန်သည်။ သို့သော် ပန်းချီဆရာတစ်ယောက် မနေမနား လုပ်နေရသည့် အလုပ်ကို ကျွန်တော် စဉ်းစားနေမိသည်။ စေတီတန်ဆောင်းတွေ အသစ်တည်ဆောက်ရာတွင် ဗုဒ္ဓဝင်ကားတွေ သွားဆွဲနေရလို့များလား။ ရှာနီးချုပ်စပ်မှ ဘုန်းကြီးကျောင်းတွေ၊ ဓမ္မာရုံတွေဆီ ညအိပ်ညနေ သွားဆွဲနေရတာလည်း ဖြစ်နိုင်သည်။ သူ့ဇနီးနှင့်လည်း မေးထူးခေါ်ပြောအဆင့်သာသာမို့ နှုတ်ခမ်းမှ ချော်ကျလုလု မေးခွန်းတချို့ကို အနိုင်နိုင် ပြန်သိမ်းဆည်းနေရသည်။

ဤသို့ဆိုလျှင် အိမ်အနောက်ဘက်မှ သူ့ပန်းချီစတူဒီယို တဲကလေးကို မည်သည့် အကြောင်းပြချက်ကနုတ်ယူလွှင့်ပစ်ခဲ့ပါလိမ့်။ သူ နေ့စဉ် ကြည့်ငေးနေကျ ကင်းဗတ်အလွတ်ကြီးက ရောမည်သို့သော အခြေအနေနှင့် ရင်ဆိုင်နေရလေသလဲ။ အဖြေမရသော ပုစ္ဆာများနှင့်ပင် တစ်မိနစ်ပြီး တစ်မိနစ်၊ တစ်နာရီမှ နောက်ထပ်တစ်နာရီ။

ထိုစဉ် လမ်းကျဉ်းကလေးထဲ အလျှားလိုက် ထိုးဖောက်ဝင်လာသော ဟွန်းသံရှည်ကြီးနှင့်အတူ ဆိုင်ကယ်စက်သံ ညက်ညက်ကိုပါ ကြားလိုက်ရ၏။

'ဟော... ပြန်လာပြီထင်တယ်'

သူ့ဇနီးက မီးဖိုခန်းမှ ပြေးထွက်လာပြီး ပြတင်းဝမှ လည်ပင်းကို ဆန့်ထုတ်လိုက်သည်။ ကျွန်တော်လည်း ရောယောင်၍ အိမ်ရှေ့ဆီ လှမ်းကဲကြည့်မိသည်။

ကျွိခနဲ ထိုးရပ်လိုက်သော ဆိုင်ကယ်တစ်စီး။ ဤမြို့၏ အောင်မြင်သော စီးပွားရေးသမားတွေထဲမှ ပိုက်ဆံအိတ်ထူထူ၊ ဗိုက်ခေါက်ထူထူ၊ အတ္တထူထူ လူတစ်ယောက်။ နောက် ထိုင်ခုံမှ ပုံမကျ ပန်းမကျ ဆင်းလာသူမှာ သူ... သူ...။ ကျွန်တော် ဤအိမ်ကလေးပေါ် ရောက်နေရသည့် အကြောင်းပြချက်။

အစဉ်အလာမဟုတ်သည့် အရောင်တွေကို တွဲဖက်ထားသော ပန်းချီကားတစ်ချပ်ကဲ့သို့ ကျွန်တော့်မျက်လုံးတွေထဲ မြင်သားမကျ။ ကုပ်သားအိအိကြီး၊ ပါးစုန့်မို့မောက်မောက်နှင့် တင်းဖောင်းနေသည့် မေးနှစ်ထပ်ကြီးထံမှ သေးအစ်အစ်အသံကို ကြားလိုက်ရသည်။ ခေါင်းတဆတ်ဆတ်ညိတ်နေသော သူ့အမူအရာသည် သာမန်ဆက်ဆံရေးမျဉ်းထက် အနည်းအငယ် နိမ့်ကျနေသည်ဟု တွေးမိသည်။ ငွေကြေးတစ်ခုတည်းကိုသာ အငမ်းမရ ရှာဖွေသူနှင့် အနုပညာကိုသာ ဆာလောင်နေသူ နှစ်ဦးကြား ထိုးခင်းလိုက်သော တံတားတစ်စင်းကို အပြေးအလွှား စဉ်းစားသော်လည်း အဖြေမတွေ့။

လိုက်ပို့သော ဆိုင်ကယ် ပြန်ထွက်သွားပြီးနောက် ခြံဝန်းထဲ လှည့်ဝင်လာသည့် သူ့ အကြည့်သည် ကျွန်တော် ရပ်ထားခဲ့သော စက်ဘီးတွင် ချိတ်ငြိမိသွား၏။

'ဒီမှာ...ဧည့်သည် စောင့်နေတာ ကြာပြီ'

သူ့ဇနီး၏ နှုတ်ဆက်စကားကြောင့် သူ့အကြည့်က ကျွန်တော်ထိုင်နေသော ပြတင်းပေါက်ဆီ ဖျတ်ခနဲ ရွေ့လာ၏။

'ဟာ...စာရေးဆရာ'

သံပတ်ပေးလိုက်သော ကားရုပ်ကလေးလို သူ ရုတ်တရက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

❑

၆။

'ခု... ဘာတွေ ဆွဲနေလဲဗျ'

ရိုးအီနေသော ကျွန်တော့်မေးခွန်းဟောင်းတစ်ခုကြောင့် သူ'ဟင်'ခနဲတစ်ချက်ကြောင်သွားသည်။ နှစ်နှင့်ချီ၍ ပျောက်ဆုံးနေသော လူတစ်ယောက်ထံမှ နှစ်နှင့်ချီ၍ မကြားရခဲ့သည့် မေးခွန်းတစ်ခုမို့ ဖြစ်ပုံရသည်။ သူကိုယ်တိုင်ကတော့ ရာနှုန်းပြည့် ပြောင်းလဲသွားခြင်းမဟုတ်သော်လည်း အချက်အလက် အတော်များများသည် မူလနှင့် လွဲချော်နေခဲ့ပြီဖြစ်ကြောင်း သူဝတ်ထားသော စပို့ရှပ် အဆင်ဒီဇိုင်းက ပြောပြနေသည်။ သူ့လက်ကြားမှ စီးကရက်က သက်သေဖြစ်သည်။ နှစ်နှင့်ချီ၍ ဝေးကွာနေသည့် မိတ်ဆွေနှစ်ယောက်၏ ပြန်လည်တွေ့ဆုံခြင်း အခမ်းအနားကို ဘီယာဆိုင်တစ်ဆိုင်တွင် ကျင်းပရန် အကြံအစည်ရခဲ့သော သူ့စိတ်ကူးက သရုပ်ဖော်ပြနေ၏။

ဖန်ခွက်မြည်သံ၊ ဟန်းဖုန်းမြည်သံနှင့် ငွေစက္ကူချင်းပွတ်တိုက်မိသံများက ဆိုင်ထဲရှိ မီးရောင်အောက်၌ လုံးထွေးမိနေကြသည်။ ဆိုင်ထောင့်တစ်နေရာရှိ တီဗွီမှ ပြည်ပဘောလုံးပွဲသည် အပန်းဖြေရန် ရောက်နေကြသော မြို့မျက်နှာဖုံးကြီးများအတွက် အကောင်းဆုံး အမြည်းတစ်ပွဲမျှသာ။

ကျွန်တော်က ဘောက်လက်စ ဖန်ခွက်ကိုဆုပ်ကိုင်

စာမျက်နှာ(၁၇၅)သို့...



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဆံပင်ဖြူများ

## ရဲထွမ်းနေ

www.burmeseclassic.com

www.burmeseclassic.com

နှင်းဝေသော နံနက်ခင်းတစ်ခုတွင် ထွက်ပေါ်လာသော ကိုမင်းနိုင်၏ သတင်းက မြို့လေးတွင် အချိန်အတန်ကြာ အိပ်စက်နေခဲ့သော ပုံပြင်ဟောင်းကို နိုးထ,စေခဲ့ပြီ။ မြို့လေးရှိ မိန်းမများ အားလုံးသည် ရှေ့တွင် ပြီးဆုံးခဲ့သော ကိုမင်းနိုင်၏ အဖြစ်အပျက်လို အလားတူ အဖြစ်အပျက်များကို အိပ်မက်တစ်ခုဟု ယုံကြည်ချင်ကြသည်။ ကံမကောင်း၊ အကြောင်းမလှ၍ မက်မြင်ရသော အိပ်မက်များလိုပေါ့။ သို့သော် အိပ်မက် မဟုတ်ခဲ့ကြောင်း ဆင်တူ အဖြစ်အပျက်များက သက်သေပြနေသည်။ အိပ်မက်ဆိုလျှင် အကြိမ်တိုင်း ထပ်တူညီဖို့ မဖြစ်နိုင်ဘူးလေ။ ထူးဆန်းသည်က ယောကျ်ားများသည် သူတို့ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်နှင့် ပတ်သက်၍ ဘာမှ မပြောပြခြင်းပင်။ ဘယ်လို ဖြေရှင်းချက်မျိုးကမှ သူတို့၏ ယိုယွင်းသွားသော သွင်ပြင်လက္ခဏာကို ပြုပြင်ပေးဖို့ မတတ်နိုင်တော့ဟု သူတို့အားလုံး လက်ခံထားကြသလား မပြောတတ်ပါ။ သူတို့ ဘာဖြစ်ခဲ့ကြသလဲ ဘယ်သူမှ မသိပါ။ ယောကျ်ားအားလုံး၏ တူညီသော အဖြစ်ကတော့ ဖြူစပြုလာသော သူတို့၏ ဆံပင်များသည် ရက်အနည်းငယ်အတွင်း ဆွတ်ဆွတ်ဖြူသွားခြင်းပင်ဖြစ်၏။




❑

သူတို့မြို့လေး၏ မြောက်အရပ်တွင် တောင်တန်းပြာများ ကာဆီးထားသည်။ တောင်တန်းပြာများသည် မြို့လေးမှ လှမ်းကြည့်လျှင် အနီးလေးဟု ထင်ရသည်။ သို့သော် မြို့ပြင် ထွက်၍ တောင်တန်းများကို ကြည့်လိုက်ပါက ပထမဆုံး စိမ်းစိုသော တောအုပ်လေးကို ဖြုန်းခနဲ တွေ့ရလျှင် လူတိုင်း မအံ့ဩဘဲ မနေနိုင်ကြပါ။ တောအုပ်က မြို့နှင့် တောင်တန်းများကို ခြားထားလေသည်။ သို့သော် မြို့ထဲမှ ကြည့်လျှင် တောအုပ်လေး တည်ရှိနေသည့်အဖြစ်ကို ဘယ်သူမှ ယောင်ယမ်းပြီး တွေးမိကြမှာမဟုတ်။ တောင်တန်းများကိုပဲ မြင်ရသည် မဟုတ်လား။ အဲဒီအဖြစ်က တောအုပ်ကို ပထမဆုံး တွေ့မြင်ရသူတိုင်းအတွက် အံ့ဩဖွယ်ရာတစ်ခု ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ သို့သော် ချစ်စရာကောင်းသော ဒီတောအုပ်လေးသည် သူတို့မြို့တစ်မြို့တည်းပိုင် ပုံပြင်တွင် အဓိကကျသော ဇာတ်ကောင်တစ်ကောင် ဖြစ်လာလိမ့်မည်ဟု သူတို့မထင်ခဲ့ကြပါ။

ပုံပြင်သည် သူတို့ အဘိုးများလက်ထက်တွင် အစပြုခဲ့သည်။ အဲဒီတုန်းက သူတို့မြို့တွင် ကိုလှမောင်နှင့် မမြရင်ဆိုသည့် လင်မယားနှစ်ယောက်နေထိုင်ကြလေသည်။ ကိုလှမောင်က လက်သမားဆရာဖြစ်ပြီး မမြရင်ကတော့ သူတို့ခြံထဲရှိ မြေနေရာ လွတ်တွင် သီးပင်၊ စားပင်လေးများ စိုက်ပျိုးပြီး ဈေးတွင်ရောင်းချကာ အိမ်ထောင်တာဝန်ကို သူ တတ်နိုင်သည့်ဘက်မှ ထမ်းဆောင်နေသော အိမ်ထောင်ရှင်မတစ်ဦး ဖြစ်သည်။ အသောက်အစား၊ အပျော်အပါးကင်းသော ကိုလှမောင်သည် မမြရင်ကို ချစ်၍ ယူခဲ့ခြင်းတော့ မဟုတ်ပါ။ မိတ်ဆွေရင်းများဖြစ်ကြသော နှစ်ဖက်မိဘများ၏ စီမံမှုကို မလွန်ဆန်နိုင်သော ကိုလှမောင်မှာ ငယ်ချစ်ဦး ရှိခဲ့လေသည်။ မနှင်းမှုံတဲ့။ မနှင်းမှုံနှင့်သာ လက်ထပ်မည်ဟု ရည်ရွယ်ထားသော ကိုလှမောင်၏ စိတ်ကူးအိပ်မက်သည် စစ်နှင့်အတူ ပျက်စီးခဲ့ရ၏။ စစ်ဖြစ်သော အခါ မနှင်းမှုံတို့ မိဘများက သူတို့အမျိုးများရှိရာ အခြားမြို့သို့ ပြောင်းရွှေ့ကြသော အခါ ချစ်သူနှစ်ဦးဝေးခဲ့ရလေတော့သည်။ စစ်အတွင်းမှာ သမီးပျိုကို အိမ်ထောင်ချထားပေးလိုသော မမြရင်၏ မိဘများနှင့် ကိုလှမောင်၏ မိဘများ တွေ့ကြသောအခါ ကိုလှမောင်နှင့် မမြရင်တို့ အိမ်ထောင်ရေးကို စီမံပါတော့၏။

ကိုလှမောင်သည် အချစ်ဦးနှင့် လွဲခဲ့ရပေမဲ့ လက်ရှိ အိမ်ထောင်ရေးကို သာယာအောင် ကြိုးစားခဲ့ပါသည်။ မနှင်းမှုံကို အချစ်မပြယ်သေးပေမဲ့ မမြရင်ကို ချစ်နိုင်ဖို့ သူ ကြိုးစားခဲ့သည်။ မမြရင်ကို မနှင်းမှုံလို မချစ်နိုင်ပေမဲ့ သူ



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာထားနိုင်ခဲ့သည်။ သူ့အဖြစ်ကို အချစ်ဦးနှင့် လွဲခဲ့ရသော၊ သိပ်မဆန်းကြယ်လှသော ဇာတ်လမ်းတစ်ပုဒ်ဟု သူ နှလုံးသွင်းနိုင်ခဲ့သည်။ စစ်ပြီးသောအခါ ကိုလှမောင်တို့ မြို့လေးသို့ မနှင်းမှုံတို့ မိသားစု ပြန်ရောက်လာခဲ့သည်။ ဒီမြို့လေးမှာ အခြေချနေထိုင်ရန် ပြန်လာခဲ့ခြင်းဖြစ်သည်တဲ့။

အဲဒီအချိန်မှာ နောင်မှာ ပုံပြင်တစ်ပုဒ်သဖွယ် လက်ဆင့်ကမ်းပြောရတော့မည့် ဇာတ်လမ်းတစ်ပုဒ် သူတို့မြို့လေးမှာ စတင် မွေးဖွားလာတော့သည်။ သူတို့မြို့လေးတွင် ကိုတင့်တယ်ဆိုသည့် လူချောတစ်ယောက်ရှိသည်။ ကိုတင့်တယ်သည် လူပျိုဘဝကတည်းက မြာပွေသူတစ်ယောက်ဖြစ်ပြီး အိမ်ထောင်သည်ဘဝ ရောက်ပြီးနောက်ပိုင်းမှာလည်း မဆင်ခြင်ပါ။ သူ့မိန်းမ အေးမှာ အမြဲပင် မျက်ရည်နှင့်သာ ပေါင်းဖက်နေရ၏။ ရုပ်ဆိုးသော အေးက သူ့ကို ပြန်မပြောရဲမှန်းသိ၍ ယူခဲ့တာလား စိတ်ပေါက်ပေါက်ဖြင့် အေး တွေးမိသည်။ အေးက ရုပ်ဆိုးသူဆိုတော့ နဂိုအားငယ်သော စိတ်အခံမှာ ယောကျ်ားကို ဒီတစ်သက် ပြန်လှန်နိုင်စရာ အကြောင်းမမြင်တော့ပါ။ အဲဒီအချက်ကို မြင်သော ယောကျ်ားကလည်း ပြန်မလှန်နိုင်အောင် အေးအား ဖိနှိပ်ထားခဲ့သည်။ တစ်ရက်၊ အဲဒီတစ်ရက်မှာ ကိုတင့်တယ်၏ ချောက်ချောက်ချားချား အော်သံကို ကြားလိုက်ရသည်။ အေး မီးဖိုချောင်ထဲမှ အလန့်တကြား ပြေးထွက်လာတော့ ကိုတင့်တယ်က မှန်ရှေ့မှာ မျက်နှာအဆမတန် ပျက်ယွင်းလျက်။

'ငါ့ ငါ့ ဆံပင်တွေ ဘယ်လိုဖြစ်လို့ ဖြူကုန်ရတာလဲ'

သူ့အသံ ခြောက်သွေ့အက်ကွဲနေပုံများ တစ္ဆေတစ်ကောင်နှင့် မျက်နှာချင်းဆိုင်တွေ့နေသလိုပါပဲ။

အို ဟုတ်ပါရဲ့။ သူ့ဆံပင်များသည် ကွက်တိကွက်ကျား ဖြူစပြုနေပြီ။ သူနှင့် သက်တူရွယ်တူ အေးဆံပင်များပင် မဖြူသေး။ အေး ကြောင်အ,စွာ သူ့ကို ငေးကြည့်နေဆဲ သူက ပြန်မရနိုင်သော ဆုံးရှုံးမှုကြီး ကြုံတွေ့ရသူလို ပြင်းပြင်းထန်ထန် တုန်လှုပ်လျက်ရှိသည်။ ဟုတ်သားပဲ၊ သူသာ ဆံပင်တွေ ဆက်ဖြူနေလျှင် အဘိုးကြီးနှင့် ပိုတူလာပြီး သူ၏ ဆွဲဆောင်အားတွေ လျော့ကျကုန်မှာပေါ့။ ထိုနေ့က အေးသည် သူ့ကို ဟန်ဆောင် နှစ်သိမ့်မှုများ အလျှံပယ်ပေးရင်း ရင်ထဲမှ လှုပ်လှုပ်ခတ်ခတ် ပျော်ရွှင်နေမှုကို သူ မသိအောင် ဖုံးကွယ်ရသည်မှာ သိပ်တော့ မလွယ်ကူလှပါ။ ရက်အနည်းငယ်အတွင်း သူ့ခေါင်းက ဆံပင်များ အားလုံး ဆွတ်ဆွတ်ဖြူသွားခြင်းနှင့် သူ့အနားမှ မိန်းမလှလေးများကို မဆွဲဆောင်နိုင်တော့ခြင်းတို့က အေးအတွက် လောကကြီးမှ ပေးသနားသော ပျော်ရွှင်ဖွယ် လက်ဆောင်များပင်ဖြစ်သည်။ ထို့ကြောင့်လည်း ဒီအဖြစ်အပျက် မတိုင်မီ ကိုတင့်တယ်အား တောအုပ်ထဲမှာ တွေ့ခဲ့ရသည်ဟု ပြောလာသူတစ်ဦး၏ စကားကိုပင် အေး ခေါင်းထဲ မထည့်ခဲ့ပါ။ ပတ်ဝန်းကျင်က ပြောကြသည်ကတော့ ကိုတင့်တယ်နှင့် အိမ်ထောင်ကျပြီးနောက် ပျောက်ဆုံးသွားသော အေး အပြုံးကို ယခုမှ ပြန်တွေ့ရသတဲ့လေ။ အေးဖြည့်စွက်လိုက်ချင်သည်က ဒီတစ်သက် မတွေ့နိုင်တော့ဟုထင်ခဲ့ရသော ကိုတင့်တယ်၏ အရှုံးကို ယခုမှ တွေ့ရခြင်းဖြစ်သည်ဟု။

❑

ကိုလှမောင်သည် မနှင်းမှုံကို ရှောင်ခဲ့ပေမဲ့ မြို့ကျဉ်းကျဉ်းလေးဖြစ်၍ တစ်နေ့မှာ ဆုံကြပါတော့သည်။ မနှင်းမှုံကတော့ အိမ်ထောင်မကျသေးပါ။ သူနှင့် လွဲခဲ့ရခြင်းအတွက် မနှင်းမှုံအိမ်ထောင်မပြုခြင်း ဖြစ်သည်ဟု သူ မယူဆခဲ့ပါ။ မသက်ဆိုင်တော့ပြီဖြစ်သော အချစ်ဦး၏ အချစ်ရေးကို သူ မမေးသင့်ဘူးမဟုတ်လား။ အဲဒီနေ့က မျက်နှာချင်းဆိုင်ဆုံခြင်းဖြစ်ပေမဲ့ သူတို့ စကားတစ်ခွန်းမျှ မဆိုခဲ့ကြ။ သို့သော် သူတို့သည် တစ်ယောက်နှင့်တစ်ယောက် အကြည့်များကိုတော့ ရှောင်လွှဲခြင်း မရှိကြပါ။ ဖြစ်ချင်တော့ သူတို့ရောက်နေသော လမ်းလေးက သူတို့နှစ်ဦး၏ အမှတ်တရလမ်းလေး။ တောအုပ်ရှေ့က လမ်းလေးပေါ့။ ထိုလမ်းဘေးရှိ တောအုပ်အစပ်တွင်ရှိသော ခရေပင်အောက်မှာ သူတို့၏ ချစ်မှတ်တမ်းများ ရေးထိုးခဲ့ဖူးသည် မဟုတ်လား။ သူတို့သည် တူညီစွာပဲ ခရေပင်ကြီး မကြည့်ကြပါ။

ကိုလှမောင်သည် ထိုအဖြစ်ကို မေ့နိုင်အောင် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရသည်။ မနှင်းမှုံသည်လည်း သူ့လိုပင်ရှိလေမလား သူ မပြောနိုင်ပါ။ တစ်ရက် အလုပ်မှအပြန် ခရေပင်အောက်မှာ မိုးခိုမိခဲ့သည်။ သူ့လိုပဲ မိုးခိုသူတစ်ယောက် ရှိနေလိမ့်မည်ဟု သူ မထင်ခဲ့ပါ။ ကြမ်းတမ်းသိပ်သည်းသော မိုးရေစက်များကြောင့် အရာအားလုံးသည် မပီပြင်ဝိုးတဝါးနိုင်လှသည် မဟုတ်လား။ မိုးခိုနေသူသည် မနှင်းမှုံဟု သိခဲ့လျှင် သူ မိုးခိုဖြစ်ပါ့မလား။ မနှင်းမှုံကို မြင်လိုက်ရတော့ ရင်ထဲမှာ တုန်ယင် မောပန်းလာသည်။ ဒီနေ့ မနှင်းမှုံ လှနေသည်မှာ ပထမဆုံးအကြိမ် ချိန်းတွေ့စဉ်ကလိုပဲဟု ဘာသာတွေးမိတော့ ချက်ချင်းပင် အတွေးကို မောင်းထုတ်ပစ်ရသေးသည်။ အလုပ်ပင်ပန်းသည်ကို အကြောင်းပြုပြီး အရက်သောက်လာတော့ သွေးကလည်း ကြွနေသည်။ သူ့ကိုယ်သူ မထိန်းနိုင်မည်စိုး၍ မိုးရေထဲ ထွက်သွားတော့ မည့်ဆဲဆဲ အမောင် ဟု ခေါ်သံသဲ့သဲ့ ကြားလိုက်ရသည်။ ရည်းစားဘဝမှာ မနှင်းမှုံ သူ့ကိုခေါ်နေကျနာမည်။ သူ စိတ်ထင်နေတာလား။ မနှင်းမှုံကို ပြန်ငဲ့ကြည့်လိုက်တော့ နှုတ်ခမ်းများက တရွရွဖြစ်နေသည်။ အမောင်…။ သေချာပါတယ်။ မနှင်းမှုံ သူ့ကိုခေါ်လိုက်တာ။ မိုးရေထဲ ဦးတည်နေသော ခြေလှမ်းများသည် တစ်ချိန်က သူ့အတွက်နောက်ဆုံး ဖြစ်ခဲ့ပြီး ယခုအချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com

အကြောက်ဆုံးဖြစ်နေသော နှုတ်ခမ်းများဆီသို့ ရောက်ရှိသွားသည်။ ခရေပင်ကြီးက သူ့အောက်တွင် ဖြစ်ခဲ့သော ဇာတ်လမ်းတစ်ပုဒ်ကို မေ့ပစ်ခဲ့လိမ့်မည်ဟု သူ ယုံကြည်ခဲ့သည်။ တောအုပ်ကဖြစ်ဖြစ်၊ ဟိုး အဝေးက တောင်တန်းပြာများကဖြစ်ဖြစ် သူတို့အဖြစ်ကို တခြားသူများကို ပြန်ပြောလိမ့်မည်မဟုတ်ဟု သူ ယုံကြည်ခဲ့သည်။

ခရေပင်၊ တောအုပ်နှင့် တောင်တန်းပြာတို့က သူတို့အဖြစ်ကို ဘယ်သူ့ကိုမျှ မပြောခဲ့ပါ။ သို့သော် သူတို့အဖြစ်ကို ပြောပြမည့်သူ တစ်ယောက်တော့ ရှိနေခဲ့သည်။ ထိုသူကတော့ သူတို့မြို့မှ ကုန်စုံဆိုင်ပိုင်ရှင်၏ သားဖြစ်သည်။ သူက တောထဲ ငှက်ပစ်သွားရာမှ အပြန် သူတို့ကို တွေ့ခဲ့ရခြင်းဖြစ်သည်။ မြို့ထဲတွင် သူတို့ဇာတ်လမ်း ပျံ့နှံ့နေချိန်မှာ သူ့ဆံပင်များ ဖြူစပြုလာခဲ့သည်။ သူသည် အလုပ်ပင်ပန်း၍ ဖြစ်သည်ဟု ယူဆပြီး စိုးရိမ်စိတ်လည်း မဖြစ်မိခဲ့ပါ။ သူ့အတွက် အလှအပမှ မလိုဘဲလေ။ သို့သော် ရက်အနည်းငယ်အတွင်း ဆံပင်များ ဆွတ်ဆွတ်ဖြူသွားသည့်အခါ သူတုန်လှုပ်သွားသည်။ ဘာကြောင့်လဲ၊ ဘာကြောင့်လဲ၊ ဘာကြောင့်လဲ။ သူ အဖြေရှာမရပါ။ သူ ရှာမရခဲ့သော အဖြေကို မြို့မှလူများက ပေးလိုက်သောအခါ ရိုးသားအေးဆေးလွန်းသော မမြရင်ပင် သူ့စကားကို မယုံချင်တော့ပါ။ မနှင်းမှုံနှင့်ကိစ္စကို မဟုတ်ကြောင်း သူ ငြင်းတော့ မမြရင်က သံသယမရှိ ယုံကြည်ခဲ့သည်မဟုတ်လား။ လူများ ပြောကြသည်က သူနှင့် ကိုတင့်တယ် ဆံပင်များ ဖြူသွားရသည့်အကြောင်းရင်းမှာ အိမ်ထောင်ဖက်အပေါ် သစ္စာမရှိဘဲ ဖောက်ပြန်ကြလို့တဲ့။ သူသည် ယုံကြည်ဖွယ် မကောင်းသော သူစိမ်းတစ်ယောက်ဟု မမြရင် ယူဆသွားဟန်ရှိသည်။ သူ့ကို ခပ်တန်းတန်း ဆက်ဆံနေတော့သည်။

**အဲဒီအဖြစ်အပျက်နှစ်ခု ဖြစ်ပျက်ပြီး နောက်ပိုင်း ဖောက်ပြန်သော ယောက်ျားများသည် ဆံပင်များ ဖြူသွားလေ့ရှိပြီး သူတို့သည် ထိုအဖြစ်အပျက် မတိုင်မီ တောအုပ်ထဲ သွားခဲ့ကြခြင်းပင် ဖြစ်၏**

သူတို့ဇာတ်လမ်းသည် မြို့မှလူများ၏ ဖြည့်စွက်လိုက်သော အကြောင်းအရာတစ်ခုကြောင့် ပိုပြီး လူပြောများလာသည်။ ကိုတင့်တယ်နှင့် ကိုလှမောင်ကို မေးလျှင် ဘယ်လိုဖြေကြမလဲ မသိနိုင်ပါ။ ဘယ်သူမျှလည်း သူတို့ကို မမေးကြပါ။ ထို့ကြောင့် သူတို့ ဘယ်လိုဖြေကြမလဲ မသိနိုင်ပါ။ မြို့မှ လူများဖြည့်စွက်လိုက်သည်က ကိုတင့်တယ်နှင့် ကိုလှမောင်သည် ဆံပင်ဖြူခြင်းအဖြစ် မရောက်မီ တောအုပ်ထဲ သွားခဲ့ကြသည်တဲ့။ သူတို့ တောအုပ်ထဲ ဘာကြောင့် သွားကြတာလဲ။ တောအုပ်က သူတို့ကို ညှို့ယူခဲ့တာလား။ တောအုပ်ထဲ ရောက်ပြီးနောက် သူတို့ ဘာဖြစ်ခဲ့တာလဲ။ ဘယ်သူမှ အဖြေမပေးနိုင်။ သို့သော် သူတို့ တောအုပ်ထဲသွားခဲ့ကြသည်ကို မြင်သူများက မြင်ခဲ့ပြီလေ။ အဲဒါကြောင့်လည်း ဖောက်ပြန်ခြင်းနှင့် ဆံပင်ဖြူသွားခြင်းအဖြစ်အား တောအုပ်ထဲသွားခြင်းနှင့် ဆက်စပ်ခဲ့ကြခြင်းဖြစ်သည်။

သူတို့ ယူဆချက်ကို ပိုပြီး ခိုင်မာသွားစေသည်က အဲဒီအဖြစ်အပျက်နှစ်ခု ဖြစ်ပျက်ပြီးနောက်ပိုင်း ဖောက်ပြန်သော ယောက်ျားများသည် ဆံပင်များဖြူသွားလေ့ရှိပြီး သူတို့သည် ထိုအဖြစ်အပျက် မတိုင်မီ တောအုပ်ထဲ သွားခဲ့ကြခြင်းပင်ဖြစ်၏။ သူတို့အဖေများ လက်ထက်ထိပင် ဖြစ်သည်။ သူတို့လက်ထက်မှာတော့ ဖောက်ပြန်သူ မရှိသလောက် နည်းပါးသွားပြီ။ ဒီမြို့တွင် နေထိုင်ခဲ့ဖူးသော အချို့ယောကျ်ားများက တခြားမြို့တွင် ပြောင်းရွှေ့နေထိုင်ပြီးနောက် ဖောက်ပြန်ခဲ့လျှင် ဒီအဖြစ်မျိုး မကြုံရသည်ကို သတိထားမိသောကြောင့် ဒီမြို့မှအပ တခြားနေရာတွင် ခြံစုန်၍ရသည်ဟု အချင်းချင်းလက်တို့၊ တိုးတိုးတိတ်တိတ် စကားပါးကြသည့် အဖြစ်လေးတွေ ရှိခဲ့ဖူးသည်။ ရှိနေဆဲ ဖြစ်သည်။ ထိုအဖြစ်ကို မိန်းမများ ရိပ်မိသည့်အခါမှာတော့ ဒီမြို့မှ ပြောင်းရွှေ့ရေး ယခင်သဘောတူခဲ့လျှင်လည်း ရုတ်ခြည်း ကန့်ကွက်ပါတော့သည်။ မိန်းမများအနေဖြင့် မိမိတို့ယောကျ်ားများကို စိတ်ချရသည့် နေရာမျိုးမှာပဲ နေချင်ကြသည် မဟုတ်လား။

❑

သူတို့မြို့လေးတွင် အိပ်စက်နေသည်မှာ ကြာခဲ့ပြီဖြစ်သော ပုံပြင်ဟောင်းကို နှိုးထစေခဲ့သူ ကိုမင်းနိုင်သည် တခြားမြို့သားဖြစ်ပြီး မြို့ခံမိန်းကလေးနှင့် အိမ်ထောင်ကျ၍ ဒီမြို့မှာ လိုက်နေခြင်းဖြစ်သည်။ သူ့မိန်းမနာမည်ကတော့ ရွှေဖြူတဲ့။ လက်တွေ့ကျသူတစ်ယောက်ဖြစ်သော သူသည် ရွှေဖြူပြောပြသော ဆံပင်ဖြူပုံပြင်ကို ကြားဖူးထားပေမဲ့ အယုံအကြည် မရှိသူဖြစ်သည်။ ယုံတမ်းစကားတွေသုံးပြီး ရွှေဖြူက သူ့ကို ချုပ်သည်ဟု သရော်တော်တော် တွေးမိသေးသည်။ ပြီးတော့ သူသည် လူပျိုဘဝကတည်းက ခြေမငြိမ်ချင်သူဖြစ်သည်။ အခွင့်အရေးရလျှင် ကိုဖိုးကဲ လုပ်လိုက်ချင်သည်မှာ သူ့အကျင့်။ [illegible]စား ဘဝမှာ ရွှေဖြူ[illegible]ထိန်းအသိမ်း တော်[illegible]၍ လက်ရှိမှာ ရွှေဖြူ[illegible] ညားခဲ့ရခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ရွှေဖြူကလည်း သူများနှင့်ညားသည့် ငါ့ရည်းစားဖြစ်သွားနိုင်သော သူ့ရည်းစား၏ အကွက်လေးများကို ကြိုမြင်လေ့ရှိသည်။ ထို့ကြောင့် သူ့ကို ဘယ်တော့မှ အလစ်ပေးလေ့မရှိပါ။

သူငယ်ချင်း မင်္ဂလာဆောင်အတွက် တစ်ပတ်လောက် ခရီးထွက်ရမည်ဟု ရွှေဖြူ ပြောသည့်နေ့က သူ ပျော်လွန်း၍ ခြေနှင့်မြေကြီးပင် မထိချင်။ အခါတွင်းဖြစ်ပြီး ဈေးထဲက အထည်ဆိုင်က ပိတ်ထား၍မရသည့်အတွက် သူ ကျန်ခဲ့ရခြင်းဖြစ်သည်။ ရွှေဖြူရှေ့မှာတော့ မျက်နှာလေးအိုပြီး စိတ်မကောင်းဟန်လုပ်နေရပေမဲ့ ရင်ထဲမှာတော့ ဘင်ခရာဝိုင်းလှည့်နေသလို။ သူ လူပျိုဘဝကို ပြန်သွားတော့မည်လေ။ ရွှေဖြူက နောက်ဆံတင်းတင်းနှင့် မှာတမ်းခြွေနေဆဲ သူကတော့ လက်ဖက်ရည်ဆိုင် ပြေးချင်လှပြီ။ အရင်က လက်ဖက်ရည်ဆိုင်ထိုင်လျှင် ရွှေဖြူ အမြဲပါသည်။ ယခုတော့ လက်ဖက်ရည်ဆိုင်ကို တစ်ယောက်တည်း လွတ်လပ်စွာ ထိုင်ရတော့မည်။ အခုခေတ်ကောင်မလေးတွေက သိပ်လန်းတာပဲ။ အစာမကျွေးရသည်မှာ ကြာပြီဖြစ်သော မျက်လုံးသည် အာဟာရ ငတ်မွတ်လွန်းလှပြီလေ။ အဲဒီနေ့က သူ ဆိုင်စောစောပိတ်ပြီး မြို့လယ်ရှိ လက်ဖက်ရည်ဆိုင်တွင် ထိုင်ပြီး ဆိုင်ရှေ့ ဖြတ်သွားသော ကောင်မလေးများအား မျက်စိစားပွဲထိုင်လိုက်ရ၍ တော်တော်အူမြူးနေသည်။ သြော် ငါ့နှယ် မလွတ်မလပ်ကြီး ဖြစ်နေလို့၊ မဟုတ်ရင်တော့ စကားလိုက်ပြောချင်သေးတာ။

သူ အိမ်ရှေ့ရောက်တော့ မှောင်ရီသန်းစပြုနေပြီ။ သူ ဝင်းတံခါးသော့ဖွင့်၍ ဝင်တော့မည့်အချိန်မှာ ရွှတ် ရွှတ် ဟူသော ခေါ်သံတိုးတိုးလေးကို ကြားလိုက်ရသည်။

'မောင်လေး၊ အစ်မ ဖန်ချောင်း ကျွမ်းနေတာ လဲပေးပါလား၊ အစ်မ အရပ်နဲ့ မမီလို့ပါ'

သူ လှမ်းကြည့်လိုက်တော့ ဘေးအိမ်က အမျိုးသမီး။ ဝင်းထရံကို ကိုင်ပြီး နွဲ့နွဲ့လေးရပ်လျက်။ အိုး အမျိုးသမီး မျက်လုံးတွေက တစ်စုံတစ်ခုကို ဖိတ်ခေါ်နေသလိုပဲ။ ငြင်းလိုက်ရင် ကောင်းမလား။

'ဘာလဲ၊ အိမ်နီးချင်းမို့ အကူအညီတောင်းတာကို မင်းက မကူညီချင်ဘူးပေါ့၊ ရပါတယ်၊ အဲဒါဆိုလည်း တို့ တစ်ယောက်တည်း အမှောင်ထဲနေရုံပေါ့'

ခက်ပြီ။ ဘာမှုလည်း ပြန်မပြောရသေးဘဲနဲ့။ သူ တစ်ပါး စိတ်ကို ဖတ်တတ်နေရှာသလား။

'လာပြီဗျ၊ လာပြီ။ ခင်ဗျားကလည်း စိတ်ချည်းပဲ'

အိမ်နီးချင်းဆိုတော့ သူ မငြင်းသာခဲ့။ တစ်ခုလပ်ဟု အရပ်ထဲမှာ ခေါ်ကြသော ထိုအမျိုးသမီးသည် ရွှေဖြူနှင့်တော့ မျက်နှာကြောမတည့်လှ။ သူနှင့်တော့ ပြုံးပြနှုတ်ဆက်အဆင့်လောက် ရင်းနှီးသည်။ နံနက်ခင်းက ရွှေဖြူကို ကားဂိတ်လိုက်ပို့သည့်အချိန်မှာ အမျိုးသမီးက ပန်းပင်များကို ရေလောင်းနေရင်း သူ့ကို ပြုံးပြခဲ့သေးသည်။ ရွှေဖြူ သတိမထားမိပါ။ ထို့အတူ ရွှေဖြူ့အကြောင်းသိသော သူက အမျိုးသမီးနှင့် ပြုံးပြနှုတ်ဆက်ကိစ္စကို ဖွင့်မပြောခဲ့ပါ။ တော်ကြာ ကိုယ့်ဘာသာ ကြိုးကွင်းစွပ်သလို ရှိနေမည် မဟုတ်လား။

ကျွမ်းနေသည့်ဖန်ချောင်းက အိပ်ခန်းထဲမှာ။ သူ ဖန်ချောင်းအသစ်လဲပြီး ခုံပေါ်ကအဆင်းမှာ ခြေချော်တော့ ခုံကို ကိုင်ပေးထားသည့် အမျိုးသမီးကိုပါ တိုက်မိပြီး နှစ်ယောက်လုံး ကြမ်းပြင်ပေါ် လဲကျသည်။ သူ့လက်များက အမျိုးသမီးကို ပွေ့ဖက်လျက်သား။ မြန်လိုက်တဲ့ သူ့လက်တွေပေါ့။ အပျိုလေး မဟုတ်တော့ပေမဲ့ မပစ်ရက်စရာကြီးဟု အရပ်ထဲက ပြောကြသော အမျိုးသမီးကို အနီးကပ်မြင်ရတော့ သူတို့အဆိုကို သူသဘော တူမိသည်။ ဟုတ်တာပေါ့။ သူ သတိဝင်ဝင်ချင်း သူ့လက်များကို ဖယ်ဖို့ ကြိုးစားခဲ့ပါသည်။ သို့သော် အမျိုးသမီးက ခွင့်မပြု။ မူးယစ်ရီဝေသော သင်းပျံ့ပျံ့ရနံ့။

အရက်လိုပါပဲလား။ ငြင်းလိုက်စမ်းပါကွာ။ အတွေ့အထိများသည် သူ၏ စိတ်တစ်လွှာချင်းကို နူးညံ့မှုတစ်ခုထဲ စီးဝင်အောင် ပြုစားခဲ့လေပြီ။ 'ဘာတွေ စဉ်းစားနေဦးမှာလဲကွယ်'။ ကြားလိုက်ပါရဲ့လား။ အမျိုးသမီးနှုတ်ခမ်းနှစ်လွှာကြားမှ ပွင့်အန်လာသော ထိုစကားသံသည် ပွင့်လုလု အနေအထားမှာ ခွင့်ပြုမှုတစ်ခု စောင့်မျှော်နေသော သူ့စိတ်တံခါးကို အသာအယာပင် ဆွဲဖွင့်လိုက်သည်။ ခင်ဗျားအကြောင်း စဉ်းစားနေတာပါ။

ရွှေဖြူ ပြန်ရောက်လာပြီးနောက် သူ့ ဆံပင်များ ဖြူလာသည်နှင့် ပတ်သက်ပြီး ရွှေဖြူက ဘာမှုမမေးခဲ့ပါ။ တစ်နေ့ သူ ဒီလိုဖြစ်လိမ့်မည်ဟု တွက်ဆထားလေသလား။ သူသည် မယုံခဲ့သော ယုံတမ်းပုံပြင်ဟု သတ်မှတ်ထားသည့် ပုံပြင်ထဲမှ အရာတွေ သူ့မှာ လာဖြစ်ရသည့်အတွက် ဒေါသထွက်ရသလို ရွှေဖြူကိုတစ်ခုခု ဝန်ခံလိုက်သည့်အဖြစ်မျိုးလည်း မရောက်ချင်၍ သူ့ခံစားမှုများကို တစ်ယောက်တည်း သိုဝှက်နေရင်း စိတ်ပင်ပန်းဆင်းရဲနေခဲ့သည်။ တစ်ရက်က ဘယ်လိုစိတ်၏ စေ့ဆော်မှုကြောင့်မှန်းမသိဘဲ တောအုပ်ထဲ တစ်ယောက်တည်း သွားခဲ့မိသည့်အဖြစ်ကိုလည်း ရွှေဖြူကို ပြန်မပြောခဲ့ပါ။ မြို့မှလူများကလည်း သူ့အဖြစ်ကို စာဖွဲ့နေကြပြီလေ။ သူ၏ အိမ်တွင်းပုန်းကာလအတွင်း တစ်ခေါင်းလုံး ဆံပင်ဖြူများ ပျံ့နှံ့သွားချိန်မှာ ရွှေဖြူက ပေါ့ပေါ့ပါးပါးပုံစံဖြင့် ပြောလာခဲ့သည်။

'ရှင့်အတွက် အနက်ရောင် ဆံပင်ဆိုးဆေး ဝယ်လာတယ်၊ ရှင် လိုမယ်ထင်လို့ပါ'

ရွှေဖြူ့စကား ကြားချိန်မှာ သူ တစ်မျိုးကြီးဖြစ်သွားသည်။ ငါက အဘိုးကြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com

နေလို့လား။ ဒါပေမဲ့ ငါ ငါ့ဆံပင်တွေ၊ ဟာကွာ။ သူ ဒေါသတွေကို မျိုချလိုက်သည်။ မှတ်မှတ်ရရ ရွှေဖြူ့အပေါ် ကျေးဇူးမတင်ချင်ဘဲ တင်နေရသောအဖြစ်က ဒီတစ်ကြိမ် ပထမဆုံးပါပဲ။ နောက်တစ်ကြိမ်တွေ ရှိမလာစေဖို့ မြို့ထဲရောက်လျှင် အနက်ရောင် ဆံပင်ဆိုးဆေးတွေ ဒါဇင်လိုက်ဝယ်လိုက်ဦးမည်။ ပြီးလျှင် ဆံပင်ညှပ်ဆိုင်က ကလေးတစ်ယောက်ကို အိမ်တိုင်ရာရောက် လာပြီး ဆံပင်ဆေးဆိုးပေးဖို့ မိတ်ဖွဲ့ထားဦးမှပါပဲ။

❑

မီသည် တောအုပ်ထဲ ရောက်ရှိနေခဲ့သည်။ မီ လူတစ်ယောက်ကို စောင့်ဆိုင်းနေခဲ့ခြင်းဖြစ်သည်။ မီ စောင့်နေသူက ကိုကျော်လင်းဖြစ်သည်။ ကိုကျော်လင်းသည် မီ့ အချစ်ဦးဖြစ်သည်။ နောက်ဆုံးအနေဖြင့် မီ့ ချိန်းဆိုမှုကို ကိုကျော်လင်း တန်ဖိုးထားလိမ့်မည် ထင်သည်။ ကိုကျော်လင်းကို နောက်ထပ်မတွေ့တော့ရန် မီကိုယ်မီ ကတိပေးထားပြီးဖြစ်သည်။ မီ့အနေနဲ့ ကိုကျော်လင်းမှတစ်ပါး တခြားတစ်ယောက်ကို ချစ်မြတ်နိုးဖို့ မဖြစ်နိုင်တော့ပြီ။ သို့သော် ကိုကျော်လင်းကတော့ မီ့ အချစ်ကို လျစ်လျူရှုကာ အိမ်ထောင်ပြုသွားခဲ့လေပြီ။ မီ့ထက် အသက် ၇ နှစ်ကြီးသော ကိုကျော်လင်းကို အစ်ကိုတစ်ယောက်လို ခင်မင်တွယ်တာရာမှ ဆန်းကြယ် နက်ရှိုင်းလာသော မီ့ချစ်ခြင်းတရားကို ကိုကျော်လင်း ပြက်ရယ်ပြုခဲ့လေခြင်း။ ကိုကျော်လင်းသည် မီ့ကို ချစ်ခဲ့သည်ဟု မီ ထင်သည်။ မီ့အထင်မမှားနိုင်ပါ။ ကိုကျော်လင်းသည် အချစ်ရေးနှင့် လက်ထပ်ခြင်းကို သီးခြားခွဲထားပုံရသည်။ ကိုကျော်လင်း လက်ထပ်ခဲ့သော မိန်းကလေးနှင့် မီသည် အဆင့်အတန်းချင်း ကွာခြားလွန်းလှသည်။

အချစ်မဲ့လက်ထပ်ခြင်းကို ရွေးချယ်၍ မီ့ကို စွန့်ခွာသွားသူ ကိုကျော်လင်းကို မမေ့နိုင်ခဲ့ခြင်းက အနည်းငယ်ထူးဆန်းသည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ယောကျ်ားပီသစွာ ချောမောသော ကိုကျော်လင်း၏ မပွင့်တပွင့် အပြုံးရိပ်များသည် မီ့နှလုံးသားမှာ စွဲထင်ရစ်နေတာကြာခဲ့ပြီမဟုတ်လား။ နဖူးပေါ် ဝဲကျနေသော လှိုင်းတွန့်ဆံပင်များအောက်မှ မျက်ခုံးမွေးထူထူများ၊ ရင်ထဲ ထွင်းဖောက်လုမတတ် စူးရှသော မျက်ဝန်းညို၏ အကြည့်များကို ရင်ထဲသိမ်းထားရဖန်များ၍ မြင်လွှာအောက်မှာ ကိုကျော်လင်း မရှိလည်း မီ့အနေဖြင့် အပြည့်အစုံ ပုံဖော်နိုင်စွမ်း ရှိပါသည်။ ဤကဲ့သို့သော ကိုကျော်လင်းသည် မီ့ကို ထားရစ်ခဲ့သူတစ်ယောက်ဟု မီ မယုံချင်။ ထိုသို့ တွေးမိပြန်တော့ ရင်ထဲမှာ နာကျည်း ပြင်းပြစိတ်တစ်ဝက်ဖြင့် မျက်ရည်များ ရစ်ဝဲလာမိသည်။

ကိုကျော်လင်းသည် မီ့ကို မြင်လျှင် အံ့သြစိတ်ဖြင့် တွေဝေကာ စကားဆိုဖို့ မေ့နေခဲ့၏။ မီသည် ကိုကျော်လင်းဆီ လမ်းလျှောက်လာဆဲ သစ်ငုတ်တိုတစ်ခုကို ခလုတ်တိုက်မိကာ လဲသွားသည်။ ကိုကျော်လင်းသည် အပြေးလာပြီး မီ့ကို ထူဖို့ ကြိုးစားသည်။ မီသည် ကိုကျော်လင်းကို အားမကိုးလိုဟန်ဖြင့် နာနေသော ခြေထောက်ကို လျစ်လျူရှု၍ ထသည်။ ယိုင်နဲ့နဲ့ဖြစ်နေသော မီ့ကိုမြင်လျှင် ကိုကျော်လင်းက မီ့ကို တွဲသည်။ မီသည် ကိုကျော်လင်း၏ လက်များကို တွန်းထုတ်ရင်း ပြန်ချက်ပြုက်သွားကာ ကိုကျော်လင်း ရင်ခွင်ထဲရောက်သွားသည်။ မီသည် နာကျင်မှုကြောင့် မျက်ရည်ဝေ့သီလာဆဲ ဆုံးရှုံးခဲ့ရပြီဖြစ်သော အချစ်ဦးမျက်နှာကို မြတ်နိုးစွာကြည့်ရင်း ရင်ထဲမှ ကွက်လပ်၏ လစ်ဟာမှုကို သတိရသွားသောကြောင့် ရှိုက်သံများပင် ထွက်လာမိသည်။ မီ့အတွက် မဟုတ်တော့ပြီဖြစ်သော ရင်ခွင်မှာ မှိုက်မဲစွာ ခိုဝင်နေမိပါလား။ တစ်သက်စာ ဝေးကွာခဲ့ပြီဖြစ်သော ကိုကျော်လင်းနှင့် တစ်ခဏတာအတူ ရှိနေရခြင်းသည် အရူးထခြင်း သက်သက်ပါပဲလား။ မီသည် ကိုကျော်လင်း ရင်ခွင်တွင် မျက်နှာအပ်၍ ငိုနေမိသည်။ ကိုကျော်လင်း ရင်ငွေ့သည် မီ့ကို အရင်လို နွေးထွေးမှု ပေးဆဲပါလားဟု သိရလျှင် ချက်ချင်းပဲ မီကစပြီး ဒီနေရာမှ အမြန်ဆုံး ထွက်သွားဖို့ပြင်သည်။

'မီ့ကို ခွင့်လွှတ်ပါ၊ မီ ကိုကျော်လင်းနဲ့ မတွေ့သင့်ဘူး'

မီ့စကားကို ကြားလျှင် ကိုကျော်လင်း မျက်နှာတစ်ခုလုံး မှိုင်းမှုန်သွားသည်။

'မီ့ကို နာကျင်အောင် ကိုယ် လုပ်မိပြီ။ ကိုယ် မီ့အတွက် ဘာလုပ်ပေးရမလဲဟင်။ ဒီအတိုင်း ထွက်မသွားပါနဲ့ကွာ။ ကိုယ့်ကို တစ်ခုခုတော့ ပြောခဲ့ပါဦး'

မီသည် နာကျင်ပြုံးတစ်ဝက်ဖြင့်-

'မီ့ကို ပေးချင်တဲ့ နာကျင်မှုတွေ မကုန်သေးဘူးလား ကိုကျော်လင်း' ဟု ဆိုလိုက်လျှင် ကိုကျော်လင်းသည်-

'မီ မီ မီရယ်'

ဟု နှုတ်မှ တဖွဖွ တီးတိုးရေရွတ်ကာ မီ့ မျက်နှာပေါ် အနမ်းမိုးတွေ ဧွေရွာနေတော့သည်။ မီသည် သစ်ရွက်များကြားမှ ကောင်းကင်အပိုင်းအစများကို စေစေစက မြင်ရသေးသည်။ ယခုတော့ သစ်ရွက်များကို မမြင်ရတော့သလို ကောင်းကင်အပိုင်းအစများကိုလည်း မမြင်ရတော့ပါ။ မီ မြင်နေရသည်ကတော့ မီ့အပေါ် စီးမိုးလျက်ရှိသော ကိုကျော်လင်း မျက်နှာတစ်ခုတည်းသာ ဖြစ်လေသည်။

❑

မြို့မှ လူများအတွက် ကိုကျော်လင်းတစ်ယောက် မင်္ဂလာဆောင်ပြီးနောက် သိပ်မကြာခင် ဆံပင်များ ဖြူသွားခြင်းနှင့် ပတ်သက်ပြီး ပြောစရာ သတင်းတစ်ပုဒ်ရလာချိန်တွင် ကိုကျော်လင်းအဖြစ်ကို ကွယ်ရာမှ တိတ်တဆိတ် ငေးကြည့်ရင်း ပြုံးရယ်နေသော မိန်းကလေးတစ်ယောက်ကို ဘယ်သူမှ သတိမထားမိခဲ့ပါ။ ■

**ရဲစွမ်းနေ**



www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ(၁၆၇)မှ...

ရှင်း ပန်းချီဆရာ၏စကားလုံးတွေကို အာရုံလိုက်ဖမ်းနေရ၏။

'ခင်ဗျားပြောတဲ့ဘက်ကို လက်မရောက်တာ ကြာပြီဗျ၊ အဲ... ဟိုတဲကုပ်လေးတောင် ဖျက်ပစ်လိုက်တာ ခင်ဗျား သတိထားမိလိုက်မှာပေါ့။ ကျွန်တော် အခု အဆောက်အဦတွေ ဆေးသုတ်တဲ့လုပ်ငန်းလုပ်နေတာလေ'

'ဗျာ... ဆေးသုတ်တဲ့အလုပ်'

မထင်မှတ်သော သူ့အဖြေကြောင့် ကျွန်တော့်နှုတ်မှ သံယောင်လိုက်မိသွား၏။ သူက ကျွန်တော့်အမူအရာ အနည်းငယ် တိမ်းစောင်းသွားသည်ကို သတိမပြုမိဘဲ စကားကို ရှေ့ဆက်သည်။

'ဟုတ်တယ်လေဗျာ၊ ကျွန်တော် ဒီအလုပ်ကို လက်ခံမိတာ နောက်တောင်ကျသွားတယ်၊ လက်မလည်ဘူးဗျ။ နေ့စားနဲ့ ကောင်လေးနှစ်ယောက် ခေါ်ထားရတယ်။ အောက်လိုင်းရေးစရာ မလိုဘူးဗျာ၊ ပါစပက်တစ် ချိန်စရာမလိုဘူးဗျာ၊ အလင်းအမှောင်အတွက် အရောင်တွေ ခေါင်းမစားဘူး၊ သူတို့လိုချင်တဲ့ အရောင်သာ သုတ်ပေးလိုက်ရုံပဲ။ အဲ... အကျိုးအမြတ်ကျတော့ ဒီက သာတယ်ဗျ'

ပြောနေရင်း ဖန်ခွက်ကို တစ်ကျိုက် မော့ချလိုက်သောကြောင့် စကားစ ပြတ်သွားသည်။ သူ့မျက်နှာက ရဲအစ်နေပြီ။ တစ်ချိန်က လူကြိုက်နည်းသော လက်ဖက်ရည်ဆိုင်ကလေးထဲတွင် ဆေးပေါ့လိပ် မီးခိုးငွေ့တွေကြားမှ ဆံပင်ထူပွပွနှင့် မျက်နှာတစ်ခုကို ပြေးသတိရ၏။ အခုတော့ ကျကွဲကုန်ပြီဖြစ်သည်။ အခုတော့ ပျောက်ဆုံးသွားပြီဖြစ်သည်။ တကယ်တော့ သိသိကြီးနှင့် လွှတ်ချလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ သူ့ပခုံးပေါ် ပိကျနေသည့် ဝန်သည် ဘယ်လောက်အထိ လေးလံခဲ့လေသလဲ။

သူကတော့ မတွေ့တာကြာပြီဖြစ်သော ကျွန်တော့် အကြောင်းတွေ မေးသည်။ မိသားစုအကြောင်း၊ စီးပွားရေးအကြောင်း၊ ဌာနအကြောင်း...။ သူ့အကြောင်းတွေလည်း ပြောပြသည်။

သို့သော်၊ သူမေးသမျှ၊ သူပြောသမျှ အကြောင်းတွေက အနုပညာအကြောင်း မဟုတ်တော့။ ပန်းချီအနုပညာသမားတစ်ယောက်၏ လွတ်လပ်သော ကွန့်မြူးမှုများ ဆုံးရှုံးနေရသည့် ပုံတူပန်းချီဆရာဘဝ၏ ပေါက်ကွဲမှုတွေ မဟုတ်တော့။ တဲကုပ်စတူဒီယိုကလေး၏ ထောင့်တစ်နေရာမှ နှစ်အတန်ကြာအောင် စောင့်ဆိုင်းနေရသည့် ကင်းဗတ်အလွတ်တစ်ချပ်အကြောင်းကို ကျွန်တော်ကလည်း မမေးဖြစ်။ မမေးဖြစ်ဆိုသည်ထက် မမေးဖြစ်အောင်ပင် တမင် သတိထားနေလိုက်သည်။ သူ့ဘက်ကလည်း စကားမစပ်မိ။ ထိုကင်းဗတ် အလွတ်ကြီး၏ အလွန်ဆုံး ဖြစ်နိုင်ခြေတန်ဖိုးသည် ဗုဒ္ဓဝင်ဖြစ်စဉ်များထဲမှ သူ အကြိမ်ကြိမ် ဆွဲနေကျ ပန်းချီကားတစ်ချပ်သာ ဖြစ်သွားပေလိမ့်မည်။

သူ၏ တစ်နေ့ရည်မှန်းချက်သည် တဟီတီကျွန်းကို သွားရန်မဟုတ်။ အာလူးစားသူများနှင့် တွေ့ဆုံရန်မဟုတ်။ ဆွမ်းခံချိန်ကို မျှော်လင့်ရန်လည်းမဟုတ်။ ရိုးရာမှသည် ခေတ်သစ်ဆီသို့ ချီတက်ရန်လည်းမဟုတ်။ အဆောက်အဦသစ်များ မြန်မြန်ဆန်ဆန် တည်ဆောက်နေသည့် မြို့ကြီးတစ်မြို့တွင် ဝင်ငွေကောင်းသော ဆေးသုတ်သမားကြီးအဖြစ် အောင်မြင်စွာ ရပ်တည်နိုင်ရေးသာ ဖြစ်နေပြီ။

ဘီယာမူးသွား၍လား၊ သူ့စကား၏ အဓိပ္ပာယ်တွေမှာပဲ မူးသွား၍လား၊ သေချာတော့မသိ။ ကျွန်တော့်အမြင်ပိုင်းဆိုင်ရာတွေ တစ်ခုခုလွဲချော်နေသည်ဟု သံသယဖြစ်နေမိသည်။ ပန်းချီဆရာ၏ မျက်နှာသည် ဘောစားပွဲများမှ မျက်နှာတွေနှင့် တစ်ပုံစံတည်းလိုလို မြင်လာသည်။ သူ့စကားသံတွေပင် လည်ပင်းတုတ်တုတ်တိုတို၊ မေးနှစ်ထပ် အစ်အစ်ကြီးတွေမှ ထွက်လာသည့် အသံတွေကဲ့သို့ သေးသေးအစ်အစ် ကြားနေရသလိုလို။

❑

၇။

နယ်မြို့တစ်မြို့၏ ညသည် လျှင်မြန်စွာ လောင်ကျွမ်းနေသော စီးကရက်တစ်လိပ်နှင့်တူသည်။ လမ်းမီးရောင်အောက် လှုပ်ရှားမှုတွေ ခြောက်ကပ်သွားသည်။ ဟွန်းသံတွေ၊ အင်ဂျင်သံတွေ ကျဲပါးသွားသည်။ ကျွန်တော်တို့ ထိုင်နေသော ဘီယာဆိုင်ကလေးကမူ ညသန်းခေါင်ကို သက်သက်သာသာကျော်ဖြတ်ရန် သက်လုံကောင်းနေဆဲ။

လက်ကျန် အသိစိတ်ကိုယ်စီ၏ စေ့ဆော်မှုအရ မိတ်ဆွေဟောင်းနှစ်ဦး ပြန်လည် တွေ့ဆုံခြင်းအဖြစ် သုရာမေရယက် အားရပါးရ ကျူးလွန်ကြခြင်းကို နိဂုံးချုပ်လိုက်ကြသည်။ စက်ဘီးကိုယ်စီပြင်၍ လမ်းခွဲရန် နှုတ်ဆက်ကြသည့်အခါ ကျွန်တော်တို့ လက်ဖဝါးတွေချင်း ဆုပ်ညှစ်မိကြသည်။

'ကဲ...သွားမယ် ပန်းချီဆရာ'

သူကလည်း ခေါင်းဆတ်ပြသည်။ နောက်လည်း လာရန်မှာသည်။

'ပန်းချီဆရာ'ဟု နှုတ်လွန်သွားပြီးမှ ကျွန်တော် ရုတ်တရက် သတိရသွားသည်။ တစ်ချိန်က ပန်းချီဆရာဟူသော အသုံးအနှုန်းအတွက် အကြောက်အကန် ငြင်းဆန်ခဲ့သော သူသည် အခုတော့ ပြုံးပြုံးကြီး ခေါင်းဆတ်ပြနေပါလား။ တစ်ချိန်ကကဲ့သို့ 'ပန်းချီဆရာဘဝက သေဆုံးသွားပါပြီ' ဟု မပြောတော့။ ခက်နေသည်က သည်လိုအချိန်မျိုးတွင် သူ့ရုပ်သွင်နာမ်၌ ပန်းချီအနုပညာ၏ အရိပ်အငွေ့၊ နိမိတ်လက္ခဏာ ဘာတစ်ခုမှ ရှာမတွေ့နိုင်တော့ခြင်း ဖြစ်သည်။

တကယ်တော့ သူ၏ ပန်းချီဆရာဘဝသည် အခုမှ အမှန်တကယ် သေဆုံးသွားပြီဖြစ်ကြောင်း ကျွန်တော် သေသေချာချာ သိလိုက်ရသည်။ ။

■

**မိုးကျော်ဇင်**



www.burmeseclassic.com


www.burmeseclassic.com



ဘုန် ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း ဩဂုတ် ၂၀၀၈

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၁။

*'လှိုင်းကလေးတွေ××× ဖွေးကာ××× ဖွေးကာ××× ပြာသောကောင်းကင်အောက်မှာ××× ချစ်စရာ××× ဆည်းဆာ××× တစ်ဦးလက်ကို×× × တစ်ဦးကယှဉ်တွဲ××× ကြည်နူးအားရ××× ဝမ်းသာ××× လမ်းလျှောက်ကြပါရော×××'*

ကျုပ်တို့ချစ်သူနှစ်ဦး သီချင်းလေးတွေ တညည်းညည်း ဆိုပြီး အကြည်ဆိုက်နေတဲ့ နေရာလေးကတော့ နှစ်ပေါင်း ၁၅ သန်းကျော် သက်တမ်းရှိနေပြီဖြစ်တဲ့ ဧရာဝတီမြစ်ကြီးရဲ့ မင်းကွန်းဒေသနဲ့ ကျောက်မြောင်းဒေသ ကြားမှာရှိတဲ့ သောင်ပြင်တစ်ခုနဲ့နီးတဲ့ နေရာလေးတစ်နေရာပေါ့ဗျာ။ ကျုပ်တို့ ချစ်သူနှစ်ဦးနဲ့အတူ သူငယ်ချင်းတွေလည်း ပါကြတယ်။ ဒီနေရာလေးကို ကျုပ်တို့ ဒီနေ့ရောက်လာရတဲ့ အကြောင်းကတော့ တစ်နေ့က ကျုပ်တို့ဒေသကို လေ့လာရေး



ခရီးလာသွားတဲ့ ဧည့်လမ်းညွှန် ကိုဉာဏ်ကျယ်လေး ပြောသွားတဲ့ စကားတစ်ခွန်းကြားလိုက်ရလို့ပါ။ သူ့စကားအရ သူ မနက်ဖြန် သူ့နိုင်ငံခြားသား ဧည့်သည်တွေနဲ့ ထီးလိုမင်းလို ဘုရားနားက ရေကန်ပေါင်ပေါ်ကနေ ပုဂံရဲ့ Sun Set ကိုကြည့်ကြမယ်တဲ့။ သူ့ရဲ့ အဲဒီစကားကိုကြားမိလို့ ကျုပ်တို့လည်း မင်းကွန်းရဲ့ Sun Set ကြည့်ရအောင် ဒီနေရာလေးကနေပြီး နေဝင်ချိန် Sun Set ကို စောင့်ကြည့်မလို့ပါ။ အချိန်က စောနေသေးလို့ ကျုပ်သူငယ်ချင်းတွေ အပျင်းပြေအောင်လို့ ကျုပ်တို့ချစ်သူနှစ်ဦးက သူတို့တစ်တွေကို သီချင်းဆိုပြီး Love Scene လေးတွေ လုပ်ပြနေတာ။

မိတ်ဆက်ပေးရဦးမယ်။ ကျုပ်က ဒီဧရာဝတီမြစ်ကြီးထဲမှာ နေတဲ့ လင်းပိုင်တစ်ကောင်ပါ။ နာမည်က ဘို့ထောင်ကြီး တဲ့။ ဟောဒါက ကျုပ်ချစ်သူ ဘေးစင်းမ။ ဟောဒါက ကျုပ်ညီ ဘွား လင်းပိုင်ညီနှောင်။ ဟောဒါက ကျုပ် ညီမလေး မြီးတုတ်မ။ သူလေးကလည်း ကျုပ်ရဲ့ သူငယ်ချင်းပဲ။ ဂုတ်ထစ်မတဲ့။

ဒီနာမည်တွေအားလုံး မင်းကွန်းနဲ့ ကျောက်မြောင်းကြားမှာရှိတဲ့ ရွာတွေက လူတွေ ပေးသွားကြတာ။ ကျုပ်ရဲ့ 'ဘို့'ကြီး က ထောင်နေပြီး ကြီးလို့ ကျုပ်ကို ဘို့ထောင်ကြီးတဲ့။ ကျုပ်ချစ်သူကျတော့ ခန္ဓာကိုယ်ရဲ့ ဘေးနှစ်ဖက်မှာ အစင်းတွေပါလို့ ဘေးစင်းမ တဲ့။ ဟိုညီဘွား နှစ်ကောင်ကျတော့ အမြဲ တတွဲတွဲ နေကြလို့တဲ့။ ရေပေါ် ပေါ်လာရင်လည်း အမြဲ နှစ်ကောင်တွဲပြီး ပေါ်,ပေါ်လာတတ်လို့ ကျွဲညီနှောင်တဲ့။ ကျုပ်ညီမလေးကျတော့ အမြီးက နည်းနည်းတုတ်နေလို့ မြီးတုတ်မ တဲ့။ ဟောဒီ ကျုပ်ရဲ့ သူငယ်ချင်းမကျတော့ ဂုတ် (ကုပ်)မှာ အထစ်လေးဖြစ်နေ လို့ ဂုတ်ထစ်မ တဲ့။ အဲဒီလို ကျုပ်တို့ရဲ့ ခန္ဓာကိုယ် ပုံပန်းသဏ္ဌာန်နဲ့ နေထိုင်ပုံကို ကြည့်ပြီး နာမည် တွေပေးထားကြတာဗျ။ ထားပါ။ ဒါတွေက အရေးမကြီးပါဘူး။ အမည်နာမတွေပဲ။ ကျုပ် ခင်ဗျားနဲ့ တွေ့တုန်း ပြောချင်တာက-

ကျုပ်တို့ဟာ ရှားပါးစပြုလာပြီဖြစ်တဲ့ ရေနေ နို့တိုက်သတ္တဝါတစ်မျိုးဖြစ်လို့ နိုင်ငံတော်က မင်းကွန်းဒေသနဲ့ ကျောက်မြောင်းဒေသကြားမှာ သားငှက်ထိန်းသိမ်းရေးအဖွဲ့တွေနဲ့ ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ကမ္ဘာကျော် 'ဧရာဝတီလင်းပိုင်'တွေပါ။ ကျုပ်တို့ကလည်း အဲဒီဇရိယာထဲမှာပဲ အနေများကြတယ်လေ။ ကျုပ်တို့ရဲ့အဓိက အစာကတော့ ငါးအကောင်သေးသေးလေးတွေဖြစ်ပြီးများသောအားဖြင့်တော့ ငါးပုစဉ်း၊ ငါးအိုက်နဲ့ ငါးချောင်းပေါက်လေးတွေကိုပဲ စားလေ့ရှိကြပါတယ်။ ခုတော့ ဧရာဝတီမြစ်ကြီးထဲမှာ လျှပ်စစ်နဲ့ ရှော့ခ်တိုက်ပြီး ငါးဖမ်းလာကြလို့ ကျုပ်တို့ရဲ့အစာတွေ ရှားပါးလာတယ်။ ခုဆို ကျုပ်တို့ အစာရှာရဖွေရတာ ခက်ခဲလာတယ်။ ဒါကြောင့် ကျုပ်တို့လည်း တစ်ခါတစ်ရံမှာ တံငါသည်အချို့နဲ့ စုပေါင်းစပ်ပေါင်း ငါးဖမ်းရတော့တာပေါ့ဗျာ။ သမဝါယမစနစ်လိုပေါ့၊ နော။

ဟာ… မရယ်နဲ့။ ကျုပ် တကယ်ပြောနေတာ။ ကျုပ်တို့နဲ့ ဝေစားမျှစား သမဝါယမစနစ်လို တွဲပြီး စုပေါင်းစပ်ပေါင်း ငါးဖမ်းနေတဲ့သူတွေရှိတယ်။ ကျုပ်မှတ်မိသလောက်ဆိုရင် ဆင်ကွန်းရွာက ရေလုပ်



www.burmeseclassic.com

www.burmeseclassic.com

သား(တံငါ) ဦးမောင်လေးဗျာ၊ နောက်ပြီး မြစ်ကမ်းကြီးရွာက ရေလုပ်သားညီနောင်ဖြစ်တဲ့ ကိုကိုနဲ့ ညီညီ နှစ်ဦးဗျာ။ နောက်ပြီး တွံတေးသိန်းတန်သီချင်းတွေ ဆိုလွန်းလို့ ကိုတွံတေးလို့ ခေါ်တဲ့ စိန်ပန်းကုန်းရွာက ရေလုပ်သားလေးဗျာ။

ကဲ... နည်းလား။ ကျုပ်တို့နဲ့တွဲပြီး စုပေါင်းစပ်ပေါင်း သမဝါယမစနစ်လို ငါးဖမ်းနေတဲ့သူတွေ။ ကမ္ဘာမှာ တစ်ခုတည်းသော လူနဲ့ တိရစ္ဆာန် အတူယှဉ်တွဲပြီး အခုလို သမဝါယမစနစ်နဲ့ ပူးပေါင်းဆောင်ရွက်တာ ဒီ မြန်မာနိုင်ငံ မင်းကွန်းနဲ့ ကျောက်မြောင်းကြား ဒေသတစ်ခုတည်းမှာပဲ ရှိတယ်။

တောက်... တောက်... တောက်... တောက်... တောက်...။

ဟော... ဟော၊ ပြောရင်းဆိုရင်း ကြားလား။ အဲဒါ ကျုပ်ကိုခေါ်နေတဲ့အသံပဲ။ ခင်ဗျား ကျုပ်နဲ့ လိုက်ခဲ့လေ။ ဗဟုသုတ ရတာပေါ့။ ကျုပ်ကို ခေါ်နေတဲ့ တံငါသည်ကြီးဆီ သွားကြရအောင်။

အားလုံး... အားလုံး... သွားကြမယ်ဟေ့။

ကျုပ်ကိုခေါ်တဲ့ဆီ သွားကြရင်းနဲ့ ကျုပ်တို့နဲ့တံငါသည်တွေရဲ့အကြားက သမဝါယမစနစ်လို တစ်ဦးနဲ့တစ်ဦး ပူးပေါင်းဆောင်ရွက်ပုံအကြောင်း ရှင်းပြသွားမယ်။ ခင်ဗျားရဲ့ စက်လှေကိုဖြည်းဖြည်းမောင်းနိုင်း။ စက်လှေပေါ်မှာ ငိုက်မနေနဲ့ဦး၊ ကျုပ် ခင်ဗျားစက်လှေဘေး ခပ်ခွာခွာကနေ ယှဉ်ကူးရင်းနဲ့ ရှင်းပြသွားမယ်။

❑

၂။

တောက်... တောက်... တောက်... တောက်... တောက်။

ဟော... ခင်ဗျား ကြားလား။ အဲဒီ တောက်... တောက် ဆိုတဲ့အသံက တံငါသည် လှေထိပ်နံရံကို အရှည်တစ်ပေလောက်ရှိတဲ့ အဖျားရှူးချွန် ကျွန်းသားချောင်းလေးနဲ့ စည်းချက်ညီညီ ခေါက်နေတဲ့အသံဗျ။ ဒီအသံဟာ ကျုပ်ကိုခေါ်နေတဲ့ အသံပဲ။ ဒီခေါက်သံ အနိမ့်အမြင့်ပေါ်မူတည်ပြီး ဘယ်သူ့ကို ခေါ်တယ်ဆိုတာ ကျုပ်တို့ ဧရာဝတီလင်းပိုင်တွေက သိတယ်။ ခုလို စည်းချက်ညီညီ၊ သံစဉ်မှန်မှန်လေး ခေါက်နေရင် ကျုပ်ဆိုတဲ့ ဘိုထောင်ကြီးကို ခေါ်တာ။ ဒီ့ထက် မြန်မြန်ခေါက်နေရင် ကျုပ်သူငယ်ချင်း ကွဲပေါက်ကြီးကိုခေါ်တာ။ ခေါက်တဲ့ စည်းချက်သံဟာ သိပ်ပြီး နှေးလွန်းနေရင်တော့ နက်ထည်မဆိုတဲ့ လင်းပိုင်မကြီးကို ခေါ်တာ။ ကျုပ်ကို ခေါ်ရင် ကျုပ်ရဲ့အဖွဲ့သားတွေ ၄၊ ၅၊ ၆ ကောင်လောက် ပါလာတတ်သလို သူတို့ကို ခေါ်ရင်လည်း သူတို့ရဲ့အဖွဲ့သားတွေ ၄၊ ၅၊ ၆ ကောင်လောက်ပါလာတတ်ကြတယ်။ တကယ်တော့ ကျုပ်တို့က အဖွဲ့ခေါင်းဆောင်တွေပေါ့ဗျာ။

အဲဒီလို တံငါသည်က ခေါ်ရင် ကျုပ်တို့အလုပ်က ရောက်ရာအရပ်ကနေ ခေါ်တဲ့ တံငါသည်ဆီကို ကျုပ်တို့ အမြီးကို အပြားလိုက်ထောင်ပြီး ကူးသွားတယ်။ တံငါလှေရဲ့ ခပ်လှမ်းလှမ်းမှာ အဲဒီလို အမြီးအပြားလိုက်ထောင်ပြပြီး ကူးနေလို့ရှိရင် တံငါက ကျုပ်တို့ငါးရှာပြီး သူ့ဆီခြောက်ပေးတော့မယ်ဆိုတာ သိလို့ ကျုပ်တို့ခေါ်ရာကို လိုက်လာတယ်။ ငါးဖမ်းရမယ့်နေရာရောက်ရင် အမြီးအပြားလိုက်ထောင်ပြီး ကူးနေရာကနေ ကျုပ်က အမြီးကို တည့်တည့်ထောင်ပြပြီး ဘယ်၊ ညာ ယမ်းပြလိုက်ရင် အသင့်အနေအထားရှိနေတဲ့ လှေပေါ်က တံငါက ကွန်ကို ပစ်ချလိုက်တယ်။ အဲဒီလို ကွန်ပစ်လိုက်ရင် ကွန်ဘေးပတ်လည်မှာ တွဲထားတဲ့ ခဲသီးတွေနဲ့ ရိုက်မိတဲ့ ငါးတို့၊ ကျုပ်တို့အဖွဲ့ ဝုန်းဒိုင်းကြဲပြီး ခြောက်လိုက်လို့ဖြစ်ပေါ်လာတဲ့ လှိုင်းဒဏ်ကြောင့် မူးနေတဲ့ ငါးတို့နဲ့ ကွန်ထဲမမိတဲ့ငါးတွေကို ကျုပ်တို့က စားသောက်လေ့ရှိတယ်။ ဒါဟာ ကျုပ်တို့ လင်းပိုင်တွေအတွက် အလွယ်တကူ အစာရနိုင်တဲ့အပြင် တံငါသည်တွေအတွက်မှာလည်း ငါးဖမ်းရလွယ်ကူနေလို့ ဒီနေ့အထိ တချို့နေရာတွေမှာ လင်းပိုင်နဲ့တံငါ စုပေါင်းငါးဖမ်းတာ ခိုင်မြဲနေတယ်။ ခုလို ကျုပ်တို့နဲ့ တံငါသည်တို့ပေါင်းစပ်ပြီး ငါးဖမ်းကြတာဟာ တစ်နည်းအားဖြင့် လူနဲ့ တိရစ္ဆာန်တို့ရဲ့ သမဝါယမလုပ်ငန်းတစ်ခုလို့ပြောရင်လည်း ရတယ်။ နှစ်ဦးနှစ်ဖက် အကျိုးရှိကြတာကိုးဗျ။

ဟော... စကားတပြောပြောနဲ့ ကျုပ်ကိုခေါ်တဲ့ တံငါသည်လှေကို တောင်မြင်နေရပြီ။ ခင်ဗျား ဟောဟိုကမ်းစပ်က ကုက္ကိုပင်ကြီးအောက်မှာ စက်လှေ ခဏနားရင်း စောင့်နေ။ ကျုပ်တို့အဖွဲ့ သူ့ကို ငါးတွေခြောက်ပေးလိုက်ဦးမယ်။ ပြီးမှ မင်းကွန်းထိ ခင်ဗျားကို လိုက်ပို့ရင်း ကျုပ်တို့အဖွဲ့ လုပ်စရာရှိတာလေး လုပ်ရဦးမယ်။

ခဏလေးနော်၊ ဒီနေရာကပဲ စောင့်နေ။

❑

၃။

ကျုပ်တို့ တံငါသည်နဲ့ အလုပ်လုပ်ပြီးပြီဗျ။ ဝါးတီးလည်း ဆွဲခဲ့ပြီးပြီ။

တစ်ခါတလေကျတော့လည်း ခင်ဗျားတို့လူတွေကို စိတ်ကုန်တယ်ဗျာ။ ဦးနှောက်မရှိကြဘူးဗျ။ ရွှေ့,ဥတဲ့ ငန်းကိုသတ်ပြီး ရွှေ ရှာနေကြတယ်။ အဲဒီလို ငန်းကို သတ်ပြီး ရွှေယူရင် တစ်လုံးပဲ ရမှာပေါ့ဗျာ။ ဟောဒီ ဧရာဝတီမြစ်ကြီးကနေ နှစ်စဉ် ငါးတွေ ပုံမှန်ထုတ်ပေးနေတာကို အားမရနိုင်ဘဲ တစ်ခါဖမ်းရင် များများရအောင် လျှပ်စစ်နဲ့ရှော့ခ်တိုက်ပြီး ငါးတွေ ဖမ်းလာတော့ ခုဆို ဧရာဝတီမြစ်ကြီးထဲမှာ ငါးတွေရှားလာပြီလေ။ အရင်က ကျုပ်တို့နဲ့ ကိုတံငါတွေ တစ်ခါ တစ်ခါ ပူးပေါင်းပြီး ဖမ်းရင် ကျုပ်တို့စားတာ အလွတ် တံငါတွေ တစ်ကြိမ်တစ်ကြိမ် ဖမ်းရင်း ငါးအချိန် တစ်ဆယ်လောက်ရကြတယ်။ ခု...အဲဒီလောက်မရကြတော့ဘူး။ ငါးပိသာလောက်ပဲ ရကြတော့တယ်။ ခင်ဗျားတို့လူတွေလုပ်ပုံ မဟုတ်သေးဘူး။ နောက်ပြီး ခင်ဗျားတို့ ဧရာဝတီမြစ်ကြီးရဲ့ အထက်ပိုင်းမှာ ရွှေတွေတူးကြရာကနေ ထွက်လာတဲ့ ဓာတုပစ္စည်းတို့၊ စိုက်ပျိုးရေးမှာ သုံးတဲ့ ပိုးသတ်ဆေးတွေကြောင့်လည်း ငါးမျိုးစိတ်နဲ့ ငါးတွေ ရှားပါး



www.burmeseclassic.com

www.burmeseclassic.com

ကုန်ပြီ။ ကြာရင် ကျုပ်တို့ပါ စမုန်တုံးမယ့်သဘောရှိတယ်။ ပြီးခဲ့တဲ့ နှစ်ကုန်အထိ ကျုပ်တို့ ဧရာဝတီလင်းပိုင် စုစုပေါင်း ကောင်ရေဟာ ၆၉ ကောင်ပဲ ကျန်တော့ရာကနေ 'ရှင်နည်းရာ အဂ္ဂလူထွက်' ဗျာ။ ဒီနှစ်ဆန်းပိုင်းမှာ တစ်ကောင်သေသွားလို့ ခု ၂၀၁၈ ခု၊ မတ်လဆန်းအထိဆိုရင် ကျုပ်တို့ အားလုံး စုစုပေါင်းမှ ၆၈ ကောင်ပဲ ကျန်တော့တယ်။

ဒီကြားထဲ ပြီးခဲ့တဲ့ ၄၊ ၅ လလောက်က ဆိုးဝါးတဲ့ ဖြစ်ရပ်တစ်ခု မင်းကွန်းဒေသနားမှာ ဖြစ်သွားခဲ့တယ်။ ငါးတွေကို လျှပ်စစ်နဲ့ ရှော့ခ်တိုက်ဖမ်းရာကနေ ကျုပ်တို့ ဧရာဝတီလင်းပိုင်မလေးတစ်ကောင် ဓာတ်လိုက်ပြီး သေသွားခဲ့တယ်လေ။ ကိုယ်ဝန်ကြီးနဲ့မို့ သက်ဆိုင်ရာ(WCS)တာဝန်ရှိသူတွေက ဗိုက်ခွဲစစ်ဆေးကြည့်တော့ အမြွှာပူးလေးနှစ်ကောင်တွေ့ရတယ်တဲ့။ ဘယ်လောက်ရင်နာဖို့ ကောင်းလဲ။ ခင်ဗျားတို့လူတွေ လုပ်ပုံပြောပါတယ်။

ဒါကြောင့် ဒီကိစ္စတွေကို အထက်လူကြီးတွေနဲ့(WCS-သားငှက်ထိန်းသိမ်းရေး)က တာဝန်ရှိသူတွေ သိဖို့အတွက် ကျုပ်လည်း ခေတ်မီအောင်လို့ ဒီနေ့ ဆန္ဒဖော်ထုတ်သွားမှာပါ။ ခု ခင်ဗျားကို လိုက်ပို့ရင်းနဲ့မင်းကွန်းဆိပ်ကမ်းမှာ ဆိုက်ကပ်ထားတဲ့ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)မော်တော်နဲ့အနီးဆုံးမြစ်အတွင်း တစ်နေရာကနေ အခုပါလာတဲ့ ကျုပ်တို့အဖွဲ့ဝင်တွေက ကမ်းပေါ်က ပြည်သူတွေနဲ့ တာဝန်ရှိသူတွေမြင်အောင်လို့ ရေထဲမှာ ခုန်ပေါက်၊ ကွိကွိ… ကွကွတွေ အော်၊ ဒိုင်ဗင်တွေ အစွမ်းကုန်ထိုးပြတဲ့ ပါဖောမန့် (Performant)တွေနဲ့ ဆန္ဒဖော်ထုတ်သွားကြမှာပါ။

ဗျာ… မကြားရဘူးဗျ။ ပြန်ပြောပေးပါဦး၊ ဘေးက ဖြတ်သွားတဲ့ စက်လှေသံတွေ ဆူနေလို့။

ကြားပြီ… ကြားပြီ၊ ပြော။

မင်းတို့က ဘာတွေဆန္ဒဖော်ထုတ်ကြမှာလဲ။

ရော်… ကျုပ်တို့မှာလည်း ဆန္ဒဖော်ထုတ်ရမယ့် အချက်တွေရှိပါတယ်ဗျ။

ဒါနဲ့ ကျုပ်ကိုလည်း ခင်ဗျားနဲ့ မိတ်ဆက်ပေးဦးလေဗျာ။

ဟာ… ကိုကိုလတ် (ဆည်မြောင်း) ကြားဖူးတာပေါ့။ ဟိုတလောလေးက ကျုပ်တို့ဆီကို လှေလာရေးလာတဲ့ ဧည့် လမ်းညွှန်ကိုဉာဏ်ကျယ်လေး မော်တော်ပေါ်မှာ သူ့မိတ်ဆွေတွေကိုပြောပြနေတဲ့ တိရစ္ဆာန်လေးတွေအကြောင်း ရေးတဲ့ စာရေးဆရာ မဟုတ်လား။ ကြားဖူးတယ်၊ ကြားဖူးတယ်။

အတော်ပဲဗျာ၊ အခုလို ခင်ဗျားနဲ့ဆုံတုန်း ကျွန်တော်တို့ကို တစ်ခု ကူညီစမ်းပါ။ ဒီနေ့ ခင်ဗျားနဲ့ ကျုပ် တွေ့ဆုံပြီး ပြောခဲ့ဆိုခဲ့ကြတာလေးတွေကို ခင်ဗျားက ဝတ္ထုတိုတစ်ပုဒ်အဖြစ် ရေးပြီး ခင်ဗျားတို့ဆီက နာမည်ကြီးမဂ္ဂဇင်းတိုက်ကြီးတစ်တိုက်ဆီကို ပို့ပေးစေချင်ပါတယ်။ အဲဒီ မဂ္ဂဇင်းကြီးမှာ ကျုပ်တို့အကြောင်းရေးထားတဲ့ ဝတ္ထုတိုလေးကို ဖော်ပြခံရမှလည်း မြန်မာနိုင်ငံအနှံ့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူတွေ ကျုပ်တို့ ဧရာဝတီလင်းပိုင်တွေအကြောင်း ဗဟုသုတတိုးပွားလာကြပြီး ကျုပ်တို့ မျိုးဆက်သစ်တွေကို ထိန်းသိမ်းလိုတဲ့ စိတ်ဓာတ်လေးတွေ ကိန်းအောင်းလာကြမှာပေါ့။ ဟုတ်တယ်… ဟုတ်။

ခေါင်းစဉ်…။

ဝတ္ထုခေါင်းစဉ်ကို ဘယ်လိုပေးရမလဲ ဟုတ်လား။

စာဖတ်ပရိသတ် စိတ်ဝင်စားမယ့် ခေါင်းစဉ်တစ်ခုခု ရွေးလိုက်ပေါ့ ဆရာကိုကိုလတ်ရယ်။ ခုတလော ခင်ဗျားတို့ ရုပ်ရှင်လောကကို ကိုင်လှုပ်သွားတဲ့ ရုပ်ရှင်ကားနာမည်လေး တစ်ခုကိုတော့ ကျုပ်ကြိုက်သားဗျ။ မြစ်ထဲ ဖြတ်သွားဖြတ်လာလုပ်နေတဲ့ စက်လှေတွေပေါ်မှာပြောဆိုနေတဲ့ အသံတွေကိုကြားမိလိုက်လို့ပါ။

ဘာတဲ့… မုဒြာခေါ်သံ (Mudra Calling) ဆိုလား။

တစ်နိုင်ငံလုံးမှာ ပေါက်သွားခဲ့တဲ့ အဲဒီရုပ်ရှင်ကားရဲ့ နာမည်လေးကို ကြိုက်လွန်းလို့ ကျုပ်တို့အကြောင်းရေးမယ့် ဝတ္ထုလေးကို Ayarwaddy Dolphin Calling လို့ နာမည်ပေးရင် ကောင်းမလားလို့ စဉ်းစားမိတယ်။

နေဦး… နေဦး၊ အဲဒီနာမည်က သိပ်များရှည်နေမလား။ ဒီလိုလုပ်ဗျာ၊ တိုတိုနဲ့ လိုရင်းဖြစ်သွားအောင် ကျုပ်တို့ရဲ့ ဝတ္ထုလေးကို 'ခေါ်သံ' (The Call)လို့သာ ပေးလိုက်တော့။

ကဲ… ကဲ ဟောဟို မြစ်ဆိပ်ကမ်းပေါ်မှာ လူတွေတွေ့နေတုန်း၊ သားငှက်ထိန်းသိမ်းရေးက တာဝန်ရှိသူတွေပါတဲ့ (WCS)မော်တော်လေးလည်း မြင်နိုင်တဲ့ ဒီသောင်စပ်လေးနား၊ ရေနက်တဲ့ အပိုင်းထဲကနေပဲ ကျုပ်တို့ ဧရာဝတီလင်းပိုင်တွေရဲ့ ကွိကွိ… ကွကွ ဆန္ဒဖော်ထုတ်သံတွေနဲ့အတူ ပါဖောမန့် (Performant) အဖြစ် ဒိုင်ဗင်အစွမ်းတွေပြပြီး ဆန္ဒဖော်ထုတ်လိုက်ပြီဗျို့။ ခင်ဗျားကြည့်လိုက်တော့။

'ကမ္ဘာပေါ်မှာ တစ်နေရာတည်းသာ အများဆုံးရှိပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ကျုပ်တို့ ဧရာဝတီလင်းပိုင်တွေ မျိုးမတုံးစေရေး…'

'ဒို့ အရေး… ဒို့အရေး…'

'ဧရာဝတီ မြစ်ကြီးအတွင်း ဓာတုဆေးနဲ့ ပိုးသတ်ဆေးတွေပါတဲ့ စွန့်ပစ်ရေတွေ မစွန့်ပစ်ရေး…'

'ဒို့အရေး…ဒို့အရေး…'

'ဧရာဝတီ မြစ်ကြီးအတွင်း လျှပ်စစ်နဲ့ ရှော့ခ်တိုက်ပြီး ငါးဖမ်းဆီးတာတွေ ရပ်စဲရေး…'

'ဒို့ အရေး… ဒို့အရေး…' ■

**ကိုကိုလတ်၊ဆည်မြောင်း၊**


*(ဂျာမနီနိုင်ငံမှ ကမ္ဘာသို့ ထုတ်လွှင့်ခဲ့ဖူးသည့် ဧရာဝတီလင်းပိုင်အမည်ရှိ မှတ်တမ်း ဗီဒီယိုခွေနှင့် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ထုတ် Mandalay Voice ဂျာနယ်မှ မယ်တင့်၏ သတင်းဆောင်းပါးများကို ကြည့်ရှု၊ ဖတ်ရှုမိပြီးနောက် မိမိကိုယ်မိမိ ဧရာဝတီလင်းပိုင် 'ဘို့ထောင်ကြီး' အဖြစ် ခံစားရေးဖွဲ့ခဲ့သည်။)*



www.burmeseclassic.com

www.burmeseclassic.com




အဖေကျော် စာအုပ်တိုက်မှ
ထုတ်ဝေသည့်
ရသစစ်စစ်စာမူများကို
ဖတ်ရှု ခံစားကြည့်ပါ။
တစ်နိုင်ငံလုံးသို့
ဖြန့်ချိလိုက်ပါပြီ။

၂၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သင်းရောက်သမျှ
## နတ်ထွင်းတွဲခံတွင်း

ရွှေပြည့်စုံတီးစင်တာ
ထဲမှာ ဝင်းချစ်ကို
တွေ့လိုက်ရသောအခါ
ကိုယ့်ကိုယ်ကို
ပြုံးမိသွားသကဲ့သို့
သက်ရှည်ကျန်းမာစွာ
တွေ့လိုက်ရသည့်
သူ့အတွက်လည်း ကျေနပ်
ပျော်ရွှင်သွားမိသည်။
ကျွန်တော် မြို့ကြီးနှင့်
ခွဲခွာသွားသည်မှာ ဆယ်စု
တစ်ခုနီးပါး ကြာခဲ့ပြီ
ဖြစ်သည်။ ရာထူးတိုး
ပြောင်းရွှေ့ရသည့်အတွက်
ဝေးလံခေါင်ဖျား
အရပ်ဒေသသို့
ရောက်ရှိခဲ့သည်။
မြို့ကြီးနှင့်တကွ ဝင်းချစ်
ကိုလည်း မေ့သွားခဲ့သည်။
သူ့တွေ့ပြီး ပြုံးမိ
သွားသည်မှာလည်း
အကြောင်းအရာများစွာ
ရှိပါသည်။ အတော်ပင်
အိုစာသွားပြီဖြစ်သကဲ့သို့
ဖွေးဥနေသည့်
တိုနံ့နံ့ကျင်စွယ် မုတ်ဆိတ်နှင့်
နှုတ်ခမ်းမွှေးတို့

သည်လည်း ဇရာကို
မကျော်လွှားနိုင်ကြောင်း
ပေါ်လွင်နေသည်။
သုံးရက်လ
ခုံးမျက်စသဏ္ဌာန်
ကွေးကွေးနက်နက်
အမာရွတ်သည်လည်း
နဖူးဆံစအောက်မှာ
ဘွားခနဲတွေ့ရသဖြင့်
ပိုပြီးအမှတ်တရရှိကာ
အပြုံးပိုမိပြန်သည်။
သစ်လွင်သောအဝတ်အစား
များ ဝတ်ဆင်ထားသည်မှာ
လည်း နဂိုမူအတိုင်း
ရှိနေသည်။ လက်ပြင်
ပိုကိုင်းသွားသည်မှာ
ထူးခြားမှုတစ်ခုဟု
ဆိုရမည်။ လက်ကိုင်တုတ်
စားပွဲဘေးမှာ
ထောင်ထားသကဲ့သို့
ပွဲဈေးတန်းမှ
ကလေးသူငယ်များ
ဆော့ကစားသည့်
ဗုံတိုတစ်လုံး ပခုံးမှာ
သိုင်းလွယ်ထား
သည်ကိုလည်း ထင်းခနဲ
မြင်သာသည်။



www.burmeseclassic.com

www.burmeseclassic.com

မို့မောက်သော နဖူးပေါ်မှာ ဆောင်းထားသော ဦးထုပ်သည်လည်း အများနည်းတူ ရှေ့ထွက်ဆောင်းရမည့် လျှာထိုးပြားမှာ ရှေ့သို့ မထွက်ဘဲ နောက်ဘက်သို့လှန်က ဆောင်းထားသည်။ ကျွန်တော်နှင့် တွေ့စဉ်က စတိုင်များအတိုင်း ထပ်တူကျနေသည်မို့လည်း ပြုံးမိတာဖြစ်သည်။ ကျွန်တော့်ကို မှတ်မိနိုင်ပါဦးမလား စဉ်းစားရင်း သူထိုင်ရာ စားပွဲရှေ့ ရောက်သွားသည့်အခါ-

'မင်း... မင်း... မင်း... ဆိုင်ကယ်... ဆိုင်ကယ်... ဆရာ... ဟား... ဟား... အေး... အေး... အေး'

ဝင်းချစ် ကျွန်တော့်ကို ကောင်းကောင်းမှတ်မိသွားပါသည်။ စကားလုံးများ ဗလုံးဗထွေး အော်ဟစ်ပြောဆို နှုတ်ဆက်၍ ညာခြေထုတ်က ပုဆိုးမ,လျက် ခြေသလုံး ကြွက်သားပြပြီး-

'ဟား... ဟား... ဟား...' ဦးခေါင်းမော့က တဟားဟားရယ်မောလျက်ရှိသည့် ဝင်းချစ်နှင့် ကွဲကွာသွားသည်မှာ ဆယ်နှစ်ဆယ်မိုးကျော်ကြာသွားသော်လည်း ကျွန်တော့်ကို မှတ်မိနေသည့် ဉာဏ်ရည်ကို ဘယ်သူကမှ သူ့ကို တစ်ခန်းပျက်လို့ ပြောလို့ မရနိုင်ပါ။

'ဝင်းချစ်က... ဆရာကို မှတ်မိတယ်နော်'

ကျွန်တော်နှင့်အတူ ပါလာသော မြို့ကြီးသား ကျွန်တော့်တပည့် မောင်မျိုးမှ ဝမ်းသာပီတိစကားဆိုသည့်အခါ-

'အေးကွ... ငါလည်း သူ့ကိုကြည့်နေတာ မတွေ့ရတဲ့ နှစ်တွေက နည်းမှမနည်းတော့တာ။ အဲဒါကို မှတ်မိတယ်ဆိုတော့ မောင်မျိုးရေ... ဒီကောင် တကယ့်ဦးနှောက်ပဲကွ'

သည်တစ်ခါ တဟားဟားရယ်မောရသည်မှာ ကျွန်တော် ဖြစ်နေသည်။ ရယ်ရင်းက အတိတ်ဆီက အရိပ်တွေ ကျွန်တော့်နှလုံးသားမှာ လာပြီး စိုးမိုးနေတော့သည်။

❑

ငလိုက်ချောင်းနှင့် ကျွန်တော့်အိမ်က ဝါးလေးငါးရိုက်အကွာမှာ ရှိသောကြောင့် ချောင်းမြောက်ဘက်ကမ်း သွားသည့်အခါ ဝါးဖောင်ကူး၍ ချောင်းဖြတ်ရသည်။ မိုးတွင်းကာလလွန်လျှင် ချောင်းရေမရှိတော့ပါ။ မိုးတွင်းချိန်က ကမ်းပြည့်၊ ကမ်းလျှံ ချောင်းရေလာလျှင်လည်း မြောက်ဘက်ကမ်းသို့ ရန်ကုန်- မန္တလေးကားလမ်း တံတားမှ သွားကူးရသည်။ ချောင်းရေ ခြေမျက်စိခန့် ရှိသည့်အခါ ဝါးဖောင်နှင့် ကူးစရာမလိုဘဲ မြောက်ဘက်ကမ်းကို ဆိုင်ကယ် တစ်ရှိန်ထိုး မောင်းတက်သွား၍ ရသည်(ယခုအခါ တံတား ရှိနေပြီဖြစ်သည်။)။ ကျွန်တော့်ရုံးသည်လည်း မြောက်ဘက်ကမ်းတွင်ရှိသဖြင့် လိုက်ချောင်းဖြတ်ပြီး သွားရသည်မှာ အချိန်ကုန်သက်သာသကဲ့သို့ ခရီးလည်း တိုပါသည်။

ဝင်းချစ်နှင့် စ,တွေ့ရသည့် နံနက်ကို ကျွန်တော် ဘယ်တော့မှ မမေ့နိုင်ပါ။ တောင်ဘက်ကမ်းမှ ဖောင်စီးသူများ မြောက်ဘက်ကမ်း ရောက်လျှင် မသယ်နိုင်သော ပစ္စည်းပစ္စယများကို ဝင်းချစ်မှ ကူညီသယ်ဆောင်ပေးပါသည်။ ကျောင်းသားများ၏ စက်ဘီးများ၊ ကလေးအမေ၏ သားသမီးဝန်စည်စလွယ်များကို တဟားဟားရယ်မောလျက် ဝင်ရောက်ကူညီသယ်ပေးတတ်သည်။ ဖောင်ဆွဲသမားများကို တစ်မတ်၊ ငါးမူးပေးရပြီး ဝင်းချစ်နှင့် မျက်မှန်းတန်းမိသောသူများက သူ့အတွက် တစ်မတ်၊ ငါးမူးပေးကြသော်လည်း အချို့မပေးနိုင်သောသူများလည်း ရှိသည်။ ဝင်းချစ် အပြုံးမပျက် တဟားဟားရယ်မောလျက် ကူညီနေမြဲသာ ဖြစ်သည်။

ကျွန်တော့်ဆိုင်ကယ် ဖောင်ပေါ်တင်ပြီး မြောက်ဘက်ကမ်းကူးသည့်အခါ ဝင်းချစ်နှင့် စ,တွေ့ပါတော့သည်။ ဌာနဆိုင်ရာမှ ပံ့ပိုးထောက်ပံ့ထားသော ဆိုင်ကယ်ဖြစ်သကဲ့သို့ တစ်မြို့လုံးရှိ ဆိုင်ကယ်များကို ရေတွက်ကြည့်လျှင် လက်ဆယ်ချောင်းပင်မပြည့်ပါ။ ထိုခေတ် ထိုအခါက ရှားပါးပစ္စည်းဖြစ်သောကြောင့် ကျွန်တော့်မှာ အိမ်က အသစ်စက်စက်မယားထက် ရှိသေသမှု အထူးဂရုပြုရသည်။ ဖောင်ပေါ်မှဆင်းလျှင်ဆင်းချင်း ရွှံ့ဗွက်ထဲသို့ ဆိုင်ကယ်ဆင်းရသည့်အခါ ဝင်းချစ် ခြေချော်ပြီး လဲကျသွားသည်။ ကျွန်တော် ဆိုင်ကယ်မထိန်းလိုက်နိုင်သည့် အခိုက် ဝင်းချစ်ပေါ် ဆိုင်ကယ် ပိသွားပါတော့သည်။ ဖောင်ဆိပ်မှာရှိနေသောသူများ ဝိုင်းဝန်းထူပေးခဲ့သော်လည်း ဝင်းချစ်ခြေသလုံး အိပ်ဇော အပူလောင်သွားတော့သည်။ လုံချည်တိုတိုဝတ်ထားသဖြင့် ခြေသလုံးအရေပြား အိပ်ဇောမှာ ကပ်သွားလောက်အောင်ပင် အပူလောင်သွားခဲ့သည်။ တအားအားအော်ရင်း ခြေသလုံးက ဒဏ်ရာကို လက်ဖြင့် ပွတ်သပ်ကာ ခါချလိုက်သဖြင့် သွေးသံရဲရဲနဲ့ ခြေသလုံးသားကို မြင်မကောင်းအောင် တွေ့ရှိလိုက်ရသည်။

'ဝင်းချစ်... မလုပ်နဲ့၊ မလုပ်နဲ့။ ဆရာကြီး ဆေးထည့်ပေးလိမ့်မယ်၊ မလုပ်နဲ့'

အနီးအနားရှိသူများက ဝင်းချစ်လက်ကို ဆွဲပြီးတားကာ တစ်ခေါ်ခန့် ဝေးသော သူ့အိမ်သို့ ကျွန်တော်ပါ လိုက်သွားခဲ့ရသည်။ အဆင်သင့်ပါလာသော ဆေးအိတ်ထဲမှ ကီမီစပရေး(Kimi-sparay) ဆေးများ ပက်ဖျန်းပေးကာ သောက်ဆေးများကိုလည်း အစ်ကိုဖြစ်သူ ကိုဝင်းလှိုင်ထံ ပေးခဲ့ပြီးမှ ဝင်းချစ်တို့ မိသားစုရာဇဝင်ကို သိခွင့်ရခဲ့ပါသည်။ ဝင်းချစ်ငယ်နာမည်မှာ ဝိုင်းချစ်လို့ မှည့်ထားသည့်အကြောင်း၊ လူပျိုဖျန်းအရွယ်မှာ ရုပ်ရှင်မင်းသားကြီး ဝင်းဦး၏စတိုင်အတိုင်း နှုတ်ခမ်းမွေးစစလေးထားပြီး ဝင်းဦးအိုက်တင်ကို အတုခိုးကာ ဝင်းဦးရဲ့ညီ ဝင်းချစ်လို့ သူ့ကိုယ်သူ သမုတ်ခဲ့ကြောင်း၊ အစ်ကိုဖြစ်သူ ကျောင်းဆရာ ကိုဝင်းလှိုင်မှ ပြောပြခဲ့သည်။ အပေါင်းအသင်းမိတ်ဆွေများ ပေါ်များကြောင်း ရုပ်ရှင်



www.burmeseclassic.com

www.burmeseclassic.com

ဝါသနာကြီးကြောင်းနှင့် မိသားစုအပေါ် အထူးသဖြင့် မိခင်အပေါ် အလွန်သနားကြင်နာတတ်ကြောင်း ပြောပြမှ လွန်ခဲ့သော တစ်ပတ်ခန့်က မြို့လယ် ရုပ်ရှင်ရုံတွင် ပြသနေသော ရှိုးလေး(Sholay) အိန္ဒိယအက်ရှင်ဇာတ်ကား ကြည့်ရှုစဉ် ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို သွားသတိရမိသည်။ ရုပ်ရှင်ပြသနေစဉ် ခဏတာ ပြသမှုရပ်ဆိုင်းသွားသဖြင့် ပွဲကြည့်ပရိသတ်များ ဆူညံသွားခဲ့သည်။ ရုပ်ရှင်ပြီးမှ ပွဲကြည့်ပရိသတ်များ၏ အော်ကျယ်အော်ကျယ်ပြောလိုက်သည့် အသံကြားရသည့်အခါ ကျွန်တော် အတော်ပြုံးမိသွားခဲ့သည်။

‘ရွာကောက်သားပါကွာ၊ အိန္ဒိယကို ဖုန်းဆက်ခိုင်းနေတာပေါ့။ မင်းသား ဓားထိုးခံရတော့မှာမို့ လှမ်းပြီးအသိပေးခိုင်းတာတဲ့။ အဲဒါ ပြစက်မောင်းတဲ့လူတွေကလည်း လန့်ဖျပ်ပြီး ပြစက်ခဏနားလိုက်တာပါကွာ။ အတော်ရယ်ရတဲ့ ရွာကောက်သားပါကွာ။ တကယ်… တကယ်’

ရုပ်ရှင်ရုံ အထွက်ပေါက်မှ ကြားကြသော ပရိသတ်အပေါင်းကလည်း တပြုံးပြုံးနဲ့ အတော်ကြောင်တဲ့ကောင်ပါကွာလို့ ထောမနာပြုသွားကြသည်။ ဝင်းချစ် အလယ်တန်းအဆင့် ကျောင်းတက်ရသည့်နှစ်မှာ အတန်းဖော်များနှင့် မီးရထားရှန်တိန်လိုက်စီးပြီး ဆော့ကစားစဉ် ပြင်းပြင်းထန်ထန် ခေါင်းဒဏ်ရာရရှိခဲ့ကြောင်းသိရပြီး ကျောင်းလည်း ဆက်လက် မတက်နိုင်လောက်အောင် ဦးနှောက်ဖွံ့ဖြိုးမှုအား ပြတ်တောက်ခဲ့ကြောင်း ထပ်လောင်းသိရသောကြောင့် လွန်စွာစိတ်မကောင်းဖြစ်ခဲ့ရသည်။ တစ်မြို့လုံး ရပ်ကွက်တကာလှည့်ပတ်သွားလာနေသော ဝင်းချစ်ကို မသိသူ အတော်နည်းကြောင်း ကျွန်တော် ဝင်ထွက်သွားလာနေသည့် ဆိုင်တိုင်း၊ နေရာတိုင်း၊ လူတိုင်းမှ ပြောပြကြသည်။

‘ဒီကောင်က သနားဖို့ကောင်းတဲ့ကောင်ပါကွာ။ မျိုးရိုးမရှိ၊ ဘာမရှိနဲ့ ဒီလိုဖြစ်သွားတာ။ လူတိုင်းကို ကူညီချင်တဲ့စိတ်စေတနာ အမြဲရှိတဲ့ကောင်၊ သူ့ကို မတရားလုပ်တာ မခံနိုင်သလို သူများကို မတရားလုပ်တာလည်း မကြိုက်ဘူး။ သာရေး၊ နာရေးဆိုလည်း ထိပ်က ကူညီတတ်တယ်။ အဲ… ကလေးအမေများ ကလေးငိုလို့ နို့မတိုက်ဘဲ ကလေးကိုပစ်ထားပြီဆိုရင် ဝါးခြမ်းပြားနဲ့ ဝင်ရိုက်တဲ့ကောင်။ ကလေးအမေတွေ ကျောစိမ့်အောင်ကြောက်ကြတယ်’

ဝင်းချစ်၏ ဂုဏ်ပုဒ်တွေကြားပြီးမှ သူနှင့် မကြာခဏတွေ့နေရသည်။ တွေ့သည့်လူတိုင်းက ပါလာသည့်အကြွေပေးသည်ကို ယူသော်လည်း အိမ်တွင် ထမင်းခေါ်ကျွေးလျှင်တော့ မိုးမွှန်အောင်ဆဲပြီး ခပ်သုတ်သုတ်ပြေးတော့သည်။ ❑

တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော် ရုံးဆင်းနောက်ကျသည့်တစ်ရက် ဝင်းချစ်တို့အိမ်ရှေ့မှ ဖြတ်သွားသည့်အခါ ဝင်းချစ်အိမ်နီးနားချင်းများ စုပြုံလျက် အုတ်အော်သောင်းတင်း စကားများ ရန်ဖြစ်သံလိုလို ကြားရသဖြင့် ဆိုင်ကယ်ရပ်ကာ နားစွင့်မိသည်။

‘ငါ… သတ်မှာ၊ သတ်… သတ်… ကို… သတ်… မှာ… အီး… ဟီး… ဟီး…’

ဓားမတို တစ်ချောင်းကိုကိုင်လျက် အိမ်ထရံများကို ခုတ်လိုက်၊ ဓားကြိမ်းကြိမ်းလိုက်လုပ်ပြီး ငိုနေပြန်သည်။

‘ငါ့သား… မသွားပါနဲ့၊ ဒီကောင်တွေ ယူထားတာတွေ အမေ့ကို လာပေးပြီးပါပြီကွယ်။ မင်းမယုံရင် ကြည့် ဒီမှာ… ဒီမှာ’

အမေဖြစ်သူက ငွေအကြွေများကို လက်ခုပ်ထဲက ဖြန့်ပြလျက်ရှိနေသည်။

‘မရဘူး… မရဘူး… ငါ့(…)မသားတွေကို သတ်ကို… သတ်မှာ…’

‘သား… အမေ့ကို မချစ်ဘူးလား၊ အမေ့ကို မသနားတော့ဘူးလား။ ပေးစမ်းပါ မင့်ဓားကြီး၊ ငါ့ကို ပေးစမ်းပါ။ ငါ့သားကလိမ္မာပါတယ်။ ဒီကောင်တွေကို အမေကိုယ်တိုင် ခုတ်မှာ၊ သတ်မှာ ငါ့သားဆီက ပိုက်ဆံ လုတဲ့ကောင်တွေ အမေကိုယ်တိုင် သတ်မှာ’

ရုတ်တရက် ဝင်းချစ်လက်က ဓား သူ့အမေဆီ ပေးလိုက်ပြီး ‘အမေ တကယ်ခုတ်မှာနော်၊ ဟားဟား… သေစမ်း… သေစမ်း၊ ဟိတ်ကောင်တွေ သေစမ်း… ငါ့အမေ လာ…ပြီ။ ငါ(…)မသားတွေ’

ဆဲလိုက်ဆိုလိုက်၊ မျက်ရည်တွေသုတ်လိုက်နဲ့ သူ့အမေကို ပြုံးပြုံးကြီးကြည့်နေတာ တွေ့လိုက်ရပြီးမှ အိမ်နီးချင်းတွေ ပြောစကားကြားရပါသည်။

‘ဝင်းချစ်အိတ်ထဲက အကြွေတွေ ဆိုက်ကားဂိတ်ကကောင်တွေ ဝိုင်းလုယူလိုက်လို့ပေါ့၊ ယူလိုက်လို့’

ပုပုဝဝ အသားမည်းမည်း ထဘီရင်ရှားနှင့် မိန်းမက ဆက်ပြီး–

‘ဒီကောင်က စိတ်မှတ်သိပ်ကြီးတဲ့ကောင်။ အမေ့ကို အရင်လာပေးပြီးမှ၊ အမေကျွေးမှ စားတဲ့ကောင်။ အကြွေရရ၊ ကျပ်တန်ရရ ဘယ်သူက ဘာပေးပေး အမေ့ အကုန်အပ်တဲ့ကောင်။ ခုကြည့်လေ… သူ့အကြွေဝိုင်းလုလို့ အိမ်ပြန် ဓားယူပြီး သွားခုတ်မလို့ပေါ့။ သူ့အမေချော့တော့လည်း သူ့အမေစကား တကယ်နားထောင်တဲ့ကောင်ပါအေ’

ဇာတ်ရည်လည်သွားသောကြောင့် ကျွန်တော် ဆိုင်ကယ် အသေ့နှင်လျက် ထွက်လာခဲ့သည်။ ကျွန်တော်မြို့ကြီးမှ မပြောင်းခင် ဝင်းချစ်ကို အမှတ်တရ ဆေးရုံပို့ခဲ့ရသည့်အကြောင်းမှာလည်း ငိုအားထက် ရယ်အားသန်ခဲ့ပါသည်။ ဝင်းချစ်တို့အိမ်နှင့် လေး၊ ငါးအိမ်အကွာမှာ နွား တစ်ကောင် စက်တုံးခုတ်ထိ သဖြင့် ဆေးကုသနေ ကျွန်တော်ရောက်ရှိပြီး မကြာခင်



www.burmeseclassic.com

www.burmeseclassic.com

မှာ ဝင်းချစ်လည်း ရောက်လာပါသည်။

‘ဆိုင်ကယ်… ဆိုင်ကယ်… ဆရာ… ဘာ… ဘာ… လုပ်မလို့လဲ’

စကားဗလုံးဗထွေး ပြောတတ်သည့်အကျင့်အတိုင်း ကျွန်တော် ဘာဆေးကုမှာလဲ မေးနေခြင်း ဖြစ်သည်။

‘ဟိုမှာ မင်းမြင်တယ် မဟုတ်လား။ နွားကြီး စက်တုံးခုတ်မိသွားတာ၊ အဲဒါချုပ်မလို့ပေါ့ကွ’

‘ဘာ… ဘာ… ဘာနဲ့… ချုပ်… မှာလဲ’

‘မင်းကလည်း မူတူးတို့အိမ်က မြင်းကြီးရဲ့ အမြီးနဲ့ ချုပ်မှာပေါ့ကွ’

ကျွန်တော် အပြောင်အပြက် ပြောလိုက်တော့ အိမ်ရှင် ကိုဖိုးခင်က–

‘ဝင်းချစ်ဆိုတဲ့ကောင် ဘာမှနားလည်တာ မဟုတ်ဘူး။ ဆရာ သွားပြောမနေနဲ့။ သွေးထွက်လွန်ပြီး နွားသိုး ဒုက္ခများသွားပါ့မယ်။ ဆရာ ချုပ်ဖို့လုပ်ဖို့ ရေနွေးတို့၊ ဆပ်ပြာတို့ အသင့်ချထားပြီးပါပြီ’

ကျွန်တော်လည်း နောက်တီးနောက်တောက် ပြောရမှ ဆေးအိတ်ကိုချပြီး လုပ်ငန်းစ,ဖို့ ခွဲစိတ်ကိရိယာများ ရေနွေးစိမ်ခိုက်–

‘ကယ်ကြပါဦး… ကယ်ကြပါဦး’

ကိုဖိုးခင်တို့ အိမ်ကျောဘက်မှ အော်သံကြားသဖြင့် နွားဆေးကုသရာမှာ ကိုင်တွယ်ဖို့ ကူညီရန်ရောက်ရှိသူများကလည်း အသံလာရာ အိမ်သို့ အပြေးသွားကြသည်။ မကြာမီ–

‘ဆရာ လာပါဗျို့၊ လာပါဗျို့၊ မြန်မြန်လာပါဗျို့’

ဘာတွေများဖြစ်ကုန်ပြီလဲလို့ တွေးတောရင်း ယင်းအိမ်ပေါက်ဝရောက်မှ ကျွန်တော့်နှုတ်ကြောင့် ကြေသွားသောဒဏ်ရာတို့ကို တွေ့လိုက်ရပါတော့သည်။ ဝင်းချစ်၏ ညာဘက်လက်ထဲတွင် မြင်းမြီးအဆုပ်လိုက်ကိုင်ထားပြီး ဘယ်ဘက်လက်မှ သွေးယိုစီးကျနေသောနဖူးကို ဖိထားပါသည်။ ကိုယ့်စနက်ကြောင့်ဖြစ်ရသော အမှုဖြစ်သည်မို့ ဒဏ်ရာရထားသော မြင်းကော၊ နွားပါထားခဲ့ပြီး ဝင်းချစ်ကို ထိန်းပေးရန် အကူတစ်ယောက်ခေါ်ကာ မြို့ကြီးပြည်သူ့ဆေးရုံသို့ ဆိုင်ကယ်ဖြင့် အမြန်ဆုံးရောက်ရှိခဲ့ရသည်။ စကားနောက် တရားပါ နဂိုကမှ တစ်ခန်းလွတ်သလို၊ နှစ်ခန်းပျက်သလို ဖြစ်နေသည့်သူ့ကို အဆင်းဘီးတပ်သလို ဖြစ်သွားသည့်အတွက် ကျွန်တော်ကြီးစွာနောင်တရခဲ့ပါသည်။ ရပ်ကွက်ထဲမှာလည်း ရယ်ပြီးမောရသော ဂန္ထဝင်မှတ်တမ်းကြီးတင်ခဲ့ရသည်။

❑

ရွှေပြည့်စုံတီးဝိုင်းတာဆိုင်ရှင် ကိုကိုမောင်သည်လည်း ဝင်းချစ်တို့နှင့် တစ်ရပ်ကွက်တည်း နေထိုင်လျက်ရှိသောကြောင့် ကျွန်တော်နှင့် ကွဲကွာသွားရသည့် အတိတ်ကာလကို ပြန်လည်စားမြုံ့ပြန်ကြားနာခဲ့ရသည်။

‘ဝင်းချစ်က ဘာမှမပြောင်းလဲပေမဲ့ အစ်ကိုရေ… သူ့မိသားစုက အပြောင်းလဲကြီးပြောင်းလဲသွားတယ်’

ကိုကိုမောင်၏ အသံအတိမ်အနက်မှာ ပူဆွေးဝမ်းနည်းနည်းသံတွေ စွက်နေသဖြင့်–

‘ပြောစမ်းပါဦးဗျ၊ ဘာတွေ ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာ…’

ကျွန်တော် သိလိုစိတ်ကို မထိန်းနိုင်ဘဲ အလျှင်စလို မေးမိလိုက်သည်။

‘သူ့အမေက အရင်ဆုံးဆုံးပါးသွားပြီး တစ်အိမ်လုံးအားကိုးအားထားပြုနေရတဲ့ အစ်ကိုကြီးက ကျွန်တော့်အထင် သူ့အမေနဲ့ တစ်နှစ်ခြားလောက်မှာ ရုတ်တရက်ဆုံးသွားတော့ အစ်မဖြစ်သူကလည်း ဈေးတောင်းခေါင်းပေါ်ရွက်ပြီး မောင်နှမနှစ်ယောက် ရှာဖွေစားသောက်ကြတာပေါ့ဗျာ။ အဲ… ဆိုးတာက ဝင်းချစ်က သူ့အစ်မ ဈေးရောင်းသွားပြီဆိုရင် နောက်က ဆဲဆိုသောင်းကျန်းတော့တာ၊ ဘေးအိမ်က ကိုတင်သိန်းတို့ ခြိမ်းခြောက်ပြီး မနည်းကို ထိန်းထားခဲ့ရတာ။ ဝင်းချစ်ကို ပေးကျွေးတဲ့လူများပါတယ် အစ်ကိုရာ၊ ဒါပေမဲ့ ကျန်းမာရေး၊ စားရေးသောက်ရေးနဲ့က သူတို့မောင်နှမအဖို့ အချိန်ကြာလာတာနဲ့ အမျှ အခက်အခဲတွေနဲ့ ရင်ဆိုင်လာရတာ။ သူ့အစ်မလည်း အဲဒီစိတ်နဲ့ အိပ်ယာထဲ ဗုန်းဗုန်းလဲပြီး လေး၊ ငါး၊ ခြောက်လအကြာမှာ ထပ်ဆုံးပြန်တယ် အစ်ကိုရေ’

‘ဒါဆို… ဒါဆို’

‘ဟုတ်တယ် အစ်ကို၊ ဝင်းချစ်တစ်မိသားစုလုံး ကျိန်စာသင့်နေသလို တစ်ယောက်ပြီးတစ်ယောက် ဆုံးသွားကြပြီးတော့ ခု ဝင်းချစ် တစ်ယောက်တည်း၊ တစ်အိမ်လုံး တစ်ယောက်တည်း။ သူ့သွားချင်ရာသွား၊ လာချင်ရာလာ၊ ပေးတဲ့ကျွေးတဲ့ အစာတွေ အရင်ကလို ဆဲဆိုပြီး မစားဘဲ မနေတော့ဘူး။ သူကြိုက်တဲ့နေရာ ယူလာပြီး စားတတ်နေပြီ အစ်ကို။ သူ့အသက်အရွယ်နှင့် ကျန်းမာရေးက အစ်ကိုတို့ တွေ့တဲ့အတိုင်း…’

ကိုကိုမောင် ခင်းပြလိုက်သည့် ဝင်းချစ်၏ ဘဝဇာတ်စုံအဖုံဖုံမှာ ကျွန်တော် မယုံနိုင်အောင်ဖြစ်ရသည်။ ထိုခဏအတွင်းလည်း စိုးရိမ်စိတ်များဖြင့် ရင်တွေပူလောင်သွားတော့သည်။ ကျွန်တော်တို့ တစ်မိသားစုလုံးမှာ လူစုံတက်စုံ ရှာဖွေအလုပ်လုပ်နေကြသည့်တိုင် လစဉ်အသုံးစရိတ်များကို အလျှဉ်မီရုံမျှသာရှိနေသည်။ ယခု ဝင်းချစ်မှာမူ ဝမ်းစာရှာဖွေ စားသောက်ရန်အတွက် အသိဉာဏ် မမီရှာပေ။ သူ့အတွက် လစဉ် စားရန်သောက်ရန်နှင့် နိစ္စဓူဝ လိုအပ်ချက်များကို မည်သို့ရှာမှီးလေသနည်း။ ဝင်းချစ်ဘဝ အရေးကို တွေးရင်းရင်မောမိသည့် ကျွန်တော့်မှာ ဘဝအတွက် သဲသဲမဲမဲ ကြိုးပမ်းခဲ့ဖူးစဉ်ကာလများက အမေ အားပေးခဲ့ဖူးသည့် စကားကို ပြန်လည်သတိရမိရင်း သက်ပြင်းမောဖြင့်သာ နှစ်သိမ့်ရပါတော့သည်။

‘လူထွင်းတဲ့ခံတွင်းမှ မဟုတ်တာ သားရယ်၊ နတ်ထွင်းတဲ့ ခံတွင်းပါ’

■

**သင်းအောင်သန်း**



www.burmeseclassic.com

www.burmeseclassic.com

VRF

# အသေတတ်ပါစေ

## ဝိပဿနာတရားပြဆရာကြီး အက်စ်အင်ဂိုအင်ကာ နှင့် အခြား ယောဂီများ

## The Art of Dying by

Vipassana Meditation Teacher
S.N. Goenka and others

collected and edited by
Virginia Hamilton

ဘာသာပြန်သူ
**ဒေါက်တာဒေါ်မြမြ**



ဘဝကတို၏။ ထက်အောက် စုန်ဆန် ကျင်လည်ရသော သံသရာခရီးက ရှည်လျား၏။ ထိုသံသရာခရီးရှည်တွင် ရှင်လိုက် သေဆုံးလိုက်နှင့် ကျင်လည်ရသည်မှာ ပင်ပန်းဆင်းရဲလှ၏။ ရှင်သန်နေထိုင်ခြင်းသည် အရေးပါသလို သေဆုံးခြင်းသည်လည်း အရေးပါ၏။ အသေတတ်ဖို့လို၏။ အသေတတ်ပါမှ သံသရာတွင်ကျင်လည်ခိုက် ပင်ပန်းဆင်းရဲကင်းမည်ဖြစ်သည်။ သံသရာမှ လွတ်မြောက်မည်ဖြစ်သည်။ အသေတတ်ဖို့ အတွက် "အသေတတ်ပါစေ" ဟူသော စာအုပ်က [illegible] အထောက်အကူပြုပါလိမ့်မည်။ ထို့ကြောင့် ဖတ်ဖြစ်အောင် ဖတ်ကြည့်လိုက်ပါဟု မေတ္တာဖြင့် တိုက်တွန်းလိုက်ပါရစေ။

ဖြန့်ချိရေး – ဇမ္ဗူ့တာလူစာပေ

အမှတ်(၁၃၃)၊ လမ်း(၄၀)၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၈၃၉၈၂၂၀၊ ၀၉-၈၆၁၀၇၄၀

www.burmeseclassic.com

www.burmeseclassic.com

# သတိုး

## မြေဝါကျွန်း



ဒီလောက၊
လူ့ကမ္ဘာမှာ ငါဟာ
လူသားတစ်ယောက်အဖြစ်
မွေးဖွားလာခဲ့တာ
မဟုတ်ဘူး။ အထူးသဖြင့်
လူမိန်းမအဖြစ် ငါ့ကို
မမွေးဖွားခဲ့ဘူး။ ငါဟာ
အဖေနဲ့ အမေရဲ့
အလေ့ကျထားတဲ့
သတ္တဝါနှစ်ကောင်(အဲဒါ
အဖေ့လက်သုံးစကားလည်း
မဟုတ်ဘူး)ထဲက
တစ်ကောင်လည်း
မဟုတ်ဘူး။
အဖေဟာ လက်ကြော
မတင်း၊ အလုပ်မမြဲ
ဝင်ငွေနည်းသလောက်
သဘောထား သေးသိမ်သူ
တစ်ယောက် မဟုတ်ဘူး။
ရှားရှားပါးပါး
မသောက်စားတတ်သော
ယောက်ျားပေမဲ့
အမူးသမားတွေ
လိုက်မမီနိုင်အောင်မမူးဘဲ
ရစ်တတ်သူ မဟုတ်ဘူး။
အမေ့ကိုလည်း
အကြောင်းမဲ့ အူတိုကာ
ရန်မရှာတတ်ခဲ့ဘူး။
အမေနဲ့လည်း မျက်နှာချင်း

တိမ်တွေ
ပြိုကျခဲ့တဲ့နေ့
တစ်နေ့ဟာလည်း
ငါ့ဘဝမှာ
အမှန်တကယ်
မရှိခဲ့ဘူး
လက်ဖဝါးအပြည့်
ဆုပ်ကိုင်ခွင့်ရမယ့်
ငွေကြေးတစ်ထပ်ကို
မြင်ယောင်ကာ
ငါ့လောဘ
ငယ်ထိပ်
တက်နေခဲ့တာ
မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်တာနဲ့ တကျက်ကျက် ရန်မဖြစ်ခဲ့ကြစဖူး။ အရပ်က အမုန်းခံကာ ဝင်ရောက်ဖျန်ဖြေရတဲ့အထိ အကွဲအပြဲ သွေးထွက်သံယို သေရေးပါဒဏ်ရာရအောင် ရိုက်နှက်နှိပ်စက်တာမျိုးလည်း အမေ့အပေါ်မကျူးလွန်ခဲ့ဘူး။

'ငါ့မိန်းမ ငါရိုက်ရုံမက၊လို့ သတ်ပစ်တော့ရော ဘယ်သူ့သောက်ပူပါသလဲ။ ဘယ်လင်ငယ်က ကြားက ဝင်ပြီး (...)င်နာသလဲ'

နံနက်စာ၊ ညစာ ကြက်လိုယက်ကာ ပင်ပန်းတကြီး၊ မဝရေစာ ရှာဖွေစားသောက်နေကြရပေမဲ့ အမြင်မတော်လျှင် ဘယ်သူ့အရေးကိစ္စမှ ကင်းကင်းမနေတတ်၊ ဝင်ပါစွက်ဖက်တတ်ကြတဲ့ ပတ်ဝန်းကျင်က ဒေါသတလိပ်လိပ် ငယ်ထိပ်တက်ပြီး တုတ်တစ်ပြက်၊ ဓားတစ်ပြက် ရိုက်မယ်၊ နှက်မယ်လုပ်လာရင် အသံတိတ်ပြီး ငြိမ်ကုပ်သွားတတ်သူဟာ အဖေ မဟုတ်ဘူး။ ရပ်ကွက်ရုံးမှာ ဆီးရွက်လောက် သေးသေးမျက်နှာငယ်လေးကို သူတကာခြေဖဝါးအောက် ချခင်းမတတ်၊ ခြေတုန်လက်တုန်နဲ့ ခံဝန်ကတိလက်မှတ်ထိုးတတ်မြဲ၊ အိမ်ပြန်ရောက်လျှင် လေကျယ်မြဲ ပုဂ္ဂိုလ်ကြီးဟာလည်း အဖေ မဟုတ်ပါဘူး။

အမေဟာလည်း အဖေဆိုဆိုဆဲဆဲကြားက သနပ်ခါး ခြေဆုံးခေါင်းဆုံး ဖွေးနေအောင် လူးလိမ်းပြီး၊ နှုတ်ခမ်းနီရဲရဲပ အလှတွေပြင်လို့ အဖေ့အလစ်မှာ အိမ်အပြင်ထွက်ကာ အပျော်မရှာတတ်ခဲ့ဘူး။ အမေ အိမ်အပြင်ထွက်ချိန်ကို

**သူတို့ ငါ့ကို နာကျင်အောင် မရိုက်နှက်ခဲ့ကြဘူး တတွတ်တွတ် ငိုယို တောင်းပန် စကားတွေ ကြားက ရှေ့နောက် ထက်အောက် အုပ်ဖွဲ့ကာ အနိုင်အထက် နှိပ်စက်ကလူ မပြုခဲ့ကြဘူး**

အဖေကလည်း တမင် စောင့်ဖမ်းလို့ အမေ့ကို ခုနစ်အိမ်၊ ရှစ်အိမ်ကြား အော်ဟစ်ဆဲဆို၊ စွပ်စွဲသမုတ်တဲ့အခါ မျက်ရည်အဝဲဝဲ၊ မျက်နှာလေးငယ်ပြုကာ နောက်တစ်ကြိမ်အတွက် အလစ်အငိုက်၊ အခွင့်အခါ စောင့်နေတတ်သူ မဟုတ်ဘူး။ ကိုယ်ခန္ဓာနေရာအနှံ့ အရိုးရာချင်းထပ်အောင် ရိုက်နှက်ခံရင်း(ပြောနေကျ အဖေ့စကားအတိုင်း) တုတ်အောက်က ကုန်းထ၊တတ်တဲ့ ဖားပြုပ်မတစ်ကောင်ဟာ အမေ လုံးဝ မဟုတ်ခဲ့ဘူး။

လင်သားက လူမဆန်စွာ ရိုက်နှက်နှိပ်စက်တဲ့အခါ ခုနစ်သံချီအော်ဟစ်ငိုယိုကာ ပတ်ဝန်းကျင်ရဲ့ အကူအညီယူတတ်ပြီး စိတ်မလိုတဲ့အခါ အဲဒီပတ်ဝန်းကျင်ကိုပဲ စောင်းမြောင်းဆဲဆိုရန်မလိုတတ်ဘူး။

အဖေနဲ့ အမေကြောင့် စိတ်ညစ်လှချည့်ရဲ့ဆိုပြီး အစ်ကိုကြီးက မိုးလင်းမိုးချုပ် အရပ်တကာလှည့်လည် အပျော်ရှာမနေခဲ့ဘူး။ အရွယ်နဲ့မမျှ အပေါင်းအသင်းတကာနဲ့ လောင်းကစားဝိုင်းမှာ အချိန်မကုန်ခဲ့ဘူး။ မူးယစ်သောက်စား ရမ်းကားမိုက်ရိုင်းတတ်လို့ ကလေးကအစ၊ ခွေးပါမကျန် အော့ကြောလန်တစ်ယောက်လည်း မဟုတ်ဘူး။ အချုပ်ခန်းကနေ ခဏခဏ အာမခံနဲ့ ပြန်ထွက်လာတတ်တိုင်း အရပ်ကခွေးမြီးကောက်လို့ နာခေါင်းရှုံ့ခံရ တတ်သူလည်း မဟုတ်ဘူး။ ခိုကပ်စရာမရှိ၊ စားစရာနတ္ထိနဲ့ အူဟောင်းလောင်းဖြစ်တိုင်း အိမ်ကို ပြန်လာပြီး 'ငါက နင့်အစ်ကိုနော်' ဆိုတဲ့ လက်သုံးစကားနဲ့ ငါ့ကို အနိုင်မကျင့်ဘူး။ မစားရက် မသောက်ရက် ငါစုထားတဲ့ ပိုက်ဆံလေးတွေကို ခိုးမယူတတ်ဘူး။ နှမြောမက်မက် ငါပြန်တောင်းတိုင်း'နာချင်လို့လား' ဆိုစကားမရောက်မီ နားရင်းရိုက်လို့ ထူပူနာကျင်မှုနဲ့ ပုံလျက်လဲကျရတာမျိုးလည်း ငါမကြုံစဖူး။ ငါ့ဘဝမှာ နေ့နေ့ညည နာနာကျင်ကျင် မျက်ရည်မကျစဖူး။ မိသားစုကို ကြိတ်မနိုင်၊ ခဲမရ ပေါက်ပေါက်ကွဲကွဲ မကျိန်ဆဲစဖူး။ အရပ်ထဲမှာ မျက်နှာအောက်ချ မသိမ်ငယ်ခဲ့ရစဖူး။

လူမသိ၊ သူမသိ ဖျက်စီးနေတာလို့ ပတ်ဝန်းကျင်က အမေ့ကို စကားတင်းဆိုကြတာ လုံးဝ မမှန်ကန်ဘူး။ အမေဟာ အိမ်ကနေ တိတ်တိတ်ထွက်ပြေးလို့ သူစိမ်းယောက်ျားနောက် ဘယ်တုန်းကမှ လိုက်မသွားခဲ့ဖူးဘူး။ အမေ့လုပ်ရပ်ကြောင့် ငါ... ဘယ်တုန်းကမှ ဝမ်းမနည်း၊ မသိမ်ငယ်ခဲ့ရစဖူး။ အရှက်သည်းတတ်လွန်းလို့ တုတ်တစ်ပြက်၊ ဓားတစ်ပြက် ဒေါသမီးမီးလောင်နေကြတဲ့ အဖေနဲ့ အစ်ကိုကြားမှာ မျက်စိသူငယ်၊ ကူကယ်ရာမဲ့ သတိလစ်မတတ် မငိုကြွေးခဲ့ဖူးဘူး။ အမေ့သတင်းကို အဖေနဲ့အစ်ကို မသိအောင် သတင်းမေးမြန်း၊ ခိုးဝှက်စုံစမ်းတာမျိုးလည်း ငါ တစ်ခါဖူးမှ မလုပ်ခဲ့ဘူး။ အမေ့သမီး အမေ့လိုပဲလာမှာပေါ့ ဆိုတဲ့ ပတ်ဝန်းကျင်ရဲ့ အတင်းအဖျင်း၊ မေးငေါ့ဒဏ်တွေကို မသိချင်ယောင်ဆောင်စရာ မလိုခဲ့ဘူး။ ကိုယ့်ပယောဂ မပါတဲ့ အပြစ်အနာ၊ အားနည်းချက်တွေအတွက် ဝန်းကျင်တကာကြား မျက်နှာအောက်ချကာ ရှက်ရွံ့နာကျင်မှုမျိုး တစ်ကြိမ်တစ်ခါတောင် မခံစားခဲ့ရစဖူး။

မူးယစ်သူအစ်ကိုနဲ့ မမူးဘဲ ရစ်တတ်သူ အဖေတို့ သားအဖကြား ပြေးလွှားပျာယာခတ်ကာ စိတ်ညစ်ဗျာများ မနေတတ်ခဲ့ဘူး။ မွန်းကျပ်ပင်ပန်းကာ အသက်ရှူမဝဖြစ်လေတိုင်း အိမ်သာထဲပြေးဝင်ကာ အိမ်သာနံရံကို ခေါင်းတိုက်မှေးမှီ မငိုကြွေးစဖူး။ အိမ်သာထဲမှာ အသံတိတ်ငို



www.burmeseclassic.com

www.burmeseclassic.com

ကြွေးရှိက်ငင်ကောင်းဆဲ၊ အဖေဒါမှမဟုတ် အစ်ကိုက လှမ်းခေါ်လိုက်လေလျှင် အိမ်သာရေအိုးထဲ လက်နှစ်ကာ မျက်နှာကို ပွတ်သုတ်သန့်စင်ပြီး ဘာမှမဖြစ်သလို ဟန်ဆောင်ပြုံးရတာမျိုး မကြုံစဖူး။

ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ချင်စိတ် တစ်ခါဖူးမှ မပေါ်ပေါက်စဖူး။ သေချင်စိတ်နဲ့ အဝတ်လျှော်မဲနယ်တစ်ပုလင်းလုံး မော့သောက်မိလို့ ရပ်ကျော်ရွာကျော် မဖြစ်ဖူးဘူး။

အမေက အဖေခြိမ်းခြောက်လို့ မခေါ်ချင့် ခေါ်ချင်နဲ့ ငါ့ကို လှမ်းခေါ်ခဲ့တာလည်း မဟုတ်ဘူး။ အဖေကလည်း အိမ်မှာ တစ်ကောင်မှမရှိမှအေးမှာလို့ ကြွေးကြော်စကားအတိုင်း ဝမ်းသာအားရ ငါ့ကို အမေ့ဆီ လွှတ်လိုက်တာ မဟုတ်ဘူး။ ငါ့ကို အမေ့ဆီ လိုက်ပို့ပေးတဲ့ အစ်ကိုက 'ကြပ်ကြပ်သတိထား' လို့ နှုတ်ဆက်မသွားခဲ့ဘူး။

အပျိုဖော်ဝင်စ ငါ့မှာလည်း အမေ့ယောကျ်ားကြိုက်တတ်တဲ့ ညိုစိမ့်စိမ့်အသားအရေနဲ့ ကိုယ်နေဟန်ဖွံ့ဖြိုးမှု မရှိခဲ့ဘူး။ ညို့မြှုတတ်တဲ့မျက်ဝန်းတွေ၊ တပ်မက်စဖွယ်အပြုံးတွေ မရှိဘူး။ အမေ့ယောကျ်ားက အမေ့အလစ်မှာ ထိကပါး၊ ရိကပါး နှုတ်စကားတွေနဲ့ ကျီစယ်လာလျှင် မသာယာတတ်ခဲ့ဘူး။ ပခုံးကို ထွေးဖက်တော့မလို၊ နဖူးဆံစပ်ဆီ ငုံ့နမ်းတော့မလို အမူအရာတွေနဲ့ ကြုံဆုံရတိုင်း ကြည်နူးနှစ်လိုရိပ် တစ်စွန်းတစ်စ မပြသခဲ့ဘူး။ အမေက–

'ကောင်မ တော်တော်ထ,နော်။ ညည်းနဲ့ငါတစ်လင်တည်းမယား မဖြစ်ချင်ဘူး'

မညှာမတာ၊ မကြားဝံ့ဝံ့စကားကို မချိုမချဉ်မျက်နှာပေးနဲ့ ထိမထင်ဟန် မတုံ့ပြန်တတ်ခဲ့ဘူး။ အမေ့ယောကျ်ားဟာ မျက်နှာစိမ်းယောကျ်ားတွေကို အလှည့်ကျအိမ်ကို ခေါ်မလာတတ်ခဲ့ဘူး။ သူတို့နှင့်အတူ အမေတို့လင်မယား အပြင်ကိုလိုက်ပါသွားတဲ့အခါ ဘဝကို နာကျင်စိတ်ပျက်ဖို့ထက် အိမ်အပြန်မှာ ပါလာမယ့် လက်ဆောင်မုန့်တွေ၊ အလှပြင်ပစ္စည်းတွေနဲ့ ဆံညှပ်ကလစ်လှလှ၊ အဝတ်အစားလှလှတွေကို တွေးမျှော်ကာ ပျော်မနေတတ်ခဲ့ဘူး။ တစ်အိမ်တည်းနေ အပျက်မလေးတွေ ကြော့ကြော့ မော့မော့ ဖြီးလိမ်းဝတ်စားကာ ရောက်လာသမျှ ယောကျ်ားတကာကို ပရောပရည်၊ ကျီစယ်ညို့မြှုကြရင် တိတ်တိတ်အားကျကာ အတုမခိုးတတ်ခဲ့စဖူး။ သူတို့အချင်းချင်း ညစ်ညစ်ညမ်းညမ်း ဟာသစကားတွေဆိုကာ တသောသော ရယ်မောကြလျှင် ဝင်ပါရယ်မောတတ်ခဲ့သူဟာ ငါမဟုတ်ဘူး။ တစ်ခါတစ်ရံ အချင်းချင်းပြိုင်ဆိုင်ကာ မကြားဝံ့မနာသာ အပြန်အလှန်ဆဲဆိုကြ၊ ငယ်ကျိုးငယ်နာဖော်ကြလျှင် စကားရောင်းဝယ်ကာ ကတုန်းကတိုက် ရန်တိုက်မပေးတတ်ဘူး။

အမေ့ယောကျ်ားကို ခေ့ညည်တွေက ရယ်ရွှန်းဖတ်ရွှန်းနဲ့ ပက်ကင်ဈေးမေးကြတဲ့အခါ ငါက မကြားယောင်ပြုကာ အရွယ်နဲ့မမျှနားလည်နိုင်ခဲ့သူ မဟုတ်ပြန်ဘူး။

'တယုတယ မွေးထားရတာ' အမေ့ယောကျ်ားရဲ့ စကားကို 'မွေးစားထားတယ် ပြောပါဗျာ။ မွေးပြီးစားဖို့ မဟုတ်လား' လို့ တုံ့ပြန်ကာ ရယ်ပွဲဖွဲ့ကြလျှင် ငါဟာပညာသည်ပုံပန်းနှင့် ညို့ပြုံး မပြုံးခဲ့မိဘူး။

'ကျွန်မသမီးလေးက ငယ်ပါသေးတယ်' သူ့ယောကျ်ားကို အမေပြောလျှင် ငါ ကျိတ်မပြုံးတတ်ခဲ့ဘူး။ အမေ့အလစ်အငိုက်မှာ 'လိမ္မာရင် ညည်းအတွက်ချည်းပဲ' ဆိုတဲ့ ပထွေးရဲ့စကား အဓိပ္ပာယ်ကိုသိလျက် မငြင်းချင်၊ စိတ်ကြွလို့ပင်နေခဲ့ပြန်တာ ငါ မဟုတ်ဘူး။ အမေမသိလိုက်ခင် ပထွေးက နင့်ခနဲ ငွေကြေးတစ်ထပ်နဲ့ အမွှန်ပန်းဦးကို အလဲအထပ်ပြုခဲ့တဲ့အခါ ငါဟာ အလိုတူအလိုပါ မဟုတ်ဘူး။

အမေက ငါ့အတွက် နှမြောငိုကြွေးနေပြန်တော့ 'အမေ့လျှောက်တဲ့လမ်းမို့ လိုက်လျှောက်တယ်လေ' ဆိုပြီး မျက်နှာပင့်ချီကာ နှုတ်ခမ်းဆေးဆိုးမပျက် နေမပြနိုင်ခဲ့ပါဘူး။ ရောက်လာသမျှ ခေ့ညည်တွေအကြား ငါ့နာမည်ဟာလည်း နေ့ချင်းညချင်း ရေပန်းမစားခဲ့ပါဘူး။ ယုံတမ်းပုံပြင်တွေကို စိတ်ဝင်စားဖွယ် ဇာတ်နာအောင်ပြောတတ်လာခဲ့ သူဟာလည်း ငါမဟုတ်ခဲ့ဘူး။ အချော့အမြှူ၊ အပြုအစုမာယာစုံနဲ့ ဖောက်သည်တကာ တန်းတန်းစွဲ ဘဝမှာ မာနခေါင်ခိုက်မနေခဲ့စဖူး။ အမေကိုတောင် ခြေရာချင်းပြန်တိုင်းတာမျိုး ငါ့ဘဝမှာ မရှိခဲ့စဖူး။ ပထွေးရဲ့ကျောသပ်ရင်သပ်မြှောက်စားမှုမှာ မိုးမမြင်၊ လေမမြင် မပျော်ရွှင်ခဲ့ရစဖူး။ ယောကျ်ားထည်လဲနဲ့ ခေါ်ရာလိုက်ကာ ကြုံသလိုထင်ရာစိုင်းပြီးလည်း အသားကျ မသာယာနိုင်ခဲ့ပါဘူး။

တစ်မြို့တည်းနေ အဖေနဲ့ အမှတ်မဲ့ လမ်းမှာဆုံကြစဉ် စတင်မျက်နှာလွှဲ၊ မမြင်ဟန် ငါ မပြုခဲ့ဘူး။ သူစိမ်းယောကျ်ားတစ်အုပ်ကြားက နှမကို စိတ်ပူပန်သယောင် စောင့်ရှောက်ချင်သူအစ်ကိုကို တစ်ခါဖူးမျှ မမြင်သိဖူးသူလို စိမ်းကားရွံရှာဟန် ဆောင်မပြတတ်ခဲ့ဘူး။ သူစိမ်းယောကျ်ားတွေကို အမူပိုပိုမေးတစ်ချက်ဆတ်ခနဲလှပစ္စာ အချက်ပြသိမ်းသွင်းကာ အစ်ကိုနှင့်လည်း ရန်တိုက်မပေးတတ်ခဲ့ပါဘူး။

ငါ့ဘဝမှာ အဲဒီနေ့တွေ တကယ် မရှိခဲ့ဘူး။ တစ်နေ့တခြား ညှိုးချုံးကာ အိပ်ရာမှာ ဗုန်းဗုန်းလဲခဲ့တဲ့ အမေ့ကို ကြည့်ရင်း ဝမ်းနည်းမျက်ရည်နဲ့ ပြန်လည်ရင်းနှီးရပြန်တာ ငါမှ မဟုတ်ဘဲ။

'လွှတ်အောင် ရုန်းတော့ သမီး'

ပူပန်နောင်တအစား ရှေ့သို့ဆက်တိုးရင်း မိုက်တွင်းနက်ပါစေ၊ တိုးဝင်တော့မည်လို့ ငါ အပိုင်မဆုံးဖြတ်ခဲ့ဘူး။

'အမေ ဈေးကုဖို့ ငွေ



www.burmeseclassic.com

www.burmeseclassic.com

လိုတယ်လေ'

ငါ့အကြောင်းပြချက်ဟာ အပြည့်အဝ မှန်ကန်မှုရှိပါရဲ့လား၊ ငါ့ကိုယ်ငါ သံသယ မဝင်ခဲ့ဘူး။

'ညည်းကိုပဲ အားကိုးရတော့မယ်'

ပထွေးရဲ့ ဖြားယောင်းမှုမှာလည်း ငါ မသာယာခဲ့၊ မာန်မတက်ခဲ့ဘူး။

တိမ်တွေပြိုကျခဲ့တဲ့ နေ့တစ်နေ့ဟာလည်း ငါ့ဘဝမှာ အမှန်တကယ် မရှိခဲ့ဘူး။ လက်ဖဝါးအပြည့် ဆုပ်ကိုင်ခွင့်ရမယ့် ငွေကြေးတစ်ထပ်ကို မြင်ယောင်ကာ ငါ့လောဘ ငယ်ထိပ်တက်နေခဲ့တာ မဟုတ်ဘူး။ ခေါ်ရာလိုက်တတ်မြဲအလေ့အတိုင်း မဆင်မခြင်ပျော်ရွှင်စွာ လိုအင်ဖြည့်နိုင်ဖို့သာ ငါ့စိတ်က ပြင်ဆင်ထားခဲ့တာ မဟုတ်ဘူး။ ဖြုန်းခနဲ ရင်ဆိုင်တွေ့လိုက်ရတဲ့ လူယောကျ်ားတစ်အုပ်တစ်မ အရေအတွက်ကို ရေတွက်ဖို့ ငါ့ဘယ်လက်တစ်ဖက်တည်းနဲ့ မလုံလောက်ခဲ့လို့ ညာလက်အကူယူရတော့လည်း တထိတ်ထိတ် စိုးရွံ့မနေခဲ့ဘူး။ မုန်ယိုနေတဲ့၊ ပုံမှန်မဟုတ်ကြတဲ့၊ ဆေးဝါးတစ်မျိုးအားကိုးနဲ့ သွေးဆိုးချင်တိုင်း ဆိုးကြမယ့်သူတွေဟာလည်း ငါ့ဖောက်သည်တွေ မဟုတ်ဘူး။

ငါဟာလည်း အတွေ့အကြုံအရ အန္တရာယ်အငွေ့အသက်ကို ရိပ်မိကာ အလိမ္မာနှင့် ချော့မြူချွေးသိပ်ရန် ကြိုးစားခဲ့တာမဟုတ်ဘဲ။ သေချာတာက သူတို့တွေဟာ မိန်းမမမြင်ဖူးသူတွေလို နွားငတ်ရေကျ၊ ကမူးရှူးထိုးတွေကို မဟုတ်ခဲ့ဘဲ။ ငါ့ရဲ့ မိန်းမတစ်ယောက်အဖြစ်ထက် ငွေဝယ်ကာ စေချင်ရာစေနိုင်သော အဟိတ်တိရစ္ဆာန်တစ်ကောင်အဖြစ် သူတို့ ခြေချနင်းချင်သလောက် မွမွခြေဖို့ စိတ်ရှိင်းလည်း မရှိကြပါဘဲ။ သူတို့ ငါ့ကို နာကျင်အောင် မရိုက်နှက်ခဲ့ကြဘူး။ တတွတ်တွတ် ငိုယိုတောင်းပန်စကားတွေကြားက ရှေ့နောက်၊ ထက်အောက် အုပ်ဖွဲ့ကာ အနိုင်အထက်နှိပ်စက်ကလူ မပြုခဲ့ကြဘူး။ ကမ္ဘာပျက်သလို နာကျင်ကျယ်လောင်စွာ အော်ဟစ်ငိုညည်းမိသူကို ငါ တကယ်မသိဘူး။ လူတစ်ကိုယ်လုံး မောနွမ်းနာကျင်ကာ နံးချည့်ကြေမွနေလည်း ညာတာရကောင်းမှန်းမသိ၊ နွားသိုးကြိုးပြတ် အရပ်အနားမရှိကြတာ သူတို့တွေ မဟုတ်ပြန်ဘူး။

ချောက်နက်နက် အမှောင်ထက်ကဲတဲ့ အဲဒီ တစ်ညဟာ ငါ့ဘဝမှာ တကယ် မရှိခဲ့ဘူး။ အဲဒီ ဇက်ကုန်ဖွင့်ထားတဲ့ မြင်းရိုင်းတစ်အုပ်နဲ့ ငါ တကယ် မကြုံဆုံစဖူး။ သူတို့ကြောင့် ငါ့ဘဝ အမြွာမြွာ အစိတ်စိတ် တွန့်ခေါက်မွကြေကာ ဆောက်တည်ရာမမဲ့ခဲ့စဖူးလေ။

စိတ်အသိမဲ့နှင့် ညကြီးအချိန်မတော် ဆေးရုံအရေးပေါ်ခန်းကို ရောက်လာကာ လူတကာက စိတ်ဝင်တွေးဖြင့်ဝိုင်း ထွေးနေကြတာ ငါ့ကို မဟုတ်ဘူးနော်။ ဆရာဝန်၊ သူနာပြုတွေအပါအဝင် လူပရိသတ်ရဲ့ ငြူစူစောင်းငဲ့မျက်ဝန်းတွေအောက်မှာ အမှုန်အမွှားနှယ် ပျောက်ကွယ်သွားချင်မိသူဟာ ငါ မဟုတ်ပါဘူး။ အရိုးတွေ မွကြေနေသလို၊ အသားကြားက သွေးကြောမျှင်တိုင်းဟာ စိတ်မြွှာပေါက်ပြဲကာ တစစ်စစ် နာကျင်ကိုက်ခဲလျက်၊ အားကုန်ပင်ပန်းနွမ်းလျနေလျက်က တီးတိုးမျှ အသံထုတ်မညည်းဝံ့ သူဟာလည်း ငါမှ မဟုတ်ဘဲ။ နှစ်ဖက်နားအစုံကို ခေါင်းအုံးနဲ့ဖိပိတ်၊ မျက်လုံးအစုံကို နာနာမှိတ်ကာ ဘာတစ်ခုမှ ပြန်မမြင်ရ၊ ပြန်မကြားနိုင်ရအောင် စုံလုံးကန်းသွား၊ ပင်း,သွား၊ ဆွံ့အ,သွားဖို့ ဆုတောင်းနေမိသူ… အဲဒီ မိန်းကလေးဟာ ငါနဲ့ မသက်ဆိုင်ဘူး။

တကယ်ဆို… အဲဒီ ညက ကူကယ်ရာမဲ့ အသက်နဲ့ခန္ဓာ တဲတဲမျှ တွဲဆက်နေနိုင်ရုံ မိန်းကလေးတစ်ယောက်ကို ရွံရှာစိတ်တစ်ဝက်၊ သနားကရုဏာတသက်သက်နဲ့ စုပြုတိုးဝှေ့ဝိုင်းအုံကာ အားလုံးက စပ်စုစောင်းငဲ့ မကြည့်မြင်လိုက်ကြပါဘူး။ ထူးခြားဖြစ်စဉ်တစ်ရပ်အဖြစ် ငါ့ဓာတ်လမ်းဟာ မြို့ငယ်လေးမှာ ပိုးပိုးမကျော်ခဲ့ဘူး။ ဌာနဆိုင်ရာတွေ၊ သတင်းမီဒီယာသမားတွေ ပျားပန်းမခပ်ခဲ့ကြဘူး။ သို့ပေမဲ့ တရားကိုစောင့်သော မြတ်သောနတ်များဟာလည်း ခရီးလွန်မနေခဲ့ကြဘူး။

တစ်စုံတစ်ယောက်ဟာ အကျင့်ပါနေကျအတိုင်း လက်ကိုင်ဖုန်းလေးဖွင့်ကာ ဖျိုးခနဲ ဖျတ်ခနဲ ငါ့အဖြစ်ကို မှတ်တမ်းတင်ဖို့လည်း သတိမရခဲ့ဘူး။ Like တစ်ချက်၊ comment တစ်ကြောင်း မျှော်လင့်စိတ်နဲ့ သူ(…)လူမှုကွန်ရက်မှာလည်း ငါ့ဓာတ်ပုံတွေ မတင်ခဲ့ဘူး။ တခြားသူတွေကလည်း ဓာတ်ပုံတွေကို ဖုန်းစကရင်မှာ ပုံကြီးချဲ့ကြည့်ကာ စုတ်သပ်သနားကြတာ မရှိ။ အားပါးတရ ပြက်ရယ်ပြုခဲ့ကြတာ မရှိ။ ငါ့အတွက် နာကျင်ခံပြင်းကြသူတွေ၊ မိုက်ပြစ်မိုက်ဒဏ် ပေးယျာလကန် ပြုချင်ကြသူတွေ၊ လူ့အခွင့်အရေး ပါးစပ်က မချတတ်သူတွေဟာ သူ့ဘက်၊ ငါ့ဘက် စကားလုံးတွေနဲ့ အပြန်အလှန် ပစ်ပေါက်ငြင်းခုံကြတာ မရှိ။ ပြီး… ဘယ်သူမှ share လိုက်ကြဖို့ သတိတရမရှိ။ အွန်လိုင်းလူမှုကွန်ရက်ပေါ် ငါ့ကံကြမ္မာ၊ ငါ့အကြောင်း၊ ငါ့မျက်နှာ၊ ငါ့ပုံရိပ်တွေ ပလူပျံနေတဲ့ အဖြစ်မျိုး ကြုံဆုံရင်ဆိုင် လာရစရာ လုံးဝ… လုံးဝကို အကြောင်းမရှိပြီ။

တကယ်တော့ အထက်ပါ အငြင်းဝါကျတွေအတိုင်း သူတို့ မစောင့်စည်းနိုင်ခဲ့ကြ။ ငါကိုယ်တိုင်လည်း အတိတ်ရဲ့ အရိပ်မည်းကို အငြင်းဝါကျများအတိုင်း ကိုယ်တိုင်ပြောင်းလဲမပစ်နိုင်ခဲ့ပါပဲ။

လည်တိုင်မှာ စွပ်ချည်ထားသော ကြိုးထုံးအား ဖြုတ်ဖယ်ရန် မဖြစ်နိုင်တော့။ အားလုံးကို စွန့်ချန်ထားရစ်သလို ခြေဖဝါးအောက်မှ ထိုင်ခုံငယ်ကို တွန်းကန်စွန့်ချန်ဖို့ရန်လည်း ဘယ်လို အင်အားမျိုးနှင့်မှ ငြင်းဆန်မဝံ့ပြီ။ ဘာအကြောင်းကြောင့်မှ တောင်းပန်နှုတ်ဆက်ရန် မလိုအပ်တော့ပါ။ ■


သတိုး



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ရိုးသူရဲ

၁။

မော့ကြည့်မိသော
ကောင်းကင်အပြာဖျော့ဖျော့တွင်
ရေခိုးရေငွေ့များက နေရာမလပ်
ပြည့်နှက်နေပြီး စီးကရက်ဘူးများ
ထောင်ထားသလို တန်းစီနေသော
မိုးထိ အဆောက်အဦများသည်
သတိရစိတ်ကြောင့် မှိုင်းညို့ရီဝေစွာ
အုပ်မိုးလျက်။ မကြာခင်
မိုးရွာတော့မည် ထင်ပါရဲ့။
'မိုးတွေ ရွာမှဖြင့်ကွယ်'
အတွေးနှင့်ပင် လိုက်ခနဲမော
သွားမိသည်။ ဒါကြောင့်လည်း
အလွမ်းဒဏ်ဟု လူတွေ
တင်စားတတ်ကြသည်ပဲ။

ဒီနိုင်ငံကိုရောက်တာ
ဆယ်စုနှစ် တစ်ခုစာနီးပါး
ရှိခဲ့ပြီဆိုပေမဲ့ သူမပုံရိပ်များက
ယခုအထိ လွှမ်းမိုးနှိပ်စက်နေဆဲ။
ဆံပင်ကို ခပ်တိုတိုညှပ်ထားပြီး
မျက်နှာကို ဖြစ်သလို ခြယ်သထားသော
မျက်နှာဖြူ မိန်းကလေးများကို
မြင်လျှင် သူမကို
ပိုမိုသတိရစိတ်သည် ရင်မှာ
လှိုင်းထပြီး လှုပ်ခတ်သွားတတ်သည်။
တစ်ခါတစ်ခါ သူမ၏
ခပ်စိမ်းစိမ်း အကြည့်များကို
ပြန်လည် ခံစားမိလျှင် မခံချင်
စိတ်တစ်ဝက်၊ တမ်းမက်စိတ်
တစ်ဝက်နှင့် ကိုယ့်ကိုယ်ကို
အံ့သြစိတ်ပျက်မိသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

ထိုအကြည့်များကို လူမျိုးခြားမိန်းကလေးများ၏ နှစ်လိုဖွယ်ဆွဲဆောင်သော မျက်ဝန်းများထက် ရင်ခုန်သာယာတာကိုတော့ ရိုးရိုးသားသား ဝန်ခံရပါမည်။

❑

၂။

လူတစ်ယောက်သည် မိမိဘာလဲ၊ မိမိဖြစ်ချင်တာဘာလဲ၊ မိမိဘဝရဲ့ ဦးတည်ရာ လမ်းကြောင်းကို ဘယ်လို မောင်းနှင်သင့်သလဲဆိုတာတွေကို သိခြင်း၊ မသိခြင်းသည် မှန်ကန်သော ခံယူချက်နှင့် လွဲမှားသော ခံယူချက်တို့ကို ကွဲပြားဖြစ်ပေါ်စေတတ်ကြောင်း သိရှိထားပြီး သုံးနှစ်အကြာတွင် သူမကို စတင် သိရှိခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်ပထမနှစ်မှ ဂုဏ်ထူးတန်း ပထမနှစ်အထိ 'တက္ကသိုလ်တက်တာ ဘာအတွက်လဲ' ဟု တစ်ယောက်ယောက်ကမေးလာလျှင် 'အင်္ဂလိပ်ဘာသာရပ်မှာ အမြင့်ဆုံးဆိုတဲ့ ဘွဲ့ကိုယူဖို့' ဆိုသော အဖြေကိုသာ တစ်သမတ်တည်းဖြေခဲ့သော်လည်း ဂုဏ်ထူးတန်း ဒုတိယနှစ်သို့ရောက်ပြီး သူမနှင့် စတင်ခင်မင်သိရှိရသောအခါ 'ဘဝကို စိတ်ချမ်းသာစွာ ဖြတ်သန်းတဲ့နေရာမှာ အထောက်အကူရစေမယ့် ဆင်ခြင်တုံတရားတွေကို ပညာနဲ့ တည်ဆောက်ချင်လို့' ဟု ပြောင်းလဲဖြေဆိုတတ်ခဲ့သည်။

စာအုပ်ကပေးသော အသိများနှင့်သာ ကြီးပြင်းလာရသော သူ့ကို လက်တွေ့ဆန်သော ဘဝ၏ အတွေ့အကြုံများ မျှဝေရင်း မညာမတာ ဝေဖန်ပေးတတ်သော၊ လိုအပ်သည့် အကြံဉာဏ်ကောင်းများလို ပြတ်ပြတ်သားသား ပေးတတ်သော သူမက ဂျူနီယာအတန်းဖော်တစ်ယောက်ကို မောင်တစ်ယောက်လို၊ မိတ်ဆွေကောင်းတစ်ယောက်လို အနေအထားတစ်ခု သတ်မှတ်ပေးရင်း စည်းအတွင်းမှသာ ကြည်ဖြူခဲ့သည်။

❑

၃။

သူမနှင့်မတွေ့ခင်က သူ့ ၂၄ နာရီသည် သူကိုယ်တိုင်ရေးဆွဲထားသော ဇယားကွက်တစ်ခုအတွင်းမှာ အကန့်အသတ် အပိုင်းအခြားများနှင့် တင်းကျပ်ပိတ်မိနေခဲ့သည်။ မိသားစုနှင့် ပတ်ဝန်းကျင်က အံ့သြရလောက်အောင် အင်္ဂလိပ်ဘာသာစကားနှင့် စာပေကို အရူးအမူး လေ့လာခြင်းဖြင့် သူ့ငယ်ရွယ်နုပျိုမှုနှင့် အားလပ်ချိန်များကို ကုန်ဆုံးစေခဲ့သည်။

သက်တူရွယ်တူများက တက္ကသိုလ်ကျောင်းသားဘဝကို ရုပ်ရှင်ရုံ၊ စားသောက်ဆိုင်၊ ပန်းခြံ၊ ကစားကွင်း၊ စင်မြင့်ဖျော်ဖြေပွဲ စသော ပျော်ရွှင်စရာနေရာများတွင် လွတ်လပ်စွာ အပူအပင်ကင်းကင်း ဖြတ်သန်းနေကြချိန်တွင် သူကတော့ တက္ကသိုလ်များ စာကြည့်တိုက်၊ British Council, Ameriacn Center ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ဘာသာစကားကျွမ်းကျင်မှုသင်တန်းများ၊ ဘာသာပြန် သင်တန်းများတွင် ပျော်မွေ့ကျင်လည်ရင်း ပညာကို ရတနာပစ္စည်းများ ရှာဖွေစုဆောင်းသလို လောဘတကြီး လေ့လာသင်ယူနေခဲ့သည်။ ဒီလိုနှင့် ပညာရေးတွင် သူလိုချင်သည့် အနေအထားကို တဖြည်းဖြည်း ရောက်လာခဲ့သော်လည်း အခြားသော စိတ်ခံစားမှုနယ်ပယ်၊ ဘဝပျော်ရွှင်မှု၊ လူမှုဆက်ဆံရေး စသည်တို့တွင် သုညဒီဂရီအောက်ကို အလိုအလျောက် ကျဆင်းလာခဲ့သည်။

❑

၄။

'မိန်းမတစ်ယောက်ကို အထင်ကြီးတာ အချစ်မဟုတ်ဘူးကွ။ နောက်ပြီး ကိုယ်က ဘာသာပြန်ကဗျာတွေနဲ့ ဈေးကြီးပေး ဝယ်စားရတဲ့ ချောကလက်တွေကို မကြိုက်ဘူး'

သူ့ကို စိုက်ကြည့်ပြီး မပြုံးမရယ်နှင့် သူမပြောလိုက်ချိန်တွင် ဆရာ ချို့ထွန်း ဘာသာပြန်သည့် **အနမ်းပန်းများ ကမ်းပါလှည့်** ဆိုသည့် ကဗျာစာအုပ်နှင့် ဗာဒံစေ့နှင့် နို့များများ ပါဝင်သည့် လက်တစ်ဖဝါးစာအရွယ် နိုင်ငံခြားဖြစ် ချောကလက်တစ်တောင့်ကို သူ့လက်ထဲကို ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။

သူ့ထက် အသက်သုံးနှစ်တိတိကြီးပြီး အခက်အခဲများစွာရှိသည့်ကြားမှ ဘဝကို ကျွမ်းကျင်လိမ္မာစွာ၊ နောက်ပြီး အဓိပ္ပာယ်ရှိရှိနှင့် ပေါ့ပါးစွာ ဖြတ်သန်းလျက်ရှိသော သူမသည် ပညာရေးကလွဲပြီး ဘာကိုမျှ စိတ်မဝင်စားသော သူ့မျက်ဝန်းထဲမှ အချစ်ကို စောစီးစွာ ကြိုတင်ဖတ်ရှုနိုင်ခဲ့ပြီး ကြိုတင်ငြင်းဆန်နိုင်ခဲ့သည်။

ထိုနေ့သည် ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် ဖြစ်ပါသည်။

❑

၅။

'**The Road Not Taken** ကဗျာကို ရေးတဲ့ ကဗျာဆရာရဲ့ အခြေအနေမျိုးကို လူတိုင်းကြုံဖူးမှာပဲကွ။ ဘယ်လမ်းကိုရွေးရွေး နံပါတ်တစ် အရေးကြီးတာက ကိုယ် ပျော်ပျော်ကြီး နောက်ပြန်မလှည့်ဘဲ အဆုံးအထိ လျှောက်နိုင်ဖို့ပဲ။ အဲဒီအတွက် အခြေခံကျကျ အရေးကြီးတာကတော့ ကိုယ့်ခံယူချက်နဲ့ ကိုယ်တိုင် တာဝန်ယူနိုင်တဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်ပဲ။ ရွေးခဲ့တဲ့ လမ်းအတွက် နောင်တရနေစရာ မလိုသလို၊ မရွေးမိခဲ့တဲ့ လမ်းအတွက်လည်း ဝမ်းနည်းနေစရာမလိုဘူး။ ပန်းသီးစားချင်ရင်တော့ ပန်းသီးပင် စိုက်ပေါ့ကွာ' ဟု သူမပြောလိုက်သောအခါ သူ့နောက်ဆုံး မျှော်လင့်ချက် မီးတောက်ကလေး အဆုံးသတ် ငြိမ်းကျသွားခဲ့သည်။

ထိုနေ့သည် မဟာဝိဇ္ဇာဘွဲ့ကိုယူပြီး နှစ်လအကြာတွင်ဖြစ်သည်။

ရာသီဥတု ပူပြင်းသဖြင့် သူသောက်နေသော စတော်ဘယ်ရီဖျော်ရည်ခွက်ထဲမှ ရေခဲတုံးလေးများကို ငှေ့ကြည့်ရင်း အသာမွှေရင်း 'အဲဒါ ကျွန်တော့်အတွက် ပန်းသီးပင်ဖြစ်ပဲ ဆိုပါတော့' ဟု မေးလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

သူမက 'As you like it' ဟု ခပ်တည်တည်ဖြေလေသည်။

'ကျွန်တော်ကတော့ ပန်းသီးစားချင်ရုံနဲ့ ပန်းသီးပင်စိုက်မနေဘူး၊ ဝယ်ပဲစားလိုက်မယ်'ဟု သူပြောသောအခါ သူမ ခေတ္တငြိမ်သွားပြီး လမ်းပေါ်တွင် ဖြတ်သွားသော ၂၀၇ ဘတ်စ်ကားတစ်စင်းကို ငေးကြည့်နေလေသည်။

မိနစ်အနည်းငယ်ကြာမှ စားပွဲပေါ်ခပ်စောင်းစောင်းတင်ထားသော နေကာမျက်မှန်ကို ကောက်တပ်လိုက်ပြီး 'So childish' ဟု ဒေါသသံအုပ်အုပ်နှင့် ခပ်တိုးတိုးရေရွတ်လေသည်။

ထိုနေ့က သူရော သူမပါ ပါရဂူဘွဲ့ဝင်ခွင့်နှင့် ပတ်သက်သည့် အကြောင်းအရာများကို တိုင်ပင်ဆွေးနွေးဖို့ တမင်မေ့ထားပစ်ခဲ့ကြသည်။

❑

၆။

ပြင်သစ်က အစ်ကိုဝမ်းကွဲဆီ လိုက်သွားပြီး သူထပ်မံ အိပ်မက်,မက်မိသော Interior Designer တစ်ယောက်ဖြစ်လာဖို့ ပြင်သစ်စာကို အသည်းအသန် လေ့ကျင့်နေချိန်တွင် နိုင်ငံကူးလက်မှတ်နှင့် ကျောင်းဝင်ခွင့်အတွက် အလုပ်ရှုပ်နေရင်း အချိန်ပိုင်းအလုပ်တစ်ခုကို ကြိုတင်ရှာနေရချိန်တွင် သူမသည် သူ့နံဘေးတွင် အရိပ်တစ်ခုလို အမြဲကူညီပေးခဲ့သည်။

'နေပါဦး၊ ကျွန်တော်သွားမှာကို မတားတော့ဘူးလား။ ဒီအချိန်မှာ ကျွန်တော်အကြားချင်ဆုံး စကားက ဘာလဲဆိုတာ'

'အိုကေ အိုကေ။ ကဲ ကိုယ်က မင်းကို အခု မသွားပါနဲ့လို့ တားတော့ရော မင်းက အခုလုပ်ထားပြီးသားတွေကို လွှင့်ပစ်ပြီး ပြန်လှည့်မှာမို့လို့လား။ Don't be silly! ဒီမှာ ကိုယ်တစ်ခုတော့ အမှန်အတိုင်းပြောမယ်။ မင်း နှစ်လရှည်ကြာ သင်ယူထားတဲ့ ဘာသာရပ်၊ မင်းအခုသွားမယ့်နိုင်ငံနဲ့ ထပ်သင်ယူမယ့် ဘာသာရပ်၊ တစ်ခုမှ စပ်ဟပ်မှု မရှိတာတော့ ကိုယ် ဝမ်းနည်းတယ်။ ဒါပေမဲ့ အဲဒါ မင်းရွေးချယ်ထားတဲ့လမ်းပဲလေ။ မင်း ပျော်ပျော်ရွှင်ရွှင် ဆက်လျှောက်ဖို့ပဲလိုတယ်။ ကိုယ်က သံယောဇဉ်အထူးတလည်ရှိတဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ ဘေးက ပံ့ပိုးပေးနိုင်ရုံပဲရှိတယ်။ အဲဒါက လွဲပြီး I can do nothing!'

ခံစားချက် အစစ်အမှန်တစ်ခုကို လှလှပပဖုံးကွယ်ပြီး နှလုံးသားမရှိဟန်ဆောင်တတ်သော သူမနှင့် တွေ့ဆုံရခြင်းသည် သူ့ဘဝအတွက် ကြီးကျယ်သော မှားယွင်းမှုတစ်ခုဖြစ်ကြောင်း သူမကို ငေးကြည့်ရင်း သူ့စိတ်ထဲမှာ တီးတိုးရေရွတ်မိလေသည်။

❑

၇။

'အူးဗွားရ်၊ နီ မုဘာလီပါ (ကျွန်တော်သွားတော့မယ်၊ ကျွန်တော့်ကို မေ့မသွားနဲ့နော်)'ဟု သူ နှုတ်ဆက်စကားဆိုတော့ 'ဘွန်းရှောန့်စ် (ကံကောင်းပါစေ)'ဟု သူမက အေးအေးသက်သာ ပြန်ပြောသည်။

'ဒါနဲ့ မင်းက ဘာလဲ။ ကိုယ့်ကို နှုတ်ဆက်တာလား၊ ပြင်သစ်စကားပြော လေ့ကျင့်နေတာလား'ဟု ခပ်နောက်နောက် ထပ်ဖြည့်စွက်သည်။

သူမလည်တိုင်တွင် သူတစ်ခါက မွေးနေ့လက်ဆောင်ပေးခဲ့ဖူးသော အညိုနုရောင်ပိုးပဝါစလေးက တဖျပ်ဖျပ်လူးလွန့်နေသည်။ ပဝါအစပ်မှ အဖြူရောင်ပန်းပွင့် သေးသေးနုပ်နုပ်လေးတွေကို ဘာရယ်မဟုတ်ဘဲ စိတ်ထဲကနေ ရေကြည့်နေမိသည်။ တစ်နှစ် သုံး လေး။

'ဟော အချိန်သိပ်မရှိတော့ဘူးပဲ။ Check in လုပ်ဖို့ဝင်တော့လေ။ ကိုယ်လည်း သိပ်မှောင်သွားရင် အပြန်ကားငှားရခက်နေလိမ့်မယ်။ Bye!'

တစ်ချက်ကလေးမှ ပြန်လှည့်မကြည့်ဘဲ ကျောခိုင်းသွားသော သူမကျောပြင်ကို ငေးကြည့်ရင်း သူ့ရင်ထဲမှာ ဆို့နင့်လာသည်။ မြင်ကွင်းကနေ သူမပုံရိပ် လုံးဝ ပျောက်ကွယ်သွားတော့မှ ခေါင်းကိုတစ်ချက် ခါယမ်းလိုက်ကာ မှန်ပြတင်းအပြင်ဘက်မှ မိုးစက်မိုးပေါက်တို့ကို သူ စိုက်ကြည့်နေလိုက်မိသည်။

❑

၈။

Email inbox ကို ကြည့်မိတော့ အလွတ်ရနေသည့် နာမည်တစ်ခုကြောင့် အံ့သြစိတ်နှင့်အတူ သူ အလိုအလျောက် ဖွင့်ဖတ်ဖြစ်သွားသည်။

*'ဟေ့၊ မင်း အစစအရာရာ အဆင်ပြေရဲ့လား။ ကိုယ်တို့ နောက်ဆုံးတွေ့ခဲ့တာတောင် အတော့်ကိုကြာပြီနော်။ ကိုယ်အခု မြစ်ကြီးနားတက္ကသိုလ်မှာ ကထိကရာထူးနဲ့ တာဝန်ကျနေတယ်။ ကိုယ်ရွေးချယ်တဲ့လမ်းပေါ့။ ဒါနဲ့ ဒီက ကလေးတွေက သိပ်ရိုးပြီး ချစ်စရာကောင်းတာပဲ။ မင်းနဲ့တူတဲ့ ချာတိတ်တွေလည်း အများကြီးပဲ။ ရည်မှန်းချက်အကြီးကြီးတွေ၊ အိပ်မက် အကြီးကြီးတွေနဲ့။ စ, တာပါကွာ။ ဒါနဲ့ ဘဝရဲ့အချိုးအကွေ့တွေမှာ မင်းရော နောက်ထပ် လမ်းခွဲတွေ ထပ်ကြုံရသေးလား။ မင်း စာတွေကို မပြန်ဖြစ်ပေမဲ့ ဖတ်ဖြစ်ပါတယ်။ ဒါပဲကွာ။ ကိုယ် Email သုံးရတာ နည်းနည်းတော့ ပျင်းတယ်။ PS: အခု ကိုယ် ချောကလက်ကြိုးစားပြီး စားကြည့်နေတယ်။ မင်းရော ပန်းသီးတွေ ဝယ်စားနေတုန်းပဲလား'*

ဆယ်ရနှစ်တစ်ခုအတွင်း သူ့ဘက်က အစောင်ရေများစွာပို့ခဲ့သော သတိတရ Email များအတွက် သူမဆီက ရောက်လာသော တစ်စောင်တည်းသော ပြန်စာက ထင်မှတ်မထားလောက်အောင် တိုတောင်းထိရှလွန်းလေသည်။

ဘာကြောင့် မှန်းမသိ လှိုက်ခနဲမောသွားသော သူ့စိတ်ကို ပြန်လည် တည်ငြိမ်အောင် ထိန်းနေခိုက်...


'Papa j'ai faim(ဖေဖေ သားဗိုက်ဆာတယ်)'ဟု အိပ်ရာက နိုးနိုးချင်း သူ့ကို ပြေးဖက်ကာ လာချွဲသော ဆံပင်ရွှေရောင်၊ မျက်လုံးနက်နက်နှင့် လေးနှစ်အရွယ် သားလေးကို ထွေးပွေ့ကောက်ချီရင်း ရေခဲသေတ္တာထဲက ပန်းသီးနီနီတစ်လုံးကို ယူစားလိုက်မိလေသည်။ ■

**စိုးသူရ**



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဖြိုးကျော်ညွှန့်

# မန္တလေးက ဝေးသေးလား

၁။

'လွဲစာ ရပြီလား၊ ယူပြီးပြီလား'

သူ ခေါင်းတစ်ချက် ညိတ်ရုံသာ ညိတ်ပြနိုင်သည်။ ဂျိုင်းခနဲ နောက်ဘက်ဆီက မြည်သံနှင့် ဘေးဘက်က ဂျိုင်းခနဲ မြည်သံက တစ်ထပ်တည်းကျ၏။

'အလန့်ဖွင့် ထွက်မယ်'

သူ့စကားအဆုံးမှာ ရွှေ့ခနဲ ဖြစ်သည်။

'ရပြီ၊ ကပ်ထား၊ ခေါင်းနည်းနည်းထုတ်၊ အိုကေ ရှင်းတယ် တက်'

'အောင်မယ်လေး… သေပါပြီ အမေ့ရဲ့ သေပါပြီတော့'



www.burmeseclassic.com

www.burmeseclassic.com



ပရဟိတအသင်းများ၏ ကားများမှာ လိုင်စင်
မရှိသည့်ကားများသည် ယာဉ်မောင်းတွေလည်း
မတော်တဆ တိုးတိုက်မိလျှင် မလွတ်
ပရဟိတ ယာဉ်မောင်းက လစာရသည်လည်းမဟုတ်

ရှေ့ဆင့်နောက်ဆင့် အသံအဆုံးမှာ နောက်လှည့်ကြည့်ချင်သည့်တိုင် မကြည့်ဖြစ်။ ကီလို ၂၀၊ ၃၀၊ ၄၀။ မြို့မရဲစခန်းကို ၅၀ လောက်နှင့် ဖြတ်ရသည်။ ၆၀ မြိုင် လမ်းမီးပွိုင့်။ ၇၀၊ ၈၀၊ ၉၀ ဘယ်အချက်ပြ။ ရွှေခနဲ ကွေ့အချုမှာ တံတားကြီးကို ဘွားခနဲ မြင်ရသည်။

'မေးထား၊ မောင်းတန်မှာ ပိတ်နေတယ်'

'အောင်မယ်လေး အမေရဲ့၊ ကျုပ်ကို မကယ်နိုင်တော့ဘူးလား။ သရဲတွေ၊ သရဲတွေ ကျုပ်ကိုဆွဲကုန်ကြပြီ။ ခွေးနက်ကြီးတွေ၊ မီးတွေ… မီးတွေ'

သူ တစ်ချက်ကျောတော့ တွန့်ခနဲ ဖြစ်သည်။ ကီလို ၈၀၊



www.burmeseclassic.com

www.burmeseclassic.com

၇၀၊ ၆၀၊ ၄၀ နှင့် မောင်းတန်ရှေ့က ဘုတုံးလှိုင်းတွေကျော်ရ၏။

'ကားကြီးကပ်သွားပြီ၊ ဆိုင်ကယ်ဝင်လာတယ်။ အိုကေ… ရှင်းတယ်'

တံတားပေါ် ဦးမော့တက်ဖြစ်သည်။ ကီလို ၅၀၊ ၆၀၊ ၇၀၊ ၈၀၊ ၉၀၊ ၁၀၀။ မကွေးတိုင်းဒေသကြီးမှ နှုတ်ခွန်းဆက်သပါ၏ ဆိုသည့် ဆိုင်းဘုတ်ကို တစ်ချက်မော့ကြည့်ပြီး ၁၀၀ နှင့် ဖြတ်မိသည်။

'အောင်မယ်လေး… ကျုပ်ကို လာခေါ်နေကြပြီ၊ ကယ်ကြပါဦး အမေရေ'

မန္တလေးတိုင်းဒေသကြီးမှ ကြိုဆိုပါ၏ကို ၁၁၀ နှင့် ဖြတ်ဖြစ်သည်။

'ဆင်းတော့မယ်၊ မှေးထား၊ မောင်းတန် ရှင်းတယ်'

ကီလို ၁၀၀၊ ၉၀၊ ၇၀၊ ၆၀၊ ၄၀ နှင့် ဘုတွေကို နင်းပြီးမှ ၅၀၊ ၆၀၊ ၉၀။ ဘယ်အချက်ပြ၊ ရွှေ့ခနဲ ကွေ့ချလိုက်ရသည်။ မြင်းခြံသို့ ၂၇ မိုင်။

'ရှင်းတယ် ဆရာ၊ အိုကေ'

အောင်မင်းသူ လက်မထောင်ပြပြီး ကျောမှီအချမှာ ကီလို ၁၀၀ ကိုသာ အတည်ပြုဖြစ်သည်။

'အောင်မယ်လေး အမေရေ အမေ၊ သမီးကို ကယ်ပါဦး အမေရဲ့'

ကြားရသည့် အသံက စူး၏။ နစ်၏။ ဆတ်ဆတ်တုန်၏။ ငယ်သံပါ၏။ သက်ပြင်းချသံ၊ တီးတိုးရှိုက်သံတွေကြားမှ ကြားနေကျ

> ရွာရပ်က
> လူနာ
> တော်တော်
> များများကို
> ဆေးရုံ
> ပို့နေသည့်တိုင်
> အရိုးစွဲတွေက
> ကားကို
> ရွာထဲမှာ
> ထားခွင့်မရအောင်
> ရန်ရှာနေကြဆဲ
> အသင်းက
> ကလေးတွေကို
> အသင်း
> ပြိုကွဲအောင်
> သွေးထိုးသူက
> ထိုးနှင့်

မရိုးအီနိုင်သည့် စကားကို ကြားရပြန်သည်။

'ဆရာ မန္တလေးက ဝေးသေးလား'

❑

၂။

အမှန်မှာတော့ ပင်လယ်စံအိမ်ဆိုသည့် ဒီအသင်းလေး ထောင်ထားသည်ကို အစက သူ မသိ။ စက်မှုဇုန်က ပုညမုဒိတာအသင်းနှင့် တွဲ၍ ကလေးအယောက် ၂၀ ခန့် သွေးလှူကြသည်ဟု ဆို၏။ ရွာက ဖိုးသန်းလှိုင်က ကားတစ်စီး ဝယ်လှူသည့်အခါမှ ပင်လယ်စံအိမ်ဟု အမည်တပ်၍ အသင်းခွဲထွက်ခဲ့ကြခြင်း ဖြစ်သည်။

အစက ပုညမုဒိတာမှာ ယာဉ်မောင်းဖြစ်ခဲ့သည့် အောင်မင်းသူတစ်ယောက်သာ ကားမောင်းသူရှိ၏။ နောက်တော့ ကလေးတွေက သူ့ ကားမောင်းတတ်သည်က တစ်ကြောင်း၊ ရိုးရင်းစွဲ ခင်မင်စိတ်နှင့်တစ်ကြောင်း၊ အားကိုး ယုံကြည်သည်ကတစ်နည်း အသင်းကို ကူညီဖို့ ပြောလာရာက သူပါခဲ့ရခြင်း ဖြစ်၏။

အသင်းရုံးပင် မရှိ။ ရွာက လူသေတင်ယာဉ်မဟုတ်ပါဘဲနှင့် ကားကို ရွာတွင်း အသွင်းမခံ၍ သူ့စာကြည့်တိုက်မှာ ထားမည်ဟု ဗီတိုအာဏာပင် သုံးခဲ့ရသေးသည်။ အစက ရွာမှ မွေးလူနာ၊ ခြေကျိုးလက်ကျိုး၊ မြွေကိုက်တာကအစ ရွာရေးရပ်ရေး ကူညီရာက ခုတော့ ဆေးရုံကြီးမှ လွှဲလူနာထိ ပို့ပေးနေရပြီ။

'အောင်မယ်လေး သေပါပြီ အမေရဲ့၊ အမေ… အမေရဲ့'

နောက်ခန်းဆီက အော်သံကြားမှ အတိတ်ကို လွင့်ပါးနေသည့်စိတ်တွေ ခန္ဓာကိုယ်ဆီ ပြန်စုဖြစ်သည်။ လူနာ၏ လူးလွန့်တွန်းထိုးသံ၊ လူနာရှင်များ၏ ပူပင်သောက အငိုမျက်ဝန်းများကို အပေါ်မှန်ကနေ တစ်ချက်တော့ မော့ကြည့်ဖြစ်သေးသည်။

မြင်းခြံမြို့ခြေပင် ရောက်ခဲ့ပြီ။ ကီလိုမီတာက ၁၀၀ မှာ တန်းနေရာက ၉၀၊ ၇၀၊ ၆၀၊ ၄၀ မိတ္ထီလာသို့ လမ်းညွှန်ကို မြင်ရပြီ။ ဘယ်အချက်ပြမီးကို ဆွဲချစဉ် ဘယ်ကွေ့ကို တစ်ချက်ကြည့်မိသည်။

'မရှင်း၊ ဆိုင်ကယ် နှစ်စီး'

အလန့်သံကို ကြားရဟန် မတူလေသည်လား။ လမ်းပိတ်သွားနေသည့် ဆိုင်ကယ်နှစ်စီးက မဖယ်သေး။ တီ… တီ…။ ဟွန်းနှစ်ချက်ဆင့်တီးတော့မှ ဘုကြည့်၊ ကြည့်ကာ ဘေးနည်းနည်း ကပ်သွားခဲ့သည်။ လမ်းပေါက်ကျဉ်းကျဉ်းထဲမှာပင် ဇွတ်တိုးဝင်စဉ်–

'သေတော့မယ်၊ မရတော့ဘူး အမေရေ… အမေ့'

သူ့အာရုံကို လမ်းပေါ်မှာ အားယူစုနေရစဉ်–

'မန္တလေးက ဝေးသေးလားဟင်'

စိုးရိမ်စိတ် ပြွမ်းတီးသောအသံ။ သောက ရာနှုန်းက အပြည့်။

'လိုသေးတယ် အစ်မ၊ ခုမှ မြင်းခြံ'

❑

၃။

ပရဟိတအသင်းများ၏ ကားများမှာ လိုင်စင်မရှိသည်က များသည်။ ယာဉ်မောင်းတွေလည်း မတော်တဆ တိုးတိုက်မိလျှင် မလွတ်။ ပရဟိတယာဉ်မောင်းက လစာရသည် လည်းမဟုတ်။ အသင်းကြီးများတွင်တော့ မသိ။ ထောင်နှုတ်ခမ်းနင်းထားရသောသည်အလုပ်ကို တကယ်ပေးဆပ်ရဲသူတွေမှ ဖွဲ့ကြီးကြီး[illegible]နိုင်ကြသည်။

အမှန်တ[illegible] ရွာရပ်က လူနာတော်[illegible]များများကို

www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံပို့နေသည့်တိုင် အရိုးစွဲတွေက ကားကို ရွာထဲမှာထားခွင့်မရအောင် ရန်ရှာနေကြဆဲ။ အသင်းက ကလေးတွေကို အသင်းပြိုကွဲအောင် သွေးထိုးသူ ကထိုးနှင့်။ မန္တလေးတစ်ခေါက် အလှူငွေ ငါးသောင်းဆိုသည်မှာ အသင်းက ရသည် မဟုတ်။ ကားဆီဖိုးက သုံးသောင်း၊ ယာဉ်မောင်းနှစ်ယောက် စားသောက်ရသည်က ငါးထောင်၊ ကားရေဆေးရသည်က ငါးထောင်၊ ကျန်ကောင်းသမို့ ကျန်သည့် ငွေတစ်သောင်းက တကယ်မရှိသည့်လူတွေ ပို့သည့်အခါပို့၊ ဘီးဖာသည့်အခါဖာ၊ အင်ဂျင်ဝိုင်လဲသည့်အခါလဲ။

ဒါကို မလိုသူတွေက ကားထွက်သည့် အခေါက်ရေမှတ်။

လိုင်းကားလို အမြတ်တွက်ကာ စာရင်းရှင်းနိုင်းတော့ ယာဉ်မောင်း စိတ်ပျက်ကာ အသင်းက ထွက်မည်ဟု ဆို၍ အတော်ကြီးချော့မော့ထားရသည်။ ထော်လာဂျီ မောင်းတတ်ရုံမျှနှင့် လူနာတင်ကားကို လက်တည့်စမ်းချင်သူတွေက အများကြီး။ ကားမောင်း သင်ချင်သူတွေက ဒုနှင့်ဒေး။

ဟိုတိုး၊ ဒီတိုက်နှင့် ကားပြင်စရိတ် စိုက်ရလို စိုက်ရ။ ပရဟိတအစား အတ္တတွေက ကားတစ်စီးကို အကြောင်းပြု၍ အတော်များခဲ့ကြသည်။

ထော်လာဂျီ
မောင်းတတ်ရုံမျှနှင့်
လူနာတင်ကားကို
လက်တည့်စမ်းချင်
သူတွေက
အများကြီး
ကားမောင်း
သင်ချင်သူတွေက
ဒုနှင့်ဒေး
ဟိုတိုး၊ ဒီတိုက်နှင့်
ကားပြင်စရိတ်
စိုက်ရလို စိုက်ရ
ပရဟိတအစား
အတ္တတွေက
ကားတစ်စီးကို
အကြောင်းပြု၍
အတော်
များခဲ့ကြသည်

'အောင်မယ်လေး… သေပါပြီတော့၊ အမေ… အမေရဲ့'

သူ့လွန့်နေသော အတွေးတွေက နောက်ခန်းက အော်သံကြောင့် လမ်းနှင့်ကား ၃ ပါးလုံး ပြန်တွဲမိပြန်ပြီ။ မြင်းခြံ မောင်းတန်အထွက်မှာကတည်းက လမ်းအရှင်းမှာ အတွေးတွေ နောက်ကြောင်းပြန်သွားခြင်းဖြစ်သည်။

'မီးတွေ… မီးတွေ မီးတွေ လောင်ကုန်ပြီ၊ လုပ်ကြပါဦး'

လူးလွန့်တွန်းထိုးသံတွေ လှည့်မကြည့်အား။ မြို့သာသို့ ဆိုသည့် ဆိုင်းဘုတ်ကို တစ်ချက်ကြည့်ပြီး ရှေ့ကကုန်ကားနောက်နားမှာ ကီလို ၄၀ နှင့် မှေးထားဖြစ်သည်။ အောင်မင်းသူ ခေါင်းလည်ထွက်သွားတာ မြင်လိုက်ရသည်။

'အောက်ဆီဂျင်ပိုက် ပြုတ်မယ်နော်၊ ဒရစ်ပိုက်ကဆေးမကျတော့ဘူး အစ်မ။ သွေးတွေ ပိုက်ကနေ ပြန်တက်လာပြီ။ ဘီးလေးကို အောက်ထိ ဖိချလိုက်၊ ပိတ်သာထားတော့'

ကုန်ကားသမားမြင်ရအောင် ခေါင်းပြူပြီး ဟွန်းတီးလမ်းတောင်းကြည့်သည်။ မရ။

'မရှင်းဘူး၊ ပြန်ကပ်ထား ဆရာ'

ညာကို ရွှေခနဲ ပြန်ကပ်ရသည်။ ကုန်ကားဘရိတ်မီးက ရဲခနဲ။

နံပါတ်တူးကို ထည့်၍ ဘရိတ်ကိုမှေးစဉ် မျက်နှာမူရာက ကားလေးနှစ်စီး ရိပ်ခနဲ ရိပ်ခနဲ ဖြတ်ချသွားခဲ့သည်။ မြို့သာနှင့် တံတားဦးကြားလမ်းက လမ်းကျဉ်းသလို ကြမ်းလည်းကြမ်းသည်။

'သေတော့မယ်၊ ကျုပ်သေရတော့မယ် အမေရေ'

အသံမှာ ဇောကိုကြားနေရသည်။ ကုန်ကားက ကျော်တက်ရန် အချက်ပြမီးဖြင့် လမ်းပေးနေစဉ် ရွှေခနဲကျော်ဖြတ်သည်။ တံတားဦး ရောက်ရန်မလိုတော့။

'မန္တလေးက ဝေးသေးလား ဆရာ'

မေးသံက တိုးသက်သလို နွမ်းဖျော့တုန်ယင် တိမ်ဝင်သွားစဉ် လီဗာကို ဖိနင်းဖြစ်သည်။ ၈၀၊ ၉၀၊ ၁၀၀၊ ၁၁၀။

'ဒိန်းဂျား စပီ၊ ဒိန်းဂျား စပီ။ ဒရိုင်ဘာ… ဒရိုင်ဘာ'

ကီလို ၁၁၀ ကျော်လျှင် သည်အသံက အလိုလို သတိပေးတတ်သည်။

'မန္တလေးက လိုသေးလား ဦးလေး'

❑

၄။

သူ ပထမဦးဆုံး ပို့ဖြစ်သည့်လူနာမှာ အသက် ၃၀ လောက်သာရှိပေဦးမည်။ ပေါက်မြို့နယ် တောရွာလေးတစ်ရွာက ချို့တဲ့နွမ်းပါးဟန်က အထင်းသား။ သို့သော် အရက်သမား။ ဆိုင်ကယ်တစ်ခါလဲ၍ ဦးခေါင်းဒဏ်ရာရဖူးသည်ဟုလည်း သိခွင့်ရသည်။ အပြင်းဖျားရာက အဖျားက ချ၍မရ။ ဦးနှောက်ပိုင်းဆိုင်ရာ စစ်ဆေးနိုင်ရန် မန္တလေးဆေးရုံကို လွှဲခဲ့ခြင်းဖြစ်သည်။

ပခုက္ကူဆေးရုံက စ, ထွက်ကတည်းက လူနာက သတိရတစ်ချက် မရတစ်ချက်။ လမ်းကြောင်းမှာ ကားနှစ်ခါရပ်၍ တတ်သမျှ၊ မှတ်သမျှ ပြုစုမှ သတိပြန်လည်လာတတ်သည်။ မန္တလေးဆေးရုံကြီး ပြင်ပ လူနာကုဌာနမှာ လူနာကျတော့ သူချက်ချင်းမပြန်နိုင်။ ကိုယ့်ကားပေါ်က ချသည့်လူနာကို ပုထုဇဉ်သံယောဇဉ်ဖြင့် ငိုင်နေမိသည်။

အသင်းစည်းကမ်းအရ လူနာချလျှင် ကားက တန်းပြန်ရမည်ဖြစ်သော်လည်း သူ မသွားနိုင်၊ မခွာရက်။

'ပြန်ရအောင် ဆရာ'

အောင်မင်းသူ [illegible]ခေါ်သည့်တိုင် သူ [illegible]ဖြစ်။

'ကျွန်[illegible]တို့တာဝန်



www.burmeseclassic.com

www.burmeseclassic.com

က ကားပေါ်ပါလာသူတွေ ဘေးကင်းရန်ကင်း လူနာကို အသက်မီအောင် မောင်းနိုင်ရင် ကျေပြီ။ ကုသရေးက ဆရာဝန်အလုပ်။ ကျွန်တော်တို့လည်း ဘာမှလုပ်တတ်တာ မဟုတ်ဘူး။ သွားမယ် ဆရာ'

သည်စဉ်က နေပါဦးကွ၊ ခဏ ခဏနှင့် နာရီဝက်သာသာ ကြာသွားခဲ့သည်။ အခေါက်ရေများလာမှ ကျောနိုင်းဖို့ အသားကျခဲ့ခြင်း ဖြစ်သည်။

'အား...အမေရေ... အမေ့'

ရူးနစ်နာကျင်သံက အသိကို ပြန်ကပ်စေပြန်ပြီ။ ဩော်... တွေးရင်းမောင်းရင်းနှင့် တံတားဦးပင် ထွက်၍ အမြန်လမ်းပေါ်တက်သည့် အဝိုင်းပတ်ကို မြင်နေရပြီ။ ဘယ်အချက်ပြဖြင့် အဝိုင်းကိုပတ်စဉ် ပြတင်းမှန်ကို ချဖြစ်သည်။ တီ... နောင်... တီနောင် ဆိုသည့် အလန့် ဘဲလ်သံက စူးခနဲ ပိုကျယ်လာစဉ် မှန်ကို ပြန်တင်ဖြစ်သည်။

မဖြစ်လွန်း၍ ဖွင့်ရသည့် သည်အသံ သည်ယာဉ်မောင်းကို ချော့သိပ်သည့်နှယ် ရှိ၏။

'အမေရေ... အဖေရေ သမီးကို ကယ်ပါဦး၊ မောင်ဦး... မောင်ဦး ငါမနေရ တော့ဘူးထင်တယ်'

ပခုက္ကူဆေးရုံကြီး ခွဲခန်းပြင်စဉ်က တစ်ကြိမ်၊ ယခုပိုးသတ်သည်က တစ်ကြိမ်၊ ဆေးရုံအုပ်ကြီးက ပရဟိတအသင်းကားတွေ အကူအညီတောင်းရာက တစ်နေ့ နှစ်သင်း ၂၄ နာရီ ဂျူတီဝင်ခဲ့ကြရသည်။ ဒါက ဒုတိယအကြိမ်။ ကိုယ့်ဆီနှင့် ကိုယ့်ကားနှင့်၊ ကိုယ့်ထမင်း ကိုယ်စား၊ ကိုယ့်ကားကိုယ်ပြင်။

ရယ်သံတွေ
အဆုံးမှာ
သူ့ဖုန်းက
ဖြန်းခနဲ
ထ,အော်စဉ်
'ဟယ်လို...
ကားဆရာတွေလား
မွေးပြီ
ဆရာတို့ရေ
အမြှာပူးဗျ၊ အမြှာပူး
ကျေးဇူးတင်လိုက်သာ
ဗျာ'
သူတို့
တစ်ယောက်နှင့်
တစ်ယောက်
ပြုံးကြည့်ရင်း
ဖုန်းကို
ပိတ်ဖြစ်သည်

'အောင်မယ်လေး အမေရေ'

ခုပါလာသည်က မွေးလူနာ။ အလ်ထရာဆောင်း ရိုက်ပြီးသား။ အမြွှာပူး။ ခွဲမွေးရမည်။

'ဒီမှာ အစ်မ လိုမှ်အော်မနေနဲ့။ ကားပေါ်မှာမွေးရင် ကလေး ခင်ဗျား ပြန်မပေးဘူးနော်။ အသင်းကားပေါ်မွေးတဲ့ကလေး အသင်းပိုင် မွေးမှာ'

မချိပြုံးနုံးနုံးတွေ နောက်ကြည့်မှန်မှာ မြင်ရသည်။

'အောင်မယ်လေး... မပေးနိုင်ပါဘူးတော့'

ရယ်သံတွေ စီခနဲ ထွက်လာသလို အမြန်လမ်း အရှိန်သတိပေးတုံးတွေဖြတ်စဉ် ကားက ဒလုံးဒလုံး တုန်ထွက်သွားခဲ့သည်။ ဝမ်းဝေးတိုင်း မျှောလိုက်ရင်း လမ်းပေါ်မှာ ကား၊ ဆိုင်ကယ်တွေ ကျပ်ထပ်လာခဲ့ပြီ။

ဆင်ဖြူကန်သချိုင်းဟောင်း၊ ချမ်းမြသာစည်လေဆိပ်အဟောင်း ခေါင်းရင်းက အောင်ပင်လယ်မီးပွိုင့်က ရဲခနဲနီစဉ် အရှိန်ကို လျှော့လိုက်ရပြီ။

'အောင်မယ်လေး အမေရေ၊ ကျုပ် မခံနိုင်တော့ဘူး'

လူနာဆီက စူးခနဲ အသံ အဆုံးမှာ ဘရိတ်ကို မှေးနင်းဖြစ်သည်။

'မန္တလေးက လိုသေးလားဟင် ဦးလေး'

သူ ရင်တစ်ချက် အောင့်ခနဲ ဖြစ်သွားခဲ့သည်။

'ဒါ မန္တလေးကို ရောက်နေပြီလေ။ ခဏနေရင် ဆေးရုံ ရောက်တော့မှာ'

❑

၅။

သည်တစ်ခါ အရေးပေါ်မှာ သူ မငေးဖြစ်။

လူနာရှင် အမျိုးသားကို မူ ဖုန်းနံပါတ်ပေး၍ အဆင်ပြေ,မပြေ ဆက်သွယ်ရန် ပြောထားခဲ့သည်။ အောင်မင်းသူက ကိုယ့်ထက်ပင် အော်တိုဂီယာနှင့် ဒီကားကို ကျွမ်းကျင်သူမို့ ထိုင်ခုံကို စိတ်ချလက်ချ ကျောမှီရင်း အဲယားကွန်းပိတ်ခိုင်းကာ ကားမှန်တွေချဖြစ်တော့ မိုးနံ့ပါသောလေက အုယားဖားယား ဝင်ချလာခဲ့သည်။

'ဆရာ ကားပေါ်မှာ မွေးတဲ့ကလေး အသင်းပိုင် မွေးတော့ နို့က ဘယ်သူ တိုက်မှာတုံး'

သူ နွမ်းနွမ်းမွတ်မွတ် ပြုံးဖြစ်သည်လား မသိ။

'မင်း တိုက်ပေါ့ကွ'

ရယ်သံတွေ အမြန်လမ်းပေါ် ဝေစီညံကျန်ခဲ့လေပြီ။ ပင်လယ်စံအိမ်သည် ချစ်သောမြို့ကလေးရှိရာ စိတ်လက်ပေါ့ပါးစွာ ကြော့ကြော့လေး ပြေးနေဆဲ။ ရယ်သံတွေ အဆုံးမှာ သူ့ဖုန်းက ဖြန်းခနဲ ထ,အော်စဉ်။

'ဟယ်လို... ကားဆရာတွေလား၊ မွေးပြီ ဆရာတို့ရေ။ အမြွှာပူးဗျ၊ အမြွှာပူး။ ကျေးဇူးတင်လိုက်သာဗျာ'

သူတို့ တစ်ယောက်နှင့် တစ်ယောက် ပြုံးကြည့်ရင်း ဖုန်းကိုပိတ်ဖြစ်သည်။ ရှေ့တွင် လူနာတင်ကားတစ်စီးက ဘဲလ်သံ တညံညံနှင့်။

'အင်း... ဒီဒုက္ခတွေက ငါတို့အသင်းသားနဲ့ အသင်းကားတွေ ဘယ်တော့ ကျွတ်မှာတုံးကွာ'

အောင်မင်းသူ ဆီက ရယ်သံတစ်ချက် အရင်ထွက်သည်။

'လွယ်ပါတယ် ဆရာ ရယ်၊ မန္တလေးဆေးရုံကြီးကို ပခုက္ကူ မ,ရွှေ့လိုက်'


သူ အသံမထွက်နိုင်တော့။ ပတ်တောပိတ်။ ■

**အောင်မျိုးကျော်(ပခုက္ကူ)**



www.burmeseclassic.com

www.burmeseclassic.com



SINCE 1996

# Alpha

## COLOR SEPARATION & COMPUTER GRAPHIC

- Kodak CTP (Computer to Plate)
- Printing Film for Offset, Gravure & Silkscreen Film,....
- Computerized Graphic Design Creation & Other Services.....

No.133-137, 41st St; Botahtaung Tsp; Yangon.

Tel : 01-8245856, 01-8398160

E-mail : alphacolorseparation@gmail.com

www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၄၅၊ ဩဂုတ်၊ ၂၀၁၈

ဒီလမှာ စိတ်ဝင်စားဖွယ် စာမူအချို့ ပါလာပေမဲ့ အများစုက ရေးနေကျ အကြောင်းအရာနဲ့ တင်ပြပုံမျိုးတွေသာ ဖြစ်ပါတယ်။ တတ်နိုင်သလောက် ကိုယ့်ပတ်ဝန်းကျင်က လတ်တလော ဖြစ်ပျက်နေတာတွေကို အခြေခံတဲ့ အကြောင်းအရာနဲ့ ဆန်းသစ်တဲ့ ရေးသားတင်ဆက်ပုံတွေကို မျှော်လင့်မိပါတယ်။

၁။ *အပြုံးအစိမ်းနဲ့ဆွဲတဲ့ ပန်းချီ*

**PK (ကျောင်းစောင့်ကြီး)**

အပြန်အလှန်စကားပြောကို အားပြုထားတဲ့ သာမန်အရေးအသားမျိုး ဖြစ်ပါတယ်။ ထူးခြားမှုမရှိပါဘူး။

၂။ *မိန်းမ*

၃။ *ခွယ်တော်နှင့်ဒန်း*

**မျိုးသည်မင်း**

**မိန်းမ** က အကြောင်းအရာရော တင်ပြပုံပါ ရိုးစင်းပြီး စာမူက တိုလည်း တိုနေပါတယ်။ **ခွယ်တော်နှင့်ဒန်း** ကလည်း စကားပြေ၊ စကားပြော ရောနေပါတယ်။ ဆောင်းပါးဆန်တဲ့ အတွေးနဲ့အရေးမျိုး ဖြစ်နေပါတယ်။ ဝတ္ထုများများ ဖတ်ပါဦး။

၄။ *အသည်းဒဏ်ရာတွေနဲ့ 'ခရေမ'ပါ*

**ကျော်ဘုန်းမြင့်**

ရေးရိုးရေးစဉ် ဇာတ်နာအောင် ဖန်တီးထားတာတွေ ပါဝင်တဲ့ ကျေးလက်နောက်ခံ အချစ်ဝတ္ထုဖြစ်ပါတယ်။ အဖွဲ့အနွဲ့ကို အားထည့်ထားပေမဲ့ ဖော်မြူလာနဲ့ ရေးထားသလို ဖြစ်နေပါတယ်။

၅။ *အထိန်းတော်*

**စံထိုက်သူ**

စကားပြေ၊ စကားပြော ရောနေသလို အကြောင်းအရာလည်း ရိုးစင်းလှပါတယ်။ စာများများ ဖတ်ပါဦး။

၆။ *ကလောင်သစ်တစ်ယောက်ရဲ့ နိဒါန်းရသ*

၇။ *အတ္တကိုယ်စီ*

**အောဘုန်းခေတ်**

**ကလောင်သစ်** က စာပေလောကနောက်ခံ ရေးသားထားပေမဲ့ အကြောင်းအရာ ရိုးစင်းနေပါတယ်။ **အတ္တကိုယ်စီ** ကတော့ ရေးရိုးရေးစဉ် မောင်နှမမေတ္တာဖွဲ့သာ ဖြစ်ပါတယ်။ ထူးခြားမှု မရှိပါဘူး။

၈။ *နယူတန်ရယ် လူတစ်စုရယ် ပန်းသီးရယ်*

**လူတင်**

ပြောချင်တာရှိပေမဲ့ စာရေးသူကိုယ်တိုင်က သဲသဲကွဲကွဲ ပြတ်ပြတ်သားသား မပြောပြ၊ မရေးပြနိုင်ခဲ့ပါဘူး။ စာမူက တိုလွန်းနေပါတယ်။

၉။ *ပရော်ဖက်ရှင်နယ်*

**ပိုင်လွမ်း**

အရေးအသား ကောင်းပါတယ်။ ဒါပေမဲ့ ပြောချင်တာတွေကို အဆက်အစပ်သိပ်မရှိဘဲ စီကာပတ်ကုံး ကွေ့ဝိုက်ရေးထားသလို ဖြစ်နေပါတယ်။ ကြိုးစားပါဦး။

၁၀။ *သေဆုံးသွားတဲ့ အရက်ဆိုင်ကလေး*

**ဆည်းဆာသစ်**

အရေးအသားရော တင်ပြပုံပါ အတော်လေးရိုးစင်းတဲ့ စာမူဖြစ်ပါတယ်။

၁၁။ *တန်ဖိုး(Value)*

၁၂။ *မိသားစုရဲ့အဓိပ္ပာယ်*

၁၃။ *အသွင်မတူတဲ့အိမ်သူ*

**ကိုဇော်(နွေဥဩ)**

**တန်ဖိုး** က ဆောင်းပါးဆန်တဲ့အဖွင့်များ စ,ထားပြီး အပြန်အလှန်စကားပြောကို အားကိုးကာ အဆုံးကလည်း ဥပဒေသ ထုတ်ထားတာ တွေ့ရပါတယ်။ ဝတ္ထုဆိုတာ စာဖတ်သူကို ပညာပေး၊ ဆရာလုပ်ဖို့ မဟုတ်ပါဘူး။ **မိသားစုရဲ့အဓိပ္ပာယ်** နဲ့ **အသွင်မတူတဲ့အိမ်သူ** စာမူတွေကလည်း တိုလွန်းတဲ့စာညွှန့်ဆန်ဆန် စာမူတွေသာ ဖြစ်ပါတယ်။

၁၄။ *အမြီး*

**မိုးသက်အောင်**

စာစီစာကုံးအရေးအသားနဲ့ ရေးထားတဲ့ စာညွှန့်တစ်ပုဒ်သာ ဖြစ်ပါတယ်။ စာများများ ဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၁၅။ *သက်ရှိ နေဝင်ချိန်*

**မောင်ရင်ကောင်း (ဆေး ၂)**

စကားပြေ၊ စကားပြောရောတဲ့ အရေးအသားနဲ့ ထူးခြားမှုမရှိတဲ့ စာမူတစ်ပုဒ်သာ ဖြစ်ပါတယ်။ ဝတ္ထုများများ ဖတ်ပါဦး။

၁၆။ *ပန်းနုရောင် မျက်ရည်*

**မောင်စည်သူ(အဖျောက်)**

အရေးအသားသင့်ပါတယ်။ အကြောင်းအရာရိုးစင်းပြီး ဇာတ်ကောင်စရိုက်ဖွဲ့ရာမှာ အားနည်းသွားတဲ့အတွက် အဆင်မပြေဖြစ်ရပါတယ်။ ကြိုးစားပါဦး။

၁၇။ *၁၁၀ သင်ခန်းစာ*

**ဖိုးချို(ငပုတော)**

ပြောချင်တာရှိပေမဲ့ အရေးအသားနဲ့တင်ပြပုံ အားနည်းနေပါတယ်။ ဝတ္ထုတစ်ပုဒ်ကို သင်ခန်းစာပေးဖို့ ရည်ရွယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ရေးတာမျိုး မဖြစ်စေချင်ပါဘူး။

၁၈။ *အသီတရားကမွေးတဲ့ အသီစိတ်*

**ရသမိုး**

ခေါင်းစဉ်ကအစ ကိုယ်ပြောချင်တာကို ကိုယ်ကိုယ်တိုင် ရှင်းရှင်းလင်းလင်း သိထားပုံမရပါဘူး။ သင်ခန်းစာပေးဖို့ ဝတ္ထုရေးတာမျိုး ဖြစ်နေတာကလည်း ကြီးစွာသော အားနည်းချက်ဖြစ်ပါတယ်။ ရသစာပေရဲ့သဘောကို နားလည်လာသည်အထိ စာများများဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၁၉။ *သူခိုးအမျိုးမျိုး*

၂၀။ *ဆု*

**ယွန်းမြတ်မွန်းသျှန်**

**သူခိုးအမျိုးမျိုး** က ပြောချင်တာရှိပေမဲ့ ဆောင်းပါးဆန်တဲ့ ရေးသားတင်ပြပုံမျိုး ဖြစ်နေသလို ခေါင်းစဉ်ကလည်း ဆောင်းပါးခေါင်းစဉ်မျိုး ဖြစ်နေပါတယ်။ **ဆု** ကလည်း အရေးအသားသေသပ်ပေမဲ့ ဆောင်းပါးအရေးအသားသာ ဖြစ်ပါတယ်။ ရွှေအသစ်ကဏ္ဍဟာ ဝတ္ထုတိုတွေအတွက် ဖွင့်လှစ်ထားတာ ဖြစ်ပါတယ်။ ဆောင်းပါးပေးပို့မယ်ဆိုရင် ရွှေအမြုတေမဂ္ဂဇင်း ဆောင်းပါးကဏ္ဍလို့ ရည်ညွှန်းပေးပို့စေချင်ပါတယ်။

၂၁။ *လျှို့ဝှက်ချက်*

**ကျုံပျော်-စိုးလွင်(ပညာရေး)**

အရေးအသား ပြေပြစ်ပါတယ်။ အကြောင်းအရာနဲ့ တင်ပြပုံကသာ ရိုးစင်းနေပြီး ဆောင်းပါးဆန်တဲ့ နိဂုံးမျိုး ဖြစ်နေပါတယ်။

၂၂။ *သူ့ဇနီး*

**ဒေးဗစ်မောင်မောင်**

အရေးအသေား ပြေပြစ်ပါတယ်။ ယုတ္တိအားနည်းတဲ့ ဇာတ်လမ်းဆင်ထားမှုဖြစ်နေတဲ့အတွက်ကြောင့်သာ စာမူကောင်း ဖြစ်မလာပါဘူး။

၂၃။ *အမောရှုတ်*

**မိုးသောက်ထွန်း**

အရေးအသား ပြေပြစ်ပါတယ်။ စာညွှန့်ဆန်ဆန် စာစီစာကုံးဆန်ဆန် စာမူဖြစ်နေပါတယ်။ ဝတ္ထုများများ ဖတ်ပါ။

၂၄။ *အမေရဲ့အမှာစကား*

**ဇင်မင်း(မြို့သာ)**

စာညွှန့်ဆန်တဲ့ ဆုံးမစာပုံစံမျိုး ရေးဖွဲ့ထားတာဖြစ်ပါတယ်။

၂၅။ *ဒီမိုကရေစီအချစ်*

၂၆။ *လိပ်ပြာကလေးတွေ နားခဲ့ဖူးသည်*

၂၇။ *အစ်ဧဘယ်လာ*

**မွန်စွန်း**

**ဒီမိုကရေစီအချစ်** က အရေးအသားသင့်ပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီနဲ့ပတ်သက်ပြီး တင်စားရေးဖွဲ့ထားမှုတွေ မှားယွင်းနေပါတယ်။ ကျန်နှစ်ပုဒ်ကိုတော့ ဆရာဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

ဆရာဦးဝင်းငြိမ်းထံ နောက်ထပ်တင်ပြပေးလိုက်တဲ့ စာမူတွေကတော့-

**နှင်းယုန်(ပညာရေး)** ရဲ့ *ကောင်းကင်တစ်ခုရဲ့မာနု*၊ **ကြယ်ငါး** ရဲ့ *ကံတရားကပေးသည့် ပြစ်ဒဏ်*၊ **ဖြိုးပိုင်(နေရှင်နယ်)** ရဲ့ *ရောင်ပြန်တောမှာ မောလှပါရဲ့*၊ **ဒွါး** ရဲ့ *အချိုဓာတ်ကလေး ဖြည့်ပေးပါ*၊ **သိန်းဖံဝင်း(ဒီပဲယင်း)** ရဲ့ *အချိန်မီရလိုက်သည့် နောင်တ* တို့ ဖြစ်ပါတယ်။

■

**မသီတာ၊စမ်းချောင်း၊**

*ဆရာမ မသီတာ(စမ်းချောင်း) တင်ပေးလိုက်တဲ့ ဝတ္ထုများကို ဖတ်ကြည့်ပါတယ်။ တော်တော်များများက ကန့်သတ်ထားတဲ့စာမျက်နှာကို သတိမထားကြတော့ဘဲ စိတ်လွတ်ကိုယ်လွတ်ရေးထားတာ တွေ့ရပါတယ်။ ဆရာမ နှင်းယုန်(ပညာရေး)ရဲ့ 'ကောင်းကင်တစ်ခုရဲ့ မာနု' ဝတ္ထုဆိုရင် ကွန်ပျူတာစာစီထားတာ ၂၁ မျက်နှာ ရှိပါတယ်။ ကျွန်တော်တို့ ကန့်သတ်ချက်က ကွန်ပျူတာစာစီရင် ၁၃ ပွိုင့်နဲ့ ၄ မျက်နှာသာ ဖြစ်ပြီး လက်ရေးနဲ့ဆိုရင် ၆ မျက်နှာအထိ ခွင့်ပြုထားပါတယ်။ ၂၁ မျက်နှာကတော့ များလွန်းပါတယ်။ မဂ္ဂဇင်းဝတ္ထုရှည်မက ဖြစ်နေပါတယ်။ ဇာတ်လမ်းကလည်း တဏှာသိုလ်နောက်ခံ အချစ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါတယ်။ ကျွန်တော် မသုံးဖြစ်ပါ။*

*ဆရာမ ဒွါးရဲ့ 'အချိုဓာတ်ကလေး ဖြည့်ပေးပါ' ဝတ္ထုက ကွန်ပျူတာစာစီ ၁၄ မျက်နှာ ရှိပါတယ်။ အိမ်ထောင်ပျက်မိသားစုက ပေါက်ဖွားလာတဲ့ သားတစ်ယောက်ရဲ့ အဖေလွမ်းချင်းတစ်ပုဒ် ဖြစ်ပါတယ်။ စာမျက်နှာကန့်သတ်ချက် ကျော်လွန်နေတာကြောင့် မသုံးဖြစ်ပါ။*

*ဆရာ ကြယ်ငါးရဲ့ 'ကံတရားကပေးသည့် ပြစ်ဒဏ်' ဝတ္ထုက ကွန်ပျူတာစာစီ ၁၇ မျက်နှာ ရှိပါတယ်။ ကလေးသူငယ်မုဒိမ်းမှု နောက်ခံထားရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ စာမျက်နှာကျော်လွန်နေတဲ့အတွက် ကျွန်တော် မသုံးဖြစ်ပါ။*

*ဆရာ မွန်စွန်းရဲ့ 'အစ်ဧဘယ်လာ' ဝတ္ထုကို ကျွန်တော် တစ်ကြိမ် ဖတ်ဖူးတယ်လို့ ထင်ပါတယ်။ နောက်တစ်ကြိမ် ပြန်ပို့တယ်လို့ ယူဆရပါတယ်။ ကိုယ်ပိုင်ဇာတ်လမ်းဖြစ်ပာန်မတူပါ။ မှီငြမ်းပြုထားတယ်လို့ ယူဆပါတယ်။ ကိုယ်ပိုင်ဖြစ်ဦးတော့ လျှို့ဝှက်သည်းဖိုဇာတ်လမ်းမျိုးဖြစ်တဲ့အတွက် မသုံးဖြစ်ပါ။*

*ဆရာ မွန်စွန်းရဲ့ နောက်တစ်ပုဒ်ဖြစ်တဲ့ 'လိပ်ပြာလေးတွေ နားခဲ့ဖူးသည်' ဝတ္ထုကိုတော့ ဒီလမှာ သုံးဖြစ်ပါမယ်။*

*ဆရာ ဖြိုးပိုင်ရဲ့ 'ရောင်ပြန်တောမှာ မောလှပါရဲ့' ဝတ္ထုနဲ့ ဆရာ သိန်းဖံဝင်း(ဒီပဲယင်း)ရဲ့ 'အချိန်မီရလိုက်သည့် နောင်တ' ကိုလည်း ဒီလမှာ ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။*

■ **ဝင်းငြိမ်း**



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကား
ညနေသုံးနာရီကို
သီသီလေး စွန်းခါစ။
နေ့လယ်ကတည်းက
ဖြတ်ထားတဲ့
ကားလက်မှတ်ကို
ပြန်ကြည့်လိုက်မိတယ်။
ခုံနံပါတ်က 'ခြောက်'တဲ့။
ကားသေးလေးတွေရဲ့
ခုံနေရာချထားမှုအရ
ဒရိုင်ဘာ ဘေးခုံက
နံပါတ်နှစ်။ အဲဒီ
နောက်ကမှ အစဉ်လိုက်
သုံး,လေး,ငါး ဖြစ်တယ်။
ကျွန်တော်ထိုင်ရမယ့်
ခုံနံပါတ်က
ခြောက်,ဆိုတော့
ဘေးက ခုံနံပါတ်ခုနစ်နဲ့က
တစ်ဆက်တည်းကပ်လျက်။
ညာဘက်ကပ်ထားတဲ့
ခုံနံပါတ်ရှစ်နဲ့က
ကြားမှာ အတက်အဆင်း
လမ်းကလေး
ခြားပေးထားတော့
သီးသန့်လိုဖြစ်နေတယ်။
ထိုင်ခုံလေးတွေကတော့
သုံးခုံတန်းလေးတွေပါပဲ။
ညာဘက်ခြမ်း
ကားတံခါးဘက်မှာတော့
ထိုင်ခုံကို
ညာဘက်ထိကပ်ပြီး
လူအဝင် အထွက်လုပ်ဖို့
လမ်းလေးဖွင့်
ပေးထားတဲ့သဘော။
အဲဒီတော့
သုံးခုံတန်းဆိုပေမဲ့
ဘယ်ဘက်နှစ်ခုံက
ကပ်လျက်ဖြစ်ပြီး၊
ညာဘက်တစ်ခုံက
သတ်သတ်ဖြစ်နေရတာ
ပေါ့။ ညနေ
သုံးနာရီထိုးပြီးတာကို
အပူရှိန်ကလည်း
မြင့်တက်နေဆဲ။ ကျနေက
ပိုပြင်းသလိုလိုထင်မိရဲ့။
ဒါနဲ့ ကျွန်တော်လည်း
ကိုယ့်နေရာလေးကိုယ်
တက်ထိုင်နေလိုက်တယ်။
ကားကလည်း ခဏနေရင်
ထွက်တော့မှာလေ။
အလုပ်ဆိုဒ်ကနေ
နေမကောင်းလို့
မွေးရပ်မြို့လေးဆီ ခဏ
ပြန်နားဦးမယ်ဆိုပြီး
ဆရာ့ဆီ ခွင့်တောင်း
ပြန်လာခဲ့တာပါ။
ဆယ့်တစ်နာရီလောက်
ကတည်းက



၊နေရှင်နယ်၊

# ရောင်ပြန်တောမှာ မောလှပါရဲ့

အမှတ် ၃၄၅၊ ဩဂုတ်၊ ၂၀၁၈

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**လူတစ်ယောက်ရဲ့ အတွင်းစိတ် သန္တာန်က အပေါ်ယံကြည့် ဆုံးဖြတ်လို့ မရဘူးလေ သံသယနဲ့ ကြည့်နေသမျှ ဆက်ဆံနေသမျှ အပေါင်း အသင်းကောင်း မိတ်ဆွေကောင်း ဘယ်တော့မှ တွေ့မှာ မဟုတ်ဘူး အဲကြေးမုံပြင် မှန်ကြည့်သလိုပေ့ါ ဘယ်သူမဆို ပြုံးရင် လှကြပါတယ်လေ**

ဂိတ်ကနေ ထွက်လာပြီး မကြာခင်မှာပဲ လမ်းဆုံတစ်ခုမှာ ကားခဏရပ်လိုက်တာ သတိထားမိပြန်တယ်။ မျက်လုံးဖွင့်ပြီး လွတ်နေတဲ့ ခုံလေးတွေ ဝေ့ကြည့်လိုက်ရင်း လမ်းမှာတက်မယ့် ခရီးသည် တချို့ကို ဒီလမ်းဆုံမှာ ချိန်းထားတာထင်ပါရဲ့လို့လည်း တွေးနေမိတုန်း-

'နွေနေပူပူမှာ ရင်အေးသွားရမယ့် ဖရဲသီးချိုချိုလေးတွေ ဝယ်ပါဦး'

'ရင်အေးချင်ရင် ဖရဲသီး ချိုချိုမွှေးမွှေးလေးတွေ လတ်တယ်နော် အစ်ကိုတို့ အစ်မတို့'

ဆိုပြီး ဖရဲသီးသည်လေးတွေ ကားနား ဝိုင်းအုံလာကြပါတယ်။ ကြော်ငြာအားကောင်းကောင်းနဲ့ အပြိုင်အဆိုင် လာရောင်းနေကြလေရဲ့။ ဈေးသည်တွေရဲ့ စကားသံလေးတွေကြောင့် ပြုံးလိုက်မိတယ်။ တကယ်လည်း သူတို့ပြောတဲ့အတိုင်း ကားပေါ်မှာ ပူလောင်အိုက်စပ်နေလျက်။ ရင်တွေလည်း ပူနေသကိုး။

ကားကလည်း ဒီနေ့မှ အဲယားကွန်းက ပျက်နေတယ်ဆိုလား။ နေ့လယ်က ပူထားတဲ့အရှိန်၊ ကားပေါ်ရောက်တော့လည်း လူငွေ့တွေနဲ့ ချွေးတွေကို ရွဲနစ်လို့ ပေါင်းထားတဲ့အတိုင်းပဲ။ ဈေးသည်လေးတွေ အသွန်းကောင်းတာရော၊ ပူလောင်နေတဲ့ ရာသီဥတုကြောင့်ရော ဖရဲသီးဝယ်စားဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့ ခပ်လှမ်းလှမ်းမှာ ရောင်းနေတဲ့ ဖရဲသီးသည်ကို လှမ်းခေါ်မလို့ ပြင်နေတုန်း ဘေးခုံကအမျိုးသမီးရဲ့-

'ဖရဲသီးသည် ဖရဲသီးသည် လာပါဦး'

ဖရဲသီးသည်ကို ခေါ်လိုက်သံနဲ့အတူ ကားပြတင်းပေါက်ဘက် ခေါင်းထွက်ဝယ်ဖို့ ဟန်ပြင်လိုက်တယ်။ ကျွန်တော်လည်း အလိုက်တသိနဲ့ ဆန့်ထားတဲ့ ခြေထောက်လေး အသာနောက်ဆုတ်ပေးလိုက်ပါတယ်။ 'ကလစ်'ခနဲ ပိုက်ဆံအိတ်ဖွင့်သံပါ ကြားလိုက်ရတယ်။

'ဟုတ်၊ လာပြီ အစ်မရေ။ ခုမှ ခွဲလာတာလေ။ လတ်တယ်အစ်မရဲ့။ ဘယ်လောက်ဖိုးထည့်လိုက်ရမလဲ'

ဖရဲသီးသည်ရဲ့ ပြန်ဖြေလိုက်သံ၊ ခုမှခွဲလာတာဆိုတဲ့ အပြောလေးပါ သဘောကျသွားမိတယ်။ ဗန်းထဲက ဖရဲသီးလေးတွေ ကြည့်လိုက်တော့လည်း လတ်ဆတ်ပုံပါပဲ။ အင်း ဟုတ်မှာပါလေ။ ကျွန်တော်လည်း ဘေးခုံက အမျိုးသမီးက အရင်လှမ်းခေါ်ထားတာကြောင့် သူဝယ်ပြီးမှ ဝယ်ဖို့ အသာကြည့်နေလိုက်တယ်။

'နေပါဦး၊ လတ်တာကတော့ ဟုတ်ပါပြီ။ ဖရဲသီးတွေက ရဲလည်းမနေဘူး။ ချိုတာ မွှေးတာကရော ဟုတ်ရဲ့လား'

ကျွန်တော်လည်း ခုမှ သေချာပြန်ကြည့်လိုက်မိတယ်။ ဖရဲသီးစိတ်လေးတွေက ရဲရဲတော့ နီမနေဘူးဗျ။ အနီပါတယ်ဆိုရုံ နီကြောင်ကြောင်လေးတွေပါ။ အမြင်မလှဘူးဆိုပါတော့။ လတ်ဆတ်တယ်ဆိုတာကတော့ ကြည့်ရုံနဲ့တင် သိသာပါတယ်။

'သြော် အစ်မရယ်၊ လိမ်မရောင်းပါဘူးရှင်။ ဒီနားရပ်တဲ့ ကားဆရာတွေလည်း ဝယ်စားနေကျပါ။ သူ့ဖရဲမျိုးကိုက သိပ်နီရဲမနေတာပါ။ ချိုတာမွှေးတာကတော့ ဒီက ဖရဲသီးသည်တွေ အကုန်လုံး အတူတူပါပဲရှင်။ ညီမတို့က အကုန်တစ်ခင်းတည်းက ထွက်တဲ့ ဖရဲသီးတွေလေ။ အရောင်လှအောင်၊ ချိုအောင်ဆိုပြီး ဘာဆေးမှလည်း မကျွေးပါဘူး။ သဘာဝအတိုင်းပဲ ရောင်းတာပါ။ အစ်မရဲ့'

ဖွဲ့ကောင်းကောင်းနဲ့ ထွက်လာခဲ့တာလေ။ ကားက အထွက် ကားမရှိသေးဘူးဆိုတော့ ဆိုဒ်လည်း ပြန်မနေချင်တော့ဘူး။ ကားဂိတ်ရှေ့က နားနေဆောင်ကလေးထဲမှာ လေးနာရီလောက် အချိန်ဖြုန်းရင်း ထိုင်စောင့်ခဲ့တဲ့ အရှိန်ကြောင့် ပင်ပန်းနေတယ်။ ဒါကြောင့် အိပ်လိုက်သွားဖို့ တွေးမိရင်း မျက်လုံးမှိတ်ထားလိုက်မိတယ်။

တစ်အောင့်လောက်ကြာတော့ ကားစက်နှိုးသံနဲ့အတူ-

'အစ်ကို ဒီခုံနံပါတ်ရှစ်က မိန်းကလေးလား၊ ယောကျ်ားလေးလား'

ဆိုပြီး ကားဆရာကို မေးနေတဲ့ အမျိုးသမီးတစ်ယောက်အသံ ကြားလိုက်ရတယ်။ ကားဆရာဆီက-

'မသိဘူး အစ်မလေး။ အဲဒါ လမ်းမှာတက်ဖို့ ပြောထားတာ'

ဆိုတဲ့ စကားသံပါ တစ်ဆက်တည်း ကြားလိုက်ရပြန်တယ်။ ဒီလိုနဲ့ သုံးနာရီခွဲတော့ ကားကလည်းမောင်းထွက်လာခဲ့ပါလေရော။

'ကျွတ်'ခနဲ စုတ်သပ်လိုက်သံ တိုးတိုးလေးနဲ့အတူ ဘေးကပ်လျက်ခုံကို စောစောက အမျိုးသမီး ဝင်ထိုင်လိုက်ပုံရတယ်။ ရေမွှေးနံ့သင်းသင်းနဲ့အတူ အိခနဲ ဖြစ်သွားတဲ့ ထိုင်ခုံရဲ့ အထိအတွေ့ကြောင့် သိလိုက်တာပါ။ မျက်လုံးကတော့ ဖွင့်မကြည့်ဖြစ်ဘူး။ ကိုယ့်အတွေးနဲ့ကိုယ် အိပ်ပျော်ဖို့ပဲ ကြိုးစားနေမိတယ်။

❑



www.burmeseclassic.com

www.burmeseclassic.com

ဖရဲသီးသည်လေးက သူ တစ်ယောက်တည်း မဟုတ်ဘဲ ဒီမှာရောင်းနေတဲ့ ဈေးသည်လေးတွေပါ အားလုံး ချိုကြောင်း၊ မွှေးကြောင်း၊ သဘာဝအတိုင်းသာ ရောင်းကြောင်း တစ်ရှည်တစ်လျား ရှင်းပြနေသံအဆုံးမှာ ဘေးခုံက အမျိုးသမီးဆီက 'မဝယ်တော့ဘူး' ဆိုတဲ့ စကားသံပါ ကြားလိုက်ရပြန်တယ်။ အမြင်မလှတဲ့ ဖရဲသီးစိတ်လေးတွေကို ကြည့်ပြီး အလိုမကျဟန်ကလည်း သူ့မျက်နှာမှာ အထင်းသားပေါ်နေပါလေရော။

ကျွန်တော်လည်း ထိုအမျိုးသမီးက မဝယ်တော့ဘူး ပြောလိုက်သဖြင့် လှည့်ထွက်သွားတော့မယ့် ဖရဲသီးသည်လေးဆီက ငါးရာဖိုး ဝယ်လိုက်တယ်။ ချွေးဥလေးတွေ သီးနေတဲ့ ဖရဲသီးသည်လေးရဲ့ မျက်နှာဖြူဖြူစင်စင် မျက်နှာလေးက ဖရဲသီးစိတ်လေးတွေ နီရဲစရာမလိုအောင် ချိုနေမယ်ဆိုတာ ယုံတယ်လေ။

တကယ်လည်း စားကြည့်တော့ အတော်ချိုသဗျ။ ဈေးသည်လေးပြောတဲ့အတိုင်းလည်း ရင်ထဲကို အေးမြသွားရတယ်။ ဝယ်လာတဲ့ ငါးရာဖိုးလုံး တစ်ထိုင်တည်း စားပစ်လိုက်တယ်။ ကားလည်း ထွက်ခဲ့ရော ဖရဲသီးသည်လေးတွေကို လက်ဇှေ့ယမ်းပြခဲ့လိုက်တယ်။ သူတို့ရဲ့ ဖရဲသီးစိတ်လေးတွေ ချိုတယ်ဆိုတာ မှန်ကန်ကြောင်း သိစေချင်လို့ပါ။ ကားပေါ်ကနေ ဝါးတားတားသာ မြင်ရတော့တဲ့ သူတို့ရဲ့မျက်နှာလေးတွေလည်း ပြုံးနေကြလေရဲ့။

❑

'ကျွိခနဲ' ဘရိတ်အုပ်လိုက်သံနဲ့အတူ ကားက ရပ်လိုက်ပြန်တယ်။ အမျိုးသားတစ်ယောက် ထပ်တက်လာတယ်။ ခုံနံပါတ်ရှစ်ကလူဖြစ်ဖို့များရဲ့။ ကားထဲမှာလည်း အဲဒီတစ်ခုံပဲ အလွတ်ရှိတော့တယ်။ တက်လာလာချင်း ဘေးခုံက အမျိုးသမီးဆီက နေရာချင်းလဲဖို့ ပြောနေသံပါ ကြားလိုက်ရတယ်။ ထိုလူကလည်း ခေါင်းမူးတတ်လို့၊ ပြတင်းပေါက်ဘက် ဘေးခုံကို တမင်ရအောင် ဖြတ်ထားရတယ်ဆိုတဲ့အကြောင်း ပြန်ပြောနေသံပါ ကြားလိုက်ရတယ်။ စိတ်ထဲမှာ ဘေးက အမျိုးသမီးကို ခပ်ချဉ်ချဉ်ဖြစ်နေမိတယ်။

နှစ်ခုံကပ်လျက် ဆိုပေမဲ့ ပိန်တဲ့သူ့အတွက်ကတော့ ထိုင်ပြီးတာတောင် ဘေးမှာ နေရာပိုတွေ ကျန်နေပါသေးတယ်။ ဒါနဲ့များတစ်ယောက်နဲ့တစ်ယောက် ကပ်ထပ်နေတာလည်းမဟုတ်ဘဲ၊ ဘာများ အဆင်မပြေဖြစ်နေတာပါလိမ့်လို့ တွေးနေမိတယ်။

ဒီနောက်တော့ ဘေးခုံက အမျိုးသမီးလည်း အကြဲကုန်သွားပြီနေမယ်။ ထိုင်ခုံအောက်ကို ပစ္စည်းတချို့နေရာချနေတာကို လှုပ်ရှားသံတွေနဲ့အတူ သိလိုက်ရတယ်။ ပွစိပွစိနဲ့ ပါးစပ်ကလုပ်ရင်း နှာခေါင်းကလည်း တရှုံ့ရှုံ့ဗျာ။ ဒီမှာတင် အမျိုးသမီး၏ နေရာလဲခန်းကြီးလည်း နိဂုံးတံသွားရှာပြီပေါ့။ ခရီးကလည်း သုံးပုံတစ်ပုံနီးပါးခန့် ရောက်လာပြီလေ။

ကျွန်တော်လည်း မျက်စိ ပြန်မှိတ်ထားလိုက်မိတယ်။ အိပ်ချင်စိတ်ကတော့ ပျောက်သွားပေါ့။ ခြောက်နာရီလောက်သာ စီးရမယ့် ခရီးကို ဇိဇာကြောင်တာလိုလို၊ မတူမတန်တာလိုလို လာလုပ်နေတဲ့ နံဘေးကအမျိုးသမီး အကြောင်းပဲ ခေါင်းထဲရောက်နေတယ်။

ဟုတ်တယ်ဗျာ၊ တစ်ညလုံးပဲ စီးရပါစေဦး။ ကားထဲမှာ ဖွင့်ပေးထားတဲ့ မီးသီးတွေနဲ့ ဒီလောက် လင်းကျင်းနေတာကို မိန်းကလေးချင်းမှ၊ ဘာမှုညာမှုဆိုပြီး ဘာညာဇာချဲ့နေရအောင် နန်းအနွယ်တော်ဝင်တွေလား။ သီပေါဘုရင် နောက်ဆုံးမျိုးဆက်ဘာညာလားပေါ့။ စိတ်ထဲကတော့ သိချင်နေမိတယ်။

ကျွန်တော်ဆို လွန်ခဲ့တဲ့ သုံးနှစ်လောက်ကနေ ခုချိန်ထိ အလုပ်က နယ်တွေရွာတွေ ရောက်သွားရတဲ့ အခါမျိုးဆိုရင် ခရီးတွေအကြိမ်ကြိမ် ထွက်ခဲ့ရတယ်။ တစ်နေ့နဲ့တစ်ညလုံး စီးရတဲ့ ရထားခရီးစဉ်ဆို ခဏခဏပေါ့။ တစ်ခါတလေများ ဘေးမှာ အတူထိုင်ရတဲ့ အမျိုးသမီးတွေနဲ့ အစ်မအရွယ်တန် အစ်မ၊ ညီမအရွယ်တန် ညီမ၊ ဒီလိုပဲ စကားလက်ဆုံကျဖြစ်ကြရင်း ခုချိန်ထိ သူငယ်ချင်းဖြစ်နေကြတုန်းပဲ။ ခေတ်က တစ်နေရာနဲ့ တစ်နေရာဆိုတာ ကျောက်ချရပ်နားနေလို့ မရတော့ဘူး။ ဒီလိုပဲ သွားလာလှုပ်ရှား၊ ရုန်းကန်နေကြရတဲ့ ဘဝတွေလေ။

ခရီးတစ်ခု လမ်းတစ်ခုမှာ အတူသွားကြ၊ လာကြ၊ ဆုံတွေ့သခိုက် တစ်ယောက်နဲ့တစ်ယောက် ကူညီစရာရှိ ကူညီကြရမယ်။ ခဏတစ်ဖြုတ် ခရီးကတော့ထားပါ။ ကြာရှည်စီးသွားရမယ့် ခရီးမျိုးဆို မောင်နှမသားချင်းတွေလို နေသွားကြ၊ စကားတွေပြောကြ၊ ဆိုကြဖျင်းစရာလည်း မရှိတော့ဘူး။ ပျော်ရွှင်စရာ ခရီးစဉ်လည်း ဖြစ်ရတာအမှန်။ လူတစ်ယောက်ရဲ့ အတွင်းစိတ်သန္တာန်က အပေါ်ယံကြည့်ဆုံးဖြတ်လို့မရဘူးလေ။ သံသယနဲ့ကြည့်နေသမျှ၊ ဆက်ဆံနေသမျှ အပေါင်းအသင်းကောင်း၊ မိတ်ဆွေကောင်း ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး။ အဲ ကြေးမုံပြင် မှန်ကြည့်သလိုပေါ့။ ဘယ်သူမဆို ပြုံးရင်လှ ကြပါတယ်လေ။

❑

'ချောင်းဦးလမ်းခွဲ ရောက်ပါပြီခင်ဗျာ။ ထမင်းစားခဏ နားပါမယ် ခရီးသည်များ ခင်ဗျာ'

ထွက်ခဲ့ဖူးတဲ့ ခရီးတွေ ပြန်စဉ်းစားမိနေတုန်း စပယ်ယာလေးရဲ့ စကားသံကြားလိုက်ရပြီး ကားကလည်း ချောင်းဦးလမ်းခွဲက ထမင်းဆိုင်တစ်ဆိုင်မှာ ရပ်လိုက်ပါတယ်။ အချိန်ကလည်း ညနေ ခြောက်နာရီကျော်လောက်တော့ ရှိရှေမယ်။ အညောင်းပြေအညာပြေ ခဏဆင်းရင်း ထမင်းဆိုင်ထဲဝင်ခဲ့လိုက်တယ်။ ဗိုက်လည်းသိပ်မဆာတာနဲ့ ကော်ဖီတစ်ခွက်သာ မှာသောက်နေလိုက်တယ်။ ကျွန်တော်ဆင်းရမယ့် အသိမြို့ကလေးဆီ ရောက်ဖို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com

သိပ်မလိုတော့ဘူးဗျ။

ကားဆရာတွေ ဒီအချိန် ဒီဆိုင်မှာရပ်နေကျထင်ပါရဲ့။ ဈေးသည်တချို့ ထမင်းဆိုင်မှာ ကူရောင်းပေးနေရင်း သူတို့ရောင်းချစရာလေးတွေ ရောင်းနေကြတာလည်း တွေ့ရတယ်။ ကျွန်တော့်ဆီလည်း ထန်းသီးမုန့်ဘူးလေး ဖွင့်ပြပြီး အိမ်ပြန်လက်ဆောင် ထန်းသီးမုန့်လေး ဝယ်သွားပါဦး ဆိုလာတယ်။

ရောင်စုံ ပါကင်လေးတွေနဲ့ လှနေတဲ့ မုန့်ဘူးလေး ကြည့်ပြီး 'မဝယ်တော့ပါဘူးဗျာ၊ ကျွန်တော်က ရေစကြို ကို ပြန်မှာပါ' လို့လည်း ပြောလိုက်တယ်။ ဈေးသည်လေးခမျာ 'အယ် ရေစကြိုသားကိုမှ ထန်းသီးမုန့် ရောင်းနေမိပြီတော့' ဆိုပြီး ပြုံး၍ ပြန်ထွက်သွားပါလေရော။ ထိုစဉ် ကားစပယ်ယာလေးဆီက-

'…လမ်းဆုံတုန်းက ဖရဲသီးဝယ်စားတာ ဘယ်သူပါလဲခင်ဗျာ'

'ဟုတ် ကျွန်တော်ပါ။ ဘာဖြစ်လို့လဲဗျ'

ဘာများဖြစ်လို့ပါလိမ့် ဆိုတဲ့ အတွေးနဲ့ ကျွန်တော်လည်း ဖြေမေးလေး ပြန်မေးလိုက်မိတယ်။ ထမင်းဆိုင်ထဲမှာစားနေကြတဲ့ ခရီးသည်တွေရဲ့ မျက်လုံးတွေအားလုံး ကျွန်တော့်ဆီ စုပြုံရောက်လာကြတာသတိထားလိုက်မိတယ်။

'ဩော်…ဒီမှာ အစ်ကိုတို့ ဖရဲသီးဝယ်တုန်းက ထွက်ကျနေတာထင်လို့ ဖရဲသီးသည်တွေက ကားဆရာဆီ ဖုန်းဆက်ပြောတယ်ဗျ။ သူတို့လည်း ညနေကားအဝင်ပါးသွားကြမှ အမှိုက်ရှင်းရင်း တွေ့ကြတာဆိုပဲ။ ဘဏ်ကဒ်နဲ့ မှတ်ပုံတင်တဲ့။ အဲဒါ ဈေးသည်လေးတွေက သူတို့ကို လက်ဝှေ့ယမ်းပြသွားတဲ့ အစ်ကို့ကို မှတ်မှတ်ရရ ရှိနေတော့ ဖုန်းလှမ်းဆက်တယ်။ အစ်ကို့ဘေးက…'

ကားစပယ်ယာလေးရဲ့ စကားမဆုံးခင်မှာပဲ ဝိုင်းကြည့်နေတဲ့ လူတွေကြားထဲကနေ ကျွန်တော့်ဘေးခုံက အမျိုးသမီး အူယားဖားယား ပြေးထွက်လာပါတယ်။

'ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒါ ကျွန်မထွက်ကျနေခဲ့တာပါရှင်။ ခုမှပြောနေသံကြားလို့ စစ်ကြည့်လိုက်မိတာ မတွေ့တော့ဘူး။ ဘယ်လိုလုပ်ရပါ့မလဲရှင်။ မှတ်ပုံတင်ရော၊ ဘဏ်ကဒ်ရော တကယ့်အရေးကြီးတာတွေ'

ကျွန်တော့် ဘေးခုံ က အမျိုးသမီးက ငိုမလို မျက်နှာနဲ့ ကားစပယ်ယာလေးကို ပြောနေပါတယ်။ ဖရဲသီးဝယ်မယ်လုပ်တုန်းက ကလစ်ခနဲ ပိုက်ဆံအိတ်ဖွင့်သံလေး ကြားမိတာပါ ပြန်အမှတ်ရလိုက်မိပြန်တယ်။ ဒီအမျိုးသမီးလည်း ခုမှသိပုံရတယ်။ ကားစပယ်ယာလေးရဲ့-

'မပူပါနဲ့ အစ်မရေ၊ ဖရဲသီးသည်လေးက ဖုန်းဆက်ပြောထားပါတယ်။ ကျွန်တော်တို့ကားလိုင်းက ခုညရှစ်နာရီထွက်လာမယ့်ကားကို သူကိုယ်တိုင်စောင့်ပြီး တင်ပေးလိုက်ပါ့မယ်တဲ့။ အစ်မကိုလည်း ကဒ်ထဲကပုံကြည့်ပြီး သူတန်းပြီးသိကြောင်း ပြောတယ်။ အဲဒါ ဂိတ်ကို မနက်ဖြန်ဆို ပြန်လာယူပေါ့ဗျာ'

'ဟင်း' ခနဲ သက်ပြင်းချသံနဲ့အတူ-

'တော်ပါသေးရဲ့ရှင်။ ကံကောင်းလို့၊ ကံကောင်းလို့'

ထို အမျိုးသမီးဆီက 'ကံကောင်းလို့၊ ကံကောင်းလို့' ဆိုတဲ့ စကားသံလေးကိုတော့ တော်တော် သဘောကျလိုက်မိတယ်။ ကျွန်တော့်စိတ်ထဲမှာတော့ ဖြူနီကြောင် ဖရဲသီးစိတ်ကလေးများရဲ့ ချို၊ အေး၊ မွှေးနေတဲ့ အရသာလေးတွေ ပြန်ခံစားလိုက်မိရသလိုလို အေးခနဲ ဖြစ်သွားမိပါရဲ့။

ဒီလိုနဲ့ ကားဆရာတွေ ထမင်းစားပြီး ကားပေါ်ပြန်တက်နေကြတာမြင်တော့ ကျန်းမာရေးလေး ခဏသွားပြီး ကားပေါ်ပြန်တက်ခဲ့တယ်။ ကျွန်တော် ကားပေါ်ရောက်ပြီး မကြာခင်မှာဘဲ စပယ်ယာလေးရဲ့ လူစုံမစုံ စစ်မေးသံနဲ့အတူ ကားလည်း မောင်းထွက်လာခဲ့ပါတယ်။

❑

ဆင်ဖြူရှင် တံတားပေါ်ရောက်တော့ ဘေးက အမျိုးသမီးဆီ ဖုန်းဝင်လာတဲ့အသံ ကြားလိုက်ရတယ်။

'ဟဲလို၊ အေး သူငယ်ချင်း ဆင်ဖြူရှင်တံတားပေါ်တော့ ရောက်ပြီဟ။ တော်သေးအေ၊ ဒီမှာ ငါ့ကဒ်တွေ လမ်းမှာထွက်ကျနေခဲ့တာ ခုမှသိလို့အေ။ ရပြီ၊ ရပြီ၊ နောက်မှပြောပြမယ်။ ကားပေါ်သိပ်မရှင်းဘူးဟ။ လက်ဆောင်လား၊ ဝယ်ခဲ့ပါ့အေ ထန်းသီးမုန့်လေ။ လှမှလှဟေ အပေါ်ယံက ရောင်စုံလေးတွေရော ဘူးလေးနဲ့။ အေးပါ အေးပါ။ ရောက်ခါနီးရင် ထပ်ဖုန်းဆက်မယ်လေ။ အေး၊ ဒါပဲ သူငယ်ချင်း'

တစ်ဖက်က လက်ဆောင်ဝယ်လာခဲ့ လားလို့ မေးနေတာထင်တယ်။ ဝယ်ခဲ့ကြောင်းနဲ့ ဘူးပါကင်လှလှ၊ ရောင်စုံကလေးတွေနဲ့ လှကြောင်း ပြောနေသံကြားရတယ်။ ကျွန်တော်လည်း ထန်းသီးမုန့်အကြောင်း ပြောနေသံကြားလိုက်မှ ထိုင်ခုံကြားက ထန်းသီးမုန့်ဘူးကလေးတွေကို သတိထားမိလိုက်တယ်။ တစ်ဆယ့်ငါးဘူးလောက်ကို ဝယ်ထားတာပါလား။ အေးလေ၊ ဘူးလေးတွေကလည်း လှရှာသကိုးလို့ တွေးလိုက်မိရဲ့။

ကျွန်တော်ကတော့ ငယ်ငယ်ကတည်းက စားဖူးနေကျ၊ ခုထိလည်းကြိုက်နေဆဲ ကိုယ့်မြို့က ထန်းသီးမုန့် ပူပူနွေးနွေးလေး၊ ဖရုံယို၊ စပျစ်သီးခြောက်၊ အုန်းသီးဆန်ကြော်တွေဖြင့် မွှေးပျံ့နေတဲ့ ငှက်ပျောရွက်၊ သတင်းစာစက္ကူတွေနဲ့ထုပ်ထားတဲ့ ထန်းသီးမုန့်လေးပဲ မြင်ယောင်နေမိတယ်။ ပင်ကိုသဘာဝအရောင်အဆင်းဖြင့် ယခုလို ရောင်စုံလေးတွေ၊ ဘူးပါကင် လှလှလေးတွေနဲ့သာ ထုပ်ပိုးမထားရင် ဟို အမျိုးသမီး ဝယ်ပါ့မလား ဆိုတာကိုလည်း တွေးလိုက်မိပါသေးတယ်။

❑

ကားက အဲယားကွန်း ပျက်နေလို့ ဘေးပြတင်းပေါက်တချို့ ဖွင့်ထားကြတယ်။ တံတားပေါ်က အဖြတ်မှာ လေအေးအေးလေးတွေရဲ့ အထိအတွေ့



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အိပ်ချင်စိတ်လည်း မရှိတော့ဘူး။ အိမ်ပြန်ရောက်တော့မှာဆိုတဲ့ အသိနဲ့ စိတ်ကလည်း ပျော်သလိုလိုပေါ့။ ထွက်ခဲ့ဖူးသမျှ ခရီးတွေမှာ မှတ်မှတ်ရရဖြစ်ခဲ့မိတဲ့ ဘေးက အမျိုးသမီးရဲ့ ခုံအတူ မထိုင်ချင်မိတဲ့ ကိုယ့်ကိုယ်ကိုပဲ ဆန်းစစ်နေမိတယ်။ ဟုတ်တယ်လေ။

အခုဆို ကုမ္ပဏီ၊ ရုံး၊ အဖွဲ့အစည်း၊ အမျိုးသား၊ အမျိုးသမီး တန်းတူ လုပ်ငန်းခွင်ဝင်နေကြတဲ့ ခေတ်။ တစ်ယောက်နဲ့တစ်ယောက် ပြောမနာဆိုမနာ မောင်နှမ၊ မိတ်ဆွေ၊ သူငယ်ချင်းလို ခင်ကြ၊ မင်ကြတဲ့ အိုင်တီခေတ်မဟုတ်လား။ အွန်လိုင်းပေါ်မှာဆို မမြင်ချင်မှအဆုံး၊ တစ်ယောက်နဲ့တစ်ယောက် မမြင်ဖူး၊ မတွေ့ဖူးကြတာကို ဟိုင်း ဟက် လုပ်နေကြတာလေ။ ဒီတစ်နေ့ ခရီးလေးကို ယောကျ်ားနဲ့မိန်းမ တန်းတူယှဉ်မထိုင်နိုင်ရအောင် ဘာလို့ပါလိမ့်ဆိုပြီး ထိုအမျိုးသမီးကို သေချာ အကဲခတ်ကြည့်လိုက်မိတယ်။

ဟိုက်… ဂျင်းဘောင်းဘီ၊ စပို့ရှပ်နဲ့၊ ဒေါက်နဲ့ အပျံစားပါပဲ။ အင်းလေ အဝတ်အစားက စိတ်နဲ့မှ မဆိုင်တာပဲဟာပေါ့။ မျက်နှာကတော့ စူပုပ်နေတဲ့ပုံစံက အထင်းသား။ ခဏနေတော့ ဖုန်းရင်းတုန်းသံနဲ့အတူ ထိုအမျိုးသမီးဆီကို ဖုန်းထပ်ဝင်လာသံ ကြားလိုက်ရပြန်တယ်။

တစ်ဖက်နဲ့ ဖုန်းပြောနေတာကို သေချာနားမစွင့်မိပေမဲ့ ကြားနေရတယ်။ အိမ်ရောက်ခါနီးပြီ။ အိမ်ရောက်ရင် ညီမပဲဆက်မယ်။အစ်ကိုမဆက်နဲ့တဲ့။ ဒါပေမဲ့ လိုင်းပေါ်ကနေ မနက်၊ နေ့လယ်၊ ည ဘာလုပ်နေတယ်ဆိုတာ မှန်မှန်ပြောရမယ်ဆိုပဲ။ ခုနောက်ဆုံး တစ်ဖက်ကလူရဲ့ ချိန်းထားတဲ့ ပရိုဖိုင်ထဲက ဝတ်ထားတဲ့ အင်္ကျီသိပ်လှကြောင်း ပြောနေပြန်တယ်။ တစ်ဖက်ကလူက ဘာပြောလိုက်တယ်မသိဘူး။ 'ဝိုး'ခနဲ ထွက်လာတဲ့ အာမေဋိတ်သံကတော့ အကျယ်ကြီးဗျ။ အဲဒီလောက်တောင် ပေးရတာလား,ကို ဆိုတဲ့ စကားတစ်ခွန်းတော့ ပီပီသသကြီး ကြားလိုက်မိတယ်။

ကပ်လျက်ဆိုတော့ အကုန်မဟုတ်ပေမဲ့ ကြားတော့ ကြားနေရတယ်။ အီတာကလီတာလေးရောပါမယ်ထင်ရဲ့။ နှုတ်ခမ်းစူလိုက်၊ ဟာ ဟင်တွေ ပြန်ပြောလိုက်နဲ့ ဘေးကလူတွေတောင် မေ့နေပုံပါ။ တစ်ဖက်လူကိုလည်း ညဘက်တွေအပြင် မထွက်ဖို့၊ သူငယ်ချင်းတွေနဲ့လည်း ဘီယာတွေခဏခဏ မသောက်ဖို့ ပြောနေတယ်။ နာရီဝက်နီးပါး ကြာတယ်ဗျ။ ခေတ်စတိုင်အတိုင်းပဲ ဆိုပါတော့။

စိတ်ထဲမှာတော့ ဝတ်တာစားတာရော၊ စကားပြောတာ နားထောင်ရတာရော ခေတ်နဲ့ မျက်ခြည်မပြတ်ပါဘူးပေါ့။ ကျွန်တော်ကလည်း သူ အနေကျုံ့မှာစိုးလို့ ကားပေါ် စတက်လာကတည်းက သေချာကို မကြည့်ဖြစ်ပါဘူး။ လူကလည်း နေမကောင်းတဲ့ အခံလေးနဲ့ ခေါင်းမူးနေလေတော့ အပြင်ဘက်ကိုပဲ ကြည့်နေမိတာပါဗျာ။

ဒါနဲ့များ ဘာလို့ ခြောက် နာရီလောက် စီးရင် ရောက်မယ့် ခရီးကို ကပ်မထိုင်ချင်လောက်ရအောင် ငါ့ရုပ်က ဘာများဖြစ်နေပါလိမ့်ဆိုပြီး ဖုန်းလေး အသာထုတ်ပြီး သီချင်းဖွင့်သလိုလိုနဲ့ ဖုန်းစကရင်ကနေ ကိုယ့်ရုပ်ကို ပြန်ကြည့်လိုက်မိတယ်။

တန်ရှူးလတုန်းက ဒုလ္လဘဝတ်ထားလို့ ပြန်မပေါက်သေးတဲ့ တစ်လက်မလောက်သာသာရှိသေးတဲ့ ခေါင်းတုံးဆံပင်ပေါက်ကေ။ ရိတ်ဖို့ မေ့နေတဲ့ နှုတ်ခမ်းမွေးက ကျိုးတိုးကျဲတဲ၊ နေမကောင်းလို့ အားတင်းထားရတဲ့ ရုပ်က ရှုတည်တည်၊ ကချင်ပုဆိုး၊ အင်္ကျီလက်ရှည် ခပ်နွမ်းနွမ်းကလည်း တွန့်ကြေလို့။ ရေကလည်း မချိုးရတာ သုံးရက်ဆိုတော့ ချွေးနံ့လေးကလည်း တသင်းသင်းပေါ့။

ဖုန်းစကရင်ထဲကနေ ကိုယ့်ရုပ်ကိုယ် ပြန်ကြည့်မိလိုက်တော့မှ စဉ်းစားမိပါရော။ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးနေတုန်း ဘေးခုံက အမျိုးသမီး ကျွန်တော့်ဘက်လှည့်ကြည့်လိုက်တာ မြင်လိုက်ရတယ်။ ရှက်ကိုးရှက်ကန်းနဲ့ ဖုန်းထဲက ဖွင့်လက်စ အမ်ပီသရီးတစ်ပုဒ်ကို နှိပ်လိုက်မိပါလေရော။

ဖုန်း စပီကာဘောက်ထဲကနေ အဆိုတော်ကြီး ဦးသုမောင်ရဲ့ ကျွန်တော်အကြိုက်ဆုံး သီချင်းတစ်ပုဒ် ထွက်လာတယ်။ သီချင်းနာမည်က '*ဂုဏ်ကြီးရှင်*'တဲ့လေ။ ■

**ဖြိုးပိုင်၊နေရှင်နယ်၊**


ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
E-mail:
nyeinfamily@gmail.com




www.burmeseclassic.com

www.burmeseclassic.com

ပိုင်ခွက်ကို
တရှိုက်မက်မက်
သောက်နေသော
ညှို့ဓာတ်ပြင်းသည့်
အကြည့်တွေကို
ပိုင်ဆိုင်ထားသူ
ကလေးမလေးကို
ဦးနိုင်ဇော် မမိုတ်မသုန်
ငေးကြည့်နေမိသည်။
ငွေကြေးနှင့် သွေးသား
ဖလှယ်ကာ ကာမပလ္လင်
ယဇ်တင်ခဲ့သည့်
သူ့သက်တမ်း
တစ်လျှောက်မှ တရားမဝင်
အပျိုစင်များထဲတွင်
သည်ကလေးမကို
အလှဘုရင်မအဖြစ်
နန်းတင်လိုက်မိ၏။
ထိုက်တန်ပါသည်။
ပေးရသည့်ပမာဏနှင့်
ပြန်ရလိုက်သည့်
အလှအပတို့က တန်ရာ
တန်ကြေးထက်ပင်
ကဲနေသေးသယောင်
ထင်မှားရပေသည်။
ဝင်းဝါစိုပြည်ကာ
ညီညာချောမွေ့နေသော
အသားအရောင်ကား
ကတ္တီပါရွှေသားတွင်
ပုလဲပါးပါး ကြဲဖြန့်
ထားသည့်နှယ်
မှုန်လျက်ဝင်းလျက်
တောက်ပနေပြန်သည်။
မဟူရာသွေးခြယ်
ဆံနက်သွယ်များကလည်း
လှုပ်ကာလွင့်ကာဖြင့်
အတိုင်းအဆမရှိ
ဆွဲဆောင်နေပြန်သည်။
ချွေးစတို့ဖြင့်
စိုဖန့်နေသည့်တိုင်
ပတ္တမြားရောင်မပျက်
နီရဲပျစ်ခဲနေသော
ပါးပြင်ကလေး
များကလည်း
တစ်သက်
မမေ့နိုင်စရာ
ဆန္ဒမနော
ကာမဇော့တို့ကို
သိမ်းယူ
ထားလေသည်။
'သိပ်ချစ်ဖို့
ကောင်းတာပဲ
ကလေးရယ်၊
နောက်တစ်ခါ
ထပ်ကဲ
ချင်သေးတယ်ကွယ်'
ငတ်မွတ်
သိပ်သည်းလှသော
သူ၏တောင်းဆိုမှုကို
ကလေးမလေးက
မထိခလုတ်



# ဆန်ဝင်း

## လိပ်ပြာလေးတွေနားခဲ့ဖူးသည်

အမှတ် ၃၄၅၊ ဩဂုတ်၊ ၂၀၁၈



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချောက်သလိုပင် ညင်သာစွာ
ဖိအားပေးလာသော မောင့်စကားများကြောင့် ညို
သိမ်ငယ်လာမိသည်။ မောင့် အသိုင်းအဝိုင်းအကြိုက် ဓလေ့
စရိုက်များကို အခု ကတည်းကပင် ညို့ကို ပြင်ဆင်
ခိုင်းနေလေသည်။ အားငယ် စိတ်ကြောင့် မျက်ရည်စတို့ပင်
တွဲခိုလာသည်။ မောင့်ကို ကြည့်တော့ ဖန်ခွက်ကို
မျက်စပစ်ပြလေသည်။ သောက်ရန် ဖိအားပေးနေသော
မောင့်ဆွဲအား အောက်တွင် ညို့ မိန်းမသား
သိက္ခာတို့ကို စတေးရန် ညို အားတင်းလိုက်ရတော့သည်



www.burmeseclassic.com

www.burmeseclassic.com

ပြက်လုံးလေးအလား သဘောတကျဖြင့် ခစ်ခနဲ ရယ်ကာတုံ့ပြန်လေသည်။ ပြီးမှ ပန်းမျက်စောင်း နုနုကလေးဖြင့် အမူပိုမြူချိုကာ ဝင့်ချီပြတော့ ရမ္မက်သွေးကား ပိုမိုကြွစောင်းလာတော့သည်။

'ဘာလဲ၊ ပိုက်ဆံနဲ့တန်အောင် လူကို ခစ် ခစ်'

အလှဖြင့်လည်း နှိုးဆွနိုင်သလို စကားလုံးဖြင့်လည်း ရန်းကြွအောင် ပြောနိုင်စွမ်းသော သူမလေး၏ ပညာစွမ်းကား မသေးလှ။ အသိုင်းအဝိုင်းကြီးများထဲတွင် ကျင်လည်ခဲ့ဖူးသူမို့ ခေသူလေးတော့ မဟုတ်ချေ။ မိမိနှင့် အတွေ့ရ နောက်ကျခြင်းကိုသာ ခံပြင်းအားမရဖြစ်နေမိတော့သည်။ နောက် တစ်ကြိမ် ချစ်ပွဲဝင်ရန်အတွက် သူမလေး၏ ခန္ဓာအလှကို ဖုံးကွယ်ထားသော မွေးပွပဝါတံတိုင်းမဟာကို ဖြုတ်ကာဖယ်ချလိုက်ချိန်တွင် သူမလေး၏ ပခုံးထက်တွင် လှပသော လိပ်ပြာလေးနှစ်ကောင်နားနေသည်ကို တွေ့လိုက်ရလေသည်။

'လိပ်ပြာလေးတွေက လှလိုက်တာ ကလေးရယ်'

နူးညံ့ပါးလွှာသော ပခုံးသားလေးကို တရှိုက်မက်မက် ပွတ်သပ်ရင်း ရေရွတ်လေတော့ သူမလေးက ခစ်ခနဲ ရယ်လေသည်။ ရယ်သံမှပင် မဆုံးသေး အင့်ခနဲ ထပ်မံရှိုက်လိုက်သည်ကို သူ့နားနှင့် ဆတ်ဆတ် ကြားလိုက်ရလေသည်။ သူမ ငိုရှိုက်နေသည်ပင်။ ငိုရှိုက်ပုံမှာ အသည်းရင်တစ်ခုလုံး ကွဲထွက်မတတ် အပြင်းအထန် ရှိုက်ငင်ကာ

အဲဒီထဲမှာ
လက်မှတ်
ထိုးပြီးသား
ချက်လက်မှတ်
တစ်စောင်ရှိတယ်
ယူသွားပါ
သိန်းလေးထောင်
အတွင်း
မင်း
ကြိုက်သလောက်
သုံးပါ
ဒီအလုပ်ကို
ထပ်မလုပ်ပါနဲ့တော့
အမရာ
ငါ တောင်းပန်
ပါတယ်ကွာ
မင်းရဲ့ပခုံးပေါ်က
လိပ်ပြာလေးတွေကို
သနားပါကွာ

သဲသဲမဲမဲ ဖြောင်းဆန်လွန်းလှသည်။ အံကိုကြိတ်ကာ မျိုသိပ်ထားသောကြောင့် နှုတ်ခမ်းထောင့်မှ သွေးစများပင် ယိုစီးကျလာလေသည်။ ပြီးမှ သူ့ရင်ခွင်တွင် ခေါင်းတင်ကာ ရှိုက်ငင်ရင်းကြားမှ အားမာန်တင်းလျက် နှုတ်စ,ဖွင့်လေတော့သည်။

'လိပ်ပြာလေးတွေက နားစရာ နန်းတော်လေးကို လိုက်ရှာနေခဲ့တာ...'

❑

ကန်ရေပြင်ကို ရှပ်တိုက်ပြေးနှင်လာသော လေပြည်နုအေးတို့က သယ်ဆောင်ခဲ့ရသမျှ ကြာပန်းတို့၏ ရနံ့များကို ဆက်လက်၍ မထမ်းနိုင်တော့သည့်အလား မေညို့နှာခေါင်းဝတွင် ပစ်ချလိုက်လေသည်။ ကြာသင်းနံ့ကို ညို အလွန်နှစ်သက်မိသည်။ ကြာသင်းနံ့ကိုသာမက ကြာအဆင်းအလှကိုပါ ညို မက်မောတွယ်တာသည်ဆိုလျှင် လွန်လေမည်လားဟု အတွေးစိတ်က မကြာခဏ ဝင်နေမိလေသည်။ ကန်ရေပြင်ကို မည်မျှကြာအောင်ပင် ငေးကြည့်နေမိမှန်းမသိ။ ညို့ပါးလေးကို ဖွဖွလေးလိမ်ဆွဲခံလိုက်ရမှပင် သတိပြန်ကပ်မိတော့သည်။

'မောင်ရယ် ညို့ကို တစ်သက်လုံး သစ္စာရှိမှာလားဟင်'

တောင်းပန်တိုးလျှိုသည့်အသွင် အားငယ်ရိပ်ဆင်နေသော ညို့၏စကားလေးကို နားထောင်ရင်း မောင်က ပေါ့ပါးစွာပင် ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။ ပါးမှ ပါးချိုင့်လေးများ ပေါ်အောင်ရယ်ရင်း ညို့ ဆံနွယ်လေးများကို ဖွတင်နေလေသည်။ ထိုပါးချိုင့်များတွင် အပြစ်ရှိလေသည်။ သင်းတို့ကြောင့်ပင် မောင့်ကို ညို ချစ်မိခဲ့သည်လေ။

'လာမယ့် စနေနေ့ကျရင် မောင့်အိမ်မှာ ဘယ်သူမှ မရှိဘူး၊ ညိုနဲ့ မောင် မာလာဟင်းလုပ်စားကြမယ်လေ'

မောင့် ကမ်းလှမ်းမှုကြောင့် ညို ရင်ဖိုလှိုက်မောကာ ပီတိဇောတို့ ဖြာဝေနေမိသည်။ ချစ်သူနှင့်အတူ ဟင်းချက်စားရမည့်အရေး တွေးရင်းပင် ကြက်သီးဖြန်းနေမိသည်။ စိတ်ကူးယဉ်ဆန်သော မောင့်ကြောင့်ပင် ညို့နှလုံးသားသည် အခါခါ ဦးညွှတ်နေရခြင်း ဖြစ်ပေမည်။ အတွေးစိတ်ဖြင့် ပျော်နေမိသော်လည်း အပျော်စိတ်ကား ရုတ်တရက် ပျက်သွားလေသည်။ ယောကျ်ားပျိုတစ်ယောက်တည်းရှိသော အိမ်သို့ လိုက်လည်ရန်အတွက် လုံလောက်သော သတ္တိမျိုး ညို့တွင် မရှိချေ။

'မတော်ဘူးထင်တယ် မောင်ရယ်'

ညို၏ မဝံ့ရဲတရဲ အငြင်းစကားကြောင့် မောင့်မျက်နှာလေး ညိုသွားလေသည်။

'ညိုကလည်းကွာ၊ မောင့်ကို မယုံလို့လား။ ဒါမှမဟုတ် မောင့်ကို မချစ်လို့လား'

'မဟုတ်ရပါဘူး မောင်ရယ်၊ ညိုက မိန်းမသားပါ။ ယောကျ်ားပျိုတစ်ယောက်တည်း နေတဲ့အိမ်ကို လိုက်လည်ဖို့ရာ ပတ်ဝန်းကျင်အမြင်မတော်ဘူး ထင်လို့ပါ။ ညို့ကို နားလည်ပေးပါ မောင်ရယ်၊ ညို မောင့်ကို အရမ်းချစ်ပါတယ်'

'ညိုရယ် မောင်တို့က ဘွဲ့ရရင် လက်ထပ်ကြမှာ လူတိုင်း သိနေတာပဲကွာ။ ညို ကိုယ်တိုင်က အာရုံလွန်နေတာပါ။ မောင့်ကို ညိုက တကယ် မချစ်ပါဘူး'

မောင်က ညို့ကို နာကြည်းရိပ်ကလေးနှောကာ စကားနာထိုးလေတော့ ညို့စိတ်ခါတ်တို့ ခံနိုင်ရည်မရှိနိုင်စွမ်းတော့ချေပြီ။ ချစ်သူ့မျက်နှာကို [illegible]ထင်မိသော



www.burmeseclassic.com

www.burmeseclassic.com

ညို့လို မိန်းမအဖို့ မောင်ကမ်းလှမ်းမှုကို ငြင်းဆန်ရန် အင်အားမရှိတော့။ အရာရာကို မောင့်လက်တွင် အပ်နှင်းရန် နှလုံးသားကိုသာ လည်စင်း ပေးလိုက်မိတော့သည်။ မောင်သာ ကျေနပ်ပါစေတော့လေ။

❑

ညို့ဘဝတွင် အပျော်ဆုံးနေ့များ များများစားစား မရှိခဲ့သလို လှိုက်လှိုက်လှဲလှဲလည်း မပျော်ခဲ့ရဖူးချေ။ ဖေဖေနှင့်မေမေ လမ်းခွဲချိန်မှစ၍ ညိုတို့မိသားစုဘဝလေးနှင့်အတူ ညို့ပျော်ရွှင်မှုများပါ အတူလွင့်မျောပျောက်ဆုံးခဲ့ရသည်။ ထိုသို့ပင် စိတ်ဓာတ်တို့ ပြိုယိုင်လဲနေရာ မောင်နှင့်တွေ့မှပင် ပြန်လည်ထူမတ်လာခဲ့ရာ သည်နေ့ကလေးကတော့ ညို့အတွက် အပျော်ရွှင်ရဆုံး ဖြစ်လေသည်။ မောင်က အရွက်များကို ဆေးလိုက်၊ ညို့ကိုစ, လိုက်နှင့် ဝမ်းသာအူမြူးနေသည်။ ညိုလည်း ထပ်တူပင် ကြည်နူးရ လေသည်။

'ကဲ ညို ဟင်းကျက်ပြီ စားကြရအောင်'

စားပွဲဝိုင်းကို ဝင်ထိုင်လိုက်သည်နှင့်ပင် ပျံ့လွင့်လာသော ဟင်းရနံ့များကြောင့် ဆာလောင်မှုကို သတိထားမိတော့သည်။ မောင်သည် ထက်ထက်မြက်မြက် ရှိရုံမက အချက်အပြုတ်ပါ ကျွမ်းကျင်သူဖြစ်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်မို့ ညိုစိတ်ကူးတို့ဖြင့် အခါများစွာ ကြည်နူးပျံ့လွင့်နေမိပြန်သည်။

'ရော့ ညို'

သွယ်ရှည်ရှည် ဖန်ခွက်ဝိုင်းဝိုင်းလေးထဲမှ နီစွေးစွေးအရည်များကို မြင်လိုက်ရတော့ ညို ထိတ်ခနဲ ရင်ခုန်သွားမိသည်။ ဤအရာများသည် အချိုရည်မဟုတ်သည်ကိုတော့ ညို ကောင်းကောင်းသိပါသည်။ မိန်းမသားများနှင့် မအပ်စပ်သော သူရာအနွယ်ဝင် ဝိုင်အရည်များပင် ဖြစ်လိမ့်မည်ဟု ညို တွေးလိုက်မိသည်။ မောင်တို့အသိုင်းအဝိုင်းက အမျိုးသမီးများသည် ဝိုင်ကြိုက်တတ်မှန်း ညို သိထားသည်။ အခုတော့ ညို့ကိုပင် မောင်က တိုက်နေချေပြီ။ ညို ကြောက်သည်လေ။

'ညို မသောက်ချင်ဘူး မောင်ရယ်'

ညို့ အငြင်းစကားကြောင့်လားမသိ။ မောင်က ဟက်ဟက်ပက်ပက်ပင် ရယ်မောလေသည်။

'ညိုကလည်းကွာ၊ အတော်လေး ခေတ်နောက်ကျတာပဲ။ မောင်တို့အသိုင်းအဝိုင်းထဲ ဝင်ဆံ့ချင်ရင် မောင်တို့နဲ့ လျော်ညီတဲ့ အတတ်တွေကိုတော့ ညို တတ်ထားရလိမ့်မယ်။ မဟုတ်ရင် ညို့အတွက် နေရာမရဘူး'

ခြိမ်းခြောက်သလိုပင် ညင်သာစွာ ဖိအားပေးလာသော မောင့်စကားများကြောင့် ညို သိမ်ငယ်လာမိသည်။ မောင့် အသိုင်းအဝိုင်း အကြိုက် ဓလေ့စရိုက်များကို အခုကတည်းကပင် ညို့ကို ပြင်ဆင်ခိုင်းနေလေသည်။ အားငယ်စိတ်ကြောင့် မျက်ရည်စတို့ပင် တွဲခိုလာသည်။ မောင့်ကိုကြည့်တော့ ဖန်ခွက်ကို မျက်စပစ်ပြလေသည်။ သောက်ရန် ဖိအားပေးနေသော မောင့်ဆွဲအားအောက်တွင် ညို့ မိန်းမသားသိက္ခာတို့ကို စတေးရန် ညို အားတင်းလိုက်ရတော့သည်။

'အင်း'

ချဉ်ချိုဖောက်ကာ ပြင်းပြရှတသော အရသာကြောင့် လည်ချောင်းတွင် ပူရှိန်းရှိန်းဖြစ်သွားလေသည်။ ဆက်လက်၍ မသောက်လိုတော့သော်လည်း မောင့်အပြုံး၏ ဖိအားတို့ကြောင့် တစ်ခွက်ကုန်အောင် မော့သောက်လိုက်တော့သည်။ မောင်ကလည်း ယမကာ မှီဝဲရင်းပင် ညို့ကို နောက်တစ်ခွက် ငှဲ့ပေးပြန်သည်။ ညိုလည်း မငြင်းဆန်ဝံ့။ တစ်ခွက်ပြီးတစ်ခွက် သောက်ရင်းပင် အမြင်အာရုံတို့ ဝေဝါးလာတော့သည်။ နောက်ဆုံးအနေနှင့် မှတ်မိလိုက်တာကတော့ ညို့ကို မောင် ပွေ့ချီလိုက်သည်ကိုပင်။ မောင့် အနမ်းအောက်တွင် ညို့အသိစိတ်တို့ ပျောက်ဆုံးခဲ့ရတော့သည်။

❑

'မငိုပါနဲ့ ညိုရယ်၊ ညို ငိုနေတော့ မောင်လည်း စိတ်မကောင်းဘူးကွာ၊ တိတ်ပါတော့နော်'

ညို ရှက်သည်။ ညို့ကိုယ်ညို မုန်းသည်။ ရွံလည်းရွံသည်။ မိန်းမသား ဖြစ်ပါလျက် လက်မထပ်ရသေးဘဲ ခန္ဓာကိုယ် အပ်နှင်းမိသော ကိုယ့်ကိုယ်ကိုသာ အပြစ်တင်နေမိသည်။ မောင့်ကိုတော့ မုန်းဖို့မဆိုထားနှင့်။ အပြစ်ပင်မတင်ရက်ပေ။ ဆုံးရှုံးသွားသော ဂုဏ်သိက္ခာနှင့် အပျိုစင်ဘဝအတွက် သာယူကျုံးမရ ဖြစ်နေမိတော့သည်။

'မငိုပါနဲ့ ညိုရယ်၊ မောင်လုပ်ခဲ့တဲ့ အပြစ်ကို မောင် တာဝန်ယူမှာပါကွာ'

မောင့်စကားကြောင့် ညို ထိတ်ခနဲ ဖြစ်သွားမိသည်။

'မောင်တို့ စောစောလက်ထပ်ကြရအောင်ကွာ'

ညို အတိုင်းအဆမဲ့ ဝမ်းသာသွားမိသည်။ အားငယ်စိတ်တို့ ဝေးလွင့်ကာ အားကိုးစိတ်တို့ ဖြစ်တည်လာသည်။ မောင့် ရင်ခွင်ကိုပင် နန်းတော်ထင်နေမိသည်။ အားကိုးတကြီး ခိုဝင်နေမိတော့သည်။ ညို့ကိုယ်လေးကို ထွေးဖက်ရင်းမှ မောင်က ရတ်တရက် ထ,ကာ အိပ်ရာဘေးရှိ စားပွဲအံဆွဲအတွင်းမှ တစ်စုံတစ်ရာကို နှိုက်ယူနေလေသည်။ ပြီးမှ ညို့ရှေ့တွင် ထုတ်ပြတော့ လှပသော လိပ်ပြာလေးနှစ်ကောင် တွဲခိုနေသည့် ဆွဲကြိုးလေး။ ညို့လည်တိုင်ကို ညင်သာစွာ နမ်းရှိုက်၍ ဆွဲပေးလေသည်။

'နောက်လ မောင်တို့ လက်ထပ်ကြမယ်။ ညို ဒီလိပ်ပြာလေးတွေက မောင်တို့ရဲ့ အချစ်သက်သေပဲ'

ညို ဆွဲကြိုးလေးကို တရှိုက်မက်မက် ဆုပ်ကိုင်ထားမိသည်။ သည်လိပ်ပြာလေးနှစ်ကောင်သည် သူမနှင့် မောင် ဖြစ်သည်ဟု တွေးကာ ကြည်နူးနေမိသည်။ သူမသာ လိပ်ပြာလေးဆိုပါက မောင်၏ ရင်ခွင်နန်းတော်ထဲတွင် ထာဝရပင် ခိုနားချင်မိသည်။

❑



www.burmeseclassic.com

www.burmeseclassic.com

မိုးသားတို့ကား အလို မကျစွာပင် မည်းမှောင်သိပ်သည်းကာ လောကကြီးကို ရန်လိုနေသလို လေပြည်ညင်းတို့ကလည်း အသွင်ပြောင်းကာ ခပ်ကြမ်းကြမ်း တိုက်ခတ်လာသည်မို့ ကောင်းကင်ကြီးက ဝမ်းနည်းစွာပင် မျက်ရည်စများ ခြွေချလေတော့သည်။ ကောင်းကင်ကြီး၏ မျက်ရည်စများနှင့် အပြိုင်အဆိုင်ပင် ညို့မျက်ဝန်းမှ မျက်ရည်စများ လိမ့်ဆင်းလာတော့သည်။ မြို့နယ် တရားရုံးရှေ့တွင် လက်ထပ်စာချုပ်ကလေးပိုက်ကာ တစ်စုံတစ်ဦးကို အားကိုးတကြီး စောင့်မျှော်နေသော မိန်းကလေးတစ်ယောက်၏ အဖြစ်ကို မကြည့်ရက်တော့သည့် အလား ကောင်းကင်ကြီးက သည်းထန်စွာပင် ငိုကြွေးလေတော့သည်။

'ပြန်ကြရအောင် ညို ရယ်၊ အချိန်လည်း အတော်နှောင်းနေပြီ။ ကိုသူရလည်း လာမှာ မဟုတ်လောက်တော့ပါဘူးဟာ'

အသိသက်သေအဖြစ် လက်မှတ်ထိုးပေးရန် လိုက်ပါလာသော သူငယ်ချင်း ဖြစ်သူ သူဇာခင်၏ စကားကို ညို မမှုအား။ မောင့် ကို သာ အားတင်း၍ စောင့်စားနေမိသည်။ သည်းထန်နေသော မိုးစက်များကြား ထီးလည်းမပါသည်မို့ တစ်ကိုယ်လုံး ရွဲစိုနေတော့သည်။ သူဇာက အိမ်ပြန်ရန် ဖျောင်းဖျပြောနေသော်ငြား ညို့ကို ပစ်မထားရက်သည်ထင့်။ ပခုံးလေးကို ထွေးဖက်ရင်းပင် ကူစောင့်ပေးနေရှာလေသည်။ သူငယ်ချင်း နှစ်ယောက်လုံးပင် ချမ်းနေချေပြီ။

'ဒီက အစ်မက မေညို ညိုသွယ်လား ခင်ဗျ'

ရည်မွန်သန့်ပြန့်သော လူငယ်တစ်ဦးက သူမတို့ အနားကပ်ကာ မေးလိုက်တော့ သူဇာကပင် ညို့ကိုယ်စား 'ဟုတ်ပါတယ်ရှင် ညိုက ကျွန်မ သူငယ်ချင်းပါ' ဟု ဖြေလေသည်။ သူဇာ့စကားအဆုံးတွင် လူငယ်က ကိုသူရ ပေးခိုင်းတာပါဟုဆိုကာ ခရီးဆောင်အိတ်အနက်တစ်လုံး ထိုးပေးလေသည်။ ညို ထိတ်လန့်သွားသည်။ မောင် မလာတော့ဘူးလားဟူသော အတွေးကြောင့် ညို့ကမ္ဘာ ပျက်ယွင်းမတတ် ခံစားလိုက်ရတော့သည်။

'ဟင် ငွေတွေပါလား ညို၊ ဒါ ဘာသဘောလဲရှင့်'

'ကျွန်တော် မသိဘူး ခင်ဗျ၊ ကိုသူရ ခိုင်းတဲ့အတိုင်း လုပ်ပေးရုံပါပဲ'

'သွား၊ ညို လိုချင်တာ ဒါတွေ မဟုတ်ဘူး'

အထိတ်တလန့်ဖြင့် ရင်ပွင့်မတတ် ဟစ်အော်ကာ အိတ်ကို ဆောင့်တွန်းလိုက်မိတော့သည်။ ပိုက်ဆံတို့က ဖွာခနဲပင် လွင့်စဉ်ကာ အချို့က လမ်းပေါ်သို့ကျလေသည်။ အချို့ကတော့ ဗွက်အိုင်ထဲသို့ ကျလေသည်။ ညို့သိက္ခာ၊ ညို့မေတ္တာ၊ ညို့သစ္စာတို့ကလည်း ဗွက်အိုင်ထဲတွင် ပြန့်ကျဲကုန်တော့သည်။ တစ်စစီပင် လွင့်စဉ်ချေပြီမို့ ပြန်ကောက်၍လည်း မလွယ်တော့သလို၊ ကောက်ယူလိုစိတ်လည်း မရှိတော့ချေ။ ညိုဆိုသော သူမ သစ္စာမီးအိုင်အတွင်းရှိ မေတ္တာချော်ရည်ပူများကြား ကယ်ရာမဲ့ ကူးခပ်နေမိတော့သည်။

❑

'ပုံပြင်ထဲက ညို ဆိုတဲ့ မိန်းကလေးက ကျွန်မအမေပဲ အန်ကယ်လေး'

သူမလေး၏ စကားကြောင့် ဦးနိုင်ဇော် တုန်လှုပ်သွားမိသည်။ အာခေါင်များပင် ခြောက်သွေ့ကွဲအက်လာသဖြင့် စားပွဲပေါ်က ရေခွက်ကို လှမ်းယူကာ မော့သောက်လိုက်မိသည်။ သို့တိုင်အောင် ရင်ခုန်သံတို့ မတည်ငြိမ်သေး။ လက်ဖျားခြေဖျားများပင် အေးစက် ထုံကျဉ်လာတော့သည်။

'မင်း အဖေက ဘယ်သူလဲ ကလေးမ'

သူ့အမေးစကားကို သူမလေးက ပခုံးတစ်ချက်တွန့်ကာ ပေါ့ပါးစွာပင် ပြန်လည်တုံ့ပြန်လေသည်။

'ကျွန်မ ဘယ်လိုလုပ်သိမှာလဲ အန်ကယ်လေးရဲ့။ ကျွန်မ ကိုယ်တိုင်တောင် ကျွန်မအဖေဆိုတဲ့လူကို တွေ့ဖူးချင်တာ။ ကျွန်မ ခန္ဓာကိုယ်တစ်ခါရောင်းတိုင်း ရွှေလိပ်ပြာတစ်ကောင် လုပ်ထားတာ။ အခု အန်ကယ်လေးပေးမယ့် ပိုက်ဆံနဲ့ဆိုကိုးကောင်မြောက် လုပ်နိုင်ပြီလေ။ တကယ်လို့ အမေ့ယောကျ်ား၊ ကျွန်မအဖေနဲ့သာ ဆုံခွင့်ရခဲ့ရင် အဲဒီလိပ်ပြာတွေ အကုန်ပေးမှာလေ။ အမေ့ အသွေးအသားတွေ သာမက ကျွန်မအသွေးအသားတွေပါ စတေးခဲ့တဲ့ လိပ်ပြာတွေကို သူ့နန်းတော်ထဲမှာ သိမ်းထားပါလို့ ပြောဖြစ်မှာပါ'

'ကလေးရယ်'

စကားလုံးများက တစ်ဆို့ကာ ပြောမထွက်တော့။ တကယ်ဆို သူ့မိုက်ဖြစ်အတွက် လောကဓံက ဒဏ်ခတ်သည်မှာ ပြင်းထန်လွန်းလှသည်။ ကိုယ့်သမီးနှင့်ပင် တစ်အိပ်ရာတည်း ချစ်ခန်းမြောက်ခဲ့သော သူ့ဝဋ်ကြွေးကား ကြီးမားလွန်းလှချေသည်။ တစ်မြို့တစ်ရွာ တစ်နာမည်ပြောင်းကာ လူလည်လုပ် မိန်းမရှုပ်တတ်သော ဦးသူရတစ်ဖြစ်လဲ ဦးနိုင်ဇော်၏ ကံကြွေးဆပ်ပွဲကား မိုးကြိုးသံထက်ပင် ခြိမ့်ခြိမ့် ညံနေတော့သည်။ သားသမီးနှင့် မိုက်မှားရသော ဝဋ်၊ သားသမီးကို မြင်တွေ့နေပါလျက် ဖြူစင်စွာ ခေါ်ငင်ထွေးပွေ့ခွင့်မရသော ဝဋ်၊ မုန့်ဖိုးပေးရမည့် ငွေတို့သည် ကာမကြေးဖြစ်သွားရသော ဝဋ်တို့ကြား သူချောက်ချားလာတော့သည်။

'အန်ကယ်လေး မရှိမသေ ကျွန်မလက် မမီလို့ ဘရာစီယာချိတ်လေး ချိတ်ပေးပါလား'

သူ တုန်ယင်နေမိသည်။ သမီးလေးကို မထိဝံ့။ မထိရဲတော့။

'ပြော် လက်မမီလို့ အကူအညီတောင်းတာပါဆို တကတဲ့ ဈေးကိုင်နေပြေတယ်။ ချွတ်တုန်းကချွတ်ပြီး ခစ်ခစ်'

'မင်း ပြန်တော့ အမရာ

www.burmeseclassic.com

www.burmeseclassic.com

စားပွဲပေါ်က ငါ့ပိုက်ဆံအိတ်ထဲက ငွေတွေအကုန်ယူသွားပါ။ အို မဟုတ်ဘူး၊ အဲဒီထဲမှာ လက်မှတ်ထိုးပြီးသား ချက်လက်မှတ် တစ်စောင်ရှိတယ်၊ ယူသွားပါ။ သိန်းလေးထောင်အတွင်း မင်းကြိုက်သလောက် သုံးပါ။ ဒီအလုပ်ကို ထပ်မလုပ်ပါနဲ့တော့ အမရာ။ ငါတောင်းပန်ပါတယ်ကွာ။ မင်းရဲ့ပခုံးပေါ်က လိပ်ပြာလေးတွေကို သနားပါကွာ'

သူ့ကို သမီးလေးက အံ့သြတကြီး ကြည့်နေလေသည်။ ပြီးမှ နားမလည်နိုင်သည့်အလား ခေါင်းကုတ်ကာ ပိုက်ဆံအိတ်ထဲမှ ချက်လက်မှတ်ကိုယူကာ ထွက်သွားလေတော့သည်။ ထွက်သွားခါနီး သူ့အနားကပ်ကာ 'ကျေးဇူး' ဟုပြောရင်း သူ့နှုတ်ခမ်းကို နမ်းသွားလေသည်။ သမီးလေးကတော့ ဘာကိုမျှ မသိလိုက်ရှာ။ သူ့မှာသာ ငရဲဘုံအတွင်း ခုန်ဆင်း လောင်မြိုက်ခြင်းပြင်းစွာ ခံစားနေရတော့သည်။

'လောကကြီး ရက်စက်တယ်ဗျာ။ မိန်းမတွေအများကြီးရှိတာကို ဘာလို့ ကျုပ်သမီးကိုမှ ကျုပ်ဆီ ပို့တာလဲဗျာ။ ခင်ဗျား လုံးဝမတရားဘူး၊ ခင်ဗျားက အယုတ်တမာကြီး။ အီး ဟီး ဟီး။ မဟုတ်ဘူးကွ၊ အဲဒါ ငါ့သမီးမဟုတ်ဘူး၊ အမရာပါ။ သမီးမဟုတ်ဘူး၊ အမရာ။ ဟားဟား၊ ငါ့ကို မညာနဲ့'

သစ္စာတရားကို ကျိုးစားခဲ့သူတစ်ယောက် ရူးချေပြီ။ ရူးလည်း ရူးလောက်ပါသည်။ သူ့ပြစ်မှုအတွက် ပြစ်ဒဏ်က အဆမတန် ကြီးမားလွန်းနေသည်လေ။

❑

'ဟဲ့ကောင်မ၊ ညည်းကများ ကျုပ်ကို အာခံရဲတယ်ဟုတ်လား မသာမ'

'ညည်းက ဘာကောင်မမို့တုံး၊ ကိုယ့်ဖေနဲ့ကိုယ် ပြန်အိပ်မယ့် ဟာမ၊ ကြက်မ'

သည်ဈေးက သည်လိုပင် နေ့တိုင်း ရန်ပွဲများစွာရှုစားကြရသည်။ အခုလည်း ငါးသည်နှစ်ယောက် ဖေတစ်ခွန်း မောင်တစ်ခွန်းနှင့် ရန်ဖြစ်ဆဲဆိုနေကြလေသည်။ ထိုစဉ်ဆံပင်များစုတ်ဖွာလန်ကာ ညစ်ပတ်ပေရေနေသော အရူးတစ်ယောက် ရန်ပွဲအတွင်းသို့ ခုန်ဝင်လာကာ ဖေနှင့်နှိုင်းကာ ဆဲနေသော မိန်းမကို ပါးရိုက်ချလိုက်တော့သည်။

'ကောင်မ နောက်တစ်ခါ အဲဒီစကား ထပ်ပြောကြည့် သတ်ပစ်မယ်'

ရုတ်တရက် ပါးရိုက်ခံလိုက်ရသည်မို့ ငါးသည်မိန်းမလည်း စိတ်တိုကာ 'အရူးကများ ငါ့ကို' ဟု အော်ကာ ဆွေ့ဆွေ့ခုန်ကာ ကျန်နေရစ်ခဲ့တော့သည်။ ထိုအရူးကား နေ့စဉ် ဈေးထဲလှည့်လည် တောင်းစားကာ အေးအေးနေတတ်သူမို့ လူတွေက သနားကြသည်။ သူ၏ ထူးခြားချက်မှာ သူများကိစ္စတွင် ဝင်မပါတတ်တော်လည်း ဖေနှင့်နှိုင်းကာ ဆဲသံကြားလျှင် ယောက်ျား မိန်းမ မရွေး ပါးဝင်ရိုက်တတ်သလို လိပ်ပြာလေးများတွေ့လျှင်လည်း လက်ပြကာ နှုတ်ဆက်နေတတ်လေသည်။ ■

**မွန်စွန်း**

# ရွှေအသစ်စာမူများအတွက် စည်းကမ်းချက်များ

ရွှေအသစ်ကဏ္ဍသို့ ရောက်ရှိလာသောစာမူများတွင် စာမျက်နှာနှစ်ဖက် ရေးသားခြင်းမျိုး၊ ဘောမျဉ်းမသားဘဲ စာပိုဒ်လည်းမခွဲကာ သတ်ပုံအမှားအယွင်းနှင့် ပေးပို့လာခြင်းမျိုး များပြားလာသည်ကို တွေ့ရှိနေရပါသည်။ ယခုအခါ ရွှေအသစ်စာမူများမှာ လစဉ်ဖတ်ရှုပြန်ကြားနိုင်သည့် အရေအတွက်ထက်များစွာကျော်လွန်နေသည့်အတွက် စည်းကမ်းနှင့်မညီသည့် စာမူများကို နောင်တွင်ပြန်ကြားချက်၌ ထည့်သွင်းဖော်ပြသွားမည် မဟုတ်ဟု အယ်ဒီတာများမှ ဆုံးဖြတ်ထားပါသည်။ လိုက်နာရန်စည်းကမ်းများကို ရွှေအသစ်စာမူပေးပို့လိုသူများ သိရှိနိုင်စေရန်ဖော်ပြလိုက်ပါသည်။ နောင်လများမှစ၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် မကိုက်ညီသည့်စာမူများကို ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြခြင်းမပြုတော့ဘဲ ပယ်လိုက်မည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားအပ်ပါသည်။

၁။ စာမျက်နှာတစ်ဖက်တည်းသာ ရေးသားပါ။
၂။ ဘောမျဉ်းသားပါ၊ စာပိုဒ်ခွဲပါ။ စကားပြောများကို မျက်တောင်အဖွင့် အပိတ် ထည့်ပေးပါ။
၃။ လက်ရေးလက်သား ရှင်းရှင်းလင်းလင်း ထင်ထင်ရှားရှား ရေးသားပါ၊ သတ်ပုံမှန်ကန်အောင် စစ်ပေးပါ။
၄။ လက်ရေးစာမူဆိုလျှင် A 4 စာမျက်နှာ ၆ မျက်နှာထက် မပိုစေရပါ။ ကွန်ပျူတာစာစီစာမူဆိုလျှင် A 4 စာမျက်နှာတွင် ၁၃ ပွိုင့်ဖြင့် ၄ မျက်နှာထက် မပိုစေရပါ။
၅။ စာမူအမည်နှင့် ကလောင်အမည်ကို ထင်ရှားစွာဖော်ပြပါ။
၆။ မိမိကိုယ်တိုင်ရေးသားကြောင်း ခံဝန်ချက်ပါရှိရန် လိုအပ်ပါသည်။
၇။ အခြားမဂ္ဂဇင်းတိုက်သို့ ပေးပို့ထားခြင်း မပြုရပါ။
၈။ ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်။
၉။ ဝတ္ထုသစ်များသာဖြစ်ရမည်။ အွန်လိုင်းတွင်တင်ပြီးဝတ္ထုမျိုးမဖြစ်စေရ။ မိမိဝတ္ထုတိုစုစည်းမှုတွင် ဖော်ပြပြီးသည့် ဝတ္ထုတိုမဖြစ်စေရ။
၁၀။ စာမူကိစ္စနှင့်ပတ်သက်၍ သိလိုသည်ဖြစ်စေ၊ တစ်စုံတစ်ခုပြောကြားလိုသည်ဖြစ်စေ ရွှေအမြုတေမဂ္ဂဇင်းတိုက်၊ တယ်လီဖုန်းအမှတ် ၀၁-၉၀၁၀၅၀၁ အေးမြတ်မြတ်ချိုနှင့်သာ ဆက်သွယ်ရန်လိုပါသည်။ အယ်ဒီတာများ၏ အီးမေးလ်သို့ဖြစ်စေ၊ ဖေ့စ်ဘွတ်သို့ဖြစ်စေ ဆက်သွယ်ခြင်းမပြုရပါ။

စည်းကမ်းချက်နှင့်မညီ၍ ပြန်ကြားချက်တွင် ထည့်သွင်းဖော်ပြမည်မဟုတ်သည့်စာမူများကို ကာယကံရှင်ထံ ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါသဖြင့် မိမိတို့၏စာမူများကို လက်ခံမိတ္တူထားရှိကြပါရန် အသိပေးအပ်ပါသည်။ ■

***အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)***



www.burmeseclassic.com

www.burmeseclassic.com



# သိန်းရဲဝင်း ။ဒီပဲယင်း။

# အချိန်မီရလိုက်သည့် နောင်တ

အမှတ် ၃၄၅၊ ဩဂုတ်၊ ၂၀၁၈



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ကြာခဲ့ပါပြီ။
နှစ်ပေါင်း
လေးဆယ်လောက်က
နေ့တစ်နေ့၏
အဖြစ်အပျက်ကလေးတစ်ခု
ဖြစ်သည်။ ယခု
ကျွန်တော့်အသက်
ငါးဆယ်ကျော်သည့်တိုင်
မနေ့တစ်နေ့ကမှ
ဖြစ်ပျက်ခဲ့သည့်အတိုင်း
ထင်ယောင်နေမိသည်။
ထိုနေ့သည်
ကျွန်တော့်အတွက်
နောင်တရပြီး
ဘဝတစ်ခုလုံးအတွက်
အရေးပါသည့်
စိတ်ကောင်းဘက်
ရောက်အောင် တွန်းပို့လိုက်
သောနေ့ ဖြစ်သည်။
မဟုတ်ပါက
ကျွန်တော်သည် ယခု
အချိန်တွင်
လူဆိုးလူပေတစ်ယောက်
ဖြစ်နေမည်လား၊
သို့မဟုတ် လူ့လောက,က
ပျောက်ကွယ်သွားပြီး
ဖြစ်နေမည်လား
တစ်ခုခုကတော့
ကေန်မုချပင်။
ကျွန်တော် ဆယ်တန်း
နှစ်ခါကျ၍ တတိယနှစ်
ကျောင်းပြန်တက်သော
အချိန်။ မိဘများ၏
အသက်မွေးဝမ်း
ကျောင်းအလုပ်က
နွားနှင့်ဖက်၍လုပ်ရသည့်
တောင်သူလုပ်ငန်းဖြစ်ပြီး
ထိုနှစ်က
ခိုင်းနွားတစ်ရှဉ်းမှ
နွားတစ်ကောင်သည်
ရုတ်တရက် ရောဂါဝင်ပြီး
သေဆုံးသွားလေသည်။
နွားသေကို ဖျက်၍
အသားများကို
ရောင်းချခြင်းဖြင့်
ပြန်လည်ဝယ်ယူမည့်
ခိုင်းနွားဖိုးတစ်ဝက်လောက်
ပြန်ရနိုင်သည်
ဖြစ်သော်လည်း အဖေသည်
အသားကိုဖျက်မရောင်းဘဲ
နွားသေကို မြေမြှုပ်သင်္ဂြိုဟ်
လိုက်ပါသည်။ ခိုင်းက
ခိုင်းသေး၊ သေပြန်တော့
အသားကိုဖျက်၍
မြိန်ရေရှက်ရေစား
ကြဦးမည်ဆိုပါက
နွားတွေအပေါ်
လူတွေက မတရားရာ
ကျလွန်းသည်ဟု
အဖေ ပြောသည်။
နွားသေသည့်အချိန်သည်
မိုးလယ်ချိန်ဖြစ်ကာ
တောင်သူများ ထွန်ရေး
အလွန်ပူနေသောအချိန်
ဖြစ်သည်။
တောင်သူများသည်
မည်သည့်ရက်
ပျိုးနုတ်မည်၊
မည်သည့်ရက်
ကောက်စိုက်မည်ကို
အတိအကျသတ်မှတ်၍
ရွာရှိ
ကောက်စိုက်သမအဖွဲ့၊
ပျိုးနုတ်အဖွဲ့များနှင့် အပြီး
ပြောဆိုသတ်မှတ်ပြီး
ဖြစ်ကြသည်။ ထို့ကြောင့်
မည်သည့် တောင်သူမျှ
မိမိ ကောက်စိုက်ပျိုးနုတ်

www.burmeseclassic.com

ရက်ကို ရက်အပြောင်းအလဲ လုပ်၍ မရတော့သော အချိန် ဖြစ်သည်။

ယခု အဖေ့အဖို့ လေ့လော့်တုန်း တက်ကျိုးလေပြီ။ သတ်မှတ်ထားသည့် စိုက်ပျိုးရက်အတွင်း လယ်များကို ထွန်ပြီးယက်ပြီး ဖြစ်ရမည်။ ဤအချိန်တွင် ဟိုရွာ၊ သည်ရွာ နွားအဝယ်ထွက်မည်ဆိုက မည်သည့်တောင်သူကမျှ သူတို့၏ ခိုင်းနွားများကို ရောင်းကြမည်မဟုတ်။ ထွက်ရှာမည်ဆိုပါက အချိန်ကုန် လုပန်းသာဖြစ်မည်။ ပြီး လက်ထဲမှာလည်း ပိုက်ဆံက တစ်ပြားမျှမရှိ။ ရောင်းမည့်သူ ရှိခဲ့လျှင်တောင်မှ ရောင်းမည့်သူသည် လူခင်ဖြစ်လျှင် နွားဖိုးတစ်ဝက်လောက် ပေးချေပြီး ကျန်ငွေကို စပါးပေါ်မှယူဖို့ ပြောရမည့်အကြောင်း အဖေက အမေ့ကို ပြောနေသံ ကြားရပါသည်။ ပြီး အဖေသည် သက်ပြင်းတချချဖြင့် ရှိနေတော့သည်။

‘ကဲ… သိပ်စိတ်ပူမနေနဲ့ပော့။ အိမ်က နွားတစ်ကောင် ယူသုံးကွာ’ ဟု ရွာဆွေရပ်မျိုးများက ဝိုင်းဝန်း ကူညီမည့်အကြောင်း ပြောလာကြသည်။

‘ကျုပ်ယူသုံးတော့ ခင်ဗျားတို့က ဘယ်လိုထွန်ယက်ကြမတုံး’ ဟု အလွန်အားနာတတ်သောအဖေက ပြန်မေးတော့-

‘တို့က မနက်ခင်း ထွန်မယ်ယက်မယ်၊ မင်းက ညနေခင်းပေါ့’

တစ်ဦးလျှင် တစ်ရက် နွားတစ်ကောင်ကို အလှည့်ကျ ငှားပေးကြမည်ဖြစ်ကြောင်း ပြောကာ ကူညီကြပါသည်။

ထိုသို့ ဝိုင်းဝန်းငှားပေးကြ၍ လယ်ထွန်ယက်မပျက်ခဲ့ဘဲ လေးငါးရက်လောက်ရှိသောအခါ ဟိုဘက်ရွာတွင် ခိုင်းနွားတစ်ကောင် ရောင်းမည့်အကြောင်း သတင်းရလေသည်။ သတင်းရလျှင်ရချင်း အဖေ ထ,၍သွားသည်။ အပြန်တွင် နွားတစ်ကောင် မောင်း၍ ပြန်လာသောကြောင့် နွားအဝယ်တည့်လာသည်ကို သိရပါသည်။

အဖေ ဝယ်လာသည့် နွားကိုကြည့်ရသည်မှာ ကမူးရှူးထိုးနိုင်လှသည်။ အရောင်က မန်ကျည်းစေ့အဝါရောင်။ ချိုတစ်ဖက်က ကျိုးနေသည်။ နှာမှုတ်သံက တရှူးရှူး၊ မျက်လုံးက ပြူးတူးပြူးတဲ။ အိမ်အဝင် နွားက ရှေ့ကနေ အတင်းရုန်းသွားနေသဖြင့် အဖေက နောက်က ကြိုးကို တောင့်ဆွဲလာသည်မှာ အဖေသည် မြေကြီးကိုခြေကန်၍ လူက ပက်လန်ပက်လန်ဖြစ်နေတော့သည်။ အိမ်ရှေ့ နွားတဲနားရောက်သည်နှင့် အဖေသည် နွားကို နောက်ကနေ မောင်းနေရာမှ အရှိန်သတ်၍ နွား၏ရှေ့မှ ပြောင်းကာ နွားတဲဆီသို့ ဆွဲသွားသည်။ နွားအရိပ်အခြည်ကို ကြည့်ပြီး ဆွဲသွားသောအဖေကို နွားက ချိုယမ်း၍ ဂူးခနဲ နှာမှုတ်လိုက်ရာ အဖေသည် လန့်ခုန်၍ ဘေးသို့ ရှောင်လိုက်ရသည်။

‘ဟော့ ဒီနွားနားကို ဘယ်သူမှ မကပ်ကြနဲ့’ ဟု နွားကို တဲတိုင်မှာ ချည်ရင်း အိမ်သားများရှိရာဘက်သို့ လှည့်၍ အဖေ အော်လိုက်သည်။

‘ဟဲ့ ကြားကြရဲ့လား အငယ်နှစ်ယောက်၊ နွားနား မကပ်နဲ့တဲ့။ နင့်အဖေ လှမ်းပြောနေတာ’ ဟု စားပွဲပေါ်သားရေကွင်းမှုတ်တမ်းကစားနေသော ကျွန်တော့်အောက်က ငါးတန်းကောင်နှင့် သုံးတန်းကောင်တို့ကို အမေက လှမ်းပြောလိုက်သည်။

အငယ်ကောင်နှစ်ယောက်က ‘ကြားတယ်ဗျို့’ ဟု ပြိုင်တူပြန်ပြောကြသည်။

ထိုစဉ် ဘေးအိမ်နီးချင်း ဘကြီးထွေးမောင် ရောက်လာပြီး-

‘နွားဝယ်လာပလား ဟေ့’

‘ဟုတ်ကဲ့ ဦးလေးထွေး’ အဖေက ပြန်ဖြေသည်။

‘အာ… ဟိုဘက်ရွာက သောင်းညွန့်နွားပါကွာ’

‘ဟုတ်တယ်ဗျ ဦးလေးထွေး’

‘အေး… အေး သတိတော့ထားကိုင်ကြပေါ့။ ဒီနွား ဓာတ် ငါသိတယ်၊ ခပ်ကြမ်းကြမ်းရယ်။ လွန်ခဲ့တဲ့ လေးငါးရက်လောက်က မျိုးစပါးသွားရှာရင်း သောင်းညွန့်တို့အိမ် ငါရောက်သွားတယ်။ ငါ့ရှေ့တင်ပဲမောင်ရာ အခု ဒီနွား သူ့နွား ခွေးကပ်သွားတော့ ဝုန်းဆိုဝှေ့လိုက်တာ ခွေးသေပါလေရော။ အဲဒါ သေနေတဲ့ခွေးကို သောင်းညွန့်အိမ်သားက သွားအကောက် နွားကန်လိုက်လို့ သောင်းညွန့်အိမ်သား ခြေသလုံးရိုး ကျိုးရော’ ဘကြီးထွေးမောင်က သူမြင်ခဲ့ရသည်ကို ပြောပြနေသည်။

‘မတတ်နိုင်ဘူး ဦးလေးထွေးရာ၊ သတိတော့ထားကိုင်ရမှာပဲ။ ကျုပ်လည်း ထွန်ရေးကပူနေတော့ ရတဲ့နွား ဆွဲလာရတာပဲ။ နက်ဖြန်မှ တချို့တစ်ဝက် ငွေသွားချေရဦးမှာ။ အရပ်ထဲက နွားငှားပေးကြပေမဲ့ တစ်ရက်မဟုတ်တော့ အားနာပါတယ်’

‘အေး… ဟော့ ငါတို့တော့ ဒီလောက်ရိုင်းတဲ့နွား မကိုင်ရဲဘူး။ သတိတော့ထားကိုင်ကွာ’ ဟု အဖေ့ကို ထပ်၍ သတိပေးပြီး ဘကြီးထွေးမောင် ပြန်သွားသည်။

‘အဲဒီနွားပဲကွ၊ မနှစ်က ဘုန်းကြီးကျောင်းကွင်းထဲ သူ့နွား ဖြတ်သွားတဲ့ ဦးထုပ်နီဆောင်းထားတဲ့ လူငယ်တစ်ယောက်ကို ကြိုးရုန်းဖြတ်ပြီး လိုက်ဝှေ့တာ၊ ကောင်လေး အပြေးမြန်လို့၊ ကောင်လေးက ဘုန်းကြီးကျောင်းအုတ်တံတိုင်းပေါ် ခုန်အတက် နွားက အားကုန်ဝှေ့လိုက်တာ လူကို မဝှေ့မိဘဲ အုတ်တံတိုင်းကိုဝှေ့မိလို့ ချို ကျိုးသွားတယ်’ ဟု လမ်းဘက်ကနေ ဦးလေးတစ်ယောက်က လှမ်းအော်သွားသည်။

‘ဟေး… နွားစာ တစ်တောင်းယူခဲ့စမ်းဟေ့’ ဟု မှန်ရှေ့ ခေါင်းဖြီးနေသော ကျွန်တော့်ကို အဖေ လှမ်းအော်ပြောသည်။ ကျွန်တော်က ခေါင်းဖြီးမပျက်။

‘တော်ပါပြီကွာ၊ ငါ့ဟာငါပဲ ယူပါတော့မယ်။ မင်းတို့ခိုင်းရတာ ကိုယ်တိုင်လုပ်ရတာထက် ပင်ပန်းသေး’ ဟု ပြောပြီး အဖေသည် အိမ်နောက်ဖေး နွားစာခြံသို့ သွား



www.burmeseclassic.com

www.burmeseclassic.com

လေသည်။ မှိုလိုလို မျှစ်လိုလို လုပ်နေသော ကျွန်တော့်ကို အဖေ စိတ်ရှည်ဟန်မတူ။ 'မင်းတို့ ကြီးရင်တော့ ခက်ကြဦးမယ်' ဟုလည်း သွားရင်း ပြောသံ ကြားလိုက်ရသည်။

❑

ကျွန်တော် ကလေး မဟုတ်တော့ပြီ။ ကျွန်တော် ဆယ်တန်းတောင် နှစ်နှစ်ဖြေပြီးပြီလေ။ ကျွန်တော် အရာရာကို သိလာခဲ့ပြီ။ ကလေးဘဝတုန်းက အဖေ့ကို အထင်ကြီးခဲ့ရသည်။ အားကိုးခဲ့သည်။ အဖေသာ အရာရာကို သိသူဟု ထင်ခဲ့သည်။ ယခု အဖေသည် ခေတ်နောက်ကျကျန်ခဲ့ပြီ။ အဖေဟာ နွားခြေရာခွက်ထဲက ဖားလို သူ့ပတ်ဝန်းကျင်တစ်ခွင်အကြောင်းလောက်သာ သူသိသည်။ အတွေးအခေါ်တွေက နိမ့်ပါးလှသည်။ ဟုတ်ပေမည်။ အဖေ ဘယ်နှတန်းများ ရောက်ခဲ့လို့လဲ။ အဖေ စာရေးနေသည်၊ စာဖတ်နေသည်ကို ကျွန်တော့်တစ်သက် တစ်ခါမှ မမြင်ဖူးခဲ့။

'ငါတို့ အတန်းမရောက်ခဲ့လို့ မင်းကို ကျောင်းထားတာကွ။ တချို့ မင်းအရွယ်တွေ ကျောင်းထွက်၊ လယ်လုပ်ကြလို့ တောင်သူအလုပ်တွေ ကျွမ်းကျင်နေကြပြီ။ ငါ့မှာတော့ အပင်ပန်းခံလယ်လုပ်၊ မင်းကို ကျောင်းထား၊ မင်းကတော့...' ဟု ပြောပေါင်းလည်း များလှပြီဖြစ်သည်။ ကိုက်ပေလက်မ နားမလည်သောအဖေ၊ ဈေးဝယ်အပြန် ဆိုင်ကပေးလိုက်သော ဘောက်ချာကိုပင် ရေလည်အောင် မဖတ်တတ်သော အဖေ၊ အစိုးရချေးငွေ ဘဏ်တိုးနှုန်းပင် မတွက်တတ်သည့်အဖေ(ကျွန်တော့်ကို အမြဲခေါ်၍ တွက်ခိုင်းရသည်)။ ဒါတောင် ကျွန်တော့်ကို သူက ဆရာလုပ်သေးသည်။ ဟိန်းလားဟောက်လားလုပ်သေးသည်။ 'မင်းတို့ ငါတို့လို မအ,အောင်လို့ ပိုက်ဆံကုန်ခံ ကျောင်းထားတာကွ' ဆိုသည်ကလည်း အပ်ကြောင်းထပ်လှပြီ။ အဖေ့စကားတွေက ကျွန်တော့်အတွက် အတော်လေး နားငြီးစရာဖြစ်လာပြီ။ အဖေ ပြောသောစကားများက ဘောင်တန်းမဝင်၊ လုံးဝ ခေတ်မမီတော့ပေ။ 'မင်း အဖေက ဘိုးတော်ဘုရားခေတ်က လူသေလို့ ဝင်စားတာဖြစ်မယ်' ဟု သူငယ်ချင်းတချို့က လှောင်ပြောင်သောအခါ ကျွန်တော် ရှက်မိသည်။

ကြည့်လေ၊ အဖေ မိုးလေဝသခန့်မှန်းပုံ။ မိုးကို မော့ကြည့်မော့ကြည့်လုပ်ပြီး-

'ငါးရံ့တွေ ကျင်းမအောင်းဘဲ ထွက်ကုန်ပြီ။ အဲဒါ မိုးကောင်းကောင်းရွာတော့မှာ' ပြောလားပြောသည်။

'ပုရစ်တွေ ထူးထူးခြားခြားအော်တယ်ဟ၊ မိုးရွာတော့မယ် မကြာဘူး' ဆိုပြန်သည်။

'အခုလို မိုးနှောင်းမှာ မန်ကျည်းပင်ကိုင်းဖျားတွေ နုတယ်ဆိုရင် နောက်ပိုင်းမိုးကျန်သေးဟေ့'

'ပုရွက်ဆိတ်တွေ ကျင်းတွေဖွဲ့ကုန်ပဟ၊ သေချာပေါက်ရေကြီးတော့မယ်' စသည်ဖြင့် ဘိုးတော်ဘုရားလက်ထက်က ဟောကိန်းတွေ အကုန်လျှောက်ပြောတတ်လေသည်။ ထိုသောအခါ ကျွန်တော်က 'အဖေရာ လုပ်မနေစမ်းပါနဲ့၊ ရေဒီယိုမိုးလေဝသသတင်း နားထောင်လိုက်ရင် ပြီးရော၊ ရေဒီယိုက လွှင့်တာတွေက လက်တွေ့တိုင်းထွာချက်တွေ လွှင့်တာဗျ' ဟု ပြောသောအခါ 'ဟာကွာ... မင်း ရေဒီယိုထဲကဟာတွေက ရာခိုင်နှုန်းတွေ၊ ထောင်ခိုင်နှုန်းတွေ ငါ နားမလည်ပါဘူး။ နေရာစိပ်စိပ်ရွာမှာလည်း ငါ မသိဘူး၊ ကျဲကျဲလည်း ငါ နားမလည်ဘူး' ဟု ပြောသောအခါ ကျွန်တော် အဖေ့ကို ပြုံးမိသည်။ ထိုအပြုံးကား သရော်ပြုံး၊ လှောင်ပြုံး၊ အထင်သေးပြုံး။

အဖေ့ကို ကြာလေ အထင်မကြီးချင်လာလေ ဖြစ်လာသည်။ အဖေပြောသမျှတိုင်းသည် တလွဲတချော်ချည်းဖြစ်နေသည်။ 'လုပ်တိုင်းဖြစ်တာ မဟုတ်ဘူးကွ၊ ကံမရှိ ဉာဏ်ရှိတိုင်းမွဲတဲ့။ ရှေးဘဝကုသိုလ်ကံလေးကလည်း လိုသေးသပ' ကံစကားကလည်း အင်မတန်ပြောတတ်သည်။ အဖေ အဲသလို ပြောသောအခါ ကျွန်တော်က 'ဒါဖြင့် အဖေရာ၊ ကျွန်တော် စာမေးပွဲမအောင်တာ ကံကြောင့်ပေါ့ဗျ' ဟု ပြောတော့-

'ဟေ့ကောင် စကားကို မင်းဘက်ဆွဲမပြောနဲ့၊ စာမေးပွဲက မင်းမကြိုးစားလို့ မအောင်တာ။ အေး... မင်း ကြီးလာမှ ကံတရားအကြောင်းကို သိလာမယ်။ မြတ်စွာဘုရားက ကိုယ်ပြုသမျှဟာ ကိုယ့်ကံလို့ ဟောထားတာ'

ကျွန်တော်၏ ခေတ်အမြင်၊ ခေတ်အတွေး၊ ခေတ်ပညာနှင့် ဟိုး... နောက်ထဲ အဝေးကြီးမှာ အဖေ ကျန်ရစ်ခဲ့လေပြီ။ အဖေနှင့်ကျွန်တော် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်လာသည်။ အဖေက ဖြူလျှင် ကျွန်တော်က မည်းသည်။ အဖေက တောင်ဆိုကျွန်တော်က မြောက်၊ အဖေက ဒီဟာဆိုလျှင် ကျွန်တော်က ဟိုဟာ။ ဆေးချေးနှင့် တောက်တဲ့ လုံးဝ ဆန့်ကျင်ဘက်ပါပေ။

ကျွန်တော်သည် ဆံပင်ရှည်ထားသည်။ ဘောင်းဘီဖင်ကျပ်ဝတ်သည်။ အင်္ဂလိပ်လို ဘာရေးလို့ရေးထားမှန်းမသိသော တီရှပ်အင်္ကျီများ၊ လူအရိုးခေါင်းကြီးတွေနှင့် တီရှပ်များကို ဝတ်သည်။ မီးတောက်များတောက်လောင်နေသည့်ပုံပါသော ဦးထုပ်ကို ဆောင်းသည်။ ဘွတ်ဖိနပ်ကို စီးသည်။ ခေတ်ကျောင်းသားဖြစ်၍ ခေတ်မီအဝတ်အစားများကို ဝတ်ရမည်မဟုတ်ပါလား။ စီးကရက်ကိုလည်း စမ်း၍ ဖွာတတ်လာသလို အရက်ကိုလည်း အပေါင်းအသင်းများနှင့် မြည်းစမ်းတတ်လာသည်။ အပေါင်းအသင်းများ၏ တိုက်တွန်းမှုကြောင့် ခပ်ချောချောမိန်းကလေး သုံးယောက်ကိုလည်း တစ်ပြိုင်တည်း စာပေးရန် စိုင်းပြင်းထားသည်။ ဤအရာတွေကို အဖေ လုံးဝ မကြိုက်။ 'ပညာကို ကြိုးစားစမ်းပါကွာ' ဟု အစက ချိုချိုပြောသေး၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်း ပြောရ၍မရသော အခါ ကျွန်တော့်ကို ထိုးမည် ကြိတ်မည်ဖြစ်လာသည်။ တစ်ခါက ထိုးမည်ကြိတ်မည် လုပ်သော အဖေ့ကို ကျွန်တော်က တွန်းလိုက်ရာ အဖေ နောက်သို့ ဖင်ထိုင်လဲကျသွားသည်။ 'အင်္ကျီချုပ်ရင်လည်း တန်းပေါ် လုံးထွေးမတင်နဲ့၊ ချိတ်တွေရှိတယ် ချိတ်နဲ့ချိတ်မှပေါ့။ ပုဆိုးကိုလည်း ဒီအတိုင်း တွေ့ကရာပေါ် ပစ်မတင်နဲ့၊ ခေါက်ရောက်ပြီးမှ တန်းပေါ်တင်' ဟု အမြဲတမ်း အပြစ်ချည်းသာ ကြည့်ပြောနေတော့သည်။

တစ်ခါကလည်း သူကိုင်နေကျ တောင်သူသုံးဓားကို ကျွန်တော်ယူကိုင်ပြီး သူ့နေရာသူပြန်မထားရကောင်းလားဆိုကာ 'ဒီလိုကောင်တွေပဲ ထမင်းငတ်တယ်ဆိုတာ' ဟု ပြောရုံမက တခြားအပြစ်တင်စကားများကို မီးခိုးကြွက်လျှောက်ပြောတော့သည်။ ထိုအခါ ကျွန်တော့်မှာ နားငြီးစိတ်တိုလာသဖြင့် စားပွဲပေါ်က ဓာတ်ဘူးကို လက်သီးနှင့် ထိုးချပစ်လိုက်ရာ အစိတ်စိတ်အမြွာမြွာ ကွဲခဲ့သည်။ အဖေက 'ဒီကောင်ခွာရာလေးတူလာတော့ ငါ့ကို ဆန့်ကျင်ချင်လာပြီ၊ မိဘကို ဆန့်ကျင်လို့ကတော့ ဒုက္ခရောက်ဦးမယ်' ဟု ပြောသည်။ 'ရောက်ရောက်ဗျာ ဘာဖြစ်သေးတုံး' ဟု ပါးစပ်က မပြောရဲပေမဲ့ စိတ်ထဲကတော့ ပြောဖြစ်အောင် ပြောလိုက်သေးသည်။

❑

သည်နေ့ ကျောင်းပိတ်ရက်ဖြစ်၍ အဖေက ကျွန်တော့်ကို လယ်တောသို့ ခေါ်သည်။ တစ်ယောက်က ကန်သင်းထပ်၊ တစ်ယောက်က ထယ်ထိုးရန် ဖြစ်သည်။ နွားအသစ်ကိုကိုင်ရန် ကျွန်တော့်ကို အဖေ စိတ်မချ။ ကျွန်တော်ကလည်း ထယ်ထိုးတတ်ပြီဖြစ်သော်လည်း ကျင်ကျင်လည်လည်ကျွမ်းကျင်သေးသည် မဟုတ်သဖြင့် အဖေက သူပဲ ထယ်ထိုးမည်ဟု ပြောသည်။

အဖေက မိုးခါဆိုလျှင် ထွန်ထွန်၊ ထယ်ထိုး၊ ကန်သင်းထပ်၊ ပေါင်းနုတ်စသည့်အလုပ်များ၊ ဆောင်းတွင်း စပါးရိတ်ရာသီဆိုလျှင်လည်း စပါးရိတ်၊ ကောက်လှိုင်းစည်း၊ ကောက်လှိုင်းတင် စသည့်အလုပ်များကို ကျောင်းပိတ်ရက်တိုင်း လယ်တောသို့ ကျွန်တော့်ကိုခေါ်ပြီး သင်လုပ်၊လုပ်စေသည်။ အဖေ့ရည်ရွယ်ချက်က ကျွန်တော် ပညာရေးဘက်တွင် မထွန်းကားခဲ့ပါက တောင်သူလုပ်ငန်းကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး အသက်မွေးနိုင်ရန်ဟု ဆိုသည်။ သို့သော် အဖေနှင့် မည်သည့်အလုပ်ကိုမျှ အတူတွဲမလုပ်ချင်ပါ။ စည်းကမ်းကလနားများလှသည့် အဖေနှင့် အလုပ်အတူတူတွဲလုပ်မည့်အစား ဆင်ဆယ်ကောင်ကိုသာ ရေထမ်းတိုက်လိုက်ချင်သေးတော့သည်။ လုပ်တာကိုင်တာ သူသဘောမကျ၍ ပြောပြီဆိုလျှင် မြင်းအီးပေါက်သလို မပြီးနိုင်။

တစ်ခါလာလည်း 'ဘာလုပ်လုပ် အကောင်းဆုံးဖြစ်အောင်လုပ်၊ ဘာလုပ်လုပ် အကောင်းဆုံးဖြစ်အောင်လုပ်' ဟု ပြောသည်ကလည်း ဖန်တစ်ရာတေ။ အဖေ သဘောမကျ၍ ဆူလေငေါက်လေ ကျွန်တော်က ပုံတော်ရာချော်တော့ငေါ့လုပ်လေ။ ယခုရေသွင်းထားသည့် လယ်ကွက်တွင် အဖေက ထယ်ထိုးနေ၏။ 'မင်း ကန်သင်းသွားထပ်ချေ' ဆို၍ ကျွန်တော် ပေါက်ပြားတစ်လက်ဖြင့် ကန်သင်းကို လေးကန်စွာ ထပ်နေသည်။ ကန်သင်းထပ်သည်ဆိုသည်မှာ နိမ့်သော ကန်သင်းနေရာကို မိမိလယ်အတွင်းမှ မြေကို ကော်ယူ၍ ထပ်ပိုးဖို့ခြင်း ဖြစ်သည်။

ထယ်ထိုးခြင်းအလုပ်ရော၊ ကန်သင်းထပ်ခြင်းအလုပ်ပါ နေပြင်းပြင်းမပူခင် သည်နေ့ပြီးလိုသည်ဟု အဖေ စောစောလေးကပင် ပြောထားသည်။ နွားသစ်သည် နေပြင်းပြင်းအပူမခံ။ နေစပ်ခနဲပူလိုက်သည်နှင့် အပြန်လမ်းဘက်သို့ အတင်းဆွဲတက်တတ်လေ့ရှိသည်။ နောက်ပြီး မနက်ဖြန် ဥပုသ်နေ့ဖြစ်ပြန်၍ အဖေက ဥပုသ်ကျောင်းလိုက်ဦးမည်။ သည်လို ဝါတွင်းရောက်တိုင်း အဖေသည် ဥပုသ်စောင့်ခဲ့သည်မှာ သူ့အသက် သုံးဆယ့်လေး၊ သုံးဆယ့်ငါးလောက်ကတည်းက ဟု အဖေပြောပြောနေ၍ ယခု လေးဆယ့်ငါး၊ လေးဆယ့်ခြောက်ဆိုတော့ နှစ်အတော်ကြာခဲ့ပြီ ဖြစ်သည်။ ဥပုသ်နေ့တိုင်းလည်း လယ်လုပ်ငန်းကို တစ်အိမ်သားလုံးနားစေသည်။ 'မအားလို့၊ မအားလို့ဆိုပြီး ဥပုသ်မစောင့်ရရင် လူ့လောကဘယ်တော့မှ အားမှာ မဟုတ်ဘူး' ဟု ပြောသည်။

လှူစရာရှိပါကလည်း အဖေ ဘယ်တော့မှ လက်မတွန့်။ ကျောင်းအုတ်တံတိုင်း ခတ်မည်ဆိုပါလျှင်လည်း 'ငါတော့ နှစ်ခန်းစာလှူဖို့ စာရင်းပေးခဲ့ပြီဟေ့' ဟု အမေ့ကို ပြောတတ်သည်။ ဇရပ်ဆောင်ဆောက်မည်ဆိုလည်း 'တပည့်တော်က အမိုးတာဝန်ယူလှူပါရစေဘုရား' ဟု ဘုန်းကြီးအားလျှောက်ပြီးသားဖြစ်သည်။ 'ငါတို့ ပိုက်ဆံချမ်းသာမှ လှူမယ်ဆိုရင် ဘယ်တော့ချမ်းသာမယ်ဆိုတာ ကြိုမှမသိတာ' ဟု အမေ့ကိုပြောတော့ အမေကလည်း 'ဟုတ်ပါ့တော်၊ တော်လှူစရာရှိလို့ကတော့ ကျုပ်ကို ဘယ်တော့မှ တိုင်ပင်မနေနဲ့ လှူသာလှူ' ဟု လင်မယားနှစ်ယောက် အချီအချက ညီကြသေးတော့သည်။

'အဖေရာ၊ ကိုယ်ချောင်လည်တာလည်း မဟုတ်ဘူး၊ ဝ,မရှိဘဲ ဝိလုပ် မလှူချင်စမ်းပါနဲ့။ ပိုက်ဆံတွေ နှမြောစရာ။ လှူလို့ ဘာအကျိုးထူးမှာကျနေတာပဲ' ဟု ကျွန်တော်က ပြောလိုက်တော့-

'ဘာကွ၊ မင်း ငရဲအိုးချိုးကပ်မယ့်ကောင်၊ မင်း ဒီစကားမျိုး နောက်ထပ်ဘယ်တော့မှ မပြောနဲ့' ဟု ဆိုကာ သောက်နေသော ရေနွေးကြမ်းပန်းကန်နှင့် ကျွန်တော့်အား ပစ်ပေါက်လိုက်သည်။ ကံကောင်း၍ မမှန်၊ ကံကောင်း၍ ရေနွေးပူမလောင်ခြင်း ဖြစ်သည်။

အဖေသည် ရောက်ကတည်းက မနားဘဲ ထယ်ထိုး



www.burmeseclassic.com

www.burmeseclassic.com

ရာ လယ်ကွက်တစ်ဝက်ကျော် ကျော်ခန့် ထယ်စပ်သွားလေပြီ။ ကျွန်တော်ကတော့ ဖင့်တိဖင့်နွဲ့ဖြင့် ကန်သင်းကို ထပ်သည်။ ဝါးတစ်ပြန်ပင် ပြီးမလားမသိ။ နောက်ထပ် ဝါးသုံးပြန်ထက်မနည်း ကျန်ဦးမည်။ အဖေသည် နွားကို အနားပေးရန် ကျွန်တော့်အနီးတွင်ပင် ထယ်ကို ရပ်လိုက်သည်။ နွားနှင်ကြိမ်တံကို လယ်ကွက်ထဲတွင် ထိုးစိုက်ထားခဲ့ပြီး ကျွန်တော့်အနီး မထပ်ရသေးသည့် ကန်သင်းအမာပေါ်သို့ ဖင်ထိုင်ချလိုက်၏။ ပြီး 'ကျွတ် ကျွတ် ကျွတ်'ဟု စုတ်ထိုးလိုက်သည်။ ခေါင်းကိုလည်း ဘယ်ညာစောင်း၍ ဇက်ချိုးလိုက်ရာ 'ဂျွတ် ဂျွတ်'ဟု မြည်သေးသည်။

'ကဲ··· နွားတွေ ခဏအနားပေးပြီးရင် မင်းတစ်လှည့်မောင်းကွာ၊ ထယ်ထိုးလည်း ပိုကျွမ်းကျင်တာပေါ့။ ငါတော့ ဖျားချင်သလိုလို ချမ်းစိမ့်စိမ့်နဲ့ ဒူးတွေညောင်း၊ မျက်လုံးတွေ စပ်ချင်လာတယ်'

အဖေကသာ ပြောနေသည်။ ကျွန်တော်က မကြားသလို တုဏှိဘောလုပ်နေလိုက်၏။ ကျွန်တော်ကလည်း အဖေ့ကို နည်းနည်းလေးတော့ မထီတရီလုပ်ပြရမှ နေသာထိုင်သာရှိသည်။ အကျင့်ပါနေပေပြီလား မသိ။ ခဏအကြာ-

'ကဲ··· နွားတွေလည်း အမောပြေသွားပါပြီ၊ မောင်းတော့ကွာ'။ သည်တစ်ကြိမ်လည်း မကြားဟန်ပြုနေပြလိုက်ပြန်သည်။ ထိုအခါ အဖေသည် ဘာမျှမပြောဘဲ ဝုန်းခနဲ ထ,၍ လယ်ကွက်ထဲသို့ ခြေကို ခပ်ဆောင့်ဆောင့် ခပ်မြန်မြန် ဆင်းသွားကာ ထယ်ထိုးလုပ်ငန်းကို ပြန်လည် စတင်ပါသည်။ ကျွန်တော်၏ မထီတရီလုပ်ရပ်ကြောင့် အဖေ ကျွဲမြီးတိုသွားပုံရသည်။ အဖေ သည်လိုခံစားသွားရသည်ကို ကျိတ်၍ ဝမ်းသာသေးသည်။ သဘောကျသည်။ ကျွန်တော် ဝမ်းသာသဘောကျသည်ကို အဖေများ သိ၍ကတော့ အကြမ်းပန်းကန်နှင့် အရင်တစ်ခါလို မပစ်ပေါက်ဘဲ ပါလာသည့် တောင်သူသုံးဓားနှင့် တောက်တောက်စဉ်းပစ်မည် ထင်၏။ ကျွန်တော်၏ ပြုံးစိစိဖြစ်နေသော မျက်နှာကို အဖေမမြင်အောင် အောက်ကိုငုံ့၍ အလုပ်လုပ်နေသည့်ဟန်ဆောင်ထားရသည်။ အဖေ့ကို ကန့်လန့်တိုက်လိုသောစိတ်က အရိုးစွဲနေပြီ ထင်၏။ ထို့နောက် ကျွန်တော်သည် အလုပ်လေးနည်းနည်းလုပ်လိုက်၊ ကန်သင်းပေါ် တက်ထိုင်လိုက်၊ နေကိုမော့ကြည့်လိုက် လုပ်နေလိုက်သည်။ အဖေကတော့ နောက်ထပ် လေးငါးပတ်မောင်းလိုက်လျှင် လယ်တစ်ကွက်လုံး ထယ်စပ်တော့မည်။

'ဝုန်း ဝုန်း ဝုန်း' အဖေ ထယ်ထိုးနေရာဆီမှ ရေထဲတွင် နွားခြေချသံ ခပ်ပြင်းပြင်းပေါ်လာ၍ အလန့်တကြားကြည့်မိသည်။ နွားသစ်သည် ရှာပြန်ရာလမ်းဆီသို့ အတင်းရုန်းဆွဲသွားသည်ကို မြင်ရ၏။ အဖေသည် နွားသစ်၏ နဖားကြိုးကို ကိုင်ထားသည့်လက်တစ်ဖက်ဖြင့် ဆောင့်၍ဆောင့်၍ ဆွဲနေ၏။ ကျန်လက်တစ်ဖက်က ထယ်ကို လဲမကျစေရန် ထိန်းကိုင်ထားနေသည်။ လက်လွှတ်၍မရ။ လက်လွှတ်လိုက်လျှင် ထယ်သွားက မြေကြီးပေါ် ပေါ်လာပြီး နွားများ၏ ခြေထောက်ကို ထိုးမိပေမည်။ နွားသစ်၏ နဖားသည် သန်လှသည်ဖြစ်၍ အဖေ၏ လက်တစ်ဖက်ဖြင့် ဆွဲသောအားကို နွားက မမှု။ နောက်ဆုံးဝယ် မည်သို့မျှ ဆွဲ၍မနိုင်တော့ဘဲ အဖေသည် ခြေလှမ်းဟန်ချက်ပျက်ကာ ရွှံ့ရည်ထဲတွင် လဲကျသွားလေသည်။ လက်တစ်ဖက်စီဖြင့် ကိုင်ထားသော ထယ်ရော၊ နွားကြိုးတို့ကို ဆွဲထားသော လက်ပါ လွှတ်ထွက်သွားပါတော့သည်။

လဲကျလွှတ်ထွက်သွားသည်နှင့် ထယ်သွားဝင်းဝင်းကြီးက ရေပေါ်သို့ ထောင်တက်လာသည်။ ထောင်တက်လာသော ထယ်သွားကြီးက နွားသစ်ကြီး၏ ခြေထောက်နှင့် ပွတ်ကာသီကာဖြစ်နေသည်။ အဖေသည် လဲကျရာမှ ကုန်း၍ထ,နေစဉ် နွားများသည် လယ်ကန်သင်းနားသို့ ရောက်သွားပြီး နွားသစ်က လယ်ကန်သင်းပေါ်သို့ အတင်းဆွဲတက်လိုက်သည်။ တစ်ဖက်နွားက လယ်ကွက်ထဲတွင်။ ချက်ချင်းဆိုသလို နွားသစ်သည် ကန်သင်းပေါ်ရောက်သည်နှင့် ဗုန်းခနဲ လဲကျသွားတော့သည်။

ထိုအခါမှ ကြောင်အမ်းအမ်းဖြင့် မှင်တက်၍ ကြည့်နေမိသော ကျွန်တော်သည် သတိဝင်ပြီး နွားများရှိရာသို့ ကျွံသည့် လယ်ကွက်ထဲမှ ဖြတ်ကာ ဝုန်းဂျမ်းဝုန်းဂျမ်းဖြင့် ပြေးသွားရသည်။ လဲကျရာမှ ကုန်းထ,လာသည့်အဖေနှင့် ကျွန်တော်သည် နွားများအနီးသို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်ရှိသွားကြရာ နွားသစ်၏ ဘယ်ခြေထောက်က ဆတ်ဆတ် ဆတ်ဆတ်နှင့် တုန်နေသည်ကို တွေ့ကြရသည်။ နွားသည် မထ,နိုင်။ ခြေထောက် ထယ်ရှသွားလေပြီလား။ ဟုတ်သည်။ ရွှံ့ရည်များ ပေကျံနေသည့် ခွာ၏အထက်နားစက သွေးများ စိမ့်ထွက်နေသည်ကို မြင်လိုက်ကြရသည်။ သေချာကြည့်လိုက်တော့ ထယ်ဒဏ်ရာသည် ခွာကိုပြတ်လုမတတ် ဟက်ပက်ကြီးဖြစ်နေသည်ကို တွေ့လိုက်ရသည်။ သားအဖနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။

နွားသစ်သည် 'ဂဝူး ဂဝူး'နှင့် နှာကို မပြတ်တမ်းမှုတ်၍ ခန္ဓာကိုယ်က လှုန့်နေ၏။ သားအဖနှစ်ယောက် ထယ်ဦး၏ ရှေ့သို့ သွားကြပြီး နွားထမ်းပိုးတုံးကို အမြန်ဖြုတ်လိုက်ကြသည်။ ထိုအချိန် နွားသစ်၏ ဂဝူး ဂဝူး မြည်သံမှာ ပို၍ စိပ်လာပြီး အသံမှာလည်း ပိုကျယ်လာသည်။ အဖေက လဲနေသည့် နွားသစ်ကို တစ်ပတ်ပတ်၍ အကဲခတ်လိုက်သည်။

'ဟာ သွားပြီဟေ့'

ကျွန်တော်သည် ဒေါပါလိမ့်ဟူသော အကြီးဖြင့် အဖေ့မျက်နှာကို ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။

'အောက်က ငှတ်ချွန်က ဗိုက်ကိုစူးဝင်သွားပြီကွ၊ တစ်တောင်လောက်တောင် က၊ မယ်မထင်ဘူး'

ကန်သင်းပေါ်က ရှားပင်ကို ငါးမန်းဖြင့် ဖြတ်လှဲထား၍ အစက တုံးတိတိဖြစ်သော်လည်း ထင်းခွေသူတို့က ပုဆိန်ဖြင့် ပေါက်ထွင်ဖွဲ့ယူထားသဖြင့် အချွန်အတက်များဖြစ်နေသည့် ငှတ်ချွန်ဖြစ်သည်။ နွားသစ်ကြီးသည် ခြေထောက်တွင် ထယ်သွားထိထားသည့်ဒဏ်ရာ၊ ဗိုက်ကိုဖောက်ထွက်မတတ် စူးဝင်နေသော ငှတ်ချွန်တန်းလန်း၏ဒဏ်ရာတို့ကြောင့် မျက်လုံးကြီးများ ပြူးထွက်ကာ ပါးစပ်မှ သွားရည်များပင်တွဲကျနေတော့သည်။ မချိမဆန့်ခံစားရ၍ ဂရူး ဂရူးနှင့် အော်နေသံသည် စောစောကလောက် မပြင်းထန်တော့။ မကြာလှသောအချိန်အတွင်းတွင် ကျွန်တော်တို့ မျက်စိအောက်၌ ဇီဝိန်ချုပ်သွားပါတော့သည်။

အဖေသည် သေသွားသည့် နွားသစ်ကြီးကိုကြည့်ပြီး-

'အင်း… လူမိုက်တို့ရဲ့ သွားရာလမ်းကတော့ ဒါပါပဲ'ဟု နှုတ်က ရွတ်လိုက်သည်။ အဖေ ဘာကြောင့် နွားမိုက်ကို လူမိုက်ဟု ပြောပါသနည်း။ ယောင်မှားပြောခြင်းလား။ ဤသို့ပြောလိုက်ခြင်းကို တဖြည်းဖြည်း စဉ်းစားလိုက်သောအခါ ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ အဖေသည် ချွေးသီးချွေးပေါက်များ တွဲလွဲခိုတုန်ယင်နေသော သွေးလက်ဖြင့်ပွင့်နေသော နွားသေ၏ မျက်လုံးများကို ဖိ၍ပိတ်လိုက်ပါသည်။

ထိုအခိုက်ဝယ် အဖေ့ကို သနားစိတ်ဝင်လာသည်။ နွားဖိုးမှမကျေသေး၊ ယခု သေရပြန်ပြီ။ လယ်တွေ စိုက်ရက်၊ ပျိုးရက်မီအောင်လုပ်ရဦးမည်။ အားနာတတ်သော အဖေသည် ရွာဆွေရပ်မျိုးတို့က ငှားပေးသော နွားနှင့်လည်း လုပ်မည်မဟုတ်။ ရရာနွားကို အဖေ ဝယ်ပေဦးမည်။ သည်တော့ ငွေကလိုဦးမည်။ ငွေလိုတော့ ငွေရှင်တို့ဆီက အတိုးနှင့် ယူရပေဦးမည်။

'ငါ့မှာတော့ အပင်ပန်းခံ ကျောင်းထား၊ မင်းကတော့…'ဟူသည့် အဖေ့စကား။

'မင်းကို ငါတို့လို မအ, စေချင်လို့ ကျောင်းထားတာ' ဆိုသော အဖေ့စကားများက ကျွန်တော့်နားထဲ ကြားယောင်လာသည်။

'အင်း… ရွာက ဖိုးခက်၊ မြမောင်၊ ငသိန်းတို့လမ်းအတိုင်း လိုက်သွားတဲ့ နွားငမိုက်ကြီးရေ၊ မင်းရဲ့တဇောက်ကန်း တစ်ယူသန်စိတ်၊ ဂျစ်ကန်ကန်စိတ်တွေကို သည်ဘဝမှာပဲ ထားခဲ့တော့ကွာ'ဟု ပြောပြီး ကျွန်တော့်ဘက်လှည့်ကာ-

'ကဲ… ကဲ မင်း ရွာထဲက လူနှစ်ယောက်လောက် ပြန်ခေါ်ချေ။ နွားသေကို မြေမြှုပ်ရအောင်'

'ဟုတ်ကဲ့ အဖေ'

သည်တစ်ချီတွင် အဖေပြောသည့်စကား၊ ခိုင်းသည့်အလုပ်ကို ချက်ချင်းပင် 'ဟုတ်ကဲ့အဖေ'ဟု တုံ့ပြန်နာခံလျက်သားဖြစ်သွားသည်။ ထိုအခါ အဖေသည် ကျွန်တော့်အား အတန်ငယ်စိုက်ကြည့်နေသည်။ အဖေ့မျက်ဝန်းထဲ၌ အုံ့ဩခြင်းအရိပ်၊ ဝမ်းသာခြင်းအငွေ့၊ ပီတိဖြစ်သည့်အရောင်များအပြင် ပြုံးယောင်သန်းသွားသောပါးစပ်ကို မြင်တွေ့လိုက်ရသည်။

'ဒါဆို အခုပဲသွားလိုက်တော့မယ်နော် အဖေ'

'အေး… အေး'

ကျွန်တော်၏ ရွာအပြန်လမ်းဝယ် စောစောလေးကပဲ အဖေ ယောင်မှားပြောလိုက်သည်လားမသိသည့် လူမိုက်တို့ရဲ့ သွားရာလမ်းဟူသော စကားကို ကြားယောင်နေသည်။ နွားသစ်၏ ဂျစ်ကန်ကန်စိတ်ဓာတ်၊ ထော်လော်ကန့်လန့်စိတ်ဓာတ်၊ ဆုံးမလျှင် မနာခံသောဉာဉ်တို့သည် သူ့သား ကျွန်တော့်စိတ်ဓာတ်နှင့် ထပ်တူဖြစ်နေခြင်းကြောင့် အဖေ့အာရုံတွင် ကျွန်တော့်ကိုသာစွဲနေပြီး ယောင်မှားပြောဆိုမိခြင်းဖြစ်မည်မှာ သေချာသလောက်ဖြစ်သည်ဟု တွေးလာခဲ့သည်။

နောက်ပြီး ရွာထဲက ကိုဖိုးခက်သည် သူလိုရာမရလျှင် မိခင်ကို ဓားနှင့်လိုက်လေ့ရှိရာ ယခုတော့ ကိုဖိုးခက် ရေနစ်သေခဲ့ပြီ။ တွေ့ရာလူကို အရက်မူးပြီး နှောင့်ယှက်ရန်လိုတတ်သည့် ကိုမြမောင်လည်းပဲ သူတစ်ပါး၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရပြီးပြီ။ ထို့ပြင် နေ့ညမစဲ သေရည်ကို တသောက်တည်းသောက်ပြီး မိဘနှင့် ဇနီးသားသမီးတို့အား စိတ်မချမ်းမြေ့အောင် ကျီတိုက်၊ ရန်လုပ်တတ်သည့် ကိုငသိန်းကတော့ မနေ့တစ်နေ့ကပင် ထန်းပင်ပေါ် ထန်းရည်တက်ချရင်း လိမ့်ကျသေဆုံးခဲ့ပြီကော။ သူတို့ အားလုံးသည် နွားကြီး၏ဘဝ နိဂုံးအဆုံးသတ်ပုံနှင့် တူနေ၍ ကျွန်တော့်ကို သင်ခန်းစာယူနိုင်ဖို့ အဖေက သူ၏ ဘာသာရေးအသိပညာ၊ အဖေတိုင်း၏ သဘာဝအသိပညာဖြင့် နှိုင်းယှဉ်ဆုံးမ ပညာပေးလိုက်ခြင်း ဖြစ်တန်ရာသည်ကို ကျွန်တော် သိလိုက်ပြီဖြစ်သည်။ မတောက်တခေါက် ခေတ်ပညာလေးဖြင့် အဖေ့ကို အထင်မြင်သေးခဲ့သော ကျွန်တော်သည် ခေတ်ပညာ မတတ်သော်လည်း ဘဝပေး အသိများစွာနှင့် ဘာသာရေး အသိများစွာတို့ကို ရောမွှေတတ်မြောက်ရင့် ကျက်နေသော အဖေကို သား လုံးဝလေးစားအထင်ကြီးသွားပါပြီ။

'အဖေရယ် စိတ်ချပါ။ ဒီကရှေ့လျှောက် အဖေ့စကားများကို သား နားထောင်ပါတော့မယ်။ သား အဖေ့ကို နှစ်နှစ်၊ သုံးနှစ်လောက် ကလန် ကဆန် လုပ်ခဲ့တာတွေကို ဒီနေ့ပဲ ရပ်ပါတော့မယ် အဖေ။ မိုက်လမ်းဆီကို ဦးတည်နေပြီဖြစ်တဲ့ သားကို အဲသည်မိုက်လမ်း ကနေ ဆွဲလှည့်ပေးတဲ့ အဖေ့အတွက် သား ဒီနေ့က စပြီး ကျောက်ကောင်းတစ်စေ့ ဖြစ်ပြီလို့သာ မှတ်လိုက်ပါတော့ အဖေ'ဟု ကျွန်တော်သည် စိတ်ထဲကနေ တွေးပြီး ပြောလိုက်သော်လည်း ပါးစပ်မှ အသံကျယ်ကျယ် ထွက်မသွားပါတော့သည်။ ■

**သိန်း[illegible]ဝင်း၊ဒီပဲယင်း၊**



www.burmeseclassic.com

www.burmeseclassic.com

# ရှုဖွယ်

၂၀၁၀ ခုနှစ်
ဇွန် ၁၀ ရက်မှ
၂၀၁၀ ခုနှစ်
ဇူလိုင်
၁၃ ရက်အထိ

(၁) ငွေအောင်စိန်(အင်းမ) *ဟိုးတဘက်ကမ်းမှာဖြင့် အရင်ကလို သာသာယာယာ* ၊-၊ (၂) မေနန်းမောင် *လမ်းပေါ်ရောက်တဲ့ဖား* ၊ရန်ကုန်၊ (၃) ငြိမ်းသခင် *တိမ်ယံ ထက်က စန္ဒယားသံ* ၊ရန်ကုန်၊ (၄) လင်းသပြေမောင် *နေရာမှားနေတဲ့ ထောင့်ချိုးများ* ၊ပုဏ္ဏားကျွန်း၊ (၅) မလေး(ယော) *ဘယ်သူလာကူပ့ါ* ၊မကွေးမြို့၊ (၆) သက်ငြိမ် *သူပုန်သား* ၊ကချင်ပြည်နယ်၊ (၇) အက္ခရာကို *ကြယ်ကြွေညရဲ့ ဟိုဘက်ခြမ်းမှာ* ၊ထိုင်းနိုင်ငံ၊ (၈) ဇော်ခင်စိမ့် *လောင်မီးပိုး* ၊E-mail၊ (၉) နေမျိုးလင်း *Message(မက်ဆေ့ဂျ်)* ၊-၊ (၁၀) စန်း *လွတ်မြောက်ချိန်* ၊-၊ (၁၁) ကိုဇော်(နွေဦးသြ) *ဘဝရဲ့ခရီးသည်များ* ၊ဟသ်ာတ၊ (၁၂) လင်းသစ် *အရောင်ပြောင်းလဲခြင်း မနက်ဖန်* ၊ရန်ကုန်၊ (၁၃) ကိုဇော်(နွေဦးသြ) *သုံးလွန်းတင်မှကြိုး…* ၊ဟသ်ာတ၊ (၁၄) မိလူသွေး *မျောက်တစ်ကောင် လျှော့ဈေးနှင့်ရောင်းမည်* ၊ရန်ကုန်၊ (၁၅) ချစ်ဦးသူ(လက်ပုကန်) *အဝိဇ္ဇာ* ၊စစ်ကိုင်း၊ (၁၆) ကိုးငယ်မင်း *အသွေးအသား ဆာလောင်ကြသူများ* ၊နေပြည်တော်၊ (၁၇) အေးမင်းထွန်း၏ *ရွှေသိုင်းဝင့်ချီ မိုးရင့်သီလည်း* ၊E-mail၊ (၁၈) ယုလေး(ဥပဒေ) *အမေချစ်တဲ့ဘောလုံး* ၊မန္တလေး၊ (၁၉) အောင်ကျော်စိုး(ကေအေအေ) *ကိုယ့်စည်းနှင့်ကိုယ်* ၊ရန်ကုန်၊ (၂၀) စံကားဝါ(ရွှေမိုး) *အကျိုးလို၍ ညောင်ရေလောင်းခဲ့ခြင်း မဟုတ်ပါ* ၊ကချင်ပြည်နယ်၊ (၂၁) သက်နှင်းသန့် *အမှန်းတော်ခံ* ၊စစ်ကိုင်း၊ (၂၂) လင်းရောင်စင်(ဇီးကုန်း) *ရွှေတံခါးလေး ဖွင့်ပေးပါ* ၊E-mail၊ (၂၃) နောင်ရိုးနွယ်(မုံရွာ) *အမှောင်* ၊ရန်ကုန်၊ (၂၄) ဆန်းငယ်သွေး(ပုတီးကုန်း) *မှန်တာပြောတဲ့ ကိုသစ္စာ* ၊ပဲခူးတိုင်း၊ (၂၅) အောင်ကျော်စိုး(ကေအေအေ) *တင်ပြလိုသော အကြောင်းအရာတစ်ခု* ၊ရန်ကုန်၊ (၂၆) ထက်လွင် *ဖွတ်တရွတ် မှောင်ရိပ်ခိုသွားတဲ့ညနေများ* ၊E-mail၊ (၂၇) တေဇလင်း(နည်းပညာတက္ကသိုလ်) *အကြွေကောက်ကြယ် အကြွေကောက်ကြယ်* ၊E-mail၊ (၂၈) မောင်ပိုင်(လေးမျက်နှာ) *သူသည်သာလျှင် ခါးပိုက်နှိုက်စစ်စစ်ဖြစ်ပါကြောင်း* ၊ရန်ကုန်၊ (၂၉) လူမင်းအံ့(ဖြူး) *သစ်ပုံ* ၊မြိတ်မြို့၊ (၃၀) ရိုး *ကြိုး* ၊ပဲခူးတိုင်း၊ (၃၁) နွေနှောင်း(မေယုမြေ) *ရင်းဖျား ဘယ်သို့ခွဲပ့ါမယ်* ၊ရခိုင်ပြည်နယ်၊ (၃၂) နေခြည်(ကြီးနီ) *ယောက္ခမခေါင်းပေါ် ဓားမိုးထားမယ်* ၊မကွေးတိုင်း၊ (၃၃) မိုးသောက်ထွန်း *ဆန္ဒနှစ်ခုဏ် ဆုံတွေ့ရာ* ၊ဘိုကလေး၊ (၃၄) ဆူးကြယ်စင် *ဟိုဘက်အိမ်က ဦး* ၊-၊ (၃၅) မိုးယံဝင့်ထည် *ရွှေပါးစပ်* ၊ရန်ကုန်၊ (၃၆) ကိုးငယ်မင်း *ပင်လယ်ဝှက်သော နှင်းဆီ* ၊နေပြည်တော်၊ (၃၇) အေးချမ်းအိမ် *လရောင်အောက်မှာ ဝေဝါးစွာဖြင့်* ၊ရန်ကုန်၊ (၃၈) မြကေခိုင် *ကိုကာ ကိုလာ* ၊ရန်ကုန်၊ (၃၉) မြကေခိုင် *အိမ်နောက်ဖေးနီးချင်း* ၊ရန်ကုန်၊ (၄၀) မေသနပ်ခါး *သံသရာတကြော့မယ်* ၊ရန်ကုန်၊ (၄၁) မေဝ္တာမိုးနှင်း(ပဲခူး) *အပြောင်မြောက်ဆုံးလက်ရာ* ၊ပဲခူး၊ (၄၂) ရွှေသူရန္ဒ(ထားဝယ်) *ပြောင်းလဲတတ်သော နှောင်ဖွဲ့မှုများအကြောင်း* ၊ရန်ကုန်၊ (၄၃) လင်းသပြေမောင် *ရပ်နေတဲ့ နာရီတစ်လုံးအကြောင်း* ၊ပုဏ္ဏားကျွန်းမြို့၊ (၄၄) လင်းသစ် *သားအတွက်ကျတဲ့ အဖေ့မျက်ရည်* ၊ရန်ကုန်၊ (၄၅) သက်ငြိမ် *အရူးတစ်ယောက်* ၊ကချင်ပြည်နယ်၊ (၄၆) သွဲ့ဒီနွယ် *အဝေးများ* ၊ရန်ကုန်၊ (၄၇) အိဝေအောင်(ပုလဲမြေ) *ပြောင်းလဲခြင်း သီအိုရီ* ၊ကောလင်းမြို့နယ်၊ (၄၈) အိဝေအောင်(ပုလဲမြေ) *ရင်ဘတ်ထဲက စစ်ပွဲတစ်ရာ* ၊ကောလင်းမြို့နယ်၊


■

*ဖြိုးဖြိုးခိုင် ပြုစုသည်။*



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၄၅၊ ဩဂုတ်၊ ၂၀၁၁
ရွှေအမြုတေ
ရုပ်စုံမဂ္ဂဇင်း

## အ ခန်း ဆက် ဝ တ္ထု ရှည်

**တောင်တွေပေါ်က တိမ်**

အော်ရဲပူရှာကို ရောက်စ,တုန်းက
'ငါ့ပုဆိုးကျိုးသွားပြီ'လို့ သူပြောတော့
ဘာကြောင့်ရယ်မသိဘူး၊ တအားရယ်(ရီ)နေတာကို
သူကောင်းကောင်း မှတ်မိနေသေးတယ်။
သူ အော်ရဲပူ အခေါင်မှာ
စ,နေတုန်းကလည်း 'အော်ရဲပူနာရီက
သေတာကြာပြီလား။
ခုတ်ခဲ မလဲတော့ဘူးလား'လို့ မေးမိတယ်။
အဲဒီတုန်းကလည်း အော်ရဲပူ
တအားရယ်တာပဲ။ သူ တစ်ခုခုပြောလိုက်တိုင်း

အော်ရဲပူတစ်ယောက် ဘာကြောင့်
ရယ်ရယ်နေသလဲဆိုတာ
သူ တကယ်စဉ်းစားလို့ မရခဲ့ဘူး။
ခုနေချိန်များ သူ့ကို အော်ရဲပူပြန်တွေ့ရင်
သူပြောတဲ့စကားတွေကို ကြားတိုင်း အရင်လို
ဟက်ဟက်ပက်ပက် ရယ်မောနေဦးမလားဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



# တောင်တွေပေါ်က တိမ်
# တိမ်တွေပေါ်က လမ်း

ရဲရင့်လုံ [ဆေး-မန်း]

သူတို့ တောင်ပေါ်ဒေသမှာတော့ အခုအချိန်ထိ ဗမာစကားကို မပြောတတ်ပြောတတ်နဲ့ ပြောနေ ဆိုနေကြတုန်းပါပဲ ခန္ဓာကိုယ်မှာ ဝတ်ထားတဲ့ ပုဆိုးဆိုရင် 'စုတ်တယ်၊ ပြဲတယ်'လို့ မပြောတတ်ကြဘူး 'ပုဆိုးကျိုးတယ်'လို့ပဲ ပြောကြတယ်

သူ တကယ်မပြောတတ်ပါဘူး။

❑

၁။

သူတို့ တောင်ပေါ်ဒေသမှာတော့ အခုအချိန်ထိ ဗမာစကားကို မပြောတတ်ပြောတတ်နဲ့ ပြောနေ ဆိုနေကြတုန်းပါပဲ။ ခန္ဓာကိုယ်မှာ ဝတ်ထားတဲ့ ပုဆိုးဆိုရင် "စုတ်တယ်၊ ပြဲတယ်"လို့ မပြောတတ်ကြဘူး။ "ပုဆိုးကျိုးတယ်"လို့ပဲ ပြောကြတယ်။ "နာရီရပ်တယ်"လို့ပြောရင် ဘယ်သူမှ နားမလည်ကြဘူး။ နာရီတစ်လုံးရဲ့ စက္ကန့်၊ မိနစ်၊ နာရီလက်တံတွေအားလုံး မလှုပ်ရှားတော့ရင် "နာရီသေပြီ"လို့ ပြောကြတယ်။ ပြီးတော့ ပြိုင်ပွဲတစ်ခုမှာ



www.burmeseclassic.com

www.burmeseclassic.com

ဘောလုံးအသင်းရှုံးလို့ ထွက်လိုက်ရပြီဆိုရင်လည်း 'ဘောလုံးအသင်း သေပြီ' လို့ပဲ ပြောကြတယ်။

သူတို့ရွာမှာ ဒီနေ့အထိ ပြောစမှတ် တွင်နေတာတစ်ခုလည်း ရှိသေးတယ်။ ရွာကလူတွေ ဖျားကြနာကြရင် မြေပြန့်က ခါမ်းပါတ်ဆေးရုံမှာ သွားပြကြရတယ်။ ရွာက ကပူးတစ်ယောက်နေမကောင်းဖြစ်ပြီး ဆေးရုံသွားပြတော့ ဆရာဝန်ကရောဂါအကြောင်း မေးတယ်။ ဆရာဝန်က ကော်သဲ(ဗမာ) ဆရာဝန်။ မေးရင်းမေးရင်း ကပူးက ဗမာလို မဖြေတတ်တော့ဘဲ ဇောချွေးတွေပြန်လာတယ်။ နောက်ဆုံးတော့ ဘယ်လိုမှ မပြောတတ်တဲ့အဆုံး ဆရာဝန်ကိုပြောလိုက်တယ်။ 'ကေးမှာ ဗမာစကားကုန်ပြီ'တဲ့။ ဆရာဝန်ကလည်း ရယ်ပြီး ပြန်ပြောတယ်။ 'ကျွန်တော်လည်း ချင်းစကား ကုန်ပြီဗျာ'တဲ့။ အခုထိ အဲဒီအကြောင်းကို ရွာမှာ ရယ်စရာတစ်ခုလို ပြောနေကြတုန်းပဲ။

အော်ရဲပူ ရောက်စတုန်းက ရွာထဲမှာ 'ဒီတစ်ခါ ရောက်လာတဲ့ အော်ရဲပူက ငယ်တယ်'လို့ ပြောကြတယ် (အော်ရဲပူဆိုတာ သူတို့ဘာသာစကားနဲ့ 'ဆရာကြီး'လို့ အဓိပ္ပာယ်ရတယ်။)။ ပြီးတော့ ထုံးစံအတိုင်း 'အခု ရှေပါး (ဆရာပါး)လည်း ဘယ်နှလခံမလဲ'ဆိုပြီး တီးတိုးဝေဖန်ခဲ့ကြသေးတယ်။ သူတို့ရွာက ကျောင်းဆရာ မမြဲဘူး။ ပြောလို့သာပြောရတယ်၊ သူတို့တောင်ပေါ်ဒေသက သွားရေးလာရေး ခက်ခဲတော့ ကျောင်း

> မဲ့သွီကို
> ဆရာတွေ
> အားလုံးလိုလို
> မသောက်နိုင်ကြဘူး
> ဆိုတော့
> သူ
> နည်းနည်းတောင်
> အံ့ဩမိတယ်
> တောင်ပေါ်မှာ
> အသီးအရွက်
> ဆိုတာမျိုးက
> လိုချင်တိုင်း
> ရတာ
> မဟုတ်ဘူး
> သူတို့အဖို့
> ထမင်းဝိုင်းမှာ
> မဲ့သွီပါတဲ့နေ့ဟာ
> ကံကောင်းတဲ့နေ့ပဲ

ဆရာတွေက ရေရှည်ဒုက္ခမခံနိုင်ကြဘူး။ သူတို့ရွာကလေးဆီ တာဝန်ကျပြီး ရောက်ရှိလာတဲ့ ကျောင်းဆရာတွေ အစဉ်အဆက် ပြောခဲ့ကြတဲ့ စကားတစ်ခွန်းရှိတယ်။

'ဒီလိုနေရာဒေသမျိုးကို တာဝန်ကျတယ်ဆိုတာ ရာထူးလျှော့ပြီး ပြစ်ဒဏ်ပေးခံရသလိုပဲ'

ပြီးတော့ ဆရာတွေ ရောက်ရောက်ချင်း 'ဆန်ကလည်း သိပ်ကြမ်းတယ်' လို့ ညည်းကြတယ်။ မြေပြန့်က လူတွေဆိုတော့ သူတို့စားတဲ့ တောင်ပေါ်ဆန်ကို မစားနိုင်ကြဘူး။ တောင်ပေါ်ဆန်က အလုံးကြီးပြီး မာတယ်။ ပြီးတော့ ကြမ်းလည်းကြမ်းတယ်။ တောင်ပေါ်သားတွေက စားနေကျဆိုတော့ လက်တစ်ဖက်က ရေခွက်ကိုင်၊ ထမင်းကို အံကြိတ်မျိုချနေကြတဲ့ ဆရာတွေကို ကြည့်ပြီး ရယ်ရမလို ငိုရမလိုဖြစ်မိကြတယ်။

တောင်ပေါ်သားတွေက အသားဆိုလည်း အရွက်တစ်ခုခုနဲ့ ရောနှောပြီး ပြုတ်စားကြတယ်။ ဟင်းချက်တိုင်း ဆားခတ်ချက်တဲ့သူလည်း နည်းတယ်။ အဲဒါနဲ့ ရွာကို ကျောင်းဆရာအသစ်ရောက်လာတိုင်း ဟင်းခွက်ဘေးမှာ ခွက်ကလေးတစ်လုံးနဲ့ ဆားပုံ ပေးထားရတာကလည်း အစဉ်အလာတစ်ခုလို ဖြစ်လာခဲ့တယ်။

ရွာကလူတွေ ချက်ကျွေးတဲ့ မဲ့သွီ(ဟင်းချို)ဆိုလည်း ဘယ်ဆရာမှ ကောင်းကောင်း မသောက်နိုင်ကြဘူး။ ဟင်းချိုဆိုတာက မီးဖိုပေါ် ဒယ်အိုးတင်၊ ရေထည့်ပြီး ရေဆူလာရင် နောက်ဖေးစိုက်ခင်းထဲက ဟင်းရွက်ခူးပြီး ပစ်ထည့်လိုက်တာပဲ။ အရွက်ကျက်လောက်ပြီဆို ဒယ်အိုးကို မီးဖိုပေါ်ကချလိုက်တယ်။ သူတို့အဘိုးအဘွားတွေခေတ် ကတည်းက မဲ့သွီကို အဲဒီလိုချက်ခဲ့ကြတယ်။ အဲဒီ မဲ့သွီကို ဆရာတွေအားလုံးလိုလို မသောက်နိုင်ကြဘူးဆိုတော့ သူနည်းနည်းတောင် အံ့ဩမိတယ်။ တောင်ပေါ်မှာ အသီးအရွက်ဆိုတာမျိုးက လိုချင်တိုင်းရတာ မဟုတ်ဘူး။ သူတို့အဖို့ ထမင်းဝိုင်းမှာ မဲ့သွီပါတဲ့နေ့ဟာ ကံကောင်းတဲ့နေ့ပဲ။

အရင်က ကျောင်းဆရာဆိုလို့ ရယ်စရာတစ်ခု ပြောရဦးမယ်။ ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာကတော့ ကိုယ်တွေ့မဟုတ်လို့ သူလည်း သေချာမပြောနိုင်ဘူး။ ရွာက လူကြီးတွေ ပြောပြလို့ သူလည်း ပြန်ကြားရတယ်။

ရွာမှာ မူလတန်းကျောင်း စ,ဖွင့်တဲ့နှစ်မှာ မြေပြန့်က ကျောင်းဆရာတစ်ယောက် တာဝန်ကျပြီး ရွာကိုရောက်လာတယ်။ အဲဒီတုန်းက ရွာဆီကို အခုလို ဆိုင်ကယ်လမ်း မပေါက်သေးဘူး။ ရွာကလူတွေ ခါမ်းပါတ်အထိ ဆင်းပြီး ဆရာကို သွားကြိုကြတယ်။ ကျောင်းဆရာရဲ့ အထုပ်အပိုးတွေကို ရွာကလူတွေက ဝိုင်းသယ်ကြတယ်။

ခြေလျင်တက်ရမယ်လို့ ထင်မထားတဲ့ ကျောင်းဆရာလည်း ချွေးပြိုက်ပြိုက်ကျပြီး လမ်းမှာ ခဏခဏနားရတယ်။ အဲဒီဆရာက 'မှားပြီ၊ မှားပြီ။ လာမိတာမှားပြီ'၊ ချွေးသုတ်ရင်း ခဏခဏပြောတာပေါ့။ လမ်းလျှောက်တောင်တက်ပြီး ခရီးဆက်ခဲ့ကြတာ မိုးကြီးချုပ်မှ ရွာကိုရောက်ကြတယ်။ ရွာကိုလည်းရောက်ရော အဆောင်ကို လိုက်ပို့ကြတယ်။ အဆောင်မှာ ခဏထိုင်ပြီး အမောပြေလောက်တော့ ကျောင်းဆရာက မေးတယ်။ 'တီဗွီရှိလား'တဲ့။

'မရှိဘူး'လို့ ပြန်ပြောတော့ ဆရာ့မျက်နှာ ပျက်သွားတယ်။ အဲဒါနဲ့ လူကြီးတွေလည်း ပျာယီးပျာယာတွေ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၊ စိတ်တွေပူပြီး 'နောက်နေ့ ရရပါစေမယ်' လို့ ဝိုင်းပြီး အာမခံကြတယ်။ ရွာရဲ့ ပထမဆုံး မူလတန်းကျောင်းနဲ့ ပထမဦးဆုံး ကျောင်းဆရာဆိုတော့ ရွာကလူတွေက အများကြီးမျှော်လင့်ထားကြတယ်။ ရွာကို ရောက်လာတဲ့ ကျောင်းဆရာကို ဘယ်လိုပဲဖြစ်ဖြစ် စိတ်ပျော်အောင်ထားမယ်ဆိုပြီး အားလုံးက ဆုံးဖြတ်ထားကြတယ်။

အဲဒီလိုနဲ့ နောက်တစ်နေ့ မနက်မိုးမလင်းခင် မြေပြန့်က ခါမ်းပါတ်အထိ ပြန်ဆင်းပြီး ရွာထဲအနှံ့ လိုက်ရှာဝယ်ကြတယ်။ အဲဒီတုန်းက ခါမ်းပါတ်က မြို့မဖြစ်သေးဘူး။ တစ်နေကုန် လိုက်ရှာပေမဲ့ ဘယ်လိုမှ ဝယ်မရကြဘူး။ စိတ်ညစ်ညစ်နဲ့ပြန်လာကြပြီး ရွာလူကြီးကို ရှာမရတဲ့ အကြောင်း ပြန်ပြောကြတယ်။ အဲဒါနဲ့ ကျောင်းဆရာကို သေချာအောင် ပြန်မေးကြည့်ကြတော့ 'တီဗွီဆိုတာ ရုပ်မြင်သံကြားစက်' လို့ ပြန်ဖြေတယ်။ ခါမ်းပါတ်အထိ ဆင်းရှာတဲ့ လူတစ်ယောက်က 'ငါတို့က စားစရာမှတ်လို့' ဆိုပြီး ပြောတော့ ဆရာလည်း ပါးစပ်ကြီးပွင့်ပြီး အူတိအူကြောင်ဖြစ်သွားတယ်လို့ ပြောကြတယ်။

ရွာကို ကျောင်းဆရာ အသစ်ရောက်လာတိုင်း အဲဒီအဖြစ်အပျက်ကို ပြန်ပြီးပြောကြတယ်။ အခု အသစ်ရောက်လာမယ့် အော်ရဲပူက ရွာကို လေးကြိမ်မြောက် ပြောင်းရွှေ့ရောက်ရှိလာတဲ့ အော်ရဲပူ။ အခုတော့ သူတို့ရွာထဲမှာ တီဗွီလို့ခေါ်တဲ့ ရုပ်မြင်သံကြားစက်တွေ အတော်ကို ပေါပေါများများ ရှိနေပါပြီ။

❑

၂။

ရွာကို ပထမဦးဆုံး ရောက်လာတဲ့ အဲဒီ အော်ရဲပူလည်း သိပ်အကြာကြီးမခံလိုက်ဘူး။ အဲဒီ အော်ရဲပူက ကော်သဲဆိုတော့ စာသင်ရတာလည်း အခက်တွေ့တယ်လို့ ခဏခဏပြောတယ်။ မြေပြန့်က လာတဲ့သူဆိုတော့ တောင်ပေါ်ဆန်ကို အကြာကြီး မစားနိုင်တာလည်း ပါမယ်လို့ ရွာကလူတွေက ပြောခဲ့ကြတယ်။ စာသင်ကာလ ရှစ်လ မပြည့်ခင်မှာပဲ ထွက်စာတင်ပြီး မြေပြန့်ကို ပြန်ဆင်းသွားတယ်။

စာသင်ခန်းထဲက ကျောင်းသားတွေလည်း တောင်ယာစိုက်ခင်းထဲ ပြန်ရောက်သွားကြတယ် ပြောတယ်။ တောင်ယာစိုက်ခင်းမှာ ထမင်းချက်ကူတဲ့ လူကကူ၊ တောင်ယာဝိုင်းခုတ်တဲ့ လူက ခုတ်နဲ့ စာသင်ကျောင်းလည်း အလိုလိုပိတ်သွားတယ်။ အဲဒီတုန်းကတော့ သူက အသက်ငယ်လေးလို့ ကျောင်းမတက်ရသေးဘူး။

တောင်ယာစိုက်ခင်းထဲ ပြန်ရောက်သွားတဲ့ ကျောင်းသားတွေထဲမှာ သူ့အစ်ကိုကြီး ဆေးကပ်(ဆေးလင်ကပ်)လည်း ပါတယ်။ သူတို့မိသားစုမှာက ကပါး(အဖေ)၊ ကနူး(အမေ) ရယ်။ သားအကြီးဆုံး ဆေးကပ်၊ သူ့အစ်မ ကင်းဘွိုင်(လမ်းနိတ်ကိမ်း)၊ ပြီးတော့ ...သူ။ သူ့အောက်မှာ သူနဲ့ အသက်သုံးနှစ်ကွာတဲ့ ညီ အငယ်ဆုံးလေး ပောက်ပူ။ မိသားစုအားလုံး ခြောက်ယောက်ရှိတယ်။

အပါးနာမည်က ထန်ခိုဆေး။ ရွာက တခြားလူတွေလိုပဲ တောင်ယာစိုက်တယ်။ ပြီးတော့ တူမီးတစ်လက်နဲ့ အနောက်ဘက်က တောင်တွေပေါ်မှာ အမဲလိုက်တယ်။ ရွာမှာတော့ အပါးက တူမီးပစ် လက်တည့်တဲ့နေရာမှာ နာမည်ကြီးတယ်။ သူတို့ရွာမှာ အိမ်တိုင်းလိုလို အမဲလိုက်တူမီးသေနတ်တွေရှိကြတယ်။ ဆတ်နဲ့ ဂျီလို တောကောင်မျိုးတော့ မကြာခဏ ရတတ်တယ်။ ပြီးတော့ တောဝက်လည်း ရတတ်တယ်။ တောကောင် ရလာရင် ရွာမှာ ချက်ချင်းပေါ်ကြတယ်။ နောက်တစ်နေ့ မနက်စောစောမှာ မြေပြန့်အထိ ဆင်းပြီး ရောင်းချကြတယ်။ တချို့အသားတွေကိုတော့ မီးဖိုပေါ်မှာ ကျပ်တင်၊ ရေရှည်အထားခံအောင် လုပ်ပြီးမှ ရောင်းကြတယ်။

ဘယ်သူမှ စုမိဆောင်းမိတယ်မရှိကြဘူး။ တစ်ရွာလုံးက ရရစားစားတွေချည်းပဲ။ မိုးတွင်းကာလအတွက် ရည်ရွယ်ပြီး အဓိက စုဆောင်းကြတာက တောင်ယာစပါးနဲ့ ပြောင်းဆန်ပဲ။ အဲဒါတွေက မရှိလို့ မဖြစ်ဘူးမဟုတ်လား။ တောင်ယာစပါးသိမ်းပြီးချိန်ဆို မီးဖိုပေါ်မှာ ဆန်ခါပေါ် မိုးကာဖြန့်၊ တောင်ယာစပါးထည့်ပြီး အခြောက်ခံတယ်။ ပြီးတော့ ပီနံအိတ်တွေနဲ့ထည့်ပြီး မိုးတွင်းစာ သိုလှောင်ထားကြတယ်။ တောင်ပေါ်မှာ ဟင်းမရှိတာက အရေးမကြီးဘူး။ ရွှေလုံ့ဗိုလ်ငရုတ်သီးတစ်တောင့်ရှိရင် ဘယ်သူမဆို ထမင်းစားလို့ ဝင်တယ်။

ပထမဦးဆုံးကျောင်းဆရာ ထွက်သွားပြီးတဲ့နောက် နောက်ထပ်ကျောင်းဆရာ တော်တော်နဲ့ ရောက်မလာခဲ့ဘူး။ ရွာက လူကြီးတွေကတော့ နောက်ထပ်ရောက်လာဦးမယ့် ကျောင်းဆရာကို ခဏခဏ မျှော်ကြတယ်။ နှစ်နှစ်ကျော်တဲ့အထိ နောက်ထပ်ကျောင်းဆရာ ရောက်မလာခဲ့ဘူး။ တဖြည်းဖြည်းနဲ့ကျောင်းဝန်းကြီးလည်း မြက်တွေ၊ ချုံနွယ်တွေ တောထ,လာတယ်။ ကျောင်းအဆောက်အဦကလည်း မိုးထဲလေထဲ အချိန်အကြာကြီး ပစ်ထားသလိုဖြစ်တော့ အတော်ဟောင်းနွမ်းသွားတယ်။

ကျောင်းမှာ ကျောင်းစောင့်ဒရဝမ်ရာထူးနဲ့ ခန့်ထားတဲ့သူတော့ ရှိတယ်။ သူ့နာမည်က ပူမင်ထန်။ ပူမင်ထန်က ရွာခံတစ်ဦးဖြစ်ပြီး ကျောင်းစဖွင့်ချိန်ကတည်းက ကျောင်းစောင့်အလုပ်ရခဲ့တာ။ မျက်လုံးကပြူးပြူး၊ လူကပိန်ပိန်၊ အသားအရေက ညိုမောင်းတဲ့အပြင် အရပ်ကလည်း ပုသေးတယ်။ ဒါပေမဲ့ ပူမင်ထန်က ဘယ်သူနဲ့တွေ့တွေ့ စကားတွေ အများကြီး ပြောတတ်သူဖြစ်သလို ခင်စရာလည်း တကယ်ကောင်းတယ်။ အသက်လည်း ရလာပြီဆိုတော့ သူ့ပါးစပ်ထဲမှာ သွားတွေက နည်းနည်းပဲကျန်တော့တယ်။ လူကတော့ သန်တုန်း၊ မာတုန်း။ တစ်ခါတလေ ရွာကလူတွေနဲ့တောထဲတောင်ထဲ ညအိပ်ညနေ အမဲလိုက်ထွက်တတ်သေး



www.burmeseclassic.com

www.burmeseclassic.com

တယ်။

'စာသင်ကျောင်းတောင်မှ တဖြည်းဖြည်းနဲ့ ပူမင်ထန့်အသက်ကို မီတော့မယ်'

ဟောင်းနွမ်းဆွေးမြည့်နေတဲ့ စာသင်ကျောင်းကလေးကိုကြည့်ပြီး လူတွေက ဟာသလုပ် ပြောကြတယ်။ ပူမင်ထန်ရဲ့ ခေါင်းပေါ်မှာလည်း တစ်နေ့ထက်တစ်နေ့ ဆံပင်ဖြူတွေ များများလာတယ်။ ကြမ်းရှတဲ့မျက်နှာပေါ်မှာလည်း အရေးအကြောင်းတွေ အများကြီးရှိနေပြီ။

စာသင်ကျောင်းဆောင်ကလည်း သွပ်မိုးတွေက လပ်တဲ့နေရာလပ်၊ လန်တဲ့နေရာလန်ကျနေတယ်။ ဘေးပျဉ်ကာတွေရော ကြမ်းခင်းသစ်သားတွေပါ ဆွေးမြည့်ပျက်စီးပြီး အပေါက်အပေါက်တွေဖြစ်နေပြီ။ တောထနေတဲ့ ချုံတွေကြားက ကျောင်းအိုကလေးကို ကျောင်းစောင့်လူအိုကြီး ပူမင်ထန်နဲ့ ခိုင်းနှိုင်းပြီး ရယ်စရာလုပ်ပြောကြတယ်။ တကယ်ဆို ပူမင်ထန်က စာသင်ကျောင်းမဆောက်လုပ်ခင် အရင်မွေးမှန်း တစ်ရွာလုံး သိကြတယ်။

ပြောသာ ပြောရတယ်။ ပူမင်ထန်လည်း စာသင်ကျောင်းမှာ မနေဖြစ်တာ နှစ် အတော်ကြာနေပါပြီ။ ကျောင်းမှာ လုပ်စရာအလုပ်လည်း မရှိတော့ ညအိပ်ညနေ မနေဖြစ်တော့ဘူး။ နောက်တော့ ရွာက တခြားလူတွေလိုပဲ တောင်ယာ စိုက်စားရတယ်။ ❑

၃။

'တကယ် လေးတယ်

> **ဘယ်သူမှ**
> **စုမိခေတင်း**
> **မိတယ်**
> **မရှိကြဘူး**
> **တစ်ရွာလုံးက**
> **ရရစားစားတွေ**
> **ချည်းပဲ**
> **မိုးတွင်း**
> **ကာလအတွက်**
> **ရည်ရွယ်ပြီး**
> **အမိက**
> **စုခေတင်း**
> **ကြတာက**
> **တောင်ယာစပါးနဲ့**
> **ပြောင်းဆန်ပဲ**

ဟာ။ အထဲမှာ ဘာတွေပါလဲ မသိဘူး'

သူနဲ့ သူ့သူငယ်ချင်း သုံးယောက် ရွာအဝင်ဆီကနေ အော်ရဲပူရဲ့ ထင်းရှူးသေတ္တာကြီးကို ဝိုင်းမ,ကြတယ်။ သူငယ်ချင်း သုံးယောက်ဆိုတာက သူနဲ့ဆော့ဖော်ဆော့ဖက်တွေဖြစ်တဲ့ လင်လင်(လူမင်လင်)၊ ဆေဆေး(လင်ခိုဆေး)နဲ့ ခါခိုင်(လက်ခိုခိုင်)။ အားလုံးက အော်ရဲပူရဲ့ ကျောင်းသားအသစ်တွေချည်းပဲ။ ကျောင်းသားအသစ်တွေဆိုပေမဲ့ အားလုံးရဲ့ အသက်က ဆယ်နှစ်ကျော်နေကြပြီ။

ကျောင်းဆရာအသစ် ထပ်ရောက်မလာတော့ စာသင်ကျောင်းကသာ ရပ်တယ်၊ သူတို့အသက်တွေက ရပ်လို့မရဘူး။

သေတ္တာကြီးက လေးလွန်းတော့ လမ်းမှာခဏခဏနားရတယ်။ ပြီးတော့ သေတ္တာထဲမှာ ဘာတွေပါမလဲဆိုတာ တစ်ယောက်တစ်ပေါက် ခန့်မှန်းပြောဆိုကြတယ်။ ခါခိုင်က ပြောတယ်။

'ထမင်းချက်စားဖို့ အိုးတွေ၊ ပန်းကန်တွေဖြစ်မယ်'တဲ့။

အဲဒီတော့ လင်လင်က နှာခေါင်းနှစ်ဖက်ကနေ ထွက်ကျလာတဲ့ နှာရည်တွေကို ညာလက်ခုံနဲ့ ပွတ်ဆွဲလိုက်ပြီး ခါခိုင်ကိုကြည့်ရင်း တအားရယ်တယ်။ သူတို့အဖွဲ့ထဲမှာ လင်လင်က အညစ်ပတ်ဆုံးပဲ။ ပြီးတော့ ပြောသေးတယ်။

'မင်းက တကယ် အ,တဲ့ကောင်ပဲ။ ငါတို့ရှေပါးက တစ်ယောက်တည်းလာတာ။ ပြီးတော့ ပိန်ပိန်သေးသေးကလေး။ ဘယ်လိုလုပ်ပြီး ပန်းကန်တွေ အများကြီး ယူခဲ့မှာလဲ။ ပန်းကန်တွေ၊ ခွက်တွေဆို အသံမြည်မှာပေါ့'

ခါခိုင်ရဲ့ မျက်နှာကသေးသေးကလေး ဖြစ်သွားတယ်။ သူပြောလိုက်တာ မှားသွားပြီဆိုတဲ့ပုံစံနဲ့ သွားဝါဝါတွေ အများကြီးပေါ်အောင် ရှက်ရယ်ရယ်တယ်။ အဲဒီအချိန်မှာ လင်လင်က လူတတ်ကြီးလုပ်ပြီး ဆက်ပြောတယ်။

'ရှေပါးစားဖို့ ဆန်တွေ အပြည့်ထည့်ခဲ့တာ ဖြစ်မယ်။ မြေပြန့်က အော်ပူရဲတွေက ကေးတို့တောင်ပေါ်ဆန်ကို မစားနိုင်ကြဘူး မဟုတ်လား'

လင်လင့်စကား ကြားလိုက်ရတော့ သူတို့တစ်ဖွဲ့လုံး ရယ်မိကြတာ တော်တော်နဲ့ ရပ်လို့မရကြဘူး။ ဟုတ်တယ်လေ။ သူကမှ ပိုအ,နေတာ။

သွားကြိုတဲ့လူတွေကတော့ 'ဒီတစ်ခါရောက်လာတဲ့ အော်ရဲပူက မယ်ဟွေပါး' လို့ ပြောကြတယ်။ 'မယ်'ဆိုတာက မျက်နှာ၊ 'ဟွေ'ဆိုတာက ချောတာ၊ လှတာ၊ 'ပါး'ဆိုတာက ယောကျ်ား။ မျက်နှာချောတဲ့ ယောကျ်ားလို့ ပြောကြတယ်။ ဟုတ်တယ်။ အခု အော်ရဲပူက အရင်က အော်ရဲပူတွေထက် အများကြီး ငယ်တယ်။ ကြည့်ရတာ သဘောကောင်းမယ့်ပုံပဲလို့ သူထင်မိတယ်။

ညနေတုန်းက အော်ရဲပူ ရောက်ရောက်ချင်း တောင်ပေါ်ဆန်ကို ချက်ထားတဲ့ ထမင်းနဲ့ ဧည့်ခံကျွေးမွေးကြတယ်။ လူကြီးတွေက 'တောင်ပေါ်ဆန်ကို စားနိုင်ရဲ့လား'လို့မေးကြတယ်။ အော်ရဲပူက 'နည်းနည်းတော့ကြမ်းတယ်။ နောက်တော့ အကျင့်ဖြစ်သွားမှာပါ'လို့ ပြန်ဖြေတယ်။ အဲဒီလိုဖြေတော့ ရွာကလူတွေက သိပ်သဘောကျကြတယ်။ အဲဒီတော့ သေတ္တာကြီးထဲမှာ မြေပြန့်ကဆန်တွေ ထည့်ယူလာတာ မဖြစ်နိုင်ဘူးလို့ သူ တွေးနေမိတယ်။

ဆေဆေးက အရယ်ရပ်ပြီး လင်လင့်ကို နားရင်းတစ်ချက်အုပ်လိုက်တယ်။ ပါးစပ်ကနေ 'တကယ် အ,တဲ့ကောင်'လို့လည်း ပြောလိုက်သေးတယ်။ သူတို့အဖွဲ့ထဲမှာ ဆေဆေးက အသွက်ဆုံး၊



www.burmeseclassic.com

www.burmeseclassic.com

အလည်ဆုံး။ လင်လင်က မကျေနပ်တဲ့အကြည့်နဲ့ ဆေဆေးကို 'အဲဒါဆို အထဲမှာ ဘာပါလဲ။ မင်း သိလို့လား' လို့ ပြန်မေးတယ်။ ဆေဆေးက ပြန်ပြောတယ်။

'ကေးလည်း ဘယ်သိပါ့မလဲ။ သိစရာလည်း မလိုဘူးလား။ အထဲမှာ ဘာတွေပဲပါပါ ကေးတို့တာဝန်က အော်ရဲပူနေမယ့် အဆောင်အထိ အရောက်ပို့ဖို့ပဲ မဟုတ်လား။ အော်ရဲပူတောင် အဆောင်ရောက်နေတာကြာပြီ။ ကေးတို့က ပစ္စည်းသယ်လို့ မပြီးသေးဘူး။ အမောပြေရင် ဆက်သွားကြတယ်။ စကားပေါမနေကြနဲ့။ ကြာရင် မိုးချုပ်သွားလိမ့်မယ်'

ဆေဆေးက အဲဒီလို ပြောလိုက်တော့ တစ်ဖွဲ့လုံး သေတ္တာကြီးကို ဝိုင်းမ,ကြပြန်တယ်။ သူတို့လေးယောက်လုံး ချွေးတွေရွှဲနစ်လို့ နံစော်နေကြပြီ။ ဘယ်သူမှ မောတယ်လို့ မပြောကြဘူး။ အော်ရဲပူ အသစ်လည်း ရောက်လာပြီဆိုတော့'ဘယ်နေ့မှာ ကျောင်း စ,တက်ရမလဲ'ဆိုပြီး အားလုံးက တွေးပျော်နေကြတယ်။ သေတ္တာကြီးသယ်လာရာလမ်းတစ်လျှောက်မှာ သူတို့တွေ ဆက်ပြီး ငြင်းခုံခဲ့ကြသေးတယ်။ ပြောလို့သာ ပြောရတယ်။ အချိန်အတော်ကြာတဲ့အထိ အဲဒီထင်းရှူးသေတ္တာကြီးထဲ ဘာတွေပါလာသလဲဆိုတာ ဘယ်သူမှ မသိခဲ့ကြပါဘူး။

❑

၄။

တကယ်ဆို သူတို့ မိသားစုမှာ အစ်ကိုကြီး ဆေးကပ်က ကျောင်းစာကို သူ့ထက်ပိုပြီး စိတ်ဝင်စားမှုရှိခဲ့တယ်။ ဆေးကပ်က ပညာရေးဘက်မှာ တကယ် ကံမကောင်းခဲ့ဘူး။ ရွာကို ပထမဦးဆုံး ရောက်လာတဲ့ အော်ရဲပူတုန်းက ခြောက်လမပြည့်ခင် ရွာကနေ ပြန်သွားတော့ စာသင်နေကြတဲ့ ကျောင်းသားတွေ ဘယ်သူမှ စာမေးပွဲ မဖြေလိုက်ကြရဘူး။

သူ ကောင်းကောင်း မှတ်မိနေသေးတယ်။ သူတို့ အော်ရဲပူ ပြန်သွားကတည်းက ဆေးကပ်မှာ ညတိုင်း စာကြည့်စားပွဲရှေ့ထိုင်ပြီး မျက်ရည်တွေ ကျကျနေတာပဲ။ ရက်အတော်ကြာတဲ့အထိ သူတို့ အော်ရဲပူသင်ပေးထားတဲ့ အေဘီစီဒီတွေ ညတိုင်း အော်ဆိုနေသေးတယ်။ အဲဒီတုန်းက ဆေးကပ် သူ့ကို ပြောဖူးတယ်။

'ငါတို့ရှေပါးက ပြန်လာချင် ပြန်လာဦးမှာဟ။ ရှေပါးပြန်လာရင် သင်ပေးထားတဲ့စာတွေ အားလုံး အလွတ်ရနေမှ ဖြစ်မယ်။ ရှေပါးက ကေးတို့ကို ပြောဖူးတယ်။ စာကို သေသေချာချာကျက်မှ စာမေးပွဲအောင်မယ်တဲ့။ အဲဒါမှ နောက်ထပ် ပထမတန်းမှာ တက်နိုင်မှာလို့လည်း ပြောတယ်'

မျက်လုံးတွေထဲမှာ သူတို့ အော်ရဲပူ တစ်နေ့နေ့ ပြန်လာမှာဆိုတဲ့ အရိပ်အငွေ့တွေနဲ့ စိတ်ပါလက်ပါ ပြောနေခဲ့တဲ့ သူ့အစ်ကိုဆေးကပ်ရဲ့ ပုံရိပ်ကို မျက်စိထဲမှာ အခုထိ မြင်နေတုန်းပဲ။ အဲဒီအချိန်တုန်းက သူငယ်တန်းကျောင်းသားကြီး ဆေးလင်ကပ်ရဲ့ အသက်က ဆယ့်နှစ်နှစ်။ သိပ်တော့လည်း မကွာလှပါဘူး။ သူငယ်တန်း စ,တက်ရတော့မယ့် သူ့အသက်လည်း ဆယ်နှစ်ကျော်နေပြီပဲ။

ဒုတိယ အော်ရဲပူ ရောက်လာပြန်တော့လည်း ဆေးကပ်တို့အားလုံး သူငယ်တန်းမှာ ပြန်နေရတယ်။ အတန်းတင်စာမေးပွဲလည်း ဖြေလို့ပြီးရော ဆေးကပ်နဲ့အတူ ကျောင်းသားကျောင်းသူ ၆ ဦး စာမေးပွဲအောင်ပြီး ပထမတန်းမှာ စ,တက်ကြရတယ်။

အပါးနဲ့ အနူးက သူတို့သားကြီး စာမေးပွဲအောင်တာ တကယ်ပျော်ကြတယ်။ ဆေးကပ် စာမေးပွဲအောင်လို့ဆိုပြီး အိမ်မှာမွေးထားတဲ့ ဝက်ပေါက်တစ်ကောင်သတ်လို့ ပွဲလုပ်ပေးတယ်။ ရွာက ဆွေမျိုးတွေကို ဖိတ်ပြီး ထမင်းကျွေးတယ်။ အိမ်ရှေ့မြေကွက်လပ်မှာ မီးပုံကြီးဖိုပြီး သီချင်းတွေဆိုကြ၊ က,ကြနဲ့ တကယ်ပျော်ဖို့ကောင်းတယ်။ လူရှေ့သူရှေ့ဆို အပါးက 'ငါတို့သားကြီးက စာသိပ်တော်တယ်၊ ပညာတတ်ဖြစ်မယ့်သူ'လို့ ခဏခဏ ပြောတယ်။ ပြီးတော့ ပြောသေးတယ်။

'ဆေးကပ်က ရုပ်လည်း ချောတယ်၊ ငါတို့လို ပင်ပင်ပန်းပန်းနဲ့ တောင်ယာစိုက်စားရမယ့် ရုပ်မျိုး မဟုတ်ဘူး'

ပထမတန်း စ,တက်ပြီး နှစ်ဝက်မရောက်ခင်မှာပဲ ဆေးကပ်တစ်ယောက် ထပ်ပြီး ကံဆိုးရပြန်တယ်။ သူတို့ အော်ရဲပူက စာသင်နှစ်ဝက်မှာ ပြောင်းရွှေ့မိန့်ကျပြီး တခြားဒေသဆီ ပြောင်းသွားတယ်။ အစားထိုးရောက်လာတဲ့ ဆရာကလည်း အလုပ်မဝင်တော့ဘူးလို့ သတင်းကြားရတယ်။ စာသင်ခန်းထဲက ကျောင်းသားတွေလည်း အရင်လိုပဲ တောင်ယာစိုက်ခင်းထဲ ပြန်ရောက်ကုန်ကြတယ်။ ဒီတစ်ကြိမ်မှာတော့ ဆေးကပ် မငိုတော့ဘူး။ အရင်ကလို 'ကေးတို့ ရှေပါးက ပြန်လာချင်လာဦးမှာ'လို့လည်း မပြောတော့ဘူး။

ကြာလာတော့ အပါးနဲ့အတူ တောင်ယာစိုက်ခင်းထဲ ဆင်းပြီး အလုပ်ကူရတော့တာပါပဲ။ ဆေးကပ်ရဲ့အတန်းဖော်တွေလည်း တောင်ယာစိုက်ခင်းထဲ ပြန်ရောက်ကုန်ကြတယ်။ ကြာလာတော့လည်း ဆေးကပ်ဆီကနေ 'ကျောင်းပြန်တက်ချင်တယ်' ဆိုတဲ့ စကား မကြားရတော့ဘူး။ အပါးနဲ့ အနူးတို့လည်း ဆေးကပ်အတွက် စိတ်မကောင်းဖြစ်ကြရတယ်။ ဖြစ်နိုင်ရင် ဆေးကပ်ကို ကျောင်းဆက်ပြီးထားချင်ကြတယ်။ မြေပြန့်မှာ ကျောင်းထားဖို့ဆိုတာကလည်း ပိုက်ဆံရှိဖို့ လိုတယ် မဟုတ်လား။

ရွာကို အပြောင်းကျလာတဲ့ ကျောင်းဆရာတွေထဲမှာ တတိယမြောက် အော်ရဲပူကတော့ မြေပြန့်ဆီ ပြန်ဆင်းပြေးတာ အမြန်ဆုံးဆိုတဲ့ စံချိန်တင်သွားတယ်။ အဲဒီ အော်ရဲပူ ရောက်လာတော့မယ်ကြားတော့ တစ်ရွာလုံးက ပျော်နေကြတယ်။ ဒါပေမဲ့ အဲဒီအပျော်က အကြာကြီးမခံဘူး။ ရွာကိုရောက်လာတဲ့ညနေမှာပဲ အဲဒီအော်ရဲပူက ရွာ



www.burmeseclassic.com

www.burmeseclassic.com

လူကြီးတွေကို တောင်းပန်စကား ဆိုတယ်။

'ကျွန်တော့်ကို ခွင့်လွှတ်ကြပါ။ အဲဒီလောက် ဝေးတဲ့၊ ခေါင်တဲ့ ဒေသမှန်း မသိလို့ လာခဲ့မိတာပါ။ ကျွန်တော့်အတွက် ဘယ်လိုမှ အဆင်မပြေနိုင်လို့ မနက်ဖြန်မနက်စောစောမှာပဲ ပြန်ခွင့်ပြုကြပါ'

နောက်တစ်နေ့ မနက်စောစောမှာ အဲဒီအော်ရဲပူကို ခါမ်းပါတ်အထိ ပြန်လိုက်ပို့ကြရတယ်။ အဲဒီလိုနဲ့ပဲ ဆေးကပ်ရဲ့ကျောင်းသားဘဝလည်း အဆုံးသတ်သွားတယ်။

အခုဆို သူ့အစ်ကိုကြီး ဆေးကပ်က လူပျိုပေါက်စ ဖြစ်နေပြီ။ ပြီးတော့ အပါးက တကယ် အားကိုးရတဲ့ သားကြီး။ တောင်ယာစိုက်တဲ့ အချိန်မှာရော၊ အမဲလိုက်ထွက်တဲ့အချိန်မှာပါ ဆေးကပ်က အပါးရဲ့ ညာလက်ရုံးလို ဖြစ်နေပါပြီ။ တောင်ပေါ်သားပီပီ တောင့်တင်းကျစ်လျစ်တဲ့ ခန္ဓာကိုယ် တည်ဆောက်ပုံနဲ့ သူ့အစ်ကိုဆေးကပ်ကို ရွာရဲ့ အပျိုမတွေက တကယ်ကြိုက်ကြတယ်။ တချို့ အပျိုမတွေဆို 'ဆေးကပ်က ရည်းစားစကားပြောရင် ဘာမှ မစဉ်းစားဘူး၊ တစ်ခါတည်း ယူပစ်လိုက်မယ်' လို့ ရယ်စရာလိုလို ပြောကြတယ်။

ဘာရယ် မဟုတ်ဘူး။ နောက်အပတ်ထဲမှာ ကျောင်းစ,တက်ရတော့မှာမို့ သူ့အစ်ကို ဆေးကပ်ရဲ့ ငယ်ဘဝအကြောင်းကို ရောက်တတ်ရာရာတွေးနေမိတယ်။ ပညာတတ်ကြီးတစ်ယောက် ဖြစ်ချင်ခဲ့တဲ့ ဆေးကပ်ရဲ့ ပညာ

သွားကြိုတဲ့
လူတွေကတော့
'ဒီတစ်ခါ
ရောက်လာတဲ့
အော်ရဲပူက
မယ်ပေ့ါပါး'
လို့ ပြောကြတယ်
'မယ်'
ဆိုတာက
မျက်နှာ
'ပေ့ါ'
ဆိုတာက
ချောတာ
လှတာ
'ပါး'ဆိုတာက
ယောကျ်ား
မျက်နှာချောတဲ့
ယောကျ်ားလို့
ပြောကြတယ်

ရေးအကျိုးပေးနည်းပုံကို တွေးလို့ သနားနေမိတယ်။ သူ့အလှည့်မှာ ကံကောင်းနိုင်ပါစေလို့လည်း ဘုရားဆီမှာ ခဏခဏ ဆုတောင်းမိတယ်။ အပါးကလည်း ပြောတယ်။ ပညာတတ်ကြီးဖြစ်လာရင် ပင်ပင်ပန်းပန်း အလုပ်လုပ်စရာ မလိုဘူးပြောတယ်။

အိမ်ခေါင်မိုး သက်ငယ်ပေါ် တပေါက်ပေါက်ကျဆင်းနေတဲ့ နှင်းစက်တို့ရဲ့ အသံကို သူ နားစွင့်မိတယ်။ ရာသီဥတုက အအေးပိုလာတော့ ခြေရင်းက ဝှမ်းစောင်ကို ဆွဲယူပြီး ခြုံပစ်လိုက်တယ်။

'ပိုက်ဆံကို မရရအောင် ရှာရမယ်။ ပိုက်ဆံစုမိရင် ခါမ်းပါတ်မှာ အိမ်ဝန်းတစ်ခု ဝယ်ပြီး အိမ်ကောင်းကောင်း ဆောက်မယ်။ တောင်ပေါ်မှာနေပြီး တစ်သက်လုံး တောင်ယာ စိုက်မစားချင်တော့ဘူး'

သူ့အစ်ကို ဆေးကပ်ကတော့ လူကြီးတစ်ပိုင်းဖြစ်လာပြီမို့ ထင်တယ်၊ ပိုက်ဆံအကြောင်း ခဏခဏပြောတယ်။ သူလည်း ဆေးကပ်နဲ့ အပါးကို တောင်ယာမစိုက်စေချင်ပါဘူး။ တောင်ယာအလုပ်ကို ကူဖို့ဆိုတော့လည်း သူကငယ်သေးတယ်။ အပါးနဲ့ ဆေးကပ်တို့ ချွေးတလုံးလုံးနဲ့ တောင်ယာခုတ်နေတာ မြင်ရရင် ဘာလို့ရယ် မသိဘူး၊ သူ တကယ် ငိုချင်မိတယ်။

❑

၅။

'အဲဒီဆိုင်းဘုတ်ရဲ့ နောက်တစ်ခြမ်းက ဘယ်ရောက်သွားတာလဲဗျ'

အော်ရဲပူက ကျောင်းဆောင်ရှေ့မျက်နှာစာမှာ တွဲလောင်းကျနေတဲ့ သစ်သားဆိုင်းဘုတ်အဟောင်းကြီးကို လက်ညှိုးထိုးပြပြီး ရွာလူကြီးတွေကို မေးတယ်။ ရွာထဲမှာရှိသမျှ ယောကျ်ားသားတွေအားလုံး ဓား၊ ပေါက်ပြား၊ တူ၊ လွှ ကိုယ်စီနဲ့ ကျောင်းဝန်းထဲ ရောက်နေကြတယ်။

အစိမ်းရောင်နောက်ခံမှာ အဖြူရောင်သဘော်ဆေးနဲ့ ရေးခြယ်ထားတဲ့ သစ်သားဆိုင်းဘုတ်ကြီးက တကယ့်ကိုဟောင်းနွမ်းဆွေးမြည့်နေပါပြီ။ ရွာစာရေး အူထန်လင်းဆေးက ဗမာသံ မပီ့တပီနဲ့ 'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး' လို့ ရေးထားတယ် ပြောတယ်။ ကျန်တဲ့နောက်တစ်ခြမ်းက ဘယ်ဆီရောက်နေတယ် မသိဘူး။ အဲဒါနဲ့ ပောက်ဇပူ(ရွာလူကြီး) ဦးဇမ်ခိုဆေးက ဒရဝမ်ကြီး ပူမင်ထန်ကိုခေါ်ပြီး မေးတယ်။

'ဘာစာတွေ ရေးထားလဲဆိုတာတော့ ကေးမလည်း မသိဘူး။ ပြီးခဲ့တဲ့ ငါးနှစ်ကစပြီး အဲဒီဟာကြီး ပြုတ်ပြုတ်ကျနေတာ ငါးခါလောက် ရှိပြီ။ ကေးကိုယ်တိုင် ပြန်ကောက်ပြီး သံနဲ့ပြန်ရိုက်တာလည်း ခဏခဏရှိပြီ။ သစ်သားက ဆွေးနေတော့ သံမစွဲနိုင်ဘူး ဖြစ်နေတယ်။ အဲဒီတော့ ခဏခဏ ပြန်ပြုတ်ကျတယ်'

ပြီးတော့ 'တစ်ယောက်ယောက်က ကောက်ယူပြီး ထင်းဆိုက်လိုက်တာဖြစ်မယ်' လို့ သူ့ထင်မြင်ချက်ကို ဆက်ပြောလိုက်သေးတယ်။ အော်ရဲပူက ဘာမှပြန်မပြောဘူး။ ပူမင်ထန်ပြောသမျှကို အေးအေးဆေးဆေးပဲ ပြုံးပြီး နားထောင်နေတယ်။

အလေ့ကျပေါက်ရောက်တဲ့ သစ်ပင်ငယ်တွေ၊ မြက်ရိုင်းပင်တွေကလည်း ကျောင်းဝန်းတစ်ခုလုံး တောထ,နေတယ်။ မြက်ရိုင်းပင်တွေကို လူငယ်အဖွဲ့တွေက ဓားရှည်နဲ့ယမ်းပြီး ရှင်းကြတယ်။ တွင်းအောင်းနေကြတဲ့ မြွေကြွက်အကြီးကြီးတွေက လူသံဆူသံတွေကြောင့် [illegible] ပြီး မြေပြင်ပေါ်မှာ ဟိုပြေး ဒီပြေး လုပ်နေကြတယ်။ ကျောင်းဝန်းထဲမှာ မြွေတွေ



www.burmeseclassic.com

www.burmeseclassic.com

တောင် ရှိကောင်းရှိနိုင်တယ်လို့ လူကြီးတွေက သတိပေးကြသည်။

'သွပ်မိုးတွေကလည်း မကောင်းတာတွေ များနေတယ်။ အကုန်ပြန်ခွာရမယ်။ လောလောဆယ် သက်ငယ်မိုးဖို့ သူကြီးက စီစဉ်ပေးပါ။ နောက်တော့မှ ရန်ပုံငွေစုဆောင်းပြီး သွပ်ပြန်မိုးရမယ်'

တစ်ထပ် ပျဉ်ကာသွပ်မိုး ကျောင်းဆောင်မှာ ပျဉ်ချပ်တော်တော်များများက ဆွေးမြည့်ပြီး ကွာကျနေတယ်။ တချို့နေရာတွေမှာတော့ အကောင်းအတိုင်း ကျန်နေသေးတယ်။ ကြမ်းခင်းတွေကလည်း ဘေးဘက်ကျတဲ့နေရာမှာ မိုးစားထားလို့ ဆွေးနေတယ်။ အော်ရဲပူက ဦးဇမ်ခိုဆေးကို ပြောတယ်။

'ကလေးတွေ ဆော့ရင်းပြုရင်း အားပြုနင်းမိရင် ကြမ်းပေါက်ကျွံကျနိုင်တယ်။ ဒီအတိုင်းထားရင် အန္တရာယ်များတယ်။ ရွာထဲက လက်သမားလုပ်တတ်တဲ့သူတွေကို ကူညီလုပ်ကိုင်ပေးဖို့ သူကြီးက ပြောပေးပါဦး။ အကာပျဉ်တွေရော၊ ကြမ်းခင်းပျဉ်တွေပါ ခွာပြီး လဲပစ်ချင်တယ်'

အော်ရဲပူက ရွာလူကြီးဦးဇမ်ခိုဆေးကို စာသင်ကျောင်းဆောင်နဲ့ ပတ်သက်ပြီး လတ်တလောပြုပြင်စရာတွေ အကျဉ်းချုံးပြောပြတယ်။ ရွာလူကြီးဦးဇမ်ခိုဆေးကို အော်ရဲပူက သူကြီးလို့ခေါ်တယ်။ ဦးဇမ်ခိုဆေးက အဖွဲ့တွေကို လုပ်ရမယ့်အလုပ်တွေနဲ့ပတ်သက်ပြီးပြန်ရှင်းပြတယ်။ အော်ရဲပူကိုယ်တိုင် ကျောင်းပြတင်းပေါက်ပေါင်ပေါ် ခွထိုင်ပြီး ပျဉ်တွေကို တူတစ်လက်နဲ့ ခွာဖို့ပြင်တော့ ဦးဇမ်ခိုဆေးက တားတယ်။

'မလုပ်ပါနဲ့ ရှေပါး၊ ငါတို့ ရှိပါတယ်။ ရှေပါးက ပြင်ဖို့လိုတာကိုသာ ပြောပါ။ ငါတို့ အမြန်လုပ်ပါ့မယ်'

အော်ရဲပူက လက်ထဲမှာကိုင်ထားတဲ့ တူကို ရွာလူကြီး ဦးဇမ်ခိုဆေးဆီ လှမ်းပေးရင်း ပြောတယ်။

'အဲဒါဆိုလည်း ကျောက်သင်ပုန်းလုပ်ဖို့ သုံးထပ်သားတစ်ချပ်နဲ့ သဘော်ဆေးနှစ်ဘူးလောက် အမြန်မှာပေးပါ သူကြီး'

❑

၆။

ဘားလ်ဘီလ်။ သူတို့နေထိုင်ရာ တောင်ပေါ်ရွာကလေးရဲ့နာမည်။ ထာဒိုဘာသာစကားနဲ့ဆိုရင် 'သစ်ဥသစ်ဖုပေါများသော ရွာကလေး'လို့ အဓိပ္ပာယ်ရတယ်။ ချင်းပြည်နယ်၊ တွန်းဇန်မြို့နယ်ထဲက အေးချမ်းလှတဲ့ တောင်ပေါ်ရွာကလေး။ ဘားလ်ဘီလ်၊ ရှုလွှပ်နဲ့ ခွပ်သွေ့ စတဲ့ တောင်ပေါ်ရွာတွေ အားလုံးဟာ သဘာဝစိမ့်စမ်းရေ ရရှိနိုင်မယ့် နေရာတွေကို ဦးစားပေးရွေးချယ်ပြီး တည်ထောင်ထားကြရတယ်။

ဟောက်စပူ မှာပေးတဲ့ သုံးထပ်သားကို အော်ရဲပူကိုယ်တိုင် စုတ်တံပြားကြီးတစ်ချောင်းနဲ့ သဘော်ဆေးအနက် သုတ်တယ်။ ကျောပြောင်ပြောင်မှာ ချွေးတွေစီးကျနေတဲ့ အော်ရဲပူကို ငေးကြည့်နေရင်း 'ရွာက တခြားလူတွေနဲ့ အတူတူပဲ'လို့ တွေးနေမိတယ်။ အော်ရဲပူ ရွာကိုရောက်လာပြီး တစ်ပတ်အတွင်းမှာ ရွာကလူတွေ ဝိုင်းဝန်းလုပ်ကိုင်ကြရင်း သက်ငယ်မိုး ပျဉ်ကာ စာသင်ဆောင်ကလေး ပြီးစီးသွားတယ်။

တကယ်လည်း စာသင်တော့မယ်ဆိုရော အခက်အခဲတစ်ခု ပေါ်လာတယ်။ အဲဒါကတော့ ကျောင်းသားစုဆောင်းရတာပဲ။ ကျောင်းပိတ်ထားတာ ကြာပြီဆိုတော့ ကျောင်းသားကျောင်းသူဟောင်းတွေက အရွယ်ရောက်ကုန်ကြပြီ။ တချို့ကလည်း အသက်ကြီးနေပြီဆိုတော့ ကျောင်းပြန်တက်ရမှာကို ရှက်နေကြတယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ကျောင်းတက်ဖူးခဲ့တဲ့ သူ့အစ်ကိုဝမ်းကွဲတွေတောင် သူတို့အပါးတွေနဲ့ တောထဲလိုက်ပြီး ချိန်းဆောဆွဲနေကြပြီ။

'လောလောဆယ် ဒုတိယတန်းကျောင်းသားကတော့ တက်ဖူးတဲ့သူမရှိလို့ အတန်းလည်း ထားလို့မရသေးဘူး။ ပထမတန်းတက်ဖူးတဲ့သူတွေထဲက ပြန်တက်ချင်တဲ့သူတွေရှိရင် သူကြီးက စာရင်းပြုစုပေးပါ။ သူငယ်တန်းတက်ဖူးတဲ့ သူတွေနဲ့ ကျောင်းသားအသစ်တွေအားလုံး သူငယ်တန်းကစပြီး တက်ကြရမယ်'

ကျောင်းမဖွင့်ခင် ပြုလုပ်တဲ့ မိဘဆရာ အစည်းအဝေးမှာ အော်ရဲပူက ရွာလူကြီးတွေကို ရှင်းပြတယ်။ လူကြီးတွေ ခေါင်းချင်းဆိုင်ဆွေးနွေးပြီး ရွာထဲလှည့်၊ ကျောင်းသားစာရင်းကောက်ယူကြတယ်။ စာရင်းကောက်ပြီးချိန်မှာ ပထမတန်းပြန်တက်ကြမယ့် ကျောင်းသားကျောင်းသူ ၃ ဦးနဲ့ သူငယ်တန်းတက်မယ့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၈ ဦး စာရင်းရလာခဲ့တယ်။

တနင်္လာနေ့ တစ်နေ့လုံး ကျောင်းအပ်နှံတာတွေ၊ ကျောင်းသားစာရင်းသွင်းတာတွေ အပြီးအစီး လုပ်ကြတယ်။ အင်္ဂါနေ့မနက်ခင်းမှာပဲ ကျောင်းစ,ပြီး ဖွင့်ခဲ့တယ်။ အဲဒီနေ့မနက်က ပူမင်ထန်ရဲ့ 'ဒေါင် ဒေါင် ဒေါင်'ဆိုတဲ့ ကျောင်းတက်သံချောင်းခေါက်သံကို ကြားရတဲ့သူတိုင်း တကယ် ပျော်မိကြတယ်လို့ ပြောကြတယ်။

❑

၇။

'မောင်ဇမ်ခိုလာလ်'

'ရှိ'

'မောင်သောင်းခိုလက်'

'ရှိ'

'မောင်လင်ခိုဆေး'

'ရှိ'

'မောင်လွန်ခိုပေါင်'

'ရှိ'

အော်ရဲပူက သူ့နာမည်ကို ခေါ်နေလို့ လွယ်အိတ်ထဲ လက်နှိုက်ပြီး ခဲတံရှာနေရင်း အပြေးအလွှား ပြန်ထူးလိုက်ရတယ်။ ကိုယ့်နာမည်ခေါ်လိုက်တိုင်း အော်ရဲပူသင်ပေးထားသလို 'ရှိ'လို့အကျယ်ကြီး အော်ရတယ်။ အော်ရဲပူက စာအုပ်ရှည်ကြီးတစ်အုပ်ကိုင်ပြီး သူတို့နာမည်တွေကို တစ်ယောက်ပြီးတစ်ယောက်ခေါ်တယ်။ သူတို့ကတော့ သူတို့နာမည်ရှေ့ကနေ 'မောင်'ထည့်ပြီးခေါ်နေတာကို ရင်ထဲမှာ အထူးအဆန်းဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်တယ်။ အိမ်မှာ အခုလိုမျိုး ဘယ်သူမှ အခေါ်မခံကြရဘူး။ အပါးရော၊ အနူးရော၊ ပြီးတော့ သူ့သူငယ်ချင်းတွေကပါ သူ့ကို 'ပေါင်နိုး'လို့ပဲ ခေါ်ကြတယ်။ ဘယ်သူကမှ မောင်ပေါင်နိုးလို့ မခေါ်ကြဘူး။

အော်ရဲပူက သူ့ကိုယ်သူလည်း မိတ်ဆက်တယ်။ အော်ရဲပူရဲ့နာမည်က သူတို့နာမည်နဲ့တော့ မတူဘူး။ 'ဦးကျော်မင်းဦး'ဆိုတဲ့နာမည်က သူတို့တွေကြားဖူးကြားစမရှိတဲ့ နာမည်တစ်ခုမို့ အထူးအဆန်းဖြစ်နေကြတယ်။ ပြီးတော့ ရန်ကုန်မြို့ကနေ လာပြီး တာဝန်ထမ်းဆောင်တယ်လို့လည်း ပြောတယ်။ ရန်ကုန်မြို့ဆိုတာ ဘယ်နားမှာရှိမှန်းကိုတော့ ဘယ်သူမှမသိကြဘူး။ ဝေးတော့ အတော်ဝေးမှာပဲလို့ သူ့စိတ်ထဲမှာ တွေးနေမိတယ်။

'မတင်ခိုဗာ'

'ရှိ'

'မဗာကျင်းနိန်'

'ရှိ'

'မနိန်ငိုက်ထဲမ်း'

'ရှိ'

'မတင်ခိုနိတ်လမ်း'

'.....'

'မတင်ခိုနိတ်လမ်း၊ ရှိသလား'

'.....'

'ဦးလွန်ခိုထောင်းရဲ့သမီး မတင်ခိုနိတ်လမ်း။ ရှိသလား မရှိဘူးလား'

အော်ရဲပူက အဲဒီလိုပြောလိုက်ချိန်မှာ တစ်ခန်းလုံး အော်ရယ်မိကြတယ်။ မိန်းကလေးတန်း၊ ရှေ့ဆုံးခုံမှာ ထိုင်နေတဲ့ လာလမ်းက

> လူကြီးတွေက
> 'တောင်ပေါ်ဆန်ကို
> စားနိုင်ရဲ့လား'
> လို့
> မေးကြတယ်
> အော်ရဲပူက
> 'နည်းနည်းတော့
> ကြမ်းတယ်
> နောက်တော့
> အကျင့်
> ဖြစ်သွားမှာပါ'
> လို့
> ပြန်ဖြေတယ်
> အဲဒီလိုဖြေတော့
> ရွာကလူတွေက
> သိပ်သဘော
> ကျကြတယ်

လက်ပိုက်ပြီး မတ်တတ်ထရပ်တယ်။ လာလမ်းရဲ့မျက်နှာက ငိုတော့မယ့်ပုံစံနဲ့ တူနေတယ်။ အော်ရဲပူက လက်ထဲမှာ ကိုင်ထားတဲ့ကြိမ်လုံးနဲ့ စားပွဲခုံကို တဖြန်းဖြန်း မြည်အောင် ရိုက်လိုက်တယ်။ အတန်းလည်း ပြန်ပြီး ငြိမ်သွားတယ်။

'ဘာလို့ ရယ်တာလဲ။ နာမည်ခေါ်တာ ရယ်စရာပါလို့လား'

ရုတ်တရက် တည်သွားတဲ့ အော်ရဲပူရဲ့မျက်နှာကို ကြည့်ပြီး သူတို့တွေ နည်းနည်းတော့ လန့်မိကြတယ်။ စကား တကယ်ပေါတဲ့ ဆေဆေးက 'သူ့နာမည်က မဲဘုမ်ပါ ရှေပါး'လို့ ပြောလိုက်တယ်။ ဆေဆေးရဲ့ စကားကိုကြားတော့ သူတို့ မျက်နှာတွေ ပြုံးစိစိဖြစ်သွားကြပြန်တယ်။ လာလမ်းရဲ့ အသားအရေက မည်းမည်းတူးတူးနဲ့၊ မျက်လုံးကပြူးတဲ့ အပြင်ဆံပင်ကလည်း ကောက်နေသေးတယ်။ အော်ရဲပူက စာအုပ်ရှည်ကြီးကို ငုံ့ကြည့်ပြီး ဆေဆေးကို ပြန်မေးတယ်။

'သူ့အဖေကိုယ်တိုင် စာရေးပေးထားတာက တင်ခိုနိတ်လမ်းပါ။ ဘာဖြစ်လို့ မဲဘုမ် ဖြစ်နေတာလဲ'

ဆေဆေးက မတ်တတ်ရပ်လျက်သား ပြန်ဖြေတယ်။

'မဲဘုမ်ဆိုတာ ငါတို့ အချင်းချင်းခေါ်တဲ့ နာမည်လေ။ ငါတို့သူငယ်ချင်းတွေပဲ ခေါ်တဲ့နာမည်။ ရွာထဲမှာတော့ သူ့ကို လာလမ်းလို့ခေါ်ကြတယ်'

'အဲဒါဆို ဘာလို့ မဲဘုမ် ခေါ်ရတာလဲ'

ဆေဆေးက ပြုံးစိစိနဲ့ ပြန်ဖြေတယ်။

'သူ့အသားက မည်းတယ်လေ။ မဲ-ဆိုတာက ဗမာလို'မည်း'တာ၊ ဘုမ်ဆိုတာက ချင်းလို 'မည်း'တာ။ သူ့အသားက မည်းတော့ သူ့ကို မဲဘုမ်လို့ခေါ်ကြတာ'

အော်ရဲပူက ကြိမ်လုံးနဲ့ စားပွဲကို တဖြန်းဖြန်း ပြန်ရိုက်လိုက်တယ်။

'လူဆိုတာ လူတစ်ဖက်သားရဲ့အားနည်းချက်ကို ဘယ်တော့မှ ထုတ်ဖော်မပြောရဘူး။ အဲဒါ လူ့ကျင့်ဝတ်ပဲ။ ပြီးတော့ စကားပြောရင် ကိုယ့်ကိုယ်ကို ယောကျ်ားလေးတွေက 'ကျွန်တော်'လို့ ပြောရမယ်။ မိန်းကလေးတွေက 'ကျွန်မ'လို့ ပြောရမယ်။ အဲဒါကို သေသေချာချာ မှတ်ထားကြပါ။ ဒီနေ့ကစပြီး အတန်းထဲမှာ လာလမ်းကို မဲဘုမ်လို့ခေါ်တဲ့သူတိုင်း ကြိမ်လုံးနဲ့ နှစ်ချက်စီ အရိုက်ခံရမယ်။ နားလည်ကြလား'

အော်ရဲပူက လက်ပိုက်ပြီး မတ်တတ်ရပ်နေတဲ့ လာလမ်းကို ပြန်ထိုင်ခိုင်းတယ်။ အဲဒီနောက်ပိုင်း လာလမ်းကို မဲဘုမ်လို့ မခေါ်ဖြစ်ကြတော့ဘူး။ ကျောင်းမှာဆိုတော့ အော်ရဲပူရဲ့ကြိမ်လုံးကို ကြောက်ကြတာလည်း ပါတာပေါ့လေ။

❑

၈။

အဲဒီတုန်းကဆို သူတို့ ဘားလ်ဘီလ်ရွာကလေးက တကယ့်ဝေးလံခက်ခဲဒေသ တစ်ခုပါပဲ။ မြေပြန့်နဲ့ အနီးဆုံးလို့ဆိုရမယ့် ခါမ်းပါတ်ရွာကလည်း ရွာနဲ့ဆယ်မိုင်နီးနီး ဝေးတယ်။ တစ်နေရာကနေ တစ်နေရာဆီ သွားဖို့လာဖို့ ဆိုတာကလည်း လူသွားလမ်းတောင် ပီပီပြင်ပြင်ရှိသေးတာ မဟုတ်ဘူး။ ရွာကနေ အမဲပေါ်လို့ သွားရောင်းတာပဲဖြစ်ဖြစ်၊ တစ်ခုခု အသုံးလိုလို့ သွားဝယ်တာပဲ ဖြစ်ဖြစ် မြေပြန့်ရွာဖြစ်တဲ့ ခါမ်းပါတ်ရွာဆီ ခြေလျင်ခရီးနဲ့ သွားကြလာကြရတယ်။ အသွားအပြန်ခရီးဆို တစ်နေ့ကုန်တယ်။ အဲဒါတောင် ဝီရိယထားပြီး ရွာကနေ မနက်ဝေလီဝေလင်းထွက်နိုင်မှ။



www.burmeseclassic.com

www.burmeseclassic.com

အော်ရဲပူက အိမ်မှာလည်း လူကြီးတွေနဲ့ စကားပြောရင် ကိုယ့်ကိုယ်ကို 'ကျွန်တော်၊ ကျွန်မ' လို့ ပြောရမယ်ဆိုပြီး မှာတယ်။ အိမ်မှာလည်း အော်ရဲပူမှာသလိုပြောတော့ ပြောကြတယ်။ ပြောနေကျမဟုတ်တော့ ကျွန်တော်ဖြစ်လိုက်၊ ငါဖြစ်လိုက်နဲ့ ပြောမိကြတယ်။ တစ်ခါတလေ 'ကေး' လို့လည်း ပြောမိပြန်တယ်။ နှစ်ခုသုံးခု ရောနှောပြီး ပြောမိတဲ့အခါ ရယ်မိကြတယ်။

အော်ရဲပူရောက်လာတော့ ကာလအတန်ကြာ တိတ်ဆိတ်နေခဲ့တဲ့ စာသင်ကျောင်းကလေးလည်း ပြန်ပြီး အသက်ဝင်လာခဲ့တယ်။ စာသင်တဲ့အချိန်မှာလည်း အော်ရဲပူက တကယ်စိတ်ရှည်တယ်။ 'ဝလုံး' ကလေးတွေသင်ပေးတော့ သူတို့အားလုံးကို တစ်ယောက်ချင်းစီ လက်ကိုကိုင်ပြီး သင်ပေးတယ်။ လာလမ်းက 'ရှေပါး ဝလုံးက ကေးမတို့အိမ်က ကြက်ဥနဲ့တူတယ်' လို့ ပြောတော့ အော်ရဲပူက ရယ်ပြီး ပြန်ပြောတယ်။

'ဟုတ်တယ် သမီး။ ဒါပေမဲ့ ကြက်ဥထက်ပိုပြီး ဝိုင်းဝိုင်းလေးဖြစ်အောင် ရေးရမယ်'

သူတို့အားလုံး ကျောင်းတက်ရတာ တကယ်ပျော်ကြတယ်။ ကျောင်းမှာ ကဗျာတွေ အကျယ်ကြီးအော်ဆိုရတဲ့နေ့တွေကို ပိုပြီးပျော်ရတယ်။ အော်ရဲပူသင်ပေးတဲ့ ကဗျာတစ်ပုဒ်ရှိတယ်။

*'ညအခါ*
*လသာသာ*
*ကစားမလား*
*နားမလား'*

စာသင်ခန်းထဲမှာ လသာနေတဲ့ပုံစံကို အော်ရဲပူက ခေါင်းပေါ်မှာ လက်နှစ်ဖက်နဲ့ ဝိုင်းပြီး လုပ်ပြတယ်။ ကဗျာကို ရွတ်နေရင်း အော်ရဲပူရဲ့ခန္ဓာကိုယ်က ဘယ်ညာယိမ်းထိုးပြီး လှုပ်ရှားနေတယ်။ ပြီးတော့ ပြေးဆော့နေတဲ့ပုံစံနဲ့ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ကြမ်းခင်းကို အသံမြည်အောင် နင်းပြတယ်။ အော်ရဲပူလုပ်ပြတဲ့ပုံစံကို ကြည့်ပြီး သူတို့ရယ်မောမိကြတယ်။ နောက်တော့ အော်ရဲပူနဲ့အတူတူ အဲဒီကဗျာကို အော်ဆိုကြတာ ကျောင်းဆောင်ကလေးတောင် သိမ့်သိမ့်တုန်သွားတယ်။ တကယ်ပျော်ဖို့ကောင်းတယ်။

တစ်ခါတုန်းက သူတို့စာသင်ကျောင်းကလေးလည်း ကဗျာထဲမှာ ပါလာဖူးတယ်။ *'ပန်းကလေးများ ပွင့်တော့မည်၊ ဖူးတံဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း၊ ငါတို့စာသင်ကျောင်း'* ဆိုတဲ့ ကဗျာကလေး။

မှတ်မှတ်ရရ အဲဒီကဗျာလေးသင်ပေးပြီးတော့ နောက်တစ်နေ့ ညနေခင်းမှာ အော်ရဲပူနဲ့အတူတူ ပန်းပင်တွေ စိုက်ဖြစ်ကြတယ်။ ဆရာတပည့်တွေ ကျောင်းရှေ့မျက်နှာစာက မြေကွက်လပ်မှာ တစ်ညနေလုံး သစ်ပင်စိုက်ကြတယ်။ ဟိုအိမ်ဒီအိမ်ကနေ နုတ်ယူလာကြတာဆိုတော့ ပန်းပင်အမျိုးအစားကလည်း စုံတယ်။ တောင်ဇလပ်ပင်ပေါက်တွေလည်း ပါတယ်၊ အပွင့်ဖြူဖြူသေးသေးကလေးတွေပွင့်တဲ့ ဇလပ်ဖြူပင်တွေလည်း ပါတယ်၊ တောင်ပေါ်မှာ အလေ့ကျပေါက်ရောက်တတ်တဲ့ ပန်းပင်ငယ်လေးတွေလည်း ပါတယ်။ အပင်ပေါက်တွေ မြေချစိုက်ပျိုးပြီးစီးတော့ အော်ရဲပူက ရေလောင်းပေါင်းသင်ဖို့ အသင်းလိုက် တာဝန်ခွဲဝေပေးတယ်။

အော်ရဲပူက အတန်းသားတွေကို ဝါ၊ စိမ်း၊ နီ၊ ပြာ၊ လိမ္မော်ဆိုပြီး အသင်း ၅ သင်း ဖွဲ့ပေးထားတယ်။ တစ်နေ့အတွက် အသင်းတစ်သင်းက တာဝန်ယူရတယ်။ ဥပမာအနေနဲ့ ပြောရရင် တနင်္လာနေ့ဆို သူတို့ အဝါအသင်းက ကျောင်းကို စောစောရောက်အောင် လာရတယ်။ မိန်းကလေးတွေက စာသင်ခန်းထဲ တံမြက်စည်းလှည်းပြီး သန့်ရှင်းရေးလုပ်ရတယ်။ ယောကျ်ားလေးတွေက တစ်ခန်းလုံးအတွက် သောက်ရေခပ်တာတို့၊ အမှိုက်ပုံး သွန်တာတို့ လုပ်ရတယ်။

အော်ရဲပူက သင်္ချာသင်ရင်လည်း သူတို့တွေ မှတ်ရလွယ်အောင် သင်ပေးတယ်။ သူမှတ်မိနေသေးတယ်။ ဂဏန်းသင်္ချာသင်တော့ အော်ရဲပူက ကြက်ဥတွေ ယူလာတယ်။ ကြက်ဥတစ်လုံးကို စားပွဲပေါ်တင်လိုက်ပြီး အော်ရဲပူက ပြောတယ်။

'ဒါက သားသားတို့၊ မီးမီးတို့ အိမ်တိုင်းမှာ ရှိတဲ့ကြက်ဥပဲ။ ဗမာလိုဆိုရင် ကြက်ဥလို့ခေါ်ပြီး ထာဒိုလိုဆိုရင် အာတွိလို့ခေါ်တယ်'

အော်ရဲပူစကား ကြားလိုက်ရတော့ သူတို့တွေ သဘောကျပြီး ရယ်မိကြတယ်။

'ကြက်ဥတစ်လုံး တည်းဆို တစ်-လို့ ခေါ်တယ်။ သားတို့၊ သမီးတို့ ပြောပြောနေတဲ့ ခတ်-ဆိုတာ တစ်နဲ့ အတူတူပဲ'

အော်ရဲပူက နောက်ထပ်ကြက်ဥတစ်လုံးယူပြီး ပထမကြက်ဥဘေးမှာ ထားလိုက်တယ်။ ပါးစပ်ကလည်း 'အခုတော့ နှိဖြစ်သွားပြီ' လို့လည်း ပြောတယ်။ 'နှိ' ဆိုတာ 'နှစ်' လို့ပြောမှန်း သူတို့အားလုံး သိကြတယ်။ စားပွဲပေါ်မှာ ကြက်ဥသုံးလုံး စီတန်းပြီး ထားလိုက်တဲ့အခါ ထုမ်(သုံး) ဖြစ်သွားတယ်။ အဲဒီလိုနဲ့ သင်္ချာသင်ရတာ ပျင်းဖို့မကောင်းတော့သလို မှတ်မိဖို့လည်း လွယ်ကူခဲ့တယ်။

ပထမတန်းကျောင်းသား သုံးယောက်ကိုလည်း စာသင်ခန်းတစ်ခန်းတည်းမှာပဲ အတူတူသင်ပေးတယ်။ သူမှတ်မိနေသေးတယ်။ တစ်နေ့မှာ အော်ရဲပူက ပထမတန်းကျောင်းသားတွေကို တစ်ခု၊ တစ်ကောင်၊ တစ်ယောက် အကြောင်း သင်ပေးတယ်။

ခဲဖျက်တစ်ခု၊ မုန့်တစ်ခု၊ ခွေးတစ်ကောင်၊ ဝက်တစ်ကောင်၊ လူတစ်ယောက်ဆိုပြီး ဥပမာတွေနဲ့ အကြာကြီးရှင်းပြတယ်။ ပြီးတော့ တစ်ယောက်ချင်းစီ ပြန်မေးတယ်။ အော်ရဲပူက မေးခွန်းတွေမေးပြီး ကျောင်းသားသုံးယောက်က တစ်လှည့်စီ ဖြေကြရတယ်။ အမှားမှား အယွင်းယွင်း ဖြေကြတာ နားထောင်ပြီး ရယ်ကြရသေးတယ်။

အော်ရဲပူက သူ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းကွဲတစ်ယောက်ဖြစ်တဲ့ လွှန်ခိုထောင်းကို မေးတယ်။

'သား လွှန်ခိုထောင်းရေ၊ သားတို့အိမ်မှာ မိသားစုအားလုံးပေါင်း ဘယ်လောက်ရှိလဲ'

တစ်တန်းကျောင်းသားကြီး လွှန်ခိုထောင်းက မျက်လုံးလေး ကလယ်ကလယ်နဲ့ စဉ်းစားသလိုလုပ်ပြီး ပြန်ဖြေတယ်။

'အဖေက တစ်ခု၊ အမေက တစ်ခု၊ အစ်ကိုက နှစ်ခု၊ ကေးနဲ့ဆို အားလုံးပေါင်း ငါးခုရှိတယ်'

သူတို့အားလုံး ရယ်မိကြတယ်။ အော်ရဲပူက အရယ်ရပ်ပြီး 'အဖေတစ်ယောက်၊ အမေတစ်ယောက်၊ အစ်ကိုနှစ်ယောက်နဲ့ အားလုံးပေါင်းရင် ငါးယောက်လို့ ပြောရတယ်'ဆိုပြီး ပြန်ပြောပြတယ်။ အော်ရဲပူနဲ့ စာသင်ရတာ ရယ်ရယ်မောမောနဲ့ တကယ်ပျော်ဖို့ကောင်းတယ်။

တစ်နေ့။ ကျောင်းဆင်းအပြီး အိမ်ရှေ့မှာ ဆော့နေတုန်း ဘေးကပ်လျက်အိမ်က သူ့အစ်ကို ထော်ထောင်း(လွှန်ခိုထောင်း) အော်လိုက်တာ သူကြားရတယ်။ သူ လှမ်းကြည့်လိုက်တော့ သူတို့အိမ်ရှေ့မှာ ထော်ထောင်းတို့အိမ်က ကြက်ဖနှစ်ကောင် သဲကြီးမဲကြီး ခွပ်နေကြတယ်။ ထော်ထောင်းက အိမ်ထဲမှာရှိနေတဲ့ သူ့အပါးကို လှမ်းအော်ပြောတယ်။

'အပါးရေ အပါး။ ဒီမှာ အပါးရဲ့ကြက်တွေ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်နေကြတယ်။ သွေးတွေလည်း အများကြီး ထွက်ကုန်ကြပြီ'

> 'ကျွန်တော့်ကို ခွင့်လွှတ်ကြပါ အဲဒီလောက် ဝေးတဲ့ ခေါင်တဲ့ ဒေသမှန်းမသိလို့ လာခဲ့မိတာပါ ကျွန်တော့်အတွက် ဘယ်လိုမှ အဆင်မပြေနိုင်လို့ မနက်ဖြန်မနက် စောစောမှာပဲ ပြန်ခွင့်ပြုကြပါ'
>
> နောက်တစ်နေ့ မနက်စောစောမှာ အဲဒီ အော်ရဲပူကို ခါမ်းပါတ်အထိ ပြန်လိုက်ပို့ကြရတယ်

ဘာရယ်တော့ မဟုတ်ဘူး။ အော်ရဲပူသာ အဲဒီအဖြစ်ကို ပြန်ကြားရင် အားရပါးရ ရယ်နေဦးမှာပဲ-လို့ သူ တွေးမိလိုက်သေးတယ်။

❑

၉။

အော်ရဲပူ ရောက်လာပြီး သိပ်မကြာခင်မှာပဲ သူတို့ရွာကလေးနဲ့ နေသားကျလာခဲ့တယ်။ ရွာက လူတွေကလည်း အော်ရဲပူကို တကယ်သဘောကျကြတယ်။

'အခု ရောက်လာတဲ့ ရှေပါးက အရင်က ရှေပါးတွေနဲ့ မတူတာတော့ အမှန်ပဲ။ သဘောလည်း တကယ်ကောင်းတယ်။ စာလည်း တအားသင်တယ်'

'အိမ်မှာ ကလေးတွေ ညတိုင်း စာအော်ကျက်ကြတယ်။ သူတို့ ရှေပါး သင်ပေးထားတယ်-လို့ ပြောတယ်။ ကေးတို့ရွာမှာ ကလေးတွေ စာကျက်တဲ့ အသံ မကြားရတာ ကြာပြီ'

ပြီးတော့ ရွာကလူတွေ အော်ရဲပူကို တကယ်သဘောကျကြတဲ့အကြောင်းအရင်း တစ်ခုလည်း ရှိသေးတယ်။ ဘယ်အိမ်မှာပဲဖြစ်ဖြစ် လူစုစုဖြစ်နေပြီဆို အဲဒီအကြောင်းကို ခဏ ခဏ ပြောကြတယ်။

'အခု ရှေပါးက ကေးတို့စားတဲ့ တောင်ပေါ်ဆန်ကိုပဲ စားတယ်။ ဆန်ကြမ်းတယ်-လို့ တစ်ခါမှ မပြောဖူးဘူး'

အဲဒီလိုနဲ့ ရွာကို အော်ရဲပူ ရောက်လာပြီး ရာသီစက်ဝန်း တစ်ပတ်လည်ခဲ့တယ်။ သူနဲ့အတူ သူငယ်ချင်းတချို့ အတန်းတင်စာမေးပွဲအောင်ပြီးနောက်နှစ်မှာ ပထမတန်းစ, တက်ကြရမယ်လို့ သိရတယ်။ သူငယ်ချင်းတချို့လည်း ကျောင်းထွက်သွားကြပြီး မိဘတွေရဲ့ တောင်ယာစိုက်ခင်းမှာ ကူလုပ်ကြရတယ်။ တချို့မိဘတွေက မပြေလည်ကြတော့ ကလေးတွေကို ကျောင်းနုတ်ပြီး အလုပ်ကူခိုင်းကြတယ်။

နွေရာသီကျောင်းပိတ်ရက် ကုန်ဆုံးပြီး အော်ရဲပူတစ်ယောက် ရွာကို ပြန်ရောက်လာချိန်မှာ သူလည်း အော်ရဲပူရဲ့အဆောင်မှာနေဖို့ ဖြစ်လာခဲ့တယ်။ ပူမင်ထန်က အသက်လည်း ကြီးပြီဆိုတော့ အော်ရဲပူကို အများကြီး မကူညီနိုင်တော့ဘူး။ အော်ရဲပူအတွက် အဖော်ရအောင်ဆိုပြီး ကျောင်းသားတစ်ယောက်ကို အဆောင်မှာထားပေးဖို့ ရွာလူကြီးတွေ တိုင်ပင် ဆွေးနွေးကြတယ်။ အဲဒီအချိန်မှာ အပါးက သူ့ကို ပေးထားဖို့ တောင်းဆိုခဲ့တယ်။ သူက ရေချွေးလည်း ကောင်းကောင်းကျိုတတ်ပြီ၊ ထမင်းလည်း ကောင်းကောင်း ချက်တတ်နေပါပြီ။ ရွာလူကြီးတွေကလည်း သဘောတူကြတော့ စာသင်နှစ်အစမှာ အော်ရဲပူရဲ့အဆောင်ဆီ ပြောင်းရွှေ့နေထိုင်ဖြစ်ခဲ့တယ်။

'ဆေးကပ်လို စာတော်ရဲ့သားနဲ့ ပညာရေးကံမကောင်းမှာ အပါး တကယ်စိုးရိမ်မိတယ်။ ရှေပါးနဲ့အတူတူနေရမှာဆိုတော့ ပေါင်နိုးလည်း စာနားမလည်တာရှိရင် အချိန်မရွေး မေးလို့ရတာပေါ့'

အော်ရဲပူရဲ့အဆောင်ဆီ မပြောင်းခင်မှာ အပါးက သူ့ကို ဆုံးမတယ်။ အဲဒီလိုနဲ့ သူလည်း အော်ရဲပူရဲ့အဆောင်ကို ရောက်လာခဲ့တယ်။ အော်ရဲပူနဲ့ အနီးကပ်နေရတော့မှ သူလည်း အော်ရဲပူရဲ့အကြောင်းတွေ ပိုပြီးသိမြင်ခွင့်ရခဲ့တယ်။

အော်ရဲပူက စာတကယ်ဖတ်တယ်။ သူတို့သူငယ်ချင်းတွေ အငြင်းပွားခဲ့ကြတဲ့ ထင်းရှူးသေတ္တာကြီးထဲမှာ စာအုပ်တွေအပြည့်ရှိနေတာ သူတွေ့လိုက်ရတယ်။ အော်ရဲပူ သေတ္တာကို ဖွင့်နေတုန်း အမှတ်မထင် လှမ်းမြင်လိုက်ရတော့ သူ တကယ်အံ့ဩမိတယ်။ အဲဒီလောက်များတဲ့ စာအုပ်တွေကို သူ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ဖူးဘူး။ အော်ရဲပူက သူ့ကိုပြောတယ်။

'ပေါင်နီးလည်း စာအုပ်တွေ ယူဖတ်ချင် ဖတ်လေ'

သူလည်း 'ဟုတ်' လို့ ပြောပြီး မဖတ်ဖြစ်ခဲ့ဘူး။ စာအုပ်တွေအများကြီးဆိုပေမဲ့ အားလုံးက မြန်မာစာနဲ့ ရေးထားတာဆိုတော့ သူလည်း ကောင်းကောင်း မဖတ်တတ်ဘူး။ ကျောင်းပိတ်ရက်တွေမှာ ပျင်းတဲ့အခါ သေတ္တာထဲက စာအုပ်တွေယူပြီး ပုံတွေ လှော်ကြည့်တယ်။

အော်ရဲပူကတော့ အချိန်ရရင်ရသလို စာဖတ်နေတာပဲ။ ညနေ ကျောင်းဆင်းပြီးချိန်ဆိုလည်း အဆောင်ရှေ့ ကွပ်ပျစ်မှာ ပက်လက်ကုလားထိုင်ပေါ် ထိုင်ပြီး စာဖတ်နေတတ်တယ်။ တစ်ခါတလေ ညဦးနက်အချိန်မှာ သူ တစ်ရေးနိုးလာတတ်တယ်။ အော်ရဲပူက စားပွဲမှာ ဖယောင်းတိုင်မီးနဲ့ စာဖတ်နေတုန်း။ အော်ရဲပူ စာတအားဖတ်နိုင်တာကြည့်ပြီး သူ တကယ်အံ့သြမိတယ်။

စာမဖတ်ဘူးဆိုလည်း အဆောင်နောက်ဖေးက စိုက်ခင်းကလေးထဲမှာ အချိန်ကုန်နေတတ်တယ်။ ချဉ်ပေါင်၊ ခရမ်း၊ ငရုတ်နဲ့ မုန်ညင်းလို ရာသီပေါ် သီးပင်စားပင်တွေကို အော်ရဲပူကိုယ်တိုင် စိုက်ထားတယ်။ ညနေဆိုရင် အော်ရဲပူက ပေါက်တူးတစ်လက်နဲ့ ပေါင်းသင်၊ မြေဆွတယ်။ သူက ရေဖျန်းပုံးနဲ့ အော်ရဲပူရဲ့ အပင်တွေကို ရေကူလောင်းရတယ်။

သူ့အလုပ်က အများကြီးတော့ မရှိဘူး။ အော်ရဲပူ သောက်ဖို့ ရေနွေးမပြတ်အောင် ကျိုပေးထားရတယ်။ မနက် ထမင်းတစ်အိုး၊ ညနေ ထမင်းတစ်အိုး ချက်ပေးရတယ်။ ဟင်းကတော့ အော်ရဲပူကိုယ်တိုင် ချက်တယ်။ ရွာခံတွေက တောကောင်ရတိုင်း အော်ရဲပူအတွက် အသားလာပို့ကြတယ်။ ပြီးတော့ အော်ရဲပူရဲ့ အဝတ်အစားတွေကို လျှော်ဖွပ်ပေးရတယ်။

အော်ရဲပူ စာဖတ်ဖို့ ဖယောင်းတိုင်ထုပ်တွေ ကုန်ခါနီးပြီဆို ရွာလူကြီးကို ပုံမှန်သတင်းပို့ရတဲ့ အလုပ်လည်း ရှိသေးတယ်။ ညညဆို ဆရာတပည့်နှစ်ယောက် ဖယောင်းတိုင်မီးထွန်းပြီး စာကြည့်စားပွဲမှာ ထိုင်ကြတယ်။

နောက်တော့ ရွာထဲက ကျောင်းသားမိဘတချို့ကလည်း သူတို့သားသမီးတွေကို ညစာကျက်ဝိုင်းမှာ ထားချင်တယ်ဆိုပြီး အော်ရဲပူကို လာပြောကြတယ်။ အဲဒီလိုနဲ့ အော်ရဲပူရဲ့ အဆောင်မှာ ကျောင်းသားကျောင်းသူတချို့ ရောက်လာကြပြီး ညစာကျက်ဝိုင်းကလေး ဖြစ်လာခဲ့တယ်။ အော်ရဲပူက စာဖတ်ရင်း ထိုင်စောင့်ပေးတယ်။ သူတို့ကျောင်းသားတွေက ဖယောင်းတိုင်မီးကိုယ်စီနဲ့ စာကျက်ကြတယ်။ နားမလည်တဲ့ စာတွေကိုတော့ အော်ရဲပူကို ပြန်မေးကြတယ်။

'ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးဖြစ်တဲ့ ဦးသန့်က ပြောဖူးတယ်။ ဦးသန့်ဆိုတာ သားတို့၊ သမီးတို့လို မြန်မာနိုင်ငံမှာ မွေးဖွားခဲ့တဲ့ မြန်မာနိုင်ငံသားတစ်ဦးပဲ။ သူက ဘာပြောသလဲ ဆိုတော့ တိုးတက်တဲ့လူမျိုးတိုင်း စာဖတ်ကြသလို စာဖတ်တဲ့လူမျိုးတိုင်း တိုးတက်ကြတယ်ဆိုပြီး ပြောခဲ့ဖူးတယ်'

အော်ရဲပူက စာသင်ခန်းထဲမှာ အဲဒီလို စကားအထူးအဆန်းတော့ စိတ်လိုလက်ရ ပြောပြတတ်တယ်။ သူကတော့ အော်ရဲပူပြောတာတွေ တကယ်သဘောကျမိတယ်။ တစ်နေ့နေ့မှာ သူလည်း အော်ရဲပူလို စာအုပ်တွေအများကြီး ဖတ်နိုင်အောင် ကြိုးစားမယ်ဆိုပြီး စိတ်ထဲမှာ ဆုံးဖြတ်ထားတယ်။

'နိုင်ငံတစ်နိုင်ငံကို ပညာနဲ့တည်ဆောက်မှ ဖွံ့ဖြိုးတိုးတက်နိုင်လိမ့်မယ်'

အော်ရဲပူပြောတဲ့ စကားတွေထဲမှာ သူ ကောင်းကောင်းနားမလည်တာတွေလည်းရှိတယ်။ သူ့အသက်က ငယ်သေးတော့ ဆိုလိုရင်းအဓိပ္ပာယ်ကို ကောင်းကောင်းနားမလည်နိုင်တာဖြစ်မယ်လို့ သူတွေးမိတယ်။ အဲဒီစကားကို အော်ရဲပူက စာအုပ်တစ်အုပ်ဖတ်နေရင်း ပြောခဲ့တယ်။ ပြီးတော့ 'ပေါင်နီးလည်း တစ်နေ့နေ့မှာ ပညာတတ်ကြီးဖြစ်အောင် ကြိုးစား' ဆိုပြီး အော်ရဲပူက ဆက်ပြောသေးတယ်။

အော်ရဲပူက ဦးဆောင်ပြီး ကျောင်းသားတွေအတွက် ဘောလုံးကွင်းတစ်ခုဖောက်ကြတယ်။ မြေပြန့်ရယ်လို့ ကျယ်ကျယ်ဝန်းဝန်းမရှိတော့ ကျောင်းရှေ့မျက်နှာစာက တောင်စောင်းပေါ်မှာပဲ ဘောလုံးကွင်းကလေးတစ်ခုဖြစ်အောင် ရွာသားတွေနဲ့ ဝိုင်းပြီးလုပ်ကြတယ်။

ကာယအချိန်ဆိုရင် ယောကျ်ားလေးတွေက အသင်းနှစ်သင်းခွဲပြီး ဘောလုံးကန်ကြတယ်။ ဘောလုံးကန်နေရင်း ဘောလုံးကွင်းဘေးက လျှိုထဲဘောလုံးကျသွားတဲ့အခါ ကန်လိုက်တဲ့ကျောင်းသားက ဆင်းပြီး ဘောလုံးကောက်ရတယ်။ ဘောလုံးတစ်ကြိမ် ဆင်းကောက်ရင် အနည်းဆုံး ငါးမိနစ်လောက်ကြာတတ်တယ်။ ဒါပေမဲ့ ဘောလုံးကန်ရတာ သူတို့ တကယ်ပျော်ကြတယ်။

ရွာလူကြီးတွေက အော်ရဲပူမှ အော်ရဲပူဖြစ်နေကြပြီ။ သူတို့ရွာမှာ ကွတ်ပွဲ(ကောက်သစ်စားပွဲ)လုပ်တော့ စိမ်းပြာလ်၊ ဟိန်းဇံနဲ့ ခွမ်နွဲရွာတွေကနေ အမျိုးတွေ လာကြတယ်။ ရိုးရာခေါင်ရည်ဝိုင်းမှာ 'ကေးတို့ရှေပါး၊ ကေးတို့ရှေပါး' ဆိုပြီး အော်ရဲပူအကြောင်းကို ပြောကြတယ်။ ဘားလ်ဘီလ်ရွာသားတွေက အော်ရဲပူကို လုယူပြီး ခေါ်သွားမှာ စိတ်ပူနေသလိုမျိုး 'ကေးတို့ရှေပါး' ဆိုပြီး အားရဝမ်းသာ ထုတ်ကြွားကြတယ်။ အော်ရဲပူတစ်ယောက် သူတို့ရွာကလေးဆီ တာဝန်ကျပြီး ရောက်ရှိလာရခြင်းဟာ သူတို့အားလုံးအတွက် ဘုရားသခင်ပေးတဲ့ လက်ဆောင်တစ်ခုပဲလို့ ယုံကြည်ခဲ့ကြတယ်။

အဲဒီအချိန်တုန်းကတော့ သူတို့တွေကိုးစားချစ်ခင်နေကြတဲ့ အော်ရဲပူနဲ့ ရွာခံတွေကြားမှာ ကြီးမားတဲ့ပြဿနာတစ်ခုပေါ်ပေါက်လာလိမ့်မယ်ဆိုတာ ဘယ်သူမှ ကြိုတင်ပြီး မသိနိုင်ခဲ့ကြပါဘူး။

*(ဆက်လက်ဖော်ပြမည်။)*

■

ရဲလွင်လုံ၊ဆေး-မန်း၊



www.burmeseclassic.com

www.burmeseclassic.com

စာပေနှင့်ပုံနှိပ်လုပ်ငန်း

စာအုပ်အမျိုးမျိုးကို စာမူပေးပြီးပါက စာအုပ်ဖြစ်သည် အထိ တာဝန်ယူ လုပ်ဆောင်ပေးပါသည်။

- Calendar
- Table Calendar
- File Holder
- Pamphlet
- Box
- Booklet
- Name Card
- Voucher
- Letter Head
- Label အမျိုးမျိုးကို စိတ်တိုင်းကျ အရည်အသွေး ပြည့်ဝစွာ ဆောင်ရွက်ပေးနေပါသည်။

ကော်ကပ်ချုပ်စက်ဖြင့် စာအုပ်အမျိုးမျိုးကို ချုပ်လုပ်ပေးပါသည်။

အမှတ်(၁၃၃)၊ လမ်း(၄၀)၊ ကုန်သည်နှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၈၃၉၀

www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာလှပ သွယ်လျစေဖို့...

NATROL®

# Carb Intercept®

## An Innovative Solution to Support Weight Loss Goals

- သဘာဝပိန်ဆေးဖြစ်ပါသည်
- ကိုယ်အလေးချိန်ကို ထိန်းသိမ်းထားပြီး ...ဆီပိုများကိုခြေဖျက် ...င်ကျွမ်းစေပါသည်

BURMESE CLASSIC .com




MADE IN U.S.A

အမေရိကန် စံနှုန်းပြည့်အရည်အသွေးမြင့်ဆေးဝါးဖြစ်ကြောင်း အာမခံသည်၊

NATROL®

5 Years of Quality Uncompromised


...411 Prairie Street
...hatsworth CA 91311 (USA)
www.natrol.com

Myanmar Distributor :
Saung Thazin Trading Co.,Ltd.

Yangon: No 262/264, Pyay road, Dagon Center 1, Room 704-B, Sanchaung township, Yangon, Myanmar
Ph: 539115, 516678. - Fax: 539115
Email: flexanew@gmail.com

Mandalay: No.26..D-3, 81 Street, Between 23rd..24 Street, Mandalay, Myanmar.
Tel:02 6017.. HP:09 2057621, 09 5022631


www.burmeseclassic.com

www.burmeseclassic.com

ပွဲလမ်းအလှူအိမ်မှာသုံးလက်ဆောင်ပေးရန်အကောင်းဆုံး




**ယုဇနလက်ဖက်နှင့်အကြော်စုံ** ®

အမှတ်-၂၂ နဝဒေးလမ်း
ဒဂုံမြို့နယ်
ရန်ကုန်မြို့
ဖုန်း - ၀၁ ၂၄၂၅၂၆ ၀၁ ၂၅၅၅၂၅ ၀၁ ၂၅၅၆၃၅ ၀၉ ၂၅၀၃၁၀၄၇၅-၆

SHWE A MYUTAE MAGAZINE
8 886442 358747

www.burmeseclassic.com